www.burmeseclassic.com

BURMESE CLASSIC .com

ချူး

# ကြယ်စင်တံတား ကမ်းပါးနှင်းမြူ



ချူး ၁[illegible]၆၀

www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေး အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် လေးရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းလာရေး။
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် လေးရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် လေးရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်နိုင်ငံလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
တာဝန်ဖြစ်သည်။

# ဂျူး

## ကြယ်စင်တံတား ကမ်းပါးနှင့်မြူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ၊ ၂၀၀၂ ခုနှစ် ၊ နိုဝင်ဘာလ
တမူခွင့်ပြုချက်အမှတ် - ၇၉၇/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၈၇/၂၀၀၂ (၉)

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၁၀၀၀

အဖုံးဒီဇိုင်း
မိုမို

ကွန်ပျူတာစာစီ
ခွန်မျိုး

အတွင်းဖလင်
ကိုဦး

ထုတ်ဝေသူ
ဦးတင့်လွင် ၊ သော်ကစာပေ
၅၀၆ ၊ သုမင်္ဂလာလမ်း ၊ မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း ၊ နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆ ၊ ၁၁ လမ်း ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်

အတွင်းပုံနှိပ်
ကလျာအော့ဖ်ဆက်
အမှတ် ၁၅၂ ၊ ကျွန်းရွှေမြိုင်လမ်း ၊ သုဝဏ္ဏ ၊ ရန်ကုန်

စာအုပ်ချုပ်
ကိုမြင့်

BURMESE CLASSIC .com

## ကျေးဇူးတင်လွှာ

ဤဝတ္ထုရေးသားနိုင်ရန်အတွက် ကျွန်မ၏ ကချင်ပြည်နယ် ခရီးစဉ်များတွင် ကျွန်မကို ကူညီခဲ့ကြသော အောက်ပါပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါသည်။

- ဦးသန်းဆွေနှင့် ဥတ္တရလမင်းအဖွဲ့သားများ၊ မြစ်ကြီးနားမြို့။
- ဦးမြင့်အောင် ၊ လက်ထောက်ပြည်နယ်တရားသူကြီး၊ မြစ်ကြီးနားမြို့။
- ဦးသန်းစိုး ၊ အထက်တန်းရှေ့နေ၊ မြစ်ကြီးနားမြို့။
- ဘောက်ရာ ၊ ခရိုင်တရားရုံး၊ ပူတာအိုမြို့။
- ဦးတင်မြင့် ၊ ဥပဒေအရာရှိ ၊ ပူတာအိုမြို့။
- ဖာသာ ဦးဇော်ခန် ၊ ရိုမန်ကက်သိုလစ်ဘုရားကျောင်း ၊ ပူတာအိုမြို့။
- ဦးမြင့်လွင် ၊ မြို့နယ်တရားရုံး ၊ နောင်မွန်းမြို့
  (စံကောင်းရောင်းဝယ်ရေး၊ မျှဉ်းမနားမြို့ )

ထို့ပြင် ရဝမ်လူမျိုးများနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ပြောပြကူညီပေးခဲ့သည့် ...

- ဦးကိုမ်း(စ်)ဆော်ဆန်းအောင် (ခရစ်တော်၏ ဘုရားကျောင်း၊ ရန်ကုန်မြို့)၊
- ဦးအကုးဖေရမ် ၊ ဇီယာဒမ်ရွာ ၊ ပူတာအိုမြို့နယ် ...

တို့ကိုလည်းကောင်း

ခါကာဘိုရာဇီခရီးစဉ်နှင့် ပတ်သက်ပြီး ကျွန်မအား စိတ်ရှည်လက်ရှည် ကူညီပေးခဲ့ကြသော ...

- ဦးသောင်းညွန့် (ကထိက၊ ဂျပန်ဘာသာဌာန၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ်၊ ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com

- ဦးမင်းသုခ (ကထိက၊ ဂျပန်ဘာသာဌာန၊ နိုင်ငံခြားဘာသာသင် တက္ကသိုလ်၊ ရန်ကုန်)
- ဦးသက်ထွန်း (ခြေလျင်နှင့် တောင်တက်)
  **Himalaya Travels & Tours.**
- မနိုင်နိုင်စိုး (Dip.in Japanese) စိုး ကားဂိတ်၊ သမိုင်း ၊ ရန်ကုန်

တို့ကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ဤဝတ္ထုတွင် ပါဝင်သော အဓိကဇာတ်ကောင်များနှင့် အဖြစ်အပျက်များ အားလုံးကို စိတ်ကူးသက်သက်ဖြင့်သာ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဒေသ၊ နယ်မြေ၊ ပထဝီ၊ ဓလေ့ဆိုင်ရာ အချက်အလက်တစ်စုံတစ်ရာ မှားယွင်းခဲ့သည်ရှိသော် စာရေးသူ၏အမှားသာဖြစ်ပါသည်။

ချူး

BURMESE CLASSIC .com

## ပင်လယ်ရေပြင်အထက် ပေ ၃၇၇၇

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော်ကြောက်နေပါသည်။

ကျွန်တော့် ခြေထောက်အောက်မှ ကြိမ်ကြိုးတံတားသည် ပုခက်ကြီးတစ်ခု ပြင်းပြင်းလွှဲယမ်းနေသလို ဟိုဘက်သည်ဘက် ယိမ်းခါနေ၏။ ကြမ်းခင်းအဖြစ် တစ်ခုနှင့်တစ်ခု တွဲကပ်ချည်ထားသော ဝါးလုံးသုံးချောင်းသည် တစ်နေ့လုံး ရွာသွန်းနေသောမိုးရေဖြင့် စိုစွတ်ကာ ချော်နေသည်။ အောက်တည့်တည့်မှာတော့ တရွှန်ရွှန်ချောင်းသည် ကြီးမားသော ကျောက်တုံးကြီးများကို အရှိန်ပြင်းစွာ တိုက်ခတ်စီးဆင်းနေသောကြောင့် ရေမြှုပ် ရေပန်းများ ဖွေးဖွေးထန်နေသည်။

ကျွန်တော်သည်နေရာမှာ ဘာလာလုပ်နေတာလဲ။

မြင့်မားနက်စောက်သော ချောင်းကမ်းပါး တစ်ဖက်တစ်ချက် သစ်ပင်ကြီးများသို့ ဆက်သွယ်တန်းပစ်ထားသော ကြိမ်ကြိုးတံတားသည် ကျွန်တော်ရောက်နေရာမြစ်လယ်တည့်တည့်၌ အောက်သို့အိကာ ညွှတ်ကွေးကျနေ၏။ ဘေးနှစ်ဖက်ရှိ လက်ကိုင် ကြိမ်ကြိုးတန်းများသည် ဤနေရာတွင် အလယ်သို့ စုကပ်နေခဲ့သည်။ ထို့ကြောင့် ကျွန်တော့်ကျောမှာ ပိုးထားသော အိတ်ကြီး၏ အစွန်းနှစ်ဖက်သည် လက်ကိုင်ကြိမ်တန်းနှင့် ငြိငြိနေ၏။ ထိုအခါ ရှေ့သို့ ခြေလှမ်းတွေ မရွေ့နိုင်တော့သလို ထင်ရသည်။

နောက်ကျင်မှုကြောင့်ပဲလား၊ တစ်ကိုယ်လုံး တောင့်တင်းနေအောင် ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာ အားနိုက်ထိန်းချုပ်နေရသောကြောင့်ပဲလား၊ သို့မဟုတ် ကြောက်ရွံ့မှုကြောင့်ပဲလား မသိပါ။ ကျွန်တော့်ခြေထောက်တွေ တဆတ်ဆတ်တုန်နေခဲ့သည်။

ရှေ့သို့ မျှော်ကြည့်လိုက်တော့လည်း ကောင်းကင်ထိ မြင့်တက်သွားသော ကြိမ်ကြိုးကြီးများ...။ အဲသည်ကို ရောက်အောင် ကျွန်တော် တက်သွားရဦးမည်။

ကျွန်တော် သည်နေရာသို့ လာမိတာ မှားသွားပြီလား။

'လက်တွေကို ဘေးဆန့်တွန်းလေ၊ ကြိမ်တန်းတွေကို ဘေးကိုတွန်းပြီး လျှောက်လေ'

တံတား၏ တစ်ဖက်စွန်းထိပ်မှ ဖုန်ဒီးရမ်၏ အော်ဟစ်သံကို ကြားရသည်။ လေတဝုန်းဝုန်းတိုက်ခတ်နေပြီး ဝေးလည်း ဝေးသဖြင့် သဲ့သဲ့သာ ကြားရသည်။

ကြိုးတံတားပေါင်းများစွာကို ဖြတ်သန်းလာခဲ့ပြီးပြီဖြစ်သောကြောင့် ကြိမ် ကြိုးတံတား ကူးပုံကူးနည်းကို ကျွန်တော်သိပါသည်။

ဤကြိမ်တံတားမျိုးသည် တစ်ကြိမ်လျှင် လူတစ်ယောက်သာ ဖြတ်သန်းကူးနိုင်၏။ လူတစ်ယောက်တည်း၏ အလေးချိန်သည်ပင်လျှင် ကြိမ်ကြိုးရှည်များကို ဟိုဘက် သည်ဘက် မြင့်မားစွာ လွဲယမ်းယိမ်းခါစေခဲ့ပြီဖြစ်သည်။ တံတားအစတွင် ကြိမ်လက်တန်းများသည် ကျွန်တော့်ဦးခေါင်းအမြင့်လောက်တွင် လက်တစ်ဆန့်အကွာ ခြားလျက် ကျဲနေခဲ့သော်လည်း တံတားအလယ်တွင်တော့ ကြိမ်တန်းများက ကျွန်တော့်ဆီ ပူးကပ်လာခဲ့သည်။ ထို့ကြောင့် ဘေးနှစ်ဖက်က ကြိမ်တန်းများကို လက်တစ်ဖက်စီဖြင့် ဆုပ်ကိုင်တွန်း၊ ကြိမ်တန်းများ ဘေးသို့ ချဲသွားသောအခါ ခြေတစ်လှမ်း လှမ်း၊ ထို့နောက် ခြေစုံရပ်ပြီး လက်ပြန်စု။ နောက်တစ်ကြိမ် ဘေးသို့ လက် ဆန့်တန်း ချဲ၊ ခြေတစ်လှမ်း ထပ်လှမ်း။ ထိုနည်းတွေကို ကျွန်တော်သိပြီး အကျင့်လည်း ရခဲ့ပြီးပါပြီ။ သို့သော် ယခုအခါ ကျွန်တော် ရှေ့ဆက်ခြေလှမ်း လှမ်းဖို့ ခွန်အား အနည်းငယ်မျှပင် မကျန်တော့သလို ခံစားနေရသည်။ တဆတ်ဆတ် တုန်နေသော ခြေထောက်တွေမှာ ဘာခွန်အားမှ မရှိတော့ဘူး။ လက်များတွေက ကြိမ်ကြိုးကို တင်းတင်းဆုပ်ထားမိသည်ဟု ထင်သော်လည်း





ဘာကယ်တော့ ထုံကျင်အေးခဲကာ ထိလို့ထိမှန်းပင် မသိတော့ပေ။ ထိုလက်သည် အချိန်မရွေး လွှတ်ထွက်သွားနိုင်၏။ လက်တန်းကြိမ်ကြိုးနှင့် အောက်ခြေဝါးလုံးတန်းရှိ ကြိမ်ကြိုးအကြား ဒေါင်လိုက်ဆက်ထားသော ကြိမ်ကြိုးတန်းများသည် တစ်ခုနှင့်တစ်ခု တော်တော်ကျဲနေ၏။ ကျွန်တော့် တစ်ကိုယ်စာတော့ အသာလေး ထွက်ကျသွားမှာပဲ၊ ကျွန်တော် သိနေပါသည်။

'ကောင်လေး... အောက်ကို ငုံ့မကြည့်နဲ့၊ ချောင်းရေကို ငုံ့မကြည့်နဲ့၊ ရှေ့တည့်တည့်ကို ကြည့်'

ကျွန်တော့်နောက်မှာ တံတားကူးဖို့ တစ်ဖက်ကမ်းမှာ စောင့်နေခဲ့သော ဦးဖီရမ်၏ အသံကို ကြားရသည်။

ကျွန်တော်ငုံ့မကြည့်ပါ။ သို့သော်ငုံ့ကြည့်စရာမလိုဘဲနှင့်ပင် အောက်က ချောင်း၏ ဆွဲငင်မှုကို ခံနေရပါသည်။ ရေမြှုပ်ရေပန်းများသည် ပေပေါင်းများစွာ အမြင့်ထိ လွင့်စဉ်နေသည်ဖြစ်ရာ ကျွန်တော့်ခြေထောက်ကို အေးစက်စွာ လာ၍ထိပါသည်။ ရေလှိုင်းလုံးများ၏ ဆွဲငင်အားသည် ကျွန်တော့်ခြေထောက်အား လေစုပ်ယူသလို ဆွဲငင်စုပ်ယူနေခဲ့သဖြင့် ခြေမြဲအောင် ပင်ပန်းကြီးစွာ အားစိုက်ထိန်းထားနေရသည်။ တစ်ချက် လွှတ်သွားလျှင် လှိုင်းလုံးများ၏ စုပ်ယူဆွဲငင်ရာသို့ ကျွန်တော် ပါသွားတော့မည်။

ကျွန်တော် ရိပ်ခနဲ မူးဝေကာ မျက်လုံးတွေ ပြာသွား၏။

ကျွန်တော် တစ်ဖက်ကမ်းသို့ မရောက်နိုင်တော့ဘူးလား။

'မင်း ဒီနေရာကနေ လှည့်ပြန်ချင်ရင်လဲ ပြန်လို့ ရတယ်နော်'

သည်နေ့မနက်ထိ ဖုန်ဒီးရမ်က ကျွန်တော့်ကို ပြန်လှည့်ဖို့ စကားစ,ခဲ့သေးသည်။

သူ ကျွန်တော့်ကို မယုံခဲ့။ ဤခရီးကို ကျွန်တော် ရောက်အောင် သွားနိုင်လိမ့်မည်ဟု သူ မယုံခဲ့။ သူ့မျက်လုံးတွေမှာ ကျွန်တော့်အပေါ် အထင်သေးသည့် အရိပ်အငွေ့တွေ မြင်နေခဲ့ရသည်။

မဖြစ်ဘူး၊ ကျွန်တော် ဆက်လျှောက်မှ ဖြစ်မည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင် တံတားထိပ်စွန်းက ဝါးရုံတောအခြေမှာ ဖုန်ဒီးရမ် ရပ်စောင့်နေသည်။ ကျွန်တော့်မျက်လုံးတွေထဲသို့ မိုးရေငွေ့စဉ်ကာ စိုရွှဲနေခဲ့သည်မို့ သူ့ကို ခပ်ဝါးဝါးသာမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မရပ်နဲ့ … ဆက်လျှောက်ခဲ့၊ ရောက်တော့မှာ'

ကျွန်တော်လည်း သိသည်။ ရပ်နားလိုက်သည်နှင့်တစ်ပြိုင်တည်း ကျွန်တော် ယိမ်းယိုင်ပြုတ်ကျသွားတော့မှာ။

ကျွန်တော် အံတင်းတင်းကြိတ်ပြီး ခြေလှမ်း ဆက်လှမ်းပါသည်။

လက်နှစ်ဖက်ကို ဘေးသို့ဆန့်၊ ခြေတစ်လှမ်း လှမ်း၊ ပြီးတော့ ကြိမ်ကြိုးကို အလိုက်သင့် ပြန်ထိန်း၊ ခြေစုံရပ်၊ ခဏနား …။

'ဟုတ်တယ်၊ ဒီအတိုင်း ဆက်လျှောက်ခဲ့၊ ငါ့ကိုတည့်တည့်ကြည့်၊ ဘယ်မှ မကြည့်နဲ့'

ကျွန်တော် ရှေ့ဆက် ခြေလှမ်း လှမ်းပါသည်။ သို့သော် အသိစိတ်ဖြင့် လှမ်းနေခြင်းတော့ မဟုတ်နိုင်။ စက်ရုပ်တစ်ခုပမာ အလိုအလျောက် လှမ်းနေခြင်းသာဖြစ်သည်။ ကျွန်တော့်လက်မှာလည်း ခံစားမှုမရှိ၊ ခြေထောက်မှာလည်း ခံစားမှု မသိတော့။ သို့သော် ကျွန်တော် ခြေလှမ်းဆက်လှမ်းနေသည်။

ကျွန်တော် လွင့်စဉ်ကျလို့ မဖြစ်ပါ။ ကျွန်တော် ရောက်အောင်သွားရမည်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကို ရောက်မှ အမှန်တရားကို ကျွန်တော် သိရမှာမို့ပဲ။

ကျွန်တော် လာနေပြီ ဖေဖေ။

ကျွန်တော့်ကို ကချင်ပြည်နယ် မြောက်ဖျားစွန်းရှိ ရေခဲတောင်တန်းတွေဆီသို့ ခြေလှမ်း လှမ်းဖြစ်အောင် ဆွဲခေါ်လိုက်သူမှာ ဖေဖေလား။

ဖေဖေ မဟုတ်နိုင်ပါ။ ဖေဖေ့လိပ်ပြာတွေလည်း မဟုတ်နိုင်ပါ။

မြင့်မားသော ချောက်ကမ်းပါးတွေ ရေစီးသန်လှသော မြစ်ချောင်းတွေကို သက်စွန့်ဆံဖျား ဖြတ်ကျော်တိုးဝင်မိအောင် ကျွန်တော့်ကို ဆွဲခေါ်လိုက်သော အရာမှာ ရှုးသွပ်မှုတစ်ခုသာ ဖြစ်သည်။

ထိုရှုးသွပ်မှုသည်လည်း လွန်ခဲ့သော ရက်နှစ်ဆယ်ခန့်ကမှ စခဲ့သည်။

*





ထိုနေ့သည် …

ညနေ ၅း၀၀ နာရီအထိ ဘာမှမထူးခြားသော သာမန် နေ့တစ်နေ့ ဖြစ်သည်။

အပြင်မှာ ရာသီဥတု ပူအိုက်နေလိမ့်မည်။ သစ်ပင်တို့တွင် သစ်ရွက်ဝါများ ကြွေကျနေလိမ့်မည်။ လေ တစ်ခါတစ်ရံမှသာ တိုက်လိမ့်မည်။ သို့သော်တောင်ဘက်က တိုက်မလား မြောက်ဘက်က တိုက်မလား ဘယ်သူမှ သတိမထားမိနိုင်။ ရန်ကုန်မြို့မှာက လေသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သော သဘာဝကို မလိုက်နာပေ။ မြင့်မားသော တိုက်တာအဆောက်အအုံများ အရပ်လေးမျက်နှာမှာ ဝိုင်းရံပိတ်ဆို့လျက် လေသည် နေရာလွတ် ရှိသမျှမှာ ဖြစ်သလိုသာ တိုက်ခတ်ဝေ့ယမ်းလေသည်။

ကျွန်တော့်အခန်းထဲမှာတော့ ရာသီဥတု ကောင်းမွန်သည်။ နေ့လယ် ၂း၀၀ နာရီမှာ လျှပ်စစ်မီး ပြန်လာသည့်ရက် ဖြစ်သဖြင့် ကျွန်တော့်အခန်းမှာ လေအေးစက်ဖွင့်ထားသည်။ လေအေးစက်သာမက ကက်ဆက်ပါ ဖွင့်ထားခဲ့သေးသည်။ Westlife အဖွဲ့သည် သူ့အသည်းနှလုံး၏ ဘုရင်မအကြောင်း သီဆိုနေသည်။

ကျွန်တော့်အသည်းနှလုံးထဲမှာ ဘုရင်မလည်း မရှိ၊ မင်းသမီးလည်း မရှိ။ ထို့ကြောင့် ကျွန်တော် သီချင်းနားထောင်ရင်း ဆာလာပါသည်။ လျှပ်စစ်မီးလာသည့်အချိန်မှာ ကျွန်တော် ဘာမဆိုစားလို့ရသည်။ ကျွန်တော့်အိမ်မှာ ရှိနေသမျှ အရာတွေထဲကပေါ့။ ပေါင်မုန့်မီးကင်လို့ရသည်။ ထောပတ်သီးဖျော်ရည် သောက်လို့ရသည်။ ငှက်ပျောသီးဖျော်ရည် သောက်လို့ရသည်။ တစ်ခုခု စားလျှင်ကောင်းမည်ဟူသောအတွေးဖြင့် ဓာတ်ပြားစက်ကို ပိတ်ပြီး အခန်းပြင်ထွက်လိုက်ချိန်တွင် လူခေါ်ခေါင်းလောင်းသံ ကြားလိုက်ရပါသည်။ မေမေ ပြန်ရောက်ရမည့်အချိန် ဖြစ်သည်။ သို့သော် မေမေ့မှာ သော့တစ်စုံ ပါသွားတာပဲ။

ကျွန်တော် အိမ်ရှေ့ဆီသို့ ခပ်လောလော ပြေးသွားမိသည်။ မေမေ့လက်ထဲမှာ အထုပ်အပိုးတွေ စက္ကူအိတ်တွေနှင့် မနိုင်မနင်းဖြစ်နေလျှင် လက်ပွေ့အိတ်ထဲမှ သော့ကို နှိုက်ချွတ်ရှာဖွေနေနိုင်မည် မဟုတ်ပါ။ ကျွန်တော် တံခါးဖွင့်ရန် စကြံတစ်ဆစ်ချိုးဆီသို့ ပြေးထွက်လိုက်သည်။ သံဆန်ခါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင် ရှိနေသူက မေမေ မဟုတ်ပါ။ ကျွန်တော် တစ်ခါမျှ မမြင်ဖူးသော လူစိမ်းတစ်ယောက် ဖြစ်နေသည်။

'ဒေါ်ငွေရည်လင်း ရှိလား'

ထိုသူ၏လက်ထဲမှာ အနက်ရောင် လက်ဆွဲ အိတ်ပြားပြားလေးတစ်ခု ကိုင်ထားသည်။ အသက် ၄၀ နှင့် ၅၀ အကြားဟု ခန့်မှန်းရသည်။ မေမေ့ မိတ်ဆွေတွေထဲတွင် စတစ်ကော်လာ အဖြူ လက်ရှည်နှင့် အနက်ရောင် ယောပုဆိုးကို ဝတ်ဆင်တတ်သည့် ယောကျ်ား တစ်ယောက်မျှ မရှိပါ။

'မရှိဘူးဗျ'

ကျွန်တော် သော့ကို ကိုင်ထားရင်း ဖွင့်ပေးသင့်သလား၊ မပေးသင့်ဘူးလား စဉ်းစားနေမိ၏။

'မေမေနဲ့ ချိန်းထားသလား'

သူက တံခါးသံတန်းတစ်ခုကို လက်ဖြင့် ကိုင်ထားရင်း ကျွန်တော့်အား စူးစူးစိုက်စိုက် ကြည့်လာပါသည်။

'ချိန်းတော့ မထားဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်လလောက်က မင်းမေမေနဲ့ လမ်းမှာ တွေ့ကြတော့ တနင်္ဂနွေတွေဆို ရှိတတ်တယ်လို့ ပြောလို့'

ကျွန်တော် အနည်းငယ်စိတ်တိုသွားပါသည်။ မင်းမေမေ... ဟူသော စကားလုံးကြောင့်လား၊ တနင်္ဂနွေတွေဆို ရှိတတ်တယ် ဟု မေမေ ပြောခဲ့သည် ဆိုသော စကားကြောင့်လား ကျွန်တော် အတိအကျ မသိပါ။

'ဒါပေမဲ့ အခုတော့ မေမေ မရှိဘူး'

ကျွန်တော့်စကားသံက နည်းနည်းပြတ်တောက်သွားမည် ထင်သည်။ ကျွန်တော်၏ မလိုလားသော ဟန်ကို သူ အကဲခတ်မိသွား၏။ သူ အနည်းငယ် ပြုံးလိုက်သည်။ ခင်မင်ရင်းနှီးသော အပြုံးမျိုးတော့ မဟုတ်ပါ။ ကျွန်တော်နှင့် ဆက်ဆံရေး ပြေလည်မှုဖြစ်မည်ဟု သဘောပေါက်သွားသော အပြုံးမျိုးသာ ဖြစ်သည်။

'သြော်... ဆရာ့နံမည်က ကျော်ခေါင်ပါ၊ ဆရာနဲ့ မင်းအဖေ ကိုပြည်သိမ်း က တက္ကသိုလ်မှာ ဌာနတစ်ခုတည်း လုပ်ခဲ့ကြတဲ့ ဆရာတွေပေါ့'

ဖေဖေ့မိတ်ဆွေ ဖြစ်ခဲ့သူတစ်ယောက်ကိုတော့ ကျွန်တော် တံခါးဖွင့်ပေးသင့်သည်။





'ဆရာ အထဲဝင်ထိုင် စောင့်လို့ ရမလား'

'ဟုတ်ကဲ့'

ကျွန်တော် တံခါးဖွင့်ပေးလိုက်ပါသည်။ စကြံတစ်ဆစ်ချိုးထောင့်တွင် မေမေ စိုက်ထားသော ပန်းအိုးကြီးများ ရှိသဖြင့် နှစ်ယောက်ယှဉ်ပြီး လမ်းလျှောက်လို့ မရပါ။ ကျွန်တော်က ရှေ့မှ ဦးကျော်ခေါင်က နောက်မှ လျှောက်လာပါသည်။

'ကြည့်စမ်း... ဒီဂမုန်းပင်တောင် အကြီးကြီးဖြစ်နေပြီပဲ'

ဦးကျော်ခေါင်သည် ဤအိမ်သို့ အရင်က ရောက်ခဲ့ဖူးဟန် ရှိသည်။ မေမေ့ ရွှေလာဂမုန်းပင်ကြီးကို တအံ့တသြကြည့်ပြီး ရေရွတ်လေသည်။

'သြော်... ခြောက်နှစ်တောင် ပြည့်ပြီးသွားပြီပဲလေ'

ထိုစကားကြောင့် ကျွန်တော့်ရင်ထဲတွင် စစ်ခနဲ နာကျင်သွားပါသည်။ ခြောက်နှစ် ဟူသော စကားလုံးသည် ဖေဖေ သေဆုံးခဲ့သည့် နှစ်ကာလကို ညွှန်းခြင်းဖြစ်ကြောင်း အလိုအလျောက် အဓိပ္ပာယ် ရပြီးသား ဖြစ်သည်။

'ထိုင်ပါ ဆရာ၊ မေမေ ခါတိုင်းတော့ ၅:၀၀ နာရီဆို ပြန်ရောက်တတ်တာပါပဲ'

သူ ကြိမ်ထိုင်ခုံအဝိုင်းကြီးတစ်ခုတွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်တော် ဧည့်သည်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ဧည့်ခံစကားပြောဖို့ သင့်သည်ဟု သိ၏။ သို့သော် ကျွန်တော်က ဧည့်ခံကောင်းသူတစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် ဧည့်သည်ကို မဂ္ဂဇင်းစာအုပ်များနှင့် ထားခဲ့ပြီး မီးဖိုထဲမှာ တစ်ခုခု သွားစားရန် စိတ်ကူးမိပါသည်။ နံရံကပ်စာအုပ်စင်မှာ တင်ထားသော မဂ္ဂဇင်းအချို့ကို ကျွန်တော်ကောက်ယူပြီး ပြင်သစ်မဂ္ဂဇင်းများကို ဆားဖယ်ထုတ်လိုက်သည်။ ခက်တော့ ခက်ပါသည်။ ကျွန်တော်တို့အိမ်မှာ ပြင်သစ်ဘာသာ မဟုတ်သော စာစောင်တွေက တော်တော်ရှားပါသည်။ Today မဂ္ဂဇင်းအချို့၊ Air Mandalay လေကြောင်းလိုင်း မဂ္ဂဇင်းအချို့နှင့်အတူ Time မဂ္ဂဇင်း နှစ်အုပ် သုံးအုပ် တွေ့သည်။ ကျွန်တော် စာအုပ်များကို ဧည့်သည် ရှေ့က ကြိမ်စားပွဲ မှန်ပြားပေါ်မှာ တင်ပေးလိုက်၏။

'ကိုပြည်သိမ်းမှာ သားတစ်ယောက်တည်း ရှိတာနော်'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှတန်း တက်နေပြီလဲကွ'

'ကျွန်တော် အဝေးသင်နဲ့ ဘွဲ့ရပြီးပါပြီ'

'သြော်... ဟုတ်လား၊ ဘာမေဂျာယူသလဲကွ'

သည်အတိုင်းဆို ကျွန်တော်မီးဖိုထဲ ထွက်ပြေးလို့ ရတော့မည် မထင်ပါ။

'ဥပဒေ ယူထားပါတယ်'

ကျွန်တော် မတ်တတ်ရပ်ရင်းကပဲ ဖြေမိသည်။

'သြော်... အေး... ကောင်းပါတယ်၊ ဒါဖြင့် ဘာလုပ်ဖို့ စိတ်ကူးလဲ၊ တရားရေးဝန်ထမ်း လုပ်မလား၊ ရှေ့နေပဲ လုပ်မလား'

'ကျွန်တော် တိုးရစ်စ်တ်ဂိုက်ဒ် လုပ်နေပါတယ်'

'ဟေ...'

ဦးကျော်ခေါင် အံ့သြသွားဟန်ရှိသော်လည်း ချက်ချင်းပင် ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးသွားသည်။ ထိုအဖြေနှစ်ခု၏ ရှေ့နောက်မညီမှုကို ကျွန်တော်ကိုယ်တိုင်လည်း ကသိကအောက် ခံစားရပါသည်။ ဦးကျော်ခေါင်က ဧည့်ခန်း ပတ်ဝန်းကျင်တစ်ဝိုက်ကို ဟိုသည် အကဲခတ်ကြည့်နေသည်။

'ကောင်းတာပေါ့ကွာ၊ ဝင်ငွေကောင်းတဲ့ အလုပ်ပဲ'

ဧည့်လမ်းညွှန်အလုပ်နှင့် ပတ်သက်၍ တစ်စုံတစ်ယောက်က မှတ်ချက်ချသည့်အခါတိုင်း 'ဝင်ငွေကောင်းခြင်း' ဟူသောအမြင်ထက်ပို၍ ကျွန်တော် မရခဲ့ဖူးပါ။ တခြားမှတ်ချက်မျိုး ကျွန်တော်လိုချင်ပါသည်။ ဥပမာ 'နိုင်ငံခြားသားတွေနဲ့ ဆက်ဆံရတာ စိတ်ဝင်စားစရာပေါ့' ဟူသော စကားမျိုး၊ သို့မဟုတ် 'ကိုယ့်နိုင်ငံအကြောင်း ကိုယ် စနစ်တကျသိရတာ စိတ်ဝင်စားစရာပေါ့' ဟူသော စကားမျိုး ကျွန်တော် မျှော်လင့်ခဲ့ဖူးသည်။ သို့သော် ဘယ်တုန်းကမျှ မကြားခဲ့ရပါ။ ဘယ်သူပဲ ပြောပြော 'ဝင်ငွေကောင်းတာပေါ့' ဟုသာ ပြောကြသည်။

'မင်းအဖေသာရှိရင် မင်းအတွက် ဂုဏ်ယူနိုင်မှာပါ'

'ကျွန်တော်တော့ မထင်ပါဘူး'

စကားအပြန်အလှန်ပြောဖို့ ဝန်လေးနေပါလျက်နှင့် ထိုစကားကို ဘာကြောင့် စ,လိုက်မိမှန်း မသိပါ။





'ဘာဖြစ်လို့လဲကွ'

ဦးကျော်ခေါင်သည် ကျွန်တော့်စကားကြောင့် မျက်ခုံးပင့်သွား၏။

'ဖေဖေက ကျွန်တော့်ကို ဆရာဝန်ဖြစ်စေချင်ခဲ့တာပါ၊ တိုးရစ်စ်တ်ဂိုက်ဒ်အဖြစ် သူ့သားကို ဖေဖေ တစ်ခါမှတောင် အိပ်မက် မက်ခဲ့ဖူးမှာမဟုတ်ပါဘူး'

'အေးပေါ့ကွာ၊ ကိုယ်တိုင်က ပညာရှင်ဆိုတော့လဲ သားသမီးကို ပညာရှင်တို့ သုတေသီတို့ပဲ ဖြစ်စေချင်မှာပေါ့'

ခဏ တိတ်ဆိတ်သွားသည်။ ဒါ အခွင့်ကောင်းပဲဟု ကျွန်တော် သိသည်။ ကျွန်တော် ဧည့်သည်အတွက် အအေး သို့မဟုတ် အပူ တစ်ခုခု ဧည့်ခံရန် အကြောင်းပြချက်ဖြင့် မီးဖိုထဲသို့ ဝင်ရန် စိတ်ကူးသည်။ ကျွန်တော်မီးဖိုခန်းဆီမှာ ရှိနေတုန်း မေမေ ရောက်ချင် ရောက်လာမှာပါပဲ။

'ထိုင်ပါလားကွ၊ မင်းနာမည် ဘယ်သူ...'

'ဥက္ကာပါ၊ ကျွန်တော် ဆရာ့အတွက် တစ်ခုခု သွားဖျော်လိုက်မယ်လေ'

'နေပစေ... နေပစေ၊ ဆရာ ဘာမှ မသောက်ဘူး၊ မင်းနဲ့ပဲ အေးအေးဆေးဆေး စကားပြောချင်တယ်'

သူနှင့် ကျွန်တော်အကြားတွင် ပြောစရာ တစ်ခုတည်းသော ဘာသာရပ်မှာ ဖေဖေ့အကြောင်းပဲ ဖြစ်လိမ့်မည်။

ကျွန်တော် စိတ်ကို လျှော့ချကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

'အဲဒီတုန်းက မင်း တော်တော်ငယ်ဦးမှာပေါ့'

အဲဒီတုန်းက...။ ထိုစကားလုံးသည် အမှန်တရား၏ ခါးသီးမှုကို မပီရိုရှောင်လွှဲလိုက်သော စကားလုံး ဖြစ်သည်။ မေမေလည်း တစ်ခါတစ်ခါ ထိုစကားလုံးကို သုံးတတ်ပါသည်။ အဲဒီတုန်းက သားတော်တော်ဖျားလိုက်သေးတာလေ။ စိတ်ထိခိုက်လို့ ဖြစ်မှာပေါ့ဟု မိတ်ဆွေတွေကို ပြန်ပြောတတ်သည်။

ဘာဖြစ်လဲ အမှန်အတိုင်း ပြောလိုက်ပါလား၊ သူ့အဖေ သေတုန်းက... သူ့အဖေ သေသွားပြီ ဆိုတော့...၊

အတိအလင်း ဖွင့်မပြောလေမယ့် အဲဒီတုန်းက...ဟူသော စကားလုံးကို ရည်ညွှန်းလာလျှင် ဖေဖေ သေဆုံးသော အချိန်ကာလအကြောင်း ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကျွန်တော် သိနေတာပဲ။ စကားလုံးရွေးချယ်မှုကြောင့်တော့ ကျွန်တော်တို့၏ ဒဏ်ရာအနာတွေ ထူးပြီး သက်သာရာရမည်မဟုတ်ပါ။

'ဖေဖေ မရှိတော့ဘူးလို့ သတင်းလာပြောတဲ့ အချိန်တုန်းကလား... ကျွန်တော် ၁၆ နှစ်ပေါ့၊ ဆယ်တန်း တက်နေတုန်းအချိန်ပါ'

ဖေဖေ့အကြောင်းကို စိတ်မထိခိုက်ဘဲ ဣန္ဒြေမပျက် ပြောပြနိုင်လောက်အောင် အချိန်ကာလက မကြာမြင့်သေးပါ။ သို့သော် ကျွန်တော့်အသက် ၂၀ ကျော်ခဲ့ပြီ။ စိတ်ထိခိုက်လွယ်သော ဆယ်ကျော်သက်အရွယ် မဟုတ်တော့ပါ။ သည်တော့ ဖေဖေ့အကြောင်းကို ဖေဖေ့မိတ်ဆွေအား ပြောပြရာတွင် အရင်ကလို ပြောလက်စ စကား တစ်ပိုင်းတစ်စနှင့် ရပ်ထားပြီး တစ်နေရာရာသို့ ထွက်ပြေးရတာမျိုး မဖြစ်သင့်တော့ပါ။

'ကိုပြည်သိမ်းနဲ့ အတူပါသွားတာက သုံးယောက်ကွ၊ သစ်တောဘက်က တစ်ယောက်၊ ဟိုတယ်နဲ့ ခရီးက တစ်ယောက်၊ ခြေလျင်နဲ့ တောင်တက်အသင်းက တစ်ယောက်၊ ဒီကို လာပြောတာ ဘယ်သူလဲ'

'ကျွန်တော်မသိဘူး၊ အဲဒီအချိန်မှာ ကျွန်တော်က အခန်းထဲမှာ စာကျက်နေတယ်၊ ဧည့်သည်လာတာသိလိုက်တယ်၊ ဧည့်သည်ပြန်သွားတာ သိလိုက်တယ်၊ တော်တော်ကြာတော့ ကျွန်တော့်အခန်းထဲကို မေမေ ဝင်လာခဲ့တယ်'

ထိုစဉ်က မေမေ့မျက်နှာကို ကျွန်တော်အခုထိ သတိရနေပါသည်။ ကျွန်တော် တစ်ခါမှ မမြင်ဖူးသော မျက်နှာထားမျိုး။ ပါးပြင်တွေ ဖြူဖျော့ကာ မျက်လုံးတွေ မှုန်မှိုင်းညို့နေသည်။ ကျွန်တော့်ကို တစ်ခုခုပြောတော့မည် ပြင်ကာ မပြောနိုင်ဘဲ နှုတ်ခမ်း တဆတ်ဆတ်တုန်လျက် မျက်ရည်တွေတွေကျကာ ငြုန်းခနဲ ကျွန်တော့်ကိုဖက်ပွေ့လိုက်သော မေမေ့ကြေကွဲမှုကို ကျွန်တော် ဘယ်တော့မျှ မမေ့နိုင်တော့ပါ။

'ရန်ကုန်လေဆိပ်မှာ ဖေဖေ့ကို လိုက်ပို့နှုတ်ဆက်တုန်းက ဖေဖေနဲ့ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး ဒါ နောက်ဆုံးပဲလို့ ကျွန်တော်မသိခဲ့ဘူး၊ အဲဒီလိုလဲ မခံစားခဲ့ရပါဘူး'

အခုထိလည်း ဖေဖေ့ကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးဟု မခံစားရသေးပါ။ ဖေဖေ တစ်နေ့နေ့မှာ ကျွန်တော်တို့ဆီ ပြန်လာလိမ့်မည်။ ဖေဖေ သေပြီဆိုတာ ဟုတ်ချင်မှဟုတ်မည်။ ကျွန်တော်တို့ကို ဟောဒါ ဦးပြည်သိမ်း





ရဲ့ အလောင်းပဲဟု ဘယ်သူကမှ မပြ။ ဦးပြည်သိမ်း ဘယ်လိုသေဆုံးသွားတာပါဟု ဘယ်သူမှမသိ။ ဖေဖေသည် ဤလောကကြီးမှ လျှို့ဝှက်စွာ ပျောက်ကွယ်သွားသူတစ်ယောက် ဖြစ်သည်။

'ဖေဖေ့ကို ကျွန်တော် လိုက်ပို့နှုတ်ဆက်တယ်၊ ဖေဖေက ကျွန်တော့်အတွက် ကချင်ဓားတစ်လက် ဝယ်လာပေးမယ်လို့ ပြောတယ်၊ ဒါပေမဲ့ ကျွန်တော်တို့အိမ်ကို ဖေဖေ ပြန်မလာဘူး၊ ဖေဖေ ပါသွားတဲ့ပစ္စည်းတွေ အိတ်တွေပဲ ပြန်လာခဲ့တယ်'

'အဲဒီပစ္စည်းတွေထဲမှာ သူ့မှတ်တမ်းတွေ ပါသလား'

ဦးကျော်ခေါင်က ခပ်သွက်သွက်မေးလာ၏။ ကျွန်တော် ဇဝေဇဝါဖြစ်သွားပါသည်။

'ကျွန်တော်မသိဘူး၊ ဖေဖေ ပြောတဲ့ ကချင်ဓား မပါတာတော့ ကျွန်တော်သိတယ်၊ ပစ္စည်းတွေကို မေမေက လက်ခံခဲ့တာပါ'

'လိပ်ပြာတွေရော ပါသလား'

'ခင်ဗျာ...'

ကျွန်တော် မျှော်လင့်မထားသော မေးခွန်း ဖြစ်သည်။ သေဆုံးသွားသော မိတ်ဆွေအကြောင်းကို ထိုသူ၏သားနှင့် ပြန်ပြောင်းပြောနေသော လူကြီးလူကောင်းတစ်ယောက်သည် ဟာသတော့ ပြောလိမ့်မည် မဟုတ်ပါ။ ဦးကျော်ခေါင်၏ မျက်နှာတွင်လည်း ဟာသပြောလိုက်သူတစ်ဦး၏ အမူအရာ မရှိပါ။

'လိပ်ပြာတွေလေ...'

'လိပ်ပြာ... ဘာကို ပြောတာလဲဗျ'

'မင်းအဖေ အဲဒီကို သွားတာ ဘာအတွက်လို့ သိထားသလဲ'

'တောင်တက်ဖို့ သွားတာမဟုတ်ဘူးလား'

'မဟုတ်ဘူး'

ကျွန်တော် ကိုယ့်ကိုယ်ကို အရွယ်ရောက်ပြီဟု မာန်တင်းထားသမျှ ချက်ချင်း လွင့်စဉ်ပျောက်ကွယ်သွား၏။ ဖေဖေ ခါကာဘိုရာဇီတောင် ပတ်ဝန်းကျင်ကို သွားတာ တောင်တက်ရန်ဟု ကျွန်တော်သိထားခဲ့သည်။ ကျွန်တော့် သူငယ်ချင်းတွေနှင့် ဖေဖေ့အကြောင်း တစ်ခါတစ်ရံစကားစပ်ပြီး ပြောမိလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို တောင်တက်သမားတစ်ယောက်ဟု အမြဲဂုဏ်ယူမိသည်။ အခုတော့ ဖေဖေ တောင်တက်သွားတာ မဟုတ်...တဲ့၊ တောင်တက်ခြင်းထက် ပိုသော ကိစ္စတစ်ခု ရှိနေသေးသလား။

မေမေ...။ မေမေသည် ကျွန်တော့်အား ဖေဖေနှင့်ပတ်သက်သမျှ ဘာမှ မပြောဘဲ နေခဲ့တာလား။ ဖခင်အကြောင်းကို သားဖြစ်သူက ဘာမှမသိဘဲ သူစိမ်းတစ်ယောက်က သိနေခဲ့သည်မှာ ကြားလို့ကောင်းသောအဖြစ် မဟုတ်ပါ။ စိတ်ထဲမှ ကျိတ်ပြီးမေမေ့ကို အပြစ်တင်လိုက်မိသည်။

'လိပ်ပြာတွေအတွက် သွားတာ'

လိပ်ပြာ...။ သူ နောက်ပြောင်နေတာ မဟုတ်။ တကယ်ပြောနေခဲ့တာလား။

'ခါကာဘိုရာဇီ တစ်ဝိုက်မှာ အလွန်ရှားပါးတဲ့ လိပ်ပြာမျိုးရင်းတွေ အများကြီး ရှိတယ် မောင်ဥက္ကာ၊ ကမ္ဘာမှာ စာရင်းမတင်ရသေးတဲ့ လိပ်ပြာတွေတောင် ရှိတယ်၊ အဲဒီလိပ်ပြာတွေကို သုတေသနစာတမ်းပြုစုဖို့ မင်းအဖေ သွားခဲ့တာ'

'ကျွန်တော်...'

ကျွန်တော် မသိဘူးဟု ပြောရမှာ နည်းနည်းတော့ ရှက်စရာကောင်း၏။

'အခု ဆရာလာတာ အဲဒီကိစ္စပါ၊ လိပ်ပြာတွေကိစ္စကို သတ္တဗေဒဌာန တစ်ခုလုံးမှာ ထဲထဲဝင်ဝင် စိတ်ဝင်တစားရှိတဲ့လူ ဆိုလို့ ဆရာနဲ့ ကိုပြည်သိမ်းပဲ ရှိတယ်၊ လိပ်ပြာသုတေသနကို ဆရာတို့နှစ်ယောက် အတူ စ,ခဲ့ကြတာ၊ အခု ကိုပြည်သိမ်းမရှိတော့ဘူးဆိုတော့ ဆရာ ဆက်လုပ်ဖို့ တာဝန်ရှိတယ် လေ'

ကျွန်တော် ဆတ်ခနဲ မော့ကြည့်မိသည်။

ဖေဖေ မရှိတော့ဘူးဟု ကျွန်တော် မယုံပါ။ မယုံသည့်အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောရပါ။ ဖေဖေပြန်အလာကို ဘယ်သူမှ မသိဘဲ တိတ်တခိုး စောင့်နေမိကြောင်း ဘယ်သူ့ကိုမှ ကျွန်တော် မပြောချင်ပါ။

'ခြောက်နှစ်ကြာမှ ဆရာက ဆက်လုပ်တာလား'

ကျွန်တော်နားမလည်သဖြင့် မေးမိတော့ သူက ပင့်သက်ချ၍ ပြုံးပါသည်။





'ဆရာတို့ရဲ့ ဘတ်ဂျက်အနေအထားအရ အခက်အခဲတွေ အများကြီး ရှိတယ် မောင်ဥက္ကာ၊ အခုမှပဲ ငွေစိုက်ထုတ်မယ့် အဖွဲ့အစည်းနဲ့ ဆက်မိလို့ပါ'

ဒါဖြင့် ဖေဖေ လုပ်ခဲ့တုန်းက ဘယ်သူ့ငွေနဲ့ လုပ်ခဲ့တာလဲ။ ထိုမေးခွန်းကို မေးရန် သင့်တော်မည် မထင်ပါ။

'ဆရာ သိချင်တာက ကိုပြည်သိမ်းရဲ့ ပစ္စည်းတွေထဲမှာ လိပ်ပြာတွေနဲ့ မှတ်တမ်းတွေများ ပါသလား၊ ပါရင် ဆရာ ယူသွားချင်လို့၊ ဆရာက တောရိုင်း တိရစ္ဆာန်အဖွဲ့ကို ဒီသုတေသနအတွက် ငွေချပေးဖို့ ပရိုပိုဇယ်လ် တင်ရမှာမို့ပါ၊ ဘာတွေ လုပ်ရမယ်၊ ကုန်ကျစရိတ် ဘာတွေရှိတယ်၊ ဘာ အကျိုးအမြတ်တွေ ရမယ်ဆိုတာ အစီရင်ခံစာ...'

'ပရိုပိုဇယ်လ်ဟာ ဘာလဲလို့ ကျွန်တော်သိပါတယ်ဆရာ'

'ဩော်... အေး၊ ဒါဖြင့် ဆရာ ရှင်းပြစရာမလိုတော့ဘူးပေါ့၊ သူ့ မှတ်တမ်းတွေ ကျန်ခဲ့သလား'

'မသိဘူး၊ မေမေ ဖေဖေ့ဗီရိုကို သော့ခတ်ထားတာမို့ ကျွန်တော်တို့ ဖွင့်မကြည့်ဖြစ်တာ ကြာပြီ၊ မေမေကတော့ လိပ်ပြာတွေအကြောင်း တစ်ခါမှ မပြောဖူးဘူး ဆရာ'

ထိုနေ့ကျမှ မေမေကလည်း ညနေ ၆ နာရီခွဲသည်အထိ ပြန်မရောက်ခဲ့။ ဘယ်မှာ ရောက်နေသည်ဟုလည်း ကျွန်တော်မသိခဲ့။ ကျွန်တော့်ဆီလည်း ဖုန်းလှမ်းမဆက်ခဲ့ပါ။ ကျွန်တော် အိမ်မှာရှိနေမည်ဟုပင် မေမေ သိခဲ့မည် မဟုတ်။ ကျွန်တော် ရန်ကုန်မှာ ရှိသည့်ရက်တွေ တချို့မှာလည်း ဧည့်သည်တွေနှင့်အတူ အပြင်ထွက်ချင် ထွက်မည်။ ဧည့်သည်ပြန်သွားပြီး နောက် ဧည့်သည် မလာသေးသည့် ကြားကာလ အချိန်အားတွင်လည်း ကျွန်တော် က ညစာကို သူငယ်ချင်းတွေနှင့် စားဖြစ်တာ များသည်။ ထို့ကြောင့် မေမေ ကျွန်တော့်အတွက် နောက်ဆံတင်းစရာ မလိုပါ။

ဧည့်သည်နှင့် စကားပြောနေရင်း ကျွန်တော် အလွန်အမင်းဆာလောင် လာသည်။ ညစာအဖြစ် တစ်ခုခုကို စားရမှုဖြစ်မည်။ ဧည့်သည်ကလည်း မေမေပြန်မလာမချင်း ထိုင်စောင့်မည့်ပုံ ရှိသည်။

'ဒီလိုလုပ်ပါလား ဆရာ၊ မိုးလဲ ချုပ်နေပြီ၊ ဆရာ စောင့်ရတာလဲ အားနာ စရာ...'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ...ကိစ္စမရှိဘူး၊ စောင့်ပါ့မယ်'

'မဟုတ်ဘူး ဆရာ၊ ဒီအချိန်မှ မေမေ မရောက်သေးဘူးဆိုရင် မေမေ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ ရှိနေလောက်ပြီ၊ ညစာစားပြီးမှပြန်လာဖို့ များတယ် ဆရာ'

'ဩော်...'

'ကျွန်တော် အဲဒီမှတ်တမ်းတွေ ရှာထားကြည့်လိုက်ပါ့မယ် ဆရာ၊ ဒီတစ်ပတ်လုံး ကျွန်တော်ခရီးမထွက်ရသေးဘူး၊ ရန်ကုန်မှာပဲ ရှိနေမှာ၊ ကျွန်တော် ရှာတွေ့ရင် ဒါမှမဟုတ် မတွေ့ရင် ဆရာ့ကို ဘယ်လိုအကြောင်းကြားရမလဲ'

ထိုအခါကျမှ ဦးကျော်ခေါင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'အေးကွာ... ဒါဆိုလဲ ကောင်းတာပေါ့၊ ဆရာ့လိပ်စာကတ် ပေးခဲ့မယ်လေ၊ ဆရာ့ဆီ ဖုန်းဆက်လိုက်ပေါ့၊ ဒါနဲ့ ဒီက ဖုန်းနံပါတ်က အသစ်ပြောင်းသွားသလား၊ ဆရာ အရင်ဖုန်းနံပါတ်နဲ့ ခေါ်တာ ဖုန်းမှားနေတယ်ဆိုပြီး ချသွားတယ်'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဖုန်းနံပါတ် ပြောင်းထားတာ သုံးနှစ်လောက်တောင် ရှိနေပြီ'

ကျွန်တော်ဦးကျော်ခေါင်အား ဖုန်းနံပါတ်အသစ် ရေးပေးလိုက်ပါသည်။

ဧည့်သည်ပြန်သွားလျှင်သွားချင်း ကျွန်တော် မီးဖိုခန်းထဲဝင်ပြီး စားစရာ တစ်ခုခု လိုက်ရှာစားရသည်။ ပေါင်မုန့်ကို မီးကင်ဖို့နှင့် ကော်ဖီဖျော်ဖို့ပင် ကျွန်တော် အချိန်မပေးနိုင်တော့သဖြင့် နေ့လယ်က ကျန်နေသော ထမင်းနှင့် ဟင်းကိုပဲ ဖြစ်သလို စားလိုက်ရပါသည်။

ကျွန်တော် ထမင်းစားနေဆဲတွင် မေမေ ပြန်ရောက်လာခဲ့သည်။

'ဟောတော်... သား အပြင်မှာ စားမယ်ထင်နေတာ၊ ဘာနဲ့ စားနေလဲ၊ နေဦး... မေမေ့မှာ ကော်ပြန့်လိပ်တွေ ပါတယ်'

'ရတယ် မေမေ၊ ကြက်သားဟင်းတွေ ကျန်နေသေးတယ်'

မေမေက လက်ထဲမှ အထုပ်တွေကို မီးဖိုစားပွဲပေါ်မှာ ချလိုက်ပြီး ကျွန်တော့်အတွက် ကော်ပြန့်လိပ်ကြော်များကို ပန်းကန်ဖြင့် ချပေးသည်။

'ဟယ်...ဖိုးကာရယ်၊ ဟင်းတွေ ထမင်းတွေကို နွှေးပြီးစားရောပေါ့၊ ဒီ





အတိုင်း အေးစက်စက်ကြီးတွေ စားနေရသလား၊ မှန်းစမ်း... မေမေလုပ်ပေးမယ်'

ရေခဲသေတ္တာထဲမှာ ထည့်ထားသော ဟင်းတွေက အေးစက်ရုံမျှမက ဆီတွေပင် ခဲနေခဲ့သည်။ ထိုဆီများကို မေမေက ခဏခဏ ညည်းညူတတ်ပါသည်။ ပဲဆီဟာ ပဲဆီစစ်စစ် မဟုတ်တော့ဘူးတဲ့၊ စားအုန်းဆီတွေ ရောထားသတဲ့၊ စားအုန်းဆီကို ပဲဆီဈေးပေးဝယ်ပြီး စားနေရတဲ့ဘဝ...တဲ့။

'နေ နေ... ရတယ် မေမေ၊ ပြီးပြီ'

'ဟောဒီကလေးဟာလေ၊ ဘာမဆိုဖြစ်သလိုချည်းပဲ၊ မီးလဲ လာနေတာကို ဒီပန်းကန်လေးတွေ ဒီမိုက်ကရိုဝေ့ဖ်ထဲ ထည့်ပြီး ခလုတ်နှိပ်ရတာ ဘာ ပင်ပန်းလို့လဲ'

'ဆာလှပြီ မေမေရ'

မေမေ ကျွန်တော့်ကို မျက်စောင်းထိုးလျက် ပြုံးပါသည်။

'မဟားတရား ဆာမှ စားရလောက်အောင် ဘာတွေများ တမေ့တမော လုပ်နေတာမို့လဲ'

'ဘာမှ မလုပ်ဘူး၊ မေမေ့ဧည့်သည်ကို ဧည့်ခံနေရလို့'

'အလိုတော်...ဘယ်သူပါလိမ့်'

'ဦးကျော်ခေါင်'

ထိုနာမည်ကို ကြားလိုက်သောအခါ မေမေ့မျက်နှာထား တည်သွားပါသည်။

'သူ လာသွားသလား၊ ဘာတွေ ပြောသွားသေးလဲ'

'ဖေဖေ့ လိပ်ပြာတွေ အကြောင်း...'

'သား ဘာတွေ ပြောလိုက်သေးလဲ'

ကျွန်တော် အနည်းငယ် အောင့်သက်သက်ဖြစ်သွား၏။

'ဘာပြောရမလဲ မေမေ၊ သား ဘာမှ မသိတာ ဘာသွားပြောရမှာလဲ၊ ကိုယ့်အဖေအကြောင်း သူများပြောသမျှ ထိုင်နားထောင်နေရတာပဲပေါ့'

ကျွန်တော့်စိတ်ကို မေမေ ခံစားမိသွားသည်။ ကျွန်တော့်အနီးတွင် မတ်တတ် ရပ်ကာ ကျွန်တော့်ပခုံးကို အသာဖက်၏။

'သား စိတ်ဝင်စားမယ့်ကိစ္စတွေ မဟုတ်လို့ပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'သား စိတ်ဝင်စားတယ် မေမေ၊ ဖေဖေနဲ့ ပတ်သက်သမျှ သား အကုန် စိတ်ဝင်စားတယ်၊ အကုန်သိချင်တယ်'

'ကောင်းပြီ... ကောင်းပြီ၊ မေမေ့ကို မအော်နဲ့သား၊ သားအဖေနဲ့ ပတ်သက်သမျှသားသိချင်လိမ့်မယ်လို့ မေမေမှ မထင်ခဲ့ဘဲ၊ သားသိချင်ရင် မေမေ ပြောမှာပေါ့၊ တစ်ခုပဲရှိတယ်... မေမေလဲ သိခဲ့ရင်ပေါ့'

ကျွန်တော် ထမင်းစားလက်စ ရပ်တန့်သွားသည်။ ကျွန်တော် ထမင်းစားချင်စိတ် မရှိတော့တာလား၊ ဗိုက်ဝသွားတာလား၊ ထမင်းထက် ပိုပြီး စိတ်ဝင်စားစရာတစ်ခုကို တွေ့သွားလို့လား၊ ကျွန်တော်အသေအချာမသိပါ။ ကျွန်တော်သိလိုက်တာ တစ်ခုပဲ ရှိသည်။

မေမေ ထိုညက မျက်ရည်ကျခဲ့သည်။

*

ထိုညက ကျွန်တော် ဖေဖေနှင့် မေမေတို့အခန်းထဲမှာ အိပ်ဖြစ်သည်။ ဖေဖေ့ခုတင်ပေါ်မှာဖြစ်၏။

ဖေဖေ့ခုတင်သည် ဖေဖေ ခရီးထွက်သွားစဉ်က ကျန်ရစ်ခဲ့သည့် ဖေဖေ့ လက်ရာခြေရာအတိုင်း မပြောင်းမလဲ ရှိနေသည်ဟု မေမေက ပြောပါသည်။ အိပ်ရာဖုံးအဖြူစကို ဖယ်လိုက်သောအခါ ခေါင်းအုံးမှာဖေဖေ့ခေါင်းလိမ်းဆီ ရနံ့ကို ရသည်။ ခေါင်းအုံးအောက်မှာ ဖေဖေ ဖတ်လက်စဖြစ်ဟန်တူသော ရှင်ဇနကာဘိဝံသ၏ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ စာအုပ်ကို တွေ့ရသည်။ ခေါင်းအုံးဘေးမှာ ဖေဖေ့မျက်နှာသုတ်ပဝါ ကြက်သွေးရောင် အကြီးကြီးကို ခေါက်ထားသည်။ ဖေဖေ သုတ်လက်စ ဖြစ်မလား မသိပါ။

'သား ဖေဖေ ဟိုယူသွားတဲ့ ပစ္စည်းတွေက ခုတင်အောက်က ကတ်ဘူး ကြီးထဲမှာ သား၊ အဲဒီမှာ သားပြောတဲ့ လိပ်ပြာတွေ ရှိတယ်၊ ဒါပေမဲ့ သား...'

ကျွန်တော့်ကို မေမေက မျက်နှာထားတည်တည်နှင့် သတိပေးသည်။

'ဒီပစ္စည်းတွေဟာ သားဖေဖေရဲ့ ပစ္စည်းတွေ၊ သား ဘယ်သူ့ကိုမှ လွှဲပြောင်းပေးပိုင်ခွင့် မရှိဘူး၊ မေမေမသိဘဲ ဘယ်သူ့ကိုမှ မပေးပါဘူးလို့ ကတိပေးပါ'

ဘယ်သူ့ကိုမှ... ဟူသော စကားနှင့် သက်ဆိုင်သူမှာ ဦးကျော်ခေါင် တစ်ယောက်တည်းသာဖြစ်သည်ဟု ကျွန်တော် သိပါသည်။





'သား ဘယ်သူ့ကိုမှ မပေးပါဘူး မေမေ၊ ဒီကိစ္စက မေမေနဲ့ပဲ ဆိုင်ပါ တယ်'

'သား သိထားသင့်တာက ကိုကျော်ခေါင်ဟာ သားအဖေအပေါ် ဘယ်တုန်းကမှ မိတ်ဆွေကောင်း ပီသခဲ့တာမဟုတ်ဘူး'

'သား ရိပ်မိပါတယ်'

မေမေသည် ကျွန်တော်ထိုင်သလိုပင် ကြမ်းခင်းကော်ဇောပေါ်မှာ အကျအန ထိုင်လျက် ဖေဖေ့ကတ်ဘူးထဲက ပစ္စည်းများကို ကျွန်တော်နှင့်အတူ ထုတ်ယူကြည့်ရင်း ကျွန်တော့်အား ပြောပြသွားပါသည်။

ဓာတ်ပုံများ၊ ဖလင်လိပ်များကို တွေ့ရသည်။

'သားဖေဖေမှာ ကင်မရာနှစ်လုံး ပါသွားတယ်၊ တစ်ခုက မီနော့လ်တာ ကင်မရာ၊ တစ်ခုက ပိုလာရွိုက်ကင်မရာ၊ ဒီကိုပြန်ရောက်လာတဲ့ အိတ်တွေ ထဲမှာ ပိုလာရွိုက်ကင်မရာပဲ ပါလာတယ်၊ မီနော့လ်တာ မပါလာဘူး၊ ဖလင် လိပ် တချို့ ပါလာတယ်၊ အဲဒီဖလင်လိပ်တွေကို မေမေ ကူးထားခဲ့တယ်'

ဓာတ်ပုံများကို ကျွန်တော် တစ်ခါမှ မကြည့်ခဲ့ဖူးပါ။

ဓာတ်ပုံ တစ်အိတ်တွင် မြစ်ကူး ချောင်းကူးတံတားပုံများ ပါဝင်နေသည်။ နက်ရှိုင်းသော ချောက်ကမ်းပါးနှစ်ခုကြားက သေးသေးမျှင်မျှင်တံတားများ၏ အဝေးရှုခင်းပုံ၊ ရေတံခွန်နောက်ခံနှင့် ကြိုးတံတားပုံ၊ ကြိုးတံတား၏ အနီးကပ် မြင်ကွင်း၊ တိုင်းရင်းသားယောကျ်ားကြီးအချို့၏ ပုံ။ တစ်ပုံမှာတော့ ဆင်နှစ်ကောင်ကျောကုန်းပေါ်မှာ ဝန်စည်စလှယ်များ တင်၍ ရှေ့ဆင့်နောက်ဆင့် သွားနေပုံကို တွေ့ရသည်။

နောက်ဓာတ်ပုံအိတ်တစ်ခုတွင် ရေခဲတောင်များပေါ်က ရှုခင်းမြင်ကွင်းများ၏ ဓာတ်ပုံများ ပါဝင်သည်။ ရေခဲတောင်ခြေမှ သစ်လုံးအိမ်ကလေးများ၊ မီးလှုံနေသော တိုင်းရင်းသားများ၊ ချက်ပြုတ်နေသော အိုးခွက်ပန်းကန်များ၏ ပုံများ တွေ့ရသည်။ ဖေဖေ့ပုံ တစ်ခုမျှ မတွေ့ရ။ သို့သော် ဖေဖေဓာတ်ပုံ ရိုက်နေသော လူစုကို ကြည့်ရခြင်းဖြင့် ဖေဖေတို့ တော်တော်ပင်ပန်းနေကြမည်ဟု ကျွန်တော် ခန့်မှန်းမိပါသည်။

နောက် အိတ်တစ်ခုတွင် ကျောက်ဆောင်ကမ်းပါးအမြင့်များ၊ ချောက်ကမ်းပါးစွန်းမှ ရေးရေးသာ ထင်သော လူသွားသာရုံ တောင်စောင်းလမ်းများ၊



www.burmeseclassic.com

လိပ်ပြာများ၊ ပန်းပွင့်များ၏ ပုံတို့ ပါဝင်သည်။ ပလိုင်းလို ခြင်းတောင်းအကြီးစားများကို နဖူးမှာ ကြိုးဖြင့်သိုင်းကာ ထမ်းပိုးနေကြသော တိုင်းရင်းသားယောက်ျားများနှင့် မိန်းမများသည် ဓာတ်ပုံအရိုက်ခံရတာ ရှက်နေသလို ရှိ၏။

'ဘယ်ဖလင်လိပ်က အရင်၊ ဘယ်ဖလင်လိပ်က နောက်လဲ သိရရင်ကောင်းမှာနော် မေမေ၊ အယ်လ်ဘမ်နဲ့ အစီအစဉ်တကျ ထည့်လိုက်ရင် ဖေဖေ့ခရီးစဉ် ဓာတ်ပုံမှတ်တမ်း ရမှာပေါ့'

'အဲဒါတော့ မေမေ မသိနိုင်ဘူး သား၊ သားအဖေက ဖလင်လိပ်တွေမှာ နံပါတ်ရေးမသွားခဲ့ဘူး၊ ဒါပေမဲ့ ပိုလာရွိုက်ဓာတ်ပုံတချို့မှာတော့ သူ့မှတ်ချက်တွေ ပါတယ်၊ နေ့စွဲတွေရောပဲ၊ နေဦး... ရှိတယ် ရှိတယ်'

မေမေက ဓာတ်ပုံအချို့ကို ရှာဖွေထုတ်ယူနေသည်။ ပိုလာရွိုက် ကင်မရာသည် ခုရိုက်လျှင် ခုချက်ချင်း ပုံထွက်သည်ဖြစ်၍ ဆေးအရောင် အရုပ်က သိပ်အကောင်းစားကြီး မရပါ။ သို့သော် လျှပ်တစ်ပြက်ရိုက်ပြီး လျှပ်တစ်ပြက် မှတ်တမ်းရေးဖို့တော့ အလွန်အသုံးဝင်လေသည်။

သစ်လုံးတံတားတစ်ခု၏ အနီးကပ်မြင်ကွင်း၊ ခပ်ဝေးဝေးမှာ ရွာအိမ်ခြေခပ်ကျဲကျဲကို မြင်နေရသည်။ ဓာတ်ပုံအောက်ခြေ၌ မင်အစို Soft Pen ဖြင့် ပန်နန်းဒင် ရွာအဝင်ဟု ရေးမှတ်ထားသော ဖေဖေ့လက်ရေးသော့သော့ကို တွေ့ရသည်။

ဖေဖေ့လက်ရေးကို ကျွန်တော် မမြင်ရတာ တော်တော်ကြာခဲ့ပြီ။ ဖေဖေ့လက်ရေးသည် ပညာတတ် ကျောင်းဆရာ ကထိကတစ်ယောက်၏ လက်ရေး စစ်စစ် ဖြစ်သည်။ ဆယ်တန်းတုန်းက ဖေဖေ့လက်ရေးကို အားကျသဖြင့် အတုခိုး၍ ရေးခဲ့ဖူးသည်။ မအောင်မြင်ခဲ့ပါ။ ထိုအခါ ကိုယ့်ကိုယ်ကို မာန်တင်းလိုက်ရသည်။ ကျောင်းဆရာဆိုတာ လက်ရေးလှတာ ဘာဆန်းသလဲ၊ ဆရာဝန်ဆိုတာရော လက်ရေးညံ့တာ ဘာဆန်းသလဲ၊ ငါက ဆရာဝန်လုပ်မယ့်ကောင်ပဲ၊ လက်ရေးလှစရာ မလိုပါဘူး၊ ပညာတတ်ဖို့ပဲ လိုတယ်။

သို့သော် ဆရာဝန်လုပ်မည့်ကောင်သည် ဆရာဝန်လုပ်ခွင့် မရလိုက်။ ဆယ်တန်းမှာ ကျွန်တော် ဂုဏ်ထူးတစ်ဘာသာပဲ ရလိုက်သည်။ တစ်လလောက် နေမကောင်းဖြစ်လိုက်သောကြောင့်ဟု မေမေက ယူကျုံးမရ တဖွဖွ ပြောလေ့ရှိသည်။





ဆေးတက္ကသိုလ်တက်ခွင့် မမီလိုက်တာ ကျွန်တော်ကံဆိုးသည်ဟု မေမေ ထင်ခဲ့၏။ သို့သော် ကျွန်တော်ကတော့ ဆန့်ကျင်ဘက် မြင်သည်။ ကျွန်တော် ကံကောင်းလို့သာ ဆေးတက္ကသိုလ်အမှတ်နှင့် ဝေးခဲ့ရတာ။ ဆေးတက္ကသိုလ်လည်း မမီ၊ စက်မှုတက္ကသိုလ်လည်း မမီ။ ထိုအခါ ကျွန်တော်သည် ရမိရရာ အဝေးသင်တက္ကသိုလ်မှ ဘာသာတစ်ခုခုကို ဆွဲဖမ်းယူလိုက်၏။ ဥပဒေဘာသာရပ်ဖြစ်သည်။ ကျွန်တော် ဥပဒေကိုလည်း ဝါသနာမပါ။ ဘာဝါသနာပါသည်ဟုလည်း ကိုယ့်ကိုယ်ကို မသိ။ သူငယ်ချင်းတစ်ယောက်က ပြင်သစ်စာကို သင်မည်ဆိုတော့ ကျွန်တော်လည်း အပျင်းပြေလိုက်တက်သည်။ တက်ရင်းက ပြင်သစ်ဘာသာကို စိတ်ဝင်စားသွားသည်။ ထို့နောက် ဧည့်လမ်းညွှန်အလုပ် လုပ်ရလျှင် ကောင်းမည်ဟု အတွေးဝင်သွားသည်။

အကယ်၍သာ ကျွန်တော် ဆေးတက္ကသိုလ်မှာ ကျောင်းတက်ဖြစ်နေလျှင် ယခုအချိန်မှာ မေမေ့ထောက်ပံ့မှုဖြင့် ကျောင်းတက်နေဆဲ ကျောင်းသား ဖြစ်နေရဦးမည်။ အခုတော့ ဧည့်လမ်းညွှန်သင်တန်းအောင်လက်မှတ်လည်း ရပြီ၊ လိုင်စင်လည်း ရပြီ။ ပြင်သစ်ဘာသာ ဒီပလိုမာလည်း ရပြီ။ ဧည့်လမ်းညွှန်အလုပ်ဖြင့် ဝင်ငွေလည်း တစ်နေ့ကို ဒေါ်လာ ၃၀ မှ ၄၀ အတွင်း ရနေပြီ။

ကျွန်တော် လက်ရေးမလှသည့်အတွက် ကိုယ့်ကိုယ်ကို အားမရစိတ် တစ်ခါမှ ဝင်မလာတော့ပေ။

'ဟောဒီမှာလဲ ကြည့်ဦး၊ သားအဖေ ရေးထားတာ ကတိုးကောင်တွေ ပါတယ်ဆိုတဲ့ ဖုန်ကန်ရေခဲတောင် ... တဲ့'

ဖြူဖွေးလွန်းသဖြင့် ပြာလဲ့နေသော ရေခဲတောင်ကြီး၏ အဝေးရှုခင်း တစ်ကွက်ဖြစ်သည်။ တောင်တန်းကြီးသည် အောက်ခြေတွင် စိမ်းညို့သော တောအုပ် ပုပု မြင်ကွင်းကြောင့် ပို၍မြင့်မားဖြူဖွေးနေသည်။ သိပ်လှတာပဲ။

'မေမေ သိလား... အဲဒီကို မေမေ လိုက်သွားခဲ့ဖို့ကောင်းတယ်'

ကျွန်တော် အမှတ်တမဲ့ လွှတ်ခနဲပြောလိုက်မိတော့ မေမေ မျက်နှာပျက်သွားပါသည်။

'အဲဒီတုန်းက... သား ဆယ်တန်းဖြေဖို့ စာကျက်နေတဲ့အချိန်၊ သားဘေးမှာ မေမေ ရှိနေချင်တာကိုး၊ နောက်ပြီး ကုမ္ပဏီတွေမှာ စာရင်းစစ်ငွေ ဝင်

www.burmeseclassic.com



နေရတဲ့အချိန် သားရယ်၊ မေမေ ဘယ်လိုက်နိုင်ပါ့မလဲ၊ မေမေ တစ်ခါတစ်ခါ တော့ တွေးမိတယ်၊ အဲဒီတုန်းကသာ မေမေပါသွားခဲ့ရင် သားဖေဖေ ခုလို…'

'မေမေ… သားက အဲဒီသဘောနဲ့ ပြောတာမဟုတ်ဘူး'

ကျွန်တော် မေမေ့မျက်ရည်စိုစွတ်သော မျက်ဝန်းများကို ငေးရင်း စိတ်မကောင်းဖြစ်သွားမိ၏။

'ရေခဲတောင်တွေက လှတော့ မေမေ မြင်ဖူးစေချင်လို့ပါ၊ ဘာအဓိပ္ပာယ်နဲ့မှ မဟုတ်ပါဘူး၊ နောက်ပြီး မေမေ ဒီအတွက် နောင်တရစရာ ဘာမှမရှိပါဘူး၊ ဖေဖေက…'

မေမေက မျက်တောင်တဖျတ်ဖျတ်ခတ်လျက် အားတင်း၍ ပြုံးလေသည်။

'နောင်တရတာတော့ မဟုတ်ဘူးပေါ့ သားရယ်၊ ဒါပေမဲ့ မေမေ့မျက်စိအောက်မှာ ဆိုရင်တော့ သူ ဒီလို ပျောက်ကွယ်သွားစရာ အကြောင်းမရှိဘူးလို့ ထင်မိတာပေါ့'

မေမေသည် အခုချိန်အထိ ဖေဖေ့အား သေသည်ဟု မပြောခဲ့။ ပြန်မလာတော့တာ၊ ပျောက်ဆုံးသွားတာ၊ တောင်ပေါ်ကနေ လိမ့်ကျသွားတာ စသည်ဖြင့် အမျိုးမျိုးပြောခဲ့သော်လည်း သေသည်ဟုတော့ မပြောခဲ့။ မေမေသည် ဖေဖေသေသွားပြီဟု လက်မခံချင်တာလား။ အဲသည်လိုတော့လည်း မဟုတ်ပါ၊ ဖေဖေ သေဆုံးပြီဟု လာပြောပြပြီး ဖေဖေ့ပစ္စည်းများကို လက်ခံရရှိချိန်မှစ၍ မေမေသည် ဖေဖေ့အတွက် နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့တိုင်း နှစ်လည်ဆွမ်း ကျွေးပြီး အမျှဝေခဲ့သည်။ ဘုန်းကြီးများကို သင်္ကန်းဆက်ကပ်လှူဒါန်းပြီး ဖေဖေ့အတွက် ကောင်းမှုကုသိုလ် လုပ်ပေးခဲ့သည်။ မေမေကိုယ်တိုင် 'ကိုပြည်သိမ်းရေ… အမျှ… အမျှ… အမျှ' ဟု နှုတ်မှ ရွတ်ဆို အမျှဝေခဲ့သည်။

ဒါဖြင့် မေမေသည် ဘာဖြစ်လို့ 'သေဆုံး' ဟူသောစကားကို မသုံးဘဲ 'ပျောက်ကွယ်' ဟူသောစကားကို သုံးနှုန်းနေပါသလဲ။ ကိုယ့်ကိုယ်ကို ဖွတ်လိမ်ညာပြီး မျှော်လင့်ချင်နေသေးတာလား။

ကျွန်တော် မေမေ့ကို တအံ့တသြအကဲခတ်နေမှန်း မေမေ သတိထားမိသွားတော့ မေမေခေါင်းတစ်ချက် ယမ်းခါလျက် ပြုံးသည်။





'အနည်းဆုံးပေါ့ သားရယ်၊ သားအဖေ ဘယ်လိုသေသွားတယ်ဆိုတာတော့ မေမေ သိခွင့်ရမှာပေါ့'

'အောက်ကို ပြုတ်ကျသွားတယ်ဆို'

မေမေ့မျက်နှာ တွေငေးသွား၏။

'ပြောတာပဲ သား၊ တကယ်တမ်းတော့ သူပြုတ်ကျသွားတာကို မြင်လိုက်တဲ့ လူတစ်ယောက်မှမရှိပါဘူး၊ ခု တစ်မိနစ်မှာ သူ ရှိနေသေးတယ်၊ နောက်တစ်မိနစ်မှာ သူ ပျောက်ကွယ်သွားပြီ'

မေမေက လက်ဖျောက် တစ်ချက်တီးလျက် 'ယောဒီလောက် အချိန်ကာလလေးအတွင်းမှာ သူ မရှိတော့တာဘဲ'

'ဖေဖေကျသွားတာကို ဘယ်သူမှ မမြင်လိုက်ဘူး… ဟုတ်လား'

'ဟုတ်တယ် သား၊ သူတို့က ကိုယ့်အုပ်စုနဲ့ ကိုယ် သွားနေကြတာ၊ သစ်တောဘက်က လူတွေက တစ်အုပ်စု၊ သားအဖေက တစ်အုပ်စု ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် တော်တော်လှမ်းတယ်လို့ ပြောတာပဲ၊ ဘယ်လောက်လှမ်းသလဲ မေမေလဲ မသိဘူး၊ လူတစ်ယောက်ပြုတ်ကျရင် သတိလက်လွှတ်အော်မှာပဲ၊ အဲဒီလို အော်သံကိုတောင် သူတို့ မကြားနိုင်လောက်အောင် တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ဝေးကြသလဲ၊ ခရီးအတူသွားသူ အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် မခင်မင်မရင်းနှီးကြဘူးလား၊ တစ်ယောက်နဲ့ တစ်ယောက် ကြိုးတွေနဲ့ ချိတ်ဆက်ထားကြတာ မဟုတ်ဘူးလား'

'သူတို့ ဖေဖေ့ကို မရှာကြဘူးတဲ့လား'

ထိုမေးခွန်းကို မေးသည့်အချိန်တွင် ကျွန်တော့်ရင်မှာ ရှူးရှူးနင့်နင့် နာနေ၏။

'ရှာတယ်လို့ ပြောတာပဲ သားရယ်၊ သူတို့ နှစ်ရက်တိတိ လိုက်ရှာကြတယ်တဲ့၊ တောင်ခြေက စခန်းလေးမှာလဲ နှစ်ရက်တိတိ ထပ်နားပြီး စောင့်သေးတယ်တဲ့၊ ဘာအစအနမှလဲ မတွေ့၊ ဘာခြေရာလက်ရာမှလည်း မချန်ခဲ့ဘဲ သူ ပျောက်ဆုံးသွားခဲ့တာပါ သားရယ်'

'မဖြစ်နိုင်ဘူး'

ကျွန်တော် တိုးတိုးရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်မှမသိဘဲ ဖေဖေ ပျောက်သွားတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး '

မေမေက ကျွန်တော့်လက်မောင်းကို ခပ်ဖွဖွ ဆုပ်ညှစ်လာ၏။

'တစ်ယောက်မှ မသိဘူးဆိုတာက ဒီက ပါသွားတဲ့ လူတွေကို ပြောတာ၊ သိလိုက်တဲ့ လူ တစ်ယောက်တော့ ရှိသတဲ့ သားရယ်၊ အဲဒီလူက မင်းအဖေရဲ့ လမ်းပြပေါ့၊ သူကတော့ မင်းအဖေနဲ့ အနီးကပ် နေရတဲ့သူ ဖြစ်မှာပေါ့'

ဂမ်ပြ...။ ကျွန်တော် ဖေဖေရိုက်ထားခဲ့သော ဓာတ်ပုံများကို အလောတကြီး ရှာဖွေကြည့်မိသည်။ ဖေဖေသည် သူ့အထမ်းသမားတွေကို ဓာတ်ပုံ ရိုက်ခဲ့သေးသည်။ သူ့လမ်းပြကိုလည်း ဓာတ်ပုံရိုက်ခဲ့မှာပဲ။

'အဲဒီ လမ်းပြနာမည်က ဘယ်သူတဲ့လဲ မသိဘူးနော်'

ပိုလာရွိုက်ဓာတ်ပုံများ၏ နောက်ကျောသို့ လှန်ပြီး နာမည်နှင့် အမှတ်အသား အချက်အလက်တစ်ခုခု တွေ့မလား ရှာကြည့်သည်၊ မတွေ့ပါ။

'သားအဖေရဲ့ မှတ်တမ်းထဲမှာတော့ နာမည်ပါတယ် သားရဲ့၊ မေမေ တစ်ခါ ဖတ်ဖူးတယ်၊ ပြီးတော့ မေ့သွားတယ်၊ နောက်လဲ မဖတ်ဖြစ်တော့ဘူး၊ ဒီကတ်ဘူးထဲ စုပြုံထည့်ပြီး သိမ်းလိုက်တော့တာပဲ'

ကျွန်တော့်အတွက် နောက်ထပ်စိတ်ဝင်စားစရာတစ်ခု တွေ့သွားသည်။ လိပ်ပြာအကောင်လေးများကို တစ်ကောင်ချင်း သိမ်းဆည်းညှပ်ဖိထားသည့် ပလတ်စတစ်ကတ်ပြား စာအိတ်ကလေးများ ဖြစ်သည်။ အတွင်းမှ လိပ်ပြာများကို ထွင်းဖောက်မြင်နေရ၏။ အကောင်ပေါင်း သုံးဆယ်လောက် ရှိမည်ထင်သည်။ လိပ်ပြာတစ်ကောင်ချင်း၏ စာအိတ်ပေါ်တွင် အုပ်စုအမည်နှင့်ဂဏန်းများကို မင်စိုနက်နက်မှောင်မှောင်ဖြင့် ရေးမှတ်ထား၏။

ဖေဖေဟာ စည်းစနစ်တော်တော်ကျပါတယ်။

လိပ်ပြာတစ်ကောင်ချင်းနှင့် ပတ်သက်သည့် အသေးစိတ်မှတ်ချက်များကို မှတ်စုစာအုပ်တစ်အုပ်မှာ ရေးမှတ်ထားသည်ကိုတွေ့ရသည်။ သတ္တဗေဒနာမည်များ၊ မျိုးပေါင်းစုနာမည်များ၊ ကျွန်တော် နားမလည်သော ဝေါဟာရများ ရေးထားသည့် အင်္ဂလိပ်ဘာသာက များများ၊ မြန်မာဘာသာက နည်းနည်း မှတ်တမ်းများကို ကျွန်တော်တစ်ရွက်ချင်း လှန်လှောကြည့်သည်။ ဖေဖေသည် ရေးစရာ မှတ်စရာအားလုံးကို သူ့မှတ်စုထဲတွင် ရေးမှတ်ခဲ့ပုံ ရ





သည်။ တစ်နေရာတွင် ကျွန်တော့်နာမည်နှင့် စာပိုဒ်တစ်ပိုဒ်ကိုပင် တွေ့ရ၏။

*သား ဥက္ကာ ငယ်ငယ်က ရေးခဲ့သော တစ်ကြောင်းဆွဲ ရှုမျှော်ခင်းပန်းချီလေးတွေနဲ့ တော်တော်တူသည်။ ကြည့်လေရာရာမှာ အဖြူနဲ့ အမည်းနှင်းနဲ့ သစ်ပင်ကျဲကျဲတွေ။ တောင်တွေကလည်း သားဆွဲထားတဲ့ တောင်တွေ အတိုင်းပဲ။ သား အသက်ကြီးလာမှ ဒီတောင်တွေဆီ သားနဲ့အတူ တစ်ခေါက် ထပ်လာဦးမည်။*

သားနဲ့အတူ တစ်ခေါက်ထပ်လာဦးမည်... ဟူသော စာကြောင်းကိုဖတ်ပြီးသည့်အခါ ကျွန်တော့်မျက်လုံးမှာ မျက်ရည်များ စို့စွတ်လာသည်။

ဖေဖေသည် သူ့အလုပ်အတွက် စိတ်အာရုံရှုပ်နေပါလျက်နှင့် ကျွန်တော့်အား သတိရနေသေးသည်။ တောင်ပတ်လည် ဝိုင်းရံလျက် အေးမြကြမ်းတမ်းလှသော ရေခဲတောင်ပတ်ဝန်းကျင်တွင် ဖေဖေ ဘယ်လောက်တောင် အထီးကျန်လိုက်မည်နည်း။ ဖေဖေ ဤစာကြောင်းများကို ရေးမိလောက်အောင် ဘယ်အရာတွေကများ တွန်းအားပေးခဲ့ပါသနည်း။ ထိုစာကြောင်းများကြောင့်ပင် တခြားစာပိုဒ်တွေ စာမျက်နှာတွေကိုပါ ထပ်ဖတ်ချင်စိတ်ပေါ်ပေါက်မိ၏။

ကျွန်တော်သည် ဖေဖေ့မှတ်တမ်းကို အစမှ အဆုံးထိအောင် တစ်ထိုင်တည်းနှင့် ဖတ်လိုက်ပါသည်။

ကျွန်တော်သာ စာတစ်အုပ် ဖတ်ပြီးသွားသော်လည်း မှတ်တမ်းက မဆုံးသေး။ ဤစာအုပ်တွင် ဖေဖေ ရေးမှတ်ထားသမျှ နောက်ဆုံးရက်စွဲမှာ အောက်တိုဘာလ ၁၁ ရက် ဖြစ်သည်။ စာအုပ်၏ နောက်ဆုံးစာမျက်နှာတွင် ဖေဖေ ရေးလက်စအကြောင်းအရာ မဆုံးသေးပါ။ အထမ်းသမ အမျိုးသမီးတစ်ယောက်၏ ခြေထောက်က အနာကို ဆေးထည့်ပေးသည့်ကိစ္စကို ရေးထားခြင်း ဖြစ်သည်။ ထို့နောက် ဝါကျတော့ ဆုံးသည်။ အကြောင်းအရာက မပြီးဆုံးသေးဟု ကျွန်တော်ခံစားရသည်။ နောက်ထပ် ရေးသည့် စာကြောင်းများသည် နောက်မှတ်စုစာအုပ်ထဲမှာလား။ နောက်မှတ်စုစာအုပ်နှင့် မေမေပြောသည့် မီနော့လ်တာကင်မရာက ဘယ်မှာလဲ။ လိပ်ပြာတွေက



www.burmeseclassic.com

www.burmeseclassic.com



ရော... ဒါ... အကုန်ဟု မထင်ပါ။ နောက်ထပ် လိပ်ပြာများ ရှိဦးမည်။ အကြောင်းမှာ လိပ်ပြာနံပါတ်နှင့် တွေ့ရှိချက်အကြောင်းအရာတွေ မှတ်တမ်းတွေမှာက နံပါတ် ၄၀ ကျော်နေခဲ့သည်။

ဖေဖေ တောင်အောက်သို့ ကျသွားသည်ဆိုသောနေ့မှာ ၁၆ ရက်နေ့။ ဖေဖေ့မှတ်တမ်းက ၁၁ ရက်မှာ ဆုံးသွားခဲ့သည်။ နောက်ထပ် ခြောက်ရက်စာ မှတ်တမ်းကို ဖေဖေ မရေးခဲ့ဘူးလား။ ရေးခဲ့လျှင် ဘယ်မှာ ရေးခဲ့သလဲ။

ကျွန်တော် တစ်ယောက်တည်း ဓာတ်ပုံတွေ၊ လိပ်ပြာတွေ၊ မှတ်တမ်းတွေနှင့် ချာချာလည် မူးဝေနေချိန်တွင် မေမေသည် တစ်ဖက်ခုတင်မှာ အိပ်ပျော်နေခဲ့ပြီ။

ဖေဖေ့လမ်းပြကြီး၏ နာမည်မှာ ဦးအကူးဖိရမ် ဖြစ်သည်။ ပန်နန်းဒင်ရွာသား ရဝမ်အမျိုးသားကြီး ဖြစ်သည်။ ရုပ်ရည်သန့်ပြန့်ကြည့်ကောင်းသည်ဟု ဖေဖေ မှတ်ချက်ချထား၏။ သူ့ကို ဓာတ်ပုံရိုက်သည့်အခါ အနည်းငယ်မျှ မပြုံးပါ... တဲ့။ ကျွန်တော်သည် ဖေဖေ့ဓာတ်ပုံများထဲမှ ဦးအကူးဖိရမ် ဖြစ်နိုင်သော တစ်စုံတစ်ယောက်ကို လိုက်ရှာကြည့်ပါသည်။ ရုပ်ရည် သန့်ပြန့်... အနည်းငယ်မျှ မပြုံးသော ရဝမ်အမျိုးသားကြီး ဦးအကူးဖိရမ်။

နောက်ဆုံးမှာ ဖြစ်နိုင်သော တစ်ယောက်ကို သွားတွေ့သည်။

နှုတ်ခမ်းမွေး စုစု မည်းမည်း၊ ပါးစပ် ပိတ်စေ့ထားပြီး ကင်မရာဆီသို့ ရှုတည်တည်ကြည့်နေသော အသက် ၅၀ ခန့်၊ သို့မဟုတ် ၅၀ ထက် ငယ်ချင် ငယ်နိုင်သော လူတစ်ယောက်။ မျက်လုံးတွေက တောက်ပသည်။ လှို့ဝှက်ဟန် ရှိသည်။ ကျွန်တော့်ဖေဖေ အောက်ပြုတ်ကျသွားတာကို သိလိုက်သော တစ်ဦးတည်းသော လူ...။ ဒီလူပဲ ဖြစ်ရမယ်။ သူ့မျက်လုံးတွေမှာ ခွန်အား ရှိနေသည်။

ထိုညက ကျွန်တော် ဖေဖေ့ခုတင်ပေါ်မှာ အိပ်သည်။ အိပ်သည်ဟု ပြောမည့်အစား အိပ်ဖို့ကြိုးစားသည်ဟု ပြောရမည်ထင်ပါသည်။

အကြောင်းမှာ မိုးသာလင်းသွားရော ကျွန်တော် တစ်မှေးမှ အိပ်မပျော်လိုက်ရသောကြောင့် ဖြစ်သည်။





နောက်တစ်နေ့ နံနက်တွင် ကျွန်တော့်ဘဝ၏ အရေးတကြီးကိစ္စ ရှေ့နောက် အစီအစဉ်တွေ ပြောင်းလဲသွားခဲ့သည်။

*

ကျွန်တော့် ဆုံးဖြတ်ချက်ကို မေမေ့အား ဖွင့်ပြောပြတော့ မေမေ အလန့်တကြား ဖြစ်သွားပါသည်။

'ဘယ်ကိုသွားမယ်... သား'

'ရေခဲတောင်တွေဆီကို မေမေ'

မေမေသည် ကျွန်တော့်အား မမြင်ဖူးသည့် သူစိမ်းတစ်ယောက်ကို ကြည့်သလို စေ့စေ့ အကဲခတ်ကြည့်လေသည်။

'သား ဘယ်လိုစိတ်ကူးပေါက်သွားလိုက်တာလဲ၊ ဟင့်အင်း... သား မသွားရပါဘူး'

'သား သွားရမယ် မေမေ'

'ဘာအတွက်လဲ သား'

ဖေဖေ့ကို ရှာဖို့ဟု ပြောလိုက်ချင်သည်။ သို့သော် သည့်ထက် ယုတ္တိတန်သော၊ လက်ခံနိုင်သော အဖြေတစ်ခုကို ပေးမှ ဖြစ်မှာပါ။

'ဖေဖေ ဘာဖြစ်ခဲ့သလဲဆိုတာ သိရဖို့ပေါ့'

မေမေ ခါးခါးသီးသီး ငြင်းဆန်၏။

'ခြောက်နှစ်တောင် ကြာခဲ့ပြီလေ သား၊ ဘာမှ မထူးခြားတော့ဘူး၊ မင်းအဖေက သေသွားခဲ့ပြီပဲ'

ကျွန်တော် မေမေ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ သည်တစ်ကြိမ်ပဲ 'သေသွားခဲ့ပြီ' ဟူသောစကားကို မေမေ့ထံမှ ကြားရပါသေးသည်။ သေသွားခဲ့ပြီ။ သေသွားခဲ့ပြီဟု မေမေ တကယ်ယုံကြည်ပါသလား။ ကျွန်တော်မေးချင်၏။ သို့သော် မမေးရက်ပါ။

'သေတယ်ဆိုရင်လဲ အလောင်းတော့ တွေ့ရမှာပေါ့ မေမေ'

'ဟဲ့... သေတိုင်း အလောင်းတွေ့ရမယ်လို့ ဘယ်သူပြောလဲ'

မေမေက ကျွန်တော့်ပခုံးကို စိတ်လိုက်မာန်ပါ ဆွဲလှည့်၏။ မေမေ့မျက်ဝန်းမှာ မျက်ရည်တွေကို ကျွန်တော် မြင်ရသည်။

'နှင်းတောင်တွေ၊ ချောက်ကမ်းပါးတွေ၊ ရေခဲအက်ကွဲကြောင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို နှစ်ပေါင်းထောင်နဲ့ချီပြီး မြုပ်ကွယ်ပျောက်ဆုံးသွားစေတဲ့ နေရာ…မေမေသိတယ်၊ သား ဖေဖေကို သားတွေ့မှာမဟုတ်ပါဘူး၊ စိတ်ကူး မယဉ်စမ်းပါနဲ့ သား'

'ဖေဖေ့ကို မတွေ့ရရင်လဲ ဖေဖေ နောက်ဆုံးအသက်ရှင်ခဲ့တဲ့ နေရာကို သားသိချင်တယ် မေမေ၊ ဖေဖေ အဲဒီမှာ ဘာတွေ တွေ့ခဲ့သလဲ၊ ဖေဖေ ဘာဖြစ်လို့ ရုတ်တရက် ပျောက်ကွယ်သွားတာလဲ၊ ဖေဖေပဲ ကျပြီး ကျန်တဲ့လူတွေက ဘာလို့မကျခဲ့တာလဲ၊ ဖေဖေ ဘာဖြစ်သွားခဲ့တာလဲ ကျွန်တော်သိရမှ ဖြစ်မယ်'

ကျွန်တော် အသက်မရှူဘဲ ဆက်တိုက်ပြောချပစ်လိုက်သည်။ မေမေသည် ထမင်းစားပွဲစွန်းကို တင်းတင်းဆုပ်လျက် ကုလားထိုင်မှာ ခွေလျှော့စွာ ထိုင်ချလိုက်၏။

'သားမှာသာ အဲဒီစိတ်ကူးရှိတာ မဟုတ်ပါဘူး သားရယ်၊ မေမေ လွန်ခဲ့တဲ့ ခြောက်နှစ်ကတည်းက ဒီစိတ်ကူးကို ရခဲ့တာပါ၊ သူကျသွားခဲ့တယ် ဆိုတဲ့ နေရာကို သွားရှာဖို့၊ သူ တကယ် သေမသေ သိဖို့ သူ့အလောင်းကို ရှာဖို့…'

မေမေ တစ်ခဏ အသက်ပြင်းပြင်းရှူလိုက်သည်။

'နောက်ဆုံးပေါ့ သားရယ်၊ အလောင်းကို နှင်းတွေ ဖုံးနေလို့ ရှာမတွေ့နိုင်ဘူး ဆိုရင်တောင် သူကျသွားတဲ့နေရာမှာ မေမေ တစ်ခုခုတော့ တွေ့မှာပဲလို့ ထင်နေခဲ့တယ်'

'ဒါဖြင့် မေမေ ဘာဖြစ်လို့ မသွားခဲ့တာလဲ'

မေမေ ကျွန်တော့်အား ခပ်စိမ်းစိမ်း တစ်ချက်ကြည့်ပါသည်။

'ဘာဖြစ်လို့လဲဆိုတော့ ဒါ မဖြစ်နိုင်ဘူးဆိုတာ မေမေ အစောကြီး ကတည်းက သိခဲ့လို့ပေါ့၊ တကယ့်အဖြစ်အပျက်ဆိုတာ စိတ်ကူးယဉ်ဝတ္ထုတွေလို ကိုယ် ဇာတ်သိမ်းစေချင်သလို မသိမ်းဘူး သား၊ အဆုံး လို့ မထင်ရတဲ့ အဆုံးတွေ အများကြီးရှိတယ်၊ သားဖေဖေရဲ့ ဘဝက အဆုံးသတ်သွားပါပြီ သားရယ်၊ ဒီထက်ပိုပြီး ဆက်လို့မရတော့ပါဘူး၊ စိတ်ကို လျှော့လိုက်စမ်းပါ'

'မလျှော့နိုင်ဘူး မေမေ၊ မေမေက ဒီအတိုင်း ထားနိုင်ပေမယ့် သား မထားနိုင်ဘူး'





'သား…'

မေမေ့မျက်လုံးတွေ မှုန်မှိုင်းသွား၏။

'သား ဘယ့်နှယ်ဖြစ်လိုက်တာလဲ'

'မေမေ ဘာကြောင့် မသွားခဲ့တာလဲ သားသိပါတယ်၊ မေမေက အမှန်တရားကို မရင်ဆိုင်ရဲဘဲ'

ကျွန်တော် မပြောသင့်မှန်း သိလျက်နှင့် စွတ်တင်ပြောချပစ်လိုက်မိပါသည်။

'ဖေဖေ သေပြီဆိုရင်လဲ ဖေဖေ့အလောင်းကို မေမေ မမြင်ချင်ဘူး၊ မတွေ့ချင်ဘူး၊ ဖေဖေ မသေဘူးဆိုရင်လဲ ဒီလောက် နှစ်တွေကြာအောင် ဖေဖေ ဘာလို့ ဇာတ်မြှုပ်ပြီး ပုန်းရှောင်နေသလဲဆိုတာ မေမေ မသိချင်ဘူး၊ မေမေ့အပြင် နောက်ထပ်တစ်ယောက် နောက်ကို လိုက်သွားပြီလား မေမေ မသိချင်ဘူး'

'ဥက္ကာ…'

မေမေက ထမင်းစားပွဲကို ဖြန်းခနဲ ပုတ်ပစ်လိုက်သဖြင့် စားပွဲပေါ်က ကော်ဖီပန်းကန်တွေ လှုပ်ခါသွားသည်။ ကျွန်တော့်အသံလည်း တိခနဲ ရပ်သွားပါသည်။

'သားက မေမေ့ကို စော်ကားချင်တာလား၊ ဒါမှမဟုတ် သေသွားတဲ့ အဖေကို စော်ကားချင်တာလား'

မေမေ့အသံ တုန်ယင်နေခဲ့၏။ မေမေ ဘာလို့ ဖေဖေပျောက်ဆုံးသွားတာကို သည်အတိုင်း လက်ခံယူခဲ့သလဲ မကျေမနပ်ဖြစ်နေမိသဖြင့် မေမေ့ကို သတိလက်လွတ် ပြောလိုက်မိသော စကားများ မှားကုန်သည်။ ကျွန်တော် စိတ်မကောင်းဖြစ်သွားပါသည်။

'သားက မေမေတို့ကို စော်ကားတဲ့အဓိပ္ပာယ်နဲ့ ပြောလိုက်တာမဟုတ်ပါဘူး မေမေ၊ အမှန်တရားကို မေမေ ရင်မဆိုင်ရဲဘူးလို့ သား ဘာဖြစ်လို့ ပြောလိုက်မိတယ်ဆိုတာ သား သိပါတယ်၊ တကယ်ရင်မဆိုင်ရဲတာက သားပါ၊ ဖေဖေမသေပါစေနဲ့လို့ ဆုတောင်းမိတဲ့ အချိန်တွေ အများကြီး၊ မေမေနဲ့ သားကို ပစ်ပြီး သေတယ်လို့ သတင်းလွှင့်ပြီး တခြားမိန်းမတစ်ယောက်ကို တွေ့နေမယ့်အစား သေသွားတာပဲဖြစ်ပါစေလို့ ဆုတောင်းမိတဲ့ အချိန်တွေလဲ အများကြီးပါပဲ၊ အဲဒါ သားဖြစ်နေတာတွေပါ၊ သားက



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာကို မျှော်လင့်ချင်နေတာကိုး၊ မေမေ့ကို ပစ်သွားတာလဲ မဖြစ်စေချင်၊ သေသွားကာလဲ မဖြစ်စေချင် ... အဲဒီလိုနဲ့ အခုထိ ကြာအောင် တအုံနွေးနွေး ငြိမ်နေခဲ့ရတာ၊ သား ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး မေမေ၊ အဖြစ်မှန်ကို သား သိရမှဖြစ်မယ်၊ ဒါကြောင့် အဲဒီကို သား လိုက်သွားမှ ဖြစ်မယ်'

ကျွန်တော့်စိတ်ကို တင်းကျပ်နေအောင် ချုပ်တည်းထားရသဖြင့် အာခေါင်တွေ စပ်ကာ လည်ချောင်းနာကျင်လာသည်။ ကျွန်တော် မငိုချင်ပါ။ ဖေဖေ့အတွက် ကျွန်တော် လွန်ခဲ့သည့် ခြောက်နှစ်က မျက်ရည်ကျ ငိုရှိုက်ခဲ့ရပြီးပါပြီ။ ယခုအခါ ဖေဖေ့ကိစ္စက အနည်ထိုင်သွားခဲ့ပြီ။ ကျွန်တော်လည်း ၁၅ နှစ်၊ ၁၆ နှစ်သားအရွယ် ဆယ်ကျော်သက် မဟုတ်တော့ပါ။ ကျွန်တော့်အသက် ၂၀ ကျော်ခဲ့ပါပြီ။ ကျွန်တော် လူကြီးဖြစ်ပြီ။ ဖခင်တစ်ယောက်၏ အဖြစ်မှန်ကို အဖြူအမည်း သဲကွဲစွာသိဖို့ လိုအပ်သော အရွယ် ရောက်ပြီ။ အမှန်ကို ရင်ဆိုင်နိုင်စွမ်းသော အရွယ်သို့လည်း ရောက်ပြီ။ ကျွန်တော့်ဘဝတွင် ဘာမှန်း ညာမှန်း မသိရသော ကွက်လပ်ကြီးတစ်ခုဖြင့် လစ်ဟာနေခဲ့သည်မှာ ခြောက်နှစ်ရှိပြီ။ ထိုကွက်လပ်ကို ဖြည့်ဖို့ အချိန်ရောက်ပြီဟုလည်း ကျွန်တော် သိပါသည်။

'သား ... သား ဘာတွေ ပြောနေတာလဲ၊ သား ဖေဖေဟာ တောင်ပေါ်က နေ ပြုတ်ကျပြီး သေသွားခဲ့တာလေ၊ အဲဒါ အမှန်တရားပဲ၊ ဒီထက် ပိုမှန်တဲ့ အရာကို သား မမျှော်လင့်နဲ့၊ သား အမျှော်ကြီး မျှော်ပြီး ဘာမှမတွေ့ခဲ့ရင် သား စိတ်ဆင်းရဲရမှာပေါ့'

မေမေက ကျွန်တော့်လက်ဖျားများကို တင်းတင်းဆုပ်ကိုင်လိုက်၏။ ကျွန်တော့်လက်ဖျားတွေ အေးစက်နေခဲ့ပါသည်။

'သား ခံနိုင်ရည်ရှိပါတယ်'

'မရှိပါဘူး၊ သား ဟိုရောက်တဲ့အခါ ဘာကိုတွေ့မလဲ မေမေအခုကတည်းက သိနေတယ်၊ မျက်စိတစ်ဆုံး နှင်းတွေနဲ့ ဖုံးနေတဲ့ ရေခဲပြင်ကြီးတွေပဲ တွေ့လိမ့်မယ်၊ သားဖေဖေရဲ့ ခြေရာလက်ရာ ဘာမှ တွေ့မှာမဟုတ်ဘူး၊ သဲလွန်စ ရယ်လို့ တစ်ခုမှ ကျန်ရစ်ခဲ့မှာမဟုတ်ဘူး၊ ခြောက်နှစ် ကြာခဲ့ပြီ သား ... ရေခဲပြင်ကြီးဟာ ခြောက်နှစ်စာ နှင်းတွေနဲ့ အထပ်ထပ် ဖုံးကုန်ပြီ၊





အရင်က တောင်စောင်းဖြစ်ခဲ့တဲ့ နေရာဟာ အခုအခါမှာ အပြန့်ဖြစ်ချင်ဖြစ်နေမယ်၊ ဒါမှမဟုတ် အက်ကွဲကြောင်း ဖြစ်ချင်ဖြစ်နေမယ်၊ အရင်က အက်ကွဲကြောင်း ရှိခဲ့တဲ့ ချောက်ကမ်းပါးဟာ အခုအခါမှာ ရေခဲပြင်ဖုံးလို့ ဘာမှ မမြင်သာဘဲ ဖြစ်ချင်ဖြစ်နေမယ်၊ သား သိလား ... သား အဲဒီမှာ ဘာမှတွေ့ရမှာ မဟုတ်ဘူး၊ ကံဆိုးရင် ...'

မေမေ ဆက်မပြောတော့ဘဲ စကားကို ရပ်ပစ်လိုက်၏။

'ကံဆိုးရင် ... ဘာဖြစ်လဲ မေမေ'

မေမေ အံကြိတ်၍ ကျွန်တော့်ကို ဆက်စကားပြောပါသည်။

'ကံဆိုးရင် ... မေမေ့မှာ ယောကျ်ားလဲ ဆုံး သားကိုပါ ဆုံးရနိုင်သေးတယ်၊ မသွားပါနဲ့ သားရယ်၊ မေမေ့ကို သနားရင် မသွားပါနဲ့၊ သားကိုမေမေ ထပ်ပြီး မဆုံးပါရစေနဲ့ သားရယ်'

မေမေ တစ်ချက်ရှိုက်ငင်ပြီး မျက်ရည်တွေတွေကျသောအခါ ကျွန်တော့် ရင်ထဲမှာ နင့်ခနဲနာကျင်သွား၏။ မေမေ ကျွန်တော့်ကြောင့် မျက်ရည်ကျနေရတာလား။ သို့သော် မေမေ အစိုးရိမ်ကြီးလွန်းနေတာကိုလည်း ကျွန်တော် သိနေသည်။ မေမေ့မျက်စိထဲမှာ သား ဥက္ကာကို ၁၄ – ၅ နှစ်အရွယ် လူမမယ်ကလေးလေးလို ထင်နေတုန်းပဲ။ ကျွန်တော်က ချင်ပြည်နယ်သွားလို့ ဘာမှဖြစ်မှာမဟုတ်၊ ဘာမှစိုးရိမ်ပူပန်စရာ မရှိ။

'သားကို မေမေ မဆုံးရှုံးရပါဘူး၊ သား ဘာမှဖြစ်မှာမဟုတ်ဘူး၊ ဒီမယ် မေမေ ... သားကို ကြည့်စမ်းပါ၊ သား လူကြီးဖြစ်ပြီလေ'

မေမေ၏ မျက်ရည်စွန်းထင်းသော မျက်ဝန်းများ ပြုံးရယ်လာကာ ခေါင်းယမ်း၏။

'ဘယ့်နှယ် လူကြီးဖြစ်ရမလဲ၊ မေမေ့သားက ငယ်ငယ်ကလေး ရှိသေးတာ၊ သားရဲ့ ပါးက နို့စော်တောင် မွှေးနေတုန်း ရှိသေးတယ်၊ ဒီရေခဲတောင် ခရီးကြမ်းနဲ့ သားနဲ့ မဖြစ်ပါဘူး'

'ဟာ ... မေမေကလဲ၊ သား ဘွဲ့သည်တွေနဲ့ အက်ဒ်ဗင်ချား တိုးရဲ့တွေ စွန့်စွန့်စားစား ခက်ခက်ခဲခဲ လိုက်ဖူးပါတယ် မေမေရာ၊ ဘာမှ စိုးရိမ်မနေပါနဲ့'

'ဟဲ့ ... အခုဟာက တစ်မနက်ခင်းလေး တစ်ညနေခင်းလေး ခြေလျင်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရတာ တောင်တက်ရတာ မဟုတ်ဘူး သားရဲ့၊ သား ရက်ပေါင်းများစွာ လမ်းကြမ်းကြီးတွေကို ခြေလျင်လျှောက်ရမှာ၊ မြစ်တွေဖြတ် ချောင်းတွေဖြတ်၊ တောင်တန်းတွေကို ကျော်ရမှာ ဆင်းရမှာ တက်ရမှာ၊ သားကို ဘယ်ကား ဘယ်ရထားကမှ ပို့ပေးမှာမဟုတ်ဘူး၊ သားခြေထောက်နဲ့ သွေးချင်းချင်းနီအောင် လျှောက်ရမှာ'

မေမေက ခြိမ်းခြောက်လာပါသည်။ ကျွန်တော်အနည်းငယ် အာခံစွာ ပြုံးမိသွား၏။

'သား ဖေဖေ့မှတ်တမ်းစာအုပ်ကို နှစ်ခေါက်တောင် ဖတ်ပြီးသွားပြီ မေမေ၊ ဘာတွေကို သားကြုံရမယ်ဆိုတာ သားသိပြီးသားပါ၊ သား ခံနိုင်ပါတယ်၊ ဖေဖေ သွားခဲ့တဲ့နေရာကို သား မရောက်ခဲ့ရင် သားဟာ ဖေဖေ့သား မဟုတ်တော့ဘူးပေါ့'

'အို...ဘာမှမဆိုင်ပါဘူး'

မေမေ့မျက်နှာ အနည်းငယ် ပျော့ပျောင်းလာပါသည်။

'ဆိုင်ပါတယ် မေမေရယ်၊ ဖေဖေ နောက်ဆုံးရပ်ခဲ့တဲ့ မြေပေါ်မှာ သား မတ်တတ်ရပ်ပြီး ဖေဖေ့နေရာမှာ ဝင်ကြည့်ရရင် တော်ပါပြီ မေမေ၊ သား ကတိပေးပါတယ်၊ မေမေ့ဆီကို သား ရောက်အောင်ပြန်လာခဲ့ပါ့မယ်၊ လုံးဝ စိတ်ချပါ မေမေရာ'

'အို...ဘယ့်နှယ်လုပ် စိတ်ချနိုင်ပါ့မလဲ သားရယ် မဖြစ်နိုင်တာတွေ'

'မေမေ...သားကို ယောကျ်ားပီသစေချင်တယ်ဆို'

'ဟင့်အင်း...တခြားကိစ္စတွေ တခြားစွန့်စားခန်းတွေနဲ့ပဲ ပီသပါ သားရယ်၊ လူတစ်ယောက်ဟာ ယောကျ်ားပီသဖို့တော့ ခါကာဘိုရာဇီတောင်ထိ သွားစရာမလိုပါဘူး'

ဟောဗျား၊ မေမေဟာ တကယ်ခေါင်းမာပါလား။ ကျွန်တော် လက်လျှော့ရမလို ဖြစ်သွားသည်။

'အခုဟာက ခါကာဘိုရာဇီတောင်ကို တက်မှာမဟုတ်ဘူး မေမေ'

'ဒါပေမဲ့ အဲဒီနားက တောင်တွေကို တက်မှာပဲ၊ အဲဒါ ကျောက်ဆောင်တွေနဲ့ ရေခဲ ဖုံးတဲ့ တောင်တွေပဲ၊ သားက စိတ်ကူးယဥ်နေလို့ပါ၊ အဲဒီမှာ သားကို ဘေးက အားပေးမယ့်လူလဲ မရှိဘူး၊ သားကို တွဲခေါ်မယ့်သူလဲ မရှိ





ဘူး၊ သားဟာ ခြေလျင်နဲ့ တောင်တက်အသင်းဝင်လဲ မဟုတ်ဘူး၊ ဝိတိုရိယ တောင်ကိုတောင် သားမတက်ဖူးဘဲနဲ့၊ သားတစ်ယောက်တည်း...သူစိမ်းတွေနဲ့'

'ဟောဗျာ...ဘယ်သူကတော့ မွေးလာကတည်းက အဖော်ပါလို့လဲ မေမေရ၊ တစ်ယောက်တည်းပဲ ကြုံရတာချည်းပါပဲ၊ သား ဝိတိုရိယတောင် မတက်ဖူးပေမယ့် ခွဲကပင်တောင် တက်ဖူးတယ်၊ ပုပ္ပါးတောင်မကြီး တက်ဖူးတယ်'

'မတူဘူး၊ အခုဟာက ကျောက်တောင်တွေနဲ့ နှင်းတောင်တွေ'

'သား မသွားခင် လေ့ကျင့်သွားမှာပေါ့...နော် မေမေ၊ သွားမယ်နော်၊ စိတ်မချရင် မေမေ အဖော်လိုက်ခဲ့'

နောက်ဆုံးမှာတော့ မေမေသည် သူ့ထက် ခွဲကောင်းပြီး ခေါင်းမာသော ကျွန်တော့်ကို ခြွင်းချက်တစ်ခုဖြင့် ခွင့်ပြုလိုက်သည်။ ခြေလျင်တောင်တက် အသင်းဝင် ဖေဖေ့မိတ်ဆွေတစ်ဦးထံမှာ ခရီးအတွက် အကူအညီ အကြံဉာဏ် တောင်းပြီး သူပေးသည့် အကြံဉာဏ်အတိုင်း ကျွန်တော်က လိုက်နာမည်ဆိုလျှင် ခွင့်ပြုမည်...တဲ့။

စိတ်ချ မေမေ။ ကျွန်တော် လုံးဝလိုက်နာမည်။ ဖေဖေ့အဖြစ်မှန်ကို သိခွင့် ရဖို့အတွက် ကျွန်တော်ဘာပဲလုပ်ရလုပ်ရ လုပ်မည်။ ဘယ်သူ့ကိုပဲ သွားမေးရ မေးရ မေးမည်။ ဘယ်သူ့ကိုပဲ ရင်ဆိုင်ရပါစေ၊ ကျွန်တော် မကြောက်ပါ။

ဖေဖေ ဘာဖြစ်လို့ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့တာလဲ။

အဲဒါကိုပဲ ကျွန်တော်သိချင်နေပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၄၇၀

မြစ်ကြီးနားသို့ ကျွန်တော် တစ်ခါမှ မရောက်ဖူးပါ။

ကျွန်တော်သွားရသမျှနေရာတို့သည် ထပ်ကာတလဲလဲ ပုဂံ၊ မန္တလေး၊ ရှမ်းပြည်နယ်။ ရန်ကုန်၊ ပဲခူး၊ ကျိုက်ထီးရိုး။ တစ်ခါတစ်ရံ စစ်တွေ မြောက်ဦး။ ဒါပဲ။ ကျွန်တော့်ခရီးစဉ်တွေမှာ မြစ်ကြီးနား တစ်ခါမျှ မပါခဲ့။

ယခုတော့ ကျွန်တော်သည် ကချင်ပြည်နယ်သို့ ရောက်ခဲ့ပြီ။

မြစ်ကြီးနားမြို့သည် ကျွန်တော့်အား ခြောက်သွေ့စွာ ကြိုဆိုလာသည်။ ခါတိုင်း ခရီးတွေမှာက လေဆိပ်မှ ထွက်ထွက်ချင်း လာကြိုမည့် ကားနှင့် ကားမောင်းသူက အဆင်သင့် စောင့်နေခဲ့သည်။ ယခုအခါ ကျွန်တော့်ကို စောင့်ကြိုနေမည့်သူ ဘယ်သူမှ မရှိ။ ခရီးစဉ် အစ အဆုံး ကြိုတင်ဖယားဆွဲထားသည့် အစီအစဉ်မပါဘဲ ပထမဦးဆုံးအကြိမ် ခရီးထွက်ရခြင်းဖြစ်သည်။ တော်တော်လွတ်လပ်၏။ သို့သော် ခရီးသွားကုမ္ပဏီ၏ အကူအညီ အစီအစဉ် မပါဘဲ အစအဆုံး ကိုယ်တိုင်စီစဉ်ရသဖြင့် အနည်းငယ် ပင်ပန်းလေသည်။

ရန်ကုန်မှ ပူတာအိုသို့ လေယာဉ်လက်မှတ် တိုက်ရိုက်ဝယ်ယူလို့ မရ။ မြစ်ကြီးနားအထိသာ လက်မှတ်ရသည်။ ပူတာအိုလက်မှတ်ကို မြစ်ကြီးနား ရောက်မှ ဝယ်ယူရမည်ဖြစ်သည်။ Air Mandalay လေကြောင်းလည်း မြစ်ကြီးနားသို့ မပြေး၊ Yangon Airway လည်း မပြေး။ မြန်မာလေကြောင်း လိုင်း UB တစ်ခုတည်းသာ ပြေးဆွဲသည်။





မြစ်ကြီးနားလေဆိပ်သို့ ဆင်းသက်ချိန်သည် နေ့လယ် ၁၂း၀၀ နာရီ မွန်းတည့်ချိန် ဖြစ်သည်။ ဧပြီလ နောက်ဆုံးပတ်၏ မွန်းတည့်နေသည် လေယာဉ်ကွင်း မြေပြင်ကို အငွေ့တထောင်းထောင်းထအောင် ပူပြင်းခြောက်သွေ့စေလျက်ရှိသည်။ အပူသည် ကျွန်တော့်ဝေါ့ကင်းရှူးရာဘာပြားကို ဖောက်လျက် ကျွန်တော့်ခြေဖဝါးသို့ လာကူးစက်နေသည်။

ခါတိုင်း ပေါ့ပေါ့ပါးပါးသာ ခရီးထွက်ဖြစ်သော ကျွန်တော်သည် သည် တစ်ခါတော့ ကျောပိုးအိတ် တစ်အိတ်သာမကတော့ဘဲ Check In ဝန်စည်စလှယ် သေတ္တာနှစ်လုံးပါ အပိုပါလာခဲ့သည်။ ထိုသေတ္တာထဲမှာတော့ ရှေ့ဆက်ရမည့် ခရီးအတွက် လိုအပ်မည့်အသုံးအဆောင်များ၏ တစ်ဝက်ကျော်ကျော်ပါဝင်နေသည်။ အိပ်ရာခင်း လုပ်ရန် ဖယောင်းပုဆိုး၊ အသင့် ဆောက်လုပ်နိုင်သော မိုးကာတဲ၊ တောထဲတွင် မီးဖိုအဖြစ် အသုံးပြုရန် ဒီဇယ်မီးဖိုအသေးစားလေး တစ်လုံး၊ မိုးကာအင်္ကျီရှည်၊ အရေးပေါ်သုံးရန် လျှပ်စစ်အားသွင်း မီးအိမ်၊ လက်နှိပ်ဓာတ်မီး၊ ခြင်မကိုက်ရန် ပိုးမွှားကာကွယ်သည့် လိမ်းဆေး၊ သို့သော် ထိုဆေးဘူးသည် ကချင်ပြည်နယ်က ပိုးမွှားများကိုတော့ မကာကွယ်နိုင်ပါဟု သိရသည်။ ပုရွက်ဆိတ်ကြီးများ၊ မှက် ခြင်ကြီးများထက် ပိုရှဲဆိုးသည်က ကျွတ်များဖြစ်သည်ဟု ဖေဖေ့မှတ်တမ်းထဲတွင် ဖတ်ခဲ့ရပါသည်။

သေတ္တာ ရွေးယူပြီးနောက် ပန်ဆွပ်ဟိုတယ်သို့ ထွက်လာသောအချိန်မှာ ၁၂ နာရီ ၃၀ မိနစ် ရှိနေပြီ။ ကျွန်တော် လေယာဉ်ပေါ်မှ အစားအစာကိုကြေးများတတ်သူဖြစ်၍ တော်တော်ဆာလောင်မွတ်သိပ်နေပြီ။

ပထဝီဝင်ဘာသာကို ညံ့ခဲ့သည့် ကျွန်တော်ယသ် မြစ်ကြီးနားကို တောင်ပေါ်မြို့တစ်မြို့အဖြစ် အထင်ရောက်ခဲ့ဖူး၏။ ကချင်ပြည်နယ်၏ တောင်စဉ်တောင်တန်းများနှင့် ရောနှောကာ မြင်ပစ်လိုက်ခြင်းဖြစ်သည်။ တကယ်တမ်း ဤမြို့ကို မလွဲမသွေ ပတ်သက်ဖြတ်ကျော်ရတော့မည်ဆိုခါမှ မြစ်ကြီးနားမြို့ဟူသည်မှာ မြစ်ကြီးနားလွင်ပြင်၏ မြောက်ဘက်အစွန်းရှိမြို့တစ်မြို့ဖြစ်ကြောင်း သိရတော့သည်။

မြစ်ကြီးနားသည် ပင်လယ်ရေပြင်အထက် ပေ ၄၇၀ သာမြင့်သော မြို့တစ်မြို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားမှာ ကျွန်တော် နှစ်ညအိပ်ရသည်။ အကြောင်းမှာ ပူတာအိုသို့ သွားရမည့် လေယာဉ်သည် တနင်္ဂနွေနေ့မှာသာ ရှိသောကြောင့် ဖြစ်သည်။

ဟိုတယ်မှာ ပစ္စည်းချပြီးနောက် ကျွန်တော် နေ့လယ်စာ ထွက်စားသည်။ မြစ်ကြီးနား ဈေးအနီး တိုက်တန်းရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်မှာ ဖြစ်သည်။ အစားအသောက် ကောင်း မကောင်း မသိ။ ဘယ်သူ့ကိုမှလည်း မေးမကြည့်မိခဲ့ဘဲ လျှောက်ကြည့်ရင်း ဆိုင်နာမည်ကို မြင်မြင်ချင်း ရွေးလိုက်ခြင်း ဖြစ်သည်။ ဆိုင်နာမည်က မြနန္ဒာတဲ့။ ထိုနာမည်မှာ ကျွန်တော် ပထမနှစ်တုန်းက ပိုးပန်းဖို့ ကြိုးစားခဲ့ဖူးသော ကောင်မလေးတစ်ယောက်၏ အမည် ဖြစ်နေသည်။ ထို့ကြောင့် ဝင်စားလိုက်ပါသည်။ သိပ်မဆိုးပါ။ သို့သော် ညစာအတွက် ထပ်လာဖြစ်ဖို့ ဆွဲဆောင်နိုင်လောက်အောင်တော့လည်း မကောင်းပါ။

နေ့လယ်စာ စားအပြီးမှာ ပူတာအို လေယာဉ်လက်မှတ်အတွက် လေယာဉ်ရုံးသို့ သွားရသည်။ လေယာဉ် နည်းသဖြင့် လက်မှတ်တွေ ခက်ခဲသည်မှာ ထုံးစံပဲ ဖြစ်သည်။ သို့သော် ကျွန်တော့်အတွက်တော့ အခက်အခဲ မရှိပါ။ ရန်ကုန်က ကျွန်တော်လိုက်နေကျ ခရီးသွားကုမ္ပဏီမှ ပေးလိုက်သော အကြံဉာဏ်အတိုင်း လိုက်နာဆောင်ရွက်သောကြောင့် ဖြစ်သည်။ FEC ဖြင့် ဝယ်ပါ...တဲ့။

မြစ်ကြီးနားမြို့တွင် ပူတာအိုလေယာဉ် စောင့်ရင်း နားရသော နှစ်ရက်တွင် ကျွန်တော် ဒေသန္တရ ဗဟုသုတအတွက် မြို့တစ်ခွင်သို့ အငှားကားဖြင့် လည်ပတ်ပါသည်။

မြစ်ကြီးနားမြို့တွင် ပထမဆုံး ကျွန်တော့်ကို ဆွဲဆောင်သည့်အရာမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်ခဲ့သော နာမည်ကျော် လီဒိုလမ်းမကြီး ဖြစ်သည်။ အကယ်၍သာ ကျွန်တော့်ဧည့်သည်တွေကို မြစ်ကြီးနားမြို့သို့ လိုက်ပို့ရမည်ဆိုလျှင် လီဒိုလမ်းမအကြောင်း မလွဲမသွေ ပြောပြဖြစ်မည်။ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ကို မဟာမိတ်တပ်များက ထိုးစစ်ဆင်ရန် ဖောက်ခဲ့သော လမ်းမ ဖြစ်သည်။ အိန္ဒိယ၊ အာသံနှင့် ဘင်္ဂလားနယ်တို့၏ မီးရထားလမ်းဆုံဖြစ်သော လီဒိုမှ အစပြု၍ ဖောက်ခဲ့သည်ဟု ဆိုပါသည်။ လီဒိုလမ်းသည် ပတ်ကွိုင်တောင်တန်းကြီးကို ဖြတ်ကျော်ပြီး ဖောက်ထား





ခြင်း ဖြစ်သည်။ ထိုလမ်းမကြီးသည် ဧရာဝတီမြစ်ကိုလည်း ဖြတ်ကျော်ခဲ့သည်။

နာမည်ကျော် လီဒိုလမ်းမကြီးသည် ယခုအခါ ခပ်ကြမ်းကြမ်း လမ်းဟောင်းတစ်ခုသာ ဖြစ်နေသည်။

မြစ်ကြီးနားမြို့မှာ ကျွန်တော်တို့လို ဧည့်သည်များ စိတ်ဝင်စားစရာ ဘာတွေ ရှိသလဲဟု ကျွန်တော် အငှားကားမောင်းသူကို မေးမိသည်။

ပထမဆုံး သူက ကရိန်နော် အပန်းဖြေစခန်းဟု ပြောသည်။ ဒုတိယ မြစ်ဆုံဟု ပြောသည်။ မြစ်ဆုံကို ကျွန်တော်လည်း စိတ်ဝင်စားပါသည်။ ဧရာဝတီမြစ်ဟု ဖြစ်ပေါ်ရန် မေခမြစ်နှင့် မလိခမြစ်တို့ ပေါင်းစပ် ယှက်သွယ်မိကြသော နေရာ...၊ ပထဝီလည်း လှသည်။ မြစ်ဖြစ်ပေါ်ပုံ နောက်ခံသမိုင်းလည်း လှသည်။ သဘာဝအနေအထားလည်း တော်တော်လှပါသည်။ တတိယအဖြစ် ပျားအုံများဟု ပြောသည်။ ကျွန်တော် အနည်းငယ်ရယ်ချင်သွားပါသည်။

'ကိစ္စမရှိဘူးဗျ၊ ပျားအုံတွေတော့ ကျွန်တော် မကြည့်တော့ဘူး၊ တခြားဘာရှိသေးလဲဗျ'

'မနောကွင်း ရှိတယ်'

'အား...ကောင်းတယ်၊ ကျွန်တော် မနောကွင်းကို စိတ်ဝင်စားတယ်'

'နောက်တစ်နေ့ရာက...ကချင်ငြိမ်းချမ်းရေးအဖွဲ့ ဌာနချုပ်ဗျ'

ကျွန်တော် အနည်းငယ် လန့်သွားသည်။

'အာ...အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ ကျွန်တော်က သေနတ်တွေ လက်နက်တွေကို မကြည့်ရဲဘူးဗျ'

ထိုအခါ ကားဆရာက ရယ်မောပါသည်။

'သေနတ်တွေကို ခင်ဗျား မြင်ချင်လို့တောင် မမြင်ရပါဘူး၊ အဆောက်အအုံကြီးကိုပဲ မြင်ရမှာပါ'

'ဒါဆိုရင်လဲ သွားတာပေါ့ဗျာ'

မြစ်ကြီးနားမြို့၏ လမ်းများသည် အတော်အသင့် ကျယ်၏။ ပြည်နယ်မြို့တော်ဟူသော အင်္ဂါရပ်နှင့်ညီအောင်ပင် လမ်းတွေက သန့်ရှင်း၏။

ကျွန်တော်က ပျားအုံတွေကို မကြည့်တော့ပါဘူးဟု ပြောထားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စေတနာပိုသော ကားဆရာသည် ကျွန်တော့်အား ပျားအုံတွေရှိရာ ရေစင်ကြီးရှေ့က လမ်းမှ မောင်းလျက် ခေါ်သွားခဲ့ပါသည်။

'ခင်ဗျားရဲ့ ညာဘက်က ရေစင်ကြီးမှာလဲ ပျားအုံတွေ... ဘယ်ဘက်က သစ်ပင်ကြီးမှာလဲ ပျားအုံတွေ...ကြည့်လိုက်'

သူက ကားကို ဖြည်းဖြည်းမောင်းသွားရင်း ကျွန်တော့်အား အသိပေးပါသည်။ ကျွန်တော် သူ့စကားကို လိုက်နာပြီး လမ်းဟိုဘက် သည်ဘက်ကို လှည့်ကြည့်လိုက်သည်။ ကျွန်တော်အံ့သြသွား၏။ ပျားအုံတွေကို ကျွန်တော် မြင်ဖူးပါသည်။ သို့သော် သည်မျှကြီးမားပြီး သည်မျှ များပြားသော ပျားအုံကြီးများကိုတော့ မမြင်ဖူးပါ။ ကျွန်တော်အံ့သြသွားဟန်ကို ကြည့်ပြီး ကားဆရာ ကျေနပ်သွားပုံရသည်။ သူ ပြုံးနေသည်။

'မြစ်ကြီးနားမှာ ပျားရည်ပေါမယ်ထင်တယ်ဗျ' ကျွန်တော် မှတ်ချက်ချမိသည်။

'ပေါတယ်၊ ဒါပေမဲ့ မြစ်ကြီးနားက ထွက်တဲ့ ပျားရည်တွေ မဟုတ်ဘူး၊ ကချင်တောင်တန်းတွေဆီက လာတဲ့ ပျားရည်ဗျ၊ မချစ်ဥတွေကို ပျားရည်ထဲမှာ စိမ်ပြီးသား လာတာတွေလဲ ရှိတယ်၊ မချစ်ဥ ဆိုတာ လွယ်လွယ်ပြောရင် အသက်ရှည်ဆေးပေါ့ဗျာ'

'သူ့ကို စားရင် တကယ်အသက်ရှည်သလား'

'ရှည်မှာပေါ့၊ ရောဂါ တော်တော်များများကို သက်သာစေတဲ့ ဆေး လို့ ပြောတယ်၊ ဒီက တောင်ပေါ်သားတွေ မချစ်ဥနဲ့ ခန်းတောက်မြစ်ပဲ ဆေးလုပ်ပြီး စားကြတာပဲ၊ သူတို့ အသက်ရှည်ကြပါတယ်'

မြစ်ကြီးနား ဆရာအတတ်သင် ကောလိပ်နှင့် မြစ်ကြီးနားကောလိပ်ကိုလည်း ကားဆရာက ပြပေးပါသည်။ ထို့နောက် ကြီးမားပြီး ခံ့ညားလှပသော အဆောက်အအုံကြီးတစ်ခုကို ခြံဝိုင်းကျယ်ကျယ်ထဲမှာ လှမ်းမြင်ရသည်။ ကချင်ငြိမ်းချမ်းရေးအဖွဲ့ ဌာနချုပ်ဖြစ်သည်။ ကားဆရာ ပြောသလိုပင် ဘာလက်နက်ကိုင်တပ်သားမှ မရှိ၊ ဘာလက်နက်မှလည်း မရှိ။ ဝင်ထွက်သွားလာနေသော လူတွေလည်း မရှိ၊ အဆောက်အအုံသက်သက်ပဲ ဖြစ်သည်။

မနောကွင်းကတော့ ကျွန်တော့်ကို တစ်ခဏ ဖမ်းစားညှို့ယူနိုင်ခဲ့သည်။





ကွင်းပြင်ကျယ်ကြီးမှာ ရောင်စုံမနောတိုင်များ စိုက်ထူထားပုံက စိတ်လှုပ်ရှားဖွယ် ကောင်းလှသည်။ ကြက်ခြေခတ် တိုင်နှစ်စုံ၊ တည့်တည့် သုံးစုံ။

'ပြီးခဲ့တဲ့ ဇန်နဝါရီက ဒီကွင်းမှာ အကြီးကျယ်ဆုံး မနောပွဲကြီး လုပ်ခဲ့တာဗျ၊ အဲဒီတုန်းက ခင်ဗျား လာခဲ့ဖို့ကောင်းတာ၊ နိုင်ငံခြားသားတွေ တော်တော်များများ လာတယ်၊ ဓာတ်ပုံတွေ ရိုက်ကြတယ်'

နှစ် ၁၀၀ ပြည့် မနောပွဲတုန်းက ကျွန်တော် ရခိုင်ပြည်နယ်သို့ ရောက်နေပါသည်။

'ဒီရပ်ကွက်ကို စီတာပူလို့ ခေါ်တယ်ဗျ'

စီတာပူ ဟူသော နာမည်သည် ကျွန်တော်နှင့် မစိမ်းပါ။ ခဏခဏ ကြားနေသော နာမည်ဖြစ်သည်။ သို့သော် ထိုစီတာပူသည် မြစ်ကြီးနား၏ ရပ်ကွက် ဖြစ်နေလိမ့်မည်ဟုတော့ မထင်ခဲ့ပါ။

နေသည် ကျွန်တော့်ပခုံးမှလွန်၍ နောက်ကျောဆီသို့ ရောက်လာခဲ့ပြီ။ မနောတိုင်များပေါ်တွင် နေရောင်တင်နေသော မြင်ကွင်းကို သည်ထက်ကြာကြာ ကျွန်တော် ကြည့်ချင်သေးသော်လည်း ကရိန်နော်အပန်းဖြေစခန်းသို့ နေမဝင်မီ ရောက်မှ ကောင်းမည်ဟု ကားဆရာက ပြောပါသည်။ ထို့ကြောင့် ကျွန်တော် သိပ်စိတ်မဝင်စားလှသော အပန်းဖြေစခန်း ဟူသည့်နေရာသို့ ဆက်လက်ထွက်ခွာရပါသည်။

ကားရပ်ကွက်လပ်တွင် ကားရပ်ပြီး အောက်သို့ ဆင်းလိုက်ချိန်တွင် နေရောင် ရှိနေသေးသည်။ သို့သော် ထိုနေရာမှ သစ်ပင်ကြီးများ အုပ်ဆိုင်းနေရာ ဥယျာဉ်ထဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်တည်း ရာသီဥတုက စိမ့်ခနဲ အေးသွား၏။ လေသည် ဖြည်းဖြည်းငြိမ့်ငြိမ့်သာ တိုက်ခတ်နေသည်။ သို့သော် သစ်ရွက်သစ်ခက်များ လှုပ်ရှားသံမှာ ရူးရူးရှဲရှဲ ကျယ်လောင်နေသည်။ သစ်ပင်ကြီးများကို ဗဟိုပြု၍ အပန်းဖြေစခန်းအဆောက်အအုံကို ဆောက်လုပ်ထားခြင်း ဖြစ်သည်။ လက်ရန်းများဆီသို့ တက်သွားသောအခါ ကျွန်တော်သည် ပြာစိမ်းနေသော ရေပြင်ကြီးတစ်ခုကို ဟိုးအောက်ခြေမှာ ဖြုန်းခနဲ မြင်လိုက်ရတော့သည်။

ဧရာဝတီ ပဲ ဖြစ်ရမည်။

သို့သော် ကျွန်တော်ဖြတ်သွားဖူးနေကျ မြင်ဖူးနေကျ ဧရာဝတီနှင့် မတူ



www.burmeseclassic.com

www.burmeseclassic.com



သော ထူးခြားသည့် ရောဝတီ ဖြစ်သည်။ ပြာလဲ့ကာ စိမ်းလျက် ကြည်လင်နေသော မြစ်၊ ကျောက်ဆောင်ကျောက်တန်း အသွယ်သွယ် ထိုးထွက်ကာရံထားသော မြစ်၊ ဟိုတစ်ဖက်က ကမ်းပါးကိုသာ ကျွန်တော် မမြင်ရဘူး ဆိုလျှင် ဤရေပြင်ကို မြစ်ဟုထင်ဖို့ ခဲယဉ်းပါလိမ့်မည်။ ပင်လယ်ရေပြင်ကို လေယာဉ်ပေါ်မှ အထက်စီးဖြင့် ကြည့်ရသည့်အရောင်အတိုင်းပဲဖြစ်ပါသည်။

'ဟား...တော်တော်မြင့်တဲ့ ကမ်းပါးပဲနော်'

'ဟုတ်တယ်ဗျ၊ ပေ ၁၀၀ လောက် မြင့်မယ်ထင်တယ်'

မြစ်ပြင်သည် ကျယ်ပြန့်ကာ ငြိမ်သက်နေ၏။ အောက်ဘက် ကျောက်ဆောင်များဆီတွင် လူ စုစုကို တစ်စုစီ တစ်နေရာစီမှာ မြင်ရသည်ကတော့ ကျွန်တော့်လက်သန်းထက်ပင် သေးကွေးမှုန်မွှားနေလေသည်။

ထိုရေပြင်ပြာပြာကိုမြင်တော့ ကျွန်တော် ရေကူးချင်စိတ်ပင် ပေါ်မိသည်။

'ရေကူးလိုက်ရရင်တော့ ဇိမ်ပဲ၊ ရေနက်သလား'

'ကမ်းဘက်မှာတော့ ကျောက်ဆောင်တွေ ခံနေတာပေါ့၊ အဲဒီက လွန်ရင်တော့ နက်ပါတယ်၊ နောက်ပြီး ကျောက်ဆောင်တွေက ချော်တယ်ဗျ၊ ဒါပေမဲ့ ခင်ဗျား ဒီရေထဲမှာ ကြာကြာနေနိုင်မယ် မထင်ဘူး'

ကားဆရာက ပြုံး၍ ပြောသည်။

'ဘာကြောင့်လဲ'

'ဒီရေက ရေခဲတောင်တွေဆီက အရည်ပျော်ပြီး ကျလာတဲ့ ရေတွေလေ၊ အေးမြနေတာဗျ လေကလဲ တိုက်နေသေးတယ်၊ ခင်ဗျား ခဏလေးနဲ့ ခိုက်ခိုက်တုန်လာလိမ့်မယ်'

ကျွန်တော် ယုံပါသည်။ သို့သော် လက်တွေ့စမ်းသပ်ခံစားကြည့်ချင်သည်။ ထို့ကြောင့် ကျွန်တော်သည် ကရိန်နော်လှေကားထစ်များအတိုင်း အောက်သို့ ဆင်းလာခဲ့သည်။ လှေကားများ လွန်ပြီးနောက် မြစ်ကမ်းဆီသို့ သွားရာမှာ ကျောက်ဆောင် ကျောက်တန်းများ ဖြစ်သည်။ ရယ်မောသံများ၊ စကားပြောသံများကို ယခုအခါ သဲသဲကွဲကွဲ ကြားလာရသည်။ အများစုမှာ အမျိုးသမီးများ ဖြစ်သည်။ ဒေသခံတွေလား ဧည့်သည်တွေလား မသိပါ။ စကားသံတွေကတော့ မဝဲလှပါ။

အမျိုးသမီးအုပ်စုတစ်စု ရေပြင်ပေါ် ထိုးထွက်နေသော ကျောက်ဆောင်





စွန်းတစ်ခုပေါ်မှာ ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေကြသည်။ ကျွန်တော် ထိုအုပ်စုနှင့် ခပ်လှမ်းလှမ်းက တခြား ကျောက်တန်းတစ်ခုဆီသို့ လှမ်းတက်လိုက်ပြီး ထိုင်ချလိုက်သည်။ ထို့နောက် ဝေါကင်းရှူးနှင့် ခြေအိတ်ကို ချွတ်လိုက်ပါသည်။ ရေထဲကို ဆင်းမှာမို့ ကျွန်တော့်ဂျင်းဘောင်းဘီအောက်အနားကို ဒူးဆစ်ထိ ရောက်အောင် လိပ်တင်လိုက်သည်။

'နေရောင်က ဒီဘက်မှာလေ၊ ဒီဘက် လှည့် ရပ်မှပေါ့ဟ'

'ငါက ကမ်းပါးနောက်ခံနဲ့ ရိုက်ချင်တာ'

'ဒါဆို နေနဲ့ ဆန့်ကျင်ဘက်ကြီး **(against light)** ဖြစ်သွားမှာပေါ့'

'နင့်ကင်မရာက **flash ပါတယ်မဟုတ်လား**'

ကျွန်တော် ဖိနပ်နှင့် ခြေအိတ်ကို **ကျောက်ဆောင်**ပေါ်မှာ ထားခဲ့ပြီး မြစ်ရေ ရှိရာသို့ ခပ်ဖြည်းဖြည်းဆင်းသွားလိုက်သည်။ ကျွန်တော့်ခြေဖဝါးနှင့် ရေစိုစွတ်သော ကျောက်ဆောင်ကျောက်သား ထိမိသောအခါ အေးမြမြ ခံစားလိုက်ရသည်။ တစ်ပြိုင်တည်းမှာ ကျွန်တော့်ကို တစ်ယောက်ယောက်က ကြည့်နေသလို ခံစားလိုက်ရသည်။ ကျွန်တော့်ညာဘက်သို့ လှည့်ကြည့်လိုက်တော့ ခပ်ဝေးဝေးကမ်းပါး ခြေပြင်ဆီမှာ ဆယ်ကျော်သက် ကောင်လေးသုံးယောက် ပြေးဆင်းလာနေသည်။ ကျွန်တော့်ဘယ်ဘက်မှာက ရောဝတီမြစ်ကြီးပဲ ရှိသည်။ ကျွန်တော့်မျက်နှာချင်းဆိုင်မှာ အဒေါ်ကြီးတစ်ယောက် ထမင်းချိုင့်တစ်ခုကို ရေဆေးနေသည်။ အဒေါ်ကြီး၏ နောက်ဘက်မှာက ကောင်လေးတွေနှင့် ကောင်မလေးတွေ အုပ်စုတစ်စု တော်တော်ဝေးသည်။ ကျွန်တော့်နောက်ဘက်က အမျိုးသမီးတွေထဲက တစ်ယောက်ပဲဖြစ်မည်။ လှည့်မကြည့်နဲ့။

ကျွန်တော် မြစ်ရေထဲမှာ ထိပ်ပိုင်းလေးပေါ်နေသော ကျောက်ဆောင်အစွန်းတစ်ခုဆီသို့ ခုန်ကူးလိုက်သည်။ ကျွန်တော့်ခြေထောက်တွေက လိုရာ ရောက်ပါရဲ့။ သို့သော် လက်ခံသည့် ကျောက်ဆောင်မျက်နှာပြင်က စိုစွတ်ကာ ချော်နေ၏။ ထို့ကြောင့် ကျွန်တော် ဟန်ချက်ပျက်သွားသည်။ ယိုင်သွားသော ကိုယ်အပေါ်ပိုင်းကို ထိန်းရန် ကမန်းကတန်း လက်ကိုဆန့်မြှောက်လိုက်တော့ ကျွန်တော့်အင်္ကျီအိတ်ထဲက မျက်မှန်ကို လက်က တိုက်မိပြီး မျက်မှန် လွင့်စဉ်ကျသွားသည်။ ရောင်နေကာမျက်မှန်သည် အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



ကော်တစ်မျိုးဖြင့် ပြုလုပ်ထားသည်ဟု သိရသော်လည်း ကျွန်တော့်မျက်မှန်ကတော့ ရေထဲသို့ စွတ်ခနဲ ငုပ်သွားပါသည်။

တော်ပါသေးသည်။ မြစ်ရေက ကြည်လင်လွန်းလှသဖြင့် ကျွန်တော့်မျက်မှန်ကို ခပ်လှမ်းလှမ်းမှာ ကျောက်ဆောင်နှစ်ခုကြား ရေအနက်ထဲ၌ မြင်နေရသည်။ ကျွန်တော့်လက်တံက ရှည်ပါသည်။ ခန္ဓာကိုယ်ကို ကုန်းပြီး နှိုက်ယူလျှင် မီနိုင်မည်ဟု ထင်သည်။ ဒါမှမဟုတ် ခြေထောက်နှင့် လှမ်းဆွဲယူလျှင်ရော...၊ ဒူးဆစ်ကျော်အောင် နက်သည့်ရေမို့ ကျွန်တော့်ဘောင်းဘီကို သည့်ထက်တင်ဖို့ လိုလိမ့်မည်။ အဲလိုဆိုလျှင် ကျွန်တော့်အနီးက အမျိုးသမီးတွေရှေ့မှာ...။ ဘာပဲဖြစ်ဖြစ် လက်နဲ့ပဲ ကုန်းနှိုက်ယူတော့မည်။

ထိုဆုံးဖြတ်ချက်ဖြင့် ကျွန်တော် ရေထဲသို့ လက်ကို နှစ်လိုက်၏။ အားပါးပါး...တော်တော်အေးသည့် ရေပါလား။ ကားဆရာပြောတာ မှန်၏။ ရေခဲရေအလား အေးလှပါသည်။

'ဒါကြောင့် နင့်ကို တုံးတယ်လို့ ပြောပြန်တော့ နင် လက်မခံဘူး'

ကျွန်တော့်နောက်ဘက်မှ ထွက်ပေါ်လာသည့်အသံ။ ကျွန်တော့်ကို ပြောတဲ့စကား မဖြစ်နိုင်ပါ။ သူတို့ချင်း ပြောတာပဲ ဖြစ်မှာပါ။ ထို့ကြောင့် ကျွန်တော် ကိုယ်ခန္ဓာကို ငုံ့ကိုင်းလိုက်၏။

'မျက်မှန်ကို ကောက်ဖို့ ဟခြားနည်းမရှိတော့ဘူးလား'

လက်ဖျန်အထိ အင်္ကျီလက်မှာ ရေစိုပြီးခါမှ ကျွန်တော် ဆတ်ခနဲ ပြန်ရုပ်မိသွားသည်။ သေချာသည်၊ ဒါကတော့ ကျွန်တော့်ကို ပြောတာပဲ။ ကျွန်တော် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ခပ်တည်တည် စူးရှသော မျက်ဝန်းညိုလဲ့လဲ့တစ်စုံကို မျက်နှာချင်းဆိုင်လိုက်ရ၏။ နန္ဒာ...။

ပြည့်တင်းသော နှုတ်ခမ်းစိုစိုဖောင်းဖောင်းကို ဖယ်ထားလိုက်ဦး။ ရှည်သွယ်သော နှာတံကောက်ကောက်လေးကို ဖယ်ထားလိုက်ဦး။ စူးရှသော မျက်ဝန်းညိုများကို မြင်ရရုံနှင့်ပင် ကျွန်တော် စိတ်လှုပ်ရှားသွားသည်။ အံ့သြမှု၊ ဝမ်းသာမှု၊ မခံချိမခံသာဖြစ်မှုတွေ ရောထွေးလျက် စိတ်လှုပ်ရှားသွားခြင်းကို ဆိုလိုပါသည်။ ကျွန်တော် သူမကြောင့် ရင်ခုန်သွားခြင်း မဟုတ်ပါ။ လုံးဝ မဟုတ်ပါ။





ကျွန်တော် ထိုင်ရာမှ ထရပ်လိုက်၏။ သူမကို မော့ကြည့်နေရမည့် အနေအထားကို မကြိုက်သောကြောင့် ဖြစ်ပါသည်။ ဒါတောင်မှ သူမ ရပ်နေသော ကျောက်ဆောင်က ပိုမြင့်သဖြင့် သူမက ကျွန်တော့်ထက် နည်းနည်းမြင့်နေသယောင်။

'တခြားနည်း ရှိရင် ပြောစမ်းပါဦး၊ ဘယ်လိုကောက်ရမလဲ'

ကျွန်တော် မပြုံးမရယ်ဘဲ ခပ်တည်တည်မေးလိုက်၏။ ဟုတ်တယ်လေ၊ သူကမှ မပြုံးတာ။ ကျွန်တော်ကရော ဘာလို့ပြုံးရမှာလဲ။

'သစ်ကိုင်းခြောက်တစ်ခုခုနဲ့ ကော်ယူပေါ့'

'သစ်ကိုင်းခြောက်က ဘယ်မှာလဲ'

'ရှာပေါ့'

ကျွန်တော် မျက်ခနဲ အောင့်သွားသည်။

'ဒါတော့ နင်ပြောမှလား'

'အေးလေ...ငါပြောမှ နင်သိတာပဲ မဟုတ်လား'

'တော်ပြီ'

ကျွန်တော် မျက်မှန်ကျနေရာသို့ ပြန်ငုံ့ကြည့်လိုက်၏။ လက်နဲ့ပဲ ကောက်တော့မည်။ ရေစိုတာများ ဘာကြောက်နေစရာ ရှိသေးလဲ။ သင်္ကြန်မှာဆို ရေခဲရေတွေနှင့် အမြဲလောင်းခံနေရတာ။

သည်တစ်ခါ ကျွန်တော် ရေထဲသို့ လက်နှစ်တော့ နန္ဒာ ဘာမှဆရာမလုပ်တော့ပါ။

ကျွန်တော့်ပခုံးထိအောင် ရေစိုသည်အထိ မျက်မှန်ကို ကျွန်တော် မမီပါ။ ကျွန်တော် အံ့သြသွား၏။ ကျွန်တော့်လက်တွေကပဲ ကျွန်တော် ထင်တာထက် ပိုပြီး တိုနေလို့လား။ ကျွန်တော့်မျက်မှန်ကပဲ ခန့်မှန်းထားသည့် ရေအနက်ထက် ပိုသောနေရာမှာ ရောက်နေလို့လား။ သို့မဟုတ် ရေပြင်ကပဲ ရုတ်ချင်းကြီး မြင့်တက်လာသလား။ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးရှေ့မှာ ပဲ ကျွန်တော် အောင့်သက်သက်တော့ ခံစားလိုက်ရသည်။

ကဲ... မထူးတော့ပါဘူး။ လက်ပါ မက ခြေထောက်ပါ ရေစိုမှ ရတော့မည်မှာ သေချာနေသည်။ ကျွန်တော်က ယောကျ်ားပဲ။ ကျွန်တော့်ကို ကောင်မလေး တစ်ယောက်က အကဲခတ် စောင့်ကြည့်နေသည်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကလည်း တခြားသူ မဟုတ်။ ကျွန်တော် ၁၈ နှစ်အရွယ်တုန်းက ပိုးပန်းခဲ့ပြီး မရခဲ့သော ကောင်မလေး။

ကျွန်တော် ရေထဲသို့ ခြေထောက်ကို ချလိုက်သည်။ ခြေဖျားကနေ ခြေချင်းဝတ်၊ အဲသည်ကနေ ခြေသလုံး၊ လိပ်တင်ထားသော ဘောင်းဘီအနားတွေ ရေစိုသွားသည်။ ရေက သူတို့ ပြောသလောက်လည်း မအေးပါဘူး။ ဒူးဆစ်ကျော် မြုပ်သွားမှပဲ ကျွန်တော့်ခြေဖျားက မျက်မှန်ရှိရာသို့ မိတော့သည်။ ကျောက်ဆောင်စွန်းမှာ ထိုင်လျက်ကပင် လက်တစ်ဖက်က ကျောက်သား မျက်နှာပြင် မညီမညာအထစ်များကို ထိန်းကိုင်လျက် ခြေညှိုးနှင့်ခြေမကို သုံးပြီး ကျွန်တော့်မျက်မှန်ကို ခြေထောက်ဖြင့် ကောက်ယူလိုက်သည်။

မျက်မှန်ကို ဘောင်းဘီပေါင်ပေါ်မှာ ရေသုတ်ပစ်လိုက်ပြီးနောက် အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်ပါသည်။

'ကဲ ... အခုတော့ လက်ရောခြေထောက်ရော ရေစိုသွားပြီ'

နန္ဒာက အစ်မကြီးလေသံဖြင့် အထက်စီးက ရေရွတ်ပါသည်။ ကျွန်တော် မသိချင်ယောင် ဆောင်လိုက်၏။ ကောင်မလေးတွေ ဆရာလုပ်တာကို ကျွန်တော် မကြိုက်ပါ။

'နေစမ်းပါဦး ... နင်က ဘယ်လိုဖြစ်ပြီး မြစ်ကြီးနားမှာ ရှိနေတာလဲ'

ကျွန်တော် ခပ်တည်တည်ကြည့်၍ မေးမိသည်။ ကျွန်တော် သူ့ကိုဘယ်တုန်းကမှ ရင်မခုန်ခဲ့ဖူးသလို မျက်နှာထားနှင့် ဖြစ်သည်။ သူမကလည်း ခပ်တည်တည်။ မျက်မှောင်အနည်းငယ်ပင် ကြုတ်လိုက်သေးပြီး ကျွန်တော့်ကို ပြန်ပြော၏ ။

'အဲဒါက ငါမေးရမယ့်စကားပါ၊ နင်က မြစ်ကြီးနားကို ဘာလာလုပ်တာလဲ'

'မြစ်ကြီးနားကိုလာတာ မဟုတ်ဘူး၊ မြစ်ကြီးနားက ငါ့ရဲ့ ထရန်ဇစ်ပဲ၊ ငါ တကယ်သွားမှာက ခါကာဘိုရာဇီကို'

မျှော်လင့်မထားပါဘဲ သူမ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပါသည်။ ရယ်လိုက်လျှင် သူမ အမြဲချစ်စရာကောင်းလေ့ရှိ၏။ လှောင်ရယ် ရယ်သည့်အခါမျိုးမှာတောင် နန္ဒာ တော်တော်ချစ်စရာကောင်းပါသည်။

'ခါကာဘိုရာဇီကို ... ဟုတ်လား၊ ရယ်ရတယ်၊ မနောက်ပါနဲ့ ဥက္ကာရယ် မိုးကြီးတွေ ဘာတွေ ပစ်ကုန်ပါဦးမယ်'





ကျွန်တော် ဒေါပွသွားသည်။ ဒီအောက ကောင်မလေးတွေကပါ နားဒွန်နားဖျား ကြားပြီး ရယ်ကြ၏ ။

'ဒါ နောက်စရာမှမဟုတ်ဘဲ၊ ငါ နင့်ကို ဘယ်တုန်းက နောက်ဖူးလို့လဲ'

ကျွန်တော် သူ့ရှေ့မှ လှည့်ထွက်လာခဲ့ပါသည်။ ကျွန်တော် သူ့ကိုကြိုက်ဖူးတာနင့်ပဲ ကျွန်တော့်ကို သူ လှောင်ပြောင်ခွင့် ရသွားပြီလား။ သူ့ကိုယ်သူ ဘယ်လောက်များ ဘဝင်မြင့်သွားခဲ့ပါလိမ့်။ ကျွန်တော့်ကိုက မှားခဲ့တာပါ၊ ဒီလောက် မာနတွေ တက်နေသည့် ကောင်မလေးကိုမှ သွားပိုးခဲ့မိတာကိုး။

လေက သုတ်ခနဲ တိုက်ခတ်လိုက်သောအခါ ကျွန်တော့်ညာဘက် တစ်ခြမ်းက စိမ့်အေးသွားသည်။ ဟိုတယ် အမြန်ပြန်ပြီး ရေနွေးနှင့် ရေချိုးပစ်မှ ဖြစ်မည်။

'ဥက္ကာ ...'

မြစ်ကမ်းပါးပေါ် တက်တော့မည့် ကျွန်တော့်ကို သူမ လှမ်းခေါ်သည်။ လှည့်ကြည့်ရမလား၊ စဉ်းစားတွေးတောချိန် မရသေးခင် ကျွန်တော် လှည့်ကြည့်မိသွား၏။ နန္ဒာ၏ဆံပင်ရှည်များ လေအဝှေ့တွင် တဖျတ်ဖျတ် လွင့်နေသည်။ နန္ဒာ မပြုံးပါ။

'နင့်ဖိနပ်တွေကို ထားခဲ့မလို့လား'

သေလိုက်စမ်းပါကွာ။ သူ့ရှေ့မှာမှ ကမောက်ကမတွေ ဖြစ်ရလေခြင်း။ ကျွန်တော် ဖိနပ်တွေဆီ ပြန်လာပြီး ကောက်ကိုင်လိုက်သည်။ အပေါ် ပြန်ရောက်မှပဲ ဖိနပ်စီးတော့မည်။

'ဘယ်ကို ပြန်ရမှာလဲ၊ ဘာနဲ့ ပြန်မှာလဲ၊ ငါလိုက်ပို့ပေးရမလား'

ကျွန်တော် သူမကို အံ့သြတကြီး ကြည့်မိ၏။ သူမ လက်ခနဲ ပြုံးလိုက်သည်။

'ငါက နယ်ခံ၊ နင်က ဧည့်သည်လေ၊ ငါတို့ဆီ ရောက်လာတဲ့ ဧည့်သည်ကို လိုအပ်တဲ့ အကူအညီပေးတယ်ဆိုတာ နယ်ရဲ့ထုံးစံပါ'

ကျွန်တော် နေရာမှာ မြဲမြဲရပ်နေမိ၏။

'နယ်ခံ ... ၊ နင်က ဒီမှာနေတာ ... ဟုတ်လား'

'ဟုတ်တယ်၊ ငါ့အဖေက ဒီကို မော်ကွန်းထိန်းအဖြစ် ပြောင်းလာရတာ တစ်နှစ်ကျော်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော…ဩော်'

သူမ၏ မျက်နှာမှာ စောစောက ရှိခဲ့သော လျှောင်ပြောင်ရယ်မောရိပ်များ မရှိတော့ပါ။ အိမ်ရှင်၏ နွေးထွေးသော ကြိုဆိုမှုကို ကျွန်တော်မြင်နေရသည် လား။ မသေချာပါ။ ကျွန်တော် စိတ်ကို လျှော့ချလိုက်၏။

'ပန်ဆွပ်မှာ တည်းတယ်၊ အငှားကားပါ ပါတယ်၊ အပေါ်မှာ ကားဆရာ ကျန်ခဲ့တယ်'

'အဆင်ပြေရဲ့လား၊ ဘာအကူအညီလိုသေးလဲ'

'အဆင်ပြေပါတယ်၊ စောစောကသာ နင်နဲ့တွေ့လိုက်ရင်တော့ ပိုအဆင် ပြေမှာပေါ့၊ ခုတော့ ပူတာအိုလေယာဉ်လက်မှတ်အတွက် ငါ ၆၀ ကုန်ခဲ့ပြီ'

နန္ဒာ့မျက်နှာမှာ အလေးအနက်ဖြစ်သွားသည်။

'ပူတာအို…၊ နင် ပူတာအို သွားမလို့…ဟုတ်လား'

'ငါ နင့်ကို ဘယ်တုန်းက နောက်ခဲ့ဖူးလို့လဲ၊ ဘယ်ကိစ္စနဲ့မှ မနောက်ခဲ့ ဖူးဘူးလေ'

ကျွန်တော် သူမကို ခပ်စိုက်စိုက်ကြည့်ပစ်လိုက်တော့ သူမ ဖျတ်ခနဲ မျက် နှာ လွှဲပစ်လိုက်၏။

'ငါ သိပါတယ်'

'ငါ ပူတာအိုထိတင် မကဘူး၊ ခါကာဘိုရာဇီတောင်ထိအောင် သွားမှာ နန္ဒာ'

'ဧည့်သည်တွေနဲ့လား'

နန္ဒာက ကျွန်တော် တန်းလန်းဆွဲကိုင်ထားသော ဝေါ့ကင်းရှူးဖိနပ်ဆီ မျက်လုံးလွှဲထားရင်း မေးသည်။ နန္ဒာ့မေးခွန်းကြောင့် ကျွန်တော် အနည်း ငယ် အံ့ဩကာ စိတ်လှုပ်ရှားသွားပါသည်။ ကျွန်တော် ဧည့်လမ်းညွှန်အလုပ် ဝင်လုပ်နေကြောင်း နန္ဒာ သိနေပါသလား။ ဒါဖြင့် နန္ဒာ ကျွန်တော့်အကြောင်း တွေကို စုံစမ်းနေခဲ့ပါသလား။

'ငါ တစ်ယောက်တည်း'

'မယုံနိုင်စရာပါလား၊ ဘယ်လိုဖြစ်တာလဲ'

ကျွန်တော် အနည်းငယ်ပြုံးမိသည်။





'ဟုတ်တယ်၊ ငါ့ဟာငါလဲ မယုံနိုင်သေးဘူး၊ ဒါပေမဲ့ ငါ အဲဒီကို ရောက် အောင် သွားမှ ဖြစ်မယ်'

နန္ဒာ အနည်းငယ်မျက်မှောင်တွန့်လျက် ကျွန်တော့်ကိုကြည့်လာသည်။

'အဲဒီမှာ ဘာရှိလို့လဲ'

'သစ်ခွတွေနဲ့ လိပ်ပြာတွေ ရှိတယ်လေ'

'ဘာပြောတယ်…၊ နင် ဘယ်တုန်းကမှ ပန်းတွေ လိပ်ပြာတွေနဲ့ မနီးစပ် ခဲ့ဖူးပါဘူး'

'ငါကလဲ နီးစပ်တယ်လို့ မပြောရသေးပါဘူး'

နန္ဒာ နှုတ်ခမ်းစူသွား၏။

'အကောင်းလဲ ကူညီမလို့ မေးရသေးတယ်၊ နေပေါ့၊ ပူတာအိုမှာလဲ သူ ငယ်ချင်း ရှိတယ်၊ နောင်မွန်းမှာလဲ သူငယ်ချင်းရှိတယ်'

ထိုစကားကြောင့် ကျွန်တော်စိတ်ဝင်စားသွားပါသည်။

'တကယ်လား'

'နင့်ကို ငါ ဘယ်တုန်းက နောက်ခဲ့ဖူးလို့လဲ'

ကျွန်တော့်စကားအတိုင်း သူမ ပြောလာခဲ့သည်။

'ဒါဖြင့်လဲ ကူညီစမ်းပါဟာ'

ထိုအခါ သူမ မျက်စောင်းသာသာဖြင့် ပြုံးလေသည်။

*

မိန်းမတွေကို ကျွန်တော် နားမလည်နိုင်သေးပါ။

နန္ဒာသည် ကျွန်တော့်ကို မြစ်ဆုံသို့ လိုက်ပို့မည်ဟု ကိုယ်တိုင်စ၍ ကမ်း လှမ်းခဲ့ပြီးနောက် နောက်နေ့နံနက်တွင် ကျွန်တော်တည်းခိုရာသို့ ရောက် လာပါ၏။ သို့သော် သူမအနီးတွင် အသက် ၃၀ ခန့် ယောကျ်ားတစ်ဦး ပါ လာခဲ့သည်။ ဟိုစဉ်တုန်းကလို နန္ဒာနှင့် တွေ့ဆုံဖို့ ရင်မခုန်တော့သည့်တိုင် အနည်းနှင့်အများတော့ ခရီးအတူသွားသည့် အတွေ့အကြုံကို မှန်းဆပြီး စိတ်လှုပ်ရှားနေခဲ့မိသော ကျွန်တော်သည် နန္ဒာနှင့်အတူ ဟိုတယ်ဧည့်ခန်း ထဲသို့ ဝင်လာသော ထိုပုဂ္ဂိုလ်ကြောင့် စိတ်ကသိကအောက်တော့ ဖြစ်သွား ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဥက္ကာ...အဆင်သင့်ပဲလား'

'အေး'

'ဒါဖြင့် သွားစို့'

ကျွန်တော်တို့၏ နံနက် တွေ့တွေ့ချင်း နှုတ်ဆက်စကားမှာ သည်မျှသာ ဖြစ်သည်။ နန္ဒာနှင့် ပါလာသော ပုဂ္ဂိုလ်ကမူ ကျွန်တော့်အတွက် ထည့်စဉ်းစားသေး၏။

'မနက်ခင်းဆိုတော့ အေးဦးမယ်၊ ခင်ဗျား အနွေးထည်ပါးပါးတစ်ထည် ယူခဲ့ပါလား'

'ကျွန်တော် မအေးပါဘူး'

'သူက အအေးကြိုက်တယ် ကိုမြတ်၊ ညနေကတောင် မြစ်ထဲ ဆင်းသေးတယ်'

'ဪ...ဪ'

ဘယ်လိုမိန်းမလည်း မသိ။ ပါလာသူနှင့်လည်း မိတ်ဆက်မပေး။ ကားဆီ ရောက်မှ ကားနောက်ခန်းမှာ ကောင်မလေးတစ်ယောက် ထိုင်နေသေးကြောင်း မြင်လိုက်ရသည်။ နန္ဒာ့ညီမ ဖြစ်လိမ့်မည်။ ကျွန်တော့်ကို ရှေ့ခန်းမှာ ထိုင်နိုင်း၏။ ထိုပုဂ္ဂိုလ်က ကားမောင်းပါသည်။ ရှေ့ခန်းမှာ ထိုင်မိတော့မှ ထိုပုဂ္ဂိုလ်သည် စစ်တပ်ကလူ ဖြစ်မည်ဟု တွေးမိသွား၏။

'ကျွန်တော့်နာမည် ဥက္ကာပါ၊ ဗိုလ်ကြီးက ဒီမြို့ဇာတိပဲလားဗျ'

ဘယ်သူကမှ စကား စ,မပြောသေးခင် ကျွန်တော် စ၍ပြောလိုက်ပါသည်။ ထိုပုဂ္ဂိုလ်က သူ့ကို စစ်ဗိုလ်ဟု ကျွန်တော်သိနေသည့်အဖြစ်ကို အံ့သြပုံ မရပါ။ ကျွန်တော့်ကို အပြုံးဖြင့် လှည့်ကြည့်ပြီး ဖြေပါသည်။

'မဟုတ်ဘူးဗျ၊ ကျွန်တော်က ဗန်းမော်ဇာတိ'

မေးသည့် မေးခွန်းပဲ ဖြေပြီး တခြားချဲ့ခံစကားဟူ၍ တစ်ခွန်းမျှ မပြောပေ။ တကယ်ဆို မြို့ခံတစ်ယောက်က ဧည့်သည်တစ်ယောက်ကို လောကဝတ် နှုတ်ဆက်စကားပြောရန် သဘာဝအကျဆုံး မေးခွန်းတစ်ခု ရှိနေတာပဲ။ ဒီမြို့ကို အရင်က ရောက်ဖူးလား၊ ဒါ ပထမဆုံးအကြိမ်လား... ဟူသော မေးခွန်း။ သူတို့က မမေးသောအခါ ကျွန်တော်ကပဲ စပြီး ဖြေလိုက်ရတော့မှာပေါ့။





'ကျွန်တော်က ရန်ကုန်ဇာတိဗျ၊ ကျွန်တော် မြစ်ကြီးနားကို အခုမှ ပထမဆုံးအကြိမ် ရောက်ဖူးတာပဲ'

ဗိုလ်ကြီး ခေါင်းညိတ်၏။

နောက်ထပ် ဆက်မေးရမည့် အိမ်ရှင်မေးခွန်းမှာ ဒီမြို့ကို ဘယ်လို မြင်သလဲ ဟူသောမေးခွန်း ဖြစ်၏။ နည်းနည်းနိုင်ငံခြားဆန်လျှင်တော့ ဒီမြို့ကို သဘောကျရဲ့လားဟု မေးမှာပဲ။

သို့သော် ဗိုလ်ကြီး မေးလာသည်က ကျွန်တော် မျှော်လင့်မထားသော မေးခွန်း ဖြစ်နေသည်။

'ခါကာဘိုရာဇီသွားဖို့ လိုအပ်တဲ့ပစ္စည်းတွေ အကုန်ပါပြီလား'

'အာ... ပါပါတယ်၊ ကျွန်တော် စာရင်းနဲ့ တိုက်ကြည့်ပြီး သယ်လာခဲ့တာပဲ'

'လိုအပ်တာတွေ အကုန်ပါရဲ့လားလို့ စစ်ပေးလိုက်ပါ ကိုမြတ်ရယ်'

နောက်ဘက်မှ နန္ဒာက ဝင်ပြောလိုက်တော့ ကျွန်တော် စိတ်တိုသွား၏။

'မလိုပါဘူး၊ ခြေလျင်နဲ့ တောင်တက်အသင်းက အနက်ကယ်ဦးထွန်းမြင့် ဆားလိုက်တဲ့ စာရင်းအတိုင်း သယ်လာတာပဲ'

ကျွန်တော့်အသံ နည်းနည်းပြတ်တောက်သွားမလား မသိပါ။

'ဗိုလ်ကြီးရဲမြတ်က ခါကာဘိုရာဇီကနေ နှစ်ခေါက်တောင် ပြန်ခဲ့ဖူးတာ ဥက္ကာရဲ့၊ ဒါကြောင့် နင်သိချင်တာတွေ မေးရအောင် ငါ အကူအညီတောင်းလို့ လိုက်လာတာ'

သွားစမ်းပါ။ နှစ်ခေါက်မကလို့ သုံးခေါက်ပြန်လိုက်ဦး၊ သူ့လူကို ကျွန်တော် ဆရာမတင်နိုင်။

'တောင်ထိပ်ထိ ရောက်ခဲ့လားဗျ'

သည်လူ တောင်ထိပ်သို့ မရောက်ခဲ့ဘူးဟု ကျွန်တော် လောင်းရဲသည်။ ၁၉၉၆ ခုနှစ်တုန်းက ဂျပန်တောင်တက်သမား အိုဇာကီနှင့်အတူ တောင်ထိပ် ရောက်ခဲ့သူမှာ နမားဂျွန်ဆင်ဟူသော ပုဂ္ဂိုလ်ဖြစ်သည်။ ဗိုလ်ကြီး ရဲမြတ် မဟုတ်။ သည့်နောက်လည်း ဘယ်သူမှ တောင်ထိပ်ရောက်သည်ဟု မကြားမိသေးပါ။

'မရောက်ခဲ့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခန့်မှန်းတာ မှန်သွားသည်။

'ကျွန်တော်တို့အလုပ်က တောင်ထိပ်ထိ တက်ဖို့မဟုတ်ဘူးဗျ၊ တောင်ထိပ် တက်ဖို့က တောင်တက်သမားတွေရဲ့ အလုပ်ပါ'

'ဒါဖြင့် ဗိုလ်ကြီးတို့အလုပ်က ဘာလဲ'

ကျွန်တော် ပွင့်ပွင့်လင်းလင်း မေးမိသည်။

'ကျွန်တော်တို့အလုပ်က တောင်တက်အသင်းအတွက် လမ်းခရီးမှာ နယ်မြေအေးချမ်းလုံခြုံမှု ပေးဖို့၊ အခက်အခဲ တစ်ခုခုရှိရင် ဆက်သွယ်ရေး ရေဒီယိုနဲ့ လှမ်းအကြောင်းကြားပေးဖို့၊ လိုအပ်တဲ့ အကူအညီပေးဖို့ပါ'

ဗိုလ်ကြီးက ပြေပြေပြစ်ပြစ် ရှင်းပြသည်။ ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။

'ကိုဥက္ကာရဲ့ အလုပ်ကရော ဘာလဲ'

'ကျွန်တော်က ဧည့်လမ်းညွှန်လေ'

ကျွန်တော့် ဝေလည်ကြောင်ပတ်အဖြေကြောင့် သူ မရယ်မောပါ။

'မဟုတ်ဘူး၊ ခါကာဘိုရာဇီမှာ ကိုဥက္ကာရဲ့ အလုပ်က ဘာလဲ'

'ကျွန်တော့်အလုပ်က အရိပ်တစ်ခုကို လိုက်ဖမ်းဖို့ ဆိုပါတော့ဗျာ'

ဗိုလ်ကြီး မျက်နှာ ပို၍ တည်သွား၏။

'ကျွန်တော် နားမလည်ဘူး'

'ကျွန်တော် သိပါတယ်၊ ကျွန်တော် ဗိုလ်ကြီးနားလည်မယ့် အဖြေကို စကားတစ်ခွန်းတည်းနဲ့ ပေးလို့မရလို့ပါ'

'ကျွန်တော်တို့ ၂၈ မိုင်တောင် အချိန်ရတာပဲလေ'

မှန်ပါသည်။ သူ့အလှည့်တုန်းက သူ ဖြေခဲ့ပြီးပြီ။ ကျွန်တော်လည်း အမှန်အတိုင်း ဖြေမှ တရားမျှတမည်။

'ကိုမြတ်...နန္ဒာတို့ ရှမ်းခေါက်ဆွဲဆိုင်ကို အရင်သွားမှာလေ'

'ဩော်...အေး အေး'

ကျွန်တော်ဟိုတယ်မှ နံနက်စာ စားခဲ့ပြီးပြီဖြစ်သော်လည်း ရှမ်းခေါက်ဆွဲ အလွန်ကောင်းလှသည်ဟု နန္ဒာ ညွှန်းသဖြင့် ဆန်ပြားကြက်ပေါင်း တစ်ပွဲ စားလိုက်ပါသည်။ နန္ဒာညွှန်းတာ မလွန်ပါ။ တကယ်အရသာရှိလေသည်။ ဆိုင်ရောက်မှ သေသေချာချာ မြင်ခွင့်ရသော နန္ဒာ့ဘေးက ကောင်မလေး





ကို ကျွန်တော် အကဲခတ်ကြည့်မိသည်။ နန္ဒာ့ညီမလေး ဖြစ်မှာ သေချာသည်။ ရုပ်ရည်က တော်တော်ဆင်သည်။ သို့သော် နန္ဒာ့လောက် မလှဟု ထင်သည်။

'နန္ဒာ့ ညီမလေးလား'

'အေး...မင်းနီ တဲ့၊ မင်းနီ...မေးမယ်ဆို၊ မေးလေ'

ကောင်မလေးက ခေါင်းမဖော်ဘဲ ရှမ်းခေါက်ဆွဲပဲ ငုံ့စားနေသည်။

'ငါ့ညီမက တိုးရစ်စ်ဂိုက်ဒ် လုပ်ချင်လို့တဲ့ ဥက္ကာရေ၊ အဲဒါ နည်းနည်းပါးပါး လက်ချာပေးလိုက်ပါဦး'

နန္ဒာသည် အရင်ကအတိုင်းပဲ။ ဘာမှ မပြောင်းလဲသေးပါ။ တစ်ယောက်ယောက်ကို အမြဲ ဆရာလုပ်ရမှ ကျေနပ်သည်။ ကိုယ်တိုင်က ဆရာလုပ်ဖို့ အရည်အချင်းမရှိလျှင် ရှိသူအား ဆရာလုပ်စေသည်။ ယခုလည်း နန္ဒာ့မှာ ဆိုရည်ရွှယ်ချက်ကြီး ရှိနေသည်။ ဗိုလ်ကြီးရဲမြတ်က ကျွန်တော့်အား ခါကာဘိုရာဇီ ခရီးစဉ်အတွက် ဆရာလုပ်၊ ကျွန်တော်က မင်းနီ့အား ဧည့်လမ်းညွှန်တစ်ယောက်၏ ဘဝအကြောင်း ဆရာလုပ်။

'မင်းနီက တိုးရ်ဂိုက်ဒ် ဘာလို့လုပ်ချင်တာလဲ'

ကျွန်တော် ကောင်မလေးကို မေးတော့ကောင်မလေးက ခစ်ခနဲ တစ်ချက် ရယ်ပါသည်။

'မင်းနီက ခရီးထွက်ရတာ ပျော်တယ်၊ ဖေဖေက မမမပါဘဲ မင်းနီ ဘယ်မှ သွားရဘူးလို့ အမိန့်ချထားတယ်လေ'

ကောင်မလေးက ပြည့်စုံသော အဖြေတစ်ခုခု ပေးပြီးသလိုပင် မုန့်ကို ဆက်စားနေ၏။ ဆိုင်ထဲမှာ လူတွေစည်ကားလှသည်။ စားပွဲတွေအားလုံး ပြည့်၊ တချို့က နေရာမရသေး၍ စောင့်နေချိန်မှာ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောနေဖို့ မသင့်တော်ပါ။

'မြစ်ဆုံသွားတဲ့လမ်းမှာ မင်းနီသိချင်တာတွေ မေးလေ၊ ဂိုက်ဒ်အလုပ်ရဲ့ ကောင်းတာတွေရော၊ ဆိုးတာတွေရော ကျွန်တော် ပြောပြပါ့မယ်'

'ကိုဥက္ကာကို မနေ့ကတည်းက မင်းနီ မြင်ဖူးပါတယ်'

'နင်က ငါတို့နဲ့ ကရိန်နော်ကို မလိုက်ဘဲနဲ့ ဘယ်တုန်းက မြင်ဖူးလိုက်ပြန်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်နီ ဈေးရှေ့တိုက်တန်းမှာ လွယ်အိတ်သွားဝယ်တုန်းက မြင်ဖူးတာ၊ အဲဒီတုန်းက ကိုဥက္ကာက မြနန္ဒာထဲ ဝင်သွားတာ'

အဲဒါမှ ဗွပဲ။ ကျွန်တော် မြနန္ဒာဆိုင်ကို ရွေးလိုက်မိတာ တော်တော်မှားခဲ့ပါလား။ အခုမှတော့ ကျွန်တော် ပြန်ပြင်လို့မရတော့ပါ။

'မြနန္ဒာ... ဟုတ်လား၊ အဲဒီဆိုင်က ညှော်သည်တစ်ယောက်ကို နည်းနည်းမှ ဆွဲ ဆောင်နိုင်တဲ့ဆိုင် မဟုတ်ဘူး'

'ဆာနေပြီလေဟာ၊ ဆွဲဆောင်တာတွေ မဆွဲဆောင်တာတွေ ငါ မသိတော့ဘူး၊ မျက်စိရှေ့ တွေ့ရာ ဆိုင်ထဲ ဝင်လိုက်တာပဲ'

နန္ဒာ ကျွန်တော့်ကို မခိုးမခန့်ကြည့်ပြီး ပြုံးလာပါသည်။ သူမ မယုံဘူး။ ကျွန်တော် ရိပ်မိသည်။

'မြနန္ဒာရဲ့ဘေးမှာ သန့်ရှင်းပြီး ပိုခမ်းနားတဲ့ အိုအေစစ်ရှိတယ်'

သူမ၏ စကားတွင် စွပ်စွဲမှုပါနေသလိုလို။ မဖြစ်ဘူး၊ ကျွန်တော်မြန်မြန်ရုန်းထွက်မှဖြစ်မည်။

'နန္ဒာ...အတိတ်ကာလကို အတိတ်မှာပဲ ထားနော်၊ ပြန်အစဖော်တာတွေ ဘာတွေ လာမလုပ်နဲ့'

'ဟာဟ...ဘယ်သူက ပြန်ဖော်နေလို့လဲ'

'ဒီမယ် နန္ဒာ၊ ငါက အသက် ၁၈ နှစ်အရွယ် မအူမလည်ကောင်လေး မဟုတ်တော့ဘူး၊ နင် ပြုံးတာ ဘာကြောင့်လဲ ငါသိတယ်၊ ကိုယ့်ကိုယ်ကို သိပ်ထင်မနေနဲ့၊ ဒါပဲ ငါပြောမယ်'

ခပ်ပြုံးပြုံးကြိမ်းမောင်းပစ်ရသည်။ နန္ဒာ အခုမှပဲ ခွက်ထိုးခွက်လန် ရယ်လေသည်။ ရယ်ရုံပဲ ရယ်ပြီး ဘာမှထပ်မဖြေရှင်းတော့ပါ။

မြစ်ဆုံသို့ သွားရန် ရှမ်းခေါက်ဆွဲဆိုင်မှ ပြန်အထွက်မှာတော့ နန္ဒာက ရှေ့ခန်းမှာ ဝင်ထိုင်ပြီး ကျွန်တော့်ကို နောက်ခန်းသို့ ပို့ပါသည်။

'အဲဒီမှာ အင်တာဗျူးလုပ်ကြပေတော့'ဟုလည်း ပြောသေးသည်။ ကျွန်တော် ထောင်းခနဲ ဒေါပွသွား၏။ သူ့လူနှင့် သူ နှစ်ယောက်အတူထိုင်ချင်သည့်ကိစ္စမှာ ကျွန်တော်နှင့် မင်နီအား နယ်ရုပ်လေးတွေလို ရွှေ့နေခြင်း... ဟု ခံစားလိုက်ရသောကြောင့် ဖြစ်သည်။ သုံးလေးနှစ်ကြာ ကွဲကွာနေခဲ့ပြီး





နောက် ပထမဆုံးအကြိမ် ပြန်ဆုံတွေ့ကြသော သူငယ်ချင်းဟောင်း ဖြစ်နေသောကြောင့် ကျွန်တော် စိတ်ကို လျှော့ချလိုက်ရပါသည်။

'ဂိုက်ဒ်ဘဝအကြောင်း မပြောခင်မှာ စောစောက စကားပြတ်သွားတဲ့ ဗိုလ်ကြီးရဲ့ မေးခွန်းကို ကျွန်တော် အရင်ဖြေလိုက်ဦးမယ်၊ ခါကာဘိုရာဇီ ခရီးစဉ်မှာ ကျွန်တော့်အလုပ်က ဘာလဲ ဆိုတာလေ'

ဗိုလ်ကြီးရဲ့မြတ်က ခေါင်းညိတ်၏။

ကျွန်တော့် ညှော်လမ်းညွှန် အသိုင်းအဝိုင်းမှ လုပ်ဖော်ကိုင်ဖက်များကို ပြောဖြစ်ခဲ့သည့် အကြောင်းအရာတချို့ကို ယခုမှ တွေ့ရသော လူ တစ်ယောက်ကို ဘာကြောင့် ဖွင့်ပြောမိမှာလဲ ကျွန်တော်မသိပါ။ ကျွန်တော်တို့ နှစ်ယောက်အကြားတွင် တူညီသောအရာတစ်ခု ရှိသည်ဟု ခံစားရလို့ ဖြစ်နိုင်ပါသည်။

'လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ကျွန်တော့်ဖေဖေ ခါကာဘိုရာဇီတောင်ကို ခရီးထွက်သွားခဲ့တယ်၊ အဲဒီတောင်ဝန်းကျင်တစ်ဝိုက်က လိပ်ပြာမျိုးရင်းတွေကို သုတေသနလုပ်ဖို့ မှတ်တမ်းတင်ဖို့...တဲ့၊ ဒါပေမဲ့ ဖေဖေ ဘယ်တော့မှ ပြန်မလာခဲ့တော့ပါဘူး၊ ဖေဖေ တောင်အောက်ကို လိမ့်ကျသွားခဲ့တယ်လို့ သူ့လမ်းပြက ပြောတယ်၊ အတူပါသွားတဲ့ အဖွဲ့သားတွေ ဘယ်သူမှ ဘာမှ မမြင်လိုက်ကြဘူး၊ အခု တစ်မိနစ်မှာ ဖေဖေရှိတယ်၊ နောက်တစ်မိနစ်မှာ ဖေဖေ ပျောက်ကွယ်သွားတယ်၊ ဖေဖေသေပြီလို့ပဲ လက်ခံကြရတယ်'

သုံးယောက်လုံး တစ်ခဏငြိမ်သက်သွား၏။ ဗိုလ်ကြီးရဲ့မြတ်က ကားကို လမ်းကောင်းသည့်နေရာမှ ရွေးချယ်မောင်းနေရင်း ကျွန်တော့်ကို မေးခွန်း တစ်ခု မေးသည်။

'ခင်ဗျားကရော အဲဒီလို လက်ခံသလား'

'အခု ကျွန်တော်ဒီကိုလာတာက တစ်ခုခုကို လက်ခံနိုင်ဖို့ လာတာပါ၊ ဖေဖေ သေခဲ့ပြီလား၊ ဒါမှမဟုတ် ဖေဖေ ကျွန်တော်တို့ဆီကို ဘယ်တော့မှ ပြန်မလာချင်တော့ဘူးလား၊ အဲဒီနှစ်ခုမှာ တစ်ခုကိုတော့ ကျွန်တော် လက်ခံရမှာပဲ။ ကျွန်တော့်အတွက် တစ်ခုစီဟာ ထပ်တူထပ်မျှ နာကျင်စေမှာပါပဲ၊ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့...'

သူ ကျွန်တော့်ကို နောက်ကြည့်မှန်မှတစ်ဆင့် အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ကျွန်တော် အမှန်တရားအတွက် ခံနိုင်ရည်ရှိပြီလို့ ထင်တယ်'

'ကျွန်တော် အဲဒီအကြောင်းကို သတင်းသိုးသိုးသန့်သန့်တော့ ကြားလိုက်ရဖူးပါတယ်၊ ဒီအဖြစ်ဟာ ခင်ဗျားအတွက် ဘယ်လောက်ဆိုးရွားလိုက်မလဲ ဆိုတာ ကျွန်တော် နားလည်ကြည့်နိုင်ပါတယ်၊ ခင်ဗျားကို ကျွန်တော် စိတ်ပျက်သွားအောင် မလုပ်ချင်ပါဘူး၊ ဒါပေမဲ့ ခင်ဗျား ထည့်စဉ်းစားရမှာ တစ်ချက် ရှိသေးတယ်'

သူသည် စကားလုံးရွေးချယ်နေသလိုပင် ခဏငြိမ်သက်နေပြီးမှ ဆက်ပြောသည်။

'ခင်ဗျားပြောတဲ့ နှစ်ခုလုံးကို အဖြူ အမည်း မသိရဘဲ နဂိုအတိုင်းပဲ ခင်ဗျား ပြန်လာရမယ့် အနေအထားကိုလဲ ထည့်တွက်ဦး'

ကျွန်တော် သူ့ကို စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။

'အမှန်ကို တစ်ထစ်ချ သိရလိမ့်မယ်လို့ မျှော်လင့်မထားနဲ့ဗျ၊ မျှော်လင့်ပြီးမှ ဘာမှမရရင် ဒီ့ထက်ပိုပြီး ခင်ဗျား ခံရမယ်၊ ခင်ဗျား မသိသေးတာ တစ်ခုက နှင်းတောင်တွေဟာ ခန့်မှန်းရခက်တယ်၊ အဲဒီမှာ ရွေ့နေတဲ့ ရေခဲမြစ်တွေ ရှိတယ်၊ ရေခဲ ပပ်ကြားအက်တွေ ရှိတယ်၊ ရွေ့နေတဲ့ ရေခဲပြင်တွေ ရှိတယ်၊ လူတစ်ယောက်ဟာ ရေခဲတောင်ပေါ် ခရီးမှာ ဘာမဆို ဖြစ်နိုင်တယ်၊ လူတစ်ယောက်ကို ရေခဲတောင်က နှစ်ပေါင်း ရာနဲ့ချီပြီး မြှုပ်ထားပေးနိုင်တယ်'

'ကျွန်တော် သိပါတယ်'

ကျွန်တော့်အသံမှာ ခွန်အားမပါသလို ခံစားရသည်။

'ကိုမြတ်...'

နန္ဒာသည် ကြာရှည်စွာ ငြိမ်၍နားထောင်နေရာမှ စကားဝိုင်းထဲသို့ ဝင်လာသည်။

'သူ...တစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား ကိုမြတ်'

'သူတစ်ယောက်တည်း သွားလို့မရပါဘူး၊ အစားအသောက် အဝတ်အစား အသုံးအဆောင်၊ အရေးပေါ် ပစ္စည်းတွေ သယ်ပေးမယ့် အထမ်းသမားတွေ လိုတယ်၊ လမ်းကို အသေအချာ ပြပေးမယ့် လမ်းပြလိုတယ်၊ ခင်ဗျား ဒါတွေအကုန် စီစဉ်ပြီးသားလား'





'အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော့်မှာ နယ်ခံအသိတစ်ယောက်မှမပါပါဘူး၊ မိတ်ဆက်စာတွေတော့ ပါပါတယ်၊ အခု နန္ဒာကလဲ မိတ်ဆက်စာ နှစ်စောင် ထပ်ဖြည့်ပေးဦးမှာလေ'

သူ စိတ်မသက်သာဟန်ဖြင့် ပြုံး၏။

'ခင်ဗျား တော်တော်စိတ်ကူးယဉ်တာပဲ'

'အစ်ကို မသိလို့ပါ၊ ကျွန်တော့်မှာ အကောင်းဆုံးအဖော်တစ်ယောက် ပါတယ်'

ကျွန်တော် မာန်တင်း၍ ပြုံးရင်းပြောလိုက်သည်။

'ဘယ်သူလဲ'

နန္ဒာက မျက်မှောင်ချီလျက် မေးလာသည်။ ကျွန်တော် နန္ဒာ့ကိုရော သူ့ကိုရော တစ်ခါတည်း ဖြေလိုက်ပါသည်။

'ကျွန်တော့်အဖေရဲ့ ခါကာဘိုရာဇီခရီး နေ့စဉ်မှတ်တမ်းစာအုပ်လေ'

ဗိုလ်ကြီးရဲမြတ် ကျွန်တော့်ကို နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်ရင်း ခေါင်းခါယမ်းနေသည်။

သည်ကမ္ဘာလောကတွင် ကျွန်တော့်ဖေဖေကို ကျွန်တော် ယုံကြည်စိတ်ချရဆုံး၊ အားအကိုးဆုံး ဆိုတာတော့ သူတို့ကို ပြောပြဖို့မလိုဘူးဟု ထင်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ၁၃၄၂ ပေ

*၂၀၀၂ ဧပြီ ၂၄ ရက်၊ ည ၁၀:၀၀ နာရီ၊ Fort Hertz ပူတာအိုမြို့။*

*ကျွန်တော် ဖို့တ် ဟတ်တ်ဇ်မှာ ရောက်နေပြီ ဖေဖေ။*

*အခု ကျွန်တော်ထိုင်နေတဲ့ သစ်သားခုတင်အကြမ်းစားလေးဟာ လွန်ခဲ့တဲ့ ခြောက်နှစ်က ဖေဖေတစ်ညအိပ်သွားတဲ့ ခုတင်လေး ဖြစ်နေမလား။*

*ကျွန်တော့်အတွက် အခန်းပြင်ပေးတဲ့ ရဲသားကြီးကို ဖေဖေ့အဖြစ်အပျက် ကြားဖူးသလားလို့ မေးကြည့်တော့ သူ မသိဘူး၊ သူ ဒီကို ပြောင်းလာတာ သုံးနှစ်ပဲ ရှိသေးတယ်တဲ့။ ဒါကြောင့် ဖေဖေ ညအိပ်သွားတဲ့ အခန်းမှာ အတိအကျ ကျွန်တော် ညအိပ်ဖို့ဆိုတဲ့ စိတ်ကူးတစ်ခုတော့ ပျက်ပြယ်သွားခဲ့ပြီပေါ့။*

*ဒါပေမဲ့ ဖေဖေသွားခဲ့တဲ့ မူလာရှီးဒီကြီးတံတားနဲ့ မူလာရှီးဒီရွာကို ကျွန်တော် သွားခဲ့ပါတယ် ဖေဖေ၊ ကောင်ကထောင်ရပ်ကွက်က စေတနာ့ဝန်ထမ်း ကက်သိုလစ် စာသင်ကျောင်းလေးနဲ့ ဂေဟာကိုလည်း ကျွန်တော် ရောက်ခဲ့ပါတယ်။*

*ဒါပေမဲ့ ကျွန်တော့်ဘေးမှာ ဖေဖေရှိမနေသလိုဘဲ။ ဖေဖေ ကျွန်တော်နဲ့ အဝေးကြီးမှာ ရောက်နေသလိုပဲ ကျွန်တော်ခံစားရတယ်။ ဖေဖေ ဒီမှာမရှိပါဘူး၊ ကျွန်တော်သိပါတယ်ဖေဖေ။ ဖေဖေ့ခြေရာကို ထပ်တူထပ်မျှ လိုက်နင်းတဲ့အခါ ရှေ့ဆက်ရမယ့် ခရီးအတွက် ဖေဖေ့ဆီက ခွန်အားတွေ ကျွန်တော် ရလာမယ်လို့တော့ ကျွန်တော်ယုံတယ်။*





*ဖေဖေ့ကို တွေ့ရဖို့ ၂၁၈ မိုင် ပိုနီးလာခဲ့ပြီ။*

ဤမှတ်တမ်းသည် ကျွန်တော့်ခရီးတွင် ဖယောင်းတိုင်မီးဖြင့် ရေးရသော ပထမဆုံး စာမျက်နှာ ဖြစ်၏။

ပူတာအိုတွင် ညနေ ၆:၀၀ နာရီမှ ည ၉:၀၀ နာရီထိ လျှပ်စစ်မီး ရသည်။ သို့သော် ထိုအချိန်က ကျွန်တော်သည် စားသောက်ဆိုင်မှာ နန္ဒာသူငယ်ချင်း အချင်မလေး သောက်ရာတို့ မောင်နှမနှင့်အတူ ညစာစားနေခဲ့ပါသည်။ ထို့ကြောင့် တည်းခိုဆောင် ဖို့တ် ဟတ်တ်ဇ်သို့ ရောက်သည့်အခါ လျှပ်စစ်မီး ပြတ်သွားခဲ့ပြီ။ ထို့ကြောင့် ကျွန်တော် ဖယောင်းတိုင်မီးကိုသာ အားကိုးရပါသည်။

Fort Hertz တွင် ကျွန်တော် တည်းခိုခွင့်ရဖို့ သောက်ရာက ကူညီ စီစဉ်ပေးပါသည်။

သောက်ရာသည် ပူတာအိုခရိုင် တရားရုံးတွင် တာဝန်ကျနေသော ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ပူတာအိုသို့ ရောက်နေသည်မှာ သုံးနှစ်ရှိပြီ။ ဝန်ထမ်းချင်းချင်း မိသားစု မောင်နှမပမာ ရင်းနှီးခင်မင်ကြသော ဤတောင်ပေါ် မြေပြန့်မြို့ကလေးတွင် သောက်ရာမသိသူ တော်တော်ရှားပါလိမ့်မည်။

ပထမတော့ သောက်ရာသည် ကျွန်တော် Fort Hertz မှာ တည်းခိုမည့်အရေးအတွက် နားမလည်နိုင်ခဲ့ပါ။ ပူတာအိုတွင် ပုဂ္ဂလိက တည်းခိုခန်း ရှိပြီး သပ်ရပ်သန့်ပြန့်သည်လည်း ဖြစ်သဖြင့် ထိုတည်းခိုခန်းမှာ တည်းဖို့ ကျွန်တော့်အား အကြံပေးသည်။ သို့သော် ကျွန်တော် ဖေဖေ့အရိပ်ကို လိုက်ရကြောင်း အရိပ်အမြွက် သိသွားသောအခါ သောက်ရာသာမျှမပြောတော့ဘဲ ကျွန်တော်ဖြစ်ချင်သည့်အတိုင်း စီစဉ်ပေးခဲ့ပါသည်။

Fort Hertz တွင် ကျွန်တော် လိုသမျှမှာ ခုတင်တစ်လုံးသာ ဖြစ်သည်။ ကျွန်တော့်မှာ လေမွေ့ရာ၊ လေခေါင်းအုံး၊ စောင်နှင့် ဂွမ်းကပ်များ ပါလာခဲ့သည်။

ညမအိပ်မီ ကျွန်တော် ရေချိုးရ၏။ ရေခဲတောင်တွေနှင့် နီးသည်ဆိုသော်လည်း ပူတာအိုမြို့သည် ဧပြီလကုန်ရက်မို့ တော်တော်ပူအိုက်ပါသည်။ ရေချိုးခန်းတွင် ပီပါဖြင့် ရေအပြည့်ဖြည့်ထားပြီး ဖြစ်သည်။ ခပ်ချိုးစရာ ခွက်



www.burmeseclassic.com

www.burmeseclassic.com



ခွက်လည်း ရှိ၏။ ဆပ်ပြာခွက်နှင့် ဆပ်ပြာလည်း ရှိ၏။ အစစ အရာရာ အဆင်သင့် ပြင်ဆင်ပေးထားပြီး ဖြစ်သည်။

ကျွန်တော် ရေချိုးပြီးသောအခါ ည ၁၁ နာရီခွဲတော့မည်။

ခုတင်ပေါ်မှာ အသာလှဲအိပ်ရင်း ကျွန်တော် ရှေ့ခရီးအတွက် ရင်ခုန်နေမိသဖြင့် တော်တော်နှင့် အိပ်မပျော်ပါ။ ကျွန်တော့်ခြင်ထောင်၏ အမိုးကို ကျွန်တော် ငေးစိုက်ကြည့်နေမိသည်မှာ အကြာကြီး။ ဘေးက စားပွဲပေါ်မှာ ထွန်းထားသည့် ဖယောင်းတိုင်မီး၏ မှုန်ဝါးဝါးအလင်းရောင်သည် တစ်ချက် တစ်ချက် လှုပ်နေ၏။ အလင်းရောင်က လှုပ်သောအခါ ခြင်ထောင် အမိုးပေါ်မှ ဇာအရိပ်သည်လည်း လိုက်လှုပ်နေသည်။ ဇာအရိပ်၏ လှုပ်လွန့်မှုကို ကြည့်ရင်း ဖေဖေ့ဘူးခွံပြားပြားလေးထဲက ဆီစိမ်စက္ကူအိတ်ကလေးတွေထဲမှာ ငြိမ်သက်နေသော လိပ်ပြာလေးများကို သတိရသွားမိ၏။

ဖေဖေဟာ လိပ်ပြာတွေကြောင့် ခါကာဘိုရာဇီကို ရောက်ခဲ့ခြင်း ဖြစ်သည်။

ဤအချက်သည် ကျွန်တော့်အတွက် အိပ်မက်တစ်ခုလို ဖြစ်နေ၏။

ကျွန်တော် စားပွဲဆီသို့ စောင်းလှည့်ကြည့်လိုက်သည်။ စားပွဲပေါ်မှာ ကျွန်တော် တင်ထားသော ဓာတ်ပုံထောက်တိုင်ကလေးပေါ်မှ ဖေဖေသည် ကျွန်တော့်အား စူးစူးစိုက်စိုက် ကြည့်နေ၏။

အရာရာကို စေ့စပ်သေချာစွာ လေ့လာထားသော ဖေဖေသည် ပူတာအိုမြို့၏ ပတ်ဝန်းကျင်က တောင်တွေနှင့် မြစ်ချောင်းတွေကို နာမည်နှင့်တကွ မှတ်ထားခဲ့၏။ ကျွန်တော်ကတော့ ပူတာအိုမြို့ကို အရပ်လေးမျက်နှာပင် ခွဲခြားမသိပါ။

ညနေက ဤရဲစခန်းဝင်းအတွင်းက ဘုရားစေတီလေးဆီသို့ ကျွန်တော် သွားပြီး ကန်တော့ခဲ့သည်။ ကျွန်တော် မတ်တတ်ရပ်လိုက်သည့်အခါ မျက်စိတည့်တည့်မှာ တောင်တန်းတစ်ခုကို မှုန်ပျပျမြင်ရ၏။ ထိုအချိန်က ရာသီဥတု မှုန်မှိုင်းနေပြီး မိုးဖွဲဖွဲရွာနေသဖြင့် နေမဝင်သေးသော်လည်း နေဝင်မည့်အရပ်ကို မခန့်မှန်းနိုင်။ ထို့ကြောင့် ဖေဖေ့မှတ်တမ်းထဲမှာ ပါသည့် ပေတစ်သောင်းကျော်မြင့်သော ဖွယ်မဒေတောင်ဆိုတာ အဲဒါလား ကျွန်တော် မသိပေ။

တကယ်တော့ ပူတာအိုမြို့သည် အရပ်သုံးမျက်နှာတွင် တောင်များ ဝိုင်း





ရံလျက် ရှိသော လွင်ပြင်ကြီးတစ်ခု ဖြစ်သည်။ မနက်ဖြန်မှာ ကျွန်တော် မလိခမြစ်ကို ဖြတ်ရမည်။ မလိခမြစ်ရော မေခမြစ်ရော မြစ်နှစ်ခုလုံးသည် ရေခဲတောင်များဆီမှာ မြစ်ဖျားခံ စီးဆင်းလာကြသည်။

မြစ်ကြီးနားတစ်ဝိုက်တွင် ဧရာဝတီမြစ်ရေသည် နွေမှာ တစ်ခါ မိုးမှာ တစ်ခါ တက်သည်ဟု ကြားဖူးပါသည်။ နွေမှာ မြင့်တက်သော မြစ်ရေသည် ရေခဲတောင်များရှိ ရေခဲများ အရည်ပျော်ရာမှ ဖြစ်ပေါ်သည်။ မိုးရာသီမှာ မြင့်တက်သော မြစ်ရေကမူ တောင်ကျမိုးရေကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော် နွေ ရေတက်နှင့် မိုး ရေတက် သည် တစ်ခါတစ်ခါ တစ်မျိုးနှင့် တစ်မျိုး ထပ်လျက်ဖြစ်ပေါ်သောကြောင့် ဘယ်ဟာက ဘာဟု အတိအကျခွဲခြားလို့ မရပါဟု ဖတ်ရပါသည်။ ကျွန်တော် ဘယ်စာအုပ်ထဲမှာ ဖတ်ခဲ့ရပါလိမ့်။

သည်ခရီးမတိုင်မီ ကျွန်တော် စာအုပ်တွေ တော်တော်များများ ဖတ်ခဲ့၏။ ဖတ်ခဲ့သော အကြောင်းအရာတွေနှင့် သူတို့၏ အရင်းအမြစ်တွေ ရောနေသည်။ ကျွန်တော့်အာရုံစူးစိုက်ပြီး စဉ်းစားကြည့်သည်။ ဘယ်စာအုပ်မှာ ဖတ်ခဲ့ရတာလဲ...။ ကျွန်တော့်မျက်ခွံတွေ ညောင်းလာပြီ။ ထို့ကြောင့် ဖယောင်းတိုင်မီးကို (ခြင်ထောင်ထဲမှ မထွက်ဘဲ) ပျင်းရိစွာ မှုတ်ငြိမ်းလိုက်ရလေသည်။

•

နံနက် မိုးလင်းသောအခါ မိုးဖွဲဖွဲရွာနေသည်ကို ကြုံလိုက်ရပြန်သည်။

ရေချိုးပြီးနောက် ဈေးနားက လက်ဖက်ရည်ဆိုင်မှာ နံနက်စာ လက်ဖက်ရည် သောက်ရင်း ဘောက်ရာကို စောင့်ရသည်။ ပူတာအိုမှာ ဈေး နှစ်ဈေး ရှိသည်ဟု ဆိုပါသည်။ ယခုဈေးနှင့် လေယာဉ်ကွင်းဈေးတို့ ဖြစ်သည်။

'မှတ်သုံ့ဟာ ဒီကို အစောကြီး ရောက်လာတာပဲ'

ဤမြို့မှာ တာဝန်ကျနေသော လူဝင်မှုကြီးကြပ်ရေးအရာရှိက မနေ့ညနေက ပြောခဲ့သည်။ ကျွန်တော့်စိတ်ထဲမှာ ပူတာအိုမြို့သည် ကုန်းပိုင်းသော မြောက်ဘက်တောင်တန်းများတွင် ရှိသဖြင့် မှတ်သုံ့ရာသီနှင့် ဝေးလိမ့်မည်ဟု ထင်ခဲ့မိပါသည်။

ပူတာအိုမြို့က ပဲပလာတာသည် ရန်ကုန်မြို့က ပဲပလာတာနှင့် မကွာလှသေး ကျွန်တော် ပဲပလာတာကို မကြိုက်ပါ။ နံနက်ခင်း အစားအစာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပဲပြုတ်ထမင်းကြော်ကို ပိုကြိုက်သည်။ သို့သော် ဖေဖေသည် လွန်ခဲ့သည့် ခြောက်နှစ်က ဟောသည်မြို့မှာ ဟောသည်လို နံနက်ခင်းမှာ ပဲပလာတာကို စားသွားခဲ့သည်။ ထို့ကြောင့် ကျွန်တော် ပလာတာကို စားပါသည်။ လက်ဖက်ရည်ကတော့ နယ်မြို့ကလေးများ၏ ထုံးစံအတိုင်းပါပဲ။

လက်ဖက်ရည်ဆိုင်တွင်းမှာ လူငယ်တွေ ပိုများ၏။ ကက်ဆက်က သီချင်းသံမှာ ဓော်ပိုင့်အသံဖြစ်သည်။ နံရံမှာ ချိတ်ထားသော ပိုစတာကြီးမှာ အရက်ကြော်ငြာ ရွှေအိုရောင်တောက်တောက်။ နာမည်ကျော် ကြော်ငြာမင်းသမီးက ကျွန်တော်တို့ကို ညို့ယူဖမ်းစားဖို့ ကြိုးစားသည့် ကိုယ်ဟန်အနေအထားဖြင့် ဆွဲဆောင်နေသည်။ အရက်ကိုသာမက သူမကိုပါ မူးယစ်စွာ သုံးဆောင်နိုင်တော့မည်ဟု ထင်ရစေသည်။ ကျွန်တော် အရက်နှင့် သိပ်မရင်းနှီးပါ။ သို့သော် လိုရမည်ရဟု စကော့ချ်ဝီစကီ နှစ်ပုလင်း သယ်လာခဲ့သည်။

မိုးနည်းနည်း စဲသွားသောအခါ လက်ဖက်ရည်ဆိုင်ထဲသို့ ဘောက်ရာ ဝင်လာခဲ့သည်။ ပူတာအိုနံနက်ခင်း၏ မိုးဖွဲဖွဲတွင် ကချင်မလေး၏ ပါးပြင်များ ပန်းနုရောင်စိုစွတ်တောက်ပနေ၏။

ဘောက်ရာ မုန့်နှင့် ကော်ဖီသောက်ပြီးသောအချိန်ကျမှ ကျွန်တော်တို့ နှစ်ယောက် ဈေးထဲ ဝင်ကြသည်။

ဈေးသည် ခရိုင်မြို့၏ ဈေးဖြစ်သောကြောင့် အလှမ်းဝေးကွာစွာ ခေါင်သော အရပ်၌ ရှိစေကာမူ စည်ကားပြီး အသင့်အတင့် ခိုင်ခံ့သပ်ရပ်သည်။ သွပ်မိုးရုံ ငါးခု ခြောက်ခုကို တွေ့ရသည်။ သွပ်မိုးရုံ ဈေးတန်း၏ တစ်ဖက်တွင်တော့ မြေပြန့်ပေါ်မှာ ဖြန့်ခင်းလျက် ရောင်းနေသည့် ဟင်းသီး ဟင်းရွက်နှင့် ငါးဈေးတန်း ရှိသည်။

ကျွန်တော် ရှေ့ဆက်ရမည့်ခရီးအတွက် ငါးပိနှင့် ငါးခြောက်များ၊ ဆားများ ထပ်ဝယ်ရဦးမည်။ ကျွန်တော့်အတွက် မဟုတ်ပါ။ အထမ်းသမားများအတွက် ဖြစ်ပါသည်။

သစ်သားခုံ မြင့်မြင့် ဆိုင်တစ်ဆိုင်မှာ ပုစွန်ခြောက်၊ ငါးခြောက်၊ အကောင်သေး လတ်မျိုးစုံနှင့် ငါးပိသုံးလေးမျိုးကို အခန့်သား ရောင်းချ





နေတာ တွေ့ရ၏။ ရှမ်းပြည်နယ်မှာလိုပဲ ဧရာတ်သီးကို နို့ဆီခွက်နှင့် ချိန်ပြီး ရောင်းနေတာ မြင်ရသည်။ ပိန်းဥတွေ အပုံလိုက် ချရောင်းနေသော ဆိုင်ရှိသည်။ ကျောက်ဖရုံသီးနှင့် ဘူးသီးများကို တွေ့ရသည်။ ချဉ်ပေါင်ရွက်နှင့် မုန်လာဥစည်းများကို တွေ့ရသည်။ အာလူးများနှင့် ပြောင်းဖူးစေ့များကို တွေ့ရသည်။

သံပရာသီး သေးသေးတွေလောက် ရှိသော အဝါရောင်အသီးသေးသေးလေးများကို ပုံရောင်းနေတာ တွေ့တော့ ဖေဖေ့မှတ်တမ်းထဲမှာ ပါသည့် ဗွတ္တမြားသွေးသီးတွေလားဟု တွေးမိသည်။

'ဘောက်ရာ...ဒါ ဘာသီးလေးတွေလဲဗျ'

'အဲဒါ ချိုချဉ်သံပရာသီးမျိုးပဲ၊ အမေရိကန်သံပရာလို့ ခေါ်တယ်'

ပူတာအိုသည် အသီးအနှံ အထူးအဆန်းပေါ ရုံသောမြို့ ဖြစ်လေသည်။

ခေါက်ဆွဲခြောက်ထုပ်များ၊ ဘီစကစ်နှင့် ကိတ်ခြောက်ထုပ်များကို မြစ်ကြီးနားကတည်းက အလုံအလောက် သယ်ယူခဲ့ပြီးပြီဖြစ်သဖြင့် ယခုအခါ ကျွန်တော် လိုအပ်သော အစားအစာမှာ ငါးခြောက်၊ ဆတ်သားခြောက်၊ ငါးပိ၊ အာလူးနှင့် ဆန်တို့ပဲ ဖြစ်သည်။ ပါလာသော မီးခြစ်ဘူးနှင့် ဖယောင်းတိုင်များ မလုံလောက်မှာစိုး၍ ထပ်ဝယ်ရသည်။ လက်နှိပ်ဓာတ်မီးအတွက် ဓာတ်ခဲတွေ ထပ်ဝယ်ရသည်။ ဓာတ်မီးဖန်သီးကို မြစ်ကြီးနားက ဝယ်ခဲ့ဖို့ မေ့သွားသဖြင့် ပူတာအိုမှာ ဝယ်ရသည်။

ဝယ်ပြီးသမျှပစ္စည်းများကို အထမ်းသမား သယ်ယူနိုင်မည့် ကြိမ်ခြင်းများထဲသို့ ထည့်ပြီးနောက် ဘောက်ရာ၏ ခင်မင်ရင်းနှီးသော အသိ အမျိုးသမီးကြီးဆိုင်မှာ ထားခဲ့သည်။ ကားဖြင့် အထွက်မှာ ဝင်သယ်ယူရန် ဖြစ်ပါသည်။ နံနက် ၁၀:၀၀ နာရီတွင် ပစ္စည်းဝယ်ခြင်းအမှုကိစ္စ ပြီးဆုံးသွားသည်။

'မနေ့က သွားတဲ့ မချမ်းဘောလူကြီးနဲ့ ကျွန်မ အထမ်းသမားကိစ္စတွေ ပြောပြီး အကြောင်းကြားထားပြီးပြီ၊ အဲဒီက ကျွန်မမိတ်ဆွေက စီစဉ်ပေးထားပါလိမ့်မယ်'

'ကျေးဇူးတင်ပါတယ် ဘောက်ရာရယ်'

ကချင်မလေးက ဝင်းလက်သော အပြုံးဖြင့် ကျွန်တော့်အား ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နန္ဒာ့သူငယ်ချင်း ဆိုတော့ ကျွန်မသူငယ်ချင်းပဲပေါ့ ကိုဥက္ကာရဲ့၊ ကျွန်မ မချမ်းဘောထိအောင် လိုက်လာခဲ့မှာပါ'

'ယောဗျာ...ကျွန်တော့်အတွက်နဲ့ ရုံးက ခွင့်ယူရတော့မှာပေါ့၊ ကျွန်တော် အဲဒီထိအောင်...'

ကျွန်တော် အားနာစွာ ရေရွတ်မိတော့ ဘောက်ရာက စကားဖြတ်ပစ်သည်။

'ကိစ္စမရှိပါဘူး၊ အမှုချိန်းလဲ ပါးတဲ့ရက်မို့ ခွင့်ယူရတာ လွယ်ပါတယ်၊ စာရင်းစာရွက်ကို ပြန်စစ်ကြည့်ပါဦး၊ ဝယ်ရမယ့်ပစ္စည်းတွေ ကျန်နေဦးမယ်၊ ဒီပတ်ဝန်းကျင်မှာ ပူတာအိုက ပစ္စည်းအစုံဆုံးမြို့နော်၊ ရှေ့ဆက်ရမယ့် မြို့တွေက ဒီလောက် ပစ္စည်းမစုံတော့ဘူး'

နံနက် ၁၁း၀၀ နာရီတွင် နေ့လယ်စာ စားပြီးနောက် ၁၁ နာရီခွဲခန့်တွင် ရှေ့ခရီးအတွက် အထုပ်အပိုးများပြင်ဆင်ရသည်။ ဘောက်ရာ၏မိတ်ဆွေ တစ်ရုံးတည်းဝန်ထမ်းဖြစ်သူ ဦးတင်ထွဋ်က ဂျစ်ကားမောင်းပြီး ကျွန်တော့် ကို မချမ်းဘောမြို့သို့ လိုက်ပို့ပါသည်။

ပူတာအိုလွင်ပြင်ကို ဖြတ်သန်းချိန်တွင် မိုးအရိပ်အငွေ့ ကင်းလျက် အနည်းငယ် သွေ့ခြောက်နေ၏။ ဘောက်ရာကို ဂျစ်ကားရှေ့ခန်းတွင် ထိုင် ခိုင်းသော်လည်း ဘောက်ရာက သူမ မောင်လေးကိုသာ ထိုင်စေပြီး ကျွန် တော်နှင့်အတူ စကားပြောရန်ဟု နောက်ခန်းမှာ ထိုင်လိုက်လာပါသည်။

'နောင်မွန်းရောက်ရင် အသိရှိလား ကိုဥက္ကာ'

'အဲ...ရန်ကုန်က မိတ်ဆွေတစ်ယောက်က နောင်မွန်းမြို့နယ်စာရင်း ရုံးက ဝန်ထမ်းအမျိုးသားတစ်ယောက်ဆီ မိတ်ဆက်စာရေးပေးလိုက်တယ်၊ နောက်ပြီး နန္ဒာကလဲ သူ့အသိတစ်ယောက်ဆီ စာရေးပေးလိုက်သေးတယ် ဗျ'

ကျွန်တော့်စကားကို ဘောက်ရာ စိတ်ဝင်စားသွား၏။

'သူ့အသိ...ဟုတ်လား၊ ကျွန်မနဲ့ သိနေမလား မသိဘူး၊ ဘယ်သူတဲ့လဲ'

'အဲ...နေဦးဗျ...'

ကျွန်တော် စာအိတ်ပေါ်က နာမည်ကို မေ့သွားပြီဖြစ်သည်။ သစ်တော ရုံးက ဝန်ထမ်းတစ်ယောက်ပဲဟု မှတ်မိသည်။ ကျွန်တော် ဘောင်းဘီအိတ်





ထဲ ခေါက်ထည့်ထားသော စာအိတ်ကို ထုတ်ယူရန် ကားအမိုးသံကိုင်းကို ကိုင်၍ မတ်တတ်ရပ်လိုက်ရသေး၏။ ပြီးမှ စာအိတ်ကို နှိုက်ယူရသည်။

'အို...ကိုဥက္ကာကလဲ ဟိုရောက်မှ ထုတ်ကြည့်ပြောလဲ ရလျက်သားနဲ့'

ဘောက်ရာက မျက်လုံးလေးပြူးလျက် ပြောရာက တခစ်ခစ် ရယ်လေသည်။

'မတော်တဆ ကားပေါ်က လိမ့်ကျသွားမှဖြင့် ကျွန်မနဲ့ နန္ဒာနဲ့ ပြဿနာ တက်နေရပါဦးမယ်'

ကျွန်တော့်ရင်ထဲမှာ နွေးခနဲ လှုပ်ရှားသွား၏။ ကြည့်စမ်း...ဘောက်ရာ သည် ကျွန်တော်နှင့် နန္ဒာ၏ဆက်ဆံရေးကို တစ်မျိုးတစ်မည်များ ထင်နေ လေသလား။ ကျွန်တော် ငြင်းလိုက်မှ ရှိးသားဖြောင့်မှန်ရာ ကျမှာပေါ့။

'ဦးဖုန်ဒီးရမ်...တဲ့၊ သစ်တောရုံးမှာ အလုပ်လုပ်တာ'

စာအိတ်ပေါ်က နန္ဒာ့လက်ရေးကို ဖတ်ပြလိုက်ပြီးနောက် စောစောက စကားကို ငြင်းဖို့ အားယူလိုက်ရ၏။

'ပြီးတော့ ဘောက်ရာရဲ့ သူငယ်ချင်းနဲ့ ကျွန်တော်က ရိုးရိုးသူငယ်ချင်း တွေပါ'

ဘောက်ရာ ရယ်ရုံပဲ ရယ်နေ၏။ ယုံကြည်ပုံ မရပါ။ ဖွတ်ငြင်းဖို့လည်း မကောင်းတတ်သဖြင့် ကျွန်တော်ခေါင်းယမ်းကာ ရယ်မောလိုက်ရပါသည်။

မလိခ ကြိုးတံတားကို ရောက်သည်အထိ လမ်းခရီးသည် မြေပြန့်လွင် ပြင် ဖြစ်သည်။

'အဲ့ဩစရာပဲနော်၊ ကျွန်တော်က တောင်ပေါ်တက်ရပြီ အောက်မေ့နေ တာ၊ အခုတော့ တကယ့်ကို မြေပြန့်ပဲ'

ကျွန်တော်ပြောတော့ တစ်ချိန်လုံး ငြိမ်နေသည့် ဦးတင်ထွဋ်က ဝင် ပြောပါသည်။

'မချမ်းဘောက လွန်ရင်တော့ ခင်ဗျား တောင်ပေါ်တက်ရတော့မှာပါ၊ ဒီ လွင်ပြင်ကို ခင်ဗျား ကားနဲ့ဖြတ်ရပြီး တောင်ပေါ်တက်တော့မှ ခြေထောက်နဲ့ တက်ရတော့မှာပေါ့လေ၊ ပင်တော့ ပင်ပန်းမယ်'

'ဆရာရော နောင်မွန်း ရောက်ဖူးလားဗျ'

'ရောက်ဖူးတယ်၊ သုံးညအိပ် လေးရက်ခရီးကို ခြေလျင်သွားရတာဗျ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ပဲ သွားဖူးတယ်၊ အေးအေးချမ်းချမ်းနဲ့ သာယာတဲ့ နေရာလေး ပါပဲ’

ဂျစ်ကားကို မလိခမြစ်နံဘေးမှာ ရပ်ထားပြီး ကျွန်တော်နှင့် ဘောက်ရာတို့ မောင်နှမ ဆင်းကြသည်။ မလိခကြိုးတံတားမှာ တော်တော်လည်း ခမ်းနားပြီး လှလည်း လှပါသည်။ သစ်သားခင်း တံတားကြီး ဖြစ်သဖြင့် ကြိုးတံတားနှင့်ပင် မတူဘဲ လမ်းလျှောက်သည့်အခါ ငြိမ်သက်စွာ ခိုင်ခံ့နေ၏။ အောက်မှာတော့ အပြန့်ကျယ်ကျယ် မလိခမြစ်သည် ပြန့်ပြူးစွာ တည်ငြိမ်စွာကြည်လင်စွာ စီးဆင်းနေလေသည်။ တံတားပေါ်မှာဖြတ်သွားရင်းက တံတားအလယ်ရောက်တော့ မြစ်အထက်ပိုင်းဆီသို့ လှမ်းကြည့်ရင်း ခဏ ရပ်လိုက်မိသည်။ မြစ်သည် ကွေ့ဝိုက်ကာ စီးလာခြင်း ဖြစ်သည်။ မြစ်ကွေ့ဝိုက်ရာ ကမ်းနံဘေးတွင် စိမ်းညို့အုပ်ဆိုင်းသော သစ်ပင်များဖြင့် မြစ်ရေသည် စိပ်းမှောင်ငြိမ်သက်နေ၏။ ထိုသစ်ပင်ရိပ်က မြစ်ပေါ်သို့ ကျနေသောအခါ မြစ်ရေသည် ပို၍ပင် အေးမြနက်ရှိုင်းသွားဟန် ထင်ရသည်။

လှလိုက်တာ…။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ကျေးငှက်သံပင် မကြားရဘဲ တိတ်ဆိတ်နေသည်။ ရံဖန်ရံခါ မလိခမြစ်၏ တိုးတိုက်စီးဆင်းသံကို သဲ့သဲ့ကြားရလေသည်။ မြစ်အထက်ဆီမှာ မလိခကို ဖြတ်ကူးသော ဇက်ရေယာဉ်တစ်ခု ကျွန်တော်တို့ လာရာကမ်းသို့ ဖြည်းဖြည်းချင်း ကပ်နေသည်ကို တွေ့ရသည်။ လှေကြီးနှစ်စင်းပေါ်မှာ သစ်သားဖောင် ဖြန့်ခင်းပြီး ကားကူးနိုင်ရန် တည်ဆောက်ထားသော ဇက် ဖြစ်သည်။ တကယ့်ဇက် မဟုတ်ပေ။ ဤဇက်အမျိုးအစားကို အင်းဝအသွား ဧရာဝတီမြစ်ကို ဖြတ်သန်းရာမှာလည်း သုံးနေသေးသည်။

တံတားကို ဖြတ်ကျော်မိပြီး မလိခမြစ်တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဇက်နှင့်ပါလာမည့်ကားကို စောင့်ရပါသည်။ အရပ်ခပ်ပုပ်ပုပ် အဘွားကြီး တစ်ယောက် နဖူးမှာ ပလိုင်းကြိုးကို သိုင်းလွယ်ကာ ပိုးလျက် မြေးမလေးကို လက်မှာဆွဲလျက် ပြုံးပြုံး ပြုံးပြုံးနှင့် တံတားဆီ သွားနေသည်။ အဘွားကြီးနှင့် ဘောက်ရာ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြသည်။

‘ဘောက်ရာနဲ့ သိလား’





‘မသိပါဘူး၊ သူက ဂျိန်းဖောမဟုတ်ဘူး… ခန္တီးရှမ်း၊ ချစ်စရာကောင်းတယ်နော်’

‘ဟုတ်တယ်’

ရန်ကုန်မှာ၊ မန္တလေးမှာ ကျွန်တော်တို့သည် နေ့စဉ် လူစိမ်းမျက်နှာတွေရော၊ မျက်မှန်းတမ်းမိနေသော မျက်နှာတွေရော များစွာ မြင်တွေ့ရင်ဆိုင်ခဲ့ကြသည်။ ကျွန်တော်တို့မှာ နှုတ်ဆက်ချိန်လည်း မရ။ စိမ်းကားမှုအပြင် တစ်ခါတစ်ခါ ရန်လိုမှုများကိုပင် ရင်ဆိုင်ရသေးသည်။ သည်နယ်မှာတော့ အချိန်သည်လည်း ဖြည်းဖြည်းသာကုန်ဆုံးပြီး လူတွေသည်လည်း စိတ်ရှည်စွာ နွေးထွေးနိုင်ကြလေသည်။

ကျွန်တော်တို့သည် ဂျစ်ကား ရောက်သောအခါ ကားပေါ်ပြန်တက်ပြီး ချမ်းသာမြို့ထဲသို့ ဝင်ခဲ့ကြသည်။ မချမ်းသာ၏ နာမည်ကျော် ပူဘားဧည့်ရိပ်သာသို့ သွားကြရပါသည်။

ကျောက်တုံးများဖြင့် မလိခမြစ်ကမ်းကုန်းမြင့်မှာ တည်ဆောက်ထားသော ဧည့်ရိပ်သာသည် ခမ်းနားခိုင်ခံ့ရုံမျှမက လှလည်း လှပါသည်။ ပူဘားမှာ မြို့နယ်ရုံးအဖွဲ့ အရာရှိ လူငယ် ဦးခင်မောင်အေး စောင့်ကြိုနေခဲ့သည်။

‘ပြင်သစ် ဂိုက်ဒ် ဦးဥက္ကာဆိုတော့ အသက်ကြီးကြီး လူတစ်ယောက်ကို တွေ့ရမယ်လို့ ထင်နေခဲ့တာ၊ ကျွန်တော့်ထက်တောင် ငယ်နေပါလား’

ဦးခင်မောင်အေးက လက်ဆွဲနှုတ်ဆက်ရင်း မှတ်ချက်ချပါသည်။

‘ကဲ… လာကြ လာကြ၊ အပေါ်ထပ် ဧည့်ခန်းမှာ ဂရိတ်ဖရုသီးတွေ ရှားရှားပါးပါး ရှာထားတယ်၊ လာ… ဘောက်ရာ’

ကျွန်တော်က ဦးခင်မောင်အေးအတွက် ရန်ကုန်မှ သယ်လာသော စားသောက်ဖွယ်ရာ သွတ်ဘူးတွေထဲမှ ငါးသေတ္တာဘူးနှင့် ကြက်သားဘူးတို့ကို လက်ဆောင် ပေးလိုက်သည်။ သူက အလွန်အားနာကာ ပျာပျာသလဲ ငြင်းလေသည်။

‘ဟာ… ဘယ့်နှယ် ခါကာဘိုရာဇီသွားမယ့်သူက ဒါတွေ အများကြီး ဆိုဘာ၊ ယူသွား… ယူသွား၊ လမ်းမှာ ဘယ်နှရက်ကြာမှန်း မသိ၊ ရိက္ခာပြတ်သွားမယ်၊ မယူဘူး… ကျွန်တော်တို့က မလိုဘူးဗျ’



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်မှာ အများကြီးသယ်လာခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြောပြီး ဇွတ်လက်ဆောင်ပေးလိုက်ရပါသည်။

ဦးခင်မောင်အေးသည် ဂူဘား ဧည့်ရိပ်သာ၏ အခန်းတစ်ခန်းတွင် နေထိုင်နေသူဖြစ်ကြောင်း သိရသည်။ သူ့အခန်းထောင့်မှာ ဂစ်တာတစ်လက် ထောင်ထား၏။ ဘောက်ရာ၏ မောင်လေးက ဂစ်တာကို မြင်တော့ ပျော်ရွှင်သွားကာ သီချင်းတစ်ပုဒ် တီးပြပါဟု ပွဲတောင်းလေသည်။

'တီးပြမှာပေါ့ကွာ၊ ငါက ဒီမှာ သားတကွဲ မယားတကွဲနဲ့...ဂစ်တာပဲ အဖော်လုပ်နေရတာမို့ ဧည့်သည်ပဲ မျှော်နေတာ၊ ဒီမှာ စားကြ သောက်ကြ နားကြဦး၊ ပြီးရင် တီးပြမယ်'

အပေါ်ထပ် ဝရန်တာမှ ကြည့်လျှင် ကုန်းမြင့်အခြေမှာ ကွေ့ဝိုက်စွာစီးဆင်းသွားသော မလိခမြစ်ကို မြင်ရသည်။ ပြာမှောင်ကာ စီမ်းလဲ့နေသော ရေပြင်သည် ကျွန်တော့်အား အေးချမ်းမှုတွေနှင့် ထွေးပွေ့နှစ်သိမ့်လိုက်သလိုပဲ။ နောက်ပြီး ရှေ့ဆက်ရမည့် ခရီးကြမ်းအတွက် လိုအပ်မည့် စိတ်အနားယူမှုကို အပြည့်အဝ ပေးလိုက်တော့မလိုပါပဲ။

မချမ်းဘောမှ လွန်လျှင်တော့ ရှေ့မှာက ကျွန်တော့်ခံနိုင်ရည်ကို စမ်းသပ်မည့် တောင်ဆင်း တောင်တက်ခရီးနှင့် အန္တရာယ်အသွယ်သွယ်က စောင့်ကြိုလျက် ရှိပါသည်။

*

ပင်လယ်ရေပြင်အထက် ပေ ၆၇၂၆

* ၂၀၀၂ ဧပြီ ၂၇ ရက်၊ ဗုဒ္ဓဟူး၊ ည ၈:၀၀ နာရီ။

ညနေက ကတ္တီပါသားလို ပြာမှောင်ပြီး တောက်ပနေတဲ့ လိပ်ပြာလေးတစ်ကောင်ကို ကျွန်တော် ဖမ်းခဲ့သေးတယ် ဖေဖေ။ ပထမတော့ အဲဒီလိပ်ပြာလေးကို အကျီအိတ်ထဲ ထည့်ပြီး သယ်လာခဲ့တော့မလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော့်ကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ သက်ရှိတိရစ္ဆာန်တွေ အပြန်အလှန်မှီခိုအသက်ရှင်နေထိုင်ကြတဲ့ *Ecosystem* ကြီး နည်းနည်းမှ အနှောင့်အယှက်မဖြစ်စေချင်ပါဘူး။ ဖေဖေတောင် သုတေသနအတွက် လေ့လာရင်း လိပ်ပြာလေးတွေ အသက်မသေအောင် တတ်နိုင်သမျှ ထိန်းသိမ်းခဲ့သေးရင် ကျွန်တော့်လို ဘာမှမသိတဲ့ကောင်က ဘာအကျိုးအမြတ်မှ မရှိဘဲ လိပ်ပြာတစ်ကောင်ကို သေစေရမယ်ဆိုတာ ဘယ်တရားပါ့မလဲ။ ကျွန်တော် လိပ်ပြာလေးကိုပြန်လွှတ်ပေးလိုက်တော့ ကျွန်တော့်လက်မနဲ့ လက်ညှိုးမှာ အပြာရောင် အမှုန်လေးတွေ ကပ်ပြီး ကျန်ရစ်ခဲ့ပါတယ်။ ဖေဖေ့မှတ်တမ်းထဲမှာ ပါတဲ့ မျက်စိနဲ့ မမြင်နိုင်လောက်အောင် နူးညံ့ပြီး မှုန်မွှားသေးကွေးတဲ့ အကြေးခွံလေးတွေပေါ့။

စမ်းချောင်းလေးက အနီရောင် ပန်းပွင့်ချုံပုတ်တွေဆီ ပျံသန်းသွားတဲ့ လိပ်ပြာလေးကို ကြည့်ပြီး ဖေဖေ့ကို သတိရမိတယ်။ ကျွန်တော့်ဘေးနားမှာ ဖေဖေ ဘယ်တော့မှ မရောက်လာနိုင်တော့ဘူးလား။





www.burmeseclassic.com

www.burmeseclassic.com



နိုင်ငွန်ဘွန်တောင်ထိပ်ကို ကျော်၍ တောင်စောင်းအတိုင်း ဆင်းလာချိန်တွင် ကျွန်တော် ခြေချော်ပြီး တလိမ့်ခေါက်ကွေး ကျသွားခဲ့ပါသည်။ တောင်စောင်းမှာ မိုးရေ ရွှံ့ရည်ဖြင့် ချော်နေသောကြောင့် ဘယ်လောက်ပဲ သတိထားထား လူတစ်ယောက်သည် တစ်ချိန်ချိန်တော့ ချော်ကျမှာ အမှန်ပဲဖြစ်သည်။ ကျောပိုးအိတ်က ကြီးမားလှသဖြင့် တောင်စောင်းလမ်းမှာ လဲကျ လိုက်တာပင် ကျောဆန့်လိုက်ရသည့် အရသာကို မရ။ ကျောအောက်မှာ ကျောပိုးအိတ်က ခုနေခဲ့သည်။ ထို့ကြောင့် ပက်လက်မကျဘဲ မှောက်လျက် ကျလေသည်။

မိုးဖွဲဖွဲကြားတွင် ကျွန်တော် ချက်ချင်းပြန်မထဘဲ အသာဆက်ပုံ့နေမိခဲ့သည်။ ကျွန်တော့်ပါးပြင်အောက်မှာ ပျစ်ချွဲသော ရွှံ့ရည်တို့က အေးစက်နေ၏။ ကျွန်တော်နှင့် မလှမ်းမကမ်း ခြေဖျားဆီမှာ တိမ်ငွေ့မြူပါးပါး တစ်ခုရွေ့ရွေ့ဖြတ်သန်းသွားသည်။ တဆတ်ဆတ်တုန်နေသော ခြေထောက်များကို အနားပေးပြီး သည်အတိုင်း နေချင်လှ၏။

နောင်မှန်းအထိ လမ်းပြပေးမည့် နမ်းခမ်းရွာသားကြီး ဦးအိုက်နွမ်သည် ကျွန်တော်မပါလာသဖြင့် တောင်စောင်းအဆင်းမှ ပြန်တက်လာသည်။

'ဟော့ကောင်လေး...ဘာဖြစ်သလဲ'

ကျွန်တော် ပေးဝတ်ထားသည့် မိုးကာအင်္ကျီ နန္ဒင်းရောင်တောက်တောက်မှာ သူနှင့် ပွရောင်းနေသည်။ သူ့ခြေသလုံးဆီတွင် အဖုအပိမ့်များနှင့် သွေးကွက် ဒဏ်ရာအချို့ကို မြင်နေရသည်။ ကျွန်တော့်ဘောင်းဘီအောက်နားစ၏ အောက်နှင့် ခြေအိတ်အတွင်းမှ ဒဏ်ရာအနာများကိုတော့ ကျွန်တော် တစ်ခဏ မမြင်ရဘဲ နာရုံပဲ နာနေခဲ့သည်။

'ဘာမှမဖြစ်ဘူး၊ ခဏနားမလို့'

'ဟား...ထ ထ၊ တောင်ပေါ်က ကျောက်တုံးကျောက်ခဲတွေ ပြိုကျလာရင် ပိသွားမယ်'

သူက ကျွန်တော့်အား ဖွတ်အစမ္မ ဆွဲထူပါသည်။ ကျွန်တော့် တစ်ကိုယ်လုံး ပူရှိန်းနေသလို ခံစားရပြီး နုန်းခွေနေခဲ့သည်။





'စခန်းကို ရောက်တော့မယ်ကွ၊ လာ...သုတ်သုတ် သွားစို့၊ ဟိုရောက်မှ နား'

ကျွန်တော် သူ့ကိုအားနာသဖြင့် အားတင်းကာ ထရပ်ပြီး လမ်းလျှောက်သည်။ ခဏတော့ ယိုင်သွားသေးသည်။ နောက်တော့ ခြေထောက်နှင့် ...ကို ထိန်းနိုင်သွားပါသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အုံ့မှိုင်းမှောင်ရီနေသည်။ တကယ်တော့ ညနေ ...ာရီပဲ ရှိသေးသည်။ မြန်မာပြည်၏ အခြားဒေသများနှင့် မတူသည်က ...ဒေသတွင် နွေရာသီဟူ၍ မရှိခြင်းပင်ဖြစ်၏။ နွေရာသီသည် မုတ်သုံ ...ရာသီနှင့် ရောထွေးနေခဲ့သည်။ ဖေဖော်ဝါရီနှင့် မတ်လ ရှေ့ပိုင်းထိက ...ာင်းရာသီနှောင်း၊ မတ်လ နောက်ပိုင်းမှ စက်တင်ဘာထိက မိုးရာသီ ...သည်ဟု မချမ်းဘောမှ ဦးခင်မောင်အေးက ပြောခဲ့သည်။

တောင်အတက်နှင့် တောင်အဆင်းနှစ်ခုအနက် တောင်အဆင်းက ပို...ခဲ့သည်ဟု ကျွန်တော် သိခဲ့ပြီးသားပါ။ သို့သော် နိုင်ငွန်ဘွန် တောင် ...ဆင်းမှာတော့ ထိုစကားသည် တကယ်ပင် မှန်ကန်သောစကားဖြစ်သည် ...ု ထပ်မံသတိရသွားတော့သည်။ ဤတောင်တန်း၏ ကျောက်ဆောင် မြေ...သည် မြန်မာလို နမ်းဖတ်ကျောက်ဟု ခေါ်သော ဂရင်းနိုက် အမျိုးအစား ...သည်ဟု ကျွန်တော် စာအုပ်ထဲ တစ်နေရာတွင် ဖတ်ရဖူး၏။ ထို့ကြောင့် ...န်တော့်ခြေထောက်အောက်မှာ ရွှံ့တွေ့လျှင်တွေ့၊ မတွေ့လျှင် ကျောက် ...များကို တွေ့ပြီး တစ်နည်းမဟုတ် တစ်နည်းဖြင့် ခြေချော်သည်ချည်းပင် ...သည်။ ကျွန်တော့်ကျောမှာ ပိုးထားသော ကျောပိုးအိတ်၏ အလေးချိန် ...၅ ကီလိုဂရမ်လောက် လေးမလား မသိ။ ထိုအလေးချိန်က ကျွန်တော့် ...ဲ့ တွန်းထားသဖြင့် နဂိုကမှ ရှေ့စိုက်ဆင်းနေရသော ကျွန်တော်သည် ...ို၍ပင် စိုက်ကျလာပြီး ခြေတစ်ချက်ချော်လိုက်လျှင်တော့ ဆိုဖွယ်ရာ ...တော့ချေ။

'ရောက်တော့မှာလား'

...ျွန်တော် မေးသည့်အခါတိုင်း လမ်းပြကြီးက အားပေး၏။ 'အေး... ...ောက်လုပြီ' တဲ့။

...ျွန်တော်သည် အိတ်ထဲမှာ ပါလာသော လက်နှိပ်ဓာတ်မီးများနှ...



www.burmeseclassic.com

www.burmeseclassic.com



ဝိစကီပုလင်းများအပေါ် အာရုံရောက်သွားခဲ့သဖြင့် လဲကျပြီးနောက်ပိုင်း မှာ ရောက်တော့မလားဟု မမေးနိုင်တော့ပါ။ ဝိစကီပုလင်း ကွဲသည်က ကိစ္စမရှိ။ ဒေသခံ အရက်တွေကို အားကိုးလို့ ရသေးသည်။ လက်နှိပ်ဓာတ် မီး မှန်တွေနှင့် ဖန်သီးလေးတွေ ကွဲကုန်လျှင် နောင်မွန်းမှာ ဝယ်လို့မှ ရပါ့ မလား။

'ရှေ့ကဟာ နမ်းထီ စခန်းပဲ'

လမ်းပြကြီးက အားရပါးရ ပြောလိုက်သောအချိန်မှာ ကျွန်တော်သည် မိုးရေစိုရွှဲနေသော မျက်လုံးများကို ပွတ်သပ်ကြည့်ရသည်။ ခပ်လှမ်းလှမ်း တွင် တဲအစုကလေးကို တွေ့မြင်လိုက်ရသည်။ ကျွန်တော့်ကျောပေါ်က အလေးချိန်ကြီး ရုတ်တရက် လျော့သွားသလို ခံစားလိုက်ရပါသည်။

သည်နေ့အဖို့ နောက်ထပ် ကျွန်တော်လဲကျစရာအကြောင်းမရှိတော့ ဘူး။ ကျွန်တော်တို့အားလုံး သည်စခန်းမှာ ညအိပ်ကြမည်ဖြစ်သည်။

ညစာအတွက် ခေါက်ဆွဲပြုတ်နှင့် ကြက်ဥပြုတ်ကို စီစဉ်လိုက်ရသည်။ အကြောင်းမှာ ကျွန်တော် ဆာလောင်လှပြီ။ အထမ်းသမားများ ရောက် မလာကြသေး။ ဆန်နှင့် အခြားစားသောက်ကုန်များက သူတို့ဆီမှာ ဖြစ် သည်။ ကျွန်တော့်ဘေးမှာ ရှိသည်က ဦးအိုက်နွမ်၏ ကျောပိုးအိတ်ထဲက ခေါက်ဆွဲထုပ်နှင့် ကြက်ဥများသာ ဖြစ်သည်။

'တော်သေးတယ် ဦးအိုက်ရေ...ကြက်ဥတွေသာ ကျွန်တော့်အိတ်ထဲ ပါရင် အကုန် ကုန်မှာပဲ'

မီးမွေးသည့်ကိစ္စကို ဦးအိုက်နွမ်က ထင်းခြောက်များ ရှာပြီး ဆော ရွက်ပေး၏။ ကျွန်တော့်ဒီဇယ်မီးဖိုမှာ အခုနှစ်ရက်အထိတော့ အသုံးပြုစရာ မလိုသေးပါ။ အထမ်းသမားများသယ်လာသည့်ရေဘူးတွေလည်း မရောက် သေး။ ကျွန်တော်တို့ ကျောပိုးအိတ်တွေထဲလည်း ရေက ကုန်လုပြီ။ ထို့ ကြောင့် ကြက်ဥပြုတ်သော ရေအဖြစ် တောင်ကျချောင်းသေးသေးလေး၏ ရေကိုသာ ယူလိုက်ရပါသည်။

ကျွန်တော်တို့ စားသောက်ပြီးချိန်ကျမှ အထမ်းသမားတွေ ရောက်လာ ကြသည်။

သူတို့ ရောက်လာတော့ စခန်းသည် သူတို့စကားသံများဖြင့် စိုပြည်





ိုင်သွားတော့သည်။ ကျွန်တော် တစ်လုံးမျှ နားမလည်သော ဘာသာ ကားဖြစ်သည်။

သူတို့၏ ညစာက ကျွန်တော့်ညစာထက် ပို၍ ဖွယ်ရာ၏။ ဘူးသီးဟင်း နှင့် ငါးခြောက်ဖုတ် ဖြစ်သည်။ မီးဖိုပေါ်မှ သူတို့ ဟင်းနံ့က မွှေးကြိုင်နေ သောအခါ ကျွန်တော် တဲပေါ်မှာ အနားဆေးထည့်နေရာကနေ သူတို့ရှိရာ ကြာခဏ လှမ်းလှမ်းကြည့်မိသည်။ သူတို့ဆီက တောင်းစားရလောက် အောင်လည်း ဗိုက်က မဆာတော့ချေ။

ကျွန်တော့်အနီးသို့ ဦးအိုက်နွမ် ရောက်လာသည်။

'မနည်းပါလား ဟေး'

ကျွန်တော့်ခြေချင်းဝတ်မှ ကျွတ်ကောင်များ သွေးစုပ်ထားသော ဒဏ်ရာ ချက်များကို သူမြင်သွားသည်။ ကျွန်တော်သည် ပိုးမွှားကာကွယ်ဆေး ည်း ခြေထောက်တစ်ခုလုံး လိမ်းထားသေး၏။ ခြေအိတ်လည်း စွပ်ထား သေး၏။ တောင်တက်ဖိနပ်လည်း စီးထားသေး၏။ သို့ပါလျက် တောင် ဖြုတ်ကောင်များ ဒဏ်ကိုလည်း မကာကွယ်နိုင်။ ကျွတ်ကောင်များ သွေး သည့် ဒဏ်ကိုလည်း မကာကွယ်နိုင်ခဲ့ပေ။ ကရင်ပြည်နယ်နှင့် ရခိုင် ည်နယ်က ခြင်များကို ကောင်းကောင်းကာကွယ်နိုင်သော ပြင်သစ်နိုင်ငံ ဒိရိုတ်ဆိပ် ခြင်ကာကွယ်လိမ်းဆေး ခရင်မ်သည် ကချင်ပြည်နယ်က ပိုး များကိုတော့ လုံးဝအရှုံးပေးလိုက်ရလေသည်။

ကျွန်တော့်မျက်နှာက မှက်တွေ ဖြုတ်တွေ ကိုက်သည့်ဒဏ်ရာများကို ခြင် ဆေးဖြင့် ပွတ်လိမ်းလိုက်တော့ ယားနာဝေဒနာ သက်သာသွားသည်။ ကိုက်သည့် သွေးချင်းချင်း ဒဏ်ရာများကိုတော့ နီယိုမိုင်စင်လိမ်းဆေး ကာ ပတ်တီး ဖွဖွစည်းထားလိုက်ရသည်။

'ရန်ကုန်သားလဲ သတ္တိမခေဘူးနော'

ဦးအိုက်နွမ်က ကျွန်တော့်အား ချီးကျူးစကားဖြင့် အားပေးပါသည်။

'ရန်ကုန်သားလဲ ယောကျ်ားပဲ ဦးရဲ့'

မ်းပြကြီးက နီကျင်သော သွားများပေါ်အောင် ပြုံးပါသည်။

ကယ်တော့ ကျွန်တော် မနည်းအားတင်းထားရခြင်း ဖြစ်ပါသည်။

တော့်အဖွဲ့က အထမ်းသမားများထဲတွင် ကျွန်တော့်ထက် အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနိုင်သော အမျိုးသမီးလေးတစ်ယောက် ပါသည်။ ခြေသလုံးတုတ်တုတ်လေးနှင့် မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူ ချစ်စရာကောင်းသည့် မိန်းကလေး ဖြစ်သည်။ သူမကို ပြန်ပြန်လှည့်ကြည့်ရင်း သူတောင် ၁၂ ပိဿာလေးတဲ့ ပလိုင်းကြီးကို လွယ်ပြီး တက်နိုင်သေးတာ ငါ ဘာလို့မတက်နိုင်ရမလဲဟု အားတင်းလျှောက်ရခြင်း ဖြစ်ပါသည်။ နောက်ပြီး ကျွန်တော့်အားမှာ သူငယ်ချင်းလည်း မရှိ၊ ညောင်းလှပြီဟု တိုင်တည်စရာ လူမရှိ။ မောလိုက်တာကွာ ချီးတဲ့မှပဲဟု ဆဲရေးစရာ အဖော်မရှိ။

ဖေဖေရှိတုန်းက ယောက်ျားပဲ ဟူသော စကားကို ဖေဖေ ပြောခဲ့စဉ်က ကျွန်တော် စိတ်ဆိုးခဲ့ဖူး၏။ ကျွန်တော် တိုက်ခန်းရှေ့ ကွက်လပ်မှာ တိုက်တန်းတွေဆီမှ အိမ်နီးချင်းကောင်လေးတချို့နှင့် ဘောလုံးကန်ရင်း ခြေမ ခြေသည်း လန်သွားခဲ့ဖူးသည်။ မေမေ အရက်ပြန်နှင့် လောင်းပြီး ဆေးထည့်တော့ ကျွန်တော် အားခနဲ အော်ညည်းလိုက်မိဖူးသည်။ ဧည့်ခန်းမှာ စာရေးနေသော ဖေဖေက ကြားသွားကာ မျက်မှောင်ကြုတ်ပြီး ဟောက်ခဲ့၏။

'တယ်…ဒီကောင် ဒါလေးနဲ့ အော်ရသလား၊ ယောက်ျားပဲကွ'

'ဟာ…ယောက်ျားလဲ နာတာပဲ ဖေဖေရ၊ ဖေဖေ ခံကြည့်ပါလား'

အဲသည်တုန်းက ပက်ခနဲ ပြန်အော်လိုက်မိတော့ မေမေက မျက်နှာရိပ် မျက်နှာကဲဖြင့် ဟန့်တားခဲ့ပါသည်။

ဖေဖေ ခံကြည့်ပါလား…ဟု ပြောခဲ့မိသည့် စကားကို အခုချိန်မှာ ပြန်နုတ်ယူလို့ ရလျှင် နုတ်ယူလိုက်ချင်ပါသည်။

ကျွတ်ကောင်များ သွေးစုပ်ကိုက်ခဲသော ဒဏ်ရာကို မဝံ့မရဲ ထိတို့ဆေးထည့်နေတုန်းက ဖေဖေ့မှတ်တမ်းထဲမှာ ကျွတ်တွေအကြောင်း အသေးစိတ် မပါမှန်း သတိထားမိသည်။ ကျွတ်တွေသည် ဖေဖေ့ကိုလည်း ကိုက်ခဲ့တာ ပါပဲ။ တောင်စောင်းသစ်ပင်တွေဆီမှာ ခိုအောင်းနေရာက လူနံ့ရလျှင် တစ်ရှိန်ထိုး ခုန်ဆင်းကာ အမဲဖျက်သလို ဝိုင်းအုံခဲ သွေးစုပ်တွယ်ကပ်ကြသော ကျွတ်ကောင်များသည် ဖေဖေ့ကိုလည်း အလွတ်မပေးဘဲ တွယ်ခဲ့တာပါပဲ။ သည်လောက် သွေးထွက်သံယိုနာကျင်အောင် ခံရသည်ဟုတော့ ဖေဖေ မရေးခဲ့ပေ။ ဖေဖေ အသေးစိတ်ရေးခဲ့သည်က လိပ်ပြာများနှင့် ခရီးလမ်းအကြောင်းသာ ဖြစ်သည်။





ကျွန်တော် မှတ်တမ်းရေးဖို့ ပြင်ဆင်နေရင်း ဖေဖေ့မှတ်တမ်း၏ ကျွန်တော် မနက်ဖြန် ကြုံတွေ့ရမည့် တောင်တက်ခရီးစာမျက်နှာကို ဖတ်ကြည့်လိုက်သည်။

*'တိမ်တွေထဲမှာ လမ်းလျှောက်နေရခြင်း ဖြစ်ပေမယ့် ဆင်းပြီးရင်း ဆင်းရသော တောင်ဆင်းလမ်း ခက်ခဲမှုကြောင့် သဘာဝကိုကြည့်နူးချိန် သိပ်မရ။ အကွေ့ပေါင်း ၆၃ ကွေ့ရှိတဲ့ အဆင်းလို့ ပြောကြသည်။ မြေသားက နည်းနည်း ကျောက်သားကျောက်စွန်းက များများ တောင်ခါးပန်းအစွန်း လျှောက်သွားလမ်းက ကျဉ်းကျဉ်းမှာ မိုးကလည်း ရွာနေခဲ့သေးသည်။ မိမိမှာ မျက်မှန်ကို မကြာခဏချွတ်ကာ ရေသုတ်နေရသဖြင့် ခရီးသိပ်မတွင်။ ရေမသုတ်လို့လည်း မဖြစ်။ နှင်းမြူငွေ့များ ဆိုင်းနေပြီး မိုးတစိမ့်စိမ့်ရွာသွန်းနေသည့် တောင်ဆင်းလမ်းမှာ သဲသဲကွဲကွဲမြင်ရဖို့ လိုသည်။ ခြေလှမ်းမှားလိုက်လျှင် အောက်သို့ ပြုတ်ကျရင်း ထိခိုက်ဒဏ်ရာရနိုင်သည်။*

*'မိမိ အသက်ကြီးလာပြီ။ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကို လှည့်စားထားပစေ၊ အသက်ကြီးလာပြီဆိုတာ ကိုယ်ခန္ဓာက ပြနေပြီ။'*

ဖယောင်းတိုင်မီး အလင်းမှိန်မှိန်ကြောင့်လား၊ အိပ်ချင်မူးတူး နွမ်းနယ်လှသောကြောင့်လား၊ ဖေဖေ့ကို သတိရစိတ်ကြောင့်လား မသိနိုင်၊ ကျွန်တော်သည် ဖေဖေ့လက်ရေးများကို ဖတ်နေရင်း အမြင်အာရုံတွေ ဝါးလာသည်။ ကျွန်တော်သည် ဖေဖေ့အား အသက်ကြီးလာပြီဟု ဘယ်တုန်းကမှ မတွေးခဲ့ဖူးပေ။ ဖေဖေက ကျွန်တော်အားကျရသည့် မာကျောသည့်စိတ်ဓာတ် ရှိသည်။ တစ်ခါတစ်ခါ မာကျောလွန်း၍ ကျွန်တော်၏ နူးညံ့သိမ်မွေ့မှုကို ပျော့ညံ့မှုနှင့် မကြာခဏ မှားယွင်းကောက်ချက်ချတတ်သောကြောင့် ကျွန်တော် ဖေဖေ့ကို စိတ်ဆိုးရတတ်သေးသည်။ သေသေချာချာ ပြန်တွေးကြည့်လိုက်တော့ ကျွန်တော် လူပျိုပေါက်အရွယ် ရောက်လာသည့်အခါ ဖေဖေနှင့် အစေးမကပ်တော့ပေ။ ဖေဖေ အိမ်မှာရှိသည့် အချိန်များတွင် ကျွန်တော်က အခန်းအောင်းနေလေ့ရှိပြီး ဖေဖေအပြင်ထွက်ချိန်ကျမှ အခန်းပြင်သို့ ထွက်လာမိသည်။ ဖေဖေသည် ကျွန်တော် ဘာလုပ်လုပ် မျက်နှာတိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားဖြင့် စောင့်ကြည့်နေသည်ဟု ကျွန်တော်ခံစားရသောကြောင့် ဖြစ်သည်။

ဖေဖေသည် ကျွန်တော်ဆေးလိပ်သောက်မှာ စိုးရိမ်သည်။ အရက်သောက်မှာ စိုးရိမ်သည်။ အပျော်ကြူးမှာ စိုးရိမ်သည်။ ကျွန်တော် ဖေဖေ့ကို စိတ်ထဲက မေးချင်ခဲ့သည်။ ဖေဖေ ကျွန်တော့်အရွယ်ကရော အဲဒါတွေ မလုပ်ခဲ့ဘူးလား။

ထိုမေးခွန်းကို ဘယ်တုန်းကမှ မမေးဖြစ်ခဲ့သည့်အတွက် ကျွန်တော် စိတ်သက်သာရာ ရပါသည်။

ကျွန်တော့် ဘောလ်ပင်ဖြင့် မှတ်တမ်းကို စ,ရေးလိုက်၏။

*၂၀၀၂ မေ ၂၇ ရက်၊ ဗုဒ္ဓဟူး၊ ည ၈း၀၀ နာရီ။*

*ညနေက ကတ္တီပါသားလို ပြာမှောင်ပြီး တောက်ပနေတဲ့ လိပ်ပြာလေး တစ်ကောင်ကို ကျွန်တော် ဖမ်းခဲ့သေးတယ် ဖေဖေ။*

*



## ပင်လယ်ရေပြင်အထက် ၁၇၉၀ ပေ

ကျွန်တော် ဓာတ်ပုံထဲက တံတားကို ရောက်နေပြီ။ ကျွန်တော် ဓာတ်ပုံကို လက်ဖြင့် မြှောက်ကိုင်ကြည့်လိုက်မိသည်။ ဓာတ်ပုံပေါ်တွင် ဖေဖေ့ လက်ရေးဖြင့် နောင်မွန်းအဝင် နမ့်တီးဆန် မြစ်ကူးကြိုးတံတားဟုရေးထားခဲ့သည်။

ကြိုးတံတားသည် ဓာတ်ပုံထဲကထက် နည်းနည်းပိုသစ်နေသည်ဟု ထင်ရသည်။ ပိုလာရွိုက်ဓာတ်ပုံ၏ အားနည်းမှုဖြစ်နိုင်ပါသည်။ သစ်သားခင်း တံတားကြမ်းပြင်ကို ကျွန်တော်နင်းလျှောက်ရင်း စိတ်တက်ကြွမှုဖြင့် ရင် တလှပ်လှပ်ခုန်နေ၏။ တံတားသည် နည်းနည်းတော့ လှုပ်၏။ ကြိုးတံတား မှန်း သိသာရုံပဲ လှုပ်ခြင်းဖြစ်သည်။ အောက်တွင် မြစ်သည် ကြည်လင်စွာ အတော်အတန် ရေစီးသန်စွာ တသွင်သွင်စီးဆင်းနေသည်။

အထမ်းသမားများနှင့် ကျွန်တော်တို့ သိပ်အဆက်ပြတ်မနေခဲ့သဖြင့် တံတားတစ်ဖက်ထိပ်မှာ ခဏသာ စောင့်လိုက်ရသည်။ နေ့လယ် ၃း၀၀ နာရီ ထိုးပြီးခါစ ဖြစ်သည်။ ကံအားလျော်စွာ မိုးသားကင်းစင်ပြီး နေရောင် နည်းနည်း တောက်နေသဖြင့် ပတ်ဝန်းကျင်ကို ထင်ရှားသဲကွဲစွာမြင်ရလေသည်။

နောင်မွန်းသည် တောင်ပေါ်က မြေပြန့်လွင်ပြင်မြို့တစ်မြို့ ဖြစ်သည်။ အဝေးဆီမှာ ရေခဲဖုံးတောင်တန်းများကို မြင်ရပြီ။ အစိုးရရုံးများ ရှိရာသို့ ကျွန်တော်နှင့် ဦးအိုက်နွမ် လျှောက်လာကြစဉ် အထမ်းသမားများက နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ထက်ကြပ်မကွာ လိုက်လာကြသည်။ ကျွန်တော့်ခြေလှမ်းများသည် မချမ်းသောမှ ထွက်လာချိန်မှ ယခုအချိန်ထိ ပထမဆုံးအကြိမ် သွက်လာသည်။

ဖြတ်သွားဖြတ်လာ မြို့သူမြို့သားများသည် မြန်မာပုဆိုး မြန်မာထဘီများ ဝတ်ထားကြသော အသားဖြူဖြူတိုင်းရင်းသားများ ဖြစ်ကြသည်။ ကျွန်တော့်ကို သူတို့ ရင်းနှီးနွေးထွေးသော အပြုံးများဖြင့် ကြည့်သွားကြသည်။

ဦးဖုန်ဒီးရမ်ဟူသော စာအိတ်ကို အရင်ထုတ်မိသည်။ ထို့နောက် ဦးမြင့်လွင်ဟူသော စာအိတ်။ ဘယ်သူ့ကို အရင်ရှာရမည်လဲ ဝေခွဲမရဖြစ်နေစဉ်မှာပင် ကျွန်တော်တို့သည် မြို့နယ်စာရင်းရုံးရှေ့နားသို့ ရောက်နေပြီဖြစ်သည်။ ထို့ကြောင့် ဦးဖုန်ဒီးရမ်စာအိတ်ကို အောင်းဘီအိတ်ထဲ ပြန်ထည့်ကာ ဦးမြင့်လွင်ကို အရင်ရှာရတော့သည်။

ယနေ့ သောကြာနေ့ ဖြစ်သည်။ ရုံးဆင်းချိန်လည်း မရောက်သေး။ သို့သော် ရုံးမှာ လူကျဲကျဲသာ မြင်ရသည်။

ဖိုင်တွဲတွေ အပုံလိုက် တင်ထားသည့် စားပွဲတစ်လုံးနောက်ရှိ လူ တစ်ယောက်ဆီ ကျွန်တော် လျှောက်သွားလိုက်၏။ သူ့အနီးက အခန်းနံရံမှာ မြဝတီ ပြက္ခဒိန်တစ်ခု ချိတ်ထားသည်။ ကျွန်တော် ရောက်သွားတော့ သူက မော့ကြည့်သည်။

'ဦးမြင့်လွင် ရှိပါသလား'

ထိုလူက သူ့နောက်ဘက် ခပ်လှမ်းလှမ်း ရုံးစားပွဲတစ်ခုဆီ လှမ်းကြည့်ပြီး လူတစ်ယောက်အား လှမ်းအော်၏။

'ဆရာမြင့်ရေ့...ဆရာ့ဧည့်သည်'

ထို့နောက် တစ်လက်စတည်းပင် ကျွန်တော့်အား ထိုသူထံ လက်ညှိုးညွှန်ပြ၏။ ရုံးစားပွဲဆီမှ လူသည် ကျွန်တော့်အား အကဲခတ်ကြည့်ဖြင့် လှမ်းကြည့်ရင်း ထလာပါသည်။ ကျွန်တော် ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

ဦးမြင့်လွင်သည် အသက် ၄၀ နှင့် ၄၅ ကြား လူလတ်ပိုင်းတစ်ယောက်ဖြစ်သည်။ အသားညိုညို၊ အရပ် မနိမ့်မမြင့်၊ မျက်နှာဝိုင်းဝိုင်း၊ ပြုံးချိုသော မျက်နှာထား ရှိသည့် မြန်မာလူမျိုးတစ်ယောက် ဖြစ်သည်။





'ကျွန်တော့်နာမည် ဥက္ကာပါဆရာ၊ ရန်ကုန်က လာတာပါ၊ ဆရာ့အတွက် အန်ကယ် ဦးထွန်းမြင့်က စာရေးပေးလိုက်ပါတယ်'

ကျွန်တော် စာကိုထုတ်ပေးလိုက်တော့ သူ့ဝမ်းသာအားရလှမ်းယူသည်။

'ဟာ...အန်ကယ်က လွှတ်လိုက်တာကိုး၊ သူတို့ နေကောင်းကြရဲ့လား'

'ကောင်းပါတယ် ခင်ဗျ'

'လာ လာ...စားပွဲ ဆီကို လာ'

ကုလားထိုင်မှာ ထိုင်မိကြတော့ သူက စာအိတ်ကို ဖောက်သည်။

'ခင်ဗျားနဲ့ မိတ်ဆက်ပေးလိုက်တဲ့ စာ ဖြစ်မယ်ဗျ'

ကြည့်ရတာ ဦးထွန်းမြင့်သည် နောင်မွန်းနယ်ခံ ဦးမြင့်လွင်အား ကျွန်တော့်လို ဧည့်သည်တွေအတွက် အကူအညီ တောင်းဖူးဟန်တူပါသည်။

စာဖတ်ပြီးနောက် ဦးမြင့်လွင်သည် လေတစ်ချက်ချွန်လိုက်၏။

'ကာကာဘိုထိ သွားမယ်ဆိုပါလား၊ ကောင်းတယ်ဗျာ၊ ဒေသန္တရဗဟုသုတ ရတာပေါ့၊ ကျွန်တော်ကတော့ နောင်မွန်းရောက်နေတာ သုံးနှစ်ရှိပြီ၊ ဂဝိုင် မပြောနဲ့ ပန်နန်းဒင်တောင် မရောက်ဖူးပါဘူး'

ကျွန်တော်နှင့် ဦးအိုက်နွမ် နှစ်ယောက် ဦးမြင့်လွင်အိမ်မှာ တည်းခို ညအိပ်ခွင့် ရသည်။ အထမ်းသမားများက အိမ်နောက်ဘက်က စိုက်ခင်းကွင်းပြင်ရှိ ယာစောင့်တဲတွင် ညအိပ်ရန် စီစဉ်ကြသည်။ နောက်တစ်နေ့ နံနက်တွင် ဦးအိုက်နွမ်နှင့် အထမ်းသမားများ နမ်းခမ်းသို့ ပြန်ကြမည်ဖြစ်သည်။

'ရေမိုးချိုးပြီးမှ ထမင်းစားကြတာပေါ့'

ရေချိုးသည်ဆိုရာ၌ ကဆန်ခ ချောင်းထဲသို့ ဆင်းပြီးချိုးရခြင်း ဖြစ်ပါသည်။ ချောင်း၏ ခြေပြင်ဖြစ်သော ကမ်းပါးကို ရေချိုးဆိပ်ပြုလုပ်ထားသည်။ ယောကျ်ားတွေနှင့် မိန်းမတွေ ရေချိုးဆိပ်မှာ ဆုံဖြစ်ကြမှာပဲဟု ကျွန်တော် တွေးပြီး အနည်းငယ် စိတ်မသက်မသာ ခံစားရ၏။ ကျွန်တော်သည် မိန်းမတွေ ရှေ့တွင် ရေမချိုးချင်ပါ။

သို့သော် တကယ်တမ်း ချောင်းထဲဆင်းချိုးသည့်အခါမှာတော့ မိန်းမတွေ ရေချိုးရာဆိပ်ကမ်းနှင့် တော်တော်ဝေးသည်ဟု သိသွားသည်။ နောက်ပြီး ရေက အေးစက်နေသဖြင့် ဘယ်သူမှ ကြာကြာမချိုးနိုင်။ ဘယ်သူမှလည်း နှစ်ပြီး ရေမချိုးနိုင်လောက်ပါ။ ရေချိုးဆိပ်သည် ရှင်းလင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ဖြတ်လာတဲ့ မြစ်ထဲကို ဝင်တဲ့ ချောင်းလား'

ကျွန်တော့်အမေးကို ဦးမြင့်လွင်က ရယ်မောဏ်။

'ဒါ ခင်ဗျားဖြတ်ခဲ့တဲ့ ချောင်းပဲဗျ၊ မြစ်လို့ခေါ်ရင်လဲ ရတာပေါ့ဗျာ၊ နာမည်အမျိုးမျိုးခေါ်တယ်၊ ရှန်ခချောင်း၊ ကဆန်ခချောင်း၊ တီးဆန်မြစ်၊ နမ့်တီးဆန်မြစ်...အားလုံးက ဒီချောင်းတစ်ခုတည်းပဲ'

ခဏအကြာတွင် ဘာကြောင့်ရေချိုးသူမရှိရသလဲဟူသော အမေးအတွက် တော်တော်ပြည့်စုံသော အဖြေကို ရလာတော့သည်။ ကျွန်တော်တို့ဆီသို့ တဖိဖိ ပျံသန်းလာသော ဖြုတ်ကောင်များကို ရင်ဆိုင်လိုက်ရတော့သည်။

'ဒါကြောင့် မြန်မြန်ချိုးဖို့ ပြောတာ ကိုဥက္ကာရေ'

ဦးမြင့်လွင်ကတော့ ဖြုတ်ကိုက်သည့်ဒဏ်ကို ရယ်မောနိုင်လေသည်။ သူသည် ကျွန်တော့်ခြေထောက်မှ ဒဏ်ရာများကို မြင်သွား၏။

'ခင်ဗျားကို ဒီကောင်တွေ တော်တော်တွယ်လိုက်ကြပါလားဗျာ၊ များတယ်နော်...ဆေးထည့်မှ ဖြစ်မယ်'

'ကျွန်တော် ထည့်ထားပါတယ်၊ အဲ...ဒါပေမဲ့ ဆေးခန်းတော့ သွားချင်တယ်ဗျ၊ ကျွန်တော် ဒီဒဏ်ရာတွေ ရောင်လို့ စားနေရတဲ့ဆေးနဲ့ ငှက်ဖျားဆေးနဲ့ အတူတွဲစားလို့ ရ မရ မေးချင်တာ'

ကျွန်တော်တို့ ရွာထဲပြန်ဝင်သောအခါ အတော်အတန် မှောင်ရီပျိုးနေပြီ။

'ဆရာဝန်က ဒီမှာမရှိဘူးဗျ၊ ဆေးရုံမှာ သူနာပြုဆရာမကြီးပဲ ရှိတယ်၊ သူ့အိမ် သွားပါလား၊ ကျွန်တော့်အိမ်နဲ့ သိပ်မဝေးဘူး၊ သဘောကောင်းတယ် ဒေါ်ရီနင်ဆား...တဲ့'

ညနေ ၆း၀၀ နာရီတွင် ကျွန်တော်သည် သဘောကောင်းသော အပြာဝတ် သူနာပြုဆရာမကြီး ဒေါ်ရီနင်ဆား ထံ ရောက်ရပါသည်။

သူနာပြုဆရာမကြီးသည် အိမ်ဘေးမှာ အဆောင်သေးသေးလေး ချထားပြီး လူနာတွေကို လက်ခံကုသပုံရပါသည်။ လူနာလည်း သိပ်ရှိပုံမရပါ။ ခြံဝင်းရှေ့တွင် ကျောက်ဖရုံသီးပင်တစ်ခု စင်ထိုးထားပြီး အသီးတွေ ပြွတ်နေအောင် သီးနေတာ တွေ့ရသည်။ ဤဒေသမှာ တွေ့ရလိမ့်မည်ဟု မထင်သော နှင်းဆီပင်များကို အတန်းလိုက် စိုက်ပျိုးထားတာ တွေ့ရ၏။





သခော်ာသီးပင်မှာတော့ အသီးမရှိ။ ရှည်ကိုင်းမြင့်မားစွာ အိမ်ပေါ်သို့ မိုးနေသည်။

'ဆရာမကြီး...'

ကျွန်တော် အော်လိုက်သောအခါ အိမ်ထဲမှ မိန်းမငယ်လေးတစ်ယောက် ပြေးထွက်လာသည်။

သူမကိုမြင်တွေ့လိုက်ရသောအခါ ကျွန်တော် တစ်ခဏငေးမောမိသွား၏။

မြင်မြင်ချင်း ချစ်မိသည် ဟူသော စကားကို ကျွန်တော် မယုံပါ။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော် ကောင်မလေးတစ်ယောက်ယောက်ကို မြင်မြင်ချင်း တစ်ခါမှ ချစ်စိတ်ဝင်လို့ မရခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်တော် နည်းနည်းတော့ စိတ်ကူးယဉ်မျှော်လင့်ခဲ့မိ၏။ မြင်လိုက်သည့် တစ်ခဏမှာ ကျွန်တော့်စိတ်တွေ လှုပ်ရှားယမ်းခါသွားအောင် အံ့ဩငေးမောရမည့် မိန်းမလှတစ်ယောက်ကို ကြုံတွေ့ဖူးချင်သည်။

ကျွန်တော့်ရှေ့မှ မိန်းကလေးမှာ ပကတိရိုးစင်းသော မျက်နှာပေးနှင့် ကြည်စင်သော မျက်လုံးမည်းမည်းတောက်တောက်များဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကော့ပျံမည်းရှုပ်သော မျက်တောင်များကို မခတ်ဘဲ ဖြစ်သည်။

'ဘယ်သူလဲ'

သူမ၏ ပန်းနုရောင် နှုတ်ခမ်းဖောင်းဖောင်းနုနုလေး လှုပ်ရှားသွားသော်လည်း စကားတစ်ခွန်း ပြောလိုက်မှန်း ကြားလိုက်သော်လည်း ကျွန်တော် ရေရေလည်လည် နားမလည်လိုက်ပါ။ သူမ စကားဝဲလွန်း မြန်လွန်းသောကြောင့်တော့ မဟုတ်။ ကျွန်တော့်အာရုံက သူမ၏ မျက်လုံးနက်နက်များဆီမှာ တွယ်ကပ်နေခဲ့သောကြောင့် ဖြစ်သည်။

'ဆရာမကြီး ရှိပါသလား'

'ဘာကိစ္စရှိလို့လဲ၊ ဆရာမကြီး ရွာထဲ ခဏသွားတယ်'

'ကျွန်တော်ဆေးသောက်တဲ့ကိစ္စ မေးချင်လို့ပါ၊ နောက်ပြီး အနာဆေးထည့်ချင်လို့'

မိန်းကလေး၏ မျက်လုံးလေး ဝိုင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



'အနာ...'

'ဟုတ်ကဲ့၊ ကျွတ်တွေ ကိုက်တဲ့ အနာ'

မျက်လုံးကလေး လက်ခနဲ ပြူးသွားသည်။

'များလို့လား'

'များတယ် ထင်တယ်'

'ညမှ ပြန်လာပါလား၊ ဆရာမကြီးက လူနာအိမ် သွားတာ...ကြာမယ်'

သူမသည် သူနာပြုဆရာမ ဖြစ်စိမ့်ဟု ငယ်သေးသည်။ အသက် ၁၈ နှစ်လောက်ပဲ ရှိဦးမည်ထင်သည်။ ပါးမို့မို့ဖောင်းဖောင်းလေးမှာ ပြောင်တင်းနေသည်။ ညနေ ဆည်းဆာချိန်၏ မှိန်ဖျော့ဖျော့အလင်းက သူမ၏ ပါးပြင်ကို နီထွေးချော့မွှတ်စေ၏။ မျက်ခုံး ထူထူမည်းမည်းလေးတွေမှာ ကျွန်တော့်ကို ကြည့်ရင်း ကျွန်တော့်ဆုံးဖြတ်ချက်ကို စောင့်ရင်း နည်းနည်းတွန့်လာသည်။

'အဲ...ဟုတ်ကဲ့၊ ကျွန်တော် ညမှ တစ်ခေါက်ပြန်လာမယ်လေ'

ချစ်စရာကောင်းလှတဲ့ မျက်လုံးလေးတွေ။

ကျွန်တော့်ဘဝမှာ သည်လောက် ဖြူစင်ရိုးသားသော မျက်လုံးလှလှ တစ်စုံကို တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပါ။ ကျွန်တော် ထိုမျက်လုံးလေးတွေကို နောက်တစ်ခါ ဆုံရဦးမှာပဲလေ။ သူမက ဆရာမကြီး၏ သမီးဖြစ်လိမ့်မည်။ ကျွန်တော် ပြုံး၍ နှုတ်ဆက်လိုက်၏။

'ကျွန်တော် သွားဦးမယ်'

'အေး...'

သူမ ခေါင်းတစ်ချက်ညိတ်ပြီးနောက် ကမန်းကတန်းပင် 'ဟုတ်ကဲ့' ဟု ပြင်ပြောသည်။ ကျွန်တော် နောက်ဘက်သို့ လှည့်ထွက်ခဲ့တော့ ညနေ၏ နောက်ဆုံးရောင်ခြည်အောက်မှာ မြင်မြင်သမျှ လှပနေသည်ကို သတိထားမိသည်။ မြေလမ်းနီနီလေးကလည်း လှသည်။ ခြံဝင်းတစ်ခုမှ ပြေးထွက်ကာ ကျွန်တော့်ကို လှမ်းဟောင်လိုက်သော ခွေးကလေးကလည်း လှသည်။ ခြံစည်းရိုးမှာ တွယ်ကပ်ပေါက်နေသည့် ချုံပင်များမှ မရန်းပြာရောင် ပန်းပွင့်လေးတွေကလည်း လှသည်။ ဦးမြင့်လွင်၏ အိမ်အဝင်က တ,တိုင်းမွေး ပင်ကြီးလည်း လှနေပါသည်။





'လှျပ်စစ်မီး လာမှ သွားပေါ့' ဟု ဦးမြင့်လွင်က အကြံပေးသည်။

ထို့ကြောင့် ကျွန်တော်တို့ ထမင်းစားကြပါသည်။

လျှပ်စစ်မီးသည် တစ်ခဏပဲ ရသည်ဟု ဆိုသည်။ ကိုယ်ပိုင်မီးစက် ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဆီရှားသဖြင့် နောင်မွှန်းမှာ လျှပ်စစ်မီး ကြာကြာမပေးနိုင်ပါ။ ဦးမြင့်လွင်၏ ကူဖော်လောင်ဖက် ကောင်လေးသည် ကျွန်တော်နှင့် ဆရာမကြီးအိမ်သို့ အဖော်လိုက်ပေးမည်ဟု ပြောသည်။ ထို့ကြောင့် လျှပ်စစ်မီး လာလျှင်လာချင်း သူ့ကို ခေါ်ပြီး ဆရာမကြီးအိမ်သို့ နောက်တစ်ခေါက် သွားလိုက်သည်။

သည်တစ်ခါတော့ ဆရာမကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့၏။ ကျွန်တော့်အား ဆေးထည့်ခန်းထဲသို့ ခေါ်သွားခိုက် ကျွန်တော်အိမ်ထဲသို့ လှမ်းအကဲခတ်ကြည့်လိုက်သည်။ မိန်းကလေး၏ အရိပ်အယောင်ကို မမြင်ရ။ ရင်ထဲမှာ ဟာခနဲ ဖြစ်သွား၏။ တိုင်းရင်းသူကလေးသည် ကျွန်တော့်ကို ရှာပြဖို့ ပုန်းကွယ်နေတာတော့ မဖြစ်နိုင်ပါ။ ကျွန်တော်ကြည့်လိုက်သည့် မျက်လုံးအကြည့်တွေ နည်းနည်းသိသာသွားလို့ ရှက်သွားတာပဲ ဖြစ်ရမည်။ ကျွန်တော် ကိုယ့်ကိုယ်ကို ကျိတ်ဆဲလိုက်မိ၏။

'ဘာဖြစ်သလဲ သား'

စကားသံဝဲဝဲနှင့် ချိုမြစွာ မေးလာသည့် ဆရာမကြီးသည် မေမေ့ထက် နည်းနည်းကြီးနိုင်သည်။

'ကျွန်တော် ခြေထောက်မှာ ကျွတ်ကိုက်တဲ့ အနာတွေက ရောင်နေလို့ အမောက်ဇာစီလင် သောက်နေတယ်ဆရာမ၊ အဲဒါ ခြောက်နာရီခြား သောက်နေတာလေ၊ အခု ဒီနေ့ညက မက်ဖလိုကွင်း သောက်ရမယ့်ည ဖြစ်နေတယ်၊ အမောက်ဇိုင်းလ်နဲ့ မက်ဖလိုကွင်းနဲ့ သောက်တဲ့အချိန် နီးလို့ရသလား၊ အဲဒီဆေးတွေ တည့်ကြရဲ့လား ကျွန်တော်သိချင်လို့ လာမေးတာပါ'

'တည့်ပါတယ်၊ မက်ဖလိုကွင်းက ငှက်ဖျားကာကွယ်ဖို့ ကြိုသောက်ထားတာလား'

'ဟုတ်ကဲ့ ခင်ဗျ'

'ဘယ်နှလုံး သောက်ထားပြီးပြီလဲ'

'ဒီ ထွက်မလာခင် ရန်ကုန်မှာ တစ်ပတ်ကြိုပြီး တစ်လုံးသောက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မြစ်ကြီးနားရောက်တဲ့ညက တစ်လုံးသောက်တယ်၊ အခု နောက် တစ်ပတ်ပြည့်သွားလို့ တစ်လုံးထပ်သောက်ရမှာပါ၊ ည ၈း၀၀ နာရီတွေမှာ ကျွန်တော် သောက်မိတာမို့၊ အခု အမောက်ဇီးလ်လဲ ၈း၀၀ နာရီမှာ သောက် ရမှာ ဖြစ်နေလို့'

ဆရာမက အသံထွက် ရယ်မောပါသည်။

'တယ်လဲ တိကျတဲ့ ကလေးပါလားဟေ့၊ မင်းလို ငါ့လူနာတွေ အချိန် တိတိကျကျ ဆေးသောက်ရင် ဘယ်လောက်ကောင်းမလဲ၊ ဒီလိုလုပ်ကွာ... ၈း၀၀ နာရီမှာအမောက်ဇလ် သောက်လိုက်၊ ည ၁၀း၀၀ နာရီကျမှ မက်ဖလို ကွင်း သောက်လိုက်...ဟုတ်လား၊ ၁၀း၀၀ နာရီထိနေနိုင်ပါ့မလား၊ ဒီနေ့ မှ နောင်မွန်းကို ရောက်တာလား'

'ဟုတ်ကဲ့၊ ဒါပေမဲ့ နေနိုင်ပါတယ်ခင်ဗျ'

'အနာတွေရော ဆေးထည့်ချင်သေးလား၊ သား ဘာဆေးတွေ ထည့် ထားလဲ'

'နီယိုမိုင်စင် လိမ်းဆေး လိမ်းထားပါတယ်'

'ဒါဆို မလိုပါဘူး၊ အနာက နာရင် ရောင်နေရင် ပါရာစီတမောလ်လေး တွဲသောက်ပေါ့၊ ဆေးလိုရင် ဆရာမ ပေးလိုက်မယ်'

'ဟာ... နေပါစေခင်ဗျ၊ ကျွန်တော် ရန်ကုန်က အများကြီး သယ်လာပါ တယ်'

ကျွန်တော် အခန်းပြင်သို့ တစ်ချက်မျှော်ကြည့်မိသည်။

'ဒီမှာ ဆွေမျိုးရှိသလား၊ ဘယ်သူ့ဆီ လာတာလဲ'

'မရှိပါဘူး၊ ကျွန်တော် မနက်ဖြန် ခရီးဆက်မှာပါ၊ ပန်နန်းဒင်ကို သွား ရမှာ ခင်ဗျ'

'ဟေ...'

ဆရာမကြီးက ကျွန်တော့်အား ခြေဆုံး ခေါင်းဆုံး ကြည့်လာသည်။

'ဘာသွားလုပ်မှာလဲ'

'ကျွန်တော် ခါကာဘိုရာဇီဘက် သွားမလို့ပါ'

'ဘုရားသခင်...'

'ဆရာမ... ဉာဏ်ပူဇော်ခ၊ အဲ... ပညာရှင်ကြေး...'





ကျွန်တော်သည် ဆေးဖိုးဟု ပြောလို့မရသဖြင့် အတိုင်ပင်ခံ ပညာရှင် ကြေး (consultant fee) ကိုမြန်မာလို ဘယ်လိုမေးရမှန်းမသိဖြစ်နေ၏။

ဆရာမကြီးက ကျွန်တော် ဘာဆိုလိုမှန်း သိသွားကာ ခေါင်းယမ်းခါ လျက် ငြင်းလေသည်။

'ဟေ... မဟုတ်တာကွယ်၊ ပေးစရာမလိုပါဘူး၊ ငါလဲ ဘာမှ လုပ်မပေး ရဘူး'

ကျွန်တော် ဆရာမကြီးကို အထပ်ထပ် ကျေးဇူးတင်လျက် ဆေးခန်း လေးထဲမှ ထွက်လာခဲ့သည်။ လေတစ်ချက် ဝှေ့ခနဲ တိုက်ခတ်လာသည်။ နှင်းဆီပင်များ ယိမ်းနွဲ့လှုပ်ရှားသွားကြသည်။ အမှောင်ထုထဲတွင် နှင်းဆီ ခန်းပွင့်ကလေးများကို ခပ်ဖြူဖြူ ဝိုးတဝါးတွေ့ရသည်။ ခြံရှေ့သို့ လှည့် ပြန်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် အိမ်ဆီမှ တစ်ခုခု လှုပ်ရှားသွားသည်။ အပြာနုရောင် ခန်းဆီးတစ်ခု လှုပ်သွားခြင်းဖြစ်သည်။ ကျွန်တော့်မျက်စိ များက ခန်းဆီးနောက်ကွယ်မှ သဏ္ဌာန်လေးတစ်ခုကို ဖျတ်ခနဲဖမ်းမိလိုက် ၏။ ပါးလှပ်သော ခန်းဆီးကို ဖောက်ထွင်းလျက် ဝါကျင့်ကျင့်မီးသီးရောင် အောက်မှ မျက်နှာသွယ်သွယ်လေးတစ်ခု...။ သူမပဲ။ ကျွန်တော် လှစ်ခနဲ ပြုံးမိသွားသည်။

ကျွန်တော်ခြံဝိုင်းထဲမှ ထွက်လာနေစဉ်တွင် သူမ ကျွန်တော့်ကိုပြတင်း အကွယ်မှ ချောင်းကြည့်နေခဲ့မှာပါ။

*

ကျေးငှက်သံများဖြင့် အိပ်ရာမှ နိုးရသည့် အရသာမှာ တော်တော် အေး ချမ်း၏။

ကျွန်တော့်အိပ်ရာ၏ ခေါင်းရင်းတွင် ပြတင်းပေါက်တစ်ခု ဖွင့်ထား ပြီး ပြတင်းပေါင်ပေါ်တွင် ငှက်ကလေးတစ်ကောင် နားနေသည်ကို ခြင်ထောင် အကို ဖောက်ထွင်းလျက် မြင်နေရသည်။ သည်ကောင် အော်သည့်အသံ တော့ မဖြစ်နိုင်။ ကျွန်တော် လှုပ်လဲထထိုင်ချိန်တွင် ငှက်ကလေး သုတ်ခနဲ ထပျံသွား၏။ ဒါ... နောင်မွန်းပါလားဟု သတိရသွားသည့်အခါ ညာဘက် သို့ လှမ်းကြည့်လိုက်မိသည်။ ဦးမြင့်လွင်၏အိပ်ရာ မရှိတော့ပါ။ သို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကျအန ခေါက်ပြီးသား ဖြစ်နေသည်။ အခုမှ သတိရသည်။ သည်နေ့နံနက် ကျွန်တော် နောင်မွန်းကနေ ရှေ့ခရီးဆက်ရမည်။

ခရီးဆက်ရမည်ဆိုသောအခါ ညနေက ကချင်မလေးကို ဖျတ်ခနဲ မြင်ယောင်သွားပါသည်။ မည်းနက်တောက်ပသော မျက်ဝန်းကလေးများ။ နီထွေးပြီး တင်းမွတ်သော ပါးပြင်မို့မို့ကလေးများ။

သူ့နာမည် ဘယ်သူပါလိမ့်။ သူ့ကို နောက်တစ်ကြိမ် တွေ့နိုင်ပါဦးမလား။ ပန်နန်းဒင်သို့ မထွက်ခွာမီ သူ့ကို ခဏလောက် မြင်ချင်သေးသည်။

'နိုးပြီလားဗျ'

ကြမ်းခင်း သိမ့်ခနဲ လှုပ်သွားပြီး ဦးမြင့်လွင် ရောက်လာသည်။

'ဟုတ်ကဲ့၊ အိပ်လို့ကောင်းလိုက်တာအစ်ကိုရာ တစ်ရေးမှတောင် မနိုးဘူး'

'အထမ်းသမားတွေတော့ မရောက်သေးဘူး၊ အချိန်ရရင် ဈေးထဲ ဝင်ပြီး လိုတာလေး ဘာလေး ဝယ်ရတာပေါ့'

သူ ကျွန်တော့်ခြင်ထောင်ကို ကြိုးဖြုတ်ပေးရန် ဟန်ပြင်သည်။ ကျွန်တော် ကမန်းကတန်း ထွက်လိုက်ရ၏။

'အာ... ရတယ် အစ်ကို၊ ကျွန်တော် ဖြုတ်မှာပါ၊ နည်းနည်း အပျင်းကြီးနေလို့'

သူ ခပ်ဟက်ဟက် ရယ်ပါသည်။

'ခရီးက ပင်ပန်းတာကိုး၊ မျက်နှာသစ်ပြီးရင် မုန့်ပျားသလက် စားရအောင်... အဆင်သင့်ပဲ'

နံနက်စာ အခါးရည် ရေနွေးကြမ်းနှင့် မုန့်ပျားသလက်ကို အားရပါးရ စားကြတုန်း ကျွန်တော် အကြံတစ်ခု ရသွား၏။ ညတုန်းက ဆရာမကြီးက ပိုက်ဆံ မယူလိုက်ဘူးဆိုတော့ လက်ဆောင်ပစ္စည်း သွားပေးလျှင် ကောင်းမည်။ ဘာပေးရမလဲ။ ဦးမြင့်လွင်ကို ပေးသည့် ချောကလက်ထုပ်ကြီးမျိုး ပေးရင် ကောင်းမလား။ ကောင်းတယ်။ နောင်မွန်းမှာ ချောကလက် ရှားမှာပဲ။ ဆရာမကြီးကို ပေးတော့ သူလည်း စားရတာပေါ့။

ကျွန်တော် ဒုတိယအကြိမ် ထပ်မတွေးတော့ဘဲ နံနက်စာဝိုင်းမှ ထလိုက်သည်။ ဦးအိုက်နွမ်က မော့ကြည့်၏။

'ဝပြီလား'





'ဟုတ်ကဲ့၊ ကျွန်တော် လက်ဆောင်ပစ္စည်းတစ်ခု သွားပေးစရာ ရှိလို့ဗျ'

ချောကလက်ထုပ်ကို ယူ၍ စိတ်မြန်ကိုယ်မြန် ထွက်လာခဲ့ချိန်မှာ နံနက် ၈း၀၀ နာရီထိုးပြီးနေပြီ။ ဆရာမကြီး ဆေးရုံများ သွားနေပြီလား။

ယနေ့နံနက် မိုးသားကင်းစင်ပြီး နေရောင်ခြည်ပျပျ တောက်ပနေသည်။ မြေပြင်သည် မိုးရွာထားသဖြင့် ရွံ့အရိပ်အယောင် ရှိသော်လည်း ခပ်စိုစိုထပ်ထပ်သာ ဖြစ်နေ၏။

ဆရာမ ဒေါ်ရီနင်ဆား၏ အိမ်ဝိုင်းထဲသို့ ကျွန်တော် ဝင်လိုက်သော အချိန်မှာ နှင်းဆီပန်းခင်းကြားမှာ လိပ်ပြာအဝါရောင်နှစ်ကောင် ပျံသန်းလှည့်ပတ်လျက်ရှိခဲ့သည်။ ဒါ... နိမိတ်ပြသင်္ကေတတစ်ခု ဖြစ်လေမလား။ ဘယ်တုန်းကမှ နိမိတ်တွေ၊ အရိပ်အယောင်တွေကို စိတ်မဝင်စားခဲ့ပေမယ့် ကျွန်တော်သည် လိပ်ပြာလေးနှစ်ကောင်ကို မြင်လိုက်ရသည့်အခါ ရင်ထဲမှာ နွေးသွား၏။

'ဆရာမကြီး...'

ကျွန်တော် အသံပြုလိုက်ရင်း မနေ့ညနေကလို သူမ ပြေးထွက်လာမလားဟု မျှော်လင့်မိသည်။ သို့သော် ကျွန်တော် ကံဆိုးသွား၏။ ဆရာမကြီး ထွက်လာသည်။ အင်္ကျီအဖြူ ထဘီအပြာနှင့် ဖြစ်သည်။

'အေ... မနေ့က ကလေးပါလား'

'ဆရာမကြီးအတွက် ရန်ကုန်လက်ဆောင်ပါ'

ကျွန်တော် ချောကလက်ထုပ်ကို ကမ်းပေးတော့ ဆရာမကြီး အားနာနာ ငြင်းပယ်လေသည်။

'အို... မဟုတ်တာ၊ ဘာလက်ဆောင်မှ ပေးစရာမလိုပါဘူးဟယ်၊ ပေးရာရှိသူတွေကို ပေးပါ'

'ကျွန်တော် အများကြီးဝယ်လာတာပါ ခင်ဗျာ၊ ယူလိုက်ပါ'

ကျွန်တော် ဆရာမကြီးနောက်ဘက်သို့ ကျော်ကြည့်ရင်း အိမ်ထဲသို့ တစ်ချက် အကဲခတ်လိုက်မိ၏။ အရိပ်အယောင်လေးမျှပင် မမြင်ရပါ။ ဆရာမကြီးက ချောကလက်ထုပ်ကို အားနာပါးနာ လှမ်းယူလိုက်သော်လည်း ကျွန်တော့်ကို အိမ်ထဲ ဖိတ်ခေါ်မည့်ပုံ မရှိပါ။ သည်တော့ ကျွန်တော်ကလည်း သိတတ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမလဲ ဆေးရုံသွားရတော့မယ် ထင်တယ်၊ ကျွန်တော်လဲ ခရီးဆက်ရဦးမှာမို့ ခွင့်ပြုပါဦး'

'အေး အေး…လမ်းခရီးမှာ သာယာပါစေ၊ ဘုရားသခင် ကောင်းချီးပေးပါစေကွယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ…' ထိုဆုတောင်းကို ကျွန်တော် အမှန်တကယ် လိုနေပါသည်။

ကျွန်တော် ပြန်လှည့်ထွက်လာသည်အထိ သူ့အရိပ်ကလေးမျှပင် မမြင်ခဲ့ရပါ။

အေးလေ…ကျွန်တော်တို့နှစ်ယောက်သည် အစစ အရာရာ ကွဲပြားခြားနားသော၊မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းနှင့် တောင်ဘက်စွန်းမို့ မိုင်ပေါင်းထောင်နှင့်ချီ၍ ဝေးကွာနေသော လူနှစ်ယောက်ပဲ။ ကျွန်တော်စိတ်ကူးယဉ်မိတော့မလို့ပါလား။

ကျွန်တော် ဦးမြင့်လွင်အိမ်ထဲ ပြန်ရောက်တော့ ဦးအိုက်နွမ်နှင့် အထမ်းသမားများ ပြန်ဖို့ ပြင်ဆင်နေကြပြီ။ အပြန်လမ်းခရီးအတွက် သုံးရက်စာရိက္ခာနည်းနည်းပါးပါး ဝယ်ရန် သူတို့ ဈေးဘက်သို့ ထွက်ကြမည်။ ကျွန်တော်လည်း ကြိုးတစ်ခွေလောက် ထပ်ဝယ်ဦးမည်ဟု စိတ်ကူးရသဖြင့် သူတို့နှင့် အတူ ဈေးဘက် လိုက်သွားလိုက်ပါသည်။

နောင်မွန်းဈေးသည် ဆိုင်ခန်းများနှင့် သပ်ရပ်သော်လည်း မြေပြန့်ကမြို့နယ်အဆင့် ဈေးတွေလောက်တော့ မကြီးပေ။ ဈေးဆိုင်ခန်း ဆယ်ခန်းဆယ့်ငါးခန်းလောက်ပဲ ရှိသည်။ မြေပြင်မှာ ချခင်းထားသော အသီးအနှံက်တန်းက ပို၍စည်ကားသည်။ ဆန်၊ ဂျုံနှင့်၊ ပြောင်းများ အိတ်တွေနှင့် ထားပြီး ရောင်းနေသော ဆိုင်သို့ ဦးအိုက်နွမ်တို့ ဝင်သွားစဉ် ကျွန်တော်က ကြိုးရောင်းသည့် ဆိုင်တစ်ခုခု တွေ့မလားဟု လိုက်ရှာရသည်။

ကျွန်တော့်မျက်စိအောက်မှာ ဖြူဖွေးပါးလျားသော တိမ်မျှင်ကလေးတစ်စ ဖြတ်သန်းသွားသလို ခံစားလိုက်ရသည်။ အဖြူရောင် ဝတ်စုံလေးတစ်ခု၊ ကျွန်တော့်ရှေ့ တစ်ကိုက်သာသာမှာ နံနက်ခင်းလေဖြင့် ဖျတ်ခနဲလွင့်သွားသလိုပဲ။ အဖြူရောင် အင်္ကျီ၊ အနက်စင်း အနားကွပ်မျှင်မျှင်လေး





တွေ ပါသော အဖြူဆွတ်ဆွတ်ထမီ။ မည်းနက်ကော့ပျံသော မျက်တောင်ရှပ်ရှပ်များ ဝိုင်းရံထားသော မျက်ဝန်းနက်များကို ကျွန်တော်ဆုံမိပါသည်။

ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲ နွေးသွား၏။

သူပါလား…။

သူလည်း ကျွန်တော့်ကို မြင်သွား၏။ ကျွန်တော် သူ့ကို ပြုံးပြနှုတ်ဆက်ရမလား တွေဝေနေမိစဉ်မှာပင် သူ ကျွန်တော့်ကို လှစ်ခနဲ ပြုံးပြလိုက်ပါသည်။

ဘုရားရေ…တော်တော်လှတဲ့ ကောင်မလေး။

ကျွန်တော်တွေ့ဖူးသည့် မိန်းမတွေလို ဟန်မဆောင်တတ်၊ မူယာမာယာမနွဲ့တတ်။ ပကတိရိုးသားသော ရင်ထဲထိ ထွင်းဖောက်နေသည့် မျက်ဝန်းများ။ ကျွန်တော် သူ့အပြုံးကြောင့် ကိုယ့်တွေဝေမှုကို ကိုယ် မလုံမလဲခံစားလိုက်ရပါသည်။ ကျွန်တော် ပြန်ပြုံးပြလိုက်သည်။

သူက ငါးခြောက် ငါးကျပ်တင်ဆိုင်ရှေ့မှာ ရပ်နေခြင်းဖြစ်သည်။ ကျွန်တော်နှင့် သူ့ကြားမှာ လူတွေ ခြားသွားသည်။ သုံးလေးယောက်လောက် ထပ်သွားခဲ့၏။ သူ ထိုဆိုင်မှ လှည့်ထွက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ သူ့နမူးမှာ ပလိုင်းကို ကြိုးသိုင်း၍ လွယ်ထားပါလား။ ပလိုင်းက သိပ်မကြီးလှပါ။ သူနှင့် လိုက်ဖက်စွာ အသေးစားလေး ဖြစ်သည်။

ကြိုးဆိုင် ဘယ်နားရှိသလဲ သူ့ကို လိုက်မေးရလျှင် ကောင်းမလား။

သို့သော် ကျွန်တော်စိတ်ကို ထိန်းချုပ်အားတင်းလိုက်မိ၏။ မလိုက်နဲ့။ ကျွန်တော် သူ့ကို အခုမနက်ပဲ တွေ့လိုက်ပြီး ခရီးဆက်ရတော့မည်။ မနီးစပ်နိုင်မှန်း သိပါလျက်နှင့် ခဏတဖြုတ် စိတ်သာယာမှုအတွက် စိတ်ကိုလွှတ်မပေးသင့်ပါ။ မိန်းကလေး၏ ဖြူစင်သော အပြုံးကလေးမှာ အရောင်တစ်ခုခု စွန်းထင်းပြီး မနွမ်းပါစေနှင့်တော့။

ကျွန်တော် သူ့နောက် လိုက်တော့မည့် ခြေလှမ်းကို ပြန်နောက်ဆုတ်ကာ ကြိုးဆိုင်ကိုသာ လိုက်ရှာရပါသည်။ ကျွန်တော့်ခြေထောက်တွေက ကျွန်တော့်ဆုံးဖြတ်ချက်ကို အာခံချင်နေကြဟန် ရှိသည်။

ကြိုးဆိုင် သီးသန့်တော့ မတွေ့၊ သို့သော် ပလတ်စတစ်ပစ္စည်းများ အိုးခွက်များ ရောင်းသောဆိုင်မှာ ပလတ်စတစ် နိုင်လွန်ကြိုးခွေ သုံးလေးခွေကို မြင်လိုက်ရသည်။ ထိုဆိုင်သို့ ကျွန်တော်တည့်တည့်လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တိုင်းရင်းသူ အမျိုးသမီးကြီးတစ်ယောက် အပြုံးဖြင့် ကြိုဆို၏။ ကျွန်တော် ကြိုးခွေကို လက်ညှိုးထိုးပြပြီး 'နောက်ထပ် ကြိုးတွေ ရှိသေးလား' ဟု မေးမိသည်။

'မရှိဘူး၊ ဒါပဲ ရှိတယ်' ဟု ဝဲတဲတဲ စကားသံဖြင့် မြန်မာလို ပြန်ပြောလေသည်။ ကျွန်တော် ရယ်လိုက်မိ၏။

'ဘာလူမျိုးလဲဗျာ'

'ရဝမ်'

ရဝမ်လူမျိုးတွေဟာအသားဖြူကြပါလားဟု ကျွန်တော်မှတ်ချက်ချမိ၏။

အဝါရောင်ကြိုးတစ်ခွေ ရွေးယူပြီး ငွေချေနေခိုက် အဒေါ်ကြီးက 'အလည်လာသလား' ဟု မေးပါသည်။

'မဟုတ်ပါဘူး၊ ကျွန်တော် တောင်ပေါ်သွားမလို့၊ ပန်နန်းဒင် သွားမှာ'

'အိုး...'

ကျွန်တော့်ကို တစ်ယောက်ယောက် နောက်ဘက်မှ လှမ်းကြည့်နေသလို ခံစားရသဖြင့် လှည့်ကြည့်လိုက်မိသည်။ ဆိုင်ခန်း လေးငါးခန်းအကျော်မှာ အဖြူရောင်ကလေး တရွေ့ရွေ့ ဝေးသွားသည်ကိုသာ မြင်လိုက်ရ၏။

ကျွန်တော့်ရင်ထဲမှာ နွမ်းခွေသွားပါသည်။

*



## ပင်လယ်ရေပြင်အထက် ပေ ၃၃၄၅

*၂၀၀၂ ခုနှစ်၊ မေလ ၃ ရက်၊ အင်္ဂါနေ့၊ ည ၈:၀၀ နာရီ။*
*ပန်နန်းဒင်ဟာ ကျွန်တော့်အပေါ်မှာ မနွေးထွေးဘူးဖေဖေ။*
*အဲဒါ ဘာကြောင့်လဲ။ ရွာကလေးက သာယာပါတယ်။*
*အင်မိုင်ခ ကလည်း ကြမ်းတမ်းပေမယ့် လှပါတယ်။*
*ဒါပေမဲ့ ပန်နန်းဒင်က ကျွန်တော့်ကို စိမ်းကားအေးစက်မှုအပြည့်နဲ့ ကြိုဆိုခဲ့တာပါ။*

ဖေဖေ့ လျှို့ဝှက်ချက်ကို သိဖို့ ပထမဆုံးသော ကွင်းဆက်ဖြစ်သော ပန်နန်းဒင်ရွာသည် ကျွန်တော့်မျှော်လင့်ချက် ဖြစ်ခဲ့သည်။ အိမ်ခြေ ခြောက်ဆယ် ခုနှစ်လုံးလောက်ပဲ ရှိ၏။ အင်မိုင်ခ ချောင်းကမ်းပါးမှာတည်ထားသော ရွာ ဖြစ်သည်။ ပန်နန်းဒင်ကို ရောက်သည့်အချိန်၌ ထူးဆန်းစွာပင် ကျွန်တော် မမောပန်းဘဲ ခြေလှမ်းတွေ သွက်နေခဲ့သည်။

ကျွန်တော့်လက်ထဲမှာ ဓာတ်ပုံတစ်ခု ကိုင်လျက် ရွာသို့ ဝင်ခဲ့ပါသည်။ ပထမဆုံး တွေ့ရသော ရွာသားကြီးက ဓာတ်ပုံကို မြင်သောအခါ ခပ်ပြုံးပြုံးဖြင့် လက်ညှိုးညွှန်ပြသည်။ သူညွှန်ပြရာ တောင်စောင်းမှာ အိမ်တွေ ကျဲကျဲနေသည်။ ဘယ်အိမ်ကို သူပြမှန်းမသိ။ ကျွန်တော့်လမ်းပြကြီးနှင့် သူ စကားချင်းတူနေသဖြင့် ပြဿနာလုံးဝမရှိပါ။ သူတို့ချင်းချင်း ရဝမ်လိုစကား



www.burmeseclassic.com

www.burmeseclassic.com



သွက်သွက်ပြောကြသည်။ ထို့နောက် လမ်းပြကြီးက ကျွန်တော့်အား ဦးဆောင်၍ ခေါ်သွားသည်။

'ကောင်လေး…လာ၊ သစ်ပင်ပုလေးတွေနဲ့ အိမ်ပဲ'

အိမ်သည် ဤရွာရှိ တခြားအိမ်များနှင့် ပုံစံတူတူပဲ ဖြစ်သည်။ ဆောက်တိုက်အလျားရှည်ရှည် အမိုးသက်ငယ်ကုပ်ကုပ် အိမ်ခြေရင်းမှာ သစ်သားလုံးလှေကား တပ်ထားသောပုံစံပဲ ဖြစ်သည်။ သို့သော် တခြားအိမ်တွေထက် ပိုကြီးပြီး ပိုတောင့်တင်းသေသပ်သည်။ ခြံစည်းရိုးအဖြစ် သစ်ပင်ပုပုများ စီတန်းစိုက်ထားသည်။ ခြံဝင်း မြေတလင်းသည် မိုးရေဖြင့် စိုစွတ်သော်လည်း တင်းမာနေသည်။ ခြံဝင်းသည် မျက်စိတစ်ဆုံး ကျယ်လွင့်နေ၏။

ကျွန်တော် ခြံဝင်းထဲ ဝင်သွားတော့ ခွေးကြီးတစ်ကောင် ဝုန်းခနဲ ပြေးထွက်လာသည်။ ကျွန်တော် လန့်ဖျပ်ကာ နေရာမှာ သတိလက်လွတ် ရပ်နေမိသည်။ ခွေးက ခုန်ဟပ်တော့မည့်ဆဲဆဲတွင် အိမ်နောက်ဘက်မှ လူသံတစ်ခု အော်လိုက်သံ ကြားရသဖြင့် ခွေး နောက်ဆုတ်သွား၏။

'ဟော့…ဒဗလူး…'

ကျွန်တော့်အသက် ကယ်တင်ရှင်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ အိမ်နောက်ဘက်မှ ထွက်လာသူသည် နေလောင်သော အသားခပ်ညိုညိုဖြင့် တောင့်တင်းကြမ်းတမ်းသော လူငယ်တစ်ယောက် ဖြစ်၏။ ကျွန်တော့်ထက် အသက်အနည်းငယ်ကြီးနိုင်သည်။ အဖြူပေါ်မှာ ကန့်လန့်အနက်စင်းပုဆိုးကြမ်းကြမ်း တိုတို ဝတ်ထားသည်။

သူက ခွေးကို မျက်နှာတိ မျက်နှာထားဖြင့် တစ်ချက် ငေါက်လိုက်တော့ ခွေး အမြီးကုပ်ကာ ပြန်လှည့်ထွက်သွားပါသည်။ ရိုးစင်းသော မျက်နှာထား၊ အနည်းငယ် အံ့သြဟန်မျက်လုံးများဖြင့် ကျွန်တော့်ဆီ ခြေလှမ်းကျဲကျဲ ချဉ်းကပ်လာသည့် လူကို ကျွန်တော်ပြုံးပြလိုက်ပြီး ဓာတ်ပုံကမ်းပေးလိုက်သည်။

'သူ…ရှိလားဗျ'

သူသည် ဓာတ်ပုံကို ယူပြီး တစ်ချက်သာ ကြည့်သည်။ ကျွန်တော့်နောက်ဘက်ကို ကျော်ကြည့်၏။ ကျွန်တော့်နောက်ဘက်မှ လမ်းပြကြီးက ကျွန်တော့်ရှေ့သို့ ထွက်လာပါသည်။ လမ်းပြကြီးက သူ့အား စကား တစ်ခွန်းနှစ်ခွန်း ပြောသည်။ ရဝမ်လူမျိုးတွေနှင့် လေးငါးရက် အတူသွား အတူစား





ပြီးသောအခါ သူတို့စကားကို လုံးဝနားမလည်သော်လည်း ရိုပ်ဖမ်းသံဖမ်းတော့ သိနေပြီဖြစ်သည်။

ရန်ကုန်ကနေ လာတာဟူသော အဓိပ္ပာယ်၊ ခါကာဘိုရာဇီသွားမည် ဟူသော အဓိပ္ပာယ်ဖြင့် ကျွန်တော့်ကို မိတ်ဆက်ပေးနေခြင်းဖြစ်သည်။

'သူ မရှိဘူး'

ထိုသူက တော်တော်လေး ပီသသော မြန်မာစကားဖြင့် ကျွန်တော့်အား ငြင်းပယ်ပါသည်။ သူ့ငြင်းပယ်စကားကို ကြားလိုက်ရသော်လည်း သူ မြန်မာစကား ကောင်းကောင်းပြောတတ်သည်ဟု သိလိုက်ရသဖြင့် ကျွန်တော် ဝမ်းသာသွား၏။

'သူ ခရီးထွက်သွားတယ်'

ကြားလိုက်ရသော စကားကြောင့် ကျွန်တော် ဟာခနဲ မောသွားပြန်သည်။

'ကြာပြီလား'

'ကြာပြီ၊ နောက် နှစ်ရက်လောက်မှ ပြန်ရောက်မယ်၊ အတိအကျ မပြောနိုင်ဘူး'

ကျွန်တော် ရှေ့တစ်လှမ်းတိုးလိုက်ပြီး လက်ကမ်းပေးလိုက်သည်။

'ကျွန်တော့်နာမည် ဥက္ကာပါ၊ ဦးဖိရမ်ကို တွေ့ဖို့ ကျွန်တော် ရန်ကုန်ကနေ လာခဲ့တာပါ၊ ကျွန်တော် သူ့ကို စောင့်လို့ရမလားခင်ဗျာ'

လက်ကမ်းပေးပြီးမှ ကိုယ့်ကိုယ်ကို တော်တော်ကြောင်တဲ့အကောင်ပဲဟု အပြစ်တင်မိသည်။ တောထဲ တောင်ထဲမှာ ဘယ်သူက လက်ဆွဲနှုတ်ဆက်မှာလဲ။ သို့သော် ကျွန်တော်ကမ်းသောလက်ကို သူက သွက်လက်စွာပင် ဆွဲယူဆုပ်ညှစ်ပါသည်။ သူ့အရပ်က ကျွန်တော့်အရပ်နှင့် အမြင့်အတူတူပဲ ဖြစ်၏။ သူ့လက်တွေက ကြမ်းရှသည်။

'ဒီဓာတ်ပုံက ဘယ်က ရတာလဲ'

သူသိချင်သည်ကို တဲ့တိုးမေး၏။ ကျွန်တော် မေးသည့် မေးခွန်းကို မဖြေသေးပါ။

'ကျွန်တော့်ဖေဖေ ရိုက်ခဲ့တဲ့ ဓာတ်ပုံပါ၊ လွန်ခဲ့တဲ့ ခြောက်နှစ်က ကျွန်တော့် ဖေဖေကို ဒီဓာတ်ပုံရှင်က လမ်းပြလုပ်ပေးပြီး ခါကာဘိုရာဇီတောင်ထိပ်ကို သွားခဲ့ကြပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ လက်ခနဲဖြစ်သွား၏။ ဖေဖေ့ကို သူ မှတ်မိနေမည်ဖြစ်ကြောင်း ကျွန်တော် လောင်းရဲပါသည်။

'ဩော်...'

'အဲဒီခရီးမှာ ကျွန်တော့်အဖေ ပျောက်ဆုံးသွားခဲ့တယ်'

သူ စူးခနဲ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ခေါင်းကိုပြန်ပေးလာ၏။

'အဖေက ပြောပြဖူးပါတယ်၊ အဖေ့ကို အခုတွေ့ချင်တာက ဘာကိစ္စလဲ'

သူက အနည်းငယ်ပြေပြစ်လာသော လေသံဖြင့် မေးရင်း ကျွန်တော့်နောက်ဘက် ခြံအပြင်မှ အထမ်းသမားများအုပ်စုဆီ လှမ်းကြည့်သည်။ အထမ်းသမား ကောင်မလေးနှစ်ယောက် ဆူညံဆူညံနှင့် စကားပြောနေကြ၏။

'ကျွန်တော်ခါကာဘိုရာဇီကို သွားချင်ပါတယ်'

'တောင်တက်ဖို့ဟုတ်လား'

ကျွန်တော်၏ နွမ်းဖတ်ခွေပျော့နေသော မိုးရေစိုစွတ်ကာ ညစ်ထေးစုတ်ပြတ်နေသော ကိုယ်ခန္ဓာကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ကျွန်တော် ဤခရီးတွင် ကိုယ်အလေးချိန် တော်တော်ကျသွားမှန်း သိပါသည်။

သို့သော် ကျွန်တော့်ကိုယ်ခန္ဓာက ခါကာဘိုရာဇီတောင်ခြေထိတောင် မရောက်နိုင်မည့် ဟန်ပန်မျိုးထိတော့ မပေါက်သေးဘူးဟု မျှော်လင့်ထားခဲ့မိသည်။

'တောင်တက်ဖို့ မဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ်၊ ငါ့အဖေကတော့ ကျန်းမာရေးမကောင်းဘူး၊ မင်းကို လမ်းပြပေးနိုင်မှာမဟုတ်ဘူး၊ တခြားလမ်းပြ ရှာပါ'

ယတိပြတ်ကြီး ငြင်းခံလိုက်ရသောအခါ ကျွန်တော်စိတ်ဓာတ်ကျသွား၏။

'ကျွန်တော် အစ်ကို့အဖေကို တွေ့တဲ့အထိ စောင့်ပါရစေ'

သူ တစ်ချက် တွေစဉ်းစားပြီးနောက် လိုက်လျောစွာ ခေါင်းညိတ်၏။

'စောင့်ပေါ့'

သူ အိမ်ဘက်ဆီ ပြန်လှည့်ရန် ခြေလှမ်းပြင်သည်။ ကျွန်တော် ကမန်းကတန်း စကားဆက်ရသည်။





'ကျွန်တော် ဒီအိမ်မှာပဲနေပြီး စောင့်ချင်တာ'

'အေး... စောင့်လေ'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

အိမ်ရှင်သည် ကျွန်တော်တို့အားလုံးအား အိမ်ပေါ်မှာ တည်းခွင့်ပြု၏။ ဒီလိုတော့လည်း သဘောကောင်းသားပဲဟု တွေးမိသည်။ တောင်ပေါ် တိုင်းရင်းသားမို့ လောကဝတ်တရားနဲ့ မပျက်ကွက်တတ်တာ ထင်ပါရဲ့။

လမ်းပြကြီးနှင့် အထမ်းသမားများသည် ခရီးဆုံးသွားပြီမို့ စိတ်လွတ်ပျော်ရွှင်နေကြ၏။ လုပ်အားခများ ရှင်းပေးပြီးသွားသောအခါ သူတို့ ပို၍ လွတ်လပ်သွားကြသည်။

အိမ်ရှင်၏ ခွေးသည် အခြားသူများကို ဘာမှ ရန်မမူသော်လည်း ကျွန်တော့်ကိုမြင်လျှင် မာန်ဖီချင်သေးသည်။ ကျွန်တော် အိမ်ပေါ်မှာပဲ ထိုင်နေရခိုက် အထမ်းသမားကောင်မလေးတွေ ကျွန်တော့်ပစ္စည်းတွေကို အိမ်ပေါ်သို့ ခေါက်တုံ့ခေါက်ပြန် တင်ပေးကြသည်။

အိမ်သည် အပြင်က မြင်ရသည်ထက် အတွင်းမှာ ပို၍တောင့်တင်းသည်။ အိမ်တိုင်များမှာ သစ်မာသစ်လုံးတိုင်ကြီးများဖြစ်ပြီး ကြမ်းခင်းမှာ ဝါးပြားကြီးကြီး စိပ်စိပ် တောင့်တင်းခိုင်မာသည်။

အိမ်ခေါင်းရင်းမှာ သစ်သား လက်ဝါးကပ်တိုင် အသေးတစ်ခုပေါ်၌ ခရစ်တော် ဝေဒနာခံစားနေရဟန် ရုပ်တုတစ်ခု ရှိသည်။ ပန်နန်းဒင်ရှိ ရဝမ်လူမျိုးများသည် နတ်ကိုးကွယ်ခြင်းကို စွန့်လွှတ်ခဲ့ကြပြီ။

သို့သော် ဤအိမ်ရှင်သည် အမဲလိုက်ခြင်းအပေါ် ဂုဏ်ယူသူတစ်ဦးတော့ ဖြစ်နိုင်သည်။ အိမ်ဘေးနံရံမှာ သားကောင်မျိုးစုံ၏ ခေါင်းများကို အထက်အောက်၊ ဘေးတိုက် ချိတ်ဆွဲထားသည်။ တချို့ခေါင်းတွေက ချိုပါသည့်ခေါင်းအပြည့်ဖြစ်သည်။ တချို့ခေါင်းတွေက ဘာသားကောင်လဲဟု မသိနိုင်လောက်အောင် တစ်ဝက်တစ်ပျက်ဖြစ်နေသော ခေါင်းများ ဖြစ်သည်။ ချိုကြီးတွေ လှပစွာ ရှေ့ထိ ကောက်နေသော ခေါင်းများကိုကြည့်ပြီး ကျွန်တော် ပခုံးတွန့်သွားသည်။

ကျွန်တော့်ကျောပိုးအိတ်ထဲမှ အဝတ်ခြောက်များကို ထုတ်ယူပြီး ကိုယ်ပေါ်က အဝတ်များနှင့် လဲလှယ်ဝတ်ဆင်နေစဉ် အိမ်ပေါ်သို့ အိမ်ရှင် ထပ်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ကန့်လန့်စင်း ပုဆိုးကြမ်း ခပ်တိုတိုဝတ်ထားသော်လည်း လုံချည်အနားစတ်သံ ထွက်ပေါ်နေသည်။

'ရေတွင်းတို့ ဘာတို့ ရှိလားဗျ'

သူ ရုတ်တရက် အသံကျယ်လောင်စွာ ရယ်ချလိုက်သောကြောင့် ကျွန်တော် ကြောင်သွားသည်။

'မရှိဘူးပေါ့၊ ချောင်းရေမြစ်ရေကိုပဲ သုံးကြတာ'

ကောင်းပြီ။ မနက်ဖြန်ကျမှ အဝတ်တွေကို မြစ်ထဲ ဆင်းလျှော်တော့မည်။ နန့်တမိုင်မြစ်ဆီတောင် သွားစရာမလိုပါ။ ပန်နန်းဒင်ရွာထဲ အဝင်မှာ ချောင်းအလတ်စားတစ်ခုကို ကျွန်တော်တို့ သစ်လုံးတံတားဖြင့် ဖြတ်ခဲ့ရသည်။ အဲဒီချောင်းမှာ သွားရေချိုးလျှင် ရနိုင်သည်။ သူ ကျွန်တော့်အတွက် ဖယောင်းတိုင်နှင့် မီးခြစ် လာပေးခြင်းဖြစ်သည်။ နေရောင်တော့လုံးဝ မကျသေးပါ။

'ရပါတယ်ခင်ဗျ... ကျွန်တော့်မှာ ပါပါတယ်'

သူ လှည့်ထွက်မည်ပြင်ပြီးမှ ကျွန်တော့်အား တစ်ချက်ကြည့်ပြန်သည်။

'ငါ မေ့သွားလို့၊ ငါ့နာမည် ဖုန်ဒီးရမ်'

'ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်'

သူ့နာမည်ကို ကျွန်တော် အသံမှားထွက်မိမှာ စိုးပါသည်။ သူလှေကားဆီသို့ ပြန်သွား၏။ လှေကားထိပ်ရောက်မှ ကျွန်တော့်အား ခပ်စောင်းစောင်း တစ်ချက်ပြန်ကြည့်ပြန်သည်။

'အဖေက ခါကာဘိုရာဇီကို လိုက်မှာမဟုတ်ဘူး'

'ဘာကြောင့်လဲဗျ'

သူ မဖြေပါ။ သစ်လုံးလှေကားကို သွက်လက်စွာဆင်းသွားတော့သည်။

တောထဲတောင်ထဲက ရွာဖြစ်သဖြင့် ညဥ့်နက် မြန်ပါသည်။

ညစာ စားပြီးရုံသာ ရှိသေးသည် ညဥ့်နက် မှောင်မည်းနေပြီ။ သို့သော် အချိန်က ည ၇ နာရီခွဲသာ ရှိသေး၏။ အိမ်ပေါ်က မီးဖိုကြီးဘေးမှာပဲ ဝိုင်းချက်ပြုတ်ပြီး ဝိုင်းထမင်းစားကြရသည်။

အခါးရည်ကို ဝါးကျည်တောက်များဖြင့် သောက်ရသည်။





ဤအရပ်မှာ ဝါးတောတွေ ထူထပ်ပေါ်များသဖြင့် ဝါးကို အမျိုးမျိုး သုံးကြသည်ကို နောင်မွန်းမှာကတည်းက ကြုံခဲ့ရပြီးပြီ။ ဝါးဖြင့် ဇွန်းပြုလုပ်သည်။ ဝါးဖြင့် ရိုးရာအရက်သောက်ရန် အရက်ခွက် ကျည်တောက် ပြုလုပ်သည်။ ဝါးဆစ်အထက် လက်ငါးလုံးလောက် ဖြတ်ပြီး ရေနွေးကြမ်းခွက် ပြုလုပ်သည်။

ကျွန်တော်သည် မိုးဒဏ်၊ လေဒဏ်နှင့် နေဒဏ်ကို လျင်မြန်စွာပြောင်းလဲခံစားရသဖြင့် လည်ချောင်းတွေ နာကာ အသံအက်နေသည်။ ထို့ကြောင့် ရေနွေးကြမ်းကို များများသောက်ချင်သည်။ သို့သော် အိမ်သာသို့ ခဏခဏ ဆင်းရမှာလည်း လန့်သည်။ အိမ်အောက်မှာက ကျွန်တော့်ကို ရန်လိုသော သတ္တဝါ ရှိနေသည်မဟုတ်လား။

'ညကျရင် ခွေးကို ကြိုးချည်ထားလားဗျ'

အိမ်ရှင်က အံ့သြစရာစကားတစ်ခွန်းကို ကြားလိုက်ရသလိုပင် ကျွန်တော့်အား ဆတ်ခနဲ မော့ကြည့်သည်။

'မချည်ဘူး'

'ကျွန်တော် အောက်ဆင်းရင် ကိုက်မှာစိုးတယ်'

'ငါ့ခွေးက မကိုက်ပါဘူး'

သို့သော် သူ့ခွေး ကျွန်တော့်ကို ကြည့်မရဖြစ်နေတာတော့ သူသိပုံရ၏။

'သူ မျက်စိနောက်အောင် မနေနဲ့ပေါ့' ဟု ရွတည်တည်ဖြင့် ပြောသည်။

လမ်းပြကြီးက ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျွန်တော့်ကို နှစ်သိမ့်သည်။

'မင်းအောက်ဆင်းချင်ရင် ငါ့ကို နှိုးလေ၊ ငါ လိုက်ပို့မယ်'

'ကျေးဇူးတင်ပါတယ် ဦး၊ ကျွန်တော် နှိုးမယ်နော်'

'အေး...'

ငါ လိုက်ပို့ပေးမယ်ဟု ကတိပေးခဲ့သော လမ်းပြကြီးသည် ည ၈:၀၀ နာရီတွင် တခေါခေါ ဟောက်နေခဲ့ပြီ။

မီးဖိုဘေးမှာ မျက်စိကြောင်နေသော ကျွန်တော်နှင့် စကားနည်းလွန်းသော အိမ်ရှင်သာ ကျန်ရစ်ခဲ့၏။ စကားနည်းသောအိမ်ရှင်တွေကို စကား[illegible]ပေးပြီး ဆွဲခေါ်ခြင်း၌ ကျွန်တော်မကျွမ်းကျင်ပါ။ သို့သော် သည်ညတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ အိမ်ရှင်ကို စကားပြောရန် တာဝန်ရှိနေသလို ခံစားရသည်။

'အစ်ကို နာမည် ကိုဖုန်ရမ်နော်'

'ဖုန်ဒီးရမ်'

တစ်လုံးပဲ ရသည်။

'အစ်ကို ခါကာဘိုရာဇီကို ရောက်ဖူးလား'

'အေး'

နောက်ထပ် တစ်လုံးထပ်ရသည်။

'ဘယ်နှခေါက်လောက် ရောက်ဖူးလဲ'

'အများကြီးပေါ့'

အပြင်မှာ မိုးသဲသဲမဲမဲ ရွာသွန်းနေသည်။ ခေါင်မိုးသက်ငယ်ပေါ်သို့ မိုးကျသံ တိုးရာမှ ကျယ်လာ၏။

'ခါကာဘိုရာဇီဟာ လှသလား'

'အေး'

'ကျွန်တော် ဗီဒီယိုထဲမှာ ကြည့်ရတာတော့ ချောက်ချားစရာကြီး၊ ကျွန်တော့်အဖေသာ အဲဒီမှာ ပျောက်ဆုံးခဲ့တာမဟုတ်ဘူးဆိုရင် ဒီခရီးကို ကျွန်တော် ရောက်လာစရာ အကြောင်းမရှိပါဘူး'

သူ ဘာမှပြန်မပြောပါ။ မီးသေနေပြီဖြစ်သော ထင်းစတစ်ခုကို လက်ဖြင့် ကိုင်ပြီး မီးခဲပေါ် တင်ပေးနေသည်။ ကျွန်တော့်အိပ်ရာအေားမှာ ထွန်းထားသော ဖယောင်းတိုင်သည် လေတိုးသဖြင့် အလင်းရောင်လှုပ်နေ၏။

'ကျွန်တော့်အဖေ အဲဒီမှာ ဘာဖြစ်ခဲ့တာလဲ၊ ကို ဖုန်ဒီးရမ် သိလား'

သူ ကျွန်တော့်ကို အေးစက်စက်ကြည့်လာပါသည်။

'သေသွားတယ်လေ'

'ဘာလို့ သေသွားတာတဲ့လဲ'

'ပြုတ်ကျလို့'

'ဘယ်လိုပြုတ်ကျတာလဲ'

ကျွန်တော် အနည်းငယ်လောကြီးသွားမှန်း နောက်ကျမှ သိလိုက်ရ၏။ သူ ဝုန်းခနဲထသွားမှ သိလိုက်ရခြင်း ဖြစ်သည်။

'မင်း အိပ်ရင် ဖယောင်းတိုင်မီး ငြိမ်းလိုက်တော့'





ထို့နောက် နံရံအေားက သူ့အိပ်ရာဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ပြန်သွားသည်။

သွားပြီ။

ကျွန်တော် စိတ်ပျက်စွာပင် ခြင်ထောင်ထဲသို့ ဝင်လိုက်ရသည်။ ခေါင်းအုံးပေါ်က မှတ်တမ်းစာအုပ်ကို ဖွင့်ပြီး မှိန်ပျပျ ဖယောင်းတိုင်မီးအောက်မှာ စာတစ်ကြောင်းမှ မရေးဖြစ်သေးဘဲ ငေးစိုက်ကြည့်နေမိသည်။

ပန်နန်းဒင်ဟာ ကျွန်တော့်အပေါ်မှာ မနွေးထွေးဘူး ဖေဖေ။ အဲဒါ ဘာကြောင့်လဲ။

*

ညက တစ်ညလုံး ရွာထားသည့် မိုးကြောင့် ခြံဝင်းမြေတစ်ခုလုံး စွတ်စိုနေ၏။ ရာသီဥတုကလည်း စိတ်ဓာတ်ကျစရာ၊ နေရောင်လုံးဝမမြင်ရဘဲ အုံ့မှိုင်းညို့မှောင်နေ၏။ ပန်နန်းဒင်၏ မေနံနက်ခင်းသည် ဘုရားစူး နံနက်ခင်းဟု ကျိန်တွယ်ပြောရမလို ဖြစ်နေသည်။

ထူးဆန်းသော အမည်ပိုင်ရှင် ရန်လိုသော ခွေးသည် ခြံဝင်းထဲမှာ မရှိ။

လမ်းပြကြီးနှင့် အထမ်းသမားများ ပြန်သွားသောအခါ ကျွန်တော်တို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သော အိမ်သည် ရုတ်တရက် တိတ်ဆိတ်သွား၏။

ကျွန်တော့်အိမ်ရှင်သည် ကျွန်တော်ပြင်ဆင်ထားသော နံနက်စာ ဘီစကစ်မုန့်နှင့် ကော်ဖီကို မသောက်ခဲ့ပါ။ လမ်းပြကြီးတို့နှင့်အတူ နံနက်စာ ဆန်ပြုတ်ကို ငါးခြောက်နှင့် ကျိုပြီးသောက်ခဲ့၏။ ထို့ပြင် ကျွန်တော် လက်ဆောင်ပေးသော ငါးသေတ္တာဘူးများ၊ အသားဘူးများ၊ ပဲဘူးများကိုလည်း ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ ထိုဘူးများကို ကျွန်တော် မီးဖိုကြီးအေားမှာ ချထားလိုက်ပါသည်။

တစ်လမ်းလုံး မီးကင်ပြီး လဲပြောင်းဝတ်လာသော အဝတ်ညစ်များကို မြစ်ထဲ သွားလျှော်ရန် ကျွန်တော် အိမ်ပေါ်မှ ဆင်းခဲ့သည်။ အဝတ် တစ်ထွေ့ ဆပ်ပြာမှုန့်ထုပ်နှင့် ဆင်းလာသော ကျွန်တော့်ကို အိမ်ရှေ့မှာ ထိုင်ခွဲနေသော ဖုန်ဒီးရမ်က တစ်ချက်လှည့်ကြည့်သည်။ ထို့နောက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ တစ်ဖက်ပြန်လှည့်ကာ သူ့အလုပ် သူ ဆက်လုပ်နေ၏။

သူ ထင်းခွဲသည်က ဓားနှင့်ခွဲခြင်းမဟုတ်။ ပုဆိန်ဖြင့် ခွဲနေခြင်းဖြစ်သည်။ သူ့ဘေးမှာ ဖြတ်လက်စ သစ်တုံးတွေ စီနေ၏။ သစ်လုံးခြောက် ဖြစ်ခဲ့ဖူးဟန်တူသော သစ်လုံးစိုများသည် အရွယ်အမျိုးမျိုး၊ ရေစက်လက်ဖြင့် ပုံနေသည်။ ကျွန်တော် သူ့ဘေးမှဖြတ်လျက် ခြံဝင်းအပြင် ထွက်လိုက်သည်။

'မင်း ဘယ်သွားမလို့လဲ'

ကျွန်တော့်နောက်ဘက်မှ အသံ။ ကျွန်တော် လှည့်ကြည့်လိုက်သည်။ သူ ကျွန်တော့်အား လှမ်းကြည့်နေ၏။

'ချောင်းထဲ ဆင်းပြီး အဝတ်လျှော်မလို့'

'အိမ်မှာ မိုးရေတွေ အများကြီးလေ၊ ညနေကျရင်လဲ မိုးရွာဦးမှာပဲ၊ ဒီမှာပဲ လုပ်'

သူက ဝါးရေတံလျှောက်ဖြင့် ခံထားသော ပလတ်စတစ်ပုံးကြီးများထဲက ရေကို ညွှန်ပြသည်။

'ရပါတယ်၊ ချောင်းထဲပဲ သွားလိုက်မယ်၊ ဒီရေတွေကို သုံးရမှာမဟုတ်လား'

သူက လက်ထဲက ပုဆိန်ကို သစ်လုံးပုံပေါ် ပစ်ချလိုက်၏။ ထို့နောက် ကျွန်တော့်ဆီ လျှောက်လာသည်။

'မင်း...ဒီက ချောင်းတွေ မြစ်တွေကို မသိပါဘူး၊ ချောင်းတွေက ရေတက်မြန်တယ်၊ ရေကျမြန်တယ်၊ နောက်ပြီး ကမ်းစပ်က ခုလိုမိုးရွာပြီးခါစဆိုရင် ကျောက်တုံးတွေ ပြို၊ သစ်ပင်တွေ ပြိုနဲ့ လမ်းတွေဆိုးတယ်၊ မင်း...သွားလို့ မဖြစ်ဘူး၊ နောက်ပြီး ပိုးမွှားတွေကိုက်လို့ ပြန်ပြေးလာရမှာ'

ထို့နောက် သူသည် ပြောစရာစကားကုန်သွားသလိုပင် ဖျင်ကြမ်းပုဆိုး၏ တင်ပါးနှစ်ဖက်ကို လက်ဖဝါးများဖြင့် ပွတ်ကာ ရေသုတ်ပြီး အိမ်ပေါ် တက်သွားသည်။ ကျွန်တော် အဝတ်တွေပိုက်လျက် သည်အတိုင်း ရပ်ကျန်နေခဲ့၏။

သူပြောတာ နည်းလမ်းကျပါသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော်လည်း ဖြုတ်တွေကို အကြီးအကျယ် ကြောက်ပါသည်။ မြေပြန့်က ဖြုတ်တွေက ကိုက်လျှင်လည်း ကိုက်မှန်းမသိ။ သည်က ဖြုတ်တွေက ပျား





တုပ်သလို ကိုက်ကြခြင်းဖြစ်သည်။ သွားစရာမလိုတော့ဘူးဆိုတော့ ကောင်းတာပေါ့။

သူတို့ အဝတ်လျှော်သည့်နေရာကို ကျွန်တော်လိုက်ရှာကြည့်သည်။ ကျောက်ပြား အပြန့်ကျယ်ဟူ၍ တစ်ခုမျှမတွေ့။ အိမ်ခေါင်းရင်းက ကျောက်တုံး လုံးလုံးကြီး သုံးလေးခု ဆက်ထားသည့် နေရာသည် အဝတ်လျှော်ရန် အဆင်ပြေမည့်နေရာဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ထိုနေရာသို့ ရေပုံးကို သယ်သွားလိုက်ရပါသည်။

ညှော်လမ်းညွှန်အလုပ်သည် သာမန်အလယ်အလတ်တန်းစား အောက်အလွှာ လူတန်းစားကို အလုပ်လုပ်ချင်စိတ် ပျက်စီးစေ၏။ ကျွန်တော့်ဖခင်က တက္ကသိုလ်ဆရာတစ်ဦးဖြစ်ပြီး ကျွန်တော့်မိခင်က ကုမ္ပဏီစာရင်းစစ်တစ်ယောက်သာဖြစ်သဖြင့် ကျွန်တော်တို့အိမ်မှာ မူလက အသင့်အတင့်ချောင်လည်ရုံသာ ရှိသည်။ ထို့ကြောင့် အိမ်မှာ ရေခဲသေတ္တာသာ ရှိပြီး အဝတ်လျှော်စက် မရှိခဲ့။ ကျွန်တော် ညှော်လမ်းညွှန်အလုပ်ဖြင့် လူတန်းစားအသစ်တစ်ခုအဖြစ် ဘဝကို ရင်ဆိုင်ရသောအခါ ကျွန်တော့်အိမ်နှင့် ကျွန်တော့် လုပ်ငန်းဝန်းကျင်နေရာ နှစ်မျိုး၏ ကွာဟမှုသည် ရုတ်တရက်ထင်ရှားသွား၏။ ညှော်လမ်းညွှန်အဖြစ် ဟိုတယ်တွေမှာ အတော်လေးကောင်းမွန် အဆင့်မြင့်သော အခန်းတွေမှာ တည်းခိုရသည်။ တချို့အခန်းတွေက ရေချိုးကန်ပါပြီး တချို့အခန်းတွေက ရေပန်းသာ ပါချင်ပါမည်၊ သို့သော် လေအေးစက်တပ်အခန်း၊ ဒန်းလော့မွေ့ရာ အိပ်ရာ၊ နေ့စဉ် အခန်းရှင်းပေးသည့် ဝန်ဆောင်မှု၊ အဝတ်အစားကို ပင်မင်းပေးပြီး မီးပူအကျတိုက်ပေးပြီးသား ဝန်ဆောင်မှုတို့ဖြင့် ဘဝကို သက်သက်သာသာ နေသားကျနေခဲ့သည်။ ဟိုတယ်ဆိုတော့ ၂၄ နာရီလျှပ်စစ်မီးနှင့် လေအေးစက် အလုပ်လုပ်နေခဲ့သည်။ ရုပ်မြင်သံကြားမှ ဂြိုဟ်တုစလောင်း သတင်းချန်နယ်လ်တွေကို ဆယ်မျိုးလောက်၊ တချို့ဟိုတယ်မှာ အမျိုး ၅၀–၁၀၀ လောက် ပြောင်းလဲကြည့်နိုင်ခဲ့သည်။

အိမ်ပြန်ရောက်သောအခါ ကျွန်တော်သည် ခေတ်သစ်ယဉ်ကျေးမှု လူ့ဝန်းကျင်မှ အလယ်ခေတ်ယဉ်ကျေးမှု လူ့ဝန်းကျင်သို့ ဖြုန်းခနဲ ပြန်ကျဆင်းသွား၏။ ကျွန်တော့်အိမ်မှာ လေအေးစက်မရှိခဲ့။ ဒန်းလော့မွေ့ရာအင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာ မရှိခဲ့။ အဝတ်လျှော်စက် မရှိခဲ့။ မုန့်တစ်ခုခု အေးစက်နေလျှင် နွေးပေးမည့် မိုက်ကရိုဝေ့ဖ်မီးဖိုသေတ္တာမရှိခဲ့။ လိုချင်သည့်အချိန်မှာ ချက်ချင်းသောက်နိုင်အောင် ကော်ဖီဖျော်စက် မရှိခဲ့။ ရေချိုး ကြွေကန်လည်း မရှိခဲ့။

ထိုကွာဟမှု ဒဏ်ကို ကျွန်တော် တစ်နှစ်ထက် ပို၍ သည်းမခံနိုင်ခဲ့ပေ။

အလုပ်လုပ်ရာဝန်းကျင်မှာ ခေတ်သစ်ဖြစ်နေလျှင် ကျွန်တော့်နေရာဝန်းကျင်ကလဲ ခေတ်သစ်ဖြစ်ရမှာပေါ့ဟု ကြုံးဝါးကာ ပတ်ဝန်းကျင်နှစ်ခု ညီမျှအောင် ညှိဖို့ ကျွန်တော် ပိုက်ဆံ တော်တော်အကုန်ခံ ကြိုးစားခဲ့ရသည်။

ယခုအခါ ကျွန်တော့်အိမ်မှာ ၂၁ ရာစု၏ မရှိမဖြစ် အခြေခံခေတ်သစ်ပစ္စည်းများအားလုံး ရှိသွားပြီ။ ၂၄ နာရီမှာ အချို့သော နာရီများ၌ ထိုပစ္စည်းအားလုံးကို အသုံးပြုလို့ ရခဲ့ပြီ။

အခုအခါ ကျွန်တော် ဘာကိုမှ လက်နှင့် မလုပ်ချင်တော့ပါ။

အထူးသဖြင့် ညီညာသော ကျောက်ပြားမဟုတ်ဘဲ လုံးချောဝိုက်ကွေးနေသည့် ကျောက်တုံးတွေ ဖြန့်ထားသည့် အခုလို မညီမညာ အခင်းပေါ်မှာ လေးလံသော ဂျင်းဘောင်းဘီများ၊ ဂျင်းရုပ်အင်္ကျီများ၊ ချည်သား တီရှပ်များကို လက်နှင့် မလျှော်ချင်တော့ပါ။

ဒီရွာမှာ ပင်မင်းဆိုင်ရှိသလား…ဟု သိသိကြီးနှင့် အိမ်ရှင်အား သွားမေးချင်စိတ် ပေါက်နေမိသည်။ သူ ကျွန်တော့်ကို ဆဲရေးပြီး ရယ်မောမည်လား မသိ။ ဒါဆို ရဝမ်တွေ ဒေါသထွက်လျှင် ဘယ်လိုဆဲသလဲ ကျွန်တော် သိခွင့်ရလိမ့်မည်။ လောလောဆယ်တော့ အလွန်အသန့်အပြန့်ကြိုက်တတ်သည့် ကျွန်တော့်အကျင့်ကိုသာ ကျွန်တော် အပြစ်တင်ရုံရှိပါတော့သည်။

နေ့လယ် ၁၁:၀၀ နာရီလောက်တွင် နေရောင်ခဏတဖြုတ်လင်းလာသည်။

လေးလံသောအဝတ်များကို ဝါးလုံးတန်းဖြင့် လှန်းထားရင်း ကျွန်တော် နေကို မျှော်နေမိသဖြင့် နေရောင်လင်းလာသောအခါ ဝမ်းသာသွားပါသည်။ နေ့လယ်စာ စားပြီးလျှင်တော့ ရွာထဲ တစ်ပတ်လျှောက်ကြည့်မည်ဟု စဉ်းစားထားသည်။

ကျွန်တော် အိမ်ပေါ် ပြန်တက်လာသောအခါ ဖုန်ဒီးရမ် မီးဖိုကြီးမှာ ထိုင်ပြီး တစ်ခုခု ချက်ပြုတ်နေသည်ကို တွေ့ရသည်။





'ဘာဟင်းလဲဗျ'

'ငါး'

တစ်လုံးတည်းပဲ ဖြေသည်။ ကျွန်တော် တခြားဘာအလုပ်မှမရှိတော့သဖြင့် သူ့အနားမှာ ဝင်ထိုင်လိုက်၏။

'ဒီမှာ ဈေးရှိလား'

'မရှိဘူး'

'ဒီငါးက ဘယ်က ရတာလဲ'

သူ ကျွန်တော့်ကို တစ်ချက်သာ ကြည့်ပြီး 'မြစ်ထဲက' ဟု ဖြေကာ သူ့ဟင်းအိုးကို သူ ငုံ့ကြည့်နေသည်။ နံနက်စောစောက သူ ခဏပျောက်သွားတာ ငါးသွားဖမ်းတာများ ဖြစ်မလားဟု ကျွန်တော်တွေးမိသည်။ ကျွန်တော့်ဘဝမှာ တစ်ခါမျှ ငါးမဖမ်းဖူးပါ။ ငယ်ငယ်က စွန့်စားခန်းရုပ်ရှင်တွေကြည့်ပြီး စမ်းချောင်းတွေ မြစ်တွေထဲမှာ ငါးဖမ်းသည့်ပြကွက်များ ပါလျှင် အလွန်အားကျခဲ့ရသည်။ သို့သော် တကယ်တမ်းမှာ ငါးကို ကိုယ်တိုင်ဖမ်းမှ ဟင်းအဖြစ် စားရမည့် ဝေးသီခေါင်ဖျား ယခုလိုနေရာမျိုးမှာ နေဖို့တော့ ကျွန်တော် အားကျမိမည် မထင်ပါ။

ငါးဟင်းကို ကျွန်တော့်ကို ညှော်ခံကျွေးမွေးဖို့ ချက်နေသည်ဟု ကျွန်တော် ထင်ခဲ့၏။

'မွှေးတယ်နော်' ဟု ကျွန်တော်ရေရွတ်မိသည်။

'မင်း စားချင်လို့လား'

သူ့မေးခွန်းကို ကြားလိုက်ရသောအခါ ကျွန်တော် အိုးတိုးအမ်းတမ်း ဖြစ်သွားပါသည်။

'ကျွန်တော်…'

'မင်း စားချင်ရင် စားပေါ့၊ ထမင်းတွေလဲ အများကြီးပဲ'

ကျွန်တော့်ပုံစံက ဘယ်လိုပုံစံများ ထွက်နေသလဲဟု ကျွန်တော် စိတ်မကောင်းဖြစ်သွား၏။ ဇိဇာကြောင်လှသော မြို့ကြီးသားတစ်ယောက်အသွင် ဖြစ်နေသလား။ ညက စည်သွတ်ဘူးထဲက ဟော့ဒေါ့ကို မီးကင်ပြီး သူတို့ကိုပါ ကျွေးရင်း စားမိတာ မှားသွားပြီလား။ ကျွန်တော် သူတို့ထမင်းဟင်းကို မစားနိုင်ဘူးဟု သူ ကောက်ချက်ချလိုက်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် စားချင်တယ်'

'အေးစားလေ'

မူလပထမ ရည်ရွယ်ထားသော ကျွန်တော့် ပလတ်စတစ်ပန်းကန်ပြားများကို မသုံးတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ သူတို့အိမ်က အိုးခွက်ပန်းကန်ပြားများကိုပဲ သုံးပြီး သူတို့ဟင်းကို မြိန်ရေရှက်ရေ စားပြလိုက်ပါမည်။

နေ့လယ်စာ စားပြီးသွားချိန်သည် နေ့လယ် ၁ နာရီခွဲ ဖြစ်သည်။

ငါးက ပိန်ပိန် အရိုးများများမို့ လူစားရသည်က နည်းနည်း ခွေးစားရသည်က များများ ဖြစ်သည်။ ကျွန်တော်တို့ စားပြီးသွားသော ပန်းကန်ခွက်ယောက်များကို ကျွန်တော် ဆေးရန် တာဝန်ယူလိုက်သည်။ ကျွန်တော် အောက်ထပ် ဆင်းပြီး ရေများများနှင့် ဆပ်ပြာနှင့် အားရပါးရဆေးချင်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် တတ်နိုင်သမျှပင် ထမင်းကို လက်ဖြင့်မစားဘဲ ဇွန်းဖြင့် စားနေကျဖြစ်သည်။ ညတုန်းကလည်း ဇွန်းဖြင့် စားခဲ့သည်။ သို့သော် ယခု နေ့လယ်စာကိုတော့ အားတင်းပြီး လက်ဖြင့်စားလိုက်ပါသည်။ ငါး အရိုးများသည့် အချက်ထက် ပို၍ အရေးကြီးသည်က အိမ်ရှင်နှင့် တစ်သားတည်း ဖြစ်ချင်သောစိတ် ဖြစ်သည်။

အိုးတိုက်သည့် အစိမ်းဖတ် မရှိ။ ပန်းကန်ဆေးသည့် ရေမြှုပ် မရှိ။ ပန်းကန် ဆေးသည့် ဆပ်ပြာရည်ပုလင်း မရှိ။ ကျွန်တော်သည် ဆပ်ပြာမှုန့် နည်းနည်းကို ဘစ်စကစ်ထုပ်သည့် ပလတ်စတစ်ဖြင့် ခြေမွပွတ်သပ်ပြီး ပန်းကန်ဆေးလိုက်ရ၏။ ဆပ်ပြာမှုန့်နှင့် မိုးရေ တွေ့သောအခါ အမြှုပ်တွေ မပြီးနိုင်မစီးနိုင် ထွက်၍ ရေများများကုန်လေသည်။

ညနေ မိုးရွာမှ ဖြစ်မည်။

ဖုန်ဒီးရမ်က ညနေ မိုးရွာမှာဟု ပြောသော်လည်း အခုထိတော့ နေရောင်လင်းနေဆဲ၊ ကောင်းကင်သည် ပြာနေဆဲ။ မိုးတိမ်ငွေ့ အနည်းငယ်ရွေ့လျားဖြတ်သန်းသွားသော်လည်း မိုးသက်လေပင် မရသေး။

ကျွန်တော် သည်နေ့ ရေသုံးလိုက်တာ နည်းနည်းများသွားပြီ။

'ကိုဖုန်ဒီးရမ်'

'အေး'





'ဒီ ဖြတ်ပြီးသားထင်းတွေ အိမ်အောက်ရွှေ့လိုက်ရမလား'

'မရွှေ့နဲ့ဦး၊ နေပူပါစေဦး'

ခက်ပြီ၊ ကျွန်တော်ကလည်း အိမ်ရှင်ဆီမှ မျက်နှာကောင်းရအောင် တစ်ခုခု အလွန်လုပ်ပေးချင်နေသည်။

'ဒါဖြင့်...ဒီထင်းတွေ ကျွန်တော်ဖြတ်လိုက်မယ်'

အိမ်၏ ဘေးဘက်မှာ ခွေးစာကျွေးနေရာက ကျွန်တော့်ကို သူ လှမ်းကြည့်သည်။

'ပုဆိန်ထိမယ်...မလုပ်နဲ့'

'မထိစေရဘူး'

ကျွန်တော် ပုဆိန်ကို ကောက်ကိုင်လိုက်တော့ သူ မျက်မှောင်ကြုတ်နေ၏။

'ပန်နန်းဒင်မှာ ဆေးရုံမရှိဘူးနော်'

သူ လှမ်းသတိပေးတော့ ကျွန်တော်ပြုံးမိသည်။ သို့သော် ကျွန်တော့်အပြုံးသည် တာရှည်မခံပါ။ ပုဆိန်က ကျွန်တော်ထင်ထားသည်ထက် ပိုလေး၏။ သစ်လုံးတွေက ပွသော်လည်း ရေစိုထိုင်းနေသဖြင့် ခုတ်ရတာ အားမရ။ နောက်ပြီး သူ လုပ်သလို သစ်လုံးဖြတ်စကို ထောင်လျက် ထားပြီး တစ်ချက်တည်း ခွဲချပစ်လို့ မရဘဲ ဖြစ်နေသည်။ ထို့ကြောင့် ထင်းခွဲရသည်မှာ တော်တော်ပင်ပန်းပြီး အလုပ်မတွင်ပေ။ ဓားတစ်ချောင်းရလျှင် ဘယ်လောက်ကောင်းမလဲ။ အိမ်ရှင်ကလည်း ညှို့သည်ဝင်လုပ်နေတာကို ပျာပျာသလဲ မတားတတ်သည့် အိမ်ရှင်မျိုး။ ကြည့်ရတာ ပုဆိန်ထိမှ ဆေးထည့်ပေးမည်လား မသိပါ။

သစ်လုံးဖြတ်စတစ်ခုကို ကျွန်တော်တည့်တည့်ထောင်ဖို့ကြိုးစားနေတုန်းခဏမှာ အဖြူရောင်အရိပ်တစ်ခု ရောက်လာသည်။ ကျွန်တော် လှမ်းကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားရုံမျှမက လှုပ်ရှားနေသမျှ အရာအားလုံး ရပ်တန့်သွားသလို ထင်လိုက်ရသည်။ မဖြစ်နိုင်ဘူး။ ကျွန်တော် သူ့ကို တကယ်မြင်နေရတာ မဟုတ်ဘူး။ စွဲလမ်းစိတ်နဲ့ မြင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဖြူရောင်အရိပ်ကလေး ခြံဝမှာ တကယ်ရပ်နေခဲ့သည်။ သူ...။ ပန်းသွေးရောင် နီမြန်းနေသော ပါးပြင်လေးနှင့် မည်းနက်တောက်ပသော မျက်ဝန်းများနှင့် ကျွန်တော့်ကို ငေးကြည့်နေသည့် မိန်းကလေး။ နှုတ်ခမ်းလေး မဟတဟ ပွင့်၍ ကျွန်တော့်ကို ငေးကြည့်နေရာက နဖူးမှာ သိုင်းလွယ်ထားသော ပလိုင်းကို ဖြုတ်ချလိုက်၏။

ကျွန်တော် လက်ထဲက ပုဆိန်ကို လွှတ်ချလိုက်မိသည်။ သို့မဟုတ် လွတ်ကျသွားခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်တော် မသိပါ။ ကျွန်တော် သိသည်က ကျွန်တော့်နှလုံးတွေ တဒိန်းဒိန်း ဆောင့်ခုန်နေသည်။

ကျွန်တော် မမျှော်လင့်လွန်းသော အဖြစ်တစ်ခု ဖြစ်လာခဲ့တာ ဝမ်းသာအံ့သြလွန်းသဖြင့် လှစ်ခနဲ ပြုံးလိုက်ရင်း ရှေ့သို့ ခုန်ထွက်လိုက်မိ၏။

ထိုအချိန်မှာ နောက်ဘက်မှ ဖုန်ဒီးရမ်၏ အသံကို ကြားလိုက်ရသည်။

'အာနန်...'

အဖြူရောင်ကလေးက ကျွန်တော့်ထံမှ အကြည့်လွှဲသွားပြီး နောက်ဘက်သို့ အကြည့်ရောက်သွားသည်။ ကျွန်တော်နှင့် အဖြူရောင်ကလေး အကြားသို့ ဖုန်ဒီးရမ်က ခြေလှမ်းကျဲကြီးများဖြင့် ရောက်သွား၏။ ကျွန်တော် ကိုယ်ရှိန်သတ်ပြီး နောက်ဆုတ်ရပ်လိုက်ရပါသည်။

ဖုန်ဒီးရမ်နှင့် အဖြူရောင်ကလေး မျက်နှာချင်းဆိုင် ရပ်နေကြသည်။ ဖုန်ဒီးရမ်က နောက်ကျောပေးထားသဖြင့် သူ့မျက်နှာကို ကျွန်တော် မမြင်ရသော်လည်း အဖြူရောင်ကလေး၏ မျက်နှာမှာ ဝင်းပပြုံးရွှင်နေသည်။ သူတို့နှစ်ယောက် ရဝမ်လို ခပ်သွက်သွက်ပြောကြသည်။ ထို့နောက် မြေပြင်ပေါ် ချထားသော ပလိုင်းကို ဖုန်ဒီးရမ်က ကောက်ယူလိုက်ပြီး အိမ်ဘက်ဆီ ပြန်လှည့်လာပါသည်။ ဖုန်ဒီးရမ်၏ မျက်နှာက တည်ငြိမ်နေပြီး အဖြူရောင်ကလေး၏ မျက်နှာက ပြုံးလဲ့နေသည်။

ဖုန်ဒီးရမ်သည် ကျွန်တော်ရပ်နေသည်ကို မြင်သွားသည့်တစ်ပြိုင်တည်း ကျွန်တော့်မျက်လုံးအကြည့် ဘယ်ရောက်သွားခဲ့သည်ကိုပါ သတိထားမိသွားသည်။

ထိုအခါ ပလိုင်းကို ပခုံးမှာတင်လွယ်ရင်း ကျွန်တော့်ရှေ့မှာ ခဏရပ်၏။

'အဲဒါ...ငါ့နှမ၊ သူ့နာမည်က နန်ဖေးရမ်...တဲ့'





သူ့နှမ...တဲ့။ အဖြူရောင်ကလေးက ဖုန်ဒီးရမ်ရဲ့ နှမ...။

နှမကို ကျွန်တော်နှင့် မိတ်ဆက်ပေးနေသော ဖုန်ဒီးရမ်မျက်နှာမှာ ရှုတင်းတင်းပဲ ဖြစ်သည်။ နောက်ထပ် ဘာစကားမှ ပြောစရာမလိုအောင် သူ့မျက်လုံးများက သတိပေးလိုက်ပါသည်။

'အာနန်...သူက အဖေ့ကို တွေ့ဖို့ လာစောင့်နေတာ၊ အဖေနဲ့ တွေ့ပြီးရင် ပြန်မယ့် ဧည့်သည်'

သူ ကျွန်တော့်နာမည်ကို ထည့်ပြောမသွားပါ။ သူ ကျွန်တော့်နာမည်ကို မေ့တတ်မိတာပဲ ဖြစ်ရမည်။ ကျွန်တော် အဖြူရောင်ကလေးအား တည်ငြိမ်သော အပြုံးဖြင့် ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်မိသည်။ 'ဟုတ်ကဲ့...ကျွန်တော့် နာမည် ဥက္ကာပါ'

သူမ ဘာမှမပြောဘဲ ချစ်စရာအပြုံးလေးဖြင့် ဆတ်ခနဲ ခေါင်းညိတ်ပြီး နောက် အိမ်ပေါ်သို့ ပြေးတက်သွားပါသည်။ သူမလည်း ကျွန်တော့်ကို တွေ့လိုက်ရတာ ပျော်သွားလေသလား။

ကျွန်တော် ဖုန်ဒီးရမ်ကို ကြည့်လိုက်၏။ ဖုန်ဒီးရမ်က ကျွန်တော့်ကို တစ်ချက်သာကြည့်ပြီး မျက်နှာလွှဲသွားသည်။ ကျွန်တော်နှင့် သူသည် တစ်ယောက်ကို တစ်ယောက် စကားမပြောရဘဲနှင့် တစ်ယောက်စိတ်ကို တစ်ယောက် အကဲခတ်မိသွားပြီ ထင်သည်။

ဖုန်ဒီးရမ်က သူ့နှမကို မြင်လိုက်သည့်ခဏ သတိလက်လွတ် ယိမ်းယိုင်သွားသော ကျွန်တော့်စိတ်နှလုံးကို ရိပ်မိသွားသည်။ ကျွန်တော်ကလည်း နှင့် နီးစပ်သွားမှာ စိုးရိမ်ဟန်ရှိသည့် ဖုန်ဒီးရမ်စိတ်ကို နားလည်လိုက် သလို ရှိပါသည်။

စိတ်ချပါ ကိုဒီးရမ်။

ကျွန်တော် ဘယ်တုန်းကမှ အခွင့်အရေးသမားမဟုတ်ခဲ့ဖူးပါဘူး။ ရိုးသား သန့်စင်လှတဲ့ ရဝမ်သူကလေးအပေါ် ကျွန်တော် ပိုပြီးတော့တောင် လေးစားရမှာပါ။ ကျွန်တော် သိပါတယ်။

ဖုန်ဒီးရမ်တို့ မောင်နှမ အပေါ်ထပ်မှာ ရှိနေစဉ် ကျွန်တော်ထင်းခုတ်သည့် အလုပ်ကို ဆက်လုပ်လိုက်ပါသည်။ စောစောက ကုန်ခန်းနေသော အားတွေ ကျွန်တော့်ကိုယ်ထဲ ဘယ်တုန်းက ပြန်ရောက်လာလိုက်သလဲမသိ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကြာအောင် ပုဆိန်ချက်တွေ များနေခဲ့သလဲ မသိ။ ကျွန်တော်
ကိုယ်ခန္ဓာမှာ မိုးရေတွေလိုပဲ ချွေးတွေ ပြိုက်ပြိုက်ကျ စိုရွှဲလာတာ ခံစား
တာလည်း ဂရုမစိုက်မိ။ ကျွန်တော့်နောက်ဘက်မှ အသံတစ်ခု ကြားရတော
မှ ပတ်ဝန်းကျင်နှင့် ကျွန်တော် ပြန်ဆက်သွယ်မိသွားပါသည်။

'တော်ပြီလေ'

ကျွန်တော့်နောက်မှာ ဖုန်ဒီးရမ် လာရပ်သည်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို ကြည့်နေသော ..
မျက်လုံးများ အနည်းငယ်နူးညံ့နေသည်ဟု ထင်ရသည်။

'သွားနားတော့'

ကျွန်တော့်လက်ထဲက ပုဆိန်ကို သစ်လုံးပေါ်မှာ စိုက်ချလိုက်ပြီး ကျွ
တော် ထွက်လာခဲ့ချိန်တွင် ဖုန်ဒီးရမ် ထင်းတွေကို လက်မောင်းပေါ် ပွေ့..
နေခဲ့သည်။

သွားနားတော့... တဲ့။ ကျွန်တော်လည်း နားချင်ပါသည်။ သို့သော
အိမ်ပေါ်သို့ ခြေလှမ်း လှမ်းရမှာ တွန့်ဆုတ်နေ၏။ အိမ်ပေါ်မှာ သူမ ရှိနေ
မှာ။ ကျွန်တော် ခေါင်းတစ်ချက်ကုတ်လိုက်ပြီးနောက် အိမ်အတက် လှေကား
ထစ် သစ်လုံးတန်းပေါ်မှာ ထိုင်ချလိုက်သည်။

ထိုင်လိုက်တော့မှ ကျွန်တော် ဘယ်လောက် မောနေခဲ့မှန်း သိလိုက်
တော့သည်။ ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်ခါနေ၏။ ရင် တဖု..
ဖုတ် လှုပ်ခတ်နေသည်။ အသက်ရှူသံလည်း ပြင်းနေသည်။

နန်ဖေးရမ်...တဲ့။ လှလိုက်တဲ့ နာမည်လေး။ နာမည်နှင့် လူနှင့် တော
တော် လိုက်ဖက်ပါသည်။

နောင်မွန်းက ဆရာမကြီးအိမ်မှ လိပ်ပြာအဝါလေးနှစ်ကောင်ကို ကျွ
တော် သတိရသွား၏။ ကျွန်တော်တို့နှစ်ယောက် ခုလို ပြန်ဆုံရမယ်ဆိုတ
အမှတ်အသား လက္ခဏာလား။

အဲသည်ညက သူမ ကျွန်တော့်ကို ခန်းဆီးနောက်ကွယ်မှ ချောင်းကြည့
နေခဲ့သည်။

ကျွန်တော် လှုပ်ခနဲ မွေးသွားသော ရင်ဖြင့် မျက်လုံးအစုံကို မှိတ်ထား
လိုက်မိပါသည်။

*





ည ထမင်းစားသည့် အချိန်ကျမှ ဘက်ထရီသုံး ဖန်ချောင်းမီး အလင်း
ရောင် ဖျော့ဖျော့ဖြင့် နန်ဖေးရမ်ကို အသေအချာ မျက်နှာချင်းဆိုင် မြင်ရ
သည်။ ပါးပြင်မှာ ခြင်ကိုက်ဖုလို အနီပိမ့်လေးအချို့ ရှိနေပါသည်။

သည်ညလည်း ကျွန်တော့်စည်သွတ်ဘူးတွေကို သူတို့ လုံးဝ မထိပါ။ အိမ်
နောက်ဘက် တောင်စောင်းမှာ စိုက်ပျိုးထားသော ဘူးပင်၊ ဖရုံပင်တို့မှ အရွက်
နုနု ပြောင်းဖူးနှင့် ရောပြီး ချက်ထားသည့် အရည်စပ်စပ်ဟင်းတစ်ခွက်၊ ငါး
ခြောက်တင် ခြောက်ဖုတ်ပြီး ထောင်းထုထားသော ဟင်းတစ်ခွက်၊ ဖားသား
ဟင်း တစ်ခွက်...။ ထမင်းဝိုင်းသည် မွှေးကြိုင်ပြီး စိုပြည်မြိုင်ဆိုင်လာသည်။

နန်ဖေးရမ်သည် သူမ အစ်ကိုနှင့် မတူ၊ အေးတိအေးစက် မဟုတ်။ သွက်
လက်သည်။ ဖော်ရွေသည်။ ဧည့်ဝတ်ကျေသည်။ ကျွန်တော် အားမနာရအောင်
ဟင်းတွေကို များများစားရန် တိုက်တွန်းသည်။ အစ်ကိုအား ကျွန်တော့်
ထမင်းပန်းကန်ထဲသို့ ဟင်းများထည့်ပေးရန် သတိပေးသည်။ ကျွန်တော်
လည်း အားမနာနိုင်ဘဲ ထမင်းထပ်ထည့်ပြီး အားရပါးရစားမိပါသည်။

ပထမတော့ ဖားသားဟင်းကို ကျွန်တော် မစားရဲပါ။ သို့သော် အနံ့က
မွှေးကြိုင်ပြီး ကျွန်တော့်ကို ဆွဲဆောင်နေသောအခါ ကျွန်တော် တစ်ဇွန်း ခပ်
ကြည့်သည်။ အလွန်အရသာ ရှိလေသည်။

'သိပ်ကောင်းတာပဲ၊ ဒီညီမလေးက ဟင်းချက် တော်လိုက်တာ'

ကျွန်တော် စိတ်ရင်းအမှန်ဖြင့် ချီးကျူးမိ၏။ နန်ဖေးရမ်က ကျွန်တော့်
အား ပြုံး၍သာ ကြည့်သည်။ လောကဝတ်စကားဖြင့် ကျေးဇူးတင်ကြောင်း
မပြောတတ်ပေ။

ပြောင်းဖူးသည် အပင်မှ လတ်လတ်ဆတ်ဆတ် ချိုးထားသည့်အပြင် နု
သည်။ နုသည်မို့ အရွက်ဟင်းထဲမှာ ချိုနေသည်။ ဟင်းသည် သောက်လို့
လည်း ရ၊ ဆမ်းစားလို့လည်း ရသည့် အနေအထားဖြစ်၏။ အခါးရည် ရေ
ကြမ်းကိုတော့ ဝါးခွက် တိုတိုလေးတွေဖြင့် လင်ပန်းပေါ်မှာ ချပေးထား
သည်။

အပြင်မှာ မိုး သဲကြီး မဲကြီး ရွာနေသဖြင့် ထမင်းစားပြီးတော့လည်း အိမ်
ပေါ်မှာပဲ ကျွန်တော်တို့ နေကြရ၏။ ထမင်းစားပြီး ပန်းကန်ဆေးပြီးသည့်
အခါ ဖန်ချောင်းမီးကို နန်ဖေးရမ်က ဖြုတ်လိုက်ပြီး ရေနံဆီမီးခွက်လေးသာ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလိုက်သည်။ မိုးထဲတွင် လေပါသည့်အခါ မီးတောက်ကလေး လှုပ်ခနဲ လှုပ်ခနဲ လွင့်နေသော်လည်း မီးစာကြီးသဖြင့် လွယ်လွယ်နှင့် မငြိမ်းပေ။

ကျွန်တော် နန်ဗေးရမ်အား ပိုးမွှားဒဏ်ရာအတွက် လိမ်းဆေး Vichy တစ်ဘူး ထုတ်ပေးလိုက်သည်။

'ကျွန်တော့်မှာ ဒါမျိုးလိမ်းဆေးဘူးတွေ အများကြီး ပါလာတယ်၊ ညီမလေး ဒီဘူးကို ယူလိုက်ပါ၊ ဖြုတ်ကိုက်တဲ့ ဒဏ်ရာလေးတွေကို လိမ်းလို့ ရတယ်၊ ဒါ လိမ်းထားတော့ ကျွတ်တွယ်တာလဲ သက်သာတာပေါ့'

'အို...နေပါစေ၊ မယူဘူး၊ ကျွန်မတို့ ဘာမှမဖြစ်ပါဘူး'

နန်ဗေးရမ်က ပျာပျာသလဲ ငြင်းပါသည်။

'လိမ်းပါ၊ သူက အနံ့လဲ မွှေးတယ်၊ ကာကွယ်ဆေးအနေနဲ့လဲ သုံးလို့ ရတယ်၊ နည်းနည်းတော့ အကိုက်သက်သာတာပေါ့'

ထိုအချိန်မှာ တစ်ချိန်လုံးငြိမ်နေသော ဖုန်ဒီးရမ်က ဝင်ပြော၏။

'ငါတို့နယ်မှာ မြစ်နား ချောင်းနား ချုံပုတ်တွေမှာ ဖြုတ်တွေက နေ့စဉ်ကိုက်နေတာ၊ မင်း ဆေးဘူးကို အခုသုံးပြီး ကုန်သွားတော့ အရင်လိုပဲ ပြန်နာမှာပေါ့၊ ငါတို့အတွက် ဒါက အသုံးဝင်မှာမဟုတ်ပါဘူး၊ တို့က ဒီရွာ ဒီတောင်ထဲမှာ တစ်သက်လုံး နေသွားရမယ့် လူတွေ၊ မင်းတို့က ခဏ လာပြီး ပြန်မှာဆိုတော့ မင်းတို့ပဲ သုံးပါ'

ဖုန်ဒီးရမ်က မပြုံးမရယ်၊ သို့သော် ပြေပြစ်စွာပင် နမကိုယ်စား ငြင်းပယ်၏။ ကျွန်တော် ရှေ့ဆက်ဇွတ်တိုးဖို့ မသင့်တော်ဟု ထင်သဖြင့် လက်လျှော့လိုက်ရပါသည်။

'ဒါဖြင့် ဒီအသားဘူးတွေတော့ ယူထားလိုက်ပါနော်'

မီးဖိုကြီးပေါ်မှာ ကျွန်တော် တင်ထားသော စည်သွတ်ဘူးများကိုကြည့်ပြီး ပြောမိတော့ နန်ဗေးရမ်က အစ်ကိုမျက်နှာကို ကွက်ခနဲကြည့်၏။ ဖုန်ဒီးရမ်က နန်ဗေးရမ်အား ရဝမ်ဘာသာဖြင့် ခပ်သွက်သွက် တစ်စုံတစ်ခု ပြောလိုက်သည်။ နန်ဗေးရမ်က ကျွန်တော့်အား အပြုံးဖြင့် ငြင်းပယ်၏။

'အစ်ကို လမ်းမှာ ရိက္ခာပြတ်သွားလိမ့်မယ်၊ ရှေ့ ခရီးဆက်ဦးမှာဆို'

'ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ...'

'အစ်ကိုယူသွားပါ၊ ခရီးက အပြန်မှာ ပိုတယ်ဆိုရင်တော့ ယူထားမယ်လေ'





ကောင်းပြီ။ ရိုးသားစွာ စေတနာထားရုံပဲလား၊ မာနအနည်းငယ် စွက်နေသေးသလား ကျွန်တော်မသိပါ။ ကျွန်တော် ထပ်လက်လျှော့လိုက်ပါသည်။ တော်တော် ပြေပြေပြစ်ပြစ် ငြင်းတတ်သည့် မောင်နှမဟု ကျွန်တော် ချီးကျူးမိသည်။

'ညီမလေး ကျောင်းနေသလား'

'နေတယ်'

'ဘယ်နှတန်းလဲ'

'ဆယ်တန်းဖြေထားတယ်'

'ဘယ်ဆိုးလို့လဲ၊ နောင်မွန်းမှာ ကျောင်းတက်တာလား'

'ဟုတ်တယ်'

'တက္ကသိုလ် ဆက်တက်မှာလား'

နန်ဗေးရမ်က အပြုံးဖြင့် သွက်သွက်ဖြေသည်။

'ကျွန်မ သူနာပြုတက္ကသိုလ် တက်မယ်'

'ကောင်းတယ်၊ ဒေါ်ရီနင်ဆားလိုပေါ့'

ထိုအခါ နန်ဗေးရမ်က သဘောကျစွာ ရယ်လေသည်။

'အစ်ကိုက ဆရာမကြီးနာမည်ကို မှတ်မိတယ်နော်'

'မှတ်မိတာပေါ့ အာနန်ရယ်'

ကျွန်တော့်နှလုံးသားကို နူးညံ့သိမ်မွေ့စွာ ကြည်နူးစေသော မိန်းကလေးကို တွေ့ခွင့်ရခဲ့သည့် နေရာ၊ တွေ့ခွင့် ကြုံစေသည့် ကြားခံလူ၊ ကျွန်တော့်ဘဝ၏ မှတ်မှတ်ထင်ထင် တစ်ခဏလေးတစ်ခု...။ ၎င်းနှင့် ပတ်သက်သမျှ အရာရာ...ကျွန်တော် မှတ်မိနေတော့မှာပါ။

ကျွန်တော် နန်ဗေးရမ်အား တစ်ခဏငေးကြည့်မိတော့ သူမသည် မလုံမလဲ အပြုံးဖြင့် အစ်ကို ကို တစ်ချက်ခိုးကြည့်ပြန်၏။ အဲသည်ကျမှ ကျွန်တော် ဖုန်ဒီးရမ်ကို သတိရသွားပြီး လှမ်းကြည့်မိသည်။ သူ ကျွန်တော်တို့နှစ်ယောက်၏ အမူအရာကို မသိမသာ အကဲခတ်နေခဲ့သည်။ ကျွန်တော် စကားမှားသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ဆုံဖူးကြသလား'

နန်းဗေးရမ် မဖြေမီ ကျွန်တော် မြန်မြန်ဖြေလိုက်ပါသည်။ နောက်ကျနေလျှင် အထင်လွဲခံရမှာစိုးလို့ ဖြစ်၏။

'ဆုံဖူးတယ်... နောင်မွန်းမှာ၊ ကျွန်တော် ဒေါ်ရီနင်ဆားဆေးခန်းကို သွားပြတုန်းက'

ဖုန်ဒီးရမ်မျက်နှာ တင်းသွား၏။ သူ့နှမကို လှမ်းကြည့်သည့် မျက်လုံးမှာ မယုံသင်္ကာဟန်ကို ကျွန်တော်တောင် သတိထားမိပါသည်။ ကျွန်တော် လန့်သွား၏။

'အဲဒီ တစ်ခါပါပဲ'

ဖုန်ဒီးရမ် ကျွန်တော့်စကားကို ဂရုမစိုက်ဘဲ သူ့နှမကို တစ်ခုခု လှမ်းပြောသည်။ မိန်းကလေးက ပျာပျာသလဲ ခေါင်းခါယမ်းပြီး ငြင်းပယ်လေသည်။ ဘာစကားတွေနှင့် စွပ်စွဲခံလိုက်ရသလဲ မသိ။ တစ်ခုခုကို ဖြေရှင်းနေရသည့် မျက်နှာထားမျိုး ဖြစ်သည်။ ကျွန်တော် မှားလိုက်တာ...။ ကျွန်တော်သာ ဒေါ်ရီနင်ဆားနာမည်ကို ထည့်မပြောလျှင် ဘာမှပြဿနာတက်မှာ မဟုတ်။

ကျွန်တော် အားနာသွားသည်။ နန်းဗေးရမ်ကို တောင်းပန်ချင်သည်။ သို့သော် သူတို့ ဘာပြဿနာတွေ ငြင်းခုံနေကြရသလဲ ကျွန်တော် မသိ။ ကျွန်တော် ဝင်ပြောလျှင် ပိုရှုပ်ကုန်မှာ စိုးရသည်။ ထို့ကြောင့် ကျွန်တော် အသာငြိမ်နေရပါသည်။

ထို့နောက် ကျွန်တော်တို့ သုံးယောက်လုံး တိတ်ဆိတ်သွားကြသည်။

ခေါင်မိုးပေါ် မိုးစက် တဖြန်းဖြန်းကျသံသည်သာ ပတ်ဝန်းကျင်၏ တစ်ခုတည်းသော အသံဖြစ်သည်။ တိတ်ဆိတ်ခြင်းသည် အလွန်စိတ်ကျဉ်းကျပ်စရာ ကောင်းမှန်း ယခုမှ ကျွန်တော် ပိုခံစားလာရသည်။ ကျွန်တော်ဖြုန်းခနဲ စကားစ,လိုက်မိတော့သည်။

'ကျွန်တော် စကားတစ်ခုခု မှားသွားလို့ ကိုဒီးရမ်တို့ မောင်နှမ စိတ်ကသိကအောက် ဖြစ်သွားရရင် ကျွန်တော် တောင်းပန်ပါတယ်'

ဖုန်ဒီးရမ် ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ခေါင်းယမ်း၏။ မိန်းကလေးက ဒူးနှစ်ဖက်ကို လက်ဖြင့် ပွေ့ပိုက်ထားကာ ဒူးပေါ် မေးတင်လျက် ထိုင်နေ





ရင်းက မီးဖိုအထက် ဝါးကျပ်ခိုးစင်မှာ ချိတ်ဆွဲထားသော ရေနွေးကျိုသည့် အိုးမည်းမည်းကြီးကို ငေးစိုက်ကြည့်နေသည်။ ကျွန်တော် ပင့်သက်ခိုး၍ ရှိုက်မိပြီး ထိုင်ရာမှ ထလိုက်မိသည်။

'ကျွန်တော် သွားအိပ်တော့မယ်'

ခြင်ထောင် ထောင်နေခိုက်မှာ တစ်ယောက်ယောက် ထပြီး လမ်းလျှောက်သွားသည့် ခြေသံကို ကြားရသည်။ နန်းဗေးရမ်ပဲ ဖြစ်မည်။ ခြေသံက ညင်သာသည်။ ကျွန်တော် ခေါင်းရင်းက ကြိုးနှစ်စ ကို ချည်ပြီး ခြေရင်းဘက်က ကြိုးများကို ချည်ရန် လှည့်လိုက်တော့ မိန်းကလေး မီးဖိုနားမှာ မရှိတော့ပြီကို မြင်ရသည်။

အစောဆုံး အိပ်ရာဝင်မိသည့် ည...။

ထို့အတူ နောက်အကျဆုံး အိပ်ပျော်သွားသည့် ည ဖြစ်သည်။

နံနက်မိုးလင်းသောအခါ မိုးသံတိတ်သွားပြီ။ သို့သော် ခပ်ဖွဲဖွဲ ရွာနေဆဲ ဖြစ်သည်။

ဖုန်ဒီးရမ် အိပ်သောနေရာမှာ ရှင်းလင်းနေ၏။ နန်းဗေးရမ် ရှိနိုင်မည့် အတွင်းခန်းဆီတော့ မကြည့်သင့်ပါ။ သွားတိုက်ဆေးကို သွားပွတ်တံမှာ ညှစ်တင်ပြီး မျက်နှာသုတ်ပဝါ ပခုံးပေါ် တင်လျက် အောက်ဆင်းရန် အလှည့် တွင် ပြတင်းဝမှာ ခဏရပ်မိသည်။ အောက်ဘက် ခြံဝင်းရှေ့နားတွင် မောင်နှမ နှစ်ယောက် ရပ်စကားပြောနေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဖုန်ဒီးရမ်က သူ့နှမ၏ ပခုံးပေါ် လက်တင်ထားသည်။ နန်းဗေးရမ်သည် မနေ့က သူမ လွယ်ခဲ့သော ပလိုင်းလေးကို လွယ်ထားပြီး မျက်နှာအောက်ငုံ့နေ၏။ ထိုမျက်နှာကလေးမှာ မျက်ရည်တွေလား။ ဖုန်ဒီးရမ်က နှမကို နူးညံ့သော အပြုံးဖြင့် ချော့မော့ဖျောင်းဖျနေဟန် ရှိသည်။

သူမ ပြန်တော့မည်။

ကျွန်တော့်ရင်ထဲမှာ နင့်ခနဲ နာကျင်သွား၏။ သြော်... ကျွန်တော့်ကြောင့် သူမ သည်မှာ နေခွင့်မရရှာခြင်း ဖြစ်လိမ့်မည်။ တကယ်တော့ သည်အိမ်မှ ခွာပေးရမည့်သူက ကျွန်တော် ဖြစ်ပါသည်။

ကျွန်တော် လှေကားမှ ခပ်သွက်သွက် အပြေးဆင်းလိုက်မိ၏။ အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး သစ်လုံးတန်းမှာ ခြေချော်သွားသည်။ ကျွန်တော့်လက်ထဲမှ သွားပွတ်တံနှင့် ဆပ်ပြာခွက် အောက်လွတ်ကျသွား၏။ ကျွန်တော် အိမ်တိုင်ကို ဖမ်းထိန်းထားသဖြင့် မလဲကျပါ။ မောင်နှမနှစ်ယောက် ကျွန်တော့်ကို လှည့်ကြည့်ကြသည်။

'ကိုဒီးရမ်...'

ဖုန်ဒီးရမ် ခြေလှမ်းကျဲကျဲဖြင့် ကျွန်တော့်ဆီ လျှောက်လာသည်။

'ဘာဖြစ်သွားလဲ'

သူ့မျက်နှာမှာ စိုးရိမ်စိတ်ပူပန်ကို ကျွန်တော်မြင်ရပါသည်။ ကျွန်တော့် ခြေချင်းဝတ် ခေါက်သွားခြင်းဖြစ်သော်လည်း နာကျင်မှုက အရေးမကြီးပါ။

'နန်ဖေးရမ် ပြန်စရာမလိုပါဘူး၊ ကျွန်တော် ဒီအိမ်ကနေ ထွက်ပေးပါမယ်၊ ရွာထဲ တစ်နေရာရာမှာ တဲထိုးပြီး ကျွန်တော်စောင့်မယ်၊ ကျွန်တော့်မှာ အလွယ်တကူ ဆောက်လို့ရတဲ့ ရယ်ဒီမိတ် မိုးကာတဲတွေ ပါပါတယ်၊ ကျွန်တော်...'

သူ ကျွန်တော့်ကို တွဲပြီး ဟန်ချက်ညီညီ ရပ်နိုင်အောင် ထိန်းပေးရင်း စကားဖြတ်ပြော၏။

'သူ မပြန်ပါဘူး၊ သူ မပြန်နဲ့လို့ သူ့ကို ငါ တားနေတာပါ'

ကျွန်တော် အံ့သြတကြီး သူ့မျက်နှာကို ကြည့်လိုက်မိ၏။ သူ့မျက်လုံးတွေ ပြုံးနေသည်။

'သူက ဒီလိုပဲ ငါ့ကို ဆိုးတယ်၊ စိတ်ကောက်တယ်'

ကျွန်တော် ဘာပြန်ပြောမှန်း မသိ။

'ခြေထောက် ထောက်နိုင်လား၊ ရလား'

'ရတယ်'

ကျွန်တော် ဆပ်ပြာခွက်နှင့် သွားပွတ်တံကို ပြန်ကောက်လိုက်သည်။ သွားပွတ်တံမှာ ရွှံ့တွေ ပေကုန်ပြီ။ ရေဆေးပြီး အသစ်ပြန်ထည့်ရမည်။

'အာနန်...နင် ငါ့ကို ဘာမှလုပ်မပေးချင်လဲ ဧည့်သည်အတွက် မနက်စာ ကျွေးဖို့ လုပ်ပေးပါဦး'

နန်ဖေးရမ် မျက်နှာ တည်တည်ကလေးဖြင့် ကျွန်တော်တို့ဆီ လျှောက်လာပါသည်။ ကျွန်တော်တို့နှစ်ယောက်အား မော့မကြည့်ဘဲ မျက်လွှာချ





ထားသည်။ ဖုန်ဒီးရမ်က သူ့နှမ၏ ခေါင်းမှာ သိုင်းထားသော ပလိုင်းကြိုးကို ဆွဲမ,ဖြုတ်ယူလိုက်သည်။ ထို့နောက် ပလိုင်းကို သက်သက်သာသာ ပင် မ,ယူလျက် အိမ်ပေါ်သို့ ခပ်သွက်သွက် တက်သွားပါသည်။ သူတို့ နှစ်ယောက် ကိုယ်မှာ မိုးစိုစွတ်နေခဲ့သည်။ အတော်ကြာကြာကတည်းက ညှိနှိုင်းနေခဲ့ကြဟန် ရှိပါသည်။

နံနက်စာကို ကျွန်တော့်မှာ ပါလာသော ကိတ်ခြောက်နှင့် ရယ်ဒီမိတ် ကွေကာအုပ် ရော၍စားကြ၏။ ဖုန်ဒီးရမ်က နန့်တမိုင်မြစ်ကူးကြိုးတံတား သွားပြင်ဆောက်ရမှာမို့ မစားဘဲသွားမည်ဟု အလျင်လိုနေခဲ့သောကြောင့် မြန်မြန်စားလို့ရမည့် နံနက်စာအဖြစ် ကျွန်တော်စီစဉ်လိုက်ခြင်းဖြစ်ပါသည်။

'ကျွန်တော် လိုက်လို့ရမလား'

ဖုန်ဒီးရမ် မရှိဘဲ အိမ်မှာ နန်ဖေးရမ်နှင့် နှစ်ယောက်တည်း ကျန်ခဲ့ဖို့ မသင့်တော်ပါ။

ဖုန်ဒီးရမ်က ကျွန်တော့်မေးခွန်းကြောင့် အနည်းငယ် စိတ်သက်သာသွားပုံ ရသည်။

'ရတယ်'

ညက မိုးသည် နန့်တမိုင်မြစ်ကို ပို၍ကြမ်းတမ်းစေပြီး မြစ်ရေက ချောင်းကမ်းပါး ခပ်မြင့်မြင့်က သစ်ပင်များကို တိုက်စားဖြိုချသွားခဲ့သည်။ နဂိုက ခပ်ခွေးခွေး ကြိမ်ကြိုးများသည်လည်း ပြန်ပြင်ဖို့ လိုအပ်နေပြီဟု ဖုန်ဒီးရမ်က လမ်းမှာ ကျွန်တော့်ကို ရှင်းပြလာ၏။ ရွာသားတွေအားလုံး ကြိုးတံတားပြင်သည့် လုပ်ငန်းကို ပါဝင်ဆောင်ရွက်ကြမည် ဖြစ်သည်။ ကျွန်တော်တို့နှင့်အတူ ရွာသားတစ်ယောက် ပါလာသည်။

မြစ်ဆီ မရောက်မီ ချောင်းတစ်ခုကို သစ်လုံးထိုးတံတားဖြင့် ဖြတ်ရသည်။ ထိုချောင်းသည် ကျွန်တော် ပန်နန်းဒင် အလာတုန်းက ကြည်လင်နေခဲ့သော်လည်း ယခုအခါ အနည်းငယ်နောက်ကျိနေသည်။ ညက မိုးကြောင့် ဖြစ်[illegible]လိမ့်မည်။ မူလက တံတား၏ လက်တန်းမှာ ခနော်ခနဲ့ ဝါးလုံးတန်း [illegible]သေးသာ ဖြစ်သော်လည်း ကျွန်တော်ကူးလာတုန်းက ပလတ်စတစ်ကြိုး...



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျွန်တော့်အတွက် လမ်းပြကြီးက တန်းပေးခဲ့သဖြင့် ယခုအခါ ထိုကြိုးဝါဝါသည် ခပ်မြင့်မြင့်မှာ ရှိနေဆဲဖြစ်သည်။

သစ်လုံးတန်းကို အလာတုန်းက ဖိနပ်ချွတ်ပြီး နင်းခဲ့သော်လည်း ယခုအခါ ဖုန်ဒီးရမ်၏ရှေ့မှာမို့ ဖိနပ်မချွတ်ဘဲ ကြိုးကိုအားပြုပြီး ဖြတ်ကူးရန် ကြိုးစားရပါသည်။ ကျွန်တော် ခါကာဘိုရာဇီခရီးနှင့် မသင့်တော်ဟု သူ ကောက်ချက်ချပစ်လိုက်မှာကို ကျွန်တော် မခံနိုင်ပါ။

'မင်းခြေထောက်က နာနေတာမဟုတ်လား၊ ခြေချော်သွားမယ်...သတိထား'

သူ ကျွန်တော့်ကို စိတ်မချသလို သတိပေး၏။ ထို့နောက် ကျွန်တော့်ကို ရှေ့မှဖြတ်ကူးစေပါသည်။

ကျွန်တော်တို့ နန့်တမိုင်မြစ်ကမ်းပါးရောက်တော့ ထိုနေရာတွင် လူခြောက်ယောက်ခန့် ကြိုတင်ရောက်နေကြပြီဖြစ်သည်။ တချို့က ကြိမ်ပင်ရှည်များကို ကိုင်းဖျားများ သပ်ပြီး ချောနေကြသည်။ ကြိမ်ပင်တစ်ပင်လျှင် ပေ ၁၀၀ လောက် ရှိမည်ထင်သည်။ တချို့က ကြိမ်များကို ဓားဖြင့် ခွဲကာ ကြိုးကျစ်ဖို့ ပြင်ဆင်နေကြသည်။ အရှည်ဆုံး ကြိမ်တန်းများသည် မြစ်ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း သစ်ပင်ကြီးများတွင် တန်းထားသော သံမဏိကြိုးကြီးနှစ်ချောင်းဆီ တွဲချည်ဖို့ဖြစ်သည်။ တချို့ကြိမ်များက အောက်က ခြေနင်းကြမ်းခင်းဝါးလုံးများနှင့် တွဲချည်ဖို့ဖြစ်သည်။ ကြိမ်ကြိုးတိုတိုများက အပေါ်ကြိမ်တန်းနှင့် ကြမ်းခင်းကြိမ်တန်းကို ဆက်သွယ်ကျားကန်ဖို့ဖြစ်သည်။ သူတို့အားလုံး တက်ကြွလန်းဆန်းနေ၏။ အားလုံးလိုလိုမှာ လူငယ်များချည်း ဖြစ်သည်။ သူတို့အားလုံး ပျော်ရွှင်တတ်ပုံရသည်။ ဂီတကိုလည်း နှစ်သက်သူများ ဖြစ်ဟန်တူသည်။ တချို့က သီချင်းတစ်ပုဒ်ကို သုံးလေးယောက်ပြိုင် အော်ဆိုနေကြသည်။ ရဝမ်ရိုးရာသီချင်းဖြစ်မလား မပြောတတ်ပါ။ နန့်တမိုင်ချောင်း၏ တဝုန်းဝုန်းရေစီးသံ၊ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်စကားပြောသံ၊ သီချင်းသံ...အသံများအောက်မှာ ကျွန်တော် ပါဝင်နစ်မျောသွားသည်။

*





အိမ်ခေါင်းရင်းမှသည် ခပ်ပြေပြေမြင့်တက်သွားသော တောင်စောင်းတစ်လျှောက်ကို မော့ကြည့်လိုက်သောအခါ အုပ်ဆိုင်းစိမ်းစိုနေသော သစ်တောများကိုသာ တွေ့ရ၏။ ကျွန်တော်သည် သစ်ပင်အကြောင်း သိပ်သိသူ မဟုတ်ပါ။ တောင်စောင်းမြင့်မြင့်ဆီထိ ကျွန်တော် တိုးဝင်ကြည့်ခဲ့ပြီးသော်လည်း ထိုအပင်များ၏ အမျိုးအစားကို မသိပါ။ ဖေဖေ့မှတ်တမ်းထဲမှာ ဖတ်ရသလောက်ဆိုလျှင် ပန်နန်းဒင်နှင့် ဂဝိုင်အကြားရှိ တောင်စောင်းများတွင် သစ်ကြားသီးပင်၊ ဝက်သစ်ချပင်၊ သစ်အယ်ပင်၊ မေပယ်လ်ပင်နှင့် တတိုင်းမွှေးပင်များ ပေါက်ရောက်သည်ဟု ဆိုပါသည်။

အိမ်ခေါင်းရင်း မလှမ်းမကမ်းမှာတော့ သစ်ပင် ခပ်သေးသေးပုပုများသာ ဖြစ်သည်။ သဘာဝအလျောက် ပေါက်နေခြင်းနှင့်မတူဘဲ စီတန်း၍ စနစ်ကျကျ စိုက်ပျိုးထားသကဲ့သို့ပင် ဖြစ်သည်။ တချို့အပင်များ၏ ထိပ်ဖျားတွင် နီစွေးစွေး ပန်းပွင့်အငုံများ၊ ပွင့်အာစ ပန်းများကို လှမ်းမြင်ရသည်။ ရနံ့တော့ မွှေးပုံမရ။ လေသည် ကျွန်တော့်ထံသို့ သစ်ရွက်စိမ်းနံ့နှင့် မိုးရနံ့ကိုသာ သယ်ဆောင်လာခဲ့သည်။

ကျွန်တော့်ခြေရင်းက ပန်းပွင့်ချုံပင်ကလေးများ၌ ခပ်ညိုညို လိပ်ပြာလေး သုံးလေးကောင် ပျံဝဲနေသည်။ ကျွန်တော် မလှုပ်မယှက် ရပ်နေခဲ့ခြင်း ဖြစ်သဖြင့် သူတို့သည် ကျွန်တော့်အား ရက်ကြောက်ထွက်ပြေးခြင်း မရှိပေ။ လိပ်ပြာအတောင်ပံ အပေါ်ပိုင်းမျက်နှာပြင်က အညိုနှင့် ရွှေရောင် အပြောက်အကွက်လေးများ ဖြစ်ပြီး အောက်ဘက်မျက်နှာပြင်က အဖြူခြောက်ခြောက် အရောင် ဖြစ်သည်။ သူတို့ သစ်ရွက်ဖျားမှာ နားလိုက်သောအခါ အတောင်လေးတွေ စုသွားပြီး အောက်ဘက်မျက်နှာပြင်ကို ဘေးတိုက်မြင်နေရလေသည်။

အရင်က ကျွန်တော် လိပ်ပြာတွေကို စိတ်မဝင်စားပါ။

ကျွန်တော့်ပတ်ဝန်းကျင်ကလည်း ကား၊ လေယာဉ်၊ သင်္ဘောနှင့် ဘုရားတွေ ဗိသုကာအဆောက်အအုံတွေက များများ။ ပုပ္ပါးတောင်၊ ခွဲကပင်တောင်နှင့် ရှမ်းပြည်နယ်က တောင်ပေါ်ရွာအချို့ကို ရုံဖန်ရံခါ တက်ရသည်။ ထို့ကြောင့် လိပ်ပြာများနှင့် ကျွန်တော် ဝေးခဲ့ပါသည်။

အခုတော့ ကျွန်တော်နှင့် လိပ်ပြာများကို ရင်းနှီးကျွမ်းဝင်အောင် ဆ...



www.burmeseclassic.com

www.burmeseclassic.com



က မိတ်ဆက်ပေးခဲ့ပြီ။ ကျွန်တော် သတ္တဗေဒ ဘာသာ အဓိက ယူခဲ့မိရင် အကောင်းသား။ အဲသည်လိုသာဆိုလျှင် ဖေဖေ မပြီးဆုံးခဲ့သည့် အလုပ်ကို ကျွန်တော် ဆက်လုပ်နိုင်လိမ့်မည်။

မပြီးဆုံးခဲ့သည့်အလုပ်...။ ဖေဖေ သေဆုံးသွားခဲ့ပြီဟု ကျွန်တော် လက်ခံလိုက်မိပြီလား။

'အစ်ကို...'

ကျွန်တော့်နောက်ဘက်မှာ ခြေသံဖွဖွနှင့်အတူ အသံတိုးတိုးလေးတစ်ခု ရောက်လာ၏။ နန်းဗေးရမ်...။ ကျွန်တော် လှည့်ကြည့်လိုက်တော့ တီရှပ်ပွပွ အဖြူရောင်လေးနှင့် ပွင့်ရိုက်ချည်ထည်လုံချည်လေးနှင့် ခေတ်ပေါ် မိန်းကလေး နန်းဗေးရမ်ကို မြင်လိုက်ရသည်။

'ပြောင်းဖူးပြုတ်နဲ့ အခါးရည် သောက်ရအောင်'

မျက်ဝန်းနက်နက်များသည် ကြယ်ကလေးများလိုပင် တောက်ပ ရွှန်းလက်နေ၏။

'သြော်...အင်း...ဟုတ်ကဲ့'

'အစ်ကို ဘာတွေ ကြည့်နေတာလဲ'

'လိပ်ပြာလေးတွေ'

'ဘယ်မှာလဲဟင်'

လိပ်ပြာလေးတွေ ခပ်ဝေးဝေးသို့ ပျံသန်းသွားကြပြီ။

'ပြန်ပြေးသွားကြပြီ'

'အို...'

'အနန်'

'ရှင်'

ကျွန်တော့်ကို မော့ကြည့်နေသော မိန်းကလေး၏ နှာခေါင်းဖျားတွင် ချွေးစက်မှုန်မှုန်လေးတွေ ရှိနေပြီး နေအလင်းရောင်ပျပျဖြင့် လက်နေသည်။

'ကျွန်တော့်ကြောင့် ညတုန်းက ညီမလေး အဆူခံရတာ ကျွန်တော် စိတ်မကောင်းပါဘူး၊ ကျွန်တော် မေ့ပြီး လွှတ်ခနဲပြောလိုက်မိတာ ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်'

'အို...မဆိုးပါဘူး'





သူမ ကပျာကယာ ခေါင်းငုံ့ချလိုက်၏။

'မနက်တုန်းက ညီမလေး ပြန်တော့မလို့ လုပ်နေတာ ကိုဒီးရမ်က ပြန်ခိုင်းလို့လား'

'မဟုတ်ဘူး၊ ကျွန်မ အစောကြီး တိတ်တိတ်ကလေး ပြန်မို့ ပြင်တုန်း အစ်ကိုက တွေ့သွားတာ'

ဒါဖြင့် ကျွန်တော့်ကို ဖုန်ဒီးရမ် အမှန်အတိုင်း ပြောခဲ့ခြင်းပေါ့။ ထိုအသိကြောင့် ကျွန်တော် စိတ်သက်သာမသွားဘဲ လေးလံမှုန်မှိုင်းသွားသည်။

'သြော်... ညီမလေးက ပြန်ချင်တာလား'

'ပြန်ချင်လို့ မဟုတ်ဘူး'

နန်းဗေးရမ်က ကျွန်တော့်ကို မော့ကြည့်ရင်း ငြင်းသည့်အခါ ကျွန်တော် တွေသွား၏။

'ပြန်မှ ဖြစ်မယ်လို့ ထင်လို့ပါ'

'ဘာကြောင့်လဲဟင်'

'အစ်ကိုက ညတုန်းက ကျွန်မကို စွပ်စွဲလို့'

'စွပ်စွဲတယ်...'

ကျွန်တော် အံ့သြသွား၏။

'ပန်နန်းဒင်ကို ကျွန်မ ပြန်လာတာ အစ်ကိုနဲ့ တွေ့ရအောင် လိုက်လာတာလို့ သူက ထင်နေတယ်'

'အစ်ကိုနဲ့...၊ ညီမလေးက ကျွန်တော်နဲ့ တွေ့ဖို့...ဟုတ်လား'

'ဟုတ်တယ်၊ သူ အဲလိုထင်နေတယ်၊ ကျွန်မ စိတ်ဆိုးတာပေါ့'

နန်းဗေးရမ်၏ အသံ တိုးတိုးလေးက မခံချင်စိတ်ကြောင့် အနည်းငယ် ကျယ်လောင်လာသည်။

'အစ်ကို ဒီမှာရှိမယ်လို့ ကျွန်မမှ မသိဘဲ'

'ဟုတ်ပါတယ်၊ ဘယ်လိုလုပ် သိနိုင်မလဲ၊ ကျွန်တော်လဲ ညီမလေး ဒီ လာလိမ့်မယ်လို့ ဘယ်သိမလဲ၊ ကျွန်တော်တို့ စကားမှ မစပ်မိဘဲ'

အိမ်နောက်ဘက်မှ ကြက်ကလေးနှစ်ကောင် အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ကြက်ကလေးနှစ်ကောင်၏ တကွပ်ကွပ် အော်မြည်သံကြောင့် နန်းဗေးရမ် နောက်လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်စိတ်ထဲမှာ ညီမလေးကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်နေခဲ့တာ'

မိန်းကလေးသည် ကျွန်တော့်ဘက် ပြန်လှည့်မကြည့်တော့ဘဲ ခေါင်းငုံ့ထားလျက် အနေအထားအတိုင်း ပြုံးနေ၏။

'ကျွန်မလဲ အဲဒီလိုပဲ'

ကျွန်တော့်ရင်ထဲမှာ နွေးခနဲ ကြည်နူးသွားပါသည်။ ရိုးစင်းလိုက်တဲ့ မိန်းကလေး။

ကျွန်တော်တို့နှစ်ယောက် အခုလို နီးနီးကလေး ရှိနေကြဖို့ မသင့်တော်ပါလားဟု ကျွန်တော် သတိရသွားသည်။

'ပြောင်းဖူးက ဘယ်မှာလဲ'

'အိမ်ပေါ်မှာပေါ့'

နန်ဖေးရမ်က ရှေ့မှ ထွက်သွားသည်။ ကျွန်တော် သူမနောက် ခပ်ကွာကွာမှ လိုက်ခဲ့ပါသည်။

'ကိုဒီးရမ်ရော'

'အစ်ကို တောင်ယာခုတ် သွားတယ်'

'ဟာ...ဒါဆို ကျွန်တော်အိမ်ပေါ်တက်လို့ ကောင်းပါ့မလား'

ထိုအခါ မိန်းကလေးက တခစ်ခစ်ရယ်ပါသည်။

'အစ်ကိုကလဲ...ဘာမှမဖြစ်ပါဘူး၊ ကျွန်မအစ်ကိုရဲ့ သူငယ်ချင်းတွေလဲ အိမ်ပေါ် တက်နေတာပဲ'

'ဒါပေမဲ့ ကျွန်တော်က မြန်မာလေ၊ ဒီလိုလုပ်...ညီမလေး အိမ်ပေါ်ကနေ ကျွန်တော့်အတွက် ပြောင်းဖူးတစ်ဖူး ချပေးလိုက်၊ ကျွန်တော် အောက်မှာပဲ စားမယ်'

'အို...'

နန်ဖေးရမ် သဘောကျစွာ ရယ်ပြန်လေသည်။

'အစ်ကိုက ခွေးမှ မဟုတ်ဘဲ'

ထိုစကားကြောင့် ကျွန်တော်ပါ တဟားဟား ရယ်မောမိပါသည်။





ကျွန်တော်တို့နှစ်ယောက် မီးဖိုကြီးဘေးမှာ ထိုင်လျက် ပြောင်းဖူး စားရင်း စကားပြောကြသည်။

'ဒါနဲ့ အစ်ကိုက အဖေ့ကို လာစောင့်တာဆို၊ အဖေလာရင် ပြန်မှာဆို'

နန်ဖေးရမ်က ခပ်ကြွကြွ ထိုင်ရင်း ဒူးကို လက်ဖြင့်ပိုက်ကာ ကျွန်တော့်အား ခပ်ငေးငေးလေး ကြည့်ပြီး မေးပါသည်။

'ဟုတ်တယ်၊ ညီမလေးရဲ့အဖေကို ကျွန်တော်မေးစရာတွေ အကူအညီတောင်းစရာတွေ ရှိတယ်'

'အစ်ကို ဒီးရမ်က ပြောတော့ အဖေ ဒီနေ့ရောက်မှာတဲ့'

'ဟုတ်လား'

'အဖေ ဒီနေ့လာရင် အစ်ကို မနက်ဖြန် ပြန်မှာပေါ့နော်'

ကျွန်တော် နန်ဖေးရမ်ကို သတိလက်လွတ် ငေးကြည့်မိသွားသည်။

ကျွန်တော်မပြန်ချင်ဘူး။ ကျွန်တော်တို့နှစ်ယောက် တခြားနေရာမှာ ဆုံမိခဲ့ကြလျှင် သည်လောက် ဝေးကွာနေမှာ မဟုတ်။ အခုတော့ ကျွန်တော်နှင့် သူမ ဝေးကွာလွန်းလှသည်။

'ဟုတ်တယ်၊ အထမ်းသမားတွေ ခေါ်လို့ရမယ်ဆိုရင်ပေါ့'

'အထမ်းကတော့ ရနိုင်ပါတယ်၊ ဒီတစ်ရွာလုံးမှာ ကျွန်မသူငယ်ချင်းတွေချည်းပဲ၊ ကျွန်မ ခေါ်ပေးရင် သူတို့ လိုက်မှာပေါ့'

'အင်း...ဒါမှမဟုတ် ညီမလေးရဲ့ အဖေ ရောက်ရောက်ချင်း ခရီးပြန်ထွက်ရမှာ ပင်ပန်းတယ်ဆိုတော့ တစ်ညထပ်နားဖို့ ကောင်းမလားမသိဘူး'

မျက်လုံးနက်နက်လေးတွေ စူးစိုက်မှုဖြင့် တောက်ပသွား၏။

'အဖေ့ကို ခေါ်သွားမလို့လား'

'ဟုတ်တယ် ညီမလေး၊ ကျွန်တော်ပြန်မှာမဟုတ်ဘူး၊ တောင်ပေါ်ဆက်တက်မှာ၊ ခါကာဘိုရာဇီဘက်ထိ ရောက်အောင်သွားမှာ၊ ညီမလေးအဖေကို လမ်းပြပေးဖို့ ကျွန်တော် ခေါ်သွားမှာ'

'အစ်ကိုက တောင်တက်သမားလား'

'မဟုတ်ဘူး၊ လိပ်ပြာ သွားကြည့်မလို့၊ အဲဒီမှာ လိပ်ပြာတွေ ရှိတယ်၊ မြင်ရတဲ့ လိပ်ပြာတွေရော မမြင်ရတဲ့ လိပ်ပြာတွေရော ကြည့်ရမှာ'



www.burmeseclassic.com

www.burmeseclassic.com



'မမြင်ရတဲ့ လိပ်ပြာ...၊ မမြင်ရတဲ့လိပ်ပြာကို အစ်ကိုဘယ်လိုလုပ်ကြည့်မှာလဲ'

'မြင်ရတဲ့ လိပ်ပြာကို မျက်စိနဲ့ ကြည့်တယ်၊ မမြင်ရတဲ့ လိပ်ပြာကို ဒီနှလုံးသားနဲ့ ကြည့်တယ်'

ရိုးသားသော တောင်ပေါ်သူကလေး မျက်လုံးဝိုင်းသွား၏။

ကျွန်တော် ပြောလိုက်သည့်စကားမှာ သူမအတွက် ရှုပ်ထွေးလွန်းနေပါလိမ့်မည်။ သူမအသက်က ငယ်ရွယ်လွန်းသေးသည်။

'နှလုံးသားနဲ့ ကြည့်တယ်ဆိုတာ ခံစားပြီး သိတာကို ပြောတာ ညီမလေးရဲ့၊ ဒီလောကကြီးမှာ မြင်ရကြားရတာမဟုတ်ဘဲ ခံစားလို့ရတဲ့ အရာတွေ အများကြီးရှိတယ်၊ နေဦး... ညီမလေး နားလည်အောင် ကျွန်တော်ဘယ်လို ပြောရမလဲ...'

'ခံစားရတယ်ဆိုတာ ဘာလဲလို့ ကျွန်မ သိပါတယ်အစ်ကိုရဲ့'

'ဟင်...'

'စာမေးပွဲအောင်လို့ ပျော်တာ၊ အဖေ့အိမ်ကို ပြန်လာရလို့ ပျော်တာ၊ အစ်ကို ဆူလို့ ဝမ်းနည်းတာ'

ကျွန်တော် ခပ်သာသာ ရယ်မောမိသည်။

'ဟုတ်တယ်၊ အဲဒီစိတ်တွေကလဲ ခံစားရတာပဲ၊ ဒါပေမဲ့ အခု ကျွန်တော် ပြောတာက ခံစားပြီးတော့ သိလိုက်တာကို ပြောတာ၊ ဥပမာ ပွဲတော်တစ်ခုမှာ၊ ထားပါတော့...မနောပွဲမှာ ညီမလေး လူတွေအများကြီးထဲမှာ ရောက်နေတယ်၊ ညီမလေး ရုတ်တရက် ကိုယ့်ကိုတစ်ယောက်ယောက် လှမ်းကြည့်နေတယ်ဆိုတာ မမြင်ရဘဲ သိနေတယ်၊ သိလို့ လိုက်ရှာကြည့်တယ်၊ ညီမလေးရဲ့ သူငယ်ချင်း ဒါမှမဟုတ် အသိတစ်ယောက်ယောက်ကို တွေ့လိုက်ရတယ်၊ မမြင်ရသေးဘဲနဲ့ မကြားရသေးဘဲနဲ့ သူ ရှိနေတာကို ခံစားသိနဲ့ သိတာမျိုးလေ၊ အဲဒီအဖြစ်မျိုး ဖြစ်ဖူးလား'

'မဖြစ်ဖူးဘူး'

ပြီးပါလေရော...။ ကျွန်တော် ကိုယ့်ကိုယ်ကို သဘောကျစွာ ပြုံးမိသွားသည်။





'ဒါဖြင့် ညီမလေးကို မြင်ရတဲ့ လိပ်ပြာတွေအကြောင်းပဲ ပြောပြမှ ဖြစ်တော့မယ်'

ကျွန်တော် ဖေဖေနှင့် ပတ်သက်နေသည့် ပျောက်ဆုံးခြင်း၊ သေဆုံးခြင်း၊ ရှာဖွေခြင်း စသည့် အပိုင်းကို မြှုပ်ထားလိုက်ပြီး ဖေဖေ ရှာဖွေလေ့လာခဲ့သော လိပ်ပြာများအကြောင်းကိုသာ သူမအားပြောပြလိုက်မိသည်။

'အဲဒီ တောင်တန်းတွေမှာ လိပ်ပြာတွေ ရှိတယ်၊ မြန်မာပြည် ပြည်မ မြေပြန့်မှာ သိပ်မတွေ့ရတဲ့ ရှားပါးတဲ့ လိပ်ပြာတွေ ရှိတယ်၊ လိပ်ပြာတွေမှာ... တစ်ကောင်နဲ့ တစ်ကောင် မတူတဲ့ အမျိုးအစားတွေ အများကြီး ညီမလေးရဲ့၊ အမျိုးတစ်ခုတည်းမှာတောင် နည်းနည်းချင်း ကွဲသွားတဲ့ လိပ်ပြာတွေ ရှိသေးတယ်၊ ဥပမာ...ကချင်လူမျိုးနဲ့ မြန်မာလူမျိုး ဆိုပါတော့၊ နှစ်မျိုးလုံးကတော့ ဆင်းသက်လာတဲ့ လူမျိုး အတူတူပဲ၊ တိဗက်-မြန်မာ အုပ်စုကနေ ဆင်းသက်လာတာ၊ ဒါပေမဲ့ ကချင်ရယ် မြန်မာရယ်ဆိုပြီး ကွဲသွားတယ်၊ ကချင်ထဲမှာမှ ထပ်ကွဲသွားတာက ဂျိန်းဖောရယ်၊ ရဝမ်ရယ်၊ လီဆူးရယ်... ဟုတ်တယ် မဟုတ်လား'

နန်ဗေးရမ် ခေါင်းညိတ်ပါသည်။

'လိပ်ပြာမှာလဲ ဒီလိုပဲပေါ့...၊ မျိုးရင်းတစ်ခုတည်းကနေ ပုံသဏ္ဍာန်၊ အရောင်၊ သဘာဝ၊ အစားအစာ မတူတဲ့အခါ မျိုးစုတွေ ပြန်ကွဲကုန်တာပေါ့၊ ဥပမာ...အပြာရောင်များတဲ့ လိပ်ပြာမျိုး တစ်မျိုး ဆိုပါတော့၊ အဲဒီ လိပ်ပြာက လီဆေနိုက်ဒေး ဆိုတဲ့ မျိုးရင်းထဲက တစ်မျိုးပေါ့၊ သူ့ကိုလွယ်လွယ်ကူကူ အပြာလိပ်ပြာလို့ လူပြိန်းလို ခေါ်ကြတယ်၊ ဒါပေမဲ့ အဲဒီ အပြာလိပ်ပြာမှာ ကိုပဲ မျိုးစု အများကြီးရှိတယ်၊ အပြာအကြီးမျိုး၊ အပြာအသေးမျိုး၊ အမြီးရှည်အပြာ၊ အမြီးတိုအပြာ၊ ဝက်သစ်ချအပြာ၊ ဟော်လီအပြာ၊ မာဇာရင်းအပြာ လို့ ခေါ်တဲ့ အပြာရင့်ရင့်... အများကြီးပဲလေ'

'ကျွန်မ အပြာရောင်လိပ်ပြာတွေ လမ်းမှာ ခဏခဏတွေ့ဖူးတယ်၊ အစ်ကို နန်ဒီးရမ်လဲ ခဏခဏ တွေ့ဖူးတယ်လို့ ပြောတယ်၊ တစ်ခါတုန်းက ခါခါဘိုက အပြန်မှာ ထူးဆန်းတဲ့ လိပ်ပြာလေးတစ်ကောင် ကျွန်မအတွက် ယူလာဖူးတယ်၊ အစ်ကိုရယ်...အဲဒီ လိပ်ပြာလေးကလေ အပြာရောင်တော့ အပြာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပဲ၊ ဒါပေမဲ့ သစ်ရွက်လေးအတိုင်းပဲ၊ တကယ့်သစ်ရွက်ခြောက်ကလေး တစ်ခုလိုပဲ'

ဖေဖေ့မှတ်တမ်းထဲမှာလည်း ရေးခဲ့ဖူးပါသည်။

'ဟုတ်တယ်၊ အတောင်ပံတွေ စုလိုက်ရင် သစ်ရွက်လိုပဲ ထင်ရတဲ့ လိပ်ပြာ အပြာရောင် ရှိတယ်၊ သူ့ကို အပြာရောင် ဝက်သစ်ချရွက်လို့ ခေါ်တယ် ညီမလေးရဲ့၊ သူက ပျံနေတုန်း အတောင်ပံဖြန့်ထားတုန်းမှာ အပြာရောင် ဖြစ်ပေမယ့် သစ်ကိုင်းမှာ နားနေတဲ့အခါ အတောင်ပံက သစ်ရွက်ခြောက် အညိုရောင် ဖြစ်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ အတောင်ပံအပေါ် မျက်နှာက အပြာ၊ အောက်ဘက် မျက်နှာက အညိုရောင် ဖြစ်နေလို့ပဲ၊ ဒါကြောင့် နားတဲ့အခါ အတောင်ပံနှစ်ဖက်က ကျောပေါ်မှာ လာစုတော့ အောက် မျက်နှာပြင်နှစ်ခုကိုပဲ မြင်ရတာ၊ အဲဒါ တကယ့်သစ်ရွက်ခြောက်အရောင်ပဲ၊ ဒါက သဘာဝကနေ သူတို့အသက်ရှင်ရေးအတွက် ဖန်ဆင်းပေးထားတာ၊ အဲဒီ မျက်နှာပြင်မှာ သစ်ရွက် အကြော အမြှာလေးတွေလို၊ သစ်ရွက်မှာ ကပ်နေတဲ့ မှိုအမှုန်လေးတွေလို၊ ပိုးစားထားတဲ့ အပေါက်လေးတွေလို ဆင်တူတဲ့ အရောင်လေးတွေ ပါတယ်လေ'

'လှည့်စားဖို့ပေါ့နော်'

'ဟုတ်တယ်၊ သူက အရောင်နဲ့ လှည့်စားတာ'

'သူ့နာမည်က ဘာ...'

'အပြာရောင်ဝက်သစ်ချရွက်...တဲ့၊ Blue Oak leaf...တဲ့၊ သူ့ရဲ့ သတ္တဗေဒ နာမည်ကတော့ ကယ်လီမားစ်လို့ ခေါ်တယ်'

'အစ်ကို ခါခါဘိုလမ်းမှာ တွေ့ရင် တစ်ကောင်ယူလာပေးပါလား'

ကျွန်တော် နန်ဖေးရမ်ကို ပြုံးလျက် စူးစိုက်ကြည့်မိ၏။

'တစ်ကောင် ရပြီးပြီပဲ ညီမလေးရဲ့'

'အို...အဲဒီတစ်ကောင် မရှိတော့ဘူးလေ၊ ဘယ်ရောက်သွားမှန်း မသိဘူး၊ နောင်မွန်းမှာ ပျောက်သွားတာ၊ အစ်ကိုကလဲ ကြာလှပြီပဲ'

'အိုကေ...တွေ့ရင် ယူလာပေးမယ်၊ ဒီတစ်ခါ ပျောက်မပစ်နဲ့နော်'

'အို...မပျောက်ဘူး၊ သိမ်းထားမှာ၊ တစ်သက်လုံး သိမ်းထားမှာ အစ်ကို'





ခေါင်းကလေး ဆတ်ခနဲ ညိတ်လျက် စိတ်ပါလက်ပါ ကတိပေးနေသော မိန်းကလေးကို ကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ လှိုက်ဟာသွားသည်။ နန်ဖေးရမ် တစ်သက်လုံး သိမ်းထားနိုင်ဖို့ ကျွန်တော်က ပေးအပ်နိုင်သောအရာမှာ လိပ်ပြာကလေးတစ်ကောင်မျှသာ ဖြစ်ရတော့မှာလား။ ကျွန်တော်တို့ နှစ်ယောက်အကြားက တစ်ခုတည်းသော ဆက်စပ်ပတ်သက်မှုမှာ အပြာရောင် လိပ်ပြာကလေးပဲလား။ ကျွန်တော့်နှလုံးသား၊ ကျွန်တော့်အတွေး၊ ကျွန်တော့်ဖြစ်တည်မှု...အားလုံးကို သူမကို မျှဝေခံစားခွင့် မပေးသာတော့ဘူးလား။ ဒါကို ကျွန်တော်က မရိပ်မိသေးပေမယ့် နန်ဖေးရမ်က ရိပ်မိနေပြီလား။

ကျွန်တော် ထိုင်ရာမှ ဖြုန်းခနဲ ထရပ်လိုက်မိ၏။

'ကျွန်တော် တောင်ယာခုတ်တဲ့ နေရာကို လိုက်သွားဦးမယ် အနန်'

ကျွန်တော် လှည့်ထွက်လိုက်သည်။

'အဖေးကြီး အစ်ကို၊ ဘာသွားလုပ်မှာလဲ'

နန်ဖေးရမ်ကပါ မတ်တတ်ရပ်ရင်း နားမလည်သလို မေးလာ၏။

'ကိုဒီးရမ်ကို ပြောစရာ ရှိလို့'

ကျွန်တော် လှေကားဆီကို ထွက်လာတော့ နောက်မှာ မိန်းကလေး ရပ်လျက် ကျန်ခဲ့သည်။

ကျွန်တော် ဖုန်ဒီးရမ်ကို တွေ့ချင်သည်။ သူ့ကို မေးစရာတွေ အများကြီး ရှိသည်။ ပြောစရာတွေလည်း အများကြီး ရှိသည်။ အားလုံးမှာ ရဝမ်လူမျိုး၏ အကြောင်းတွေပဲ ဖြစ်ပါလိမ့်မည်။ ရဝမ်လူမျိုးမိန်းကလေးတစ်ယောက်ကို မြန်မာလူမျိုးယောကျ်ားလေးတစ်ယောက်က လက်ထပ်ခွင့်ရဖို့ဆိုလျှင် ဘာအချက်အလက်တွေနှင့် ပြည့်စုံဖို့ လိုအပ်ပါသလဲ။ ဘာထုံးစံတွေကို လိုက်နာဖို့ လိုအပ်ပါသလဲ။

သို့သော် ဖုန်ဒီးရမ်ဆီ ကျွန်တော် မသွားလိုက်ရတော့ပါ။

ကျွန်တော် လှေကားတစ်ဝက်အရောက်တွင် အိမ်ရှေ့သို့ အသက် ၆၀ ခန့် ရှာသားကြီးတစ်ယောက် ရောက်လာသည်။ ထောင်ထောင်မောင်းမောင်း အရောင်လွင့်ပြယ်နေသော အညိုစင်း ချည်စောင်လို အင်္ကျီဖားဖားကြီးဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ကျောမှာ ခြင်းတောင်းတစ်ခုကို ပိုးထားသည်။ ဓာတ်ပုံထဲက လူကြီးမှန်း ကျွန်တော် ချက်ချင်း သိလိုက်၏။

'အဖေ' ဝရန်တာသို့ ထွက်ရပ်၍ အော်လိုက်သော နန်ဖေးရမ်၏အသံ။

လူကြီးသည် နန်ဖေးရမ်ကို အရင်မြင်၏။ အပေါ်ထပ် ဝရန်တာဆီ တအံ့တဩ ပြုံးကြည့်လျက် ခြေလှမ်းသွက်သွက်ဖြင့် လှေကားဆီ လျှောက်လာသည်။ ထို့နောက် လှေကားထစ်ပေါ်မှာ ရပ်နေသော ကျွန်တော့်ကိုမြင်သွားသောအခါ မျက်နှာတည်သွားလေသည်။

ကျွန်တော် လှေကားမှဆင်းလိုက်သည်။ နန်ဖေးရမ်လည်း အပြေးဆင်းလာသည်။

ကျွန်တော် အိမ်ရှင်ကို ကြိုဆိုရန် ချဉ်းကပ်သွားစဉ် နန်ဖေးရမ်က ကျွန်တော့်ရှေ့သို့ ရောက်သွား၏။

'အနန်' နှင့် 'အဖုန်' စကားလုံးများကိုသာ ကျွန်တော်နားလည်လိုက်ပြီး လူကြီးက ဘာမေးလိုက်မှန်း မသိ၊ မိန်းကလေးက ခေါင်းယမ်းသည်။ ထို့နောက် လူကြီး၏ ကျောပေါ်မှ လေးလံသော ခြင်းတောင်းကို လက်ဖြင့် ကိုင်မ,ကာ ဖြုတ်ယူဖို့ ဟန်ပြင်၏။ လူကြီးက လက်ကာပြပြီး သူ့နဖူးပေါ်မှ သိုင်းကြိုးကို သူ့လက်ဖြင့် ထိန်းကာ လှေကားဆီ လျှောက်လာသည်။ ကျွန်တော့်ဆီသို့ ဖြစ်သည်။ ကျွန်တော်သူ့အား အပြုံးဖြင့် ဦးညွှတ်ကာ နှုတ်ဆက်လိုက်ပါသည်။

'နေကောင်းပါရဲ့လား ဦး'

'အေး... အဖုန်ဒီးရမ်ရဲ့ သူငယ်ချင်းလား'

ကျွန်တော် မဖြေရသေးမီ နန်ဖေးရမ်က ဝင်ဖြေ၏။

'မဟုတ်ဘူး အဖေ... ရန်ကုန်က လာတာ၊ အဖေ့ကို တွေ့ဖို့ လာတဲ့ ဧည့်သည်'

လူကြီး အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

'ငါ့ကို တွေ့ဖို့...'

ကျွန်တော် ခရီးရောက်မဆိုက် ဝမ်းနည်းဖွယ်အတိတ်အကြောင်း သူ့ကို မပြောချင်ပါ။





'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ဥက္ကာပါ'

'အေး... အေး'

ကျွန်တော်တို့ သုံးယောက်လုံး လှေကားမှ တက်ကြသည်။ ကျွန်တော်က နောက်ဆုံးမှ ဖြစ်ပါသည်။ အိမ်ပေါ်ထပ်ရောက်တော့ ဦးဖီရမ်က ကျောပေါ်က တောင်းကို ဖြုတ်ယူကာ ဝုန်းခနဲ ချလိုက်၏။ ထို့နောက် နန်ဖေးရမ်ကို တစ်ခုခုပြောလိုက်ပြီးနောက် မီးဖိုဘေးမှာ အားရပါးရထိုင်ချလိုက်သည်။

နေ၏ အလင်းရောင်ကြောင့် ကောင်းကင်မှာအနီရောင်သန်းလျက် လင်းနေခဲ့သော်လည်း အိမ်ထဲမှာတော့ အလင်းရောင် သိပ်မရှိတော့ပါ။ အနန်က ခြင်းတောင်းထဲမှ ပစ္စည်းတွေကို ထုတ်ယူသိမ်းဆည်းနေစဉ် ဦးဖီရမ်က ရေနွေးကြမ်းကို တစ်ခွက်ပြီး တစ်ခွက် သောက်နေသည်။ ကျွန်တော်ကတော့ မီးဖိုခြေရင်းမှာ ဦးဖီရမ်ကို မျက်နှာချင်းဆိုင်လျက် ငြိမ်သက်စွာ ထိုင်နေမိပါသည်။

ကျွန်တော့်ရှေ့မှ လူကြီးသည် အသက် ၆၀ လည်းဖြစ်နိုင်၏။ ၅၀ လည်း ဖြစ်နိုင်ပါသည်။ မည်းနက်သော နှုတ်ခမ်းမွေးထူထူသည် အများမှာ စုပြီး နည်းနည်း ကော့ထောင်နေသည်အထိ ရှည်လျားသည်။ ဖေဖေ ရိုက်ယူခဲ့သော ဓာတ်ပုံထဲက ရုပ်ရည်အတိုင်း ဖြစ်သော်လည်း များစွာ ရင့်ရော်အိုမင်းသွားပြီ ဖြစ်သည်။

ကျွန်တော် သူ့ဓာတ်ပုံကို သတိရသွားပြီး ကျွန်တော့်ဂျာကင်အင်္ကျီအိတ်ကပ်ထဲမှ သွားထုတ်ယူလိုက်သည်။ ထို့နောက် ဦးဖီရမ်အား လက်နှစ်ဖက်ဖြင့် ရိုကျိုးစွာကမ်းပေးလိုက်ပါသည်။

'ဘာလဲ'

သူ ဓာတ်ပုံကို ယူကြည့်သည်။ သူ့မျက်လုံးနား တော်တော်နီးအောင် ကပ်ကြည့်ခြင်း ဖြစ်သည်။ ထို့နောက် ဖြုန်းခနဲ ကျွန်တော့်အား လှမ်းကြည့်သည်။ သူ့အကြည့်မှာ တစ်ခုခုကို သတိရသွားသလိုပဲ။

'မင်းက ဘယ်သူလဲ'

'ကျွန်တော် ဥက္ကာပါ... ဦး၊ အဲဒီဓာတ်ပုံကို ရိုက်ခဲ့တဲ့ ဦးပြည်သိမ်းရဲ့ သားပါ'

မှိန်ပျပျအလင်း မသဲမကွဲတွင် ဦးဖီရမ်၏ မျက်နှာအမူအရာ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



မှုကို အသေးစိတ်မမြင်ရပါ။ သို့သော် သူ ထိတ်လန့်တုန်လှုပ်သွားတာတော့ ကျွန်တော် မြင်လိုက်ရပါသည်။

'ဦးပြည်သိမ်း…'

သူ့ကိုကြည့်ရသည်မှာ တစ္ဆေတစ်ကောင်ကိုမြင်လိုက်ရသူ၏ မယုံကြည်နိုင်စွာ ထိတ်လန့်ချောက်ချားဟန်မျိုး။ သူ ဖေဖေ့ကို မှတ်မိနေသည်။ လုံးဝ သေချာပါသည်။

'ဟုတ်ပါတယ်၊ ဦးနဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းက ခါကာဘိုရာဇီကို အတူသွားခဲ့ပြီး ပြန်မလာနိုင်တော့တဲ့ ဦးပြည်သိမ်းပါ'

သူ ကျွန်တော့်ကိုမကြည့်ဘဲ မီးဖိုထဲက ပြာများကို စူးစိုက်ကြည့်နေသည်။

'အခု မင်းက ဘာကြောင့် ငါ့ဆီရောက်လာတာလဲ'

ကျွန်တော့်ကို မကြည့်ဘဲ မေးသည်။

'ကျွန်တော် ဖေဖေ့အကြောင်းကို သိချင်ပါတယ်၊ ဖေဖေ ဘာဖြစ်လို့ ပြန်မလာနိုင်တာလဲ ဆိုတာ'

သူ ကျွန်တော့်ကို ဆတ်ခနဲ မော့ကြည့်သည်။

'သူ သေပြီလေ'

ခြောက်သွေ့သောအသံသည် အနည်းငယ် တိုးတိတ်၏။

'ဦး…သူသေသွားတာကို မြင်ရသလား'

'ငါ မမြင်လိုက်ရပါဘူး'

'ဒါနဲ့တောင် ဦးက သူသေတယ်လို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ'

သူ မျက်မှောင်ကြုတ်သွားသည်။

'ရေခဲချောက်ထဲ ပြုတ်ကျသွားရင် ဘယ်သူမဆို သေတာပဲ'

'ဒါဖြင့်…'

ထိုအချိန်မှာ အိမ်ကြမ်းပြင် သိမ့်ခနဲ သိမ့်ခနဲတုန်သွားအောင် ခြေလှမ်း လှမ်းပြီး တစ်ယောက်ယောက် တက်လာသည်။ ကျွန်တော် နောက်လှည့်ကြည့်လိုက်သောအခါ ထင်သည့်အတိုင်း ဖုန်ဒီးရမ် ဖြစ်နေ၏။ ဖုန်ဒီးရမ်၏ အမူအရာမှာ ခရီးက ပြန်ရောက်သော ဖခင်ကို ဆောမသီ ရန်မခ တွေ့မြင်ရသောကြောင့် ဝမ်းသာလှိုက်လှဲခြင်းထက် တစ်ခုခု စိုးရိမ်စရာရှိ၍ အလော တကြီး အချိန်မီရောက်ဖို့ လာတွေ့သည့်ဟန်မျိုးဟု ကျွန်တော်ထင်သည်။





'အဖေ'

ဖုန်ဒီးရမ်သည် ကျွန်တော့်နောက်ဘက်မှ ခပ်သုတ်သုတ် ဖြတ်ကျော်သွားပြီး သူ့ဖခင်အနီးတွင် ဒူးတုပ်၍ ထိုင်ချလိုက်သည်။ ထို့နောက် စကား တစ်ခွန်းကို ခပ်သွက်သွက် ပြောသည်။ ဖမ်မရာ… ဟူသော စကား တစ်စွန်း တစ်စ ကြားလိုက်ရသဖြင့် နေကောင်းရဲ့လားဟု မေးတာလည်း ဖြစ်နိုင်သည် ဟု ယူဆပါသည်။ သူ့ဖခင်က မျက်နှာတည်တည်ဖြင့် 'အေး' ဟု တစ်ခွန်း တည်း ပြော၏။

'မင်း မေးချင်တာတွေ မေးပြီးသွားပြီလား'

ဖုန်ဒီးရမ်က ကျွန်တော့်အား မေးသည်။

'မမေးရသေးပါဘူး'

'ညကျမှ မေးပါလား' တစ်လက်စတည်း သူ့ဖခင်ဘက်သို့ လှည့်ကာ 'အဖေ ခဏနားလိုက်ပါဦး' ဟု ကျွန်တော်ပါ နားလည်အောင် မြန်မာလို ပြောလိုက်သည်။ ဖုန်ဒီးရမ်က သူ့ဖခင်၏ ပခုံးပေါ် လက်အသာတင်လျက် နူးညံ့သော အသံဖြင့် ရဝမ်လို စကားတစ်ခွန်း ထပ်ပြောသည်။

ဖခင်ကို အလွန်ဂရုစိုက်သည့် သားတစ်ယောက် ဖြစ်လိမ့်မည်ဟု ကျွန် တော် သိလိုက်ပါသည်။

ဦးဖီရမ်က ခေါင်းပေါင်း ချည်စောင်ကို ဖြည်လျက် မျက်နှာကို ချွေး သုတ်ရင်း ခေါင်းယမ်းခါ၏။

'ငါ နေကောင်းပါတယ်'

ထို့နောက် ထိုချည်ထည်အဝတ်ဖြင့်ပင် မျက်နှာကို ယပ်ခတ်နေသည်။ လူအိုက်လို့လား၊ စိတ်အိုက်လို့လား မသိပါ။

ကျွန်တော်တို့ သုံးယောက် ခဏကြာမျှ ငြိမ်သက်သွားကြ၏။ တစ် ယောက်ယောက်က စကားစပြောလျှင် ကောင်းပါလိမ့်မည်။ စကားစ,သူ သည် ကျွန်တော်ဖြစ်ဖို့ မကောင်းပါ။ အိမ်အပြင်တွင် အလင်းရောင် တရိပ် ရိပ် ကျလာနေသည်။ ရွာထဲတစ်နေရာရာမှ သီချင်းဆိုသံသဲ့သဲ့ကို ကြားရ သည်။ အိမ်ခေါင်းရင်း တောင်စောင်း တောအုပ်ဆီမှ ကျေးငှက်တို့ အသံ စီစီ ပြည်နေသည်။ အိပ်တန်းတက်ကြတော့မည့် ငှက်တွေ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အိမ်ထဲမှာတော့ အားလုံး တိတ်ဆိတ်နေသည်။ မီးထွန်းဖို့အချိန် ရောက်သည်အထိ ဘယ်သူမှ စကားမပြောကြပါ။

ကျွန်တော်ထိုင်ရာမှ ထပြီး ဖယောင်းတိုင်ထွန်းလိုက်သည်။ ထိုအခါကျမှ အခန်းထဲဆီမှ နန်ဖေးရမ် ထွက်လာပြီး မီးဖိုဆီ လျှောက်လာ၏။ မီးဖိုမှာ မီးတောက်လုံးဝမရှိတော့ဘဲ မီးခဲတွေ ပြာအထပ်ထပ် ဖုံးလျက်ရှိပြီ။ နန်ဖေးရမ်က မီးခဲတွေပေါ်မှ ပြာတွေကို ထင်းခြောက်ဖြင့် ခတ်ထုတ်ပြီး ထင်းတွေ ထပ်ထည့်သည်။ ထမင်းချက်ဖို့ ပြင်ဆင်တော့မည် ထင်သည်။

'အနန် ...'

ကျွန်တော် ဖယောင်းတိုင်ကို သစ်တုံးကြီးတစ်တုံးပေါ် စိုက်ထွန်းပြီး မီးဖိုအားမှာ ချပေးလိုက်သည်။

'ထမင်းချက်မလို့လား'

'ဟုတ်တယ်အစ်ကို'

'ကျွန်တော့်ခေါက်ဆွဲထုပ်တွေ ပြုတ်လိုက်ပါလား၊ အမြန်ဆုံး စားရမယ့်နည်းလေ၊ ကိုဒီးရမ်နဲ့ ဦးလေးနဲ့ ဆာနေလောက်ပြီ'

'အဖေက ခေါက်ဆွဲ စားမှာမဟုတ်ဘူး အစ်ကို၊ ထမင်းပဲ စားမှာ၊ ကျွန်မ ထမင်းပဲ ချက်လိုက်မယ်၊ မြန်ပါတယ်၊ အစ်ကို ဆာလို့လား'

အိမ်ရှေ့မီးဖိုပိုင်းမှ စကားပိုင်းအခြေအနေကို ဘာမှမသိသော နန်ဖေးရမ်က ပြုံးရယ်လျက် မေး၏။

'ကျွန်တော် မဆာဘူး၊ ပြောင်းဖူးတွေ စားထားတယ်လေ'

ကျွန်တော်တို့နှစ်ယောက် ထမင်းကိစ္စကို ခပ်တိုးတိုးပြောနေကြစဉ် မီးဖို၏ တစ်ဖက်မှ ဖုန်ဒီးရမ်နှင့် ဦးဖီရမ်လည်း စကားပြောနေကြသည်။ ရဝမ်ဘာသာဖြင့် ပြောခြင်းဖြစ်ပြီး ခပ်မြန်မြန် ခပ်သွက်သွက်ဖြစ်၍ ဘာပြောတာလဲ ကျွန်တော် လုံးဝမခန့်မှန်းနိုင်ပါ။

မီး အရှိန်ရလာသောအခါ နန်ဖေးရမ်သည် မီးဖို ဖိုခုံလောက်ပေါ်သို့ ထမင်းအိုး တင်လိုက်၏။

မီးဖိုမီး၏ အလင်းရောင်သည် ဝါ၍ တောက်ပနေသဖြင့် ဦးဖီရမ်၏ မျက်နှာ အောက်ပိုင်းကို အလင်းတင်ပေးနေသလို ရှိသည်။ ထိုမျက်နှာတွင် အောင့်အည်းမျိုသိပ်မှုတစ်ခု ရှိနေသည်။ ကျွန်တော် သူ့ကို ငေးကြည့်နေ





မိ်း သူ ခံစားမိပုံရ၏။ ကျွန်တော့်ဆီသို့ ရုတ်တရက် လှမ်းကြည့်လိုက်လေသည်။

'ကျောင်းသားလား'

ကျွန်တော့်ကို ဦးဖီရမ်က စကား စပြောလာသဖြင့် ကျွန်တော့်ရင်ထဲက လေးလံနေသော ဝန်ထုပ်ဝန်ပိုးကြီး လျော့ကျသွားသလိုပင် စိတ်သက်သာရာ ရသွား၏။

'မဟုတ်ပါဘူး၊ ကျွန်တော်ဧည့်လမ်းညွှန် ... အဲ ... နိုင်ငံခြားသား ခရီးသည်တွေကို လမ်းညွှန်ပေးတဲ့ ဂိုက်ဒ်အလုပ်ကို လုပ်ပါတယ်'

အဘိုးကြီး နည်းနည်းတွေသွား၏။ ဖုန်ဒီးရမ်က သူ့အဖေကို ဘာသာပြန်ပေးလိုက်သည်။ သူ့စကားထဲတွင် Tourist Guide ဟူသော အင်္ဂလိပ်စကားလုံး ပါသည်။ အဘိုးကြီး ခေါင်းတညိတ်ညိတ် ဖြစ်သွား၏။

'အခု ဘာလုပ်မှာလဲ'

'ခင်ဗျာ ...'

'ဒီရွာမှာ ဘာလုပ်မှာလဲ'

'ကျွန်တော် ...'

ဖုန်ဒီးရမ်ကို တစ်ချက်ကြည့်လိုက်မိ၏။ ထမင်းစားပြီးမှ ပြောပါဟု သူ ေကာင်းဆိုထားသောကြောင့် ဖြစ်သည်။ သို့သော် သူက ကျွန်တော့်ကို ကြည့်ဘဲ မီးဖိုမီးအောက်မှာ သူ့လက်ဖဝါးများကို သူဖြန့်ကြည့်နေခဲ့သည်။

'ကျွန်တော် ခါကာဘိုရာဇီကို သွားချင်ပါတယ်'

အဘိုးကြီး ဘာမှမပြောပါ၊ ကျွန်တော့်ကို လှမ်းကြည့်နေသည့် အကြည့်ည်း မပျက်ပါ။

'အဲဒါ ... ဦးက ကျွန်တော့်ကို လမ်းပြလုပ်ပေးပါ'

သူ ခေါင်းယမ်း၏။

'ငါ လမ်းပြမလုပ်တော့ဘူးလေ'

ကျွန်တော် အဘိုးကြီးကို ရအောင် စည်းရုံးမှဖြစ်မည်ဟု သဘောပေါက်လိုက်သည်။

'ဦး လမ်းပြမလုပ်တော့ဘူးလို့ ကိုဒီးရမ်က ပြောပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဒီတစ်ခါ လုပ်ပေးပါဦး၊ ကျွန်တော် တောင်းပန်ပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'ခါခါဘိုကို လမ်းပြနိုင်တဲ့လူတွေ အများကြီးပါ'

အဘိုးကြီးက ခေါင်းမာတော့မည့် မျက်နှာဖြင့် ခပ်ပြတ်ပြတ်ပြော၏။

'ဟုတ်ပါတယ်၊ ခါကာဘိုရာဇီကို ရောက်အောင် လမ်းပြပေးနိုင်မယ့်သူတွေ အများကြီး ရှိမှာပါ၊ ဒါပေမဲ့ ကျွန်တော့်အဖေ ရောက်ခဲ့တဲ့နေရာတွေကို ကျွန်တော့်အဖေ သွားခဲ့တဲ့လမ်းအတိုင်း လမ်းပြပေးနိုင်တဲ့သူကတော့ ကမ္ဘာပေါ်မှာ ဦး တစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်တော့်ကို ကူညီပါ'

ထိုအခါ အဘိုးကြီး ကျွန်တော့်ကို မျက်မှောင်ကြုတ် ကြည့်လာပါသည်။

'မင်းအဖေ ရောက်ခဲ့တဲ့နေရာ... အဲဒီမှာ ဘာမှ မရှိဘူး၊ လူတွေ သွားနေကျ လမ်းလဲ မဟုတ်ဘူး'

'ဒါပေမဲ့ အဲဒါ ဖေဖေသွားခဲ့တဲ့ လမ်းပဲ'

'ငါ နားမလည်ဘူး'

ရဝမ်အဘိုးကြီး နားလည်အောင် ကျွန်တော်မြန်မာစကားဖြင့် ဘယ်လို ရှင်းပြနိုင်ပါ့မလဲ။

'ဖေဖေ့မှာ သားသမီးဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှိတာပါ၊ ကျွန်တော်က ဖေဖေ့ရဲ့ တစ်ဦးတည်းသော သားပါ၊ ဖေဖေ သေပြီလို့ လူတွေက ပြောတဲ့အခါ ဖေဖေ့အလောင်းကိုတော့ ကျွန်တော်မြင်ချင်တာပေါ့၊ ဒါပေမဲ့ ဖေဖေ့အလောင်းကို ဘယ်သူမှ မတွေ့ကြဘူး၊ ဦးလဲ ဖေဖေ့အလောင်းကို မတွေ့ဘူးဆို'

'မတွေ့ဘူး'

'ကျွန်တော့်အတွက်တော့ ဖေဖေ မသေသေးဘူး'

အဘိုးကြီး အံ့သြသွားသည်။

'မင်း အရူးပဲ'

ကျွန်တော် စိတ်မဆိုးပါ။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ရူးနေပြီဟု မကြာခဏရေရွတ် အပြစ်တင်မိနေခဲ့သည်။ ကျွန်တော် ရူးနေတာလည်း တကယ်ဖြစ်နိုင်ပါသည်။

'ကျွန်တော်သိပါတယ်၊ ဖေဖေ တကယ်သေပြီဆိုတာ ကျွန်တော်လက်ခံချင်ပါတယ်၊ ဒါကြောင့် ကျွန်တော် အဲဒီကို လိုက်သွားမှ ဖြစ်မယ်၊ ဖေဖေ နောက်ဆုံးသွားခဲ့တဲ့ နေရာတွေကို ကျွန်တော်ရောက်ချင်တယ်၊ ဖေဖေ မသေခင် နောက်ဆုံးရပ်ခဲ့တဲ့ မြေကြီးပေါ်မှာ ကျွန်တော်ရပ်ချင်တယ်'





'သူ နောက်ဆုံး ရပ်ခဲ့တာ မြေကြီးပေါ် မဟုတ်ဘူး၊ နှင်းတောင်ပေါ်မှာ'

ဦးဖိရမ်က အက်ကွဲသော အသံဖြင့် စကားပြင်ပေးသည်။

'အဲဒီ နှင်းတောင်ပေါ်မှာ ကျွန်တော် ရပ်ချင်တယ် ဦး'

'ဒါပေမဲ့ ငါ မသွားနိုင်ဘူး'

'ဘာဖြစ်လို့ မသွားနိုင်တာလဲ'

'ငါ အသက်ကြီးပြီ'

'ဦး အသက်ကြီးပြီဆိုပေမယ့် ခရီးတော့ ထွက်နိုင်ပါသေးတယ် ဦးရယ်၊ ကျွန်တော့်ကို လိုက်ပို့ပေးပါ'

အဘိုးကြီး ငြိမ်သက်သွားသည်။

အိမ်တစ်ခုလုံး တိတ်ဆိတ်သွားခြင်း ဖြစ်သည်။ မီးဖိုမှ ထင်းမီးတောက်၏ တဖျစ်ဖျစ်မြည်သံနှင့် ထမင်းအိုး တဗွက်ဗွက်ဆူသံကို ကြားနေရသည် အထိပင် ဖြစ်သည်။ ဖုန်ဒီးရမ်တို့ မောင်နှမလည်း ငြိမ်သက်နေ၏။ နန်ဗေးရမ်က ထမင်းအိုးကို ယောက်မဖြင့် မလိုအပ်ဘဲ မွှေနေသည်။ ဖုန်ဒီးရမ်က ထင်းမီးကို မလိုအပ်ဘဲ ဆွနေသည်။

ခဏကြာတော့ ဦးဖိရမ်၏ အသံ ထွက်လာသည်။ အင်အား နည်းပါးသော တိုးတိတ်သော အသံ ဖြစ်သည်။

'ရေခဲတောင်တွေပေါ်မှာ နှစ်တွေ အကြာကြီး အမဲလိုက်ဖူးတယ်၊ ခါခါဘို သွားချင်တဲ့သူတွေကို လမ်းပြ လုပ်ပေးဖူးတယ်... ခဏခဏပဲ၊ ဒါပေမဲ့ လူတစ်ယောက်မှ အသက်မသေခဲ့ဖူးဘူး၊ အခု မင်းအဖေသေသွားတယ်၊ အဲဒီအဖြစ်က သိပ်ကြောက်ဖို့ ကောင်းတယ်၊ အဲဒီနောက် ငါ ဘယ်တော့မှ အဲဒီနေရာကို မသွားတော့ဘူး၊ မင်းအဖေက ငါ နောက်ဆုံး လမ်းပြပေးခဲ့တဲ့ ခရီးသည်ပဲ'

သူ ထိုနေရာသို့ မသွားချင်တာ မဟုတ်။ မသွားရဲတာ ဖြစ်ရမည်။

'ဖေဖေ ပြုတ်ကျသွားတဲ့အချိန်မှာ ဖေဖေနဲ့ ဦးနဲ့ ဘယ်လောက်ဝေးသလဲ'

ကျွန်တော် တည်ငြိမ်သောအသံဖြစ်အောင် ထိန်းချုပ်ပြီး မေးမိသည်။

'ဒီနံရံနဲ့ ဟိုနံရံလောက် ဝေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းနံရံနှင့် ခြေရင်းနံရံကို လက်ညှိုးထိုးပြသည်။ ပေ ၃၀ လောက် ရှိမည်ထင်ပါသည်။

'အဲဒီ ချောက်ထဲကို လိုက်ဆင်းမကြည့်ခဲ့ဘူးလား'

'ငါတစ်ယောက်တည်း ဆင်းရင် ငါပြန်တက်လို့ မရဘူးလေ၊ အဲဒါ... ရေခဲချောက်ကြီး၊ ဒီတော့ တောင်တက်အဖွဲ့တွေ ကျန်ခဲ့တဲ့ တဲဆီကို ငါ ရောက်အောင် ပြန်ရတာပေါ့၊ အဝေးကြီးမှာ ကျန်ခဲ့တာ၊ အဲဒီမှာ ငါ လူစုပြီး ကြိုးတွေ ယူပြီး ပြန်လာရတယ်၊ သူ ကျတဲ့နေရာမှာ အပေါက်မရှိဘူး၊ နှင်းတွေချည်းပဲ၊ သူ ကျနိုင်တဲ့ နေရာကို ရှာဖို့ ရေခဲပုဆိန်တွေ သစ်ကိုင်းတွေနဲ့ ထိုးကြည့်ရတယ်၊ အပေါက်ဖောက်ယူရတယ်၊ ငါတို့ အော်ခေါ်ကြည့်တယ် အသံမကြားဘူး၊ ငါ့ကိုယ်ခန္ဓာက ကြီးတယ်၊ ငါ ဆင်းရင် ဆွဲတင်ရတာ လေးမယ်၊ ဒါကြောင့် ခပ်သေးသေး ကျောင်းသားလေးကို ကြိုးချည်ပြီး ဆင်းခိုင်းတယ်၊ အက်ကွဲကြောင်းက အရှည်ကြီး၊ ဒါပေမဲ့ အဲဒီမှာ သူ ကြာကြာမနေနိုင်ဘူး၊ ငါတို့ ဆွဲတင်ရတယ်၊ ကြာရင် သူ သေမှာပဲ၊ အသက်ရှူလို့ မရဘူး'

ဖေဖေ...။

ကျွန်တော့်အဖေ ဘယ်လိုဝေဒနာမျိုးနှင့် သေဆုံးခဲ့ရပါလိမ့်။ အေးလွန်းသဖြင့် ခိုက်ခိုက်တုန်ချမ်းပြီး သတိလစ်ခဲ့လေသလား။ သို့မဟုတ် အောက်ဆီဂျင် မရဘဲ မွန်းကျပ်ပြီး သတိလစ်ခဲ့လေသလား။ ဖေဖေသတိပြန်ရသေးသလား။ ရေခဲချောက်ကြီးထဲမှာ နက်ရှိုင်းသော အမှောင်ထုနှင့် အေးခဲ တုန်ခိုက်သော ရေခဲတွေ ပတ်လည်ဝိုင်းရံလျက် သတိရလာခဲ့သည်ဖြစ်လျှင် ဘယ်လောက်များ သွေးပျက်ချောက်ချားလိုက်ရမလဲ။ ဖေဖေ နောက်ဆုံးအချိန်မှာ ဘာကို တမ်းတပြီး ဘာတွေ တွေးခဲ့ပါသလဲ။ ဖေဖေ နောက်ဆုံးမြင်ယောင်ခဲ့သော ပုံရိပ်မှာ ဘယ်သူ့ပုံရိပ် ဖြစ်ခဲ့ပါမလဲ။ ဖေဖေ နောက်ဆုံး ရေရွတ်ခဲ့သော စကားလုံးမှာ ဘာစကားလုံး ဖြစ်ခဲ့ပါမလဲ။

ကျွန်တော် အခုအသက်ထက် ခြောက်နှစ်လောက် ပိုကြီးခဲ့လျှင် ဖေဖေသည်လို သေခဲ့ရမှာ မဟုတ်။ ဖေဖေ့ဘေးမှာ ကျွန်တော်လိုက်ပါကူညီနိုင်ခဲ့လိမ့်မည်။

'ကျွန်တော် အဲဒီကို ရောက်အောင်သွားချင်တယ် ဦး၊ ဦး ကျွန်တော့်ကို လိုက်ပို့ပါ'





'ဘာဖြစ်လို့ သွားချင်ရတာလဲ'

'ဘာဖြစ်လို့ သွားချင်ရသလဲ ဆိုတော့ ကျွန်တော့်အဖေ အဲဒီမှာ သေခဲ့ရတာမို့ပဲ'

'မင်း သွားလို့ အကျိုးမရှိနိုင်ဘူး၊ အန္တရာယ်လဲ ရှိတယ်၊ မင်း ပြန်ပါ'

ကျွန်တော့်ကို ပြန်ပါဟု သူ ဘာကြောင့် ပြောရသလဲ။ ကျွန်တော် စိတ်တိုသွားမိသည်။

'ကျွန်တော် မပြန်ဘူး၊ အဲဒီကို ကျွန်တော် ရောက်အောင်သွားမယ်၊ အဖေ သေခဲ့တဲ့နေရာကို သွားဖို့ သားမှာ တာဝန်ရှိတယ်၊ အဲဒီလိုပဲ အဖေသေတဲ့ နေရာကို သွားချင်တဲ့ သားကို လိုက်ပို့ပေးဖို့ အဖေ့ရဲ့ လမ်းပြမှာ တာဝန်ရှိတယ်၊ ကျွန်တော့်ကို လိုက်ပို့ပေးဖို့ ဦး တာဝန်ပဲ'

BURMESE CLASSIC .com

ကျွန်တော် ပြတ်သားစွာ တောင်းဆိုလိုက်ပါသည်။

ကျွန်တော့်စကားကြောင့် အဘိုးကြီး ဦးနှောက်ခြောက်သွားပုံ ရသည်။ ပါးစပ်အဟောင်းသားနှင့် ဘာစကားမှ မပြောဘဲ ခဏဆွံ့အသွား၏။ ထို့နောက် ဆတ်ခနဲ ခေါင်းခါယမ်းသည်။

'ငါ့မှာ တာဝန်မရှိဘူး၊ မင်း သွားချင်သွား၊ ငါ မင်းကို လိုက်မပို့နိုင်ဘူး'

ကျွန်တော့် စိတ်ကို နည်းနည်းပြန်လျှော့လိုက်ရသည်။

'ဦး...ဦး ခရီးပန်းလာတာ ကျွန်တော်သိပါတယ်၊ ချက်ချင်းကြီး ခရီးပြန်မထွက်နိုင်တာ ကျွန်တော် သိပါတယ် ဦး၊ အနားယူပါ...တစ်ရက်ပဲကြာကြာ၊ တစ်ပတ်ပဲကြာကြာ ကျွန်တော် စောင့်ပါ့မယ်၊ ကျွန်တော့်ကို ဖေဖေ့ဆီ ရောက်ဖို့ ဦးပဲ ကူညီနိုင်တာပါ'

'ဘာမှအကျိုးမရှိတဲ့ အလုပ်ကို မင်း လုပ်တော့မယ်၊ အဲဒါကို ငါ မကူညီဘူး'

ခေါင်းမာလှသော အဘိုးကြီးကို ကျွန်တော် စိတ်ပျက်လက်ပျက် စိုက်ကြည့်နေမိ၏။ သူ မပို့ပေးလျှင် ကျွန်တော် ဘယ်မှရောက်တော့မှာ မဟုတ်ပါ။ သူ ဘာဖြစ်လို့ ဒီလောက်တောင် ငြင်းနေရပါသလဲ။

သူ့ကို ကျွန်တော်ကြည့်နေရင်း ရုတ်တရက် အတွေးတစ်ခု ပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခုခုကို ဖုံးကွယ်ထားသလား။

ထိုအတွေးဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ပူလောင်သွားသည်။ အဘိုးကြီး၏ မျက်လုံးတွေကို ကျွန်တော် အကဲခတ်ကြည့်မိ၏။ ထိုမျက်လုံးတွေမှာ ရှောင်ဖယ်လိုသော အရိပ်ကို မြင်ရသည်ဟု ထင်သည်။ သူ ဘာတွေကို ဖုံးကွယ်ထားသလဲ၊ သူ ဘာတွေကို ရှောင်ဖယ်ချင်နေသလဲ၊ ကျွန်တော် ဘာတွေ တွေ့သွားမှာကို သူ စိုးရိမ်နေသလဲ။

ကျွန်တော် ဘာမှ စဉ်းစားမနေတော့ဘဲ စကားတစ်ခွန်းတည်းဖြင့် မြားပစ်သလို ပစ်ထည့်လိုက်၏။

'ကျွန်တော့်အဖေ သေခဲ့တဲ့ကိစ္စမှာ ဦး လိပ်ပြာသန့်တယ်ဆိုရင် ဦး… ကျွန်တော့်ကို လိုက်ပို့ပေးမှာပဲ'

ကျွန်တော် ဆိုလိုသော စကားအဓိပ္ပာယ်ကို ရဝမ်ကြီး သဘောပေါက်ရဲ့လား။ သူ့ မျက်မှောင်တော့ ကြုတ်သွား၏။ ချက်ချင်း သဘောပေါက်ပြီး ချက်ချင်း တုံ့ပြန်လိုက်သူက ဖုန်ဒီးရမ်ဖြစ်သည်။

'မင်း ဘာစကားပြောတာလဲ'

သူ့ စကားသံမှာ မာကျောလွန်းသဖြင့် အနည်းငယ်မျှပင် စကားမဖွဲ့သလို ထင်ရသည်။

'မင်းက ငါ့အဖေကို စွပ်စွဲချင်နေတာလား'

ကျွန်တော် လှမ်းကြည့်လိုက်တော့ မီးဖိုမီးရောင်မှာ တောက်ပနေသော သူ့ မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။

'ကျွန်တော် ဘာမှ မစွပ်စွဲပါဘူး'

'ဒါပေမဲ့ မင်း…အဖေ့ကို မသင်္ကာဘူးလို့ ငါ ခံစားရတယ်၊ မင်း စကားက အဲဒီအဓိပ္ပာယ်ပဲ၊ အဲဒါ ငါ့အဖေကို မင်း စော်ကားတာပဲ၊ ငါ့အဖေ အိမ်ပေါ်မှာ လာပြီး ငါ့အဖေကို စော်ကားနေတာပဲ'

ကျွန်တော့်စကား နည်းနည်းလွန်သွားပြီဖြစ်ကြောင်း ချက်ချင်းသတိရသွားသည်။

'အဖုန်…'

အဘိုးကြီးက အနည်းငယ် စိုးရိမ်သောအသံဖြင့် ဟန့်တား၏။ ထို့နောက်





သူ့ သားအား တစ်ခုခု ပြောသည်။ ဖျောင်းဖျချော့မော့တာ ဖြစ်နိုင်ပါသည်။ ဖုန်ဒီးရမ် ခေါင်းတစ်ချက် ဆတ်ပြီး နှုတ်ခမ်းတင်းတင်းစေ့ထား၏။

'ကျွန်တော့်စကား အဲဒီအဓိပ္ပာယ် ရောက်သွားရင် ကျွန်တော် တောင်းပန်ပါတယ်၊ ဦး လိုက်မပို့နိုင်ဘူးဆိုလို့ ကျွန်တော် စိတ်တွေ ရှုပ်ထွေးပြီး ပြောမိ ပြောရာ ပြောလိုက်မိတာပါ'

အကြပ်ကိုင်သည့်နည်းသည် တစ်ခါတစ်ရံတွင် အောင်မြင်နိုင်လိမ့်မည်။ သို့သော် ဤအဘိုးကြီးကိုတော့ အကြပ်ကိုင်လို့ ရမည်မဟုတ်။ နောက်ပြီး ဤနယ်သည် ကျွန်တော့်နယ်မဟုတ်။ ကျွန်တော်က မျက်နှာစိမ်းများအလယ်မှာ ရောက်နေသူသာ ဖြစ်သည်။ အိမ်ရှင်တွေ စိတ်ဆိုးအောင် လုပ်ခြင်းသည် ဒုက္ခကို ဖိတ်ခေါ်ခြင်းသာ ဖြစ်သည်။ ဤအချက်ကို ဘာဖြစ်လို့ စောစောစီးစီး ကျွန်တော် ထည့်မဆင်ခြင်မိတာလဲ။

'ဦး…၊ ကျွန်တော် ဖေဖေ့ကို သိပ်ချစ်ပါတယ် ဦးရယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်က ဖေဖေ့ကို လေယာဉ်ကွင်းမှာ ကျွန်တော် လိုက်ပို့နှုတ်ဆက်တဲ့အချိန်မှာ ကျွန်တော် ၁၆ နှစ်ပဲ ရှိသေးတယ်၊ ဆယ့်တန်းကျောင်းသားပါ၊ ဖေဖေ ကျွန်တော့်ဆီ ဘယ်တော့မှ ပြန်ရောက်လာမှာမဟုတ်ဘူးဆိုတာ အဲဒီတုန်းက ကျွန်တော်သိခဲ့ရင် ကျွန်တော် ရန်ကုန်မှာ ဘယ်ကျန်နေရစ်ခဲ့မလဲ၊ ကျွန်တော် လိုက်သွားမှာပေါ့၊ ဖေဖေ့ဘေးက ကျွန်တော် လိုက်သွားမှာပေါ့။ အခုတော့ ကျွန်တော် ဖေဖေ့ကို လက်ပြနှုတ်ဆက်ပြီး လေဆိပ်မှာ ကျန်ရစ်ခဲ့တယ်၊ ဖေဖေက ကျွန်တော့်အတွက် ကချင်ဓားတစ်လက် လက်ဆောင်ဝယ်လာမယ်…တဲ့၊ ကတိပေးသွားတယ်၊ အဲဒီတုန်းက ကျွန်တော် ပြောခဲ့ဖို့ ကောင်းတာ…ဖေဖေ့ကချင်ဓားကို ကျွန်တော် မလိုချင်ပါဘူး၊ ဖေဖေ့ကိုပဲ ကျွန်တော် လိုချင်တာ၊ ဖေဖေ ကျွန်တော့်ဆီ ရောက်အောင်ပြန်ခဲ့ပါလို့ ကျွန်တော် ပြောခဲ့ဖို့ ကောင်းတယ်၊ အခုတော့ ဖေဖေ ကျွန်တော့်ဆီ မရောက်လာခဲ့ဘူး၊ ဖေဖေ သေပြီလား၊ ဖေဖေ့အလောင်းကိုလဲ ဘယ်သူမှ မမြင်ခဲ့ကြဘူး၊ ဖေဖေ့ကို ကျွန်တော် မြင်ချင်တယ်၊ ဖေဖေ့ကို လက်နဲ့ ထိကြည့်ချင်တယ်၊ ဖေဖေ့ကို ထိလို့မရရင် ဖေဖေနောက်ဆုံး ရပ်သွားခဲ့တဲ့ နှင်းတွေကို ကျွန်တော် ထိကြည့်ချင်တယ်'

ကျွန်တော် ခြောက်နှစ်လုံးလုံး ခံစားပြီး မျိုသိပ်ထားခဲ့ရသော စကား



www.burmeseclassic.com

www.burmeseclassic.com



များကို သူစိမ်း မိသားစုတစ်စုရှေ့မှာ ကျွန်တော် ဖွင့်ဟတိုင်တည်မိသွားသည်။ ကျွန်တော့်မျက်လုံးအစုံမှာ မျက်ရည်များ ရစ်ဝဲလာသောအခါ မြင်ကွင်းတွေ ဝါးသွား၏။ ကျွန်တော် အိမ်ရှေ့နံရံဘက်သို့ ဆတ်ခနဲ မျက်နှာလွှည့်ပစ်လိုက်သည်။ ကျွန်တော့်မျက်ရည်တွေကို ဘယ်သူမှ မမြင်တွေ့စေရ။

'မေမေက ဖေဖေ့အတွက် အောက်တိုဘာ ၁၆ ရက်နေ့တိုင်း ဘုန်းကြီးတွေ ဆွမ်းကျွေး၊ သင်္ကန်းကပ်ပြီး ကောင်းမှုကုသိုလ်တွေ လုပ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သိပါတယ်၊ မေမေ ဖေဖေ့ကို ခုထိ စောင့်နေတုန်းပဲ၊ သူ့ခင်ပွန်းရဲ့အလောင်းကို မမြင်ရတဲ့ ဇနီးတိုင်းဟာ မသိစိတ်နဲ့ သူ့ခင်ပွန်းကို စောင့်နေမှာပဲ၊ ကျွန်တော် နားလည်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီနေ့အထိ ကျွန်တော်ကိုယ်တိုင် ဖေဖေ ပြန်လာမလားလို့ တိတ်တိတ်ကလေး စောင့်နေတုန်း ဖြစ်နေလို့ပဲ'

ကျွန်တော် မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး မျက်ရည်စိုစွတ်မှု ပျောက်ကွယ်သွားသောအခါ ကျွန်တော် ဦးဖီရမ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အဘိုးကြီး ကျွန်တော့်ကို ငေးကြည့်နေသည်။

'ကျွန်တော် ဒီကို လာတာ အကြောင်းနှစ်ခုရှိပါတယ် ဦးကြီးရယ်၊ ဖေဖေ သေပြီဆိုတာကို အကြွင်းအကျန် သေသေချာချာ လက်ခံဖို့နဲ့ ဖေဖေ နောက်ဆုံး အသက်ရှင်ခဲ့တဲ့ မြေကြီးကို လက်နဲ့ထိပြီး ဖေဖေ့ကို ဦးချကန်တော့ဖို့၊ နောက်တစ်ကြောင်းက ဖေဖေ အသက်ပျောက်သွားခဲ့တဲ့နေရာမှာ ဖေဖေ့အတွက် ကောင်းမှုကုသိုလ် ရအောင် ဘုရားရှိခိုး အမျှဝေဆုတောင်းပေးဖို့ပါ၊ ဖေဖေ နောက်ဘဝကူးနိုင်ဖို့ ကောင်းရာမွန်ရာဘဝကို ရောက်နိုင်ဖို့အတွက် ကျွန်တော် ဘုရားကို အာရုံပြုပြီး သရဏဂုံတင်ချင်ပါတယ်၊ အဲဒီလိုလုပ်ပေးမှ ဖေဖေ ရောက်ရာဘုံဘဝကနေ သာဓုခေါ်နိုင်မှာပါ'

'ဟုတ်ပြီလေ ... မင်းစိတ်ကို ငါ ကိုယ်ချင်းစာတယ်'

ဖုန်ဒီးရမ်က လှမ်းပြောသည်။

'ငါ့အဖေအပေါ် မင်း သံသယရှိခဲ့မယ်ဆိုရင်လဲ ငါ နားလည်ပေးနိုင်ပါတယ်၊ ဒါ ... ဖြစ်သင့်တဲ့ သံသယပါ'

'ကျွန်တော် ... ...'

သူ ကျွန်တော့်အား လက်ကာပြ၏။





'ငါကလဲ မင်းကို မင်းအဖေအလောင်းကို တွေ့စေချင်ပါတယ်၊ မင်းအဖေရဲ့ ကိုယ်ခန္ဓာကို တွေ့နိုင်မယ်ဆိုရင် အားလုံး ပြေလည်သွားမှာပဲ၊ ဒါပေမဲ့ ငါ့အဖေကတော့ ကျန်းမာရေးမကောင်းဘူး၊ မင်း သွားရမယ့်နေရာကို အဖေ လိုက်ပို့ပေးနိုင်မှာမဟုတ်ဘူး၊ ဒီတော့ ငါလိုက်ပို့မယ်၊ အဲဒီကို ရောက်အောင် မင်းကို ငါ ခေါ်သွားမယ်၊ မင်းကျေနပ်မလား'

သူ ကျွန်တော့်ကို စိုက်ကြည့်ရင်း ခပ်တည်တည် မေးပါသည်။ ကျွန်တော် သူ့ကို ပြန်စိုက်ကြည့်လိုက်၏။

'ဖေဖေ သွားခဲ့တုန်းက ကိုဖုန်ဒီးရမ် မပါပါဘူး'

'မပါဘူး၊ ဒါပေမဲ့ ငါတို့ရွာက လူနှစ်ယောက် ပါတယ်၊ အဖေပြောထားတဲ့ လမ်းကြောင်းတွေလဲ ငါ သိတယ်၊ ငါ ခါခါဘိုကို သုံးခေါက်ရောက်ဖူးတယ်'

ဦးဖီရမ်ကို ကျွန်တော်လှမ်းကြည့်သည်။ အဘိုးကြီးသည် ကျွန်တော်တို့ စကားတွေထဲမှာ နည်းနည်းမှ အာရုံမရှိပါ။ သူ့အတွေးသည် အဝေးကြီးသို့ ရောက်နေခဲ့သည်။ ကျွန်တော် ရိပ်မိပါသည်။

'နောက်ပြီး တောနက်ထဲမှာ လမ်းကြောင်းမှတ်မိအောင် တောတက်တဲ့ လူတိုင်း သဲလွန်စတွေ ချန်ထားရတယ်၊ အဖွဲ့တစ်ခုနဲ့ တစ်ခု သဲလွန်စ ချန်ပုံ ချန်နည်းချင်း မတူဘူး၊ ဒါပေမဲ့ ငါ့အဖေ ချန်ခဲ့တဲ့ သဲလွန်စတွေ ငါ လိုက်ဘတ်တယ်'

ကျွန်တော် ဖုန်ဒီးရမ်ကို အားကိုးနိုင်လိမ့်မည်ဟု ကျွန်တော် လက်ခံသွား၏။

'ကျေးဇူးတင်ပါတယ် ကိုဒီးရမ်'

'ကျေးဇူး မတင်ပါနဲ့ဦး၊ မင်းကိုယ်ခန္ဓာနဲ့ ခါခါဘိုနဲ့ ကိုက်ညီအောင် မင်း ညှိရဦးမယ်၊ ခက်ခဲပြီး အန္တရာယ်ကြီးတဲ့ ခရီးလမ်းအတွက် မင်းအဆင်သင့် ဖြစ်သေးဘူး'

ကျွန်တော် ဘာမှမပြောနိုင်သေးနိုင်မီ သူက နန်ဖေးရမ်ဘက်သို့ တစ်ခုခု လှမ်းပြောသည်။ နန်ဖေးရမ်က ထမင်းအိုးအဖုံးကို လှပ်ပြလိုက်၏။ ထမင်းနံ့ မွှေးသွားသည်။ ညစာစားချိန် ရောက်ခဲ့ပြီ။

*



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ဖဝါးထဲသို့ နက်မှောင်ကာ တောက်ပနေသော လိပ်ပြာလေးတစ်ကောင် ကျွန်တော် ထည့်ပေးလိုက်သည်။ ဖြူဝင်းသော ပန်းသွေးနုနု လက်ဖဝါးတွင် ကတ္တီပါအနက်လို တောက်ပြောင်နေသော လိပ်ပြာကလေးသည် ထင်းခနဲ လှပနေ၏။

'ဟယ်...လှလိုက်တာ'

လိပ်ပြာလေးသည် ကျွန်တော် ဖမ်းလိုက်စဉ်ကတည်းက တော်တော်နာသွားပုံ ရပါသည်။ အတောင်ပံလေး ပုတ်ခတ်ပုတ်ခတ်သာ လုပ်နိုင်ပြီး မပျံသန်းနိုင်တော့ပါ။

'ဒါ ဘာလိပ်ပြာလဲ'

'မသိဘူး' ဟု ကျွန်တော် မောဟိုက်သံဖြင့် ဖြေမိသည်။

'အို... ...'

သူမ ခစ်ခနဲ ရယ်မော၏။

'ဟုတ်တယ်လေ၊ ကျွန်တော်က ကျွန်တော့်အဖေလို လိပ်ပြာ ကျွမ်းကျင်သူမှ မဟုတ်ဘဲ၊ လိပ်ပြာတိုင်းကိုတော့ ကျွန်တော် မသိနိုင်ဘူးပေါ့၊ ညီမလေးလဲ ကျွန်တော်မေးသမျှ သစ်ပင်တွေကို နာမည်မပြောနိုင်ဘူးလေ'

နန်ဗေးရမ်သည် မြစ်ကမ်းပါးမှာ တွေ့သမျှသစ်ပင်များကို ဘာပင်လဲ မေးတိုင်း သစ်ပင်ဟုသာ ဖြေ၏။ ဖုန်ဒီးရမ်ကတော့ သစ်ပင် တော်တော်များများကို သိလေသည်။ သဖန်းပင်နှင့် ဥရင်ကောက်ပင်များကို များစွာ တွေ့ရသည်။ ကျွန်တော်တို့ ခုတ်ခဲ့သည့်ကြိမ်ပင်မျိုးတွေလည်း အများကြီး ဖြစ်သည်။

'အစ်ကို အပြန်မှာ ရွာကို ဝင်ဦးမှာလား'

'ဝင်မှာပေါ့၊ ရွာမှာ တစ်ညအိပ်ပြီးမှ နောင်မွန်းကို ပြန်မှာ'

'အစ်ကို့ကို ကျွန်မ သတိရနေမှာ'

ကျွန်တော် ခပ်လှမ်းလှမ်းမှာ ရှေ့က သွားနေသည့် ဖုန်ဒီးရမ်ဆီ လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်တို့၏ စကားတွေကို ကြားနိုင်သည့် အကွာအဝေး ဖြစ်သည်။ သူ့ကျောပေါ်မှ ကြိမ်စည်းက ပိုများသည်။ ကြိမ်ပင်စည်များကို အကိုင်းအဖျားတွေ ရှင်း၊ စုစည်းကာ ကြိမ်နွယ်ဖြင့် ပြန်စည်းပြီး ကြိမ်နွယ်ကြိုးဖြင့် နဖူးမှာ သိုင်းချည်ကာ ကျောပိုးသယ်ခြင်း ဖြစ်၏။ ကျွန်တော့်





နောက်ကျောပေါ်မှာတော့ နန်ဗေးရမ်၏ ပလိုင်းခြင်းတောင်းကို လွယ်ပိုးထားပါသည်။ ခြင်းတောင်းထဲမှာ ကြိမ်ပင်တွေ အတော်များများ ပါလာ၏။ တကယ်တော့ ထိုပလိုင်းသည် နန်ဗေးရမ် လွယ်ရမည့် ပလိုင်း ဖြစ်သည်။ ကျွန်တော့်ကိုတော့ ဖုန်ဒီးရမ်က လက်လွတ်ဝန်မဲ့စွာ လမ်းလျှောက်စေခဲ့သည်။ သို့သော် ကျွန်တော်က ယောကျ်ားဖြစ်ပါလျက် ကျွန်တော့်ထက်ငယ်သော မိန်းကလေးတစ်ယောက်ကို ဝန်ထုပ်ဝန်ပိုးဖြင့် လျှောက်စေပြီး ကျွန်တော်ကတော့ လက်လွတ်ခြေလွတ် လျှောက်ရမလား။ အဲလိုသာဆိုလျှင် ကျွန်တော့်လောက် စာနာမှုကင်းမဲ့သူ လောကမှာ ရှိပါဦးမလား၊ သည့်ထက် ပိုပြီး ရှက်စရာကောင်းသည့် ခရီးကော ရှိပါဦးမလား။ ထိုထက်ပိုပြီး မဖြစ်နိုင်သည့် အချက်တစ်ချက် ရှိသည်။ ကျွန်တော် ကြင်နာစွာ ချစ်ခင်တွယ်တာရသည့် မိန်းကလေး ပင်ပန်းတာကို ကျွန်တော် ဘယ်လိုနည်းနှင့် ကြည့်ရက်မြင်ရက်နိုင်ပါ့မလဲ။ ထိုအခါ မိန်းကလေး၏ပလိုင်းကို ကျွန်တော်ပဲ ဖွတ်တောင်းပြီး သယ်မိလေသည်။ ယခု ကျွန်တော်တို့ သယ်ရသည့်ကြိမ်တွေကလည်း ကျွန်တော်သွားရမည့် ခရီးအတွက် လိုအပ်သည့်ခြင်းတွေ ရက်လုပ်ဖို့ပဲ မဟုတ်လား။

ကျွန်တော် ဖုန်ဒီးရမ်မကြားနိုင်လောက်သည့် အသံတိုးတိုးဖြင့် သူမကို ပြောလိုက်သည်။

'ကျွန်တော်လဲ ညီမလေးကို သတိရနေမှာ သေချာတယ်၊ ညီမလေး ချက်တဲ့ ဖားသားဟင်းကို အရမ်းကြိုက်တာပဲ'

သူမ ရယ်မောပါသည်။

'တကယ်ပြောတာ၊ ကျွန်တော် ဖားသားတစ်ခါမှ မစားဖူးဘူး၊ ဒီလောက်ချိုမယ်လဲ မထင်ဘူး'

ကျွန်တော်တို့ ခြေလှမ်းချစရာ မြစ်ကမ်းပါးယံသည် ကျဉ်းကျဉ်းကလေး ဖြစ်နေရုံမျှမက စိမ်းစိုသော အရွက် အခက် အပြတ်များလည်း ဖုံးလွှမ်းနေခဲ့သေးသည်။ ထို့ကြောင့် ခြေ တစ်လှမ်းနှင့် တစ်လှမ်းကြားမှာ နည်းနည်းသော့ အချိန်ကြာလေသည်။ အောက်မှာ ဝါးပြတ်ငုတ်တို ရှိနေမလား၊ ကြိမ်ပြတ်ငုတ်တို ရှိနေမလား၊ သစ်မြစ် ဖုဖု ချွန်ချွန်တွေ ရှိနေမလား မှန်းဆ ရှာဖွေရသေးသည်။ ထို့ကြောင့် နန်ဗေးရမ်သည် ကျွန်တော့်ရှေ့၌ သုံး



www.burmeseclassic.com

www.burmeseclassic.com



အကွာသို့ ရောက်တိုင်း ကျွန်တော့်ကို တစ်ချက်ပြန်ပြန်လှည့်ကြည့်စောင့်ခဲ့သည်။

ခဏကြာတော့ သူမ ကျွန်တော့်ကို လှည့်အကြည့်မှာ ခြေတစ်ချက် ချော်သွားခဲ့သည်။ သူမ လွှတ်ခနဲ တိုးတိုးလေး အော်ပြီး ဆွဲမိဆွဲရာ ဆွဲလိုက်သည်က ဝါးအကိုင်းတစ်ခု ဖြစ်၏။

'ဟာ...အနန်'

'ရတယ်အစ်ကို၊ ဘာမှမဖြစ်ဘူး'

ကံကောင်းထောက်မစွာ သူမ မလဲပါ။ သို့သော် သူမလက်က ဆွဲလိုက်သော ဝါးကိုင်း၏ အခက်အလက် အချွန်တစ်ခုက သူမ၏ဆံပင်နှင့် ငြိနေခဲ့သည်။ သူမက ခေါင်းကို ငုံ့ရုန်းသည်။ ဝါးကိုင်းက သူမနှင့်အတူ လိုက်ပါ ယိမ်းခါနေ၏။

'ကျွန်တော် လုပ်ပေးမယ်၊ ငြိမ်ငြိမ်နေ'

ကျွန်တော် နန်ဖေးရမ်အနီးသို့ ခပ်သွက်သွက်ရောက်သွား၏။ သူမ၏ ခေါင်းမှာ ငြိနေသော ဝါးကိုင်းအချွန်ကို ဖယ်ရှားပေးရန် ဖြစ်သည်။ သို့သော် ကျွန်တော့်ကျောမှာ ပိုးထားသည့် ထိုးထိုးထောင်ထောင် ကြိမ်ကိုင်းတွေက အားပတ်ဝန်းကျင်က ဝါးကိုင်းတွေနှင့် ငြိပြန်ကာ ကျွန်တော့်လက်က လိုရာသို့ မရောက်နိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ပလိုင်းကို ဖြုတ်ချပစ်လိုက်သည်။

'အယ်...အစ်ကို၊ လိပ်ပြာလေး သေသွားပြီ'

နန်ဖေးရမ်က သူမလက်ထဲက လိပ်ပြာနက်လေးကို နှမြောတသစွာ ငုံ့ကြည့်ရင်း အလန့်တကြား ရေရွတ်လေသည်။ သူမ၏လက်ထဲမှ လိပ်ပြာလေးကို သူမ အမှတ်တမဲ့ ညှစ်ဆုပ်လိုက်မိဟန် တူပါသည်။

'လိပ်ပြာက ကျွန်တော်ပေးလိုက်ကတည်းက သေတော့မယ့်ဆဲဆဲပါ'

ကျွန်တော် သူမကို နှစ်သိမ့်လိုက်ရသည်။

မိန်းကလေး၏ ဆံပင်မည်းမည်းတွေက ဝါးကိုင်းစိမ်းစိမ်းတွင် ရစ်ပတ်လျက်ရှိသည်။ ကျွန်တော် ဝါးကိုင်းကို အသာဆွဲနှိမ့်ပြီး ရစ်နှောင်နေသော ဆံပင်များကို ဖြည်ပေးလိုက်ရသည်။ စိတ်ရှည်လက်ရှည် ဖြေယူရ၏။ ကျွန်တော် စိတ်မရှည်လျှင် ဆံပင်တွေ ပြတ်ကုန်နိုင်သည်။





အင်မိုင်ခ ၏ ရေစီးသံကို အောက်ဘက်ဆီမှာ ကြားနေရ၏။ အပေါ်ဘက်မှာတော့ မိုးထိမြင့်လုနီး သစ်ပင်ကြီးတွေ၏ လေတိုးသံနှင့် သစ်ရွက် သစ်ခက် လှုပ်ခတ်ပွတ်တိုက်သံသဲ့သဲ့။ တော၏ အုပ်ဆိုင်းမှုကြောင့် နေရောင်ကို မမြင်ရဘဲ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းညို့အုံ့ဆိုင်းနေသည်။

ရွက်ကြွေများ သစ်ကိုင်းများပေါ် နင်းလာသည့် ခြေသံကြမ်းကြမ်းတစ်ခု။

ကျွန်တော် မော့ကြည့်လိုက်သောအခါ နန်ဖေးရမ်၏ နောက်ဘက် ခပ်လှမ်းလှမ်း တောင်အကွေ့ဆီမှာ ရပ်ပြီး လှမ်းကြည့်နေသော ဖုန်ဒီးရမ်...။ သူ့မျက်လုံးတွေ ရူးရူးရဲရဲတောက်ပနေ၏။ ကျွန်တော် လန့်သွားသည်။ ကျွန်တော်တို့နှစ်ယောက်ကို စိုက်ကြည့်နေသော မျက်လုံးများတွင် အံ့ဩမှုနှင့် ဒေါသကို တွေ့ရသည်။ အခြေအနေ မကောင်းပါ။ လုံးဝမကောင်းပါ။ သူ ကျွန်တော်တို့ နှစ်ယောက်ကို...

'အနန်...'

ဖုန်ဒီးရမ်၏ မိုးခြိမ်းသလို အသံကြောင့် မိန်းကလေး၏ ကိုယ်ခန္ဓာလေး ဆတ်ခနဲ တုန်သွား၏။ သူမ နောက်ဘက်သို့ အလန့်တကြား လှည့်ကြည့်သည်။

'အစ်ကို...'

ဖုန်ဒီးရမ် ခြေလှမ်းကျဲကျဲဖြင့် ကျွန်တော်တို့ဆီ ရောက်လာသည်။ ကျွန်တော် လည်ချောင်းထဲတွင် တစ်ခုခု ဆို့နင်နေသလို ခံစားရ၏။

'ကိုဒီးရမ်...'

'အနန်...ပလိုင်းကို ပြန်ကောက်'

ကျွန်တော် ပလိုင်းကို ငုံ့ကောက်လိုက်တော့ ကျွန်တော့်လက်ထဲမှ ဖုန်ဒီးရမ်က ဆွဲယူလိုက်သည်။ သူ့ကျောပေါ်က အလေးချိန်အပြင် နောက်ထပ် အလေးချိန် ခပ်များများကို မယူလိုက်သည့် သူ့ဟန်ပန်မှာ ကြမ်းတမ်းစွာ မာထန်နေ၏။

'ကျွန်တော်တို့က အစ်ကိုထင်နေသလို မဟုတ်ပါဘူး'

'ရော့...'

ငေးကြောင်ကာ ရပ်နေသော နန်ဖေးရမ်အား ပလိုင်းကို ပေး၏။

'ကျွန်တော် သယ်ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့လက်ထဲက ပလိုင်းကို လှမ်းဆွဲဖို့ပြင်သော်လည်း သူမပေးပါ။ နန်ဗေးရမ်က ရိုကျိုးစွာ လှမ်းယူပြီး နဖူးမှာ သိုင်းကာလွယ်လိုက်သည်။

'သွား...'

နန်ဗေးရမ်သည် အစ်ကို၏ အမိန့်ကို မျက်နှာအရိပ်အကဲကလေးဖြင့်ဝင်ဆင်ခြေမပေးဘဲ ငြိမ်သက်စွာ လှည့်ထွက်သွားပါသည်။ ကျွန်တော် စိတ်မကောင်းစွာ လှမ်းကြည့်နေရုံကလွဲ၍ ဘာတစ်ခွန်းမှမပြောနိုင်ပါ။ နန်ဗေးရမ် တောင်ကမ်းပါးစောင်းအကွေ့မှာ ပျောက်ကွယ်သွားသောအခါကျမှ ဖုန်ဒီးရမ်က ကျွန်တော့်အား မျက်နှာချင်းဆိုင်ကာ တည့်တည့်ကြည့်သည်။ ထို့နောက် ဒေါသကို ထိန်းချုပ်မျိုသိပ်လျက် ခပ်တိုးတိုးပြော၏။

'ငါ့နှမနဲ့ ဝေးဝေးနေ'

ထို့နောက် နဖူးမှာသိုင်းထားသောကြိုးကို နေရာတကျဖြစ်အောင် ပြင်လိုက်၏။ ပခုံးပေါ်မှ ကြိမ်စည်းကို တစ်ချက် နေသားတကျ ထားလိုက်ပြီးနောက် ချာခနဲ လှည့်ထွက်သွားပါသည်။

ပထမတော့ ကျွန်တော် ထူထူပူပူဖြင့် ရပ်ကျန်နေခဲ့သည်။

ခဏကြာတော့မှ မဟုတ်သေးပါဘူး၊ ငါလဲ သူ့နှမကို ဘာမှမလုပ်ရသေးနဲ့ ဟု စဉ်းစားမိကာ မခံမရပ်နိုင်ဖြစ်သွား၏။ ထိုအချိန်မှာ ကျွန်တော့်ရှေ့ တောင်စောင်းအကွေ့မှာ ဖုန်ဒီးရမ် မရှိတော့ပါ။

ကျွန်တော် ဖြုန်းခနဲ သူ့နောက်မှ အပြေးလိုက်သည်။ တောင်စောင်းအကွေ့ကို ကျော်တော့ အော်ခေါ်လိုက်မိ၏။

'ကိုဒီးရမ်...'

ကျွန်တော့်အသံသည် မြစ်ချောက်ကမ်းပါး ဟိုဘက်ထိပ်မှ ပဲ့တင်သံဖြင့် ပြန်လာ၏။ ခပ်လှမ်းလှမ်းက ရှေ့ညိုတက်နေသော သစ်ပင်ကြီးနောက်မှာ ဖုန်ဒီးရမ် ခဏရပ်စောင့်သည်။ ကျွန်တော် သူ့အနားရောက်သည်အထိ ဖြစ်သည်။

'ကျွန်တော့်ကို ခင်ဗျား ဘယ်လိုထင်သွားသလဲ ကျွန်တော်သိတယ်'

ကျွန်တော် အသက်မရှူမိဘဲ ဆက်တိုက်ပြောချလိုက်မိ၏။

'ကျွန်တော် ခင်ဗျားနှမကို ဘာမှ မရိုးမသား မကြံစည်ပါဘူး၊ ခင်ဗျားအထင်လွဲတာ ကျွန်တော်မခံနိုင်ဘူး၊ သူ့ဆံပင် ဝါးကိုင်းနဲ့ ငြိနေလို့ ကျွန်တော် ဖြည်ပေးနေတာ၊ ကျွန်တော် သူ့ကို...'

ဖုန်ဒီးရမ် ရှေ့မှ လှည့်ထွက်သွားသည်။

'မယုံရင် သူ့ကို မေးကြည့်ပါ'

သူ့ခြေလှမ်းကျဲကျဲတွေကို ကျွန်တော် မီအောင်လိုက်နေရ၏။ နန်ဗေးရမ်ကို ကျွန်တော်တို့ မီသွားသည်။ ခြေတစ်လှမ်း နှစ်လှမ်းဖြင့် မိန်းကလေးကို ကျော်ခဲ့ကြ၏။ ကျွန်တော် စိတ်မဖြောင့်စွာ တစ်ချက်ငဲ့ကြည့်မိသည်။ ကျွန်တော်လွယ်ရမည့်ဝန်ထုပ်ဝန်ပိုးကို သူလွယ်နေရတာ ကျွန်တော်မကြည့်ရက်ပါ။

'ကိုဒီးရမ်...ဟိုပလိုင်းကို ကျွန်တော်သယ်ခဲ့ချင်တယ်၊ သူက မိန်းကလေး ကျွန်တော်က...'

သူ စိတ်မရှည်စွာ စုတ်တစ်ချက် သပ်လိုက်၏။

'သူ ဒီအလေးချိန်ကို သယ်နေကျ၊ မင်း ဘာဖြစ်လို့...'

'သယ်နေကျကို ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ အခု ကျွန်တော်ပါတယ်လေ၊ သူ့ထက် ခွန်အားရှိတဲ့ ယောကျ်ားတစ်ယောက် ပါလျက်သားနဲ့ သူ သယ်နေရတာ မလွန်လွန်းဘူးလား'

'ငါ စီစဉ်တဲ့ ကိစ္စကို မင်း ဝင်မရှုပ်နဲ့'

ကျွန်တော် သူ့ကို တော်တော်စိတ်တိုသွားပါသည်။

'ခင်ဗျား...ဒါ... သက်သက် သူ့ကို ဒုက္ခပေးတာပဲ'

'ဘာ...'

သူ ခြေလှမ်း တုံ့ခနဲ ရပ်လိုက်ပြီး ကျွန်တော့်ကို လှည့်ကြည့်၏။ ကျွန်တော် ခပ်တည်တည်ပင် သူ့ကို ဝေဖန်လိုက်မိ၏။

'ခင်ဗျား... မတရားဘူး'

'မတရားတော့ မင်း ဘာလုပ်ချင်လဲ'

ကျွန်တော် စိတ်ကို တင်းပစ်လိုက်ပြီး နန်ဗေးရမ်ရှိရာသို့ ရဲဝံ့စွာ လျှောက်သွားလိုက်၏။

'အနန်...ကျွန်တော် သယ်မယ်၊ ပေး'

'အို...'







www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးလေး ဝိုင်းစက်သွားအောင်ပင် စိုးရိမ်တုန်လှုပ်သွားပါသည်။

'နေပစေ အစ်ကို... ကျွန်မ သယ်ရမှာလေ'

'ကျွန်တော် ပါလျက်သားနဲ့တော့ ညီမလေး မသယ်ရပါဘူး'

ဒီလူ မကျေနပ်လို့ ကျွန်တော့် လာထိုးရင်လည်း ပြန်ထိုးလိုက်ရုံပဲ ရှိတော့သည်။ သူ လိုက်ပို့မှ ရောက်ရမည့် ခါကာဘိုရာဇီတောင်ကို သူ လိုက်မပို့တော့ဘူး ဆိုလျှင်လည်း ရှိစေတော့။ အခုချိန်မှာတော့ ကျွန်တော်သည် မိန်းကလေး တစ်ယောက် ကိုယ့်ကြောင့် ဘာမဆိုင် ညာမဆိုင် ဒဏ်ခတ်ခံရတာကို မမြင်ရက်တာ တစ်ခုပဲ သိတော့သည်။ ဖုန်ဒီးရမ်သည် ခပ်လှမ်းလှမ်းမှာ ရပ်လျက် ကျွန်တော်တို့ကို ကြည့်နေသည်။ ကျွန်တော့်ကိုလည်း လာမထိုး။ ရှေ့ဆက်သွားဖို့လည်း သူ စိတ်မဖြောင့် ရှိလိမ့်မည်။

အနန်ကလည်း သူ့အစ်ကို အမိန့်ကို မလွန်ဆန်ရဲ။ ထို့ကြောင့် ကျွန်တော့်ကို ပလိုင်း မပေး။

'သွား... သွား... အစ်ကို သွား၊ ကျွန်မ နိုင်တယ်'

'ကျွန်တော် အဲဒါကို မသယ်ရရင် ကျွန်တော် ရှက်မိလိမ့်မယ်... ပေးပါ'

'ကဲ... အနန်...'

ဖုန်ဒီးရမ်က အသံပြတ်ပြတ်ဖြင့် လှမ်းခေါ်ပြီး တစ်စုံတစ်ခု ပြောလိုက်၏။ ထိုအခါကျမှ နန်ပေးရမ်က ပလိုင်းကို နဖူးမှ ဖြုတ်ကာ ကျွန်တော့်ကို ပေးသည်။ ဖုန်ဒီးရမ် ခွင့်ပြုလိုက်ပုံ ရပါသည်။

နန်ပေးရမ်ကို ရှေ့မှ သွားနှင့်စေပြီး ဖုန်ဒီးရမ်က ကျွန်တော်နှင့်အတူ ခြေလှမ်း လှမ်းသည်။ ကျွန်တော့်ကို မကြည့်ဘဲ 'မနက်ဖြန်မနက် ရွာက ထွက်မယ်'ဟု အသံပြတ်ဖြင့် ပြောသည်။

မူလက အစီအစဉ်မှာ အထမ်းသမားများကို နှစ်ရက် အချိန်ပေးရန် သန်ဘက်ခါ နံနက်မှ ပန်နန်းဒင်မှ ထွက်ရန် ဖြစ်သည်။ ယခု ဖုန်ဒီးရမ်သည် မနက်ဖြန် ခရီးထွက်မည်ဟု ပြောင်းလဲဆုံးဖြတ်လိုက်ပြီ။ အကြောင်းရင်းကို ထွေထွေထူးထူး စဉ်းစားအဖြေရှာနေရန် မလိုပါ။ ကျွန်တော့်ကို သူ့နှမနှင့် မြန်မြန်ဝေးစေချင်လို့သာ ဖြစ်သည်။





ကျွန်တော်တို့ ရွာထဲသို့ ပြန်ရောက်သောအခါ အိမ်ရှေ့မှာ ဦးဖီရမ် ရပ်စောင့်နေသည်။ သူ့မျက်နှာတွင် ကျွန်တော်တို့ကို ပြောစရာ သတင်း ရှိနေကြောင်း ပေါ်လွင်နေ၏။ ဖုန်ဒီးရမ်က အရင် အိမ်ဝိုင်းထဲသို့ ဝင်သည့်အတွက် ဖုန်ဒီးရမ်ကို သူ စကားတစ်ခွန်း ပြောလိုက်သည်။ သူ့စကားကြောင့် ဖုန်ဒီးရမ် အံ့သြသွား၏။ ထို့နောက် သူ့ကျောပေါ်မှ ကြိမ်စည်းကို မြေပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ပြီး သူ့ဖခင်ကို တစ်စုံတစ်ခု ပြောသည်။ ဖခင်က သူ့ပခုံးအား အသာအယာဆုပ်ကိုင်လျက် ပြုံးရင်း ဖျောင်းဖျသည်။

ကျွန်တော် သူတို့အနီးမှ ဖြတ်ကျော်ကာ အိမ်ဝိုင်းထဲသို့ ဝင်လိုက်သည်။ ကျွန်တော့်ကျောပေါ်မှာ ပိုးထားသော ပလိုင်းကို ကျွန်တော် ဖြုတ်ယူလိုက်ပြီး အောက်သို့ အသာချသည်။ သို့သော် ခြေလှမ်းတွေ လေးလံညောင်းညာပြီး လက်တွေ တုန်နေသဖြင့် မြေပြင်ပေါ်သို့ ဘုန်းခနဲ ကျသွားပါသည်။

'ဥက္ကာ...'

ကျွန်တော့်နာမည်ကို ခေါ်လိုက်သည့် ဖုန်ဒီးရမ်အသံကြောင့် ကျွန်တော် အထူးအဆန်းဖြစ်သွားသည်။ သည်လူသည် ကျွန်တော့်နာမည်ကို ဘယ်တုန်းကမှ မခေါ်ခဲ့ဖူးပါ။ နာမည်မခေါ်ဘဲ တုံးတိတိသာ စကားပြောမြဲ ဖြစ်သည်။

ကျွန်တော်လှည့်ကြည့်လိုက်တော့ သူ့ဖခင်၏အနီးမှာ ရပ်နေသည့် ဖုန်ဒီးရမ်က ကျွန်တော့်ကို တည်ငြိမ်စွာ ကြည့်နေခဲ့သည်။

'အဖေက မင်းကို ခါခါဘို လိုက်ပို့ဖို့ ဆုံးဖြတ်လိုက်ပြီ'

ကျွန်တော် လှိုက်ခနဲ ဝမ်းသာသွား၏။ အဘိုးကြီးက ပြုံး၍ ခေါင်းညိတ်ပြ၏။

'ဟား... ကျွန်တော် ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်ပါတယ် ဦးရယ်'

ကျွန်တော် အဘိုးကြီးအား လက်ဆွဲနှုတ်ဆက်လိုက်မိ၏။ အဘိုးကြီးက အသံတိုးတိုးဖြင့် ဝန်ခံသည်။

'မင်းအဖေ ရေခဲတောင်မှာ သေခဲ့ရတဲ့အတွက် ငါ့ကိုယ်ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါဘူး'

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၃၈၇၇

ယခုအခါ ကျွန်တော်သည် အန္တရာယ်ကြီးမားလှသော ကြိမ်ကြိုးတံတား အမြင့်ကြီးပေါ်မှာ ရောက်နေခဲ့ပြီ ဖြစ်သည်။

ကျွန်တော့်ခြေထောက်အောက်က ကြိမ်ကြိုးတံတား၏ ခြေနင်းရာကြမ်းခင်းသည် ဝါးလုံး သုံးလုံးစာသာ ကျယ်၏။ အောက်တည့်တည့်မှာတော့ တရွှန်ရွှန်ချောင်းသည် ရေမြှုပ်များ ဖွေးဖွေးထလျက် တဝုန်းဝုန်း ကြမ်းတမ်းစွာ စီးဆင်းနေသည်။ အခုအချိန်မှာ ပြုတ်ကျသွားလျှင် ကျွန်တော့်ကို ဘယ်သူမှ ဆင်းမကယ်နိုင်။

ကျွန်တော်သည် တံတားအလယ်တွင် ရောက်နေသည်။ တံတားအလယ်ဆိုတော့ ချောင်း၏ အထက်တည့်တည့်မှာ ဖြစ်သည်။ ကြိုးတံတား ပျော့အိညွတ်ကွေးကျနေရာ အလယ်တည့်တည့်မှာ ဖြစ်သည်။ ကျွန်တော် ခြေတစ်ဖက် နင်းလိုက်တိုင်း မိုးရေစိုရွှဲကာ ချောနေသော ဝါးလုံးပေါ် ရောခနဲ ချော်သွားပြီး ကြိုးတံတားက တစ်ဖက်စောင်းနင်း နိမ့်ကာ ယိမ်းခါလှုပ်ယမ်းသွားသည်။ နောက် ခြေဟာစ်ဖက် ချနင်းလိုက်လျှင် အခြားတစ်ဖက်သို့ စောင်းသွားသော ကြိုးတံတားသည် ဆန့်ကျင်ဘက် ယိမ်းခါလှုပ်ယမ်းပြန်သည်။

ကျွန်တော် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ သို့မဟုတ် ခိုက်ခိုက်တုန်အောင် ကြောက်နေသည်။

'ဟုတ်တယ်၊ ဟုတ်တယ် ... ဒီအတိုင်း လျှောက်ခဲ့၊ ဘယ်ကိုမှ မကြည့်နဲ့ ... ငါ့ဆီပဲ ကြည့်'





ဖုန်ဒီးရမ်က တစ်ဖက်ကမ်းပါးထိပ် တောင်ကမ်းပါးယံအစွန်းရှိ ဝါးပင်များ အောက်ခြေတွင် မတ်တတ်ရပ်ရင်း ကျွန်တော့်ဆီ လှမ်းအော်နေသည်။

ကျွန်တော် မေးတဆတ်ဆတ်တုန်နေတာကို ဘယ်လိုမှ ထိန်းချုပ်လို့မရ။ လက်ဖျားတွေက ကြိမ်ကြိုးကို ဖိညှစ်ဆုပ်ထားပေမယ့် ထုံကျင်အေးခဲနေသည်။ လက်က မမြဲဘဲ ချော်ပြီး လွှတ်ထွက်သွားခဲ့လျှင် ... ...

မဖြစ်ဘူး၊ ကျွန်တော် ပြုတ်ကျလို့ မဖြစ်ဘူး။ ကျွန်တော် ရောက်အောင် သွားရမည်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကို ရောက်မှ ကျွန်တော် အမှန်တရားကို သိရမှာမို့ပဲ။

ကျွန်တော် လာနေပြီ ဖေဖေ ...။

ဖေဖေ့ အမှန်တရားကို ရှာဖွေဖို့ ကျွန်တော် လာနေပြီ။

ကျွန်တော် လျှောက်နေသော ဝါးလုံးခင်း တံတားကြမ်းပြင်ကိုသည့်ထက်ပိုပြီး ခိုင်မာသည့် အခြားအရာတစ်ခုခုအဖြစ် အစားထိုးမြင်ယောင်ကြည့်ရန် ကျွန်တော် အာရုံသွင်းကြည့်သည်။

ယခုလို အချိန်မျိုးမှာ ကျွန်တော့်ခြေထောက်အောက်မှာ အရှိစေချင်ဆုံးသော အရာမှာ ဘာလဲ။ မြသွေးကမ္ဗလာ မြက်ခင်းစိမ်းစိမ်း နူးနူးညံ့ညံ့လား။ ကျွန်တော့်အိမ်က သမံတလင်းပေါ်က မွေးပွကော်ဇောမွမွလား။ ယခုအချိန်မှာ အမှန်တရားနှင့် အနီးစပ်ဆုံး ဖြစ်နိုင်ခြေအရှိဆုံးအရာက စိမ်းလန်းစွာ နူးညံ့သော မြက်ခင်းပြင်တစ်ခု ဖြစ်သည်။

ကျွန်တော့် ဘွတ်ဖိနပ်အောက်မှာ ရှိနေသောအရာသည် ချော်ကျိကျိ မိုးရေရွှဲရွှဲ ဝါးလုံးစိုစို မဟုတ်၊ နူးညံ့စွာ ခိုင်မာပြန့်ပြူးသော မြက်ခင်းစိမ်းတစ်ခု ဖြစ်သည်။ ကျွန်တော့် ဘေးတစ်ဖက်တစ်ချက်မှာ ရှိနေသည်က မြစ်အထက်က အေးစက်ခြိမ်းခြောက်သော ဟာလာဟင်းလင်း လေထုတစ်ခု မဟုတ်။ စပါးစိုက်ခင်းတစ်ခု ဖြစ်သည်။ ငဝါရွာမှာ ကျွန်တော်မြင်ခဲ့ရသည့် စပါးပင်ပေါက်လေးတွေပေါ့။ စပါးပင် နုနုသေးသေးလေးများသည် လေအသွဲ့တွင် ယိမ်းနွဲ့ရလောက်အောင် မမြင့်သေးပေ။ လက်တစ်ဝါးစာလောက်သာ အမြင့်ရှိသေးသည်။ သို့သော် အရွက်ဖျားကလေးတွေ လေဖြင့် မထိတထိ လွင့်ခတ်သွားတာကို ကျွန်တော် တကယ်မြင်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခြေလှမ်းတွေ နည်းနည်းသွက်လာသည်။

စပါးရွက်နံ့ စိမ်းစိမ်းစိုစိုကိုပင် ကျွန်တော် ရှူရှိုက်မိနေပြီ။ စပါးပင်တွေကို လေတိုးသည့် တိုးတိုးဖွဖွအသံကိုပင် ကျွန်တော်ကြားယောင်နေရပြီ။ ကျွန်တော့်နောက်ဘက်က စပါးခင်းအစပ်မှာ ကျေးငှက်ကလေးတွေ စပါးနှံတွေကို စားဖို့ ကျီကျီကျာကျာ အသံဖြင့် တိုင်ပင်ဆွေးနွေးနေကြပြီ။

ကျွန်တော် ပြုံးလိုက်မိ၏။

ခဏကြာလျှင် ကျေးငှက်လေးတွေသည် ဖျောင်းခနဲ ရိုက်ခတ်လိုက်သော ဝါးလက်ခုပ်သံကြောင့် သုတ်ခနဲ ပြေးကြလိမ့်မည်။ တောတောင်အလယ်မှာ စပါးနှံတွေလည်း မသီးသေး၊ စပါးနှံတွေကို လာစားမည့် ငှက်နှင့် တိရစ္ဆာန်လေးတွေကို စောင့်ပြီး ခြောက်လှန့်မည့်လူလည်း မရှိ။ သို့သော် ခြောက်လှန့်သည့်ဝါးလက်ခုပ်သံကတော့ မိနစ်ဝက်တစ်ခါလောက် ဖျောင်းခနဲ မြည်နေလိမ့်မည်။

ရဝမ်လူမျိုးတို့၏ ငှက်ခြောက်သည့်စနစ်သည် ကျွန်တော်တို့ မြန်မာလူမျိုး၏ စာခြောက်ရုပ်စနစ်ထက် လက်တွေ့ကျသည်။ စာခြောက်ရုပ်ဖြင့် ခြောက်လျှင်လည်း စာခြောက်ရုပ်မှာ ဒူးလေးတပ်ထားပေးသည်။ နောက်တစ်နည်း ရှိသေး၏။ ခြောက်ပေ ခုနစ်ပေခန့်ရှိသော ဝါးပိုးဝါးကို ဆီးဆော့ပုံသဏ္ဍာန်ဖြစ်အောင် အောက်က ငုတ်တိုင်တစ်ခုပေါ် မဏ္ဍိုင်ပြု၍ ဆင်ထား၏။ တစ်ဖက်က တိုတို၊ တစ်ဖက်က ရှည်ရှည်ဖြစ်သည်။ တိုသည့်ဝါးအစွန်းမှာ အဆစ်နှစ်ခုကြား၌ ဟောင်းလောင်းပေါက်ဖြစ်အောင် လုပ်ထားသဖြင့် ရေထည့်ရန် ဝါးခွက်ရှည်ရှည်တစ်ခု ပက်လက်ချထားသလို ရှိသည်။ ရှည်သည့် ဝါးအစွန်းကိုတော့ ထက်ခြမ်းခွဲပြီး ကွဲကြောင်းရာပေးထားသည်။ ဟောင်းလောင်းပေါက် ဝါးခွက်ထဲသို့ တောင်ကျချောင်းက ကျသောရေကို ဝါးပြွန်များဖြင့် သွယ်တန်းထားသော ရေတံလျှောက်မှ ရေက သေးသေးမျှင်မျှင် စီးကျနေခဲ့သည်။ ဆီးဆော၏ တစ်ဖက်စွန်း ဝါးခွက်ထဲတွင် ရေပြည့်လာသောအခါ ထိုအစွန်းသည် ဟိုဘက်စွန်းထက် ပိုလေးသွားပြီး အောက်သို့ စိုက်ကျသည့်အခါ တခြားဘက် ဝါးအစွန်းက အထက်သို့ မြောက်တက်သွား၏။ သို့သော် သည်ဘက် ဝါးခွက်က ရေက အောက်သို့ လျှင်မြန်စွာ ကျဆင်းပြီး ရေကုန်သွားသည့်အခါ တစ်ဖက်က ဝါးအစွန်းက မြေပြင်သို့





အရှိန်ဖြင့် ကျလာသည်။ ထက်ခြမ်းခွဲထားသော ဝါးသည် မြေပြင်နှင့် ရိုက်ခတ်မိသွားသောအခါ ဝါးလက်ခုပ်တီးလိုက်သလိုပင် ဖျောင်းခနဲမြည်သွားခြင်း ဖြစ်သည်။ ထိုနည်းဖြင့် စာကလေးတွေ ဆက်ရက်လေးတွေ ကြက်တူရွေးလေးတွေ ကြောက်လန့်ထွက်ပြေးကြလိမ့်မည်။

အင်း... ဒါပေမဲ့ တစ်ချိန်လုံး မှန်မှန်မြည်နေသော ဝါးလက်ခုပ်သံကို သူတို့ ယဉ်ပါးသွားခဲ့လျှင်ကော။ စာခြောက်ရုပ်ပေါ် စာကလေးတွေ နားသလို တစ်ချိန်ချိန်မှာ ငှက်လေးတွေ ထိုအသံနှင့် ရင်းနှီးသွားလေမလား။ ထိုအခါ စပါးနှံတွေ ဂျုံသီးနှံတွေကို ငှက်လေးတွေ အားရပါးရ လာစားကြမလား။

ကျွန်တော် ပခုံးတွန့်လိုက်မိ၏။ အဲသည်အချိန်ကျတော့လည်း နောက်ထပ် နည်းတစ်ခု သုံးကြမှာပေါ့။

'အဲဒီ ကြိမ်ကိုင်းတွေကို အားပြုပြီး အောက်ဆင်းခဲ့'

ဖုန်ဒီးရမ်က တစ်ဖက်ထိပ်မှာ ကျွန်တော့်ကို ကြိုနေခဲ့သည်။

ကျွန်တော် သည်ဘက်ကမ်းသို့ ဘေးမသီရန်မခဘဲ ရောက်လာခဲ့ပြီဟု သိလိုက်ရသောအခါ အကြီးအကျယ်စိတ်သက်သာရာ ရသွားပါသည်။

ဖုန်ဒီးရမ်အနီးရှိဝါးရုံတောအခြေမှာ ကြီးမားသော ဝါးရွက်တွေ ပြန့်ကျဲ စိမ်းစိုနေသည်။ ထို ဝါးရွက်ကမ္ဗလာပေါ်သို့ ကျွန်တော် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ကျောပိုးအိတ်ကို ဆွဲဖြုတ်လိုက်မိ၏။ ကျောပိုးအိတ်သည် တော်တော်လေးလံလှသည်။ ကျောပိုးအိတ်ကို မြေပြင်တောင်စောင်းပေါ်မှာ ခပ်မြန်မြန်ချလိုက်ပြီးသောအခါ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးသွား၏။ အသက်ပြင်းပြင်းတစ်ချက် ရှူထုတ်ပြီး ဝါးရွက်တွေပေါ် ပက်လက်လှန်လှဲချလိုက်မိတော့သည်။

အား...။ အရသာရှိလိုက်တာ။

မိုးကောင်းကင်ကို မမြင်ရ။ ဝါးရွက်စိမ်းစိမ်းနှင့် ထင်းရှူးရွက်စိမ်းစိမ်းတို့ ရောနေသည့် စိမ်းမှောင်သော တောအုပ်အမိုးကိုသာ မြင်ရသည်။ အရွက်အကြိုအကြားမှ အလင်းရောင် ခပ်ဖြူဖြူ နေရာသည် ကောင်းကင် [illegible] သည်။ ဝါးရွက်စိမ်းစိမ်းတို့ပေါ်မှာ ရေစက်ရေပေါက်ကလေးများ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်ဆင့် ကျပြီး နောက်ဆုံး ကျွန်တော့်ပါးပြင်ပေါ်သို့ တစ်စက်ချင်း ကျနေသည်။

လေ စိမ့်ခနဲ တိုက်ခတ်လိုက်၏။ ကျွန်တော် ချမ်းတုန်သွားသည်။

မျက်စိကို မှိတ်ချပစ်လိုက်သည်။ ခဏလောက်တော့ အိပ်ချိန်ရမည်ထင်ပါရဲ့။

'မင်း ကျောပိုးအိတ်ကို တစ်ယောက်ယောက်ကို ပေးလိုက်ရင် ကောင်းမယ်၊ မင်း အဲဒါနဲ့ဆို ခရီးမတွင်ဘူး၊ အန္တရာယ်လဲ ကြီးတယ်'

ကျွန်တော့်မျက်နှာအထက်တည့်တည့်မှ ဒီးရမ်၏ အသံ။ ကျွန်တော် မျက်စိမဖွင့်ဘဲ ခေါင်းယမ်းလိုက်၏။

'ရတယ်၊ ကျွန်တော် နိုင်ပါတယ်'

ကြိုးတံတားဖြတ်ပြီးနောက် ပထမဆုံးအကြိမ် စကားပြောသည့်အခါ ကျွန်တော့်စကားလုံးတွေ မပီမသ ဖြစ်နေသည်။ မောပဟိုက်တုန်ယင်မှုတွေ မပြယ်သေးသောကြောင့် ဖြစ်သည်။

'မင်း မနိုင်ဘူး'

ကျွန်တော် ဖြုန်းခနဲ မျက်လုံးဖွင့်ကြည့်လိုက်၏။ ဖုန်ဒီးရမ် ကျွန်တော့်ကို အပေါ်စီးမှငုံ့ကြည့်နေခဲ့သည်။

'ဒီခရီးက မင်းသွားနေကျမဟုတ်ဘူး၊ ဒီအလေးချိန်က မင်း သယ်နေကျမဟုတ်ဘူး၊ မနိုင်တာကိုလဲ ဘာမှရှက်စရာမရှိဘူး'

ကျွန်တော် ဘာမှမပြောဘဲ ငြိမ်သက်နေမိ၏။

အမှန်အတိုင်း ပြောရလျှင် ကျွန်တော်မောလှပြီ။ ကျောပိုးအိတ်မပြောနှင့် ငှက်မွေးလေးတစ်ချောင်း၏ အလေးချိန်ကိုပင် ကျွန်တော့်ကျောပေါ် မတင်ချင်တော့ပါ။ သို့သော် မတင်ချင်သည်က တစ်ပိုင်း၊ ကျွန်တော်မနိုင်တော့ဘူးဟု မပြောချင်သည်က တစ်ပိုင်း ဖြစ်သည်။

ကောင်းပြီ။ ရှေ့ခရီးကျလျှင် ပိုက်ဆံထည့်သည့် ခါးပတ်တစ်ခုပဲ သယ်တော့မည်။

ကျွန်တော် အိပ်ချိန်လည်း မရလိုက်၊ နားချိန်လည်း မရလိုက်။ ကျွန်တော် တံတားဖြတ်ကူးတာ နှေးသလောက် သူတို့အားလုံး ဖြတ်ကူးတာ သွက်ကြသည်။ သည်ဘက်ကမ်း ရောက်တော့လည်း ကျွန်တော့်လို ဘယ်သူမှ ခြေပစ်





လက်ပစ် မအိပ်ကြ။ အထမ်းကိုယ်စီနှင့် ဆက်လက်ချီတက်သွားကြသည်။

ဖုန်ဒီးရမ်က အိုးခွက်ပန်းကန်များ ထမ်းပိုးထားသော လူငယ် တစ်ယောက်အား လှမ်းခေါ်၏။

'မလောင်'

အသက် ၁၆ နှစ်ခန့် ကောင်လေးဖြစ်သည်။ ရဝမ်လေးက ခပ်သွက်သွက် ရောက်လာ၏။ ဖုန်ဒီးရမ်က ကျွန်တော့်အိတ်ကိုပါ သူ့အား သယ်ခိုင်းခြင်း ဖြစ်သည်။ ကောင်လေး သွက်လက်စွာ ကောက်ပိုးလိုက်၏။ နောက်ဆုံးမှ ရောက်လာသော အထမ်းကောင်မလေးက ကျွန်တော့်အဖြစ်ကို ပြုံးစေ့စေ့နှင့် သရော်သလို ကြည့်သွားသည်။ ကြည့်ကွာ...။ မနိုင်လို့ မသယ်တာ ဘာမှ ရှက်စရာမရှိဘူး။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၄၀၃၅

သက်စွန့်ဆံဖျား ... ဟူသော စကားလုံး၏ ခံစားချက်ကို ကျွန်တော် ကောင်းကောင်း နားလည်ခဲ့ပါပြီ။

မြေကြီးနှင့် ကျောက်သား ရောနေသော မြစ်ကမ်းပါး တောင်စောင်း လမ်းကြောသည် တကယ်တော့ လူတစ်ယောက် ခြေဖဝါးနှစ်ဖက် စုံချလို့ ရသည်ဆိုရုံကလေးသာ နေရာရှိသော ကျဉ်းမြောင်းလှသည့် လူသွားလမ်း ကလေး ဖြစ်သည်။ ကြီးမားစွာမြင့်မားလှသော တောင်ကြီးနှင့် ယှဉ်လိုက် သော် တောင်စောင်းထိပ် လူသွားလမ်းသည် ဓားသွားပေါ်မှာ လမ်းလျှောက် ရသကဲ့သို့ပင် ဖြစ်သည်။

မိုးမပြတ် ရွာနေခဲ့သဖြင့် မြေကြီးသည် ရွှံ့အဖြစ် ပြောင်းနေခဲ့ပြီ။ ကျောက် သားတွေကလည်း ရေညှိဖုံးလျက်၊ ရာသီဥတုနှင့် သစ်မြစ်များဒဏ်ကြောင့် ပဲ့ရွဲ့ကာ အပိုင်းပိုင်း အစစ လိမ့်ဆင်းကျနေသည်။ ကျွန်တော့်ခြေဖဝါးအောက် က ခံထားသော မြေကို ကျွန်တော် မယုံကြည်ရမှတော့ ကျွန်တော် ဘယ်လို လုပ်ပြီး ခြေလှမ်း လှမ်းရပါ့မည်နည်း။ ခြေတစ်လှမ်းလှမ်းတိုင်း ရင်တဒိုင်း ဒိုင်း ခုန်အောင် ကြောက်နေမိသည်။

ကျွန်တော့် ကျောကပ်ထားသော မြစ်ကမ်းပါး တောင်စောင်းအထက် ဆီသို့ မော့ကြည့်သည့်အခါ ကောင်းကင်ကို မမြင်ရ။ မြင့်မားလှသော သစ် ပင်ကြီးများ ဖြောင့်တန်းစွာ မိုးသို့ ထောင်နေပြီး မြင်ကွင်းကို စီးမိုးထားသော ကြောင့် ဖြစ်သည်။ အောက်ကို ငုံ့ကြည့်လိုက်သောအခါ တောင်ကြားအခြေ





ချောက်ထဲ၌ နန့်တမိုင်မြစ်သည် ရေမြှုပ်ရေပန်းများ ဖွေးဖွေးထနေအောင် ကြမ်းတမ်းဆူညံစွာ စီးဆင်းနေသည်ကို မြင်ရသည်။ ကြီးမားသော ကျောက် တုံးကြီးများပေါ် ခုန်ဆင်းကာ ဖြတ်စီးရသော ရေစီးသံသည် ကျွန်တော် ရှိ ရာ တောင်ကမ်းပါးယံထိပ်ဆီထိ လွင့်ပျံတက်လာရအောင်ပင် ကြမ်းတမ်း လေသည်။

ဤခရီးတွင် ကျွန်တော့်အသက်နှင့် ကိုယ်ခန္ဓာကို မြဲအောင် ထိန်းပေး ထားသော အရာမှာ သစ်မြစ်များနှင့် သစ်ပင်မှ တွဲလွဲကျနေသော နွယ်ပင် များသာဖြစ်သည်။ ဤနွယ်ပင်တွေကို မမိုတမိ ဆွဲကိုင်အားပြုပြီး ကိုယ့်ကိုယ် ကို ဓားသွားလမ်းကြောပေါ်မှာ ဟန်ချက်ညီအောင် ထိန်းရသည်။ ဤနွယ် ပင်တွေသာ မရှိခဲ့ဘူးဆိုလျှင်ဖြင့် ကျွန်တော် ခုအချိန်မှာ ချော်လဲ ပြုတ်ကျ လို့ အရိုးအသား တစ်ခြားစီဖြစ်နေလောက်ပြီ။

ကျွန်တော့်ရှေ့မှာ ဦးဖိုးရမ် ရှိသည်။ ကျွန်တော့်နောက်မှာ ဖုန်ဒီးရမ် ရှိ သည်။ ဖုန်ဒီးရမ်၏ နောက်မှာတော့ အထမ်းသမားတွေ တန်းစီပြီး တရွေ့ ရွေ့ တက်လာနေသည်။ အထမ်းသမားတွေ ဖိနပ်မစီးပါ။ ရွာမှ ထွက်ခါစက ဖိနပ်မစီးထားသည့် သူတို့၏ ဗလာခြေဖဝါးများကို သနားပြီး သူတို့အတွက် ဘုန်လှုပ်မိ၏။ ယခုအခါ သူတို့ ဖိနပ်မစီးတာ ဘာကြောင့်လဲဟု ကျွန်တော် ကောင်းစွာ သဘောပေါက်သွားပါပြီ။ ယခုအခါ ကျွန်တော် သနားမိသည် က တောင်တက်ဖိနပ် စီးထားသော ကျွန်တော့်ခြေဖဝါးများကို ဖြစ်သည်။ သူတို့လို ကျွန်တော် ဖိနပ်မပါဘဲ သွားရလျှင် ခြေကုပ်ပို၍မြဲမည်ဟု ထင်လာ သောကြောင့် ဖြစ်သည်။

သို့သော် နေရာက မလှုပ်သာ မလှည့်သာ ကျဉ်းလွန်းသောကြောင့် ကျွန် တော် ဖိနပ်ချွတ်မည်ဆိုလျှင်တောင် နေရာမရှိပါ။

တောသည် ပို၍ ပို၍ နက်လာပြီး သစ်ပင်တွေ ပို၍ပို၍ ကြီးမားမြင့်မတ် လာသည့်အခါ လူ၏ မာန်သည် ပို၍ ပို၍ သေးငယ်သွားလိမ့်မည်ဟု ဖုန် ဒီးရမ်က ပြောခဲ့၏။ ကျွန်တော့်မာန်ကတော့ ဂပိုင်ရွာ အထွက်ကတည်းက သေးငယ်ခဲ့တာပါ။

ပန်နန်းဒင်မှ ငှားလာသော အထမ်းသမားများသည် ကျွန်တော်တို့၏ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကို သယ်ပိုးဖို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်အလွန် ကြိုးတံတားပေါ်မှာ ကျွန်တော် အခြေအနေမဟန်တာကို မြင်ပြီးသည့်နောက် ဂဝိုင်ရွာတွင် ကျွန်တော့်အတွက် အထမ်းသမား ထပ်ခေါ်ရန် ဖုန်ဒီးရမ် အဆိုပြုခဲ့၏။

'ကျွန်တော့်ကို ထမ်းဖို့ … ဟုတ်လား'

ကျွန်တော် တော်တော်ဒေါပွသွားပါသည်။

'ရှေ့ဆက် မတက်နိုင်ဘူးလို့ ကျွန်တော် အရှုံးပေးမိခဲ့ရင် နောက်ပြန်လှည့်ပြီး ပြန်လိုက်မယ်၊ ကျွန်တော့်ကို ဘယ်သူမှ ထမ်းစရာမလိုဘူး'

ခပ်တင်းတင်း ပြောမိတော့ သူ ကျွန်တော့်ကို အေးတိအေးစက် စိုက်ကြည့်ပြီး တစ်ခွန်းပဲ ပြောခဲ့၏။

'မင်း ရှေ့ဆက်တက်ဖို့ မရဲတော့ဘူးဆိုရင် နောက်ပြန် ခြေလှမ်း လှမ်းဖို့လဲ ရဲမှာမဟုတ်ဘူး၊ ပြီးတော့ ရှေ့ဆက်လှမ်းဖို့ အားမရှိတော့ဘူး ဆိုရင် နောက်လှည့် ခြေလှမ်းဖို့လဲ အားမရှိတော့ဘူး'

ကျွန်တော် အလျှော့မပေးပါ။

'ဒါဆိုရင်လဲ ရောက်တဲ့နေရာမှာ ရပ်ပြီး နားလိုက်တော့မှာပေါ့'

အခုလို တောင်ကမ်းပါးယံမှာ ခြေကုပ်မြဲဖို့ ရသမျှ ဘုရားစာတွေ အကုန်ရွတ်ဆိုဆုတောင်းနေရသော တစ်ယောက်သွားသာရုံ လမ်းကြောပေါ်မှာ ကျွန်တော် ဘယ်လိုလုပ်ပြီး နားနိုင်ပါ့မလဲ။ ထို့ပြင် သည်လမ်းမှာ သည်တောင်ကို ကျော်ဖြတ်ဖို့ ကျွန်တော့်အား တစ်ယောက်ယောက်က ထမ်းပိုးမည် ဆိုလျှင်ကော၊ ထိုသူ၏ ခွန်အားကို ကျွန်တော် ဘယ်လောက်ထိ စိတ်ရအားကိုးနိုင်ပါ့မလဲ။ ဤခရီးမှာ ကျွန်တော့်အသက်အား သူတစ်ပါးအပေါ်ပုံအပ်ဖို့ ကျွန်တော် ဘယ်သူ့ကိုမှ စိတ်မချနိုင်။ ထို့အတူ ကျွန်တော့် ကိုယ်ပိုင် ခြေထောက်များကိုလည်း ကျွန်တော် စိတ်မချနိုင်။ ကျွန်တော် ခြေလှမ်းချရာ မြေပြင်ကိုလည်း စိတ်မချနိုင်။ လောကတွင် လူသည် ဘာကိုမှ စိတ်ချ အားထားလို့ မရသောအခါ မမြင်ရသော အရာတွေအပေါ်မှာ အားထားမိတက်လေသလား။

ကျွန်တော်ကတော့ ဗုဒ္ဓမြတ်စွာဘုရားကို အားထားမိသည်။ ထို့အတူ ကျွန်တော့်ဖေဖေကို အားထားမိသည်။ ဖေဖေ … ဖေဖေ့မေတ္တာနဲ့ ကျွန်တော့်ကို စောင့်ရှောက်ပေးပါ။





မင်း ရှေ့ဆက်တက်ဖို့ မရဲတော့ဘူးဆိုရင် နောက်ပြန်ခြေလှမ်း လှမ်းဖို့လည်း ရဲမှာမဟုတ်ဘူး။

ဖုန်ဒီးရမ် ပြောခဲ့သည့်စကားကို ယခုမှ ကျွန်တော်သဘောပေါက်သည်။ ယခုအခါ ကျွန်တော် နောက်ပြန်လှည့်မည်ဆိုလျှင်လည်း အန္တရာယ်က ရှေ့သွားမည့် ခြေလှမ်းတွေအတွက် ရှိသလောက် ရှိနေခဲ့တာပဲ။ ထို့ကြောင့် ရှေ့ဆက်တက်ရုံသာ ရှိပါသည်။ တက် … ရှေ့ဆက်တက်။ ဂျပန်တောင်တက်သမား အိုဇာကီရဲ့ သားနဲ့ သမီးလေးတွေတောင် ဒီလမ်းတွေကနေ တက်ခဲ့သေးတာ။ သူတို့အသက်က ဘာရှိဦးမလဲ၊ ဆယ်နှစ် … ဒါမှမဟုတ် …

ကျွန်တော့်ခြေထောက်သည် ရေညှိဖုံးနေသော ကျောက်တုံးမျက်နှာပြင်ခုံးတစ်ခုကို နင်းလိုက်မိပြီဟု သိလိုက်သည်။ ခြေချော်ကာ ကျွန်တော့်ခြေထောက်အစုံက မြေပြင်နှင့် လွတ်ထွက်သွားတော့သည်။ လွင့်ခနဲ ဟာသွားသော ရင်ဖြင့် ပထမဆုံး ခံစားလိုက်ရသည်က အသည်းအေးစိမ့်သွားခြင်းဖြစ်သည်။ သေပြီ။ ခေါင်းတစ်ခုလုံး ပွင့်တွက်မတတ် ပူပြင်းတုန်လှုပ်သွား၏။ ကျွန်တော့်လက်ကလည်း မမှီတမှီ ဖမ်းဆွဲကိုင်လာမိသော နွယ်ကြိုးတွေနှင့် လွတ်သွားသော တစ်ခဏမှာမို့ ကျွန်တော် နောက်ဘက်သို့ လျှောခနဲ ဆန့်ကျသွားပါသည်။ ကျွန်တော့်မျက်နှာနှင့် ဝါးရွက် ဝါးကိုင်းများ ပွတ်တိုက်သွားတာကို ကျွန်တော်သိလိုက်သေး၏။ ဆွဲမိဆွဲရာ ဆွဲလိုက်သော ဝါးကိုင်းများက လက်ကို ထိရှသွားသည်။

'ဟေ့ …' ဒီးရမ်၏ လွတ်ခနဲအော်လိုက်သော အာမေဋိတ်သံကို ကြားလိုက်သေး၏။

ထို့နောက် … ကျွန်တော့်ကိုယ်ခန္ဓာသည် အခြား ကိုယ်ခန္ဓာတစ်ခုနှင့် ပြင်းထန်စွာ တိုက်မိသွား၏။ ကျွန်တော် ဆက်မကျတော့ပါ။ သို့သော် ကျွန်တော့် ခြေထောက်ကလည်း မြေပြင်ပေါ် ထောင့်မှန်ကျကျ မရပ်နိုင်သေးပါ။ ကျွန်တော့်ခါးကို လက်တစ်ဖက်က တင်းကျပ်စွာ ထိန်းပွေ့ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ကျွန်တော် အောက်ပြုတ်ကျမသွားဘူး။ ကျွန်တော့်ကို တစ်ယောက်ယောက်က ဆီးဖမ်းထားသည်။ ထိုလက်၏ တင်းကျပ် အားကောင်းမှုကို ကျွန်တော့်ခါးမှာ နာကျင်လာသည်အထိ ခံစားနေရသည်။

'ဘာဘက်လက်နဲ့ နွယ်ကြိုးကို ဆုပ်ပြီး မတ်မတ်ရပ်'



www.burmeseclassic.com

ဖုန်ဒီးရမ်၏ အသံမာမာကို ကြားရသည်။ ကျွန်တော် မျက်စိမှိတ်ထားရာမှ ဖွင့်ကြည့်လိုက်၏။ ကောင်းကင်ကြီး ဓောက်ထိုးမိုးမျှော် ဖြစ်မနေ။ ကျွန်တော့်အထက်မှာ ဝါးရွက်တွေ ဝါးကိုင်းတွေနှင့် သစ်ပင်မြင့်ကြီးတွေ ရှိသည်။ ကျွန်တော့်နောက်ဘက်မှာ ဖုန်ဒီးရမ်...။ ဖုန်ဒီးရမ်၏မျက်နှာနှင့် ကျွန်တော့်မျက်နှာမှာ ထိကပ်နေခဲ့သည်။ ကျွန်တော် ညာလက်ဖြင့် နွယ်ကြိုး တစ်ခုကို လှမ်းဆုပ်အားပြုလိုက်ပြီး ခြေထောက်ကို ဆ၍ထောက်ကြည့်လိုက်သည်။

'ကောင်လေး...ဘာဖြစ်သွားလဲ'

အပေါ်နားဆီမှ ဦးဖိရမ် လှည့်ကြည့်ပြီး မေးသည်။ ကျွန်တော် လှမ်းဖြေဖို့ ကြိုးစားပါ၏။ သို့သော် ကျွန်တော် အသံ ရုတ်တရက်ထွက်မလာခဲ့ပါ။ တုန်ယင်ကာ ဆွံ့အ နေခဲ့သောကြောင့် ဖြစ်သည်။ သူ့ဘယ်လက်နှင့် ကျွန်တော့်ကို ထိန်းပွေ့ပြီး သူ့ညာလက်က နွယ်ကြိုးကို တင်းတင်းဆွဲ အားပြုထားရသောကြောင့် ဖုန်ဒီးရမ် တစ်ကိုယ်လုံး တင်းကျပ်တုန်ခါနေသည်ကို ကျွန်တော် ခံစားရသည်။

ကျွန်တော် ခြေလှမ်းမြဲမြဲ ရပ်နိုင်သွား၏။ သို့သော် ဒူးတုန်တာ မပျောက်သေး။

ဖုန်ဒီးရမ်ကို ကျေးဇူးတင်စကားပြောရန် နောက်လှည့်လိုက်သောအခါ တင်းမာသော မျက်နှာကို ရင်ဆိုင်လိုက်ရသည်။

'လှည့်မကြည့်နဲ့၊ ညာဘက်လက်နဲ့ နွယ်ကြိုးကို လှမ်းဆွဲ... ... ဆက်လျှောက်'

ကျွန်တော့်လက်မှာ သွေးတွေ ယိုစီးကျလာသည်။ ဝါးကိုင်းနှင့် ခြစ်မိသွားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် နွယ်ကြိုးကို ဒဏ်ရာရသောလက်ဖြင့် မဆုပ်ကိုင်ချင်ပါ။

'သတိထားလျှောက်ပါ...လို့ ငါ မင်းကို ခဏခဏပြောလျက်သားနဲ့ တောင်ကမ်းပါးအတက်မှာ မင်းပြုတ်ကျရင် မင်းတစ်ယောက်တည်း သေမှာမဟုတ်ဘူး၊ မင်းနောက်က လိုက်နေတဲ့လူပါ သေမှာ'

ရင်တဒိန်းဒိန်းထုနှက်ခုန်နေသည့်အထိ အသက်အန္တရာယ်နှင့် ကြုံလိုက်ရသည့်အပြင် လက်က ဒဏ်ရာက နာကျင်နေသည့်အထဲ အခုလိုဟိန်းဟောက်





ခံရသောအခါ ကျွန်တော် စိတ်တိုသွား၏။ ထို့နောက် နာကြည်းရင်း အားငယ်သွားမိပါသည်။

သားရဲ့ဘေးမှာ ဖေးမကူညီတဲ့သူ ရှိမှာမဟုတ်ဘူး၊ အားပေးမယ့်အဖော် ရှိမှာမဟုတ်ဘူး၊ သား တစ်ယောက်တည်း ရင်ဆိုင်ရမှာ။

မေမေ့စကားသံကို ပြန်သတိရမိ၏။

ဖေးမကူညီတဲ့သူတော့ ရှိပါရဲ့ မေမေ၊ ဒါပေမဲ့ အားပေးတဲ့အဖော်မရှိဘူး။ ကျွန်တော် အံတင်းတင်းကြိတ်လိုက်မိသည်။

ကျွန်တော့်ဒဏ်ရာကို ဖုန်မဝင်အောင်၊ သစ်ကိုင်းသစ်ခေါက် မရှအောင် စည်းနှောင်စရာ ကျွန်တော့်မှာ ပတ်တီးမရှိ။ ပတ်တီးက ကျွန်တော့်ကျောပိုးအိတ်ထဲ ပါသွားပြီ။ ကျွန်တော့်ကျောပိုးအိတ်ကို ကျွန်တော် မထမ်းရတာ ကြာခဲ့ပြီ။ နောက်လှည့်ကြည့်ပြီး ကျွန်တော့်အိတ်ကို ထမ်းသော 'မလောင်' ဟူသည့် ကောင်လေးကို ကျွန်တော် ရှာကြည့်မိသည်။ တောင်စောင်းအဆင့်ဆင့်မှာ ကုန်းပြီး တက်လာကြသူများကို မျက်နှာ မမြင်ရပါ။ ဘယ်သူက ဘယ်သူမှန်း ကျွန်တော် မသိ။

'ဘာလိုချင်လို့လဲ'

ကျွန်တော့်နောက်မှ ဖုန်ဒီးရမ်က မေး၏။

'ဒဏ်ရာကို ပတ်တီးစည်းချင်လို့၊ ပတ်တီးက ကျွန်တော့်ကျောပိုးအိတ်ထဲမှာ'

သူ့ပုံစံက တော်တော်စိတ်ပျက်သွားသည့်ပုံစံ။ ထို့နောက် သူ နောက်လှည့်ကြည့်သည်။

'မလောင်က ဟိုးနောက်ဆုံးမှာ'

ကျွန်တော့်ပတ်တီးလိပ်ကြောင့် အားလုံး ခရီးဖင့်ရမှာကို ကျွန်တော်လည်း မလိုလားပါ။

'နေပါစေတော့'

'မင်းဒဏ်ရာက သေးသေးလေးပဲ၊ နွယ်ကြိုးကို ဖိဆုပ်ပစ်လိုက်စမ်းပါ၊ အနာကို ညှာပြီး လက်က မထိန်းရင် ပြုတ်ကျသွားလိမ့်မယ်'

ကျွန်တော့်မှာ လက်ကိုင်ပဝါလေးတစ်ထည် ပါလာခဲ့သည်။ အဖြူရောင် ချည်ထည် ပဝါစကလေးဖြစ်၏။ ပန်နန်းဒင်မှမထွက်ခင် ညက နန်ဆေးမှုံ

www.burmeseclassic.com



က ကျွန်တော် ရွေးသုတ်ရန်ဟု ပေးလိုက်သည့် လက်ဆောင်ကလေး ဖြစ်ပါသည်။

'အဲဒါ ကျွန်မကိုယ်တိုင် ဂျပ်ခုတ် ရက်ထားတဲ့ ချည်စကလေး အစ်ကို'

ယခုအခါ ထိုချည်ပဝါဖြူကလေးကို နမြောနေလို့ မရတော့ပြီ။ ကျွန်တော့်အင်္ကျီရင်ဘတ်က အိတ်ထဲမှာ ခေါက်ထည့်ထားသော ပဝါဖြူလေးကို ကျွန်တော် ထုတ်ယူလိုက်၏။ ထို့နောက် ညာလက်ကို ပတ်လိုက်သည်။

မိန်းကလေး၏ အကြင်နာငွေ့ နွေးနွေးကို ကျွန်တော့်လက်မှာ ခံစားလိုက်ရသလို ရှိသည်။ ကျွန်တော် ဘယ်လက်နှင့် သွားကို အသုံးပြုမှ တင်းတင်း ချည်လို့ရမည်။ ကျွန်တော် ပဝါစကလေးကို ပါးစပ်ဖြင့် ကိုက်ရန် ငုံလိုက်၏။ ထိုအခါ နန်ဖေးရမ်၏ ကိုယ်နံ့ ချိုအီအီလေးကို မွှေးလိုက်ရသလို ရှိလေသည်။ ကျွန်တော် မိန်းကလေးကို လွမ်းသွားပါသည်။

'ပေး...ငါ ချည်ပေးမယ်'

'အာ...နေပါစေ' သူ့ကို ချည်ခိုင်းလို့ မဖြစ်ပါ။

သို့သော် ကျွန်တော့်လက်ကို ဖုန်ဒီးရမ် စိတ်မရှည်စွာ ဆွဲယူလိုက်ပြီးပြီ။ ပဝါကို သူ့လက်ဖြင့် တင်းတင်းဆွဲပတ်ဖို့ ငုံ့ကြည့်စဉ် သူ့မျက်မှောင် တစ်ချက် ကုတ်သွားတာ သတိထားမိလိုက်သည်။ ကျွန်တော့်မျက်နှာ နွေးခနဲပူသွား၏။ ဒီချည်ထည်စ အဖြူလေးကို သူ မြင်ဖူးခဲ့လေမလား။ သူ အစနှစ်ဖက်ကို တင်းနေအောင် ဆောင့်ချည်ပစ်လိုက်ပုံက ကြမ်းတမ်းလှသည်။ ကျွန်တော့်လက်ဖဝါး နာသွားသည်အထိပင် ဖြစ်သည်။

'သွားတော့၊ မင်းကြောင့် အားလုံး ရပ်စောင့်နေရပြီ'

ပဝါပတ်တီးစလေး ခံထားသဖြင့် ကျွန်တော့်လက်က နွယ်ကြိုးတွေကို ဆုပ်ကိုင်နိုင်သွားပါသည်။ ကျွန်တော် ခြေတစ်လှမ်းချင်း သတိထား၍ လျှောက်ခဲ့သည်။ ရှေ့မှာပြန်ဆင်းရတော့မည့် လမ်းကြောင်းအကွေ့ကို မြင်နေရပြီ။ အဆင်းသည် အတက်ထက် ပို၍ အန္တရာယ်ကြီးလိမ့်ဦးမည်။

တောင်ကြောဆီသို့ ပြန်ဆင်းရသည့် အဆင်းတွင် သစ်တောက သိသိသာသာ စိုထိုင်းလာသည်။ ရွံ့မြေတွေကို မကြာခဏ တစွတ်စွတ် နင်းမိသည်။ အဆင်းတွင် တောင်ပြိုအက်ကွဲကြောင်းမှ ရွံ့ရည်တွေ စီးဆင်းနေ





တာ မကြာခဏ ဖြတ်ကျော်ရ၏။ မြေကြီးမပြိုအောင် သစ်လုံးတွေ လတ်လတ်ဆတ်ဆတ် ခုတ်ဖြတ်ပြီး လှေကားထစ်တွေ ပြုလုပ်ထားသည်။ ကျွန်တော်တို့ ရှေ့မှာ အဖွဲ့တစ်ဖွဲ့ ရောက်နေပြီ။ ဂရိုင်မှာတုန်းက ကျွန်တော်တို့နောက်မှ ကျွန်တော်တို့ကို ဖြတ်ကျော်တက်သွားသော တောင်တက်အုပ်စု ဖြစ်လိမ့်မည်။ ခါကာဘိုရာဇီတောင်ခြေသို့ စခန်းချလေ့လာမည့် အုပ်စုဟု သိရပါသည်။ ထိုအုပ်စုနှင့် ဖုန်ဒီးရမ်တို့ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြတာ တွေ့ရ၏။

တောင်ကြားအတိုင်း မြစ်ကမ်းစပ် ချောက်ထဲသို့ ဆင်းလာရင်း တစ်နေရာတွင် ကြီးမားပြီး ထူးဆန်းသော သစ်ပင်ကြီးတစ်ပင်ကို ဘွားခနဲ မြင်လိုက်ရ၏။ ကျွန်တော် မလှုပ်မယှက် ရပ်ပြီး ငေးမောမိသွားလောက်အောင် ဆွဲဆောင်နိုင်သော သစ်ပင်ကြီး ဖြစ်ပါသည်။

သစ်ပင်ကြီးဟု အလွယ် ခေါ်လိုက်ရသော်လည်း တကယ်တော့ သစ်ပင်တစ်ပင်တည်း မဟုတ်။ နွယ်ပင်အမျိုးအစား သစ်ပင် လေးငါးပင်လောက် စုပြုံဝိုင်းရံပြီး တွန့်ကွေးသော အကိုင်းကြီးတွေ တစ်ခုနှင့်တစ်ခု ပတ်လည်ဆက်ပြီး ရစ်ပတ်နေကြသည်။ ထိုပင်စည်ဖြောင့်ဖြောင့်တို့ ဝိုင်းညှစ်ရာ အလယ်ဗဟိုမှာတော့ ဟာလာဟင်းလင်း မြင့်မားစွာ ပြွန်ကြီးသဖွယ် ဖြစ်ကျန်ရစ်ခဲ့သည်။ ကပ်ပါးပင် အုပ်စုကြီးတစ်စု ဖြစ်သည်။ အထဲက မူလအိမ်ရှင် သစ်ပင်ကို သူတို့ သတ်ပစ်ခဲ့ကြပြီးပြီ။

မြင့်မားလှသော အပင်အုပ်စုကြီးကို ကျွန်တော် မော့ကြည့်လိုက်မိ၏။ ပေ ၁၀၀ တော့ အသာလေးပဲ မြင့်မည်။ ၂၀၀ နီးပါးများ ရှိမလားမသိ။ ကျွန်တော် ဇက်လန်သွားအောင် မော့ကြည့်ပေမယ့် ထိပ်ဖျားစွန်းကို မမြင်ရပါ။ ပင်စည်တို့၏ လုံးပတ်နှင့် အကိုင်း အမြောင်းအမြောင်းတို့တွင် အခေါက်ပေါ်၌ အကွက်လိုက် အကွက်လိုက် မှိုတက်နေသည်။

ရုပ်ဆိုးပြီး ကြောက်စရာကောင်းလှသော သစ်ပင်ကြီးပါလား။

အလယ်ဗဟို ဟင်းလင်းပြွန်ရှည်ကြီးထဲသို့ လူဝင်လို့ ရနိုင်၏။ ကပ်ပါးပင်စည်လုံးနှစ်ခုအကြားတွင် လူတစ်ကိုယ်စာ ဝင်သာရုံ နေရာလွတ် ရှိနေသည်။ အဲသည်နေရာမှာ မူလ အိမ်ရှင်သစ်ပင် ရှိခဲ့ဖူးပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုအပင်ကြီးဆီ ကပ်သွားပြီး ပင်စည်တစ်ခုကို လက်ဖြင့် ထောက်မှီကြည့်လိုက်သည်။

'ဒါ ဘာပင်ကြီးလဲဗျ'

ဦးဖိုးရမ်ကို မေးကြည့်မိသည်။ အဘိုးကြီး ခေါင်းခါ၏။

'မသိဘူး'

ဟုတ်တာပေါ့။ ကျွန်တော် မေ့သွားသည်။ ရဝမ်လူမျိုးတွေ သစ်ပင်အမျိုးအစားနှင့် ပတ်သက်ပြီး ခွဲခြားမှု မသိကြဘဲ။

'အထဲ ဝင်ကြည့်ချင်လိုက်တာ'

'မဝင်နဲ့'

ဦးဖိုးရမ် အလန့်တကြား တား၏။ သူ တားလိုက်ပုံကြောင့် ကျွန်တော်တောင် လန့်သွားသည်။ ကျွန်တော် အဲသည်ပြွန်ခေါင်းကြီးထဲ ဝင်လိုက်လျှင်ပဲ မကောင်းဆိုးဝါးနှင့် တွေ့သွားတော့မလိုလို။

'ဘာဖြစ်လို့လဲ ဦးရဲ့'

ကျွန်တော် ရယ်ကျဲကျဲမေးမိသည်။

'မကောင်းဘူး'

ဘာမကောင်းတာလဲဟုတော့ ကျွန်တော်မေးချင်သား။ သို့သော် အဘိုးကြီး မျက်နှာပျက်နေပုံက ထူးခြားလှသည်မို့ ကျွန်တော်မျိုသိပ်ထားလိုက်ပါသည်။

'ကျွန်တော်တို့ ဒီနားမှာ ထမင်းစားကြမလား'

'မစားဘူး'

အဘိုးကြီး တိုတိုပြတ်ပြတ် ငြင်းပြီး ရှေ့ဆက်ထွက်ခွာရန် ခြေလှမ်းပြင်ပါသည်။ အဘိုးကြီး ကြည့်ရတာ သည်အပင်ကြီးကို မနှစ်မြို့သလို၊ စိုးထိတ်နေသလို။ ကျွန်တော်တို့ မြန်မာမှာ သစ်ပင်ကြီးကြီးမားမားကြီးတွေဆိုလျှင် ရုက္ခစိုး စောင့်သည်၊ နတ်စောင့်သည်ဟူသော အယူတွေ ရှိ၏။ ရဝမ်တွေလည်း သည်လိုပဲလား မသိ။

'ဒီအထဲ ဝင်ကြည့်ဖူးလား'

နောက်မှာ ပါလာသော ဖုန်ဒီးရမ်ကို ကျွန်တော် မေးမိ၏။ ဖုန်ဒီးရမ်သည် ကျွန်တော့်ညာလက်မှာ စည်းထားသော သွေးစွန်းနေသည့် ချည်ပဝါ





ဖြူကို မျက်လုံးရောက်သွားရာက–

'မဝင်ဖူးဘူး၊ ငါ သိသလောက်တော့ အဲဒီအခေါင်းထဲ ဝင်ဖူးတဲ့သူ ဆိုလို့ တစ်ယောက်ပဲ ရှိတယ်၊ အဲဒီတစ်ယောက် သေသွားတယ်'

'ဟင်…'

ကျွန်တော် လန့်သွားသည်။

'ဘယ်လိုဖြစ်ပြီး သေသွားတာလဲ'

'ရေခဲချောက်ထဲ ကျသွားလို့' သူ ကျွန်တော့်ကို စိုက်ကြည့်ရင်း ဖြေပါသည်။

ကျွန်တော် ကြက်သီးတွေ ဖြန်းခနဲ ထသွား၏။ ဖေဖေ…။ နှလုံးဆီမှာ ဒိုင်းခနဲ ဆောင့်တက်မှုကို ခံစားလိုက်ရသည်။ ကျွန်တော် ဖုန်ဒီးရမ်မျက်လုံးကို စိုက်ကြည့်လိုက်မိသည်။

'ကျွန်တော့်အဖေလား'

'ဟုတ်တယ်'

ကျွန်တော့်ရင်ထဲတွင် တင်းကျပ် ဆို့နင့်စွာ လေးပင်သွားပါသည်။

ဖေဖေ…။

ကျွန်တော် အပင်ကြီးကို မော့ကြည့်မိသည်။ စိမ်းညို့မည်းမှောင်သော အုပ်ဆိုင်းမှုသည် ကျွန်တော့်အပေါ် သဲသဲမဲမဲ လွှမ်းခြုံလာတော့မည်ဟု ထင်ရ၏။

'ဖေဖေက …ဒီအပင်ကြီးထဲကို ဝင်ခဲ့မိလို့ ရေခဲချောက်ထဲ ပြုတ်ကျခဲ့ရတာလား'

'ငါ မသိဘူးလေ'

ဟုတ်ပါသည်။ ဘယ်သူမှ မသိနိုင်ပါ။

'အဖုန်…'

ခပ်လှမ်းလှမ်းမှ ဦးဖိုးရမ်က ဖုန်ဒီးရမ်အား လှမ်းခေါ်ပြီး တစ်ခုခု ပြောသည်။ ဒီးရမ် ခေါင်းညိတ်၏။ ထို့နောက် ကျွန်တော့်ဘက် လှည့်ပြောသည်။

'ရှေ့နားမှာ စိန်ခူးဝမ် ကြိုးတံတားကို ဖြတ်ရဦးမယ်၊ မြန်မြန် ဆက်လျှောက်ခဲ့ …တဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပင်ကြီးကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်မိပြန်၏။

သစ်ပင်ကြီး၏ ထိပ်ဖျားအကိုင်းတွေ တရှဲရှဲမြည်နေသည်။ တီးတိုးစကားဆိုနေသလို ရှိ၏။ ဖေဖေ ထိုအခေါင်းထဲသို့ ဝင်ကြည့်တုန်းက ဘာကို တွေ့ခဲ့ပါသလဲ။' ကျွန်တော်ဝင်ကြည့်လျှင်ရော ဘာတွေ့နိုင်မလဲ။ သို့မဟုတ် ဘာကိုကြားနိုင်မလဲ။

ရှေ့ဆက်ပြီး ခြေလှမ်း လှမ်းလာရသော်လည်း ကျွန်တော့်ခြေထောက်တွေကို တစ်ခုခုက ဆွဲ တားထားသလို လေးလံနေ၏။

စိန်ခူးဝမ်ကြိုးတံတားကို ဖြတ်ကျော်ပြီးနောက် ဒဇွန်ဒမ်းရွာသို့ ညနေ ၅း၀၀ နာရီတွင် ရောက်ပါသည်။

ကျွန်တော်တို့အတွက် ညစာပြင်ဆင်ချက်ပြုတ်နေကြစဉ် ကျွန်တော်က ကျောပိုးအိတ်ထဲမှ ဖေဖေ့မှတ်တမ်းကို ထုတ်ယူပြီး ဖတ်နေမိသည်။ ညနေ ၅း၀၀ နာရီသာ ရှိသေးသော်လည်း စိမ်းညို့သော တောအုပ်တွင်းက တဲပေါ်မှာမို့ ဖယောင်းတိုင်ထွန်းရပါသည်။ မိုးက တစိမ့်စိမ့်ရွာလာပြန်သည်။ တဲအမိုး ဝါးရွက်များပေါ်သို့ တပေါက်ပေါက်ကျနေသော မိုးစက်သံသည် ကျွန်တော်၏ နာကျင်ကြေကွဲမှုကို ပို၍ပို၍ နက်ရှိုင်းအောင် တွန်းပေးနေသလို ရှိသည်။

ရေခဲတောင်တွေနှင့် ပိုပိုနီးလာပြီ။ ဖေဖေနှင့် ပိုပို နီးလာပြီ။ ကျွန်တော် သိနေပါသည်။ နောက်ဆုံးတော့ အဲသည်နေရာကို ကျွန်တော် ရောက်တော့မည်။ အဲသည်မှာ ကျွန်တော် တစ်ခုခုကို တွေ့ကို တွေ့ရတော့မည်။ ခါးသီးဖွယ် အမှန်တရားတစ်ခု၊ သို့မဟုတ် တုန်လှုပ်ချောက်ချားဖွယ် အမှန်တရားတစ်ခု။

လက်ဖဝါးမှ ဒဏ်ရာက တစစ်စစ် နာကျင်နေသဖြင့် စာထဲသို့ စိတ်နှစ်ရတာ ခက်ခဲနေသည်။

*'အောက်တိုဘာ ၅ ရက်...။ ဒဇွန်းဒမ်း ဘိုတဲ*

*သစ်တောက စိမ်းစိမ်းမှောင်မှောင်၊ သစ်ရွက်တွေက အစိမ်း၊ သစ်ကိုင်းနဲ့ ပင်စည်ပင်တွေပေါ်က ရေညှိပင်တွေနဲ့ ကပ်ပါးပင်တွေက အစိမ်း၊ ကမ်းစပ် ကျောက်တုံးတွေက ရေညှိတက်နေပြီး အစိမ်း၊ မြစ်ရေက စိမ်းစိမ်း၊ လိပ်*





*ပြာတွေ များစွာ တွေ့ရသည်။ Pyrgusမျိုးရင်းဖြစ်နိုင်သည်။ ဒါပေမဲ့... အတောင်ပံအပေါ်ဘက်ပိုင်းမှာက skipper လို ခာနားသတ် အဖြူစင်းမပါ။ မတူတဲ့နှစ်ကောင်ကို မဖမ်းမဖြစ် ဖမ်းရတော့မည်။ ဒါပေမဲ့ ဒီနေ့တော့ မမိလိုက်။ သူတို့က အမြန်နှုန်းနဲ့ ပျံသန်းနိုင်တဲ့ကောင်တွေ၊ နောက်ပြီး ညနေမှောင်ရီပျိုးတော့မည်။ တော်သေးသည်။ ခပ်စောစောက အဖြူပြောက်တွေ ပါတဲ့ လိပ်ပြာကို ဓာတ်ပုံတစ်ကွက် မိလိုက်ပေလို့'*

ကျွန်တော် နောက်တစ်ရွက် လှန်လိုက်သည်။

*'တောတောင်တွေဟာ တစ်ခါတစ်ခါ လူကို စိမ်းကားရုံမျှမက ရန်လိုတတ်သည်။'*

ဖေဖေလည်း ကျွန်တော့်လိုပဲ အထီးကျန်စိတ်ကို ခံစားခဲ့ရပါလိမ့်မည်။

လူသူမရှိသော တောတောင်တွင် တိတ်ဆိတ်မှုဖြင့် အထီးကျန်ရတာက တစ်မျိုး၊ ယခုလို မိမိဘေးမှာ လူသံတွေ ရယ်မောသံတွေ ကြားနေရသည့်ကြားမှ မိမိနှင့် ဘာမှ ဆက်သွယ်မှုမရှိသဖြင့် အထီးကျန်ရတာက တစ်မျိုးဖြစ်မှာပါ။

အပြင်မှာ ရယ်မောသံတွေ ကြားနေရသည်။ ရဝမ်ဘာသာစကားဖြင့် စကားပြောသံတွေ ကြားနေရသည်။ ဦးဆောင်ပြီး ပြောနေသည့်အသံ ခပ်သြသြမှာ ဖုန်ဒီးရမ်၏အသံ ဖြစ်သည်။ ကျွန်တော်နှင့်ဆိုလျှင်တော့ သူ့မှာ ပြောစရာစကား မရှိသလောက် ရှားသည်။ သူ့လူမျိုး အထမ်းသမားတွေ သူငယ်ချင်းတွေနှင့်တော့ ပြောစရာတွေ အများကြီးရှိမှာပေါ့။

ကျွန်တော့်ညာလက်မှ သွေးစွန်းနေသော ပဝါပတ်တီးလေးကို ကျွန်တော် ကြည့်နေမိသည်။ နန်ဗေးရမ်ကတော့ ကျွန်တော့်အပေါ် မျှဝေစာနာတတ်လေသည်။ ကျွန်တော် ရင်ထဲမှာ နွမ်းခွေသွား၏။

ညီမလေးရေ...၊ ကျွန်တော်တို့ ပြန်ဆုံနိုင်ခွင့်မှ ရပါတော့မလား။

ကျွန်တော် တစ်ယောက်တည်း ရှိနေချိန်မှာမို့ ပဝါပတ်တီးလေးကို ဖွဖွလေး နမ်းမိသည်။ ကျွန်တော့်သွေးနံ့နှင့် နန်ဗေးရမ်၏ ကိုယ်သင်းနံ့ ရောနေသော ထူးဆန်းသည့် ရနံ့ကို ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မဖို့ လိပ်ပြာအပြာရောင်လေးတစ်ကောင် ဖမ်းယူခဲ့ပါ' တဲ့။ ဟုတ်တာပေါ့၊ လိပ်ပြာ…။

ကျွန်တော် ဖြုန်းခနဲ ထထိုင်လိုက်သည်။ ဖယောင်းတိုင်မီးကို မှုတ်လျက် တဲအောက်သို့ ဆင်းလိုက်ပါသည်။ အပြင်မှာ လူစုလူဝေးက မီးဖိုအားမှာ ဝိုင်းထိုင်နေကြသည်။ ကျွန်တော် သူတို့အား ပြုံးပြလျက် တောစပ်ဆီသို့ ဦးတည်လိုက်ပါသည်။

'ဘယ်သွားမှာလဲ'

ဖုန်ဒီးရမ် အသံ။

'လမ်းလျှောက်မလို့'

'မိုးကျနေတယ်လေ'

'သိပါတယ်'

မိုးဖွဲဖွဲတွင် သစ်ပင်ရိပ်တို့၌ လိပ်ပြာလေးတွေ ပျံသန်းနေလိမ့်ဦးမည်ဟု မျှော်လင့်ရပါသည်။

'ဝေးဝေးမသွားနဲ့…မြွေတွေ ကင်းတွေ ရှိတယ်'

မြွေဆိုလို့ ကျွန်တော် ခြေလှမ်းနည်းနည်းတော့ တွန့်သွား၏။ လမ်းမှာ မြွေအမျိုးမျိုး တွေ့ခဲ့ဖူးပြီ။ အခုလို တောခေါင်ခေါင် ရွာမျိုးမှာ အနီးဆုံး ဆေးရုံက ကိုးရက်ခရီး အဝေးမှာ။ ထို့ကြောင့် မြွေဆိပ်ဖြေဆေးတွေတော့ လိုရမည်ရသယ်လာခဲ့ပါသည်။ သတိနှင့် သွားရမှာပေါ့ဟု ကိုယ့်ကိုယ်ကို အားတင်းသည်။ ထူးဆန်းပြီး လှပသော လိပ်ပြာကလေးတစ်ကောင်လောက် ရှာတွေ့ခဲ့လျှင်…။

ကျွန်တော် မြစ်ကမ်းပါး တောင်ကမ်းပါးယံအတိုင်း သစ်ကိုင်းများကို ဆွဲလျက် တက်လာခဲ့သည်။ သစ်ကိုင်းမာမာများ ဖြာထွက်နေသော သစ်ပင်ခပ်သေးသေးများကိုအနှံ့အပြား တွေ့ရသည်။ ပွင့်နေသော ပန်းတွေကလည်း အံ့မခန်းလှပပါသည်။ အရွက်က ခပ်ဝိုင်းဝိုင်း မာမာ၊ အပွင့်မှာ ပွင့်ချပ် ငါးခုနှင့် အပွင့်ရိုးတံက မြွန်ပုံသဏ္ဍာန်။ အဝါရင့်ရောင် အပွင့်များ၊ ပန်းရောင်အပွင့်များ။ နာမည်ကြီးလှသော တောင်ဇလပ်ပန်းဆိုတာ ဒါပဲ ဖြစ်မှာပါ။ ရနံ့ကို မွှေးကြည့်တော့ သင်းသင်းကလေး။

လိပ်ပြာ…၊ လိပ်ပြာ။





လိပ်ပြာတစ်ကောင်မှ မတွေ့ပါ။ အမြင့်တစ်နေရာမှာ အဖြူရောင်ပန်းပွင့်များ ပွင့်နေသော သစ်ပင်ကြီးတစ်ပင်ကို မြင်ရသည်။ ချုံနွယ်များကို အယ်လက်နှင့် ဖယ်ရှားပြီး ကြည့်လိုက်တော့ သူ့အကိုင်းတစ်ခုက အောက်သို့ ညွတ်ကျနေ၏။ သူ့ပင်စည်လုံးပတ်သည် ကျွန်တော် လက်နှစ်ဖက်နှင့် ဆွဲလျှင်တောင် လက်ချင်းထိမည်မထင်။ သူ့အခေါက်က… စိမ်းညိုညို အခေါက်တစ်နေရာမှာ အခေါက်ကိုလှီးထားလို့ အဖြူရောင် မျက်နှာပြင် ဖြစ်နေသော အကွက်တစ်ကွက်ကို တွေ့ရသည်။ ဒါ…ရာဘာပင်တော့ မဖြစ်နိုင်။ ရာဘာခေါက် လှီးသည့်ပုံစံမျိုးလည်း မဟုတ်။ နေဦး… အဲသည်မှာ စာရေးထားတာပဲ။ ဟုတ်တယ်…စာလုံးတွေ ထွင်းထားသည်။

ကျွန်တော် ချုံတွေကို လက်နှင့်သိမ်းဖယ်ပြီး ထိုအပင်ရှိရာသို့ တက်လာသည်။ မြေပြင်ပေါ်က သစ်ကိုင်းကျိုးတွေ သစ်ရွက်တွေကို ကျွန်တော် နင်းသည့် အသံကြောင့် ငှက်တစ်ကောင် စီခနဲ အော်မြည်ပြီး ပျံသန်းပြေးလေသည်။ ကျွန်တော်သစ်ပင်နှင့် နှစ်ပေအကွာ ရောက်သည့်အခါမှာတော့ သစ်ခေါက်မှာ ထွင်းထားသည့် စာကို ကွဲပြားစွာ မြင်ရတော့သည်။

ကျွန်တော် နှလုံးခုန် ရပ်သွား၏။ ကျွန်တော့်တစ်ကိုယ်လုံး တောင့်တင်းကာ မလှုပ်မယှက်ဖြစ်သွားသည်။

ဖေဖေ…။

သစ်ခေါက် မျက်နှာပြင်မှာ ထွင်းထားသော စာလုံးမှာ ဖေဖေ့နာမည် အင်္ဂလိပ်စာလုံးပေါင်း ဖြစ်သည်။ Pyi Thame ဟူသော စာလုံးများ ဖြစ်သည်။ ဖေဖေသည် 'သိမ်း' ကို သူများတွေလို Thein ဟု မပေါင်းပါ။

ကျွန်တော် ရင်တဒိတ်ဒိတ်ပြန်ခုန်လာ၏။ တုန်လှုပ်သော ချည့်နဲ့သော ခြေထောက်များဖြင့် သစ်ပင်ရှိရာသို့ တိုးကပ်သွားမိသည်။ ဓားဖြင့် သေသေသပ်သပ် ထွင်းပြီး အမည်းရောင် မင်ဖြင့် ထပ်ရေးထားသော စာလုံးများမှာ နှစ်ပေါက်နှစ် ကြာမြင့်ခဲ့သည့်တိုင် ထင်ထင်ရှားရှား ရှိနေပါသေးသည်။

ကျွန်တော် ညာဘက်လက်ဖျားဖြင့် ဖေဖေ့နာမည်ကို ပွတ်သပ်စမ်းကြည့်သည်။ ကျွန်တော့်လက်မှာ ငွေ့ငွေ့လေး နွေးသွား၏။ ဖေဖေ…။ ကျွန်တော် ရောက်လာခဲ့ပြီ ဖေဖေ။ ဖေဖေ ရှိရာ ကျွန်တော်လိုက်ခဲ့ပါပြီ။

'ဖေဖေ'



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကလေး ခေါ်မိပါသည်။ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲ နာကျင် ဆို့နင့်လာ၏။

ကျွန်တော် ဖေဖေ့နာမည်စာလုံးကို နဖူးနှင့် ထိကပ်လိုက်သောအခါ မျက်ရည်များ ပြည့်လျှံကျဆင်းလာခဲ့ပါသည်။

သစ်ကိုင်းကျိုးသံနှင့်အတူ သစ်ပင်နောက်ကွယ်မှ မည်းမည်းသဏ္ဌာန် တစ်ခု ထွက်လာသည်။ ကျွန်တော့်လည်ပင်းမှာ ဆို့နင့်တင်းကျပ်သွား လောက်အောင်ပင် နှလုံးက မြောက်ခနဲ ခုန်တက်သွား၏။ ကျွန်တော်တုန် လှုပ်ချောက်ချားစွာ မော့ကြည့်လိုက်သည်။

'ဖေဖေ...'

လူသဏ္ဌာန်သည် ဖေဖေ မဟုတ်ပါ။ အညိုရောင် အစင်းကျား ချည် စောင်ကို ခြုံထားသူ၏ မျက်နှာမှာ ထူးဆန်းသော လှို့ဝှက်မှုတစ်ခုကို မြင် ရသည်။

ဦးဖိုးရမ်...။

သူ ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေ၏။ သို့သော် သူ့မျက်လုံး တွေ ကျွန်တော့်ဆီမှာ မရှိ။ ဟိုးအဝေးတစ်နေရာရာမှာ ရှိနေသလို။ ထို့နောက် သူ ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီး တောင်စောင်းတစ်နေရာသို့ မော့ကြည့် နေသည်။

ကျွန်တော့်ရင်ထဲမှာ စူးစူးရှရှ နာကျင်လာ၏။

ကျွန်တော် ဖေဖေ့နာမည်စာလုံးမှာ ပါးအပ်ထားရာမှ သစ်ပင်ခြေရင်း တွင် ဒူးထောက်လျက် ထိုင်ချလိုက်သည်။ ထိုင်ချလိုက်တာလား ထိုင်လျက် ကျသွားတာလား ကျွန်တော် မသိပါ။

'ဖေဖေ ကျွန်တော့်ကို စကားပြောပါ၊ တစ်နည်းနည်းနဲ့ စကားပြောပါ ဖေဖေ...'

ကျွန်တော် တိုးတိုးကလေး တောင်းဆိုလိုက်မိ၏။

ထို့နောက် ကျွန်တော့်အနားမှ ရုတ်တရက်ထွက်ခွာသွားသော ခြေသံကို ကြားရသည်။ သစ်ကိုင်းနင်းသံနှင့် ခြေသံသည် တဖြည်းဖြည်းဝေးသွား၏။

ကျွန်တော် မော့မကြည့်ပါ။

သစ်ပင်ကြီးက ကျွန်တော့်ကို စကားတီးတိုးပြောလာတော့မလိုပင် ထွေး





တော် နားနားကပ်ပြီး ငြိမ်သက်စွာ နားထောင်နေမိသည်။ ပြောပါ၊ တစ် ခုခု ပြောလိုက်ပါ ဖေဖေ။ တိတ်ဆိတ်မှုကို ကျွန်တော် စောင့်နားထောင်နေ ၏။

မိုးစက် မိုးပေါက်များ ပြင်းထန်စွာ သွန်းကျလာချိန်အထိ ဖြစ်သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၇၇၇၃

အဖြူဆွတ်ဆွတ် အတောင်ပံတွင် လိမ္မော်ရောင်တောက်တောက် ထိပ်
ဖျားစွန်းကို အနက်ရောင် ကွပ်ထားသော လိပ်ပြာလေးတစ်ကောင် ကျွန်
တော့်ရှေ့ မြေပြင်ကျောက်တုံးပေါ်မှာ လာနားပါသည်။ အကယ်၍သာ ဤ
လိပ်ပြာအမျိုးအစားသည် 'လိမ္မော်ရောင် ထိပ်ဖျားစွန်း' (Orange Tip
အမျိုးအစား ဖြစ်ခဲ့လျှင် သူသည် အထီးပဲ ဖြစ်ရပါမည်။ ဘာကြောင့်လဲ
တော့ ထိုအမျိုးအစား၏ လိပ်ပြာ အမတွင် အထီးလို လိမ္မော်ရောင်အစွန်း
မပါသောကြောင့် ဖြစ်သည်။

လိပ်ပြာလေးကို ဖမ်းလိုက်ရမလား၊ ကျွန်တော် ဝေခွဲ မရ ဖြစ်နေ၏။

ကျွန်တော်သည် ဤနေရာသို့ လိပ်ပြာဖမ်းဖို့ ရောက်လာခြင်း မဟုတ်
သောကြောင့် ဖေဖေ့လို လိပ်ပြာဖမ်းပိုက်ကွန်လေး ပါမလာပါ။ သို့သော်
နန်ဖေးရမ်အတွက် ဤလိပ်ပြာလေးကို လက်ဆောင်ပေးမည်ဆိုလျှင်တော့
ကျွန်တော့် ဦးထုပ်ဖြင့် လျှပ်တစ်ပြက် အုပ်ကာဖမ်းလို့ ရနိုင်ပါသည်။

နန်ဖေးရမ် ကျွန်တော့်ဆီက လိုချင်သည်မှာ တစ်ကောင်တည်း ဖြစ်လေ
မလား။ 'အပြာရောင် ဝက်သစ်ချရွက်' ဟူသော လိပ်ပြာလေးကိုပဲ လိုချင်
တာလား။ သို့မဟုတ် ကျွန်တော်ဖမ်းပေးသည့် လိပ်ပြာကို အမှတ်တရအဖြစ်
ဘယ်နှကောင်ပဲဖြစ်ဖြစ် လိုချင်တာလား။ သို့မဟုတ် ကျွန်တော်ပဲ ဖမ်းဖမ်း
သူ့အစ်ကိုပဲ ဖမ်းဖမ်း ရှားပါးလိပ်ပြာမှန်သမျှ ယူမှာပဲလား။





ကျွန်တော် ဆောင်းထားသည့်ဦးထုပ်ကို အသာချွတ်ကာ မြေပြင်ပေါ်မှာ
ရှရှလေး ဒူးထောက်လိုက်၏။ လိပ်ပြာလေးသည် အတောင်ပံလေးနှစ်ဖက်
ကို ကျောပေါ်မှာ ကပ်နေအောင် စုလိုက်သည်။ ထိုအခါ အတောင်ပံ၏
အောက် မျက်နှာပြင်ကို သေးတိုက်အနေအထားဖြင့် ထင်ထင်ရှားရှား မြင်
လိုက် ရသည်။ ရှေ့ တောင် ပံ အောက် မျက် နှာပြင် က တော့ ခပ်ဖြူဖြူမှာ
လိမ္မော်ရောင်အစွန်းကို ဖျော့တော့စွာ ထွင်းဖောက်မြင်နေရ၏။ နောက်
တောင်ပံ အောက်မျက်နှာပြင်တစ်ခုလုံးကတော့ ရေညှိစိမ်းရောင်ဖျော့ဖျော့
အပြောက်အရာလေးတွေ ပြွတ်သိပ်နေခဲ့သည်။ လိပ်ပြာကျွမ်းကျင်သူ မဟုတ်
သော လူပြိန်း ကျွန်တော်ပင်လျှင် မြင်မြင်ချင်း Orange Tip ပဲဟု ခွဲခြား
သိနိုင်လောက်အောင် ထူးခြားထင်ရှားလှသော လိပ်ပြာကလေးမို့ နန်ဖေးရမ်
လည်း ချစ်မှာပါ။

ကျွန်တော် လိပ်ပြာလေးအား ဦးထုပ်ဖြင့် ဖျတ်ခနဲ အုပ်ဖမ်းလိုက်၏။
ဦးထုပ်ကို မြေပြင်ပေါ်မှ အသာလေး ကြွပြီး အထဲက လိပ်ပြာကို အမိအရ
ဆုပ်ကိုင်လိုက်သည်။ ကျွန်တော့်လက်ထဲမှာ တောင်ပံ ဖလပ်ဖလပ်နှင့်
လိပ်ပြာလေး သွေးရူးသွေးတမ်း ရုန်းနေသည်။ ကျွန်တော် သူ့ကို မိုးကာအင်္ကျီ
အိတ်ကပ်ထဲ ထည့်ကာ တဲဆီသို့ ပြန်လှည့်လာခဲ့သည်။

သူတို့တွေ မီးခိုးတလူလူနှင့် ထမင်းဟင်း ချက်ပြုတ်နေကြဆဲ ဖြစ်သည်။
သစ်ကိုင်းအစို ဝါးအစိုများသည် မခံမရပ်နိုင်လောက်အောင် မီးခိုး မွှန်ယူ
စေသည်။ ဒါကြောင့် သူတို့၏ အိုးများမှာ အိုးမဲတွေ မည်းနက်နေအောင်
တင်နေခြင်း ဖြစ်သည်။ အထမ်းသမား အမျိုးသမီးတွေက သူတို့အားလုံး
အတွက် ထမင်းဟင်း အမြဲတာဝန်ယူ၍ ချက်၏။ ကျွန်တော်တို့သုံးယောက်
အတွက်တော့ ဦးဖီရမ်က အမြဲတာဝန်ယူ၍ ချက်ပါသည်။

သို့သော် သည်ကနေ့တော့ ဖုန်ဒီးရမ်ကို မီးဖိုဘေးမှာ ဒန်ယောက်မ တစ်
ချောင်းဖြင့် ဟင်းအိုးမွှေနေတာ တွေ့ရသည်။ ဦးဖီရမ်က ခပ်လှမ်းလှမ်းမှာ
ထိုင်နေသည်။ သူ့ဘယ်လက်ကို ညာလက်ဖြင့် ဆုပ်ကိုင်လျက် ဖြစ်သည်။
ဘယ်လက်မှာ အဝတ်စုတ်တစ်စ ချည်နှောင်ထားတာ တွေ့ရသည်။ သူ
မတော်တဆဒဏ်ရာရခဲ့ပြီ။ ကျွန်တော်သိလိုက်ပါသည်။ ကျွန်တော်သူ့ဆီ
ခပ်သွက်သွက် လျှောက်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'လက် ဘာဖြစ်လို့လဲ ဦး'

သူ မော့ကြည့်သည်။ သူ့မျက်နှာက ဘာမှမထူးခြားသလို။

'မားထိတာ' ဟု အေးအေးဖြေပါသည်။

'များလား'

'နည်းနည်းပဲ'

ကျွန်တော် သူထိုင်ရာ ကန့်လန့်သစ်ပင်လုံးပေါ် ဝင်ထိုင်လိုက်၏။ အဝတ်မှာ သွေးတွေ စိုနေသည်။

'ချောင်းကူးဖို့ သစ်ပင်သွားလှဲတာ ချော်ပြီး လက်ကို ခုတ်မိတာ'

'ကြည့်ရအောင်'

သူ အဝတ်စကို ဆွဲဖြည်လိုက်၏။ သွေးမတိတ်သေးပါ။ သွေးတို့ စိမ့်အိုင်လာသည်။

'ဟာ... များတယ်ဗျ၊ ခဏနေဦး'

ကျွန်တော့် ကျောပိုးအိတ်ထဲမှ ကြက်ခြေနီဆေးသေတ္တာကို ထုတ်ယူခဲ့သည်။ ဒဏ်ရာကို ဓွမ်းဖြင့် သုတ်ကြည့်တော့ 'မလိုဘူး' ဟု ငြင်းသည်။ ဘာကိုမလိုဘူး ပြောတာလဲ ကျွန်တော်မသိ။ ဆေးထည့်ဖို့ မလိုဘူး ပြောတာလား ပင်တီးစည်းဖို့ မလိုဘူးပြောတာလား။ ကျွန်တော့်အမြင်အရတော့ ဒဏ်ရာမှာ ချုပ်ဖို့လိုသည်။ လက်ဖမိုးစောင်းတွင် နှစ်လက်မ ကျော်ကျော်လောက် ကွဲသွားခြင်းဖြစ်သည်။ သူပတ်ထားသည့် အဝတ်စက ပုဆိုးစုတ် ဖြစ်သည်။ ထို့ကြောင့် ဒဏ်ရာကို ကျွန်တော်ရေသန့်ပုလင်းထဲက ရေဖြင့် ဆေးချလိုက်ရပါသည်။

'သုံးချက်လောက် ချုပ်ရမယ်၊ မဟုတ်ရင် အနာကြီး ဖြစ်ပြီး ပြည်တည်နေလိမ့်မယ်၊ တော်တော်နဲ့ မပျောက်ဘဲ နေလိမ့်မယ်'

ကျွန်တော်ပြောတော့ သူ အလွယ်တကူခေါင်းညိတ်ပါသည်။

'မင်း လုပ်တတ်လား'

အမှန်အတိုင်း ပြောရလျှင် ကျွန်တော် မလုပ်ဖူးပါ။ ဆရာဝန် ဆရာမ ဝေးသော တောတောင်ထဲမှာ ထိခိုက်ဒဏ်ရာရလျှင် ကိုယ့်အား ကိုယ်ကိုးရမှာပဲဟု တွေးလျက် အပ်နှင့်အပ်ချည် ပေါင်းတင်ပြီးသားတွေ သယ်လာခဲ့မိတာပဲ ရှိသည်။ လက်အိတ်တောင် ရာဘာလက်အိတ် မရှိ။ မြေကြီးဆွရာတွင်





သုံးသော ပလတ်စတစ်လက်အိတ်ပဲ ပါသည်။ သို့သော် 'လုပ်တတ်တယ်' ဟု ကျွန်တော် ဖြေလိုက်ပါသည်။

ကျွန်တော့်ဘဝတွင် ပထမဦးဆုံးကြိမ်အဖြစ် ဟက်တက်ကွဲ မားဒဏ်ရာကို စမ်းတဝါးဝါး ချုပ်ပေးလိုက်သည်။ ကျွန်တော်တို့နှစ်ယောက်အနီးသို့ ဖုန်ဒီးရမ်နှင့် သူ့လူတွေပါ ရောက်လာပြီး ဝိုင်းအုံကြည့်ကြသည်။ အာမေဋိတ်သံ အမျိုးမျိုး ရေရွတ်ကြသည်။ အဘိုးကြီးက သတ္တိတော်တော်ကောင်း၏။ ကျွန်တော်တစ်ခါမှ မကိုင်ဖူးသော အပ်အကောက်ဖြစ်၍ ဇာဂနာလည်း မကျွမ်းကျင်၍ အချိန်အဆ မမှန်သောကြောင့် တစ်ချက်တည်းနှင့် ထိုးဖောက်ကော်မရဘဲ နှစ်ချက်လောက် ကြိုးစားမှ တစ်ချက်မိတာမျိုး ရှိသည်။ သူ နည်းနည်းမျှ မတွန့်၊ မညည်း။ မျက်နှာပင် မပျက်ပေ။ သူ့သားက ကျွန်တော့်လက်ကို မယုံသင်္ကာဟန်ဖြင့် စောင့်ကြည့်နေခဲ့သော်လည်း ဘာမှမပြောပါ။

သုံးချက် ချုပ်ရသည်။ ပထမဦးဆုံးလက်ရာမှာ သိပ်မဆိုးလှပါ။

ကျွန်တော် ပတ်တီးလိပ်ဖြင့် သေသေသပ်သပ် စည်းနှောင်ပေးလိုက်သည်။

'ဒီလက်နဲ့ ဘာမှမကိုင်နဲ့၊ မမ,နဲ့၊ မလှုပ်ရှားနဲ့၊ ငါးရက်လောက်ဆို ချုပ်ရိုးကျက်မယ်'

ဖေဖေရှိရာသို့ လိုက်ပြီး သဲလွန်စ ရှာဖွေသည့် ကိစ္စမှာ သူက အဓိက အကျဆုံးလူ ဖြစ်သည်။ သူ့လက် နာနေလျှင် ခရီးတွင်မည် မဟုတ်ပါ။

ကျွန်တော်တို့သည် ယခုအခါ မြန်မာပြည်မြောက်ဖျားစွန်း၏ နောက်ဆုံး ရွာကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ ခါကာဘိုရာဇီတောင်ခြေသို့ ရောက်ရန် နှစ်ရက် သုံးရက်ခရီးမျှသာ လိုတော့သည်။ ထို့ကြောင့် အရေးကြီးဆုံး အပိုင်းသို့ ရောက်နေပြီ။ ထို့ကြောင့် ကျွန်တော် စိတ်လှုပ်ရှားနေပါသည်။

'ဦး ဒီမှာပဲ ထိုင်နေ၊ မိုးရွာလာရင်တော့ ထီးဖွင့်ဆောင်းနော်၊ ဒီလက်ကို ရေမစိုစေနဲ့'

'အေး'

သူက ကျွန်တော့်ညွှန်ကြားချက်တွေကြောင့် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖုန်ဒီးရမ်နှင့်အတူ ထမင်းချက်ရာနေရာသို့ လျှောက်လာစဉ် သူက ကျွန်တော့်ကို ခပ်တည်တည်လှည့်ကြည့်ပြီး ကျေးဇူးတင်စကား ပြောသည်။

'ကျေးဇူးတင်ပါတယ်'

'ရပါတယ်၊ ကျွန်တော် ဘာမှ ပင်ပန်းရတာလဲ မဟုတ်ပါဘူး'

'ဒါပေမဲ့ အဖေ့ကို မင်း မကြိုက်ဘူးလေ'

တဲ့တိုးကြီး ပြောချလိုက်သော သူ့စကားကြောင့် ကျွန်တော် အနည်းငယ် အမ်းသွား၏။ သူ့ကို ကျွန်တော် သဘောကျပါတယ်ဟုလည်း မညာချင်ပါ။ သို့သော် ဟုတ်တယ် မကြိုက်ဘူးဟုလည်း ဝန်မခံချင်ပါ။

'မကြိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော့်အဖေ ကျသွားတဲ့အချိန်မှာ သူ ကျန်နေရစ်တာကိုပဲ နားမလည်နိုင်တာ၊ နောက်ပြီး အားမရနိုင်တာပါ၊ ဒါပေမဲ့ အဲဒါကြောင့်တော့ ဒဏ်ရာရတဲ့လူကို ဒီအတိုင်း ကြည့်မနေပါဘူး'

ဖုန်ဒီးရမ် မျက်နှာ နည်းနည်းတင်းသွားပြီး မီးဖိုရှေ့မှာ သစ်တုံးတစ်ခုအား ဖင်ခုထိုင်ချလိုက်သည်။ ကျွန်တော်က မတ်တတ်ရပ်နေသည်။ ဖုန်ဒီးရမ် ချက်နေသော ရေခဲငါးဟင်းမှာ တပွက်ပွက်ဆူနေပြီ ဖြစ်သည်။

'ဒီတောတောင်မှာ သဘာဝက သိပ်ကြမ်းတမ်းတယ်၊ တစ်ယောက် ဒုက္ခရောက်တဲ့အချိန်မှာ တစ်ယောက်က လိုက်မကယ်နိုင်ဘူး၊ ဒီအတိုင်း ကြည့်နေရမှာပဲ'

ဖုန်ဒီးရမ်က ခပ်တိုးတိုးပြော၏။ သူ့ဖခင်အတွက် ဖြေရှင်းချက် ပေးချင်ဟန် ရှိပါသည်။

'အခု ငါတို့ ဖြတ်ခဲ့တဲ့ ကြိုးတံတားတွေကို ကြည့်၊ အဲဒီ ကြိုးတံတားတွေဟာ ခိုင်တယ်လို့ ငါ မင်းကို အာမမခံနိုင်ဘူး၊ တစ်နှစ် နှစ်နှစ် ကြာရင် ကြိမ်တွေ ဝါးတွေက ဆွေးတာပဲ၊ အသစ်ပြန်ပြင်ကြရတာပဲ။ ပြင်ထားတယ် ဆိုပေမယ့်လည်း ကိုယ်တိုင်ပြင်တဲ့ တံတားမဟုတ်ရင် သူ့ကို ငါတို့ ကောင်းကောင်း စိတ်ချလို့ မရဘူး၊ ဒါကြောင့် လူတစ်ယောက်ချင်းပဲ ကူးရတာ၊ ငါ ကူးနေတဲ့ အလှည့်မှာ ပြတ်ကျနိုင်တယ်၊ မင်းကူးနေတဲ့ အလှည့်မှာ ပြတ်ကျ နိုင်တယ်၊ အဖေ ကူးနေတဲ့အလှည့်မှာ ပြတ်ကျနိုင်တယ်၊ မင်း ကျရင်လဲ ငါ မကယ်နိုင်ဘူး၊ အဖေကျရင်လဲ ငါ မကယ်နိုင်ဘူး၊ ငါကျရင်လဲ အဖေ





ကယ်နိုင်မှာ မဟုတ်ဘူး၊ ဒီအတိုင်း ကြည့်နေရမှာပဲ၊ ဘာကြောင့်လဲ...ကျ လိုက်တဲ့လူဟာ အောက်မှာရှိတဲ့ ကျောက်တုံးကြီးတွေနဲ့ ရိုက်မိမှာ၊ အဲဒီမှာ ချက်ချင်း သေရင် သေ၊ မသေရင်လဲ ရေစီးနဲ့ ချက်ချင်းမျောပါသွားမှာ၊ ရေစီး ဘယ်လောက်ကြမ်းတယ်ဆိုတာ မင်းလဲ သိပါတယ်၊ ကျောက်တုံးအကြီးကြီးတွေတောင် ဒလိမ့်ဒလိမ့် မျောပါနေအောင် ကြမ်းတာ၊ နောက်ပြီး အဲဒီ ကျောက်တုံးတွေကြားမှာ ဘယ်သူမှ မတ်တတ်ရပ် လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး၊ ရေညှိတက်ပြီး ချော်နေတာ၊ ဒီတော့...တစ်နည်းနည်းနဲ့ သူ သေတာပဲ၊ အေးကလူ ချောင်းထဲ မဆင်းနိုင်ခင်မှာ သူ သေပြီးပြီ၊ အဲဒီနေရာမှာလဲ မရှိတော့ဘူး၊ နှစ်စက္ကန့် သုံးစက္ကန့်အတွင်း သူ ပါသွားပြီ'

ကျွန်တော် သူ့အေးက ကျောက်တုံးတစ်ခုပေါ်မှာ ထိုင်ချလိုက်သည်။ သူပြောတာတွေကို ကျွန်တော်ကိုယ်တိုင် ခံစားကြုံတွေ့ခဲ့ရပြီးပြီမို့ ကျွန်တော် လက်ခံနိုင်ပါသည်။ သို့သော် ဖေဖေသေဆုံးခဲ့ရသည့် ကိစ္စမှာ ဘယ်သူမှ မမြင်လိုက် မသိလိုက်ဘူးဆိုတာကိုတော့ ကျွန်တော် သံသယဝင်မိပါသည်။

'စောစောက ငါတို့ ဖြတ်ကူးခဲ့တဲ့ ချောင်းမှာ...တကယ်လို့ ငါတို့ ကြိုးသာ တန်းပြီး မကူးခဲ့ဘူးဆိုရင် ခင်ဗလွန်ဒီး သေပြီပေါ့'

ကျွန်တော်တို့၏ အထမ်းသမားလေးတစ်ယောက် ချောင်းဖြတ်ကူးနေစဉ် ခြေချော်သွားခဲ့သည့်အဖြစ်ကို သူ ပြောပြနေခြင်း ဖြစ်သည်။ ရေက ပေါင်လယ်လောက်ပဲ နက်သည်။ သို့သော် ရေထဲမှာ မတ်မတ်ရပ်လို့ လုံးဝ မရခဲ့ပါ။ လူက ရေစီးတွန်းအားကြောင့် ရွှေ့ရွှေ့ပါသွားနေခဲ့သည်။

'ဒါကို ကျွန်တော် သိပါတယ်'

'အေး...ရေခဲတောင်ကို မင်းရောက်ရင် ရေခဲတောင်မှာ တစ်ယောက်ကျရင် တစ်ယောက်က ကယ်ဖို့မဖြစ်နိုင်တာ မင်း လက်တွေ့မြင်ရလိမ့်မယ်၊ အေးကလူက ထိန်းဖို့၊ တွန်းဖို့၊ ဆွဲဖို့ ဒီလောက်ပဲ တတ်နိုင်တာ၊ ကျတဲ့ လူကို သူ မြင်တောင်မြင်ရမှာမဟုတ်ဘူး၊ အဲဒီမှာ ရေခဲချောက်တွေ အများကြီး၊ ရေခဲချောက်ပေါင်း သုံးဆယ် လေးဆယ် ရှိတယ်'

ငါးဟင်း ရေခန်းလုပြီ။ ဖျစ်ဖျစ် ဖျစ်ဖျစ် မြည်နေပြီဖြစ်သည်။ ကျွန်တော် ပဲသီး စည်သွတ်ဘူး ဖောက်ဖို့ပြင်နေစဉ် ကျွန်တော်တို့အေးနားက ထင်းရှူး ပင် ခြေရင်းသို့ လိပ်ပြာလေးတစ်ကောင် လှည့်ပတ်ပျံဝဲနေသည်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖြူရောင် လိပ်ပြာလေး ဖြစ်သည်။ ကျွန်တော် လှမ်းကြည့်လိုက်တာကို ရှေ့နားက ရဝမ်လေးက မြင်သည်။ ကျွန်တော် လိပ်ပြာတွေ့သမျှ မှတ်ပုံရိုက်တာကိုလည်း သူ သတိထားမိနေသည်။ ထို့ကြောင့် သူ သွက်လက်စွာ မေး၏။

'ယူမလား၊ ဖမ်းပေးမယ်'

ကျွန်တော် ဘာဖြေရမှန်းမသိ ဖြစ်နေတုန်း ကောင်လေး ထသွားသည်။ ကျွန်တော့်အာရုံထဲမှာ ဖေဖေ့ကို မြင်ယောင်လာသောကြောင့် လိပ်ပြာလေး တစ်ကောင် သေမှာကိုပင် မကြည့်ရက်ပါ။ ကျွန်တော် လျင်မြန်စွာ တားလိုက်မိသည်။

'မဖမ်းနဲ့...'

ကောင်လေး တုံ့ခနဲရပ်သွားသည်။

'သူ့မှာ အဖော်ရှိချင် ရှိမှာ၊ သူတို့ချင်း ဘယ်ခွဲချင်ပါ့မလဲ'

ဖုန်ဒီးရမ်ကို ကျွန်တော် ဖြေရှင်းသလိုလို ကြည့်၍ ပြောခြင်းဖြစ်ပါသည်။ ဖုန်ဒီးရမ်က ကျွန်တော့်ကို စိုက်ကြည့်၏။

'မင်း စောစောက ဖမ်းလိုက်တဲ့ လိပ်ပြာမှာ အဖော်မရှိဘူးလား'

ထိုအခါကျမှ ကျွန်တော့်မိုးကာအင်္ကျီအိတ်ထဲမှ လိပ်ပြာလေးကို သတိရသွားပါသည်။ ကျွန်တော် နှိုက်ယူလိုက်သည်။ လိပ်ပြာလေးတွေ အလွန်နုံးညံ့၏။ ကြမ်းတမ်းစွာ ကိုင်မိရုံနှင့် သေ၏။ ယခုအခါ ကျွန်တော့်လိပ်ပြာကလေး ငြိမ်သက်နေခဲ့ပြီ။ ကျွန်တော့်လက်ဖဝါးပေါ်မှာ တောင်ပံလေးတွေ ပြန့်ကားလျက် သေနေခဲ့ပြီ။ ကျွန်တော်ထိကိုင်တာ ကြမ်းလို့မဟုတ်။ လေမွန်းပြီး သေသွားတာဖြစ်ပါလိမ့်မည်။

ယခုမှ သတိရသည်။ အခု ပျံဝဲနေသည့် လိပ်ပြာအဖြူကလေးသည် ဒီကောင့်အဖော်လိပ်ပြာမကလေးဖြစ်နိုင်တာပဲ။ ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ ကျွန်တော့်အနေဖြင့် လိပ်ပြာတွေကို အဖော်မဲ့သွားမှာပဲ ဟူသည့်စိတ်...တစ်ခါမှ မပေါ်ခဲ့ဖူးပါ။ သူတို့ကို တတ်နိုင်သမျှ မဖမ်းဘဲနေခြင်းကလည်း ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ်ကြောင့် မဟုတ်ခဲ့။ သဘာဝတရားကို မဖျက်ဆီးချင်လို့သာဖြစ်သည်။ အပင်နှင့် သတ္တဝါတို့၏ တစ်ဦး





ကိုတစ်ဦး အပြန်အလှန်မှီခိုအသက်ရှင်နေသည့် Ecosystem ကို မနှောင့်ယှက်ချင်လို့သာ ဖြစ်သည်။

လိပ်ပြာကလေးသည် ကျွန်တော့်ညာလက်ဖဝါးက ဒဏ်ရာအစင်းကြောင်းလေးပေါ် မကျတကျ ရောက်နေခြင်းဖြစ်၍ ဒဏ်ရာကို တစ်ဝက်တစ်ပျက် ကွယ်နေခဲ့သည်။

ဖုန်ဒီးရမ်က မီးဖိုပေါ်မှ ငါးဟင်းအိုးကို အောက်ချလိုက်သည်။ ထို့နောက် စောစောက ချထားသော ပဲသီးဘူးကို သူပဲ ခပ်သွက်သွက် ဖောက်ပြီး ဒယ်ထဲ ထည့်ကာ မီးဖိုပေါ် တင်၏။ မီးအရှိန်ပြင်းသဖြင့် ခဏလေးနှင့် ဆူပွက်လာသည်။

'ကဲ စားလို့ရပြီ၊ ဒါ ရှေ့ခရီးအတွက် နောက်ဆုံးငါးဟင်းပဲ၊ နောက်နေ့တွေမှာ မင်း ငါးဟင်း မစားရတော့ဘူး'

ဖုန်ဒီးရမ်က ကျွန်တော့်အား ပြောပါသည်။ ကျွန်တော် လိပ်ပြာလေးကို မိုးကာအင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

'ရှေ့နားမှာ ငါး မရှိတော့ဘူး၊ ရေခဲပျော်ကျခါစ ချောင်းတွေမှာ ငါး မနေဘူး'

ဟုတ်တာပေါ့။ အခုလောက် မြစ်ဖျား ချောင်းဖျား ရေခဲရေထဲအထိ ငါးတွေ အသက်ရှင်ပေါက်ဖွားနေတာကပဲ အံ့သြစရာကောင်းလှပါပြီ။

အဌွန်ဝမ်ချောင်းထဲမှာ ဖုန်ဒီးရမ်ငါးဖမ်းတာက ကြည့်ရတာ လွယ်လွယ်လေး ဖြစ်သည်။ ဝါးလုံးရှည်ရှည်ကို မှိန်းသဖွယ်ဖြစ်အောင် ဓားဖြင့် ချွန်ပြီး ထိုဝါးလုံးဖြင့် စိုက်ထိုးခြင်း ဖြစ်သည်။ စိမ်းကြည်နေသော ရေခဲရေ ချောင်းထဲတွင် ငါးဖြူဖြူတွေကို သည်အတိုင်း မြင်နေရသည်။ သို့သော် မလောင်က သူ့လို လုပ်မည်ပြင်တော့ ဖုန်ဒီးရမ်က လက်မခံ။ အားလွန်ပြီး ရေထဲ ပြုတ်ကျသွားလျှင်၊ သို့မဟုတ် ရေညှိချော်ပြီး ရေထဲပြုတ်ကျသွားလျှင် အသက်သေရမှာဟု ပြောသည်။ အဲသည်လို အဖြစ်မျိုး တစ်ခါနှစ်ခါ ကြုံဖူးသည်ဟု ပြောပါသည်။

ဤတောတောင်ထဲတွင် လူ့အသက်သည် တော်တော်တန်ဖိုးနည်း၏။ အသက်တစ်ချောင်းသည်လည်း လွယ်ကူစွာ သေတတ်၏။ တံတားကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေး၍ ပြတ်ကျမည်၊ ကျောက်ဆောင်မှ လိမ့်ကျမည်။ ချောင်းဖြတ်စဉ် ရေစီး အရှိန်နှင့် မျောပြီး ခေါင်းနှင့် ကျောက်တုံး ရိုက်မိမည်။ မြွေကိုက်မည်။ ဝက်ဝံ ကုတ်မည်။ မေးခိုင်ရောဂါပိုး ဝင်မည်။ ကျွန်တော်သယ်လာသည့် မေးခိုင်ရောဂါ ကာကွယ်ဆေးက အာနိသင်ရှိသေးရဲ့လား မသိ။ ဝါးကိုင်းစူးသော လက်ဖဝါးဒဏ်ရာ၊ ချော်လဲပြီး ဒူးပြဲသော ဒဏ်ရာ၊ ကျွတ်ကိုက်သော ဝေဒနာ စသည်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေ အများကြီး ဖြစ်သည်။ ကံကောင်းလို့ မကျိုးမပဲ့ရသည့် ဖြစ်ရပ်တွေလည်း အများကြီး။

ကျွန်တော် ဖုန်ဒီးရမ်ကို ကျေးဇူးတင်စကား မပြောရသေးဘူးဟု သတိရသွားသည်။

'ကိုဒီးရမ်ကိုလဲ ကျွန်တော် ကျေးဇူးတင်ပါတယ်'

ဖုန်ဒီးရမ် ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်၏။

'ကျေးဇူးမတင်ပါနဲ့၊ ငါဒီလိုက်လာတာ မင်းကိုကူဖို့မဟုတ်ပါဘူး၊ အဖေ့ကို ကူဖို့ပါ'

ပွင့်ပွင့်လင်းလင်းပြောလိုက်သော စကားကြောင့် ကျွန်တော်ခဏ ကြောင်သွားသည်။

'အဖေ မလိုက်လို့ ငါလိုက်တာဆိုရင် မင်းကို ငါကူညီတာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ အဖေလိုက်လျက်နဲ့ ငါလိုက်တာကတော့ အဖေ့ကို စိတ်မချလို့ပါ'

သူ့မျက်နှာက ရိုးရိုးရှင်းရှင်းပဲ ဖြစ်သည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော် ပြောချင်တာက ... ကျွန်တော်တောင်စောင်းမှာ ခြေချော်သွားတုန်းက ကျွန်တော့်ကို ဖမ်းထိန်းပေးတာကို ပြောတာ'

သူ ပြုံးသည်။

'မင်းကို ဖမ်းမထားရင် မင်းရော ငါရော ပြုတ်ကျသေမှာလေ'

ကျွန်တော် ရယ်မိ၏။ ထိုအခါ သူလည်း တဟားဟားရယ်ပါသည်။

သူ ပြုတ်ကျချင်မှလည်း ကျမည်။ ကျွန်တော့်နောက်တည့်တည့်မှာ သူရှိနေခဲ့တာမဟုတ်၊ ဘေးတိုက် ခပ်စောင်းစောင်း တန်းစီတက်နေကြခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ကိုယ်ခန္ဓာနှင့် သူ့ကိုယ်ခန္ဓာ အလေး





ချိန် နှစ်ခုပေါင်းကို ညာလက်တစ်ဖက်တည်းနှင့် သစ်မြစ်ကို ဆွဲဆုပ်ပြီး ခြေကုပ်မြဲအောင် ထိန်းခဲ့ရတာကတော့ အသေအချာပဲ။ သူ ခွန်အားစိုက်ရလွန်းသဖြင့် တစ်ကိုယ်လုံး တင်းကျပ်ကာ တုန်ယင်နေတာကို ကျွန်တော်ခံစားခဲ့ရပါသည်။ ထိုအဖြစ်ကို အခု ပြန်တွေးလျှင် အခု အသည်းအေးနေဆဲ ဖြစ်၏။

ဖုန်ဒီးရမ် ထိုင်ရာမှ ထထွက်သွားသည်။ သူ့အဖေကို ထမင်းစားရန် သွားခေါ်ခြင်း ဖြစ်သည်။

ကျွန်တော် ပလတ်စတစ်ပန်းကန်ပြားတွေထဲ ထမင်းခူးထည့်နေစဉ် သူတို့ သားအဖ ပြန်လျှောက်လာနေခဲ့သည်။

ဖုန်ဒီးရမ်သည် သူ့အဖေကို ပခုံးမှ ဖက်ထားသည်။ အဘိုးကြီး၏ မျက်လုံးတွေ၌ လျှို့ဝှက်မှုတစ်ခုခုကို အမြဲခံစားနေရသော ကျွန်တော်သည် ယခုအခါ အသေအချာ အကဲခတ်ကြည့်မိသည်။ အဲဒီမျက်လုံးတွေမှာ ဘာကို ဖုံးကွယ်ထားသလဲ။ ဘေးက ဖုန်ဒီးရမ်၏ မျက်လုံးတွေကို ကျွန်တော် သိသည်။ မာန်နှင့် တောက်ပသော မျက်လုံးများ ဖြစ်သည်။ လူတစ်ယောက်ယောက်ကို အလွယ်တကူ မရင်းနှီးလိုသော ဆုတ်ဖယ်သော မျက်လုံးများ ဖြစ်သည်။ အဘိုးကြီးမျက်လုံးကို ကျွန်တော် မသိပါ။

သိဖို့ သိပ်မကြာတော့ဘူးဟု ကျွန်တော်တွေးသည်။

လျှို့ဝှက်ချက်ဆိုတာ တစ်သက်လုံး သိမ်းဆည်းကွယ်ဝှက်ထားလို့ မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၉၆၀၀

ကောင်းကင်မှာ လခြမ်းအကွေးသည် မည်းနက်သော ကျောက်တောင် ထိပ်စွန်းတွင် ချိတ်ထားသလို ရှိသည်။

ကျွန်တော့်ဘဝတွင် သည်မျှကြီးမားသည့် လကို တစ်ခါမျှ မမြင်ဖူးခဲ့ပါ။ ကျွန်တော် စိတ်အေးလက်အေး ကြည့်ချင်သည်။ သို့သော် ရေခဲဖုံး ကျောက်တောင်တွေ ပတ်လည်ဝိုင်းရံလျက်ရှိသောကြောင့် လေထဲတွင် ရေခဲငွေ့တွေ ပါနေပြီး ရာသီဥတုက ချက်ချင်းပြောင်းသွားသည်။ အေးစိမ့်နေသော တောင်ပေါ်မှာ နှင်းမိုးတွေကလည်း ဖွဲဖွဲကျနေပြန်သဖြင့် အပြင်မှာ ကျွန်တော် ကြာကြာမရပ်နိုင်ပါ။

အထမ်းသမားအုပ်စု ပလတ်စတစ်အမိုးသာ ကာရံထားသော တဲကလေး အောက်တွင် မီးဖိုလျက် မီးပုံဘေးမှာ သီချင်းဆိုနေကြသည်။ ကျွန်တော် ဖျော်တိုက်သော ကော်ဖီကို အမျိုးသမီးတွေသာ သောက်၏။ အမျိုးသားတွေ မသောက်ပါ။ သူတို့မှာ ယစ်မူးစရာ အခြား ယမကာတစ်ခုခု ပါလာခဲ့တာ သေချာသည်။ ကျွန်တော့်မှာလည်း ကော်ဖီအပြင် အခြား သောက်စရာတစ်ခု ပါခဲ့သေးတာပဲ။ ဝီစကီနှစ်ပုလင်းကို အခုထိ မဖွင့်ရသေးပါ။

ကျွန်တော် လက်နှစ်ဖက် တင်းတင်းပိုက်လျက် ကျွန်တော့်တဲ ဆီသို့ပြန် လာခဲ့သည်။ ဇစ်နှင့် ဖွင့်ပိတ်ရလွယ်သော မိုးကာရွက်ဖျင်တဲတွင် လူ သုံး ယောက် ကျပ်ကျပ်အိပ်လို့ရသည်။ သို့သော် ဖုန်ဒီးရမ်တို့သားအဖက ကျွန် တော့်တဲမှာ မနေပါ။ သူတို့အတွက် အကြမ်းစား ပလတ်စတစ်တဲကို အမိုး မရာ အကာရောဆင်လျက် လေလုံ မိုးလုံ ထိုးထားပြီး အဲသည်မှာပဲ နေကြ





သည်။ ထို့ကြောင့် ကျွန်တော့်တဲသည် တစ်ယောက်စာအတွက် အကျယ် ကြီး ဖြစ်နေသည်။

လရောင်အောက်မှာမို့ သူတို့ ပလတ်စတစ်အကြည်စား တဲအတွင်းသို့ အလင်းရောင် ဝင်နေသည်။ ထို့ကြောင့် အတွင်းကို ကျွန်တော် ထွင်းဖောက် မြင်နေရသည်။ ဦးဖိရမ်က စောင်ခြုံလျက် အိပ်နေပြီ။ ဖုန်ဒီးရမ်က နဖူးပေါ် လက်တင်လျက် အိပ်ဖို့ကြိုးစားနေတုန်း ဖြစ်နိုင်သည်။ ကျွန်တော် သူတို့တဲ နားသို့ ကပ်သွားတော့ ဖုန်ဒီးရမ်က ကျွန်တော့်အရိပ်အယောင်ကို သတိထား မိဟန်ဖြင့် လှည့်ကြည့်သည်။

ကျွန်တော် သူ့ကို လက်ဟန်ဖြင့် အရက်မော့သောက်သည့်ပုံစံ လုပ်ပြ လိုက်ပြီး ကျွန်တော့်တဲဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။ သူ ကောက်ညင်း အရက် တော်တော်များများ သောက်နိုင်တာ ကျွန်တော်သိပါသည်။ သို့သော် သူ လက်ခါပြပြီး ငြင်းသည်။ ကျွန်တော် ဇွတ် လက်ယပ်ခေါ်သည်။ မရ။ ကျွန်တော်တစ်ယောက်တည်း တစ်ခါမျှ မသောက်ဖူးပါ။ သည်တစ်ခါတော့ တစ်ယောက်တည်းသောက်ရသည့် အတွေ့အကြုံကို ရရတော့မည် ထင် သည်။

ကျွန်တော် လက်လျှော့ပြီး တဲထဲ ပြန်ဝင်ခဲ့သည်။

ကျွန်တော့်တဲကတော့ ငှက်ပျောဖူးရောင် စိမ်းဝါတောက်တောက် ဖြစ် ပြီး ထူပိတ်သဖြင့် လရောင်မထွင်းဖောက်နိုင်ပါ။ ထို့ကြောင့် လျှပ်စစ်ဓာတ် အား ဖြည့်ထားသော rechargeable မီးအိမ်ကို ထွန်းလိုက်ရသည်။

ကျွန်တော် စောစောက ရေးလက်စ မှတ်တမ်းစာအုပ် ပွင့်နေပြီး စာမျက် နှာပေါ်တွင် သစ်ခွပန်းတစ်ပွင့် ရှိသည်။ စာအုပ်လောက်နီးနီး ရှည်သော ပန်းပွင့်ဖြစ်၏။ ဖြူဝါဝါအခံတွင် အညိုရောင် အစင်းအစင်းတွေ ပါသော ပွင့် ဖတ်နှင့် အညိုရောင်အပြောက်များ ပါသော ပွင့်ဖတ်ရှည်တို့ တစ်ခုကို တစ်ခု ကန့်လန့်ဖြတ်နေကြသည်။ ဖေဖေ့ဓာတ်ပုံထဲတွင် ပါသော သစ်ခွပဲဖြစ်သည်။ ဖေဖေ့မှတ်တမ်းအရဆိုလျှင် စလစ်ပါ သစ်ခွ (Slipper Orchid) ဖြစ်သည်။ ကမ္ဘာမှာ တော်တော်ရှားနေပြီဖြစ်သော သစ်ခွမျိုးဟု သိရပါသည်။ ကျွန်တော် မေမေ့အတွက် အပင်တစ်ပင် သယ်မည်။ နောက်ပြီး နန်ဖေးရမ်အတွက် တစ်ပင် သယ်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုအခါ ကျွန်တော်ဘာပဲတွေးတွေး နန်းဗေးရမ်က ကျွန်တော့်အတွေးထဲမှာ ပါနေပြီ။ ဤအဖြစ်မှာ သိပ်မကောင်းပါ။ ကျွန်တော့် ဘစ်စကစ်မုန့်ဘူးခွံထဲတွင် လိပ်ပြာလေးနှစ်ကောင် ရှိနေသည်။ အဖြူရောင်မျိုး (Orange Tip) နှင့် အပြာရောင်မျိုး (Marzarine Blue) တို့ ဖြစ်သည်။ အခုထိတော့ နန်းဗေးရမ် လိုချင်သည့် Blue Oak Leaf လိပ်ပြာမျိုး တစ်ကောင်မှ မတွေ့သေးပါ။ ဖုန်ဒီးရမ် ဘယ်မှာတွေ့ခဲ့သလဲဟု မေးလိုက်လျှင် ကောင်းမလား။ သူ ဘယ်မှာ တွေ့ခဲ့သလဲ မှတ်မိမလား။ နောက်ပြီး သူ အပြာရောင်လိပ်ပြာလေးတစ်ကောင် သူ့နှမကို ပေးခဲ့ဖူးသည့်အကြောင်း ကျွန်တော်သိနေသည်ကို သူ ကျေနပ်ပါ့မလား။

'ဥက္ကာ...'

ကျွန်တော့်တဲ၏ ဖတ်လပ်ချထားသော ပြတင်းပေါက်ကွက်လပ်လေးမှ ဖုန်ဒီးရမ်ခေါင်းပြူလာသည်။

'လာ...လာ'

ကျွန်တော့်အိပ်ရာဘေးက စာအုပ်တွေ ပန်းတွေကို ရှင်းလိုက်၏။ သူ တဲနံရံဇစ်ကို ဆွဲဖြုတ်လျက် ဝင်လာသည်။ သူ့လက်ထဲမှာ ပုလင်းတစ်လုံး ပါလာ၏။ ရေသန့်ထည့်သော ပလတ်စတစ်ပုလင်း ဖြစ်သည်။ သို့သော် အထဲမှာ ပါတာက ရေသန့်မဟုတ်ပါ။ ခပ်နီနီအရောင်အသွေး ဖြစ်သည်။

အေးခဲကာ ခိုက်ခိုက်တုန်နေသော ပတ်ဝန်းကျင်မှာ ခေါင်ရည်က ပို သဘာဝကျမလား မသိပါ။ ကျွန်တော် ရေသောက်သည့် စတီးကိုင်းခွက်အသေးကို ထုတ်လိုက်သည်။ ကျွန်တော့်အိပ်ရာဘေးတွင် ရေခဲရေတမျှ အေးစက်နေသော ပုလင်းထဲက ရေ ရှိသည်။ သူ့အတွက် စတီးခွက်ပေးလိုက်ပြီး ကျွန်တော့်အတွက် ကော်ဖီသောက်သည့် မယ်လမင်း ကိုင်းခွက်ရှည်ကို သုံးလိုက်သည်။

'ကျွန်တော့်ဟာကို အရင်သောက်မလား'

'အေး၊ အဲဒါ ဘာလဲ'

'ဒါ ဝီစကီ'

ကျွန်တော်တို့နှစ်ယောက် ခွက်ချင်း ထိလိုက်ကြသည်။

'ခါကာဘိုရာဇီအတွက်'ဟု ကျွန်တော် ရည်ညွှန်းလိုက်ပါသည်။





ထို့နောက် မြည်းစရာဘာမှမရှိသဖြင့် တပေါင်းဒမ်းက ရွာခံ တိဘက်အထမ်းသမားလေး လက်ဆောင်ပေးသော ပြောင်းဖူးပေါက်ပေါက်များကို အမြည်းလုပ်ရင်း သောက်ကြသည်။

'မနေ့က အကောင်ကို ငါ ပစ်လိုက်ရင် အခုဆို ငါတို့ အသားကင်နဲ့ မြည်းနေပြီ'

ဖုန်ဒီးရမ်က ကျွန်တော် တောင်းပန်သဖြင့် မပစ်လိုက်ရသော သားမင်းကောင်ပေါက်လေးကို တမ်းတမ်းတတ ဖြစ်နေသည်။

'ကိုဒီးရမ်...အဲဒီအကောင်ပေါက်လေးတစ်ကောင်ကို ဘယ်လောက်တန်တယ် ထင်လဲ၊ အရှင်ဆိုရင် ဒေါ်လာ ခြောက်သောင်းနဲ့ တစ်သိန်းကြားမှာ ရှိတယ်'

'ဘယ်သွားရောင်းရမှာလဲ'

'ဘယ်မှ သွားရောင်းဖို့ မဟုတ်ဘူး၊ တောရိုင်းတိရစ္ဆာန် မှောင်ခိုဈေးမှာ တန်ဖိုး သိပ်မြင့်တယ်လို့ပြောတာ၊ ဘာကြောင့် တန်ဖိုးမြင့်လဲဆိုတော့ ရှားလို့၊ ကမ္ဘာပေါ်မှာ မျိုးတုံးခါနီးနေပြီ'

'စားစရာမရှိရင်တော့ သူ့ကို စားကြမှာပဲလေ'

'ဒါပေမဲ့ တောင်ဆိတ်တွေပဲ ပစ်ပေါ့'

'အေး...အခုရော ဘယ်သူက ပစ်နေလို့လဲ'

'ခင်ဗျားပဲ ပစ်ရရင် ကောင်းမှာဆို'

'ဒါပေမဲ့ ငါ မပစ်ဘူးလေ'

'အိုကေ...အိုကေ'

ကျွန်တော် လက်လျှော့လိုက်သည်။

'ကျွန်တော်တို့ ခင်ဗျားတို့လဲ မပစ်ဘူး၊ ကျန်တဲ့လူတွေလဲ မပစ်အောင် တားရမယ်'

ဖုန်ဒီးရမ်က ကျွန်တော့်အား စေ့စေ့ကြည့်၏။

'တားတယ်ဆိုတာ တားရုံနဲ့ မရဘူး၊ သူတို့မငတ်အောင် အသားရအောင် တခြားအကောင်တွေ မွေးပြီး စားနိုင်အောင် လုပ်ပေးမှဖြစ်မှာပေါ့၊ မလုပ်ပေးရင် သူတို့ သတ်မှာပဲ၊ သူတို့က ဒေါ်လာဆိုတာလဲ ဘာမှမသိဘူး၊ မျိုးတုံး



www.burmeseclassic.com

www.burmeseclassic.com



တာလဲ သိရလောက်အောင် ပညာမတတ်ကြဘူး၊ စားစရာလဲ မရှိဘူး၊ သူတို့ သိတာက ဒီကောင်က အသား…အဲဒါပဲ သိမယ်'

'ဟုတ်တယ်၊ ကျွန်တော်တို့ သူတို့အတွက် အသားစား နွားတွေ ဝက်တွေ မွေးဖို့ ကူညီပေးရမယ်'

ကျွန်တော် ထောက်ခံလိုက်သည်။

'ငါတို့ ဖြတ်ခဲ့တဲ့ တဟောင်ဒမ်းရွာကို မှတ်မိလား'

'တိဘက်ရွာ…မှတ်မိတယ်'

'အဲဒီရွာတစ်ဝိုက်မှာ အရင်တုန်းက ယတ်ကဲ လို့ ခေါ်တဲ့ အမွေးထူထူ ရှည်ရှည်နဲ့ နွားနောက်တွေ ရှိတယ်တဲ့၊ အဖေက ပြောတယ်၊ အခု မျိုးတုံးသွားပြီ၊ အခု ယတ်ကဲတွေ မရှိတော့ဘူး'

'ဟိမဝန္တာမှာ ရှိတဲ့ နွားမျိုးတွေလား၊ သိပ်လှတယ်နော်၊ နမြောစရာပဲ'

သူတို့သည် ပေ ကိုးထောင် တစ်သောင်း အမြင့် ကျောက်တောင်တန်းတွေမှာ ကျက်စားသူများ ဖြစ်၍ ရာသီဥတု ပြင်းထန်ဆိုးရွားမှုကို ခံနိုင်အောင် သဘာဝက သူတို့အား အမွေးရှည်ရှည်ထူထူတွေ ပေးထားခြင်း ဖြစ်ပါလိမ့်မည်။

'ငါ တစ်ခါတစ်ခါ စဉ်းစားတယ်၊ ဟိုဘက်နိုင်ငံတွေဆီ တောင်ကြားက နေ ကူးပြီး ယတ်ကဲ အကောင်နှစ်ကောင်လောက် မျိုးစပ်ပြီး သယ်ခဲ့မလား လို့'

'အာ…မဖြစ်ဘူး၊ အဲဒါ ရာဇဝတ်မှုဗျ'

'သူတို့ ခွင့်ပြုသင့်တယ်၊ ငါ သူတို့ကို မသတ်ဘူးလေ၊ မွေးမှာ…ဒီနိုင်ငံမှာ မျိုးရအောင် မွေးမှာ'

ကျွန်တော် ရယ်မိသည်။

'ဟုတ်တယ်…မွေးမှာ၊ ကျွန်တော်သိတယ်၊ ဒါပေမဲ့ ဒါ…တရားဥပဒေ နဲ့ ငြိတယ်'

'ငါသိပါတယ်၊ တောရိုင်းတိရစ္ဆာန်ဥပဒေကို ငါသိပါတယ်၊ ဒါပေမဲ့ နည်းလမ်းရှာပြီး လုပ်ရင် မကောင်းဘူးလား'

ကျွန်တော် သူ့ကို ရယ်စရာတစ်ခု ပြောဖို့ အကြံရသည်။ သူ ရယ်ရဲ့ မလားတော့ မသိ။





'ကျွန်တော်တို့ တရားဝင် သယ်လို့ရအောင် အဲဒီ ယတ်ကဲကို နိုင်ငံကူး လက်မှတ် လုပ်ပေးပြီး ဗီဇာလျှောက်မယ်ဆိုရင် ရမယ်ဗျ'

သူ မရယ်ပါ။ အဲ…နိုင်ငံကူးလက်မှတ်ဆိုတာမှ သူ သိပါ့မလား၊ ဗီဇာ ဆိုသော ပြည်ဝင်ခွင့်ကိုရော သူ သိပါ့မလား။

သူ မျက်နှာတည်တည်ဖြင့် ကျွန်တော့်အား ပြန်ပြောသောစကားကြောင့် ကျွန်တော် အံ့ဩသွားပါသည်။

'ဒါပေမဲ့ အဲဒီလိုပတ်စ်ပို့နဲ့ သွင်းရင်လဲ ယတ်ကဲတွေဟာ ဗီဇာသက်တမ်း ကုန်ရင် ပြန်ရမှာပဲ၊ ဒီတော့ ဒီမှာရှိတဲ့ နွားနောက်နဲ့ မျိုးစပ်လို့ပဲ ရမယ်၊ ပြန် တော့ ပို့ရမှာပဲ၊ ဒါမှမဟုတ် ဒီအတောအတွင်း ကိုယ်ဝန်ဆောင်မွေးမှ ရမယ်'

အဲ…။

သူပြောတာ မှန်မလား မသိ။ ကျွန်တော် အရက်တစ်ငုံ သောက်ပြီး ပြောင်းဖူးပေါက်ပေါက်တစ်စေ့ချင်း ပါးစပ်ထဲ ပစ်သွင်းနေလိုက်၏။ အမှန် တော့ နွားတွေအကြောင်း ကျွန်တော်မသိပါ။

'နောက်ပြီး နွားတွေရဲ့ ပတ်စ်ပို့က လူတွေရဲ့ ပတ်စ်ပို့ထက် ပိုရှုပ်တယ် တဲ့၊ လူတွေရဲ့ ဓာတ်ပုံက ရှေ့တည့်တည့်ပုံဆို ရတယ်၊ နွားကျတော့ ရှေ့ တည့်တည့်ရော၊ ဘေးနှစ်ဖက်ရော ရိုက်ရတာ သုံးပုံ လိုသတဲ့'

'ခင်ဗျားကို ဘယ်သူပြောလဲ'

'ငါ စာထဲမှာ ဖတ်ရတာ၊ မင်း ရုပ်ရှင်တွေ ဘာတွေ စိတ်ဝင်စားလား'

'ဝင်စားပါတယ်'

ကျွန်တော့်ကို သူ ပြုံးကြည့်သည်။

'တိဘက်နိုင်ငံအကြောင်း ရိုက်တဲ့ ရုပ်ရှင်တစ်ခု ရှိတယ်လေ၊ ဆဲဗင်း ယီးယားစ် အင် တိဘက်…'

အဲ…။ကျွန်တော် ဖုန်ဒီးရမ်ကို တအံ့တဩငေးကြည့်မိ၏။

'အဲဒီဓာတ်ကားကို ရိုက်တော့ အာဂျင်တီးနားမှာ သွားရိုက်တယ် ဆို လားပဲ၊ အဲဒီနိုင်ငံမှာ ယတ်ကဲ နွားတွေ မရှိလို့ အမေရိကန်ကနေ သယ်သွား ရတာ အဲဒီနွားတစ်ကောင်ချင်းကို နိုင်ငံကူးလက်မှတ် လုပ်ရသတဲ့'

ကျွန်တော် အသံထွက် ရယ်မောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစာကို ခင်ဗျား မြန်မာလို ဖတ်ရတာလား၊ အင်္ဂလိပ်လို ဖတ်ရတာလား'

'အင်္ဂလိပ်ဘာသာ၊ ငါက မြန်မာစာကို အင်္ဂလိပ်စာလောက် မသွက်ဘူး'

'တယ်ဟုတ်ပါလား'

သူ မရယ်ပါ။

'ရဝမ်လူမျိုးတွေမှာ ပညာတတ်တွေ အများကြီးပါ၊ နိုင်ငံခြားမှာ ပညာသွားသင်နေတဲ့ ရဝမ်တွေ ဘွဲ့ရလာတဲ့ ရဝမ်တွေ အများကြီး'

'အာ... ကျွန်တော် ခင်ဗျားတို့လူမျိုးကို အထင်သေးပြီး ရယ်တာမဟုတ်ဘူး၊ သဘောကျလို့ပါ'

သူ သိပ်တော့မကြည်လင်သေးပါ။ သို့သော် သူ့စကားကို ဆက်သည်။

'နွားတွေရဲ့ ခေါင်းကိုသာ ဓာတ်ပုံရိုက်ရတာ မဟုတ်ဘူး၊ သူတို့ရဲ့ ဒီ... ထိပ်ပိုင်းကိုလဲ...'

'ထိပ်ပိုင်း...'

'ပါးစပ်ရယ် နှာခေါင်းရယ် အပိုင်းလေ'

ကျွန်တော် ရုတ်တရက် နားမလည်လိုက်။

'အဲဒါကိုဘယ်လိုခေါ်လဲကွာ၊ ပါးစပ်လဲမဟုတ်ဘူး၊ နှာခေါင်းလဲ မဟုတ်ဘူး၊ မေးစေ့လဲ မဟုတ်ဘူး'

ထို့နောက် သူ တဲထဲမှာ ဟိုဟိုသည်သည် ကြည့်သည်။

'စာရွက်ရှိလား'

သူ ပုံဆွဲပြတော့မည် ထင်သည်။ ကျွန်တော်ဤရဝမ်ကို သဘောကျသွား၏။ တကယ်ဟုတ်တဲ့ လူပဲ။

'ရမယ်... ရမယ်'

ကျွန်တော့် မှတ်တမ်းစာအုပ်ကြားမှာ အစွန်းထွက်နေသော အဖြူရောင်စာအိတ်လေးကို ဖျတ်ခနဲဆွဲထုတ်ပြီး သူ့ရှေ့ ချပေးလိုက်၏။ စာအုပ်ကြားက ဘောလ်ပင်ကိုလည်း သူ့ကို ကမ်းပေးလိုက်သည်။ သူ ဘောလ်ပင်ကို မယူဘဲ အိပ်ရာခင်းပေါ်မှ စာအိတ်ကို ငုံ့ကြည့်နေသည်။ စာအိတ်ပေါ်မှာ နန္ဒာ့လက်ရေးတွေ...။ ဦးဖုန်ဒီးရမ်... သစ်တောရုံး၊ နောင်မွန်းမြို့။ ကျွန်တော် ထိုစာအိတ်ကို ကောက်ပြီး တစ်ဖက်သို့ လှန်ပေးလိုက်သည်။ သို့သော်





ဖုန်ဒီးရမ်က ပြန်ကောက်ပြီး လိပ်စာဘက်သို့ ပြန်လှန်လိုက်၏။ ဦး ဖုန်... ဒီး... ရမ်...။ ဘုရားရေ...။ ကျွန်တော့်ခေါင်းထဲမှာ လက်ခနဲဖြစ်သွား၏။ ဒါပေမဲ့ မဖြစ်နိုင်ဘူး ထင်တယ်။

'ဒီစာ ဘယ်က ရသလဲ'

ဖုန်ဒီးရမ်၏အသံမှာ ချက်ချင်းပင် စိမ်းသွား၏။

'အဲဒါ... ကျွန်တော့်သူငယ်ချင်းက နောင်မွန်းက သူ့သူငယ်ချင်းဆီ...'

'နန္ဒာက မင်းသူငယ်ချင်းလား'

ကျွန်တော် အံ့သြတုန်လှုပ်သွားသည်။ အံ့သြမှုမှာ ဦးဖုန်ဒီးရမ်ဆိုသော နန္ဒာ့မိတ်ဆွေမှာ သူပဲဖြစ်နိုင်သည်ဟူသောအတွေးကြောင့်ဖြစ်ပြီး တုန်လှုပ်မှုမှာ သူ၏ မယုံသင်္ကာလေသံကြောင့် ဖြစ်သည်။

'ခင်ဗျား... နန္ဒာ့ကို သိသလား'

'မင်း ဒီစာကို နောင်မွန်းမှာ ဘာလို့ မပေးခဲ့သလဲ'

'မလိုတော့ဘူး ထင်လို့ပါ၊ ကျွန်တော် တည်းခိုဖို့ စာရင်းရုံးက လူက စီစဉ်ပေးလိုက်တော့ ဒီလိပ်စာရှင်ကို ရှာစရာမလိုတော့ဘူးလေ၊ ဒါက နန္ဒာက ကျွန်တော် အကူအညီလိုရင် တောင်းနိုင်အောင် မိတ်ဆက်စာသဘောမျိုး...'

ထို့နောက် ကျွန်တော် မျက်မှောင်ကြုတ်မိသွားသည်။

'နေစမ်းပါဦး... ဒီနာမည်က ခင်ဗျားနာမည်ပဲလား'

'အဲဒီစာက ငါ့စာပဲ'

ကျွန်တော် သူ့ကို ငေးကြည့်မိသွား၏။ သူ့စာ...။ ဖုန်ဒီးရမ်ရဲ့စာ...။

'စာထဲမှာ မိတ်ဆက်ပေးတာအပြင် တခြားအရေးကိစ္စ ပါချင်ပါမယ်လို့ မင်း သိရမှာပေါ့'

အဲဗျ။ သူ့လေသံက မာလှပါလား။

'ဒါဖြင့်လဲ အခု တွေ့နေပြီပဲဗျာ၊ ယူလိုက်ပေါ့၊ ခင်ဗျားကို နောင်မွန်း သစ်တောရုံးကလူလို့မှ ကျွန်တော် မသိဘဲ'

သူ ကျွန်တော့်အား ခပ်စိမ်းစိမ်းစိုက်ကြည့်လာသည်။

'မင်း ဘယ်သူလဲလို့ ငါသိပြီ'

ဘာအဓိပ္ပာယ်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ဥက္ကာဆိုတဲ့ နာမည် ငါ ကြားဖူးတယ်လို့ တွေးနေတာ၊ မင်းနဲ့ နန္ဒာနဲ့ ...'

'ဟာ ... မဟုတ်ဘူးဗျ၊ ခင်ဗျား မှားနေပြီ'

အခြေအနေမကောင်းပါ။ လုံးဝ မကောင်းပါ။

သူ ကျွန်တော့်ရှေ့မှာပင် စာကို ဆုတ်ဖြဲ ဖောက်လိုက်သည်။ အတွင်းမှာ စာရွက်ရှည်ဖြင့် တစ်မျက်နှာအပြည့် ရေးထားသည်။ သူ စာကို အလောတကြီး ဖတ်လေသည်။

နန္ဒာနဲ့ ဖုန်ဒီးရမ်နဲ့ ...။ ကျွန်တော် သူ့ကို သတိလက်လွတ် ငေးကြည့်နေမိသည်။

အရင်က ကျွန်တော် နန္ဒာ့ကို ပိုးပန်းခဲ့ဖူးတာကို နန္ဒာ သည်လူအား ပြန်ပြောထားခဲ့လေသလား။ ကျွန်တော့်မျက်နှာ နွေးခနဲ ခံစားလိုက်ရသည်။ မိန်းမတွေဟာ အတိတ်ကို အတိတ်မှာ ဘာကြောင့် မထားနိုင်ကြရတာလဲ။ နန္ဒာ ဘာထင်ထင် ကျွန်တော် ဂရုမစိုက်ပါ။ ဖုန်ဒီးရမ် ဘာထင်ထင် ဂရုမစိုက်ပါ။ သို့သော် နန့်ဗေးရမ် တစ်ခုခု အထင်မှားပြီး ဝမ်းနည်းရမှာတော့ ကျွန်တော် ကြောက်သည်။ နန်ဗေးရမ် အထင်မှားဖို့ကိုလည်း သူ့အစ်ကိုက အများကြီး တတ်နိုင်ပါသည်။

ဖုန်ဒီးရမ်သည် စာကို လုံးချေပြီး တဲနံရံသို့ ပစ်ပေါက်လိုက်၏။ ထို့နောက် ဝုန်းခနဲပင် ထိုင်ရာမှ ထထွက်သည်။

သွားပြီ။ နန္ဒာ ဘာတွေ အာချောင်လိုက်ပြန်ပြီလဲ။

'မနက်ဖြန် တောင်ခြေကို အရောက်သွားမယ်၊ စောစောထွက်မယ်'

သူ တဲအပြင်ဘက်သို့ စိတ်မြန်ကိုယ်မြန် ထွက်သွား၏။

နန္ဒာ ဘာတွေ ရေးထားပါလိမ့်။ သည်အတိုင်းဆို သူတို့နှစ်ယောက် သွေးရိုးသားရိုး သူငယ်ချင်းမှ ဟုတ်ပါ့မလား။

စာ အလုံးလေးက တဲနံရံပလတ်စတစ်ဖျင်စ အောက်ခြေတွင် ကပ်နေ၏။ ကျွန်တော် ထိုစာကို ဖတ်ကြည့်ချင်စိတ် ပေါ်နေသည်။ မသင့်တော်ဘူး။ ဒါ ... ကျွန်တော့်စာ မဟုတ်ဘူး။ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာ။ သို့သော် ကျွန်တော့် ကိုယ်ရေးကိုယ်တာကို အထင်လွဲခံရမည့် စာကြောင်း





တွေ ပါနေလျှင် ဘယ့်နှယ်လုပ်မလဲ။ ပါ မပါ သိအောင်၊ ပါလျှင် ဖြေရှင်းရအောင် ကျွန်တော် မဖတ်သင့်ဘူးလား။

ကျွန်တော် နန္ဒာ့ကို မယုံပါ။ နန္ဒာက ကိုယ့်ကိုယ်ကို ဘဝင်ကိုင်ချင်သည်။ မတော်တဆ ...

ကျွန်တော် ချက်ချင်းပင် ထိုင်ရာမှ ထပြီး စာအလုံးလေးကိုသွားကောက်လိုက်သည်။ မီးအိမ်ဆီသို့ သယ်လာပြီး ဖြန့်ကြည့်လိုက်၏။

'မောင် ...

*နန္ဒာ့ဆီ စာမရေး ဘာမရေးနဲ့ တော်တော် စိတ်ချနေတယ်ပေါ့လေ။'*

ကျွန်တော့်လက်ထဲက စာ ဖျတ်ခနဲ ဆွဲယူခံလိုက်ရ၏။ ဖုန်ဒီးရမ် ...။ အေးစက်စက် မျက်လုံးများ။

'မင်း ဘာလုပ်တာလဲ'

ကျွန်တော် ရှက်လည်း ရှက်ပြီး ဒေါသလည်း ထွက်သွား၏။

'ဒီကောင်မလေး ဘာမဟုတ်တာ ရေးထားသလဲလို့ သိချင်လို့'

'ဒါ ... မင်း စည်းကျော်တာပဲ'

'ခင်ဗျားပဲ ဒီစာကို လွှင့်ပစ်ခဲ့တာပဲ'

'ငါ့စာကို ငါ့ဟာငါ ဘာပဲလုပ်လုပ် မင်းဖတ်စရာ မလိုဘူးလေ'

ကျွန်တော် မှားသွားတာတော့ အမှန်ပဲ။ ထို့ကြောင့် ကျွန်တော် မခံချိမခံသာ ဖြစ်နေမိ၏။

'ကျွန်တော် တောင်းပန်ပါတယ်၊ ခင်ဗျား လွှင့်ပစ်ခဲ့တဲ့ စာကို ကျွန်တော် ဖတ်ဖို့ကြိုးစားမိခဲ့တာ ကျွန်တော် မှားသွားတယ်၊ ဒါပေမဲ့ ကျွန်တော် အစိုးရိမ် လွန်သွားမိလို့ပါ၊ နန္ဒာများ ဘာတွေရေးလိုက်သလဲလို့၊ နန္ဒာက တစ်ခါတစ်ခါ သူများမခံချင်အောင် စ,ချင် နောက်ချင်တယ်'

သူ ဘာမှမပြောဘဲ စာကို ဖြန့်ပြီး ခေါက်နေပါသည်။

'ခင်ဗျား မခံချင်အောင်လို့ ကျွန်တော့်ကို သူ ခုတုံးလုပ်မှာစိုးလို့ပါ'

သူ ကျွန်တော့်အား အကဲခတ်သည့်အကြည့်ဖြင့် ကြည့်သည်။

'တကယ်တော့ နန္ဒာ့ကို ကျွန်တော် အခုချိန်မှာ ရိုးရိုးတန်းတန်း သူငယ်ချင်း အဖြစ် ...'



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်အနီးသို့ တိုးကပ်လာ၏။ သူ အံကြိတ်လိုက်တာ ကျွန်တော် သိလိုက်သည်။

'အခုချိန်မှာ...ဟုတ်လား'

'ခင်ဗျား ယုံပါ၊ ကျွန်တော် သူ့အပေါ် အခု ဘာစိတ်မှ မရှိတော့ဘူး၊ အဲဒီတုန်းက ကျွန်တော်က ၁၈ နှစ်ပဲ ရှိသေးတာ'

'မင်း'

ကျွန်တော် မျက်စိမှိတ်ပြီး ဖြစ်ချင်ရာဖြစ်ဟု ပြောချပစ်လိုက်၏။

'တကယ်တော့ ကျွန်တော်ချစ်တာ နန်းဖေးရမ်ကိုပါ ...၊ ကျွန်တော်... အနန့်ကို ညီမလေးလိုရော...'

ကျွန်တော့်အမွေးထည် ဂျာကင်အင်္ကျီကော်လံကို ကြမ်းတမ်းစွာ စုကိုင်ဆောင့်ဆွဲ ခံလိုက်ရ၏။ သူ ထိုးပြီဟု ကျွန်တော် ထင်လိုက်သည်။ သို့သော် ကျွန်တော့်မျက်နှာသို့ လက်သီး လာမထိပါ။

တောက်တစ်ချက် ခေါက်ပြီး သူ ဆောင့်တွန်းပစ်လိုက်သည်။ ကျွန်တော် အနည်းငယ် မူးဝေကာ ယိုင်သွား၏။

'မင်း ငါ့ကို အဲဒီစကား ပြောရဲတယ်'

သူ လက်ညှိုးငေါက်ငေါက်ထိုးလျက် တင်းမာစွာ အော်သည်။

'ပြောတယ်ဗျာ၊ ခင်ဗျားညီမကို ကျွန်တော် ချစ်တယ်၊ သူ့အတွက် ကျွန်တော် ဘာမဆို ရင်ဆိုင်ရဲတယ်၊ တစ်လောကလုံးက သဘောမတူလဲ ကျွန်တော် ဂရုမစိုက်ဘူး'

စောစောက သောက်ထားခဲ့သော အရက်၏ အရှိန်က ကျွန်တော့်ကို သတ္တိတွေဖြည့်ပေးလိုက်သဖြင့် ကျွန်တော်လည်း ပြန်အော်လိုက်မိပါသည်။

'ကျွန်တော့်ကို ဘယ်သူမှ တားလို့မရဘူး၊ ကျွန်တော် နန်းဖေးရမ်ကို မရရအောင် လက်ထပ်ယူမယ်၊ ခင်ဗျား သတ်ချင်ရင်လဲ သတ်ပစ်လိုက်တော့၊ ကျွန်တော် သေရမှာ မကြောက်ဘူးဗျ'

'မင်း မူးနေရင် ငြိမ်ငြိမ်အိပ်တော့'

သူ အေးစက်စက်တစ်ခွန်းသာ ပြောပြီး ပြန်လှည့်ထွက်သွားသောအခါ ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိဘဲ ကျန်ရစ်ခဲ့သည်။

ကျွန်တော့်အနားမှာ ဝီစကီ ပုလင်းနှင့် ဖုန်ဒီးရမ်၏ ခေါင်းရည်ပုလင်း







ထောင်လျက်သား ကျန်နေခဲ့သည်။ ထိုပုလင်းတွေကို ကျွန်တော် စိုက်ကြည့်ရင်း အိပ်ရာပေါ် ပစ်လှဲအိပ်ချလိုက်၏။

ကျွန်တော့်ခေါင်းအုံးစွပ်နှင့် ခေါင်းအုံးကြားထဲမှာ သွေးစွန်းနေသော ချည်ထည်ပဝါလေး ရှိနေတာကို ကျွန်တော် သတိရနေပါသည်။ ထို့ကြောင့် ကျွန်တော် လုံးဝမမူးသေးတာ သေချာပါသည်။

အနန် ...၊ ကျွန်တော် ညီမလေးကို ချစ်တယ်။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် ပေ ၁၃,၀၀၀

ခါကာဘိုရာဇီတောင်ကြီးမှ အရည်ပျော်ကာ စီးဆင်းကျလာသော ရေခဲရေများကြောင့် မလောင်ဝမ်ချောင်းဟူ၍ ဖြစ်ပေါ်လာခဲ့သည်။ ချောင်းကမ်းပါး ကျောက်တုံးအစုအဝေး၏ထိပ်မှာ ကျွန်တော် ထိုင်လျက် ဆင်ခြေလျှော ရေခဲပြင်ကြီးကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။

ရေခဲပြင်သည် နှစ်ပေါင်းများစွာ ရေခဲဖြစ်ပြီး မာကျစ်ကာ ဖန်သားပြင်လိုပဲ စိမ်းရောင်သန်းလျက် ကြည်လင်နေသည်။ မြန်မာပြည်ထဲမှာ နေပြီး ယခုလို ရေခဲပြင်ဒေသဝန်းကျင်သို့ ခြေချရလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် တွေးမကြည့်ဖူးခဲ့ပေ။ ကျွန်တော်သည် အိပ်မက်တစ်ခုမက်နေသလို ခံစားရသည်။

မိုးထိမြင့်မားမတ်စောက်သော အနက်ရောင် ကျောက်တောင်ကြီးများ၊ တောင်ခြေ ဆင်ခြေလျှောက ရေခဲမြစ်ဟု ခေါ်သော ပြောင်လက်တောက်ပကာ စီးနေသည့် ရေခဲပြင်ကြီးများ၊ ကျောက်ဆောင် ကျောက်စွန်းများတွင် တွယ်ကပ်ပေါက်နေကြသော အရောင်စုံ သစ်ခွမျိုးစုံများ... အားလုံးသည် အိပ်မက်လိုပဲ။

အိပ်မက်မဟုတ်မှန်း သိသာဖို့ တစ်ခုတည်းသော သက်သေမှာ ကျွန်တော့် ခြေဖျားကို တွန်းတိုက်စီးဆင်းနေသည့် ကျင်တက်လာအောင် အေးသည့် ချောင်းရေ၏ အတွေ့ ဖြစ်သည်။ ရွှံ့တွေ သွေးတွေဖြင့် ပေရေကာ ညစ်





ပတ်နေခဲ့သော ခြေအိတ်များအနက် တစ်စုံကို ချန်ထားပြီး သုံးစုံကို လျှော်လိုက်သည်။ ကိုယ်တွင်း၏ အပူချိန်ကို အပြင်မထွက်အောင် ကာကွယ်ဖို့ ဝတ်ဆင်သည့် အတွင်းခံဘောင်းဘီရှည် Thermal Wear ကို တစ်ထည်ချန်ထားပြီး တစ်ထည် လျှော်လိုက်သည်။ ရှေ့ဆက်ရမည့် ရေခဲတောင်ပေါ် စခန်းတွင် ကျွန်တော်အဝတ်ကို အဆင့်ဆင့် ထပ်ဝတ်ရတော့မည်ဖြစ်သည်။ မီးဖိုမီးဖြင့် ကင်လျှင် အဝတ်တွေ ခြောက်သွေ့မှု မြန်လိမ့်မည်။

သည်တစ်နေ့တော့ သည်တောင်ခြေစခန်းမှာ အေးအေးဆေးဆေး နားရတော့မည်။ ဦးဖီရမ်၏ လက်က ချုပ်ရိုး တော်တော်ကျက်နေပြီ။ အနာကျက်သည်ထက် ကျက်အောင် တစ်ရက် နှစ်ရက် စောင့်ပြီးမှ တောင်ပေါ် ဆက်တက်မည်ဟု ဖုန်ဒီးရမ်က ပြောသည်။ ထို့ပြင် သည့်ထက်ပို၍ အောက်ဆီဂျင် ပါးလျားသော အမြင့်သို့ မတက်မီ ယခုလောက် အောက်ဆီဂျင် နည်းပါးမှုဖြင့် အဆုတ်ကို ကျင့်ပေးဖို့ လိုသည်၊ ထို့ကြောင့် ကျွန်တော်တို့ နားကို နားရပါမည်။

ကျွန်တော်တို့ထက်အရင် တောင်ခြေသို့ ရောက်နေသည့် ခြေလျင်နှင့် တောင်တက်အဖွဲ့သားများ အုပ်စုကို ကျွန်တော်တို့ ရောက်ရောက်ချင်း မိတ်ဆက်ကာ နှုတ်ခွန်းဆက်စကား ပြောခဲ့ကြသည်။ ဖုန်ဒီးရမ်နှင့် ထိုအဖွဲ့၏ စခန်းတာဝန်ခံတို့ တစ်ယောက်ကို တစ်ယောက် ရင်းနှီးခင်မင်ပြီးသား ဖြစ်နေသည်။ ဖုန်ဒီးရမ်က ကျွန်တော်နှင့် မိတ်ဆက်ပေး၏။

'ဥက္ကာ...ဒီဆရာက ခြေလျင်နဲ့ တောင်တက်အသင်းက စခန်းတာဝန်ခံ ဦးသက်ထွန်း...တဲ့၊ ဆရာ...သူက ပြင်သစ်ဂိုက်ဒ် ဥက္ကာ...တဲ့၊ '၉၅ ခုနှစ်တုန်းက မတော်တဆသေသွားတဲ့ ကထိက ဦးပြည်သိမ်းရဲ့သားပါ'

'ဩော...' ဦးသက်ထွန်း မျက်နှာမှာ စိတ်မကောင်းသောဟန်ဖြင့် ခပ်အမ်းအမ်း ဖြစ်သွားသည်။

'အေးဗျာ...ခင်ဗျားအဖေအတွက် ကျွန်တော်စိတ်မကောင်းပါဘူး၊ ရေခဲတောင်တွေရဲ့ အန္တရာယ်က ဒီလိုပဲဗျ၊ ကြောက်စရာကောင်းတယ်၊ ကျွန်တော်လဲ ချောက်ထဲ ကျတော့မလို့ပါပဲ၊ ကံကောင်းလို့ ရေခဲပုဆိန်နဲ့ စိုက်ပြီး ထိန်းနိုင်လို့ အစွန်းမှာ တဲတဲလေးပဲ လိုတော့တယ်၊ မဟုတ်ရင် ကျွန်တော်သေပြီဗျ' ရိုးသားစွာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့…ကျွန်တော် ဆရာ့အဖြစ်ကိုလဲ ကြားခဲ့ရပါတယ်၊ ခါကာဘိုရာဇီကို ဆရာ ခဏခဏရောက်ခဲ့တာပဲနော်၊ ဆရာ့ကို ကျွန်တော် မှတ်တမ်း ဗီဒီယိုထဲမှာ တွေ့ဖူးပါတယ်၊ ဆရာ့ကို အားလဲ ကျတယ်၊ လေးလဲ လေးစားပါတယ် ဆရာ'

'အာ…ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ အလေ့အကျင့်နဲ့ ဖွဲ့ပါပဲ'

ဖုန်ဒီးရမ်က ကျွန်တော့်အား တည့်တည့်မကြည့်ဘဲ 'တောင်တက် ဝါသနာပါဖို့လဲ လိုတာပေါ့' ဟု ဦးသက်ထွန်း၏ စကားကို ဖြည့်စွက်ပေးသည်။

ဖုန်ဒီးရမ် အခုရက်ပိုင်းမှာ ကျွန်တော်နှင့် ဟက်ဟက်ပက်ပက် စကားမပြောပါ။ ကျွန်တော်နှင့် သူ ဝီစကီတစ်ပုလင်းကို နှစ်ယောက်သား ဖြိုဖို့ကြိုးစားခဲ့ကြသော ညက နန္ဒာနှင့် ပတ်သက်ပြီး ကျွန်တော့်ကို သူ အထင်လွဲသွားခဲ့ပုံရသည်။ နောက်ပိုင်းမှာ ခပ်စိမ်းစိမ်းဖြစ်သွားသည်ကို ကျွန်တော် သတိထားမိသည်။

'ဘုရားသခင် ကျေးဇူးတော်ပဲ၊ ကျွန်တော်တို့လဲ နောက်ထပ် ပေ သုံးလေးရာတော့ တက်ရလိမ့်မယ်၊ ဥက္ကာက ကျောက်တောင်တက် အတွေ့အကြုံ လုံးဝမရှိတော့ ကျွန်တော်က သင်ပေးရမယ့် အနေအထား ဖြစ်နေတာ၊ အခု ဆရာနဲ့ တွေ့ရတာ ကောင်းလိုက်တာ၊ ဆရာ နည်းနည်းပါးပါး ညွှန်ကြားပေးပါဗျာ'

ဖုန်ဒီးရမ်က ဦးသက်ထွန်းအား အကူအညီတောင်းခဲ့သည်။

'ရတယ်လေ…လိုတဲ့အကူအညီ ကျွန်တော်ပေးမှာပေါ့၊ ကျွန်တော့်မှာလဲ အတွေ့အကြုံသိပ်မရှိတဲ့ သင်တန်းသားနှစ်ယောက် ပါလာတယ်၊ သူတို့ကို ကြိုးသုံးပြီး တောင်တက်နည်း သင်နေတာ၊ တစ်ခါတည်း ဝင်လေ့ကျင့်လိုက်ပေါ့၊ ကြိုးတွေ ပစ်တွန်တွေ ပါခဲ့လား'

'ဟုတ်ကဲ့…ပါပါတယ်'

'ညနေပိုင်း ရာသီဥတုကောင်းရင် လုပ်ကြတာပေါ့ဗျာ'

ဦးသက်ထွန်းတို့နှင့် ခွဲခွာပြီး ကိုယ့်တဲအစုဆီ ကိုယ်ပြန်လာကြတော့ ဖုန်ဒီးရမ် ကျွန်တော့်ကို မကြည့်ဘဲ စကားတစ်ခွန်းပြောသည်။ တောင်တက်ခြင်းနှင့် ပတ်သက်သည့် စကား ဖြစ်သည်။





'နေ့လယ်ပိုင်းမှာ မင်းကို ငါ တောင်တက်ကြိုးနဲ့ အမြင့်တက်နည်း ကျင့်ပေးမယ်'

'ကျွန်တော် ရန်ကုန်မှာတုန်းက ကျင့်ခဲ့ပြီးပြီ'

သူ ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်၏။

'ဟုတ်လား၊ အဆင်ပြေတာပေါ့၊ ဒါပေမဲ့ လက်တွေ့တော့ စမ်းကြည့်မှ ဖြစ်မယ်၊ ကျောက်တောင်ပေါ် တက်တဲ့အခါ ရေခဲတောင်တက်တဲ့အခါ ကိုယ့်ဘေးက အဖော်ကို လုံးဝ စိတ်ချရဖို့ လိုတယ်လေ'

ထို့နောက် သူ့တဲရှိရာသို့ ဆက်သွားခဲ့ပါသည်။ အခုထိတော့ သူ့ အရိပ်အယောင်ကို ထပ်မမြင်ရပါ။

အဝတ်များကိုညှစ်ပြီး အနည်းငယ် သွေ့အောင် ကျောက်တုံးတွေပေါ် ဖြန့်လှန်းထားလိုက်သည်။ တသွင်သွင်စီးနေသော ချောင်း၏ ဘေးက ကျောက်တုံးကျောက်ခဲကမ်းစပ်ဘေးတွင် မြေကပ်ချုံပင်ကလေးများ ပေါက်နေ၏။ အပင်ကလေးများ စိမ်းစိုကာ လန်းဆန်းနေသည်။ တချို့အပင်က အဖြူရောင် ပန်းပွင့်သေးသေးများ ပွင့်နေပြီး တချို့အပင်က မရန်းရင့်ရောင် ပန်းပွင့်များ ပွင့်နေကြသည်။ အရွက်ရှည်ရှည် စန့်စန့် သစ်ခွရွက်နှင့် ဆင်တူပါသည်။

နေရောင်ခြည် မမြင်ရလောက်အောင် မှုန်မှိုင်းလာသဖြင့် ရုတ်တရက် အေးစိမ့်ကာ တုန်ခိုက်လာသည်။ ရေခဲတောင်ပေါ် ရောက်လျှင်တော့ နေရောင်ခြည် မရတော့လည်း အေးခဲမည်၊ နေရောင်ခြည် စူးလွန်းတော့လည်း အဖြူရောင်က အရောင်တောက်ကာ အရောင်ပြန်လက်ပြီး မျက်စိကို စူးရှစေသဖြင့် မျက်လုံးကန်းလောက်အောင် နာကျင်ရသည်ဟု ဖေဖေ့မှတ်တမ်းထဲမှာ ဖတ်ရပါသည်။ ရေခဲတောင်ပေါ်မှာ စခန်းချပြီဆိုလျှင်တော့ လေကာ နေကာ မျက်မှန်ကို တပ်ရမည်။

'ကောင်လေး…'

ဦးဖီရမ် ကျွန်တော့်အနား ရောက်လာ၏။

'လာ…မင်းကို ပြစရာရှိတယ်'

ကျွန်တော် ကျောက်တုံးပေါ်မှ ခုန်ဆင်းပြီး သူရှိရာ လျှောက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုရက်ပိုင်းအတွင်း အဘိုးကြီး တော်တော်ကျသွားသည်ကို သတိထားမိသည်။ လက်က ဒဏ်ရာအရှိန်ကြောင့်လား၊ အတိတ်က နောင်တတစ်ခုခုကြောင့်လား မျက်နှာနည်းနည်းညှိုးနွမ်းနေသည်။

သူသည် ကျွန်တော့်အား ရေခဲပြင်တောင်စောင်းအခြေနားမှ ပတ်လျက်ကျောက်တောင်နံရံကြီး၏ တစ်ဖက်ဆီသို့ ခေါ်သွားခြင်းဖြစ်သည်။ ထိုနေရာတွင် ထင်းရှူးပင်ပုပုသေးသေးများ၊ မြက်ပင်များနှင့် သစ်ခွပင်များ ပေါက်နေသည်။ လိပ်ပြာရောင်စုံများလည်း ပန်းပွင့်တို့အကြား ပျံဝဲနေသည်။ အထက်ဆီမှာတော့ ဖွေးဖွေးဖြူနေသည့် နှင်းတောင်စောင်းကြီး။ ဘာ သစ်ပင် မှ မရှိသည့် အဖြူသက်သက် ကမ္ဘာတစ်ခုကို မြင်လိုက်ရသည်။

ဟား...။

ကျွန်တော် အသက်ကို တစ်ဝကြီးရှိုက်၍ ရှူလိုက်သည်။ အေးစိမ့်သော ရေခဲနှင်းခဲနံ့ မွှေးသည်ဟု ထင်သည်။ အဘိုးကြီးက ရပ်မနေဘဲ ဆက်သွားသဖြင့် ကျွန်တော် လိုက်သွားသည်။ ထင်းရှူးပင်စုစုများ၏ အောမှာ မတ်စောက်သော ကျောက်တုံးကြီးတစ်ခု ရှိသည်။ အပေါ်မျက်နှာပြင်တွင် နှင်းများ ဖုံးလွှမ်းနေသည်။ ကျောက်တုံးကြီးအနီးသို့ ကပ်မိသွားသောအခါ ကျောက်တုံးဘေးနံရံတွင် အင်္ဂလိပ်စာလုံးအချို့ကို သတိထားမိတော့သည်။ ဘာကို မြင်ရတော့မည် ဆိုတာ ကျွန်တော် သိလိုက်ပါပြီ။ ကမ္ဘာလောကတစ်ခုလုံး တိတ်ဆိတ်သွား၏။

ပြည်သိမ်း၊ ၁၄-၁၀-၉၅။

ကျွန်တော် ကျောက်နံရံမှ စာလုံးမည်းမည်းများကို လက်ဖျားဖြင့် ထိတို့ပွတ်သပ်ကြည့်လိုက်မိ၏။

ဖေဖေ...။ နောက်ဆုံးတော့ ကျွန်တော် ဒီနေရာကို ရောက်ခဲ့ပြီ။ ဒီလောက် နှစ်တွေကြာမှ ရောက်လာရသလားလို့ ဖေဖေ အပြစ်တင်ရင်လည်း ကျွန်တော် ခံရုံပါပဲ ဖေဖေ။ ကျွန်တော် သတ္တိကြောင်နေခဲ့တာ ဖြစ်မှာပါ။ ကျွန်တော် မရင့်ကျက်ခဲ့သေးတာ ဖြစ်မှာပါ။ အမှန်တရားကို ရင်ဆိုင်ဖို့ ကျွန်တော် အဆင်သင့်မဖြစ်ခဲ့သေးတာ ဖြစ်မှာပါ။

ဖေဖေ့ကို ကျွန်တော် ချစ်ပါတယ်ဟု ဖေဖေ့ကို တစ်ခါမှ မပြောခဲ့မိပါ။





အခုအချိန်တွင် ကျွန်တော် ထိုစကားကို တီးတိုးရေရွတ်လျှင် ဖေဖေ ကြားနိုင်မလား။

ကျွန်တော် စာလုံးများကို လက်ဖဝါးဖြင့် ထိကပ်ထားပြီး ပြောလိုက်၏။

ဖေဖေ့ကို ကျွန်တော် ချစ်တယ်။

အေးစက်သော ကျောက်တုံးကြီးသည် မှုန်မှိုင်းသော မျက်နှာပြင်ဖြင့် တိတ်ဆိတ်နေ၏။

ကျွန်တော့်ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကာ နားစွင့်မိသည်။ ခပ်လှမ်းလှမ်းတောင်ကြောအဆင့်ဆင့်တွင် ရေခဲပြင်တွေ အရောင်လက်နေ၏။ တစ်ခု ... နှစ်ခု ... သုံးခု ... လေးခု ...။ ရေခဲပြင်တွေအထက်က ကျောက်တောင်ကျောက်စွန်း မည်းမည်းတွေပေါ်မှာ ခပ်စိမ်းစိမ်း အရောင်တချို့ကို လှမ်းမြင်ရသည်။ ရေညှိတက်နေတာလား၊ မြေကပ် အပင်ပုလေးတွေ တွယ်ကပ်ပေါက်နေတာလား။ ကျွန်တော့်ဘေးက တောင်စောင်း၏ အောက်ခြေဆီမှာ မည်း တစ်ကွက် ဖြူ တစ်ကွက် နှင်းနှင့် ကျောက်ခဲ ရောထွေးနေ၏။ ထိုမြေပြင်မှာ ထင်းရှူးပင်အသေးစားလေးတွေ တန်းနေသည်။

ဖေဖေ ကျွန်တော်နဲ့ မလှမ်းမကမ်းမှာ ရှိနေသလား။ သည်မျှ ထိုင်းမှိုင်းအေးခဲနေသော ပတ်ဝန်းကျင်၌ ကျွန်တော့်အနီးမှာ တစ်စုံတစ်ရာသော နွေးထွေးမှုတစ်ခုကို ခံစားနေရသည်။ ဖေဖေလား။

'အဲဒီ ... အဲဒီ နေရာက ဝေးသေးလား'

ကျွန်တော့်အသံက ခြောက်သွေ့စွာထွက်သွားသည်။ ဦးဖီရမ်က အဝေးက တောင်စောင်းတစ်နေရာဆီသို့ လှမ်းမျှော်ကြည့်ရာက ဖြေသည်။

'မဝေးတော့ဘူး၊ နောက်ထပ် ပေ ငါးရာ တစ်ထောင်ဆို တွေ့ရမှာပါ'

ဖေဖေ ကျသွားခဲ့သည့် နေရာ...

ထိုအတွေးသည် ကျွန်တော့်ရင်အား အေးစက်ကြမ်းတမ်းစွာ ဆုပ်ညှစ်ချေပစ်လိုက်သည်။ ကျွန်တော် တစ်ခါတစ်ခါ တွေးခဲ့ဖူးသော 'ဖေဖေသည် တစ်နေရာရာသို့ ခြေရာဖျောက်ပုန်းရှောင်နေခြင်းဖြစ်သည်' ဟူသော အတွေးသည် ယခုအခါ ပို၍အင်အားပျော့လာ၏။ အဖြစ်မှန်နှင့် တစ်နေ့တခြား နီးကပ်လာသောကြောင့် ဖြစ်သည်။ တိတ်ဆိတ်သော နှင်းလွင်ပြင်နှင့် ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



ပြင်များ၏ တစ်နေရာရာမှာ ဖေဖေရှိနေသည် ဟူသော အတွေးက ပိုမို၍ခိုင်မာလာသည်ကို ကျွန်တော်ခံစားနေရပါသည်။

ဖေဖေ ဘယ်လိုဝေဒနာမျိုး ခံစားခဲ့ရသလဲ။ ဘယ်ဝေဒနာသည် ဖေဖေ့အသက်ကို နုတ်ယူသွားခဲ့တာလဲ။

'ကျွန်တော်တို့ ဒီနေ့ပဲ ဘာဖြစ်လို့ အဲဒီကို ရောက်အောင် မသွားနိုင်ကြရမှာလဲ'

ကျွန်တော့်အတွေးက စကားအဖြစ် လွတ်ခနဲထွက်သွား၏။ ကျွန်တော့်စကားကို ဦးဖီရမ် နားမလည်တာလား၊ မကြားတာလား မသိ။ ဘာမှ မထူးခြားပါ။

'အဲဒီနေရာကို ဘာဖြစ်လို့ ရောက်အောင်မသွားကြသေးတာလဲ'

ကျွန်တော် နောက်တစ်ခွန်းထပ်မေးသည့်အခါ ဦးဖီရမ် လှည့်ကြည့်၏။ သို့သော် ကျွန်တော့်အမေးကို သူ မဖြေရပါ။ ကျွန်တော့်နောက်မှာ ဘယ်အချိန်က ရောက်နေမှန်းမသိသော ဖုန်ဒီးရမ်က ဝင်ဖြေလိုက်သောကြောင့် ဖြစ်သည်။

'ဘာဖြစ်လို့ မသွားသေးတာလဲ ဆိုတော့ အမြင့်မှာ ကြုံရမယ့် အောက်ဆီဂျင် နည်းတဲ့ လေကို ငါတို့အဆုတ်က ခံနိုင်အောင် ကျင့်ပေးရဦးမှာမို့၊ နောက်ပြီး မင်းရဲ့ ကျောက်တောင်တက်အရည်အချင်းကို မစမ်းသပ်ရသေးလို့'

ကျွန်တော် လှည့်ကြည့်လိုက်တော့ ဖုန်ဒီးရမ်က ကျွန်တော့်အား မကြည့်ဘဲ သူ့အဖေအား လှမ်းကြည့်နေသည်ကို တွေ့ရသည်။ ဖုန်ဒီးရမ်သည် သူ့အဖေအား ကူညီဖို့ လိုက်လာသည်ဟု ကိုယ်တိုင်ဝန်ခံခဲ့ပြီးပြီ။ သူ့ အကူအညီကို ဦးဖီရမ် မလိုအပ်ခဲ့ကြောင်း တစ်လမ်းလုံး သိသာထင်ရှားနေခဲ့ပြီးသား၊ ဦးဖီရမ်သည် အများအားဖြင့် ရှေ့ဆုံးမှနေပြီး လမ်းရှာဖွေခြင်း လမ်းထွင်ခြင်းကို တာဝန်ယူပေးခဲ့သူ ဖြစ်သည်။ သူ့အကူအညီကို သူ့အဖေ လိုအပ်ခဲ့သည်ဆိုလျှင် အဲဒါ တစ်ခုတည်းပဲ ရှိမည်။ ကျွန်တော့်မေးခွန်းတွေကို ကာကွယ်ပေးဖို့ ဖြစ်သည်။ ယခုလို အနေအထားမျိုးပေါ့။

'ကျောက်တောင်တက်အရည်အချင်း...ဘယ်တော့ စမ်းမှာလဲ'





ကျွန်တော် စိတ်မရှည်စွာ မေးမိသည်။

'စမ်းမယ်၊ ဒါပေမဲ့ မင်းကို သတိပေးစရာတွေ ရှိတယ်၊ အခုက စပြီး ငါတို့သုံးယောက်က အဖွဲ့သားတွေ ဖြစ်တယ်၊ တစ်ခုခု လုပ်မယ်စိတ်ကူးရင် သုံးယောက်လုံး သဘောတူမှ လုပ်ရမယ်၊ အဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် တစ်ယောက်ကို ရွေးရမယ်၊ ခေါင်းဆောင်ရဲ့ ဆုံးဖြတ်ချက်ကို လိုအပ်တဲ့အခါ အရေးပေါ်အခြေအနေတွေမှာ ကျန်တဲ့လူတွေက လိုက်နာရမယ်'

ကျွန်တော် မခံချိမခံသာ ပြုံးမိသည်။

'အဲဒီ ခေါင်းဆောင်က ခင်ဗျားပဲလား'

ဖုန်ဒီးရမ် မပြုံးပါ။

'ဟုတ်တယ်'

'ကျွန်တော် ဘာဖြစ်လို့ ခေါင်းဆောင် မဖြစ်ရမှာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်း ဒီနယ်မြေကို မကျွမ်းလို့ပဲ၊ ဒါ ... ရှင်းရှင်းလေးပဲ ဘယ်သူ့ သွားမေးမေး...မင်း ခေါင်းဆောင်မဖြစ်ဘူး...နားလည်လား'

သူပြောတာ မှန်ပါသည်။ မှန်လွန်းနေသဖြင့် ကျွန်တော် အောင့်သက်သက် ဖြစ်သွားသည်။

'နားလည်တယ်၊ ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော် ငှားလာခဲ့တာတောင် ကျွန်တော်က ခေါင်းဆောင်လုပ်ခွင့်မရှိဘူး၊ ကျွန်တော် အဲဒါကို နားလည်ပါတယ်'

'ငှားလာခဲ့တာ...'

ဖုန်ဒီးရမ် မခံမရပ်နိုင် ဖြစ်သွား၏။ ကျွန်တော့်ဆီ တစ်လှမ်း တိုးကပ်လိုက်သောအခါ ကျွန်တော်နှင့် သူ ထိတော့မတတ် နီးကပ်သွားသည်။

'ငှားလာခဲ့တာလို့ မပြောနဲ့၊ မင်း အဲဒီစကားကို မပြောနဲ့၊ ငါတို့က မင်းဆီက အခကြေးငွေ တစ်ပြားမှ ယူမှာမဟုတ်ဘူး၊ ဒီတော့ ဒါ အကူအညီတောင်းတာပဲ၊ ဒါ ငှားတာမဟုတ်ဘူး'

'ဆောရီး... ကျွန်တော် စကားအသုံးအနှုန်း မှားသွားတာပါ'

'အဖေတစ်ယောက်အတွက် သားတစ်ယောက် ဘာတွေခံစားရမယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် ငါ့အလုပ်ကို ဘေးဖယ်ပြီး မင်းကိုဦးစားပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ခဲ့တာ၊ အရာရာကို ငွေနဲ့မတိုင်းနဲ့ ဥက္ကာ၊ ဒါ ရန်ကုန်မဟုတ်ဘူး၊ ဒီဆော ဒီတောင်မှာ ငွေတွေ ပုံပေးလဲ မင်းငွေတွေက မင်းကို မကယ်နိုင်ဘူး'

ကျွန်တော် မငြင်းနိုင်ပါ။ မငြင်းနိုင်သည့်အတွက်လည်း ကျွန်တော် စိတ်တိုမိပါသည်။

'ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို မကျေနပ်ဘူး၊ ကျွန်တော် သိနေတယ်။ ကိုယ့်ကို မကျေနပ်နေတဲ့လူတစ်ယောက်ကို ခေါင်းဆောင်တင်ပြီး သွားရတဲ့ခရီးမှာ ကျွန်တော်က ဘယ်လိုလုပ်ပြီး ယုံကြည်စိတ်ချလို့ ရမှာလဲ၊ ခင်ဗျား ကျွန်တော့်ကို လမ်းမှားဆီ မပို့ဘူးလို့ ကျွန်တော်စိတ်ချဖို့ ဘာနဲ့ အာမခံမှာလဲ'

သူ ကျွန်တော့်အား စူးစူးစိုက်စိုက် ကြည့်သည်။

'ဘာနဲ့မှ အာမ မခံဘူး၊ မင်း ငါ့ကို မယုံဘူးဆိုရင် မင်း ဒီကနေ လှည့်ပြန်ရုံပဲ၊ မင်းမှာ ရွေးစရာ လမ်းမရှိဘူး'

ကျွန်တော် သူ့ကို စိုက်ကြည့်လိုက်မိသည်။ သူကလည်း မျက်လုံး မလွှဲဘဲ ပြန်စိုက်ကြည့်နေသည်။

'အဖုန် ...'

ဦးဖိရမ်က သူ့သားကို ပခုံးဖက်ပြီး ဆွဲခေါ်သွား၏။ ထို့နောက် လေသံမာမာနှင့် စကားခပ်သွက်သွက် ပြောသည်။ ဖုန်ဒီးရမ်က ခေါင်းခါယမ်း ငြင်းပယ်နေ၏။ သူတို့နှစ်ယောက်ကို ကျွန်တော်အကဲခတ်နေမိသည်။

ဖုန်ဒီးရမ် ကျွန်တော် စိတ်ပျက်ပြီး ပြန်လှည့်အောင်များ ရည်ရွယ်ပြီး အခုလို စကားတွေ ပြောနေတာလား။ အဲသည်လိုတော့လည်း၊ မဖြစ်နိုင်ပါ။ အဲသည်လိုသာ ဆိုလျှင် သူ ဤခရီးကို လိုက်တောင်ပို့မှာမဟုတ်။

ခဏကြာတော့ ဖုန်ဒီးရမ် ကျွန်တော့်ဆီ ပြန်လှည့်လာသည်။ သူ့မျက်နှာမှာ တင်းမာမှုတွေ လုံးဝမရှိတော့သည်ကို တွေ့ရသည်။

'သွား ... တောင်တက်ပစ္စည်းထည့်တဲ့ အိတ် သွားယူချေ၊ ဒီမှာ ကျင့်မယ်' ကျွန်တော့်ကို ခိုင်း၏။

ကျွန်တော် သက်ပြင်းချပြီး တဲဆီသို့ ပြန်လျှောက်ခဲ့ရသည်။ ဖေဖေ့ အမှန်တရားကို သိဖို့ ကျွန်တော် ဘယ်အခြေအနေမျိုးကိုမဆို လက်ခံရန် အဆင်သင့်ရှိပါသည်။





ကျွန်တော့်မှာ လုံးပတ် ၁၁ မီလီမီတာ ရှိသော တောင်တက်ကြိုး တစ်ခွေနှင့် Harness ခါးသိုင်းကွင်းကြိုးများ ပါလာခဲ့ပါသည်။

ကျောက်တောင်တက်သည့်အခါ လိုအပ်လျှင် တောင်တက်ကြိုးဖြင့် နှစ်ယောက် တက်ရန် ဖြစ်ပြီး နှင်းတောင်တက်သည့်အခါ လိုအပ်လျှင် ထိုကြိုးဖြင့် သုံးယောက်တက်ရန် ဖြစ်သည်။ တောင်တက်ကြိုးသည် ဆွဲဆန့်နိုင်သော နိုင်လွန်ကြိုး အမျိုးအစား ဖြစ်၍ ဈေးလည်း ကြီးပါသည်။ ကြိုး၏ အရှည်သည် မီတာ ၄၀ ဖြစ်၍ အကြမ်းဖျင်း ပေ ၁၂၀ ရှည်သည်။ ကြိုး၏ ဆွဲအားသည် ကြိုး ခြောက်သွေ့နေသည့်အခါ ပေါင်ချိန် ၃၀၀၀ ကျော် ခံနိုင်၏။ ကြိုးစိုနေခဲ့လျှင် ဆွဲအားသည် ဆယ်ရာခိုင်နှုန်း လျော့သွားပြီး ပေါင်ချိန် ၂၅၀၀ လောက်သာ ခံနိုင်သည်ဟု ဆိုပါသည်။ ကိစ္စမရှိပါ။ ကျွန်တော်တို့ သုံးယောက်ပေါင်းလျှင်တောင်မှ ပေါင် ၆၀၀ မပြည့်နိုင်ပါ။ လူကိုယ်ခန္ဓာများသာမက ပစ္စည်းတချို့ပင် သယ်လို့ရပါသည်။

သည်မလာခင် ကျွန်တော် ရန်ကုန်မှာ အနီးကပ် တောင်တက်သင်တန်း အန်ကယ်ဦးထွန်းမြင့်ဆီမှာ သင်ခဲ့ကြောင်း ဖုန်ဒီးရမ် ယုံကြည်သွားအောင် ကျွန်တော် အစမ်းသပ်ခံနိုင်ခဲ့သည်။ ခါးနှင့် ပေါင်နှစ်ဖက်ကို သိုင်းသည့် သိုင်းကွင်း အသုံးပြုနည်း၊ ထို Harness သိုင်းကွင်းနှင့် တောင်တက်ကြိုးကို ချိတ်သံကွင်းဖြင့် ချိတ်ဆွဲနည်း၊ ကြိုးတက်ကိရိယာ (Jumar) ကိုင်တွယ်အသုံးပြုရင်း မတ်စောက်သော အမြင့်မှ တန်းလန်းကျနေသော ကြိုးပေါ်တွင် ခြေနင်းကွင်းကြိုးဖြင့် တွယ်တက်နည်းတို့ကို ကျွန်တော် လေ့ကျင့်ခဲ့ပြီး ဖြစ်ကြောင်း သူ ယုံကြည်စိတ်ချသွားအောင် ကျွန်တော် အစမ်းသပ်ခံနိုင်ခဲ့ပါသည်။

သူ ကျွန်တော့်ကို အဓိက လေ့ကျင့်ပေးသည့်နည်းမှာ ကြိုးထိန်းကိုင်နည်း ဖြစ်သည်။

'ထိန်းပေးတဲ့ သူက မကျွမ်းကျင်ခဲ့ရင် အကူအညီမရတဲ့အပြင် ပိုပြီးဆော့တောင် အန္တရာယ်များသေးတယ်၊ ဒီတော့ မင်း လက်တွေ့ထိန်းတတ်မှ ဖြစ်မယ်'

ဖုန်ဒီးရမ်နှင့် နှစ်ယောက် လေ့ကျင့်ပြီးသောအခါ ဦးသက်ထွန်းဆီသို့ အနီးကပ်သင်တန်း ထပ်တက်ရန် ကျွန်တော်တို့ သွားကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း တော်တော်ဖွဲ့ကောင်းသားပဲ'

ဤခရီးတွင် ပထမဆုံးအကြိမ်အဖြစ် ဒီးရမ်က ကျွန်တော့်ကို ချီးကျူးပါသည်။

'ကျွန်တော် ဖေဖေ့အဖြစ်ကို သိချင်လှပြီ' ကျွန်တော် ဝန်ခံလိုက်၏။

'ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ခြောက်နှစ်ကြာတဲ့အခါ ရေခဲပြင်တွေ ရွေ့ကုန်တယ်၊ အနေအထားတွေ ပြောင်းကုန်တယ်၊ သူ တစ်နေရာတည်းမှာ ရှိနေမှာ မဟုတ်ဘူး၊ ရှိခဲ့ရင်လဲ ရေခဲ အထပ်ထပ် ဖုံးပြီးနေပြီ၊ ဒီတော့ မင်း သူ့အလောင်းကို တွေ့ရလိမ့်မယ်လို့တော့ မထင်နဲ့'

'တွေ့ဖို့ ရာခိုင်နှုန်းဘယ်လောက်ရှိလဲ'

ဖုန်ဒီးရမ်က အေးတိအေးစက် ဖြေ၏။

'တစ် နဲ့ ကိုးပဲ၊ တွေ့ဖို့က တစ်၊ မတွေ့ဖို့က ... ကိုး'

'ကျွန်တော် တွေ့ချင်တယ်၊ တွေ့ရမှဖြစ်မယ်'

စိတ်အားထက်သန်စွာ ကျွန်တော် ပြောမိသည်။

'ငါလဲ တွေ့ချင်တယ်၊ မင်းထက်တောင် ငါက တွေ့ချင်သေးတယ်'

ကျွန်တော် အံ့သြသွားသဖြင့် သူ့ကို ရုတ်တရက် လှည့်ကြည့်မိသည်။ သူ ကျွန်တော့်ကို ကြည့်မနေပါ။

'ဒါမှ ... မင်းအဖေသေတဲ့ကိစ္စမှာ ငါ့အဖေ အပြစ်ကင်းတယ်ဆိုတာ သက်သေပြနိုင်မှာမို့ပဲ'

ကျွန်တော် စိတ်မကောင်းဖြစ်သွား၏။ ကျွန်တော့်ရင်ကို တိုက်ရိုက်ထိသွားသော စကား ဖြစ်ပါသည်။

ကျွန်တော် သူ့ပခုံးကို ခပ်ဖွဖွပုတ်၍ နှစ်သိမ့်လိုက်မိသည်။

*



## ပင်လယ်ရေပြင်အထက် ပေ ၁၄,၂၀၀

ခါကာဘိုရာဇီ၏ ညသည် အပြာရောင်ကဲသော အဖြူအမည်းနီးပါး အရောင်လျှော့ထားသည့် ပန်းချီကားတစ်ချပ် ဖြစ်သည်။

ကောင်းကင်မှာ ထိန်ထိန်သာနေသော ပြည့်ဝိုင်းခါနီး လက အဖြူရောင် တောက်တောက် ...။ လ၏ အထက် ကြယ်တွေက ပြာမှောင်သော ကောင်းကင်နောက်ခံတွင် ဖြူလက်လက် တောက်တောက်ပပ။ လ၏ အောက်ဘက်က ရေခဲပြင်က အဖြူရောင် မှုန်မှုန်၊ လနှင့် နှင်း၏ အဖြူနှစ်ခုကို ခြားထားပေးသော အနားသတ်မှာ မိုးကောင်းကင်၏ နက်ပြာရောင်သာ ဖြစ်သည်။

တစ်လောကလုံး တိတ်ဆိတ်နေသည်။ ကျွန်တော့်ကြားနေရသည့် တစ်ခုတည်းသော အသံမှာ ကျွန်တော့်နှလုံးခုန်သံသာ ဖြစ်၏။ ထိုအသံကို ကျွန်တော် ဘယ်လိုမှ တိုးတိတ်အောင် လုပ်လို့မရ။ စောင်ခြုံလို့လည်း တိုးတိတ်မသွား၊ မှောက်လျက်အိပ်လို့လည်း တိုးတိတ်မသွား။ နှလုံးခုန်သံသည် လပ်ဖ်ဒပ်ဖ် ... လပ်ဖ်ဒပ်ဖ်ဟု ကြားရသည်ဟု သူငယ်ချင်း ဆေးကျောင်းသားတစ်ယောက်က ပြော၏။ ယခု ကျွန်တော်ကြားနေရသော ကျွန်တော့်နှလုံးခုန်သံကတော့ ဒုတ် ဒုတ် ဒုတ် ဒုတ် မြည်နေသလိုပဲ။

တိတ်ဆိတ်သော ညတွင် တိတ်ဆိတ်သော နှင်းတောင်စောင်းမှာ ကျွန်တော့် နှလုံးခုန်သံကို ကြားနေရခြင်းသည် ပုံမှန်ပဲ ဖြစ်သည်။ သို့သော် ထိုပုံမှန်ကို ကျွန်တော်လက်မခံချင်။ သည့်ထက် တိတ်ဆိတ်စေချင်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



မှသာ ကျွန်တော်ကြားလိုသော စောင့်မျှော်နေသော အသံများကို ကြားရမည်။

ကျွန်တော် အသံတစ်ခုခုကို စောင့်နေသည်။

ကျွန်တော်စောင့်နေသော အသံမှာ ခါကာဘိုရာဇီ၏ တီးတိုးစကားသံဖြစ်သည်။

ဤတောင်ကို ခါကာဘိုရာဇီဟု ခေါ်နေခြင်းကိုက ဆူညံသော အသံများကြားနေရသော တောင် ဟူသည့်အဓိပ္ပာယ်ဖြစ်သည်ဟု ဆိုပါသည်။

ရဝမ်ဘာသာစကားဖြင့် ခါကာဘိုရာဇီကို ခခါဘိုရာဇီဟု ခေါ်သည်။ 'ခ' ဆိုသည်မှာ 'စကား'၊ 'ခါဘို' ဆိုတာက အသံမြည်ခြင်းကို ခေါ်သည်။ 'ရာဇီ'၏ အဓိပ္ပာယ်မှာ တောင်ဖြစ်သည်။ ထို့ကြောင့် ခခါဘိုရာဇီ၏အဓိပ္ပာယ်မှာ 'အမြဲတမ်း စကားသံများကြားနေရသော တောင်'ဟု ဆိုလိုသည်။ ရေခဲတောင်များ ပြိုကျလျှင် အသံမြည်၏။ နေ့လယ်က ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ကြားခဲ့ရပြီးပြီ။ ဟိုးအဝေးတောင်စောင်းမှာ ရေခဲတွေ အဆက်မပြတ် ပြိုဆင်းကျလာနေသည်မှာ ရေတွေစီးဆင်းနေသလိုပဲ။ ရေခဲတွေ နှင်းခဲတွေ စီးဆင်းနေသော နှင်းခဲရေတံခွန်ဟုပင် ကျွန်တော်ခေါ်ချင်သည်။ နှင်းခဲ ပြိုဆင်းသောအသံမှာ တကယ်ပင် ချောက်ချားစရာ ကောင်းအောင် ကျယ်လောင်လှသည်။

သို့သော် ကျွန်တော်စောင့်နေသည်မှာ ခါကာဘိုရာဇီ၏ နှင်းခဲပြိုသံမဟုတ်။ တီးတိုးစကားသံဖြစ်သည်။ ထိုအသံသည် နေ့ခင်းမှာ မကြားရ။ ညအိပ်သည့်အခါမှာသာ ကြားရသည်။ ခဏနေလျှင် ကျွန်တော်ကြားရတော့မည်။

ကျွန်တော် ရင် တဒိတ်ဒိတ်ခုန်လျက် စောင့်နေသည်။

ကြားရပြီ...။ တီးတိုးသံသဲ့သဲ့။ ကျွန်တော်စောင်ကို မျက်နှာမှ ခွာ၍ ရင်ဘတ်ပေါ်ထိ ချလိုက်သည်။ ကျွန်တော်တစ်ခုခုကြားနေရပြီ။ ကျွန်တော့်နားနား ကပ်၍ ပြောလိုက်သည့်အသံမျိုး၊ နားထဲသို့ ပြောသူ၏ ထွက်သက်လေ ငွေ့ငွေ့ တိုးခတ်သွားတာကိုပင် ကျွန်တော်ခံစားလိုက်ရသည်။

ဘာကိုပြောနေတာလဲ။ ကျွန်တော်မျက်စိမှိတ်ပြီး အားစိုက်နားထောင်ကြည့်သည်။





'သား...ဥက္ကာ၊ သား...ဥက္ကာ'

မဖြစ်နိုင်ဘူး၊ ကျွန်တော်ကြားနေရသည်မှာ ဖေဖေ့အသံ မဖြစ်နိုင်ဘူး။ အသံသည် နားနားကပ်ပြောနေသည်။ တိုးလွန်းသဖြင့် သဲသဲကွဲကွဲမကြားရ။

ကျွန်တော် အာရုံစိုက်ရလွန်းသဖြင့် မျက်ခွံတွေ လေးလံပိကျလာသည်။

ဖေဖေလား...။ အခု စကားပြောနေတာ ဖေဖေလား။

ကျွန်တော့်ကို လမ်းပြပေးပါ ဖေဖေ။ ဖေဖေရှိတဲ့နေရာကို ဖေဖေ အမှတ်အသား တစ်ခုခုပြပါ။ ကျယ်လွင့်သော၊ ထူထပ်သော၊ တရွေ့ရွေ့ ပြောင်းလဲနေသော ရေခဲတောင်ထုကြီးများ၏အောက်တွင် လူတစ်ယောက် တည်ရှိရာ နေရာမှာ အစက်ကလေး တစ်စက်မျှထက် မပိုပါ။

ကျွန်တော် ဖေဖေ့ကို တွေ့ချင်တယ်။

'ဖေဖေ့ကို တွေ့ချင်သလား'

ကျွန်တော့်နားနားမှာ ကပ်ပြီး ပြောလိုက်သံက ဖေဖေ့အသံ။ ကျွန်တော် ဒိုင်းခနဲ ရင်ခုန်သွား၏။

ဖေဖေ။

ဖေဖေ့အသံသည် ခြောက်နှစ်ကြာမြင့်ခဲ့သော်လည်း ပို၍ရင့်ရော်မသွား။ အရင်ကလိုပဲ လူငယ်တစ်ယောက်လို ခွန်အားရှိသောအသံ။

'ဟုတ်ကဲ့' ကျွန်တော့်အသံ ခြောက်ကပ်စွာ တိမ်ဝင်သွား၏။

'ဒါဖြင့် လိပ်ပြာလေးဆီ လိုက်ခဲ့'

ပီပီသသ ကြားလိုက်ရသော စကားသံ။ ကျွန်တော်ဖြုန်းခနဲ မျက်စိဖွင့်ကြည့်လိုက်၏။

ကျွန်တော့်တဲသည် လရောင်တိုက်ရိုက်မဝင်သဖြင့် အမှောင် လွှမ်းနေသည်။ အလင်းရောင်သည် မှိန်ပျပျကလေးသာ ထင်၏။ သို့သော် မှိန်ပျပျ အလင်းကလေးဖြင့်ပင် အဖေကို အဖေဟု သားတစ်ယောက်က သိနိုင် မြင်နိုင်ပါသည်။ လရောင် မရှိဘဲ မှောင်နေစေဦးတော့ အဖေကို သားက နှလုံးသား မျက်စိဖြင့် မြင်နိုင် ခံစားနိုင်မှာပါ။

ကျွန်တော့်ရှေ့တွင် ဖေဖေ ရိပ်ခနဲ လျှင်မြန်စွာ ရွေ့လျားသွား၏။

'ဖေဖေ...'

ဖေဖေ့ကိုယ်ပေါ်မှ အဝတ်အစားတွေမှာ ရန်ကုန်လေဆိပ်တုန်းက ဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေ မဟုတ်။ ဖေဖေ့ကိုယ်ပေါ်မှာ တစ်ခါမှ ကျွန်တော်မမြင်ဖူးခဲ့သော အညိုဖျော့ဖျော့ သို့မဟုတ် အသားရောင် ရင့်ရင့်...။ ပုဆိုးက မရန်းရောင် မှောင်မှောင်မည်းမည်း အကွက် ခပ်ကျဲကျဲ။

ကျွန်တော် ဖြွန်းဆို အိပ်ရာမှ ထထိုင်လိုက်သည်။

'ဖေဖေ သားကို စောင့်နေခဲ့တာ ကြာပြီ'

ဖေဖေ့မျက်နှာကိုတော့ ကျွန်တော်မမြင်ရ။ အသံကိုပဲ ကြားနေရသည်။ ဖေဖေသည် တဲအဝင်ပေါက်မှ အပြင်သို့ ထွက်သွားသည်။ ကျွန်တော့်မျက်စိအောက်မှ ဖေဖေ ပျောက်ကွယ်သွားမှာလား။ ကျွန်တော် ကမန်းကတန်း ထပြီး လိုက်ရသည်။

ထိုအခါကျမှ ကျွန်တော့်တဲ၏ အဝင်ပေါက် ဇစ်ကို တစ်ယောက်ယောက်က ဆွဲဖွင့်ထားခဲ့ပြီး ပလပ်စတစ်မိုးကာစ ဖတ်လပ်ကျနေသည်ကို သတိထားမိသည်။ ထိုအပေါက်မှ အေးမြလှသော ရေခဲလေတွေ တဝုန်းဝုန်းတိုက်နေ၏။

'ခဏလေး ဖေဖေ...ခဏ'

တဲအဝင်ဝမှာ အဖြူရောင် လိပ်ပြာလေးတစ်ကောင်။ မှောင်ရီရိုးဝါးပတ်ဝန်းကျင်၌ ထိုအဖြူရောင် သေးသေးလေးကို လိပ်ပြာဟု သိလိုက်ရသည်က ထိုအရာ တဖျတ်ဖျတ်လွင့်ခတ်ပြီး ရွေ့လျားနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကြည့်နေစဉ်မှာပင် လိပ်ပြာလေး အပြင်ထွက်သွား၏။ ကျွန်တော် အပြင်သို့ ထွက်လိုက်သည်။

လရောင်သည် ရေခဲတောင် နှင်းလွင်ပြင်ကို အဖြူရောင်ထပ်ဆမ်းထားသဖြင့် ကြည့်လေရာရာမှာ အဖြူဖြစ်သည်။ အဖြူချင်း ထပ်သွားသဖြင့် လိပ်ပြာအဖြူလေးကို ရုတ်တရက် မမြင်နိုင်ပါ။

သို့သော် ကိစ္စမရှိ။ ကျွန်တော့်အတွက် လိပ်ပြာကလေးကို တွေ့ရန် အရေးမကြီးတော့ပါ။ ကျွန်တော့်ရှေ့ နှင်းပြင်ပေါ်တွင် ခြေရာတွေကို မြင်နေရပြီ။ တစ်ထွာသာသာ နက်သော ခြေရာများသည် ဖေဖေ့ခြေရာကလွဲလို့ ဘယ်သူ့ခြေရာ ဖြစ်ဦးမှာလဲ။

ကျွန်တော်သည် ခိုက်ခိုက်တုန် အေးမြလှသော ရေခဲငွေ့လေထုအောက်မှာ ခြေရာတစ်ခုချင်းကို ထပ်တူနင်းလျက် လိုက်ခဲ့သည်။ ခြေရာများသည်





တောင်စောင်းအတိုင်း တက်သွားနေခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် အခုမှ သတိရသည်။ ကျွန်တော် ဖိနပ်စီးမထားပါ။ ခြေအိတ်သာ စွပ်ထားခဲ့သည်။ ထို့ကြောင့် နှင်းထုထဲသို့ နစ်ကျွံသွားသော ကျွန်တော့်ခြေထောက်များ အေးခဲ ထုံကျင်နေသည်။

ခြေရာတွေ စီတန်းလျက် တက်သွားသည့် နှင်းတောင်စောင်းကို ကျွန်တော် မော့ကြည့်လိုက်သည်။ ထိုအခါ ဖေဖေ့ကိုမြင်လိုက်ရလေသည်။ ဖေဖေ တောင်စောင်းဆီသို့ သွားနေခဲ့ခြင်း ဖြစ်သည်။ ဖေဖေ့ကိုသာမက လိပ်ပြာကလေးကိုပါ နက်မှောင်သော ကောင်းကင်နောက်ခံမှာ ထင်ထင်ရှားရှား မြင်လိုက်ရ၏။

ထို့နောက် လိပ်ပြာနောက်တစ်ကောင်။ ထိုလိပ်ပြာမှာ အနက်ရောင် ဖြစ်သည်။

ထို့နောက်... နောက်ထပ် လိပ်ပြာတစ်ကောင်၊ ထိုလိပ်ပြာမှာ အပြာရောင် ဖြစ်သည်။

ထို့နောက်... ဒေါင်းမြီးကွက်လို ရောင်စုံအဆင်နှင့် တောက်ပသော လိပ်ပြာ၊ ကျားသစ်အရေခွံလို လိမ္မော်ရင့်ရောင်နှင့် အမည်းပြောက်များ အကွက်ဖော်ထားသော လိပ်ပြာ၊ အဝါ နုနုဖျော့ဖျော့လိပ်ပြာ၊ မီးခိုးနှင့် အဖြူ စပ်ကျား လိပ်ပြာ။

အို...လိပ်ပြာတွေ ကောင်းကင်မှာ အများကြီး ဖြစ်လာ၏။

ထိုလိပ်ပြာတွေသည်...

ကျွန်တော် သိလိုက်ပြီ။ ထိုလိပ်ပြာတွေသည် ဖေဖေ့အား တစ်နေရာရာသို့ ခေါ်သွားဖို့ ဟန်ပြနေခြင်း ဖြစ်သည်။

ဖေဖေ...မသွားနဲ့။

ဘာရယ်လို့ မသိသော်လည်း ယခုလို ညသန်းခေါင်ဆိုတာ လိပ်ပြာတွေ အိပ်ချိန် ဖြစ်သည်။ ထိုကဲ့သို့သော လိပ်ပြာအိပ်ချိန်မှာ သည်လောက်များလှသော လိပ်ပြာတွေ ကောင်းကင်သို့ ဝဲပျံတက်နေကြခြင်းသည် ဘယ်လိုနည်းနှင့်မျှ မကောင်းပါ။ တစ်ခုခုတော့ မှားနေပြီ။

ဖေဖေသည် ဖြူဖွေးသော နှင်းတောင်စောင်း၏ အစွန်းသို့ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လိပ်ပြာတွေက ဖေဖေ့အား လေထုထဲသို့ ခေါ်နေကြဟန်ဖြင့် တောင်ပံများကို အလုပခဆုံး ခတ်ပြနေကြသည်။

ကျွန်တော် ခြေလှမ်းတွေ လှမ်းမှန်းမသိအောင် အေးခဲထုံကျင်နေသဖြင့် လိုရာသို့ တော်တော်နှင့် မရောက်ဘဲ ကျွံကျွံဝင်နေသည်။

ဖေဖေ ...။

ဖေဖေသည် တောင်စောင်းထိပ်စွန်းတွင် တစ်ခုခု ဆုံးဖြတ်လိုက်သလို မတ်တတ်ရပ် ငြိမ်သက်သွား၏။ ဖေဖေ ဘာလုပ်တော့မည်ဟု တွေးမိလိုက်သောအခါ ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည်။ မလုပ်ပါနဲ့ ဖေဖေ... အဲလို မလုပ်ပါနဲ့။

ကျွန်တော် ဖေဖေ့ဆီ လိုက်ခေါ်ဖို့ မမီနိုင်တော့မှန်း သိလိုက်ပါသည်။ ထို့ကြောင့် အော်ခေါ်လိုက်သည်။

'ဖေဖေ ...မလုပ်နဲ့'

ဖေဖေ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်၏။

ကျွန်တော် ခေါ်နေတာကို ဖေဖေမကြားဘူး။

ကျွန်တော် နှင်းပြင် ကျွံကျွံမှာ ဖွတ်ရုန်း၍ အားစိုက်ပြေးဖို့ ကြိုးစားသည်။ သို့သော် နှင်းတွေက ကျွန်တော့်ခြေထောက်ကို ဆွဲ ထား၏။

'မလုပ်ပါနဲ့ ဖေဖေ ...'

ကြည့်နေရင်းမှာပင် ဖေဖေ ရုတ်တရက် ခုန်ချပစ်လိုက်သည်။ ကျွန်တော့်ရင်ထဲမှာ တုန်ခိုက်စွာ နာကျင်သော ဝေဒနာဖြင့် ချောက်ချားစွာ အသံကုန်အော်ဟစ်ရင်း မျက်စိကို တအားပိတ်ထားလိုက်မိ၏။

'အား... ...'

ကျွန်တော့်တစ်ကိုယ်လုံး အေးစက်လွန်းသဖြင့် ထုံနေသည်။ သို့သော် ရင်ထဲမှာ မီးတောက်တစ်ခု အရှိန်ပြင်းစွာ လောင်မြိုက်နေသလို ပူလောင်စွာ နာကျင်နေ၏။

ထို ပူလောင်နာကျင်မှုကြောင့်ပင် ကျွန်တော် မျက်လုံးဖွင့်ကြည့်မိပါသည်။

ကျွန်တော့်ကိုယ် ကျွန်တော် နှင်းပြင်ပေါ်မှာ ဒူးထောက်လျက် တွေ့ရ





မည့်အစား အိပ်ရာပေါ်မှာ ပြန်တွေ့လိုက်ရသည့်အတွက် တစ်ခဏတော့ ကျွန်တော် နားမလည်သလို ဖြစ်မိသည်။

မှောင်ရီဝိုးတဝါးတဲထဲမှာ၊ အိပ်ရာထဲမှာ၊ စောင်ခြုံထဲမှာ။

ကျွန်တော် အိပ်မက် မက်နေခဲ့ပါသလား။ အဲဒါ အိပ်မက်ဟု ကျွန်တော် မထင်ပါ။

ကျွန်တော့်အာခေါင်တွေ ပူပြင်းခြောက်သွေ့နေသည်။ ကျွန်တော် ရေငတ်နေသည်။ ထို့အပြင် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။ တောင်တက်လာရသလို ရှိသမျှခွန်အားတွေ အကုန်လျော့ကျကုန်ပြီ...ဟု ခံစားနေရသည်။

အပြင်တွင် လရောင် သာနေဆဲ ဖြစ်မည်။

မှိန်ပျပျအလင်းကို ကျွန်တော့်တဲထဲမှ ခံစားလို့ ရနေသည်။ မိုး မလင်းသေးပါ။ သို့သော် အရုဏ်လာတော့မည်။ ကျွန်တော့်မျက်စိအောက်မှာ တစ်ခုခု လှုပ်သွား၏။ အဖြူရောင် သေးသေးလေးတစ်ခု လှုပ်ခတ်သွားခြင်းဖြစ်သည်။

ကျွန်တော် လက်နှိပ်ဓာတ်မီးကို စမ်းယူပြီး ခလုတ်ဖွင့်လိုက်၏။ ဓာတ်မီး အလင်းရောင်က တဲအဝင်ဝဆီသို့ ဖြာကျသွားသည်။ ကျွန်တော့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။

တဲ အဝင်ပေါက် ဇစ် ဆွဲချထားပြီး ပလတ်စတစ်မိုးကာစ တစ်ဝက် တစ်ပျက် ဖတ်လပ်ကျနေသည်။ ထိုမိုးကာစသည် အပြင်မှ တိုက်ခတ်လာသောလေဖြင့် တဖျတ်ဖျတ် လှုပ်နေခဲ့ပါသည်။

ကျွန်တော် စောစောက အပြင်ထွက်မိခဲ့တာ အမှန်တကယ်ပေါ့။ ဒါဖြင့် ကျွန်တော် ဘယ်လိုလုပ်ပြီး အထဲ ပြန်ရောက်နေခဲ့သလဲ။

မဟုတ်သေးပါ။ စောစောက ကျွန်တော် အိပ်မက်မက်နေခဲ့တာ သေချာပါသည်။ အိပ်မက်ထဲမှာ ဖေဖေ့ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ ဒါဖြင့် ... တဲအဝင်ဝ ဇစ်က ဘာကြောင့် ပွင့်နေသလဲ။

ကျွန်တော် ဖြုန်းခနဲ ထထိုင်လိုက်မိ၏။

ထိုစဉ် ကျွန်တော့်မျက်စိရှေ့သို့ ဖြူဖြူအရာလေးတစ်ခု ဖြတ်သန်းသွားသည်။ ကျွန်တော် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်စိကို ကျွန်တော် မယုံနိုင်လောက်အောင် အံ့ဩသွား၏။

စောစောက အဖြူရောင် လိပ်ပြာလေး။ မဟုတ်သေးဘူး၊ စောစောက ဆိုတာထက် အိပ်မက်ထဲက ဟု ပြောလျှင် ပို၍ ယုတ္တိရှိပါလိမ့်မည်။

အိပ်မက်ထဲမှာ အခုလေးတွင် ကျွန်တော်မြင်ခဲ့ရသော လိပ်ပြာအဖြူလေး ဖြစ်သည်။ လိပ်ပြာကလေး ဒီအချိန်မှာ ဘာလို့ ကျွန်တော့်အခန်းထဲ ရောက်နေပါလိမ့်။

လိပ်ပြာတွေသည် ဘယ်တော့မှ စောစောမနိုးတတ်ပါ။ နေရောင်ခြည် မလာမချင်း အိပ်နေတတ်သည့်အကောင်များ ဖြစ်သည်။ အခု ဘာဖြစ်လို့ အရုဏ်မတက်မီ ကျွန်တော့်အခန်းထဲသို့ ရောက်နေရပါသနည်း။

'ဖေဖေ့ကို တွေ့ချင်ရင် လိပ်ပြာတွေနောက် လိုက်ခဲ့…'

ဖေဖေ စောစောက ပြောခဲ့သည့် စကားကို ပြန်သတိရသွားသည်။ ခေါင်းမီး ပြန်ပိတ်လိုက်သည်။

ကျွန်တော် ဖြုန်းခနဲ ထရပ်လိုက်၏။ ကျွန်တော့်ခြေထောက်မှာ ဖိနပ်စီးမထားရသေးတာ သတိရသွားသည်။ အိပ်ရာဘေးက ဘွတ်ဖိနပ်ကို ကျွန်တော် လျင်မြန်စွာ ဝတ်လိုက်သည်။ ကျွန်တော့်ပခုံးနားမှာ လိပ်ပြာလေး ဝဲနေ၏။ လိပ်ပြာလေးကို လက်ခုပ်ဖြင့် ယူဖမ်းလိုက်တော့ အလွယ်တကူ အမိခံလေသည်။

ကျွန်တော် မျက်ရည် ချက်ချင်းရစ်ဝဲလာသည်။ ဖေဖေ…ဟု တ,လိုက်မိသောကြောင့် ဖြစ်သည်။

ကျွန်တော် တဲအပြင်သို့ ထွက်လိုက်သည့်အခါ အပြင်တွင် တော်တော်လင်းထိန်နေသည်ကို တအံ့တဩ မြင်တွေ့လိုက်ရလေသည်။ လရောင်ကြောင့် ဖြစ်မလား၊ အရုဏ်ရောင်နီ လာခါနီးမို့ ဖြစ်မလား။ နှစ်ခုပေါင်းလည်း ဖြစ်နိုင်ပါသည်။

အပြင်ရောက်တော့ လက်ခုပ်ထဲက လိပ်ပြာလေးကို လွှတ်ပေးလိုက်၏။ လိပ်ပြာလေး တောင်ပံတဖျတ်ဖျတ် ခတ်လျက် ကျွန်တော့်ရှေ့မှ နိမ့်နိမ့်လေး ပျံသန်းသွားသည်။

'လိပ်ပြာတွေနောက်က လိုက်ခဲ့'

ကျွန်တော် လိပ်ပြာလေး ပျံဝဲသွားရာသို့ လိုက်သွားမိပါသည်။





ကမ္ဘာလောကတစ်ခုလုံး အိပ်မောကျနေကြသည်။ နိုးနေသူဟူ၍ ကျွန်တော်နှင့် လိပ်ပြာလေးသာ ရှိသည်။

မဟုတ်ပါ။ ကျွန်တော်တို့နှစ်ယောက်အပြင် နိုးနေသူတစ်ယောက်ယောက် ရှိနေပြီ။ အဲဒါကိုလည်း ခပ်လှမ်းလှမ်း နှင်းတောင်စောင်းအထက်မှာမှ ကျွန်တော် သတိထားမိခြင်းဖြစ်သည်။ နှင်းတောင် ဆင်ခြေလျှောမှာ ခြေရာတွေ…။ လူ့ခြေရာဖြစ်လိမ့်မည်ဟု မျှော်လင့်ရသော်လည်း ဝက်ဝံခြေရာလည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်သည် နှင်းတောလွင်ပြင်ပေါ်မှ နှင်းထပ်ဖုံးနေသော ခြေရာတွေကို ခန့်မှန်းရာ၌ မကျွမ်းကျင်ပါ။

အန္တရာယ်…၊ အကယ်၍ ဝက်ဝံဖြစ်ခဲ့လျှင်…။

ကျွန်တော် နေရာမှာ တုန့်ခနဲ ရပ်မိသွား၏။ မိုက်မဲလှချည့်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိသောကြောင့် ဖြစ်သည်။ အိပ်မက်ထဲမှာ လိပ်ပြာနောက်ကို လိုက်လို့ ဖေဖေ့ကို တွေ့ရတိုင်း အပြင်မှာ လိပ်ပြာနောက်ကို လိုက်လို့ ဖေဖေ့ကို တွေ့ရလိမ့်မည်မဟုတ်။

လှို့ဝှက်သော ငြိမ်သက်သော နှင်းအပြည့် တောင်စောင်းမှာ အဖော်မပါဘဲ တစ်ယောက်တည်း ထွက်လာခြင်းမှာ တော်တော်မိုက်မဲသော လုပ်ရပ်ဖြစ်သည်။

ကျွန်တော် နောက်ပြန်လှည့်ရန် ခြေလှမ်းပြင်လိုက်၏။

သို့သော် မလှမ်းဖြစ်ပါ။ ကျွန်တော့်မျက်စိက တောင်စောင်းမြင်ကွင်းအဆုံးမှာ တစ်စုံတစ်ရာကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

လူတစ်ယောက်…။ ဝက်ဝံမဟုတ်ပါ။ လူတစ်ယောက် သေချာပါသည်။ ခပ်ညိုညိုမှိုင်းမှိုင်းသဏ္ဌာန်ဖြင့် မတ်တတ်ရပ် ကျောပေးနေသော လူ တစ်ယောက်ကို ပိတ်ဆီးနေသော နှင်းမြူတွေကြားထဲမှာ မြင်ရသည်။

သည်အချိန် သည်နေရာမှာ သည်လို ငြိမ်သက်စွာ မတ်တတ်ရပ်သူမှာ ဖေဖေက လွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ။ ကျွန်တော့်အတွေးကို ချက်ချင်းပင် ခေါင်းခါထုတ်ပစ်လိုက်၏။ အခိပ္ပာယ်မရှိတာ။ ဖေဖေမဖြစ်နိုင်ဘူး။ ဖေဖေက သေခဲ့ပြီပဲ။

ဖေဖေ သေပြီလို့ ဘယ်သူက အတိအကျ ပြောနိုင်ခဲ့လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငေးကြည့်နေစဉ် ထိုသဏ္ဍာန်က ရှေ့သို့ တရွေ့ရွေ့တိုးသွားသည်။ အိပ်မက်ထဲကလိုပဲ ဖြစ်သည်။ ဖေဖေ ခုန်ချတော့မည်။

ရုတ်တရက် စိုးရိမ်ပူပန်သွားကာ ဘာမှ မစဉ်းစားမိတော့ဘဲ လှမ်းအော်တားမြစ်လိုက်သည်။

'ဖေဖေ...မလုပ်နဲ့၊ မလုပ်ပါနဲ့'

ကျွန်တော့်အသံသည် ခါကာတိုရာ့စီတောင်၏ ကျောက်တောင်နံရံများဆီ လွင့်ပြီး ပဲ့တင်ထပ်လာသည်အထိ ကျယ်လောင်၏။ သို့သော် ဖေဖေလှည့်မကြည့်ပါ။

ကျွန်တော် နှင်းတောင်စောင်းတွင် ခြေရာအတိုင်း အားကုန်ပြေးတက်သွားမိသည်။

အပေါ် ရောက်သောအခါကျမှ ဖေဖေရပ်နေရာ၏ ရှေ့မှာ အက်ကွဲကြောင်းကြီးများကိုမြင်မိ၏။ နက်ရှိုင်းသော ရေခဲအက်ကွဲကြောင်းများသည် ရေခဲချောက်ကြီးများအဖြစ် အစိတ်စိတ် အမြွှာမြွှာ အက်နေခဲ့သည်။

စိုးရိမ်ပူပန်စိတ်ဖြင့် အားကုန်ပြေးတက်လာခဲ့ရသဖြင့် ကျွန်တော့် ရင်တစ်ခုလုံး ပွင့်လုမတတ် နာကျင်မောပန်းနေပါသည်။ ဖေဖေကလည်း တရွေ့ရွေ့ ရှေ့သို့ တိုးနေဆဲ။

'မလုပ်ပါနဲ့ ဖေဖေ...'

ကျွန်တော့်အသံမှာ နာကျင်ဝမ်းနည်းမှုကြောင့် တိုးတိမ်ဝင်သွားသည်။

ကျွန်တော် ဖေဖေနှင့် လက်တစ်ကမ်းအကွာ ရောက်သောအခါ ရှိသမျှ ခွန်အားအကျန်ကို သုံး၍ ဖေဖေ့ကို လက်မောင်းမှ ဆွဲလှည့် ဖက်လိုက်၏။ ဖေဖေ ကျွန်တော့်ဘက်သို့ တစ်ကိုယ်လုံး ယိုင်ကျလာသည်။

ကျွန်တော်၏ တဒိန်းဒိန်း ခုန်နေသော ရင် ငြိမ်သက်သွားသည်။

ဖေဖေ မဟုတ်ဘူး။

ဦးဖီရမ်...။ သူ့မျက်လုံးမှ မျက်ရည်များသည် လရောင်အောက်တွင် အရောင်လက်နေခဲ့သည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် တွေတွေကြီး ကြည့်ကာ ဘာစကားမှ မပြောနိုင်ဘဲ တိတ်ဆိတ်နေကြသည်။ တော်တော်ကြာသည်အထိ စကားစ ရှာလို့မရ။





တော်တော်ကြာမှ ဦးဖီရမ် ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။ နှင်းတွေပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ခြင်း ဖြစ်ပါသည်။

တဖြည်းဖြည်း သဲကွဲလာသော မြူငွေ့ပါးပါးအောက်တွင် အဘိုးကြီး၏ မျက်နှာ၌ တုန်လှုပ်ချောက်ချားမှုတစ်ခုကို ကျွန်တော်မြင်ရ၏။ ထိုမျက်နှာထားမျိုးကို ကျွန်တော် တွေ့ဖူးပါသည်။ ကျွန်တော်တို့အခန်း ခေါင်းရင်းက အဘိုးကြီးတစ်ယောက် သေခါနီး အသက်ငင်နေတုန်းက မျက်နှာထားမျိုး ဖြစ်သည်။ သေခြင်းတရားကို ကယ်တင်ရှင်အဖြစ် အားကိုးတကြီး လက်ကမ်းသည့် ဝေဒနာသည်တစ်ယောက်၏ မျက်နှာ။ ထိုမျက်နှာကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ။

ဦးဖီရမ်အတွက် ဘာကြောင့် သေခြင်းတရားဆီ အားကိုးတကြီး လက်လှမ်းရပါသလဲ။

ဘာကြောင့်လဲဆိုတော့ သူသည် နောင်တ၏ ဖိစီးမှုဒဏ်ကို ဆက်လက် မခံစားနိုင်တော့လို့ပဲ ဖြစ်မည်။

ကျွန်တော့်အာရုံထဲတွင် လွန်ခဲ့သည့် ခြောက်နှစ်က ဖေဖေ့အဖြစ်အပျက်ကို မြင်ယောင်လာ၏။ နှင်းတောင်ပေါ်မှာ တရွေ့ရွေ့တက်သွားနေသော ဖေဖေ...၊ မြေကပ်မြက်လေးများနှင့် သစ်ခွပင်ကလေးများကြားမှာ လိပ်ပြာများကို ရှာဖွေဓာတ်ပုံရိုက်နေသော ဖေဖေ၊ ရေခဲချောက်တစ်ခုအား ကျဉ်းသော အက်ကြောင်းနေရာမှ ကျော်ရန် ချိန်ဆနေသော ဖေဖေ၊ တစ်ယောက်ယောက်ကြောင့်များ ဖေဖေပြုတ်ကျသွားသလား။ ကျွန်တော်သည် ဖေဖေ ပြုတ်ကျသွားတာကို ကျွန်တော်ကိုယ်တိုင် ကျသွားသလို စူးနစ်စွာ နာကျင်လျက် အသည်းအေးသွားပါသည်။

ဖေဖေ့ခေါင်းမှာ သွေးတွေ ဖြာခနဲ ယိုစီးကျလာပြီး ရေခဲပြင်ပေါ် ဒူးထောက်လျက် ကျသွားသည်။ ဖေဖေ့လက်မှ လက်ပတ်နာရီမှာ ရွှေရောင်ကြိုးလက်စ် ဖြစ်သည်။ ဖေဖေ နိုင်ငံခြားသို့ ပညာတော်သင်သွားတုန်းက ပါလာခဲ့သော အမှတ်တရပစ္စည်းလေး ဖြစ်သည်။ ဖေဖေ့လက်စွပ်မှာ မေမေနှင့် ဖေဖေ မင်္ဂလာဆောင်တုန်းက မေမေနှင့် လဲထားခဲ့သော လက်ထပ်လက်စွပ် ဖြစ်သည်။

'ငွေကြေးအရတော့ တန်ဖိုးသိပ်မကြီးဘူးပေါ့ သားရယ်၊ ဒါပေမဲ့ မီဘ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုဆိုင်ရာ တန်ဖိုးနဲ့ကြည့်ရင်တော့ ဒီလက်စွပ်လေးဟာ မေမေ့အတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး'

မီးနှော့လ်တာ ကင်မရာ၊ စိန်လက်စွပ်၊ ရိုးလက်စ် နာရီ...။

ကျွန်တော် ကိုယ့်အတွေး ကိုယ်လန့်ဖျပ်သွား၏။

အဲဒီလို ဟုတ်မှာမဟုတ်ပါဘူး။

သို့သော် ထိုပစ္စည်းများသည် နှင်းတောင်စောင်းက လူသူကင်းဝေးရာမှာ လူနှစ်ယောက်တည်း ရှိသောအချိန်၌ လူတစ်ယောက်၏ လောဘကို ဆွဲဆောင်နိုင်လောက်အောင်တော့ တန်ဖိုးကြီးနေတာ အမှန်ပဲ။

ဒါဖြင့် ရိုက်ချလိုက်သူက ဘယ်သူလဲ။

ကျွန်တော် ဦးဖိရမ်အား ကြည့်မိသည်။

'အဖေ...'

ဖုန်ဒီးရမ် ကျွန်တော်တို့နားသို့ ရောက်လာ၏။ သူ့ကြည့်ရတာ စိုးရိမ်ပူပန်နေသည့် ဟန်။ သူ့ဖခင်အနီးသို့ သူကပ်သွား၏။

'ကြိုးလဲ မပါဘဲနဲ့ ဒီထိအောင် တက်ရသလား၊ ဘာဖြစ်လို့ နှစ်ယောက်တည်း လာရတာလဲ'

ကျွန်တော့်ကို မေးတာလား၊ သူ့ဖခင်ကို မေးတာလား မသိ။ မြန်မာစကားနှင့် မေးတာဆိုတော့ ကျွန်တော့်ကို မေးတာ ဖြစ်နိုင်သည်။

'ခင်ဗျားအဖေ ချောက်ထဲ ခုန်ချမလို့၊ ကျွန်တော် လှမ်းဆွဲ ထားလိုက်တယ်'

'ဟာ...'

ဖုန်ဒီးရမ် သူ့အဖေရှေ့တွင် ဒူးထောက်ချလိုက်၏။ ထို့နောက် ဖခင်၏ ပခုံးနှစ်ဖက်ကို တင်းတင်း ဆုပ်ကိုင်လိုက်သည်။ ထိုအခါ ဦးဖိရမ်သည် ကလေးငယ်တစ်ယောက်လိုပင် သူ့သား၏ ပခုံးပေါ်သို့ မျက်နှာမှောက်အပ်ချလိုက်၏။ သူ စကားပြောသောအခါ သူ့အသံတုန်ယင်နေသည်။ ရဝမ်ဘာသာစကားဖြစ်၍ ကျွန်တော်နားမလည်ပါ။ သို့သော် ဖုန်ဒီးရမ် နှစ်သိမ့်လိုက်တာကတော့ မြန်မာစကားဖြစ်သည်။ အဖေ၏ နောက်ကျောကို ခပ်ဖွဖွ ဖက်ရင်း နှစ်သိမ့်သည်။





'အဖေ့အပြစ် မဟုတ်ဘူး၊ အဖေနဲ့ ဘာမှမဆိုင်ဘူး၊ အဖေ စိတ်မဆင်းရဲပါနဲ့'

ကျွန်တော် အဘိုးကြီးကိုစိုက်ကြည့်ရင်း မေမေ့ကို တွန်းချလိုက်သည့် ရုပ်သဏ္ဍာန်ကို ဖြုန်းခနဲ မြင်ယောင်သွား၏။ မဟုတ်နိုင်ပါဘူး။ ဒီ အဘိုးကြီးဟာ ရိုးစင်းတဲ့ တောင်ပေါ်သားကြီးပဲ မဟုတ်လား။

သို့သော် ဘယ်သူမှ တပ်အပ်သေချာ မသိ။ အဘိုးကြီးကိုယ်တိုင်ပဲ သိပေလိမ့်မည်။

အင်း...ကျွန်တော် သိဖို့လည်း သိပ်မဝေးတော့ဘူးဟု ထင်ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၅,၉၀၀

ဖေဖေ့သေမင်းသည် လှ၏။

ရင်သပ်ရှုမောလှပသည့် ဖေဖေ့သေမင်းကို ကျွန်တော် ခါးသီးမှုအတိဖြင့် နာနာကြည်းကြည်း ကြည့်မိပါသည်။

မျက်စိတစ်ဆုံး နှင်းဖြင့်သာ ဖုံးလွှမ်းနေသည့် ရေခဲတောင်ကြီးသည် မြင်ကွင်းအပြည့် ကြီးမားကျယ်ပြန့်လှသည်။ ကျွန်တော့်အထက်မှ စီးမိုးနေသော ရေခဲပြင်ကြီးသည် နက်ရှိုင်းသော လျှို့ဝှက်မှုဖြင့် ကျွန်တော့်အား ငုံ့ကြည့်နေသည်။ ရေခဲပြင်ကြီး၏ နေရာအနှံ့အပြားတွင် အက်ကွဲကြောင်းအချို့ကို အရွယ် မတူညီစွာ ပြန့်ကျဲလျက်တွေ့ရသည်။

နှင်းသည် လှ၏။

တောင်သည် လူသား၏ မာနကို စိန်ခေါ်၏။

နှင်းဖုံးသော ရေခဲတောင်ကြီးများသည် တောင်တက်သမားများအတွက် အားပြင်းသော သံလိုက်တစ်ခုပမာ ဆွဲဆောင်ညှို့ယူလေသည်။

ဖြူဖွေးသော၊ နူးညံ့သော၊ အေးမြသော နှင်းကို ကျွန်တော် နှစ်သက်သဘောကျခဲ့ဖူးပါလိမ့်မည်။ သို့သော် ယခုအခါ ဖေဖေ့အသက်ကို နုတ်ယူခဲ့သော ရက်စက်သည့် သေမင်းတမန် နှင်းအား ကျွန်တော် ဘယ်လိုနည်းနှင့်မျှ သဘောမကျနိုင်ပါ။

တောင်သည် ကျွန်တော့်အတွက် အိပ်မက်တစ်ခု မဟုတ်ခဲ့။





ခါကာဘိုရာဇီသည် လည်းကောင်း၊ ဧဝရက်တောင်ထိပ်သည် လည်းကောင်း ကျွန်တော့်ကို ဘယ်တုန်းကမှ မဆွဲဆောင်နိုင်ခဲ့။ မြန်မာပြည်သာမက အရှေ့တောင်အာရှတစ်ခုလုံးမှာ အမြင့်ဆုံးဖြစ်သော ခါကာဘိုရာဇီတောင်ကို ကျွန်တော် သွားဖြစ်လိမ့်မည်ဟုလည်း ဘယ်တုန်းကမှ မထင်ထားခဲ့။ ဖေဖေ ခါကာဘိုရာဇီမှာ ပျောက်ဆုံးကွယ်လွန်ခဲ့ပြီဟု မေမေက ပြောခဲ့သည့်တိုင်အောင်လည်း ကျွန်တော် အာရုံကို ခါကာဘိုရာဇီက မလွှမ်းမိုးနိုင်ခဲ့။ ယခုတော့ ကျွန်တော် ခါကာဘိုရာဇီသို့ ရောက်ခဲ့ပြီ။

ဦးဖိုရမ်က ဒီနေရာ နားမှာပဲဟု ပြောပြီး ညွှန်ပြခဲ့သည့် နေရာသည် ရေခဲချောက် သုံးခု စုပြုံနေသော နေရာဖြစ်သည်။ တစ်ခုက ငါးပေလောက် ကျယ်သည့် အက်ကွဲကြောင်း၊ တခြားနှစ်ခုက ၁၀ ပေ ၁၂ ပေလောက် ကျယ်မည့် အက်ကွဲကြောင်းများ ဖြစ်သည်။ အက်ကွဲကြောင်းတစ်ခုဆိုလျှင် အရှည်မှာ ကိုက် သုံးလေးရာ ရှိမည်ထင်၏။

‘အဲဒီတုန်းက အက်ကြောင်းကို ငါတို့ မမြင်ရဘူး’ ဦးဖိုရမ်က အတိတ်ကို ပြန်သရုပ်ဖော်ပြသည်။

လွန်ခဲ့သော ခြောက်နှစ်ခန့်က ဖေဖေနှင့် ဦးဖိုရမ်သည် လိပ်ပြာတွေ ရှိနိုင်သမျှ အမြင့်ဆုံးထိ ရောက်လိုသော ဖေဖေ့ဆန္ဒကြောင့် ပေ ၁၆,၀၀၀ အမြင့်ထိ တက်ခဲ့ကြသည်။ ဖေဖေ့မှာ တောင်တက်ကြိုး ပါလာခဲ့သည်။ ပေ ၁၃,၀၀၀ ကျော်ကတည်းက ကျောက်တောင်နံရံများကို ဆက်တက်ရန် ဖေဖေသည် ဦးဖိုရမ်အား ခါးသိုင်းကြိုးနှင့် တောင်တက်ကြိုးအသုံးပြုပုံ၊ ချိတ်သံကွင်းနှင့် ခြေနင်းကွင်းကြိုး အသုံးပြုပုံတို့ကို လက်တွေ့သင်ကြားပေးပြီး လက်တွေ့တက်ခဲ့ကြသည်။ ဖေဖေသည် ခါကာဘိုရာဇီတောင်ထိပ် ရောက်အောင် တက်မည့်သူ မဟုတ်။ လိပ်ပြာတွေ ရှာမည့်သူသာ ဖြစ်သော်လည်း တောင်တက်သမားတစ်ယောက်လိုပင် စနစ်တကျ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ရေခဲပုဆိန်တစ်လက်ကိုပင် အသုံးပြုခဲ့၏။ ထို့ပြင် တောင်တက်ကြိုးကို ခါးက ချိတ်သံကွင်းထဲမှာ ထည့်၍ ကြိုးသုံးကာ နှင်းတောင်စောင်းမှာ လျှောက်ခဲ့၏။ ဤကိစ္စမှာ ဖေဖေ လိုသွားတာ တစ်ခုပဲ ရှိ၏။ လူ သုံးယောက် တွဲရမည့် ကြိုးကို လူနှစ်ယောက်ပဲ တွဲပြီး အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ဖေဖေ့မိတ်ဆွေ ရက္ခဗေဒပညာရှင်သည် ထိုနေ့က ငှက်များတက်နေသဖြင့် အခြေစိုက်



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှာ ကျန်ခဲ့သည်။ ဖေဖေ ပြုတ်ကျသည့်အခါ ဖေဖေ့ ကိုယ်အလေးချိန်ကို ဦးဖိရမ်က ဆွဲတင်မထားနိုင်ခဲ့ပေ။ ထို့ပြင် ကြိုးကို နှစ်ယောက်အကြား၌ နောက်ထပ် ချိတ်တွယ်ထိန်းထားသည့် အလေးချိန် မှုယူမည့် ငုတ်တစ်ခုကိုလည်း မဖန်တီးတတ်ခဲ့ပေ။

အောက်တိုဘာ ၁၆ ရက်သည် သာယာသော နေ့တစ်နေ့ ဖြစ်သည်။ သစ်ပင် ဟူ၍ လုံးဝမရှိတော့သော အမြင့်မှာပင် နှင်းထဲ မြုပ်လုမတတ် ကပ်နေသော မြက်ပင်စုစုလေးများအကြားမှာ ဖေဖေ့အတွက် တန်ဖိုးမဖြတ်နိုင်သော လိပ်ပြာတစ်ကောင် ရခဲ့သည်။ ဦးဖိရမ်အား ဖေဖေ ဝမ်းသာအားရပြခဲ့၏။ ထိုလိပ်ပြာကို ဦးဖိရမ် မှတ်မိနေသည်။

'အဲဒီလိပ်ပြာက အကြီးကြီးပဲ၊ အဖြူရောင်ပေါ်မှာ မီးခိုးငွေ့တွေလို အရောင်နဲ့ အကြောတွေ ရှိတယ်၊ အတောင်ပံမှာ အနီစက်နှစ်စက် ပါတယ်၊ ဒီကောင် အသံမြည်တယ်၊ ဘာလိပ်ပြာလဲ ငါ မသိဘူး'

နှင်းတောင်ပေါ်မှာက ရာသီဥတုသည် အပြောင်းအလဲမြန်၏။

ယခု နေသာ နေမည်။ နောက်တစ်နာရီတွင် နှင်းမုန်တိုင်း ချက်ချင်းရောက်လာမည်။ ဖေဖေ့မှာ လေဖိအားတိုင်းကိရိယာပါသော လက်ပတ်နာရီ မပါဘူးဟု ဦးဖိရမ်က ပြောပါသည်။

'ငါက ရေခဲတောင်တွေကိုသိတယ်၊ ရေခဲတောင်တွေက ငါ့ကို စကားပြောတယ်၊ ဒါကြောင့် ပြန်ရအောင်လို့ ငါပြောတယ်၊ မင်းအဖေက နောက်ထပ် လိပ်ပြာတစ်ကောင်ကို မြင်နေရတော့ မပြန်ချင်သေးဘူး၊ ထမင်းတစ်အိုးချက်လောက် ထပ်ကြာသွားတယ်၊ ဒါပေမဲ့ အဲဒီလိပ်ပြာကို သူ မမိဘူး၊ လိပ်ပြာက လူထက် မြန်နေတယ်'

ဖေဖေ့မှာ လိပ်ပြာဖမ်းသော ခြင်ထောင်ဇာလို အမျိုးအစား ပိုက်ကွန်တစ်ခု ပါလာခဲ့သည်။ ထိုပိုက်ကွန်ကို လက်တံရှည်အောင် ဝါးလုံး သေးသေးရှည်ရှည်ထိပ်မှာ တပ်လိုက်သောအခါ လက်လှမ်းမမီသည့် လိပ်ပြာကို ဖမ်းနိုင်သွားသည်။ ထိုဝါးလုံးကလေးသည် လိပ်ပြာဖမ်းသော လက်ကိုင် ဖြစ်သလို နှင်းလွှာထုကို ထောက်စမ်း၍ တိုင်းသောကိရိယာတစ်ခုလည်း ဖြစ်သည်။ ထိုဝါးလုံးဖြင့် အောက်က နှင်းလွှာထု ပွသလား ကျစ်သလား၊ နှင်း





ဖုံးနေသော ရေခဲအက်ကွဲကြောင်းတွေ ရှိနေသလား...သိအောင် တိုင်းတာကြည့်နိုင်သည်။

သို့သော် ဖေဖေ မသိခဲ့သည့် အချက်တစ်ခုရှိ၏။ ရေခဲတောင်များ၏ မာယာကို ကြိုတင်သိပြီး ကြိုတင်ရှောင်ရှားနိုင်ရန် အတွေ့အကြုံရှိသူ တစ်ယောက်၏ စကားကို ယုံကြည်လိုက်နာရမည်ဟူသော အချက်ကို ဖေဖေ မတွေးမိခဲ့။ ကောင်းကင်သည် ပြာလဲ့ကြည်စင်ကာ ငြိမ်သက်နေခဲ့သော်လည်း နောက်ကွယ်မှာ ရုတ်တရက် ကျရောက်မည့် နှင်းမုန်တိုင်းအန္တရာယ် ရှိနေသည်ဟု မတွေးမိခဲ့။ နှင်းမိုးကျမည်ဆိုလျှင်လည်း တောင်ပြိုမည့် လမ်းကြောင်းနှင့် အဝေးဆုံးမှာရှိသည်ဟု ဖေဖေစိတ်ချခဲ့မှာပေါ့။

အဲသည်နေ့က တောင်မပြိုခဲ့ပါ။ ရေခဲမြစ်သည်လည်း သူ့မူလ အမြန်နှုန်းထက် ပိုမြန်စွာ မရွေ့ခဲ့ပါ။ အဲသည်နေ့က ဖေဖေ့အသက်ကို ထုတ်ယူခဲ့သောအရာမှာ နုနုမွမွ ဖြူဖွေးနေသည့် နောက်ထပ်ကျသော နှင်းတို့ပဲ ဖြစ်ခဲ့၏။ နှင်းတို့သည် ထူထပ်ပိန်းပိတ်စွာ ကျနေခဲ့သဖြင့် ရှေ့နောက် ဆယ်ပေအကွာကို သဲကွဲစွာ မမြင်ရ၊ ထို့ထက် ပို၍ ဆိုးရွားသည်မှာ ရေခဲ အက်ကွဲကြောင်း ကျဉ်းကျဉ်းထဲသို့ နောက်ထပ် အသစ်ကျသော နှင်းတို့သည် အက်ကြောင်းအား မြေပြင်တစ်ခုလို ထင်ရအောင် အသွင်သဏ္ဌာန်ပြောင်းပေးတတ်၏။ အက်ကွဲကြောင်းကို အက်ကွဲကြောင်းအဖြစ် မမြင်ရတော့ဘဲ တောင်စောင်းဆင်ခြေလျှော နှင်းပြင်တစ်ခုလို မြင်ရသည်။

တောင်အတက်တွင် ဖေဖေက ရေခဲပုဆိန် လက်ကိုင်ရိုးရှည်အား နှင်းပြင်ထဲ စိုက်ချစမ်းသပ်ပြီးမှ ရှေ့မှ တက်သည်။ 'ကျွန်တော့်ခြေရာအတိုင်းလိုက်'

ရေခဲအက်ကွဲကြောင်းတွေသည် ကျယ်သည့်အပိုင်းတွင် လူခုန်ကူး၍ မရအောင် ကျယ်သည်။ ကျင်းသည့်အပိုင်း၌ ခြေတစ်လှမ်းစာသာ ရှိသည်။ သို့သော် ကျဉ်းသည့်အပိုင်းကို ရောက်ဖို့ စိတ်ရှည်ရှည် အလျားလိုက် အရှည်လိုက် ခရီးဆန့်ရသည်။

အပြန်မှာလည်း ဖေဖေက ရှေ့မှသွားပြီး ဦးဖိရမ်ကို နောက်မှ လိုက်စေသည်။ အပြန်မှာ နှင်းမုန်တိုင်းကြောင့် လမ်းတွေပျောက်ခဲ့သည်။

အက်ကွဲကြောင်းကို ဖုံးနေသော နှင်းထုသည် သာမန်အားဖြင့် ဆိုရလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်နှင်းပြင်နှင့် မသိမသာ ကွဲပြားသည်။ အနည်းငယ် ပို၍ချိုင့်နေတတ်သည်။ ဒါကို ဖေဖေလည်း သိသည်။ သို့သော်နှင်းဖတ် နှင်းလွှာများဖြင့် အမြင်အာရုံကို မှုန်ဝါးစေခဲ့သော ထိုညနေခင်းမှာတော့ ဘယ်သူမှ ခွဲခြား သိမြင်နိုင်မည်မဟုတ်။

ထိုနေ့ ညနေက တောင်ပေါ်က ပြန်ဆင်းတော့ ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင်ဖြင့် မြင်ကွင်းပိန်းပိတ်နေခဲ့သည်။ သူတို့နှစ်ယောက်ကြားတွင် တောင်တက်ကြိုးသည် ပေ ၇၀ ခြားနေခဲ့သည်။

ထိုနေ့ညနေက ဘာမှမမြင်ရဘဲ ဖေဖေ့အော်သံကို ရုတ်တရက် ကြားတော့ ဖေဖေပြုတ်ကျလေသလားဟု သံသယဖြစ်သွားကာ ဦးဖိရမ်သည် ကြိုးကို သတိနှင့် ထိန်းကိုင်ကာ ခြေကိုနှင်းခဲထဲတွင် ဖိဆောင့်လျက် တောင့်ထားလိုက်ပါသေးသည်။ မျက်တောင်တစ်ခတ်စာ အချိန်အတွင်း သူ့ကိုယ်မှာ တွယ်ထားသောကြိုးက တင်းခနဲဖြစ်သွားပြီး သူ့ကို တုတ်လှဲဆွဲယူလိုက်သဖြင့် တောင်စောင်းမှာ သူ တလိမ့်ခေါက်ကွေး ကျတော့သည်။ ရေခဲပုဆိန်က ဦးဖိရမ်ဆီမှာ မရှိ။ ဖေဖေ့ဆီမှာသာ ရှိသည်။ ထို့ကြောင့် သူ လိမ့်ဆင်းကျနေရင်းက သွေးရူးသွေးတန်း ကုတ်တွယ်စရာ ရှာသည်။ ဘာမှ မတွေ့။

ထို့နောက် သူ လက်ခနဲ သတိရသွားသည်။

ငါ့မှာ ဓားပါတာပဲ၊ ခါးကြားမှာ…။

သူသည် ခါးကြားမှာ အမြဲထိုးထားသည့်ဓားကို သတိရလျှင် ရချင်း ဆွဲထုတ်ဖို့ ကြိုးစားသည်။ သို့သော် ဆယ်ပေစာလောက် လိမ့်ပြီးမှ ဆွဲထုတ်လို့ရ၏။ ထိုဓားကို ရေခဲပြင်ပေါ် မြန်မြန်စိုက်ချမှ ဖြစ်မည်။ သူ့အတွက် အချိန်မရှိတော့သည်ကို သူ သိသည်။ ရှေ့ကလူနှင့် နောက်ကလူအကြား တောင်တက်ကြိုးက ပေ ၇၀ ပဲခြားသည်မို့ သူရေခဲချောက်ထဲ ပြုတ်ကျချိန်တွင် မိမိပါ ပြုတ်ကျရန် အများဆုံး ပေ ၇၀ ပဲအကွာအဝေးခြားသည်။ သူ တလိမ့်လိမ့် ငြိပါလာခဲ့သည်မှာ ဘယ်နှပေစာ ရှိပြီလဲ သူမသိ။

မြန်မြန်…။ ရေခဲပြင်ပေါ် သူ့ဓားကို အားကုန်သုံးပြီး စိုက်ချလိုက်ပြီး လက်နှစ်ဖက်နှင့် ခိုဆွဲထားလိုက်ရသည်။ လိမ့်ဆင်းကျနေမှု ရပ်တန့်သွား၏။ ဘုရားသခင် ကျေးဇူးတော်ပါပဲ။ သို့သော်…။

ဓားသည် သူ့ကိုယ်အလေးချိန်ကိုရော ရှေ့လူ၏ အလေးချိန်ကိုရော





ထိန်းထားနေရသည်။ ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မှာလဲ သူ မသိ။။

ကိုပြည်သိမ်းသည် ဘာဖြစ်လို့ ရေခဲပုဆိန်ဖြင့် နံရံကို မစိုက်ခဲ့မိသလဲ။ လက်ထဲမှ ပြုတ်ကျသွားသလား။ သို့မဟုတ် သတိလစ်မေ့မျောသွားပြီလား။

သူ့ခါးမှာပတ်ထားသော သိုင်းကြိုးရှိ ချိတ်သံကွင်းမှာ တောင်တက်ကြိုးက တင်းတင်းလိမ်ထားခဲ့သည်ဖြစ်သော်လည်း ယခုအခါ လူတစ်ယောက်၏ ကိုယ်အလေးချိန်ဖြင့် တင်းညှတ်နေခဲ့သဖြင့် ကြိုးသည် ချိတ်သံကွင်းမှ တဖြည်းဖြည်း လျှောဆင်းနေပြီ။ သည်အတိုင်းဆိုလျှင် သူ့ကိုယ်မှာ ပတ်ထားသော တောင်တက်ကြိုး လျှောပါသွားတော့မည်။ အဲသည်လိုသာ ဆိုလျှင် ချောက်ထဲမှာ တန်းလန်းဖြစ်နေသူ ချောက်အောက်သို့ ပြုတ်ကျတော့မည်။

သူ တောင်တက်ကြိုးကို ဖမ်းထိန်းချင်၏။ သို့သော် ဓားကို ကိုင်ထားရသည့် သူ့လက်နှစ်ဖက်ကိုလည်း မလွှတ်ရဲ၊ ဓားက မိမိတို့နှစ်ယောက်၏ အလေးချိန်ကို ခံနိုင်သည် ဆိုဦးတော့၊ မိမိ၏ လက်တစ်ဖက်တည်းကတော့ နှစ်ယောက် အလေးချိန်ကို တင်းခံနိုင်မှာမဟုတ်၊ ပြုတ်ထွက်သွားမှာပဲ။ ထို့ကြောင့် သူသည် လက်နှစ်ဖက်ကို ဓားလက်ကိုင်ရိုးပေါ်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားရ၏။

တောင်တက်ကြိုး…အိအိ အိအိဖြင့် လျှောပါသွားနေပြီ။ သူ ဘယ်လို လုပ်ရပါ့မလဲ။

ကိုပြည်သိမ်းသာ တစ်ချက်လေး ရေခဲ ပုဆိန် သုံးလိုက်မည်ဆိုလျှင် ကိုယ်အလေးချိန်တစ်ခုစာ လျော့သွားမည်။ တစ်ခဏလေးပဲဖြစ်ဖြစ် ကိုယ်အလေးချိန် လျော့သွားမည်။ ဒါဆိုလျှင် ဓားကို လက်တစ်ဖက်တည်းဖြင့် ကိုင်နိုင်မည်။ လက်တစ်ဖက်က တောင်တက်ကြိုးကို မိမိခါးတွင် ခိုင်အောင် ပြင်၍ ချည်နှောင်လို့ ရမည်။

သို့သော် အဲသည်လို လုပ်တော့ရော မိမိတို့နှစ်ယောက် သည်ဓား၏ ခုခံအားဖြင့် ဘယ်လောက်ကြာအောင် မြဲမြဲ တွယ်နေနိုင်မလဲ။

‘ကိုပြည်သိမ်း…’

သူ လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ပုဆိန်ကို သုံးလေ…စိုက်ချလေ’

အောက်ထဲက လူ ကြားမလား မကြားမလား သူ မသိ။ အော်ကြည့်ဖို့က သူ့တာဝန်။ သူ အော်သည်။ အသံတွေ အက်ကွဲသည်အထိ အော်သည်။ ချောက်ထဲက ကိုယ်ခန္ဓာက တွဲလောင်းကျနေဆဲ။

ဘုရားသခင်…။

သူ့ခါးရှိ ချိတ်သံကွင်းသည် တအိအိ လျှောကျပြီး ထွက်နေပြီ။ တစ်ဆေ စာပဲ ကျန်တော့သည်။ သည်တစ်ပေစာ လျှောပါသွားဖို့ သိပ်မဝေးတော့ဘူး သူသိနေသည်။

သူ့ခါးကို လိမ်ပြီး ပတ်လို့မရနိုင်ခဲ့ပေမယ့် သူ့ခြေထောက်ကတော့ ကြိုး ကို လိမ်ပတ်လို့ရမှာပဲ။ တစ်ချက်လောက် လိမ်လိုက်လျှင် ကြိုးအကျ နည်း နည်း ထိန်းပြီးသား ဖြစ်မည်။ ထိုအချိန်မှာ အောက်က လူက သတိပြန်ဝင် လာပြီး ရေခဲပုဆိန်ကို သုံးခဲ့လျှင်… …။

သို့သော် သူတောင့်တသည့် အတိုင်း ဖြစ်မလာခဲ့။

အရာရာသည် အချိန်တိုတိုအတွင်း လျင်မြန်စွာပြီးဆုံးသွားတော့သည်။

သူ့ချိတ်သံကွင်းမှ နောက်ဆုံးကျန်နေသည့် ကြိုးအစွန်းကလေးသည် သူ ဘာမှမလုပ်လိုက်ရသေးမီမှာပင် လျှောခနဲ ပါသွားတော့သည်။

‘ကိုပြည်သိမ်း…’

သူ့အသံသည် အကျယ်ကြီး မထွက်တော့။ တိုးတိမ်အက်ကွဲစွာ ထွက် သွားခဲ့သည်။

ထို့နောက် ရေခဲတောင်တစ်ခုလုံး ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်သွား တော့သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ချောက်ချားဖွယ် ကောင်း လောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပါသည်။

ဖေဖေ…။ ဖြစ်မှ ဖြစ်ရလေ။

ကျွန်တော် ယူကျုံးမရစွာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိတော့ သည်။

‘ငါ့အပြစ်…အဲဒါ ငါ့အပြစ်ပဲ၊ ငါ မထိန်းတတ်ခဲ့လို့’





အဘိုးကြီးအသံ တုန်ယင်နေသည်။

‘အဖေ့အပြစ် မဟုတ်ပါဘူး၊ ဒါ…ဘုရားသခင်ရဲ့ အလိုတော်ပါ အဖေ’

ဖုန်ဒီးရှမ်က နှစ်သိမ့်သည်။

‘ငါ ဒီနေရာကို ပြန်မလာချင်ဘူး၊ ငါကြောက်နေတာ၊ ငါ အိပ်မက်တွေ ခဏခဏ မက်တယ်၊ ရေခဲချောက်ထဲကို ခုန်ချတယ်လို့ ခဏခဏ အိပ်မက် မက်တယ်’

သူ့အသံတွင် ငိုသံ ပါလာသည်။ ကျွန်တော်သူ့ကို နှစ်သိမ့်ဖို့ လိုမည်ဟု သိပါသည်။ သို့သော် ကျွန်တော့်လည်ချောင်းတွေ အက်ကွဲဆို့နင့်နေခဲ့ သည်။

ကျွန်တော်မျက်နှာမှ လက်ဝါးကို ခွာလိုက်သည်။ ကျွန်တော့်ရှေ့မှာ အဖြူရောင် နှင်းတောင်ကြီး…ဖေဖေ့ သေမင်း။

ကျွန်တော် အက်ကွဲကြောင်းကြီးဆီသို့ ကဲ၍ ကြည့်လိုက်သည်။ နက် ရှိုင်းလွန်းသဖြင့် ပြာမှောင်နေသော အက်ကွဲကြောင်းကြီး၏ အောက်ခြေကို ကျွန်တော် မမြင်ရ။ ဖေဖေ ဘယ်မှာ ရှိနေနိုင်သလဲ။ သည်ဘက် အက်ကွဲ ကြောင်းလား၊ ဟိုဘက်အက်ကွဲကြောင်းလား၊ သို့မဟုတ် နှစ်တွေ ကြာမြင့် ခဲ့ပြီးနောက် ဖေဖေရှိနေမည့် ချောက်သည် နေရာရွှေ့ပြီး ရေခဲပြင်ကြီး ဖြစ် သွားပြီလား။ ကျွန်တော်ငုံ့ကြည့်နေသော ချောက်သည် နောက်ထပ် ရေခဲ အက်ကွဲကြောင်း အသစ်လား။ ဒါတွေကို ကျွန်တော်မသိနိုင်ပါ။ သိအောင် လုပ်ဖို့ကလည်း တစ်နည်းပဲ ရှိပါသည်။

ကျွန်တော့်ခါးနှင့် ပေါင်နှစ်ဖက်ကို Harness ခါးသိုင်းကွင်းဖြင့် တင်း တင်း စွပ်ကာ ပတ်လိုက်၏။ ထိုသိုင်းကွင်းခါးပတ်ချိတ်မှာ တောင်တက် ကြိုးနှင့် တွယ်ဖို့ ချိတ်သံကွင်း ထပ်တပ်လိုက်၏။ ထို့နောက် ဖုန်ဒီးရှမ် ပခုံး မှာ သိုင်းလွယ်ထားသော တောင်တက်ကြိုးကို တောင်းယူလိုက်သည်။

‘ဉက္ကာ…နေထွက်နေမြဲနော်’

ကျွန်တော် ဘာလုပ်တော့မည်ကို ဖုန်ဒီးရှမ် သိနေသည်။ သည်အချိန် မှာတော့ သူ မပြောနှင့် သိကြားမင်းကြီး ဆင်းတားတောင် ကျွန်တော် အဆိုး မဆိုင်းနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'မင်း အဲဒီကို အခုချက်ချင်း ဆင်းမှ စိတ်ကျေနပ်မှာလား'

တောင်တက်ကြိုးကို ကျွန်တော့်အတွက် ဖြည်ချပေးရင်း ဖုန်ဒီးရမ် မေးပါသည်။

'ဟုတ်တယ်'

ကျွန်တော် ရှည်ရှည်ဝေးဝေး စကားမပြောနိုင်ပါ။ နာကျင်စွာ ခါးသီးသော ရင်သည် ကျွန်တော့်နှုတ်ဖျားမှ စကားပြောနိုင်သည့် ခွန်အားကိုလည်း နုတ်ယူပြီး စကားပြောချင်သည့် ဆန္ဒကိုလည်း နုတ်ယူလိုက်ပါသည်။

'ဒီကြိုးက ကိုက် ၄၀ ပဲ ရှိတာ၊ ရေခဲချောက်က ကိုက် ၅၀ – ၁၀၀ ရှိနိုင်တယ်'

'လိုရင် ပလတ်စတစ်ကြိုးနဲ့ဆက်မယ်'

ဖုန်ဒီးရမ်က ဘာမှမပြောတော့ဘဲ ပလတ်စတစ်ကြိုးခွေကို သူ့အဖေထံမှ တောင်းယူ၍ နိုင်လွန်ကြိုးအဆုံးနှင့် ချည်လိုက်သည်။ ကြိုးချည်သည့်ပညာ၌ ကျွန်တော်က အပျော်တမ်းအဆင့်ဖြစ်လျှင် ဖုန်ဒီးရမ်က ပညာရှင်အဆင့်ဖြစ်ပါလိမ့်မည်။

'ငါတို့နှစ်ယောက် ပေါင်းပြီး ဆွဲရင် မင်းကိုယ်ကို ကောင်းကောင်း ထိန်းနိုင်တယ်'

အဲသည်လိုပဲ ကျွန်တော်မျှော်လင့်ပါသည်။

'မဟုတ်ဘူး…မင်းတစ်ယောက်တည်း ဆွဲရမှာ၊ ဟိုကျောက်စွန်းမှာ သွားချည်လိုက်'

ဦးဖီရမ်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သူ ဘာကိုဆိုလိုသည်ဟု ကျွန်တော် ချက်ချင်း နားမလည်လိုက်သော်လည်း သူ့သားက ချက်ချင်းသဘောပေါက်သွား၏။

'အဖေ…'

'ဟောဟို ကျောက်အချွန်ကိုတွေ့လား၊ အဲဒီမှာ နိုင်လွန်ကွင်းကြိုးနဲ့ ချိတ်သံကွင်း သွားပတ်ချည်'

'အဖေ ဆင်းဖို့ မလိုပါဘူး'

'ငါ ဆင်းမယ်'

'အဖေ…'





ဖုန်ဒီးရမ် မျက်နှာတော်တော်ပျက်သွားပါသည်။ သူ ကျွန်တော့်ကို လှမ်းကြည့်သည်။

'ဥက္ကာ…မင်း အဖေ့ကို ခေါ်မသွားနဲ့'

ကျွန်တော် ပခုံးတွန့်ပြလိုက်မိသည်။ထို့နောက် ခိုင်ခိုင်မြဲမြဲ ချိတ်တွယ်ရန် ကျောက်ဆူးပမာ စိတ်ချရစေဖို့ sling ကြိုး ခပ်ရှည်ရှည်တစ်ကွင်း ရွေးယူလိုက်ပြီး ထိုနေရာသို့ လျှောက်သွားလိုက်ပါသည်။ ကျောက်အစွန်းက နည်းနည်းကြီးသဖြင့် နှင်းတွေ အထပ်ထပ်ဖုံးနေ၏။ ထို့ကြောင့် ကြိုးကွင်းကို အစွန်း၏ အနိမ့်နိုင်ဆုံး ခါးအခြေထိ ရောက်အောင် သိုင်းစွပ်လိုက်ပြီး ခပ်တင်းတင်း ဆွဲခိုကြည့်လိုက်သည်။ ကျောက်အစွန်းမှာ တင်နေသော နှင်းလွှာထု ကြွေသွားပြီး အတွင်းက ကျောက်ဆောင်ကို တင်းကျပ်စွာ ပတ်မိသွားသည်။ ကျွန်တော့်နောက်မှာ ဖုန်ဒီးရမ် လိုက်လာသည်။

'အဖေက မင်းတားရင် နေခဲ့မှာပါ၊ မင်း တားလိုက်ပါ၊ မင်း အဖော်လိုအပ်ရင် ငါလိုက်ခဲ့မယ်'

ကျွန်တော် သူ့ကိုစိတ်မရှည်နိုင်တော့ပါ။ ကျွန်တော်လှည့်ကြည့်လိုက်သည်။

'သူ့ကို ကျွန်တော်ခေါ်တာမဟုတ်ဘူး'

'ဒါပေမဲ့ မင်း ဆင်းမှတော့ သူ နေခဲ့မလားကွ၊ သူပါ လိုက်ဆင်းသင့်တယ်လို့ သူထင်မှာပေါ့'

'ဟုတ်တယ်လေ…အဲဒါ လူပီသတယ်ဆိုတာ ပြတာပေါ့၊ အခက်အခဲကို အတူရင်ဆိုင်မှ ဒါကို ခရီးဖော်လို့ ခေါ်လို့ရမယ်'

ကျွန်တော် နိုင်လွန်ကွင်းရှိ ကြိုးချိတ်နိုင်ရန် ချိတ်သံကွင်းတွင် နောက်ထပ် ချိတ်သံကွင်းတစ်ခု ထပ်ချိတ်လိုက်၏။

'အဖေက မင်းရဲ့ခရီးဖော်မဟုတ်ဘူး၊ မင်း ဖွတ်အမမ္မခေါ်လို့ ဒီခရီးကို အဖေ လိုက်လာတာ'

ကျွန်တော်က ပလတ်စတစ်ကြိုးကို ချိတ်သံကွင်းထဲ ထည့်ပြီး အဖျားပိုင်းအခွေကို သူ့အား ပစ်ပေးလိုက်သည်။

'ကျွန်တော်ခေါ်လို့ သူလိုက်တာ မဟုတ်ပါဘူး၊ ဖေဖေ့ဝိညာဉ်က ခေါ်လို့ သူလိုက်လာတာပါ၊ သူ့နောင်တက သူ့ကို တွန်းပို့လိုက်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



အရင်းပိုင်းပလတ်စတစ်ကြိုးခွေကို ဖြည်ယူလာပြီး ချောက်ရှိရာသို့ ကျွန်တော်ပြန်လာခဲ့၏။ ချောက်နှုတ်ခမ်းမှာ ရှိရမည့်ကြိုးသည် တတ်နိုင်သမျှ ပလတ်စတစ်ကြိုး မဟုတ်ရ။ နိုင်လွန်ကြိုး ဖြစ်ရမည်။ ထို့ကြောင့် ပိုမည်ထင်ရသော ပလတ်စတစ်ကြိုးကို ဖုန်ဒီးရမ်ဘက်မှ ဆွဲယူခိုင်းရမည်။

'ဒါ အဖေ့အမှား မဟုတ်ဘူး'

ကျွန်တော် သူ့ကို တည့်တည့်လှည့်ကြည့်မိသည်။ ဘာမှတော့ မပြောလိုက်ပါ။

'အဖေ့နေရာမှာ ရောက်နေတဲ့ ဘယ်လိုလူမျိုးမဆို ဒီလိုလုပ်မှာပဲ၊ တစ်ယောက် အသေခံရုံနဲ့ ပြီးတဲ့ အခြေအနေမျိုးမှာ ဘယ်သူမှ နှစ်ယောက် လိုက်မသေဘူး'

ဦးဖီရမ်၏ နေရာမှာ ကျွန်တော်သာရှိခဲ့လျှင် ကျွန်တော်ပါ လိုက်သေရင်သေပါစေ၊ ကြိုးကို ဆွဲထိန်းယူမလား၊ ချောက်ထဲမှာ ရှိနေသူက ကျွန်တော့်အဖေ မဟုတ်ခဲ့လျှင် ကြိုးကို လှမ်းထိန်း မထိန်း မသေချာနိုင်။ သို့သော် ချောက်ထဲမှာ ကြိုးတန်းလန်း တွဲလောင်းကျနေတာ ဖေဖေဖြစ်နေသည်မို့ ကျွန်တော်တော့ တောင်တက်ကြိုးကို မရအရ ဆွဲမှာပဲ။ ဓားကို ခိုတွယ်ရုံမျှမကဘဲ နှင်းစီးဖိနပ်၏ crampon ဆူးတွေနှင့် ရေခဲပြင်ကို ဖိကန်ထိန်းပြီး တတ်နိုင်သမျှ ကိုယ်ကို တောင့်ပြီးထားမိမှာပဲ။ ကျွန်တော့်လက်တွေ ပြုတ်ထွက်ခါမှ ထွက်စေတော့။

'ကိုဒီးရမ်၊ ပလတ်စတစ်ကြိုးကို အဲဒီဘက် နည်းနည်းထပ်ဆွဲယူလိုက်စမ်းပါ'

ကြိုးတန်းလန်းချမည့် ရေခဲချောက်နှုတ်ခမ်းတွင် ကြိုးပွန်းပဲ့မှု နည်းနိုင်သမျှ နည်းစေရန်အတွက် အဝတ်တစ်ခုခုနှင့် ခံထားလျှင် ကောင်းမည်။ လိုအပ်လျှင် အတွင်းမှာ ထပ်ဝတ်ဖို့ သယ်လာသော ဖလန်နယ်ရှပ်အင်္ကျီကို ချောက်နှုတ်ခမ်းစွန်းမှာ ချလိုက်သည်။ ထိုအင်္ကျီပေါ်မှ နိုင်လွန်ကြိုးကို ချရမည်။

'ဥက္ကာ...'

'ခင်ဗျားအဖေရဲ့ သဘောပဲ၊ ကျွန်တော့်တိုက်တွန်းချက် တစ်ခုမှ မပါဘူး၊ သူ လိုက်ဆင်းမယ်ဆိုရင် ဒါ သူ့ဆုံးဖြတ်ချက်ပဲ'





'သေတဲ့သူက သေပြီးပြီ၊ ပြန်မရှင်နိုင်တော့ဘူး'

'ကျွန်တော်သိတယ်၊ ဒါပေမဲ့ ရှာရမှာပဲ'

'မင်း သိလား...ဒါ ကိုယ့်ကိုယ်ကို သေကြောင်းကြံတဲ့ ကိစ္စကြီး၊ မင်းလဲ မဆင်းသင့်ဘူး၊ ငါ့အဖေကိုလဲ ဆွဲမခေါ်သင့်ဘူး၊ ငါလဲ မင်းကို ဒီအထိ လိုက်ပို့ပေးခဲ့မိဖို့ မကောင်းဘူး'

ကျွန်တော် မျိုသိပ်ထားသော နာကြည်းမှုများ ပွင့်ထွက်သွားသည်။

'ကျွန်တော် ဆင်းသင့်တာတွေ မဆင်းသင့်တာတွေ ခင်ဗျား ပြောပိုင်ခွင့်မရှိဘူး၊ အဲဒီချောက်ထဲမှာ ရှိနေတာက ကျွန်တော့်အဖေ၊ ဒီတစ်ချက်တည်းနဲ့ပဲ ကျွန်တော် ဆင်းမယ်၊ ခင်ဗျား ကိုယ်ချင်းစာကြည့်ဖို့ကောင်းတယ်၊ သူ တာဝန်ရှိတယ်လို့ ယူဆလို့ သူလိုက်တာကိုလဲ ခင်ဗျား တားပိုင်ခွင့် မရှိဘူး၊ ကျွန်တော့်အဖေ သေရတဲ့ကိစ္စမှာ သူ အပြစ်မရှိပေမယ့် သူ့တာဝန် မကင်းဘူး၊ သူ လိုက်တာ မှန်တာပေါ့'

'သူ မလိုက်ရပါဘူး'

'ဒါဖြင့် ရအောင် တားလေ'

ကျွန်တော် နာကြည်းစွာပြုံး၍ စိန်ခေါ်လိုက်သည်။ သူ့အဖေကို သူ တားနိုင်မှာ မဟုတ်ပါ။ ကျွန်တော်သိပါသည်။ သူ့အဖေကို ချောက်ထဲ မဆင်းဖို့ ဘယ်သူမှ မတားနိုင်ပါ။

ဒါကို ဖုန်ဒီးရမ် သိသည်။ ထို့ကြောင့် သူ ဒေါသတကြီး အော်၏။

'မင်း အရူးပဲ'

ဦးဖီရမ်သည် ထိုအချိန်၌ သူ့ခါးက ကြိုးသိုင်းကွင်းကို ချိတ်သံကွင်းဖြင့် ချိတ်ပြီး တောင်တက်ကြိုးနှင့် တွဲနေပြီဖြစ်သည်။

'ဒါ ရူးတာမဟုတ်ဘူးဗျ၊ ဒါ...လုပ်သင့်လုပ်ထိုက်တာကိုလုပ်တာ၊ သားတစ်ယောက် လုပ်ရမယ့်အလုပ်ကို လုပ်တာပဲ၊ အဲဒီအောက်မှာ ရှိနေတာ ခင်ဗျားအဖေ ဆိုရင် ခင်ဗျား မဆင်းဘဲ နေမှာလား'

ကျွန်တော် သူ့ကို စေ့စေ့ကြည့်ပြီး မေးမိသည်။ ဖုန်ဒီးရမ် ကျွန်တော့်ရှေ့သို့ နီးကပ်စွာ လာရပ်၏။ သူ့မျက်လုံးမှာ အေးတိအေးစက် စိမ်းကားမှုကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အေး...အဲဒီအောက်မှာ ရှိနေတာ ငါ့အဖေသာဆိုရင် ငါဆင်းမှာ၊ ဒါယေမဲ့ မင်းလို ခြောက်နှစ်ကြာမှတော့ မဟုတ်ဘူး၊ ချက်ချင်းဆင်းရှာမှာ...နားလည်လား'

ထိုစကားသည် ကျွန်တော့်နှလုံးသားကို ဆွဲဆုတ်ချေမွလိုက်သလို နာကျင်စေသောစကား ဖြစ်၏။ ကျွန်တော့်တစ်ကိုယ်လုံး ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားသွားစေသော စကား ဖြစ်၏။

ကျွန်တော် နောက်ကျခဲ့သည်။ ဖေဖေ့ဆီလာဖို့ ကျွန်တော် နောက်ကျခဲ့သည်။ ကျွန်တော်သိပါသည်။ သားတစ်ယောက်အနေနှင့် ခြောက်နှစ်ကြာအောင် ဖေဖေ့ကို လျစ်လျူရှုခဲ့မိသည်။ ခြောက်နှစ်...။

'အခုမှတော့ မင်းဆင်းနေလို့ အလကားပဲ၊ သူသေပြီ၊ မင်း သိလား...သူသေပြီ၊ ရေခဲတုံးတောင် ဖြစ်နေပြီ'

'တော်တော့...မပြောနဲ့'

ကျွန်တော် နာကျင်စွာ ဒေါသတကြီး အော်မိပြီး ရေခဲပြင်ပေါ် ဒူးထောက်ချလိုက်မိသည်။

ကျွန်တော့်ကို ဖေဖေ စောင့်ခဲ့သလား။ ကျွန်တော် လာကိုလာမှာ...ဟု ဖေဖေ မျှော်လင့်ခဲ့သလား။ ရေခဲချောက်အမှောင်ထုထဲမှာ ဖေဖေ တစ်ယောက်ယောက်ကို သွေးရူးသွေးတန်း အားကိုးတကြီး စောင့်မျှော်နေခဲ့သည်ဆိုလျှင် ထိုတစ်စုံတစ်ယောက်မှာ သူ့သားပဲဖြစ်ပါလိမ့်မည်။ ဖေဖေ့ကို အချိန်မီ ကယ်တင်ဖို့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်သိပါသည်။ ဖေဖေသတင်းကြားကြားချင်း လိုက်မည်ဆိုလျှင်တောင် ပုံမှန်အားဖြင့် အနည်းဆုံး ရက် ၂၀ ကြာမည့်ခရီးဆိုတာ ကျွန်တော် သိပါသည်။ သို့သော် ကျွန်တော်နည်းလမ်းတစ်ခုခုရှာခဲ့ဖို့ ကောင်းသည်။ ရှိသမျှစည်းစိမ်ဥစ္စာကို ပုံအောလျက် ဖေဖေ့ဆီ အမြန်ရောက်မည့် ရဟတ်ယာဥ်တစ်စီးစီးကို ငှားခဲ့လို့ မရဘူးလား။ ဖေဖေ့ကို ချက်ချင်း ရှာဖို့ မဖြစ်နိုင်ဘူးဆိုတာတော့ လုံးဝမဟုတ်။ ကျွန်တော်သည် ဖေဖေ ပျောက်ကွယ်မှုနှင့် ပတ်သက်ပြီး ကြုံသမျှကို ကြုံသည့်အတိုင်း လက်ခံခဲ့မိခြင်းသာ ဖြစ်သည်။ ထို့အတွက် ကျွန်တော် ကိုယ့်ကိုယ်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါ။

ဒါ...သားတစ်ယောက်တဲ့လား။ အဲဒါ ဖေဖေ့သားတဲ့လား...။





ကျွန်တော် ထိန်းချုပ်ထားလျက်က မျက်ရည်တွေတွေကျကာ ရေခဲပြင်ကို လက်သီးဖြင့် ထိုးခွဲလိုက်မိသည်။

'ကောင်လေး...'

ကျွန်တော့်ပခုံးကို တစ်စုံတစ်ယောက်က လာကိုင်သည်ကို ခံစားရသည်။

'အဲဒီတုန်းက မင်းက ကလေးပဲ'

ကျွန်တော့်ကို သူဆွဲထူပါသည်။

ကျွန်တော် လက်အိတ်စွပ်ထားသည့် လက်ခုံဖြင့်ပင် မျက်ရည်များကို ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်မိ၏။

'ဆောရီး ဉက္ကာ...ငါ ပြောခဲ့တာတွေအတွက် ငါတောင်းပန်ပါတယ်'

ဖုန်ဒီးရမ်က ကျွန်တော့်အား စိတ်မကောင်းဟန်ဖြင့် ကြည့်နေခဲ့သည်။

'ကဲ ကဲ... ဆင်းမယ်၊ ကောင်လေး... ငါ အောက်ရောက်မှ မင်းလိုက်ဆင်း'

ကြိုးပစ်ချပြီးနောက် ဦးဖိုရမ် အရင်ဆင်းဖို့ ပြင်သည်။ ဖုန်ဒီးရမ်က သူ့အဖေခေါင်းမှ ဖိုက်ဘာ Helmet ဦးထုပ်ကြီး နည်းနည်းလျော့နေသည်ကို ပြင်၍ ကျပ်ပေးလိုက်ပြီး ဦးထုပ်မှာ တပ်ထားသည့် ဓာတ်မီးကို ခလုတ်ဖွင့်ပေးလိုက်၏။ ဦးဖိုရမ် သူ့သားကို တစ်ချက် ခေါင်းဆတ်ပြပြီး အောက်သို့ဆင်းသွားသည်။ ကျွန်တော်တို့နှစ်ယောက် သူ့ကို ထိန်းပေးကြရသည်။

'ငါ့အဖေက ရင်ကျပ်ရောဂါ ရှိတယ်၊ ငါ့အဖေ အခြေအနေမဟန်ရင် မင်း ငါ့ကို အချက်ပြပါ၊ သူကတော့ အချက်ပြမှာ မဟုတ်ဘူး'

ဖုန်ဒီးရမ်၏ မျက်နှာတွင် စိတ်ထိခိုက်ကြေကွဲမှုကို တွေ့ရ၏။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

'ရေခဲချောက်ထဲမှာလဲ အောက်ဆီဂျင် နည်းနေမှာပဲ၊ သတိထား...အသက်ရှူလို့မဝရင် ချက်ချင်းပြန်တက်နော်...ခေါင်းမမာနဲ့'

'အင်းပါ'

ကျွန်တော်တို့ ကံကောင်းပါသည်။ ရေခဲချောက်မှာ ပေ ၁၀၀ ကျော်သာ နက်ရှိုင်းပုံရ၏။ ချောက်နှုတ်ခမ်းထိ ပလတ်စတစ်ကြိုးကို ဆွဲစရာမလိုဘဲ နိုင်လွန်ကြိုး မဆုံးခင်မှာပင် ဦးဖိုရမ် အောက်အခြေသို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆက်ထုံးမရှိသော နိုင်လွန်တောင်တက်ကြိုးတွင် ကျွန်တော်တို့ အလိုက်သင့် ဆင်းဖို့ တက်ဖို့ လွယ်ကူသွားပါသည်။

ကျွန်တော့်အလှည့်ဖြစ်၏။ ကြိုးကို ကျွန်တော့်ခါးရှိ ချိတ်သံကွင်းမှာ ချိတ်လိုက်သည်။ ချိတ်သည့်အခါ ကွင်းထဲသို့ ကြိုးဝင်ရုံလျှိုရုံခြင်း မဟုတ်ဘဲ ချိတ်သံကွင်း၏ သံမဏိကွင်းများတွင် ကြိုးကို တစ်ပတ်လိမ်ရစ်ပြီးမှ ချိတ်ရခြင်း ဖြစ်သည်။ သို့မှသာ မတော်တဆလက်လွှတ်ခြေလွှတ် ပြုတ်ကျခဲ့သော် ခါးတွင် ကြိုးတင်းပြီး လူက တွဲလောင်းကျန်နေခဲ့သည်။ ထိုသို့မဟုတ်ပါက ကွင်းသည် ကြိုးတစ်လျှောက် အသာလေး ချော်ဆင်းကာ လူက အောက်သို့ပြုတ်ကျသွားနိုင်ပါသည်။

'ရာသီဥတု အခြေအနေမဟန်ရင် ...တစ်ခုခုထူးခြားရင် ငါ ကြိုးလှုပ်လိုက်မယ်၊ မင်းတို့သွားလေရာကို ခါးမှာ ကြိုးပါပါစေ၊ မင်းတို့လိုသလောက် ဒီက ကြိုးလျှော့ချပေးမယ် ...ကြားလား'

'အင်း ...'

'ဒီမှာ ကြည့်စမ်း'

သူ ကျွန်တော့်အား ပခုံးမှ ဆွဲကိုင်လှည့်၏။ သူ့မျက်လုံးတွေ တည်ငြိမ်နေသည်။

'မင်းအဖေ သေတဲ့ကိစ္စမှာ ဘယ်သူ့အမှားမှ မဟုတ်ဘူး၊ ဘယ်သူ့မှ နောင်တ ရစရာမလိုဘူး၊ အလောင်းတွေ့ချင်မှ တွေ့မယ်၊ ရောက်အောင် ပြန်တက်ခဲ့ ...ကြားတယ်နော်'

'ဟုတ်ကဲ့ပါ'

ကျွန်တော် အောက်ဆင်းရန် ကြိုးဖြင့် တွယ်ပြီး လျှော့ချလိုက်သည်။ ဖုန်ဒီ့ရမ်က ပလတ်စတစ်ကြိုးကို ခါးဖြင့် ရစ်ပတ်ထိန်းလျက် ကြိုးစနှစ်ပိုင်းလုံးကို လက်က ကိုင်ရင်း ရေခဲပြင်ပေါ်မှာ မတ်မတ်ရပ် ကျန်ခဲ့၏။ အဲခုနေမှာ သူ လက်လွှတ်သွားလျှင်လည်း သူ့ကိုယ်မှာ လိမ်ရစ်ထားသော ကြိုးက တင်းတင်းကျန်ရစ်နေလိမ့်မည်။ ကျွန်တော့်ကိုယ်ခန္ဓာကြောင့် သူပါ ပါလာစရာတော့ မရှိ။ သူ့ကိုယ်အလေးချိန်က ပေါင် ၁၄၀ လောက် ရှိလိမ့်မည်။ ကျွန်တော့်ကိုယ်အလေးချိန်က ပေါင် ၁၂၀ သာ ရှိပါသည်။ သူပါ လိမ့်ကျပါလာလျှင်တောင် ကျောက်အစွန်းရှိ ကြိုးပိုင်းက တင်းတင်းဆွဲထားထား





နိုင်ပါလိမ့်မည်။ သူကိုယ်တိုင် ကြိုးကို ဖြုတ်မချမချင်း ကျွန်တော် ကျမည် မဟုတ်။

အခုမှ သတိရသည်။ ကျွန်တော်နှင့် နန္ဒာ ဘာမျှမပတ်သက်ကြောင်း သူ့ကို ထပ်သတိပေးခဲ့မိဖို့ ကောင်းသည်။ ကျွန်တော် နန္ဒာ့အပေါ် ဘာစိတ်ထွေပြားမှုမှ မရှိတော့ကြောင်း သူ ယုံမှ ယုံပါ့မလား။ ကျွန်တော်သည် သူ့ရည်းစားကို လုမည့်သူ မဟုတ်။ ကျွန်တော် လှမ်းအော်ပြောရန် အပေါ်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်သည် ကျဉ်းကျဉ်းရှည်ရှည် အလျားလိုက်ဖြစ်နေသည်။ ရေခဲတချို့ ကြိုးနှင့် ထိခိုက်မိပြီး အောက်သို့ ပြုတ်ကျလာသည်။

မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ ဖုန်ဒီးရမ်ကို ကျွန်တော် ယုံပါသည်။ သူသည် ကျွန်တော့်အပေါ် မုန်းတီးချင် မုန်းတီးမည်။ သူ့နှမအပေါ် မရိုးမသားစိတ်ရှိသူဟု သတိထားပြီး ဆက်ဆံချင် ဆက်ဆံမည်။ သို့သော် သူ ကျွန်တော့်ကို အသက်သေစေချင်ရလောက်သည့် အကြောင်း မရှိ။ နောက်ပြီး သူ့မျက်လုံးတွေက ရိုးဖြောင့်သည်။

ကျွန်တော့် လက်အိတ်ဖြင့် ကြိုးကို ထိန်းရသည်မှာ အားမရသလို ဖြစ်နေ၏။ သို့သော် ယခုမှတော့ လက်အိတ်ကို ချွတ်နေဖို့ ကျွန်တော့်မှာ လက်မအားတော့ပါ။ လက်တစ်ဖက် လွှတ်ပြီး တစ်ဖက်တည်း ကြိုးကို ထိန်းသည့် ကာလ ကြာမှာကိုလည်း မလိုချင်ပါ။ ထို့ပြင် လက်အိတ်သည် အားမရစရာ ဖြစ်ပေမယ့် ကြိုးကို လျှောဆင်းသည့်အခါ ပွတ်တိုက်မှုကို လက်၏ ကိုယ်စား ဒဏ်ခံပေးသည်။

ပြာမှောင်သော အေးစက်သော ရေခဲချောက်သည် ကျွန်တော်တို့ နှစ်ယောက်အား တိတ်ဆိတ်လျှို့ဝှက်စွာ ကြိုဆိုနေခဲ့ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့ ချောက်က မနေ့က ချောက်ထက် ကျယ်၏။ ဆယ့်ငါးပေလောက် ကျယ်သည်။ ထို့ကြောင့် ချောက်အောက်ခြေတွင် အလင်းရောင်နည်းနည်းရလိမ့်မည်ဟု မျှော်လင့်ပါသည်။

ချောက်ထဲသို့ မဆင်းမီ ပလတ်စတစ်ကြိုး၏ အခြေအနေကို သေချာအောင် စစ်ဆေးကြည့်ရသေးသည်။ ချိတ်သံကွင်းနှင့် ပွန်းမိသည့်နေရာတို့၌ အနည်းငယ်ပွန်းနေသည်ကို တွေ့ရ၏။ ကိစ္စမရှိဘူးဟု ယူဆစရာရှိသော်လည်း အချိန်မရွေး ပြတ်ကျနိုင်သည်။ ထို့ကြောင့် သေချာအောင် နိုင်လွန်ကြိုးကို ထိန်းမည့် နောက်ထပ်ကျောက်ဆူးအခိုင်တစ်ခုကို ရေခဲပြင်ပေါ်မှာ ထပ်ရိုက်ဖို့ လိုသည်။ ထို့ကြောင့် ရေခဲပြင်သုံး ဝက်အူရစ်ချောင်းကို ရေခဲပြင်ပေါ်မှာ ငုတ်စိုက် ရိုက်ပြီး တောင်တက်ကြိုးကို ထိန်းနိုင်ဖို့ ပြင်ဆင်ရပါသည်။

'အဖေ…ဒီတစ်ခါ ကျွန်တော်ဆင်းမယ်'

'ငါပဲ ဆင်းမယ်၊ မင်းက အရေးကြုံရင် ဆွဲတင်ပေးနိုင်တဲ့ ခွန်အား ရှိတယ်'

သည်ကနေ့လည်း ဦးဖိုးရမ်ပဲ ကျွန်တော်နှင့်အတူ ဆင်းသည်။ သူပဲ အရင်ဆင်းပြီး ကျွန်တော်က နောက်မှဆင်းပါသည်။

ရေခဲချောက်ဆိုသည်မှာ တောင်ကြားကြီးတစ်ခုလုံးမှာ အပြည့်ဖုံးနေသော နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ မာခဲနေသည့် ရေခဲများအတွင်းမှ အက်ကွဲကြောင်းဖြစ်သည်။ နှစ်ပေါင်း ရာနှင့် ထောင်နှင့်ချီ၍ ကြာလာသောအခါ အတွင်းက ရေခဲသည် မာကျောကျစ်လျစ်ကာ မှန်သားပြင်လိုဖြစ်လာသည်။ ထိုမာကျောသော ရေခဲပြင်သည် အပူအအေး ရာသီဥတု ခြားနားပြောင်းလဲမှုကြောင့် အက်ကွဲလာပြီး နက်ရှိုင်းသော ရေခဲချောက်များ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရေခဲမြစ်ဟုပဲ ခေါ်ခေါ်၊ Glacier ဟုပဲ ခေါ်ခေါ် ရေခဲချောက်များ ရှိရာ ထိုရေခဲပြင်ကြီးသည် မြစ်ကဲ့သို့ စီးဆင်းရွေ့လျားနေသည်။ တစ်နေ့တွင် သုံးပေ လေးပေ ခရီးရောက်အောင် ရွေ့လျားသည်ဟု ဆိုပါသည်။





ရေခဲမြစ်သည် တောင်စောင်းအတိုင်း မတ်စောက်စွာ ရွေ့နေသည့်အခါ သူရွေ့ရသည့် အောက်ခံကျောက်သားကျောက်စိုင်သည် ညီညာချောမွေ့ခြင်းမရှိ။ ထို့ကြောင့် ရေခဲတုံးတချို့သည် အက်ကွဲလွင့်ကာ ပြိုကျတတ်သည်။ ထိုရေခဲတုံးများသည် လက်သီးဆုပ်လောက်ရှိသော အသေးမှ နွားတစ်ကောင်လောက်ကြီးသော အလတ်စားအရွယ်နှင့် အိမ်လောက်ကြီးသော အကြီးစားအရွယ်အထိ အမျိုးမျိုးရှိသည်။

ထို့ကြောင့် ရေခဲပြင်ပေါ်မှာ ရေခဲမြစ်ပေါ်မှာ ကြာရှည်သွားလာခြင်းသည် အန္တရာယ်ဖြစ်သည်။ ရေခဲမြစ် ရေခဲရေတံခွန်ကြီး ပြိုကျလာနိုင်စရာ လမ်းကြောင်း၏အောက်မှာ ကြာရှည်နေခြင်းသည် အန္တရာယ် ဖြစ်သည်။ ရေခဲမြစ်၏ အောက်ထဲ ရေခဲချောက်ထဲ ဆင်းပြီး သေဆုံးပြီးသား လူ တစ်ယောက်၏ အလောင်းကို ရှာဖွေခြင်းကတော့ လောကမှာ အမိုက်မဲဆုံး လုပ်ရပ်သာ ဖြစ်နိုင်ပါသည်။

သို့သော် ထိုလုပ်ရပ်ကို ကျွန်တော်လုပ်ခဲ့မိပြီ။ မနက်ဖြန်ထိ ဆက်ရှာဖွေဦးမည်ဟု ကျွန်တော်ဆုံးဖြတ်သည်။

ကျွန်တော့်လုပ်ရပ်မှာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်သူများ၏ လုပ်ရပ်နှင့် သိပ်မကွာဘူးဟု ဖုန်းဒီးရမ်က ညတုန်းက ဝေဖန်ခဲ့၏။

ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်သူနှင့် မတူသောအချက်တစ်ခုက ကျွန်တော့်မှာ မျှော်လင့်ချက် ရှိသည်။ ကျွန်တော် ဖေဖေ့အလောင်းကို တွေ့နိုင်သည်၊ သို့မဟုတ် (ရှုးကြောင်ကြောင် စိတ်ဝေဒနာရှင်၏ အတွေးမျိုးဖြင့် ခဏခဏ တွေးဖူးသလို) အောက်ထဲက ရေခဲတောင်ကြားထဲမှာ မြစ်တစ်ခုခု ရှိမည်။ စိမ်းလန်းသော တောအုပ်တစ်ခုခု ရှိမည်။ အသားအဖြစ် စားလို့ ရသော အအေးပိုင်းသတ္တဝါလေးတွေ ရှိမည်ဆိုလျှင် ရေခဲလိုဏ်ဂူတစ်ခု၌ မီးဖိုကာ အနွေးဓာတ်ယူပြီး အဲသည်မှာ ခြောက်နှစ်ကြာအောင် ဖေဖေ အသက်ရှင် နေနိုင်မည်။

ရုပ်ရှင်တွေမှာ မကြာခဏကြည့်ရသလို ဖွဲ့ကောင်းသည့် ကယ်တင်ရှင်နှင့် မျှော်လင့်ချက်မလျှော့သည့် ကယ်တင်ခံပုဂ္ဂိုလ်၏ ကြည်နူးကြေကွဲစရာ ပြန်လည်တွေ့ဆုံခန်းလိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'သား... သား ရောက်လာမယ်ဆိုတာ ဖေဖေသိနေတယ်'

အဲသည်လိုသာ ဆိုလျှင် ကမ္ဘာလောကကြီး ဘယ်လောက်များ နေထိုင်ချင်စရာ ကောင်းလိုက်မလဲ။ ရက်ရောတတ်သည့် သဘာဝတရားကြီးကို ရော ဘယ်လောက်များ ကျေးဇူးတင်ဖို့ ကောင်းလိုက်ပါမည်လဲ။

သို့သော် အဲသည်အတွေးတွေ ဘယ်လိုမှ မဖြစ်နိုင်ကြောင်း ကျွန်တော် သိပါသည်။ ထိုကဲ့သို့ မျှော်လင့်ရအောင် ကျွန်တော်က လေးနှစ်သားအရွယ် ကလေးလေး မဟုတ်။ ယုတ္တိတန်သောဖြစ်ရပ်ကိုသာ ကျွန်တော်မျှော်လင့်ရမည်ဖြစ်၍ ကျွန်တော် စိတ်ကူးအယဉ်နိုင်ဆုံး ဖြစ်ရပ်မှာ ဖေဖေ့အလောင်းကို ရှာဖွေတွေ့ရှိခြင်းဟုသာ ဖြစ်သည်။

အဲသည်အခါကျမှသာ ကျွန်တော့်နောင်တတွေ ပြေလျော့ပျောက်ကွယ်သွားပါလိမ့်မည်။ ဖေဖေ့ကို ချက်ချင်း ရှာဖွေအတည်မပြုနိုင်ခဲ့သည့် ကျွန်တော့်အတွက် နောင်တတစ်ခု ရှိသည်ဆိုလျှင် ဖေဖေ့အသက်ကို မကယ်နိုင်ခဲ့သည့်အပြင် တောင်တက်ကြိုး လျှော့ထွက်ကျတာကို ဆွဲထိန်းမပေးနိုင်ခဲ့မိသော ဦးဖီရမ်၏ နောင်တက ပို၍နက်ရှိုင်းပါလိမ့်မည်။

ထို့ကြောင့်လည်း အပြစ်မကင်းသလို ခံစားရသော (ဖေဖေနှင့် ပတ်သက်နေသူ) လူနှစ်ယောက် အချိန်မရွေး ရေခဲပြင်၌ ညှပ်ပိ လှောင်ပိတ်ကာ သေဆုံးနိုင်သည့် ဤခရီးကို စိတ်လိုလက်ရ ရွေးချယ်ခဲ့ကြခြင်းအတွက် နားမလည်နိုင်စရာ အကြောင်းမရှိပါ။

ကျွန်တော်တို့ ရှာရမည်။ သုံးရက် အချိန်ပေးပြီး ရှာမည်။

ကျွန်တော်တို့၏ ရိက္ခာက ကျွန်တော်တို့ကို ရေခဲတောင်ပေါ်မှာ သုံးရက်လေးရက်ထိ နေဖို့ အခွင့်ပေးထား၏။ ရာသီဥတုက ကျွန်တော်တို့ကို ဘယ်လောက်ထိ ခွင့်ပေးမလဲ ကျွန်တော်မသိပါ။

ယခုချောက်၏ အောက်ခြေသည် ကျွန်တော်ထင်ထားသည်ထက် ပို၍ ကျဉ်းနေ၏။ ကျွန်တော်က မနေ့က ချောက်လိုပင် ငါးပေလောက်တော့ ကျယ်ပြန့်မည် ထင်ခဲ့သည်။ သို့သော် သုံးပေခန့်သာ ကျယ်သည်။ ငါးပေ ကျယ်သည့် အချို့နေရာများ ရှိသော်လည်း ချောက်သည် ကွေ့ကောက်ကာ Zig Zag ပုံသဏ္ဌာန် ဖြစ်နေသဖြင့် ဘယ်နေရာက ဘယ်လောက်ကျယ်မလဲ





ကျွန်တော် မခန့်မှန်းနိုင်ပါ။ နံရံက လူနှင့် နီးကပ်လွန်းသဖြင့် နံရံက ရေခဲတို့၏ အေးခဲသောအငွေ့သည် ကိုယ်ခန္ဓာထဲသို့ အင်္ကျီအထပ်ထပ်ကို ဖောက်လျက် ဝင်လာ၏။ အသက်ရှူရသော လေသည် ထူပျစ်ကာ လေးလံနေသည်ကို ခံစားရ၏။ ကျွန်တော်တောင် သည်လောက် အသက်ရှူရခက်ခဲနေလျှင် ဦးဖီရမ် ဘယ့်နှယ်နေပါမလဲ။ ဒါကြောင့်လည်း ဖုန်ဒီးရမ်က တစ်ရက်လျှင် ချောက်တစ်ခုပဲ ဆင်းရန် ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။ ဦးထုပ်မှာ တပ်ထားသော ဓာတ်မီးအလင်းရောင် ပျပျလေးဖြင့် မှုန်းကျပ်စွာ အေးခဲတုန်ခိုက်သော အမှောင်ထုထဲတွင် လမ်းလျှောက်ရသည်မှာ စိတ်ချမ်းမြေ့ဖွယ် တစ်စက်မျှ မရှိပါ။

လေထု ပါးလျားပြီး အောက်ဆီဂျင် နည်းပါးခြင်းကြောင့် အသက်ရှူမဝသောအခါ လူသည် ကယောင်ချောက်ချားဖြစ်တတ်သည်ဟု ကျွန်တော် ကြားဖူးသော်လည်း ကိုယ်တိုင် ကယောင်ချောက်ချားဖြစ်မိလိမ့်မည်ဟုတော့ မထင်ခဲ့မိ။

'ဖေဖေ...'

တစ်နာရီခန့် အလဲလဲ အပြိုပြိုဖြင့် လျှောက်လှမ်းတူးဆွပြီးသည့်နောက် အေးခဲချမ်းတုန်ကာ တိတ်ဆိတ်မှုဒဏ်ကို မခံနိုင်တော့ဘဲ ဖေဖေ့အား အော်ခေါ်မိသည်။ ကျွန်တော့်အသံသည် ရေခဲချောက်ကမ်းပါးနံရံတွင် ပဲ့တင်ထပ်သွား၏။

ရေ့မှာသွားနေသော ဦးဖီရမ်က ကျွန်တော့်အတွက် စိတ်ပူစွာ ပြန်လှည့်လာသည်။

'ကောင်လေး...'

ကျွန်တော် လွတ်သွားသော စိတ်ကို ပြန်ထိန်းချုပ်ယူလိုက်ရ၏။

'ကျွန်တော် ဘာမှမဖြစ်ဘူး၊ အသံတစ်ခုခု ကြားချင်လို့ ခေါ်မိတာ'

ထိုအခါ ဦးဖီရမ်က သီချင်းတစ်ပုဒ် ညည်းလေသည်။ ထိုသီချင်းကို အဓိပ္ပာယ် ကျွန်တော်နားမလည်ပါ။ သို့သော် သူတို့ ရှာခမ်လူမျိုးများ တနင်္ဂနွေ ညတိုင်း ဘုရားရှိခိုးဆုတောင်းသည့်အခါ သီဆိုသည့် သီချင်းဟု ကျွန်တော် မှတ်မိသည်။ သူတို့သည် စာအုပ်များ ဖွင့်ပြီး ဖယောင်းတိုင်မီး သို့မဟုတ် မီးပုံမီး ထင်းမီးအလင်းရောင်ဖြင့် သီချင်းရွတ်ဆိုကြသည်။ သူတို့၏အခုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါ ကျွန်တော်ကြည့်မိတော့ ဂီတသင်္ကေတများကို ကျွန်တော်မြင်ရသည်။ ကျွန်တော်တော့ ဂီတသင်္ကေတကို မဖတ်တတ်။ သင်္ကေတနှင့်လည်း သီချင်း မဆိုတတ်။ သူတို့ ရဝမ်တွေကို ကျွန်တော် ချီးကျူးမိပါသည်။ သာမန် အထမ်းသမားများတောင် ဂီတသင်္ကေတကိုကြည့်ပြီး သီချင်းဆိုကြသည်။

'ဦး သီချင်းက ကောင်းတယ်ဗျ'

'အေး...ကောင်းလား'

'ဘာအဓိပ္ပာယ်လဲ'

'ဘုရားသခင်ကို တိုင်တည်ဆုတောင်းတာပဲ၊ အမှောင်ထဲမှာ လမ်းမှန်ကို လျှောက်ဖို့ ဘုရားသခင်က လမ်းပြပါ၊ အဲဒါမျိုးပေါ့'

ကျွန်တော်တို့၏ နေ့လယ်စာမှာ ကျောပိုးအိတ်ထဲမှ အပူအအေးထိန်းရေဘူးနှင့် ကိတ်ခြောက်များ ဖြစ်သည်။ ကိတ်ခြောက်တစ်ခု ဝါးလိုက်၊ ရေတစ်ကျိုက် မော့သောက်လိုက်နှင့် ရေခဲလမ်းကျဉ်းကြားမှာ တိုးဝင်ရင်း နေ့လယ်စာ စားရပါသည်။ ရေခဲတောင်ကြားက ရှည်လျားလှသဖြင့် ပလတ်စတစ်ကြိုး တစ်ခွေခွဲစာနှင့် နိုင်လွန်တောင်တက်ကြိုး တစ်ခွေစာ ဆုံးသွားသည့်တိုင်အောင် ဘာခြေရာလက်ရာမှ မတွေ့၊ ရှေ့မှာ လမ်းကြောင်းနေရာ ရှိနေသေးသည်။

'မင်း ဒီကြိုးအဆုံးမှာ နေခဲ့၊ ငါ ရှေ့ဆက်သွားမယ်'

'မဟုတ်ဘူး၊ ဦးက လူကြီး၊ ဦးက ဒီကြိုးအဆုံးမှာ နေခဲ့၊ ကျွန်တော် ရှေ့ဆက်သွားမယ်၊ ကျွန်တော်က မျက်စိလဲ ကောင်းတယ်၊ အဆုတ်လဲ ကောင်းတယ်'

ဦးဖီရမ်ကို ဖွတ်ထားခဲ့ပြီး ကျွန်တော်ရှေ့ဆက်ထွက်မည့်ဆဲဆဲတွင် ကြိုးက တင်းခနဲဖြစ်သွားသည်ကို ခံစားလိုက်ရ၏။ အပေါ်က ဒီးရမ်တစ်ခုခု အချက်ပြလိုက်သည်။ ကြိုးကိုင်ထားသူမှာ ဦးဖီရမ်ဖြစ်၍ သူက ပို၍ အဓိပ္ပာယ်နားလည်လိုက်မည် ဖြစ်သည်။

'ဘာအဓိပ္ပာယ်လဲ'

'လေ အနေအထား သိပ်မကောင်းဘူး'

ကျွန်တော့် လက်ပတ်နာရီသည် လေဖိအားတိုင်း ကိရိယာ ပါ၏။ သို့





သော် ကျယ်ပြန့်သော လေထုထဲမှာမဟုတ်ဘဲ လျှိုမြောင်ကျဉ်းကျဉ်းထဲမှာ ဖြစ်၍ သူပြသော ဂဏန်းကို အမှန်ဟု ယူဆလို့ ရ မရ မသိပါ။

'တို့ ကြာကြာနေလို့ မကောင်းဘူး'

အပေါ်မှ ဖုန်ဒီးရမ်ကို ကြိုးဖြင့် လှုပ်ပြီး ဦးဖီရမ်က ပြန်မေး၏။ အပေါ်မှ သားက ကြိုးကို လှုပ်ပြီး ပြန်အချက်ပြသည်။

'ကျွန်တော်တို့ ဒီမှာ ဘယ်လောက်နေလို့ရမလဲ'

'ထမင်းတစ်အိုးချက်...'

သူတို့ ထင်းမီး တစ်အိုးချက်က ကျွန်တော်တို့ ဂက်စ်မီး တစ်အိုးချက်လောက်တော့ မြန်မြန်ကျက်မည်မဟုတ်။ နာရီဝက်တော့ ကြာမည် ထင်သည်။

ကျွန်တော် စိတ်မြန်လက်မြန်ပင် ရှေ့ဆက်ထွက်လာခဲ့၏။ ရေခဲပုဆိန်လေးနှင့် မသက်မသာဖွယ်ရာ အောက်ခြေရေခဲပြင်ကို တူးဆွလာခဲ့သည်။ ကျွန်တော့်ခြေထောက်အောက်တွင် ရေခဲပြင်ကို နင်းမိနေသမျှ ကျွန်တော့်အသက်ကို စိတ်ချလို့မရ။ ကျောက်တောင် သို့မဟုတ် မြေပြင်ကို နင်းရချင်သည်။ ကျွန်တော့်အောက်မှာ တကယ့်ကျောက်တောင်အခြေ သို့မဟုတ် တောင်ကြား အခြေသည် ဘယ်လောက်အနက်ထိ ဝေးသေးလဲ မသိ။ ကျွန်တော် ရပ်နေသော ရေခဲပြင်သည် ဘယ်လောက် မာကျောကျစ်လျစ်မလဲ မသိ။ ဤနေရာတွင် ဘာမှ စိတ်ချစွာ အားပြုလို့မရပါ။

ကျွန်တော် တစ်ခုခုကို ခလုတ်တိုက်ပြီး လဲမလိုဖြစ်သွား၏။ ကျွန်တော် ရင်ခုန်သွားသည်။

လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ အောက်မှ စွန်းထွက်နေသော နှင်းတုံးငယ်တစ်ခု...။ အမှတ်တမဲ့ကြည့်လျှင် လူ၏ဖိနပ်တစ်ခုနှင့် တူနေသည်။ ထို့ကြောင့် ကျွန်တော် ထိုင်ချလိုက်ကာ ရေခဲပုဆိန်ဖြင့် အသာဆွကြည့်သည်။ ကျွန်တော် စိတ်ဓာတ်ကျသွား၏။ ကြေမွသွားသော နှင်းခဲတုံး ဖြစ်နေသည်။

ကျွန်တော် ရှေ့ဆက်လျှောက်လာသည့်အခိုက် နောက်ဘက်မှ ဦးဖီရမ်၏ ခေါ်သံ ကြားသည်။

'ကောင်လေး...'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီသို့ လက်နှိပ်ဓာတ်မီးရောင်ဖြင့် ပြသည်။

'ဒီမှာ လာကြည့်...'

သူ့အသံမှာ ထူးခြားနေသည်။ စိတ်လှုပ်ရှားနေသူတစ်ဦး၏ အသံမျိုး ဖြစ်၏။ အသက်ရှူသံ ပြင်းနေသည်ကိုလည်း သတိထားမိသည်။

ကျွန်တော် သူ့ဆီ ရောက်သွားတော့ သူသည် ရေခဲလမ်းပေါ်မှာ ဖင်ချ ထိုင်လျက် ဓားဖြင့် တစ်ခုခုကို ဆွနေသည်။ သူ့အနီးမှာ လက်နှိပ်ဓာတ် မီးကို ခလုတ်ဖွင့်လျက် ချထားသည်။

'ဘာလဲ...၊ ဘာတွေ့လဲ'

ဖေဖေ့ကိုယ်ခန္ဓာ တစ်စိတ်တစ်ပိုင်းဖြစ်ဖို့ သေးငယ်လွန်းသော သီးခြား ရေခဲတုံး ခပ်သေးသေးတစ်ခု ဖြစ်သည်။ ဒါလေးကတော့ ဖေဖေမဟုတ်နိုင် တာ သေချာသည်။

သို့သော် သူ့ဓားဖြင့် ရေခဲတွေကို ခြစ်ချရင်း တဖြည်းဖြည်း ပုံပေါ်လာ သောအရာကို ဘာဟု ရိပ်မိသွားသောအခါ ကျွန်တော်ရုတ်တရက် ကြောင် အ,သွားပါသည်။

ထိုအရာမှာ မည်းနက်နေသော ကင်မရာတစ်လုံး ဖြစ်သည်။

ကျွန်တော့်ဒူးတွေ ညွတ်ခွေကာ ရေခဲပြင်ပေါ် ထိုင်လျက် ကျသွားသည်။

'ဒါ... ...'

'ဒါ မင်းအဖေရဲ့ ကင်မရာဖြစ်မယ်'

ကျွန်တော့်ကို သူလှမ်းပေးသောအရာ၏ အေးစက်မှုကို လက်အိတ် အ တွင်းမှပင် ကျွန်တော်ခံစားလို့ရနေသည်။ Manual ရော Auto ပါ နှစ်မျိုး သုံးလို့ရသည့် Minolta ကင်မရာ ဖြစ်သည်။ ကျွန်တော့်လက်တွေ တဆတ် ဆတ် တုန်လာသဖြင့် ကင်မရာသည် လက်ထဲမှ လွတ်ကျသွား၏။

ဒါဖြင့် ဖေဖေ တကယ်ပဲ ရေခဲချောက်ထဲ ပြုတ်ကျခဲ့တာပါလား။ ကျွန် တော် ခြောက်နှစ်လုံးလုံး ရင်မဆိုင်ရဲစွာ ရှောင်ဖယ်ခဲ့သောအမှန်တရားသည် ကျွန်တော့်ရှေ့တည့်တည့်မှာ ဗြုန်းခနဲ ပေါ်လာခဲ့ပြီ။

အခုချိန် ရောက်မှတော့ ခါးသီးသော အမှန်တရားကို ကျွန်တော် လက်ခံ ရုံသာ ရှိတော့သည်။

ကျွန်တော် အဆင်သင့်ဖြစ်ပြီလား။





ဦးဖီရမ်သည် သူ့ဓားနှင့် သူ့လက်ကို သုံးလျက် ရေခဲချောက်နံရံ တစ် ဝိုက်မှာ ဖွဲကောင်းကောင်းတူးဆွရှာဖွေလေသည်။ ကျွန်တော်သည် မျက်စိ ရှေ့မှာ မြင်နေရသော အရာအားလုံးကို တကယ်မဟုတ်သလို လွင့်မျောစွာ ခံစားရ၏။ အိပ်မက်ဆိုးတစ်ခု မက်နေရသလို။ ခဏကြာလျှင်ပဲ တုန်လှုပ် မှု အားလုံး ပျောက်ကွယ်ပြီးဆုံးသွားပြီး စိတ်ချမ်းမြေ့ရသည့် တကယ့်ဘဝ ဆီသို့ ပြန်ရတော့မလို။

သို့သော်...ဒါ အိပ်မက်မဟုတ်ခဲ့။ ထို့ကြောင့် စက္ကန့်တိုင်း စက္ကန့်တိုင်း သည် နာကျင်နှင့်သီးဖွယ်ရာ တကယ့်ဘဝ အစစ်တွေ ဖြစ်နေခဲ့သည်။

'ကောင်လေး...'

ဦးဖီရမ်၏ အသံမှာ တိုးတိမ်စွာ အက်ကွဲနေ၏။

ကျွန်တော် အဆင်သင့်ဖြစ်ပြီလား။

ကျွန်တော် ယောက်ျားပါ။ အရွယ်ရောက်ပြီးသော လူကြီးတစ်ယောက် ပါ။ ကျွန်တော် ခံနိုင်ရည်ရှိပါသည်။ ဦးဖီရမ် တူးနေရာသို့ ကျွန်တော် လှမ်း ကြည့်လိုက်၏။

ကျွန်တော့်ဝမ်းဗိုက်ထဲမှာ ဟာလာဟင်းလင်းဖြစ်ပြီး ရင်ညွန့်ဆီမှာ စိမ့် ခနဲ အေးစက်ထုံကျင်သွားခဲ့သည်။ ဖေဖေ...။

လူတစ်ယောက်၏ ကိုယ်ခန္ဓာအောက်ပိုင်း ခြေအစုံ။

ကျွန်တော့် မျက်လုံးတွေ ပြာဝေကာ မိုက်ခနဲ မူးဝေသွား၏။

ဒါ ဖေဖေ့ခြေထောက်တွေ မဟုတ်ပါဘူး။

ကျွန်တော်သည် တဒိုင်းဒိုင်း ကြမ်းတမ်းစွာ ထုနက်နေသော နှလုံးဖြင့် ထိုခြေထောက်၏ ခြေရင်းမှာ ဒူးထောက်ထိုင်လိုက်သည်။ ထို့နောက် ဘာ မှ စဉ်းစားတွေးတောချိန်မရမီ ကျွန်တော့်လက်ထဲမှ ရေခဲပုဆိန်ဖြင့် ထိုကိုယ် ခန္ဓာ ဘေးပတ်လည်က ရေခဲများကို တူးဆွ ဖယ်ထုတ်နေမိသည်။

'ကောင်လေး...မလောနဲ့၊ စိတ်ကို ထိန်း...နံရံပြိုကျသွားလိမ့်မယ်'

ကျွန်တော့် တစ်ကိုယ်လုံး ထုံကျင်အေးစက်နေပြီး ကျွန်တော့်ပါးပြင်တွေ မှာသာ အနည်းငယ် နွေးနေသည်မှာ အဆက်မပြတ် စီးကျနေသော မျက်ရည် ပူများကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် ကျွန်တော်အမှန်တရားကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်မိမှာပင် ရင်ဆိုင်လိုက်ရတော့သည်။

ရေခဲတောင်ကြား နံရံကို မှီလျက် ထိုင်နေသူသည်... ကျွန်တော့်ဖေဖေ ဖြစ်သည်။

'ဖေဖေ...'

အကျယ်ကြီး အော်ခေါ်မိသည်ဟု ထင်သော်လည်း တကယ်တမ်းတော့ ကျွန်တော့်အသံက တိမ်တိမ်အက်အက်လေးသာ ထွက်သွားပါသည်။

ဒါ...တကယ်ပဲ ကျွန်တော့် ဖေဖေ။

ဂျာကင်အကျႌ နေဗီအပြာနှင့် ဘောင်းဘီအနက်ရောင်နှင့်...လွန်ခဲ့သော ခြောက်နှစ်တုန်းက ကျွန်တော့်ဖေဖေပဲ ဖြစ်သည်။ ရေခဲတွေနှင့် ဖုံးလွှမ်းနေခဲ့သောကြောင့် ဖေဖေ့ဆံပင်နှင့် အဝတ်အစားများမှာ မာကျောအေးခဲနေခဲ့သည်။ ဖေဖေ့ခေါင်းမှာ ဖိုက်ဘာဦးထုပ် ဆောင်းမထားပါ။ ကျွန်တော် ဖေဖေ့ပါးပြင်ကို လက်ဖြင့် မရဲတရဲ ထိတို့ကြည့်မိ၏။

မေမေ...။ ကျွန်တော်တို့နှစ်ယောက်ကို ဖေဖေ ပုန်းရှောင်နေခဲ့တာ မဟုတ်ဘူး၊ ကျွန်တော်တို့ဆီကို ပြန်မလာချင်လို့ ဇာတ်မြှုပ်နေခဲ့တာ မဟုတ်ဘူး၊ ကျွန်တော်တို့ဆီကို ပြန်လာချင်စိတ်နဲ့ ခွန်အားရှိသမျှ စိတ်အားတင်းပြီး တတ်နိုင်သမျှ အသက်ရှင်နိုင်အောင် ကြိုးစားခဲ့တဲ့ ဖေဖေပါ။ ကျွန်တော် ဖေဖေ့ကို အိမ်ပြန်ခေါ်ခဲ့ချင်လိုက်တာ မေမေ။

ဖေဖေ့အနီးတွင် ကျောပိုးအိတ်ကို တွေ့ရသည်။

ကျောမှာ ပိုးထားခြင်းမဟုတ်ဘဲ ချထားခဲ့သည်ဖြစ်သောကြောင့် ဖေဖေ ချောက်ထဲကျကျချင်း သေဆုံးခဲ့တာ မဟုတ်ဟု ကျွန်တော်သိလိုက်ပါသည်။ ထိုအသိဖြင့် နှလုံးဆီမှာ စူးစူးရှရှ နာကျင်သွားတော့သည်။

ဖေဖေ့လက်မှာ လက်ပတ်နာရီ ပတ်လျက်သား။ ဘယ်ဘက် လက်သူကြွယ်တွင် စိန်လက်စွပ်ကလေး ဝတ်ဆင်လျက်သား ဖြစ်သည်။ ကျွန်တော် ဖေဖေ့လက်ကို မဝံ့မရဲ ဆုပ်ကိုင်လျက် ခေါင်းစိုက်ကာ ညွှတ်ခွေသွား၏။

'မင်းအဖေ ဘာဝေဒနာမှ ခံစားရမှာမဟုတ်ပါဘူး'

ကျွန်တော့်ပခုံးကို ဦးဖိရမ်က အသာဆုပ်ညှစ်လိုက်သည်။





'ကျွန်တော်သိပါတယ်'

ထိုအခိုက် အပေါ်ဘက်မှ အော်သံသဲ့သဲ့လေးတစ်ခုကို ကြားရသည်။ ဖုန်ဒီးရမ်၏အသံ ဖြစ်လိမ့်မည်။ သို့သော် ဝေးလွန်းသဖြင့် လေတိုးသံနှင့် ရောနေပြီး ဘာကိုမှ မကြားရသလို ရှိသည်။

'အဖုန်...ဒီးရမ်'

ဦးဖိရမ်က ကြိုးကို လှုပ်၍ ဆွဲသည်။ အပေါ်မှ တင်းတင်းပြန်ဆွဲသည်။

'ကောင်လေး...တက်ခဲ့တော့လို့ ခေါ်နေပြီ'

တကယ်တော့ ရာသီဥတုသည် မနက်တည်းက မျက်နှာသာ မပေးခဲ့။ အချိန်အခါမဟုတ် နှင်းသီး မိုးသီးတွေ ကျနေခဲ့သဖြင့် ကျွန်တော်တို့ တစ်မနက်လုံး စောင့်ခဲ့ရသည်။

'ဒီကင်မရာနဲ့ အိတ်ကို ငါ သယ်ခဲ့မယ်၊ မင်း အရင်တက်နှင့်'

'မဟုတ်ဘူး၊ ကျွန်တော့်အဖေကို အပေါ်သယ်မှာ'

ကျွန်တော် ခါးခါးသီးသီး ငြင်းမိ၏။

'သယ်မှာပါ၊ ဒါပေမဲ့ ငါတို့ အရင်တက်မယ်လေ၊ သူ့ကို နောက်ဆုံးမှ ကြိုးနဲ့ ဆွဲယူမယ်'

'မဖြစ်ဘူး၊ ကျွန်တော် နောက်ဆုံးမှ တက်မယ်၊ ဖေဖေ့ကို အရင်ဆွဲတင်'

ဦးဖိရမ်က ကျွန်တော့်ပခုံးအား ဆုပ်ညှစ်ပြီး လေသံအေးအေးဖြင့် ဖျောင်းဖျသည်။

'ငါ့စကားကို မင်းနားထောင်ပါ၊ မင်းအရင်တက်၊ ပြီးရင် ငါ တက်မယ်၊ ပြီးရင် မင်းအဖေကို တို့သုံးယောက် ဝိုင်းပြီး ဆွဲ တင်မယ်၊ နှင်းတောင် ပြိုတော့မယ်၊ အသံတွေကို နားထောင်'

ကျွန်တော် ဘာသံမှ မကြားရပါ။

'ကောင်လေး...အသက်သေပြီးသား လူထက် အသက်ရှင်နေတဲ့လူက ပိုအရေးကြီးတယ်၊ ငါ့ထက်ပိုပြီး မင်းက ပိုအရေးကြီးတယ်၊ သွားတော့'

အပေါ်ဘက်မှ အော်သံသဲ့သဲ့ ကြားပြန်သည်။ ဦးဖိရမ်က လှမ်းအော်၏။ ဟေး...ဟူသော အသံသည် လိုဏ်နံရံတွေကို ပဲ့တင်ထပ်သွားသည်။

'ဦး... သူ စိတ်ပူနေပြီ၊ ဦး အရင်တက်သွား၊ ကျွန်တော် နောက်ကလိုက်ခဲ့မယ်၊ မြန်မြန်သွား...ဦး'



www.burmeseclassic.com

www.burmeseclassic.com



'အေး…ငါတို့ မင်းအဖေကို ကြိုးချည်ရဦးမယ်'

ဦးဖီရမ်သည် သူ့ခါးတွင် ပတ်ထားသော Harness သိုင်းကြိုးကိုဖြုတ်လိုက်ပြီး ဖေဖေ့ခါးတွင် ချည်ပေးဖို့ပြင်သည်။

'ဦး…ဘာလုပ်တာလဲ'

'ငါက ကြိုးကွင်း မလိုဘူး'

ဟာ…မဟုတ်တာ။

'မဟုတ်သေးဘူး၊ ဖေဖေ့ခါးကို ဒီကြိုးနဲ့ ချည်လို့ ရပါတယ်'

ကျွန်တော် ကမန်းကတန်း တားမြစ်လိုက်ပါသည်။

'ဦး… ဦး ပြောသလိုပဲလေ ဖေဖေက သေပြီးနေပြီ၊ ဦး ဖြုတ်ကျလို့ မဖြစ်ဘူး၊ ဒီခါးသိုင်းကြိုးကို ဦးပဲ သုံးရမယ်'

ထို့နောက် ကျွန်တော်ကိုယ်တိုင်ပင် ဦးဖီရမ်၏ ခါးသိုင်းကြိုးချိတ် သံကွင်းကို တောင်တက်ကြိုး၌ ပြန်တွယ်ပေးလိုက်ပါသည်။ တောင်တက်ကြိုး၏ အဆုံးပိုင်းကိုတော့ ဖေဖေ့ခါးတွင် ချည်ပေးလိုက်သည်။ ချောက်ကမ်းပါး နံရံမှာ မညီမညာစောင်းရွဲ့နေသဖြင့် တင်ယူရတာ ခက်လိမ့်မည်ဟု ကျွန်တော် သိပါသည်။ သည်ကနေ့ တင်မရလျှင် နောက်တစ်နေ့ တစ်ခေါက် ထပ်ဆင်းရဦးမည်။ သည်နေ့ တင်လို့ ရမရ မကြာခင် သိရတော့မည်။

ဦးဖီရမ်က ဖေဖေ့ကျောပိုးအိတ်နှင့် ကင်မရာကို လွယ်ပြီး ရှေ့က တက်နှင့်သည်။ ပုံမှန်ရာသီဥတုဆိုလျှင် ကျွန်တော်က ဦးဖီရမ် အပေါ်သို့ ရောက်မှ လိုက်တက်ရမည်။ သို့သော် အရေးပေါ်အခြေအနေဖြစ်၍ သူ့နောက်မှာ ဆယ်ပေလောက် ခွာလျက် ကျွန်တော် တက်လိုက်ရပါသည်။ ဂျူးမား ကြိုးတက်ကွင်း လက်ကိုင်ကို လက်ခုပ်တစ်ဖောင်အမြင့်ထိ လျှောယူသွားလိုက်၊ ခြေနင်းကြိုးကွင်းကို ဖိနင်းပြီး တက်လိုက်နှင့် တစ်ပေပြီး တစ်ပေ နေးကွေးစွာ တက်နေရသော အတွေ့အကြုံသည် သာမန်အချိန်တွင် ကြာလွန်းလှသည် မဟုတ်။ သို့သော် တောင်ပြိုမည့်အရိပ်အယောင် ရှိနေသည့် ယခုလို အရေးပေါ် အချိန်တွင် ဘယ်လိုမှ အားမရနိုင်စရာ တုန်လှုပ်စရာ ဖြစ်သည်။

တောင်တက်ကြိုးသည် ကျွန်တော်တို့နှစ်ယောက်၏ ခန္ဓာကိုယ်ကို ကောင်းကောင်းခံနိုင်မှန်း ကျွန်တော် သိ၏။ သို့သော် ကျွန်တော် စိတ်မချ





နိုင်သည့်အချက်တွေ ရှိသည်။ တောင်တက်ကြိုးနှင့် ပလတ်စတစ်ကြိုး ဆက်ထားသည့် ဆက်ထုံး၏ ခိုင်မြဲမှုကို စိတ်မချ။ ထို့ပြင် ပလတ်စတစ်ကြိုး၏ ပွန်းတိုက်မှု၊ ကြွပ်ဆတ်မှုကို စိတ်မချ။ ကျောက်အစွန်း၏ ခိုင်ခံ့မှုကို စိတ်ချရသော်လည်း ရေခဲပြင်ပေါ်က ဝက်အူသံချောင်း နစ်ဝင်နေသည့် နှင်းထုအထူကို စိတ်မချ။ ကြိုးများ၏ ခရီးတစ်လျှောက်တွင် ကျောက်စွန်းကျောက်သား တစ်ခုခုနှင့် ပွတ်တိုက်ပြီး ကြိုးပွန်းခဲ့လျှင်ရော။ ကျွန်တော် မျက်စိ စုံမှိတ်ထားလိုက်ရသည်။ သူတို့ ခဏခဏပြောသလို ဘုရားသခင်အလိုတော်အရပါပဲ။

ချောက်နံရံတစ်ဝက်တွင် အပေါ်မှ ဖုန်ဒီးရမ်၏ အသံကို နည်းနည်း ကျယ်ကျယ် ကြားရသည်။

ရဝမ်လို အော်နေသောအသံလား၊ မြန်မာလို အော်နေသောအသံလား ကျွန်တော် မသိပါ။ ဦးဖီရမ် အပေါ်ရောက်သွားပြီ။ ကျွန်တော် သိလိုက်သည်။ အကြောင်းမှာ ကျွန်တော်တက်နေသော ကြိုးသည် သူ့အလိုအလျောက်ပင် အပေါ်သို့ မြင့်၍မြင့်၍ တက်သွားသည်ကို ခံစားလိုက်ရသောကြောင့် ဖြစ်သည်။ ဦးဖီရမ်နှင့် ဖုန်ဒီးရမ်တို့နှစ်ယောက် ပေါင်း၍ ဆွဲနေပြီ။

ကျွန်တော် အားတက်သွား၏။ ကျွန်တော် အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်သည်။ ရေခဲချောက်၏ နက်ရှိုင်းသော အမှောင်ထုသည် ဝေး၍ဝေး၍ ကျန်ခဲ့သည်။ အသက်ရှူရသည့် လေက ပို၍ လတ်ဆတ်လာသည်။

ထိုခဏ၌ ကျွန်တော့်ကို အောက်မှ တုန့်ခနဲ ဆွဲချလိုက်သလိုပင် တော်တော် တင်းသော ဆွဲအားကို ခါးကြိုးမှာ ခံစားလိုက်ရ၏။ ကျွန်တော် လန့်သွားသည်။ ငုံ့ကြည့်လိုက်တော့ ဘာမှမမြင်ရ။

ကျွန်တော် သတိရသွားသည်။ ကြိုးအဆုံးရှိ ဖေဖေ့ကိုယ်ခန္ဓာသည် ကျွန်တော့်နောက်မှာ ပါလာခဲ့ပြီ။ သူတို့ သားအဖသည် နှစ်ယောက်စာ အလေးကို ဆွဲတင်နေရပြီ။ တစ်နည်းအားဖြင့် ရေခဲချောက် နှုတ်ခမ်းအစွန်းနှင့် တောင်တက်ကြိုး၏ ပွတ်တိုက်မှုမှာ ပို၍ပြင်းထန်လာနေတော့မည်။

တစ်ချိန်တွင် ခါးဆီမှ တောင်တက်ကြိုး၏ တင်းအားသည် လိုသည်ထက် ပို၍ ဆွဲဆန့်သွားသည်ကို ခံစားလိုက်ရ၏။ တစ်ခုခုနှင့် ငြိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မဆွဲနဲ့ … မဆွဲနဲ့၊ အောက်မှာ ငြိနေတယ်'

သူတို့ သဘောပေါက်လား မပေါက်လား မသိ။ ကြိုးကိုတော့ အပေါ်မှ ဆွဲနေတုန်းဟု ခံစားရသည်။ ကံဆိုးချင်တော့ ကျွန်တော့်အထက် သုံးပေခန့်အကွာ ရေခဲနံရံပြင်၌ အစွန်းတစ်ခု ရှိနေသည်။ ကြိုးက ထိုရေခဲပြင်စွန်း၌ ပွတ်တိုက်နေသည်။ အပေါ်က ဆွဲလေ ငြိပြီး ပွန်းလေ ဖြစ်တော့မည်။

'ဒီးရမ် … …'

ကျွန်တော် အသံကုန် ဟစ်အော်လိုက်၏။

'မဆွဲနဲ့ …'

ဖုန်ဒီးရမ် ကြားသွားပါသည်။ ဆွဲ ငင်မှု ရပ်သွားသည်။

'မြန်မြန် … မြန်မြန် …'

ဖုန်ဒီးရမ်၏ အော်သံ။ ထိုခဏမှာပင် အထက်တစ်နေရာရာဆီမှ မိုးခြိမ်းသံများ ဆက်တိုက်ကြားလိုက်ရ၏။ ကျွန်တော် ခြေနှင့်တွန်းကန်ထားသော ရေခဲနံရံမှာ တုန်ခါမှုတစ်ခုကို ခံစားလိုက်ရသည်။ ထို့နောက် ကြိုးနှင့် တိုက်နေသော ချောက်နှုတ်ခမ်းဝဆီမှ နှင်းစိုင် နှင်းခဲအချို့ ပြုတ်ကျလာသည်။ တစ်ခုက ကျွန်တော့်ခေါင်းပေါ် တည့်တည့် လာထိမှန်၏။ ဦးထုပ်ကြောင့် ခေါင်းကို မထိခိုက်သော်လည်း ဓာတ်မီးပေါ် တည့်တည့် ထိမှန်ပုံရ၏။ ဦးထုပ်နှင့် တွဲထားသော မီး ငြိမ်းသွားသည်။ တစ်လောကလုံး ပိုမှောင်သွားသည်။

အောက်မှာ ဖေဖေ့ကိုယ်ခန္ဓာ ဘာနှင့် ငြိနေမှန်း မသိ။ ကျွန်တော့်ခါးက ဟားနက်စ်သိုင်းကြိုး၏ ချိတ်သံကွင်း၌ တောင်တက်ကြိုးကို တစ်ပတ်လိမ် လျှိုသွင်းထားမိသဖြင့် လျှောခနဲ လွယ်လွယ်ကူကူ ရွေ့မသွားသည်ကို ကျွန်တော် စိတ်မရှည်နိုင်တော့ပါ။ ခါးက ချိတ်သံကွင်းကို ဖြုတ်ဖွင့်ပြီး တောင်တက်ကြိုး တစ်ပတ်လိမ်ထားတာကို လျှော့ပစ်ရလျှင် ကောင်းမလား။ အဲလိုသာဆိုလျှင် ချိတ်သံကွင်းသည် ချောင်ချောင်ချိချိဖြင့် ကျွန်တော်တက်တိုင်း လွတ်လပ်စွာ ပါလာလိမ့်မည်။ သို့သော် အဲသည်လို လှုပ်ရှားနိုင်ဖို့ ဆိုလျှင် ကျွန်တော် လက်တစ်ဖက်တည်းနှင့် ဂျူးမားလက်ကိုင်ကွင်းကို ခပ်ကြာကြာ ခိုဆွဲထားပြီး တခြားလက်နှင့် ချိတ်သံကွင်းမှာ လိမ်ထားသည့် တောင်တက်ကြိုးကို ပြန်ဖြည်ရမည်။

ကျွန်တော် ကြိုးစားကြည့်၏။ မရ။ ကျွန်တော့်ကိုယ်ခန္ဓာက လိမ်လိမ်





သွားသည်။ စိတ်စောနေသောကြောင့် ဖြစ်သည်။ အပေါ်က ချောက်နှုတ်ခမ်းဆီမှာ ကြိုးပွတ်တိုက်သံ တကျိကျိကို ကြားနေရ၏။ ကျွန်တော့် ကျောထဲက စိမ့်လာသည်။

'ကြိုးကို နေရာရွှေ့ပေးပါ၊ နေရာရွှေ့ပေးပါ'

ချောက်နှုတ်ခမ်းဝ နှင့် ကျွန်တော် ဆယ်ပေ ဆယ့်ငါးပေပဲ ကွာတော့သည်။ ကျွန်တော့်အသံကို ဖုန်ဒီးရမ်တို့ ကြားနိုင်ပါသည်။ တောင်တက်ကြိုးကို အပေါ်မှ နေရာရွှေ့ပေးရန် ကြိုးစားသည်။ မအောင်မြင်ပါ။ ကိုယ်ခန္ဓာအလေးချိန် နှစ်ခုပေါင်း၏ ဆွဲအား တင်းအားသည် မနည်းလှပါ။ ထိုအလေးချိန် နှစ်မျိုးထက် ပိုနေသည်က အောက်မှာ စွန်းထွက်နေသောအရာနှင့် ငြိပြီး ထိုအရာက ဆွဲထားသော ဆွဲအား ဖြစ်သည်။

ကျွန်တော့်ဘဝတွင် သည်လောက် အားမလိုအားမရ စိတ်ပူပန်ရသည့် ကာလ မကြုံဖူးခဲ့။အပေါ်ကို မရောက်နိုင်တော့ဘူးဟု ထင်လာသည်။ ချိတ်သံကွင်းသည် နေရာမရွေ့တော့ဘဲ တစ်နေရာတည်းမှာ တစ်နေသည်ဟု ခံစားရသည်။ အေးခဲထုံကျင်နေသော ရေခဲငွေ့တွေအကြား၌ ကျွန်တော့်နဖူးမှာ ချွေးသီးချွေးပေါက်တွေ ကျလာနေသည်။ ချွေးစက်တစ်စက်က ဘယ်ဘက် မျက်စိထဲ ဝင်သွား၏။

'ဥက္ကာ … မြန်မြန်တက်'

ကျွန်တော် လှမ်းအော်ဖို့ ခွန်အားမရှိတော့ပါ။ သူ မမြင်နိုင်မှန်း သိပါလျက် ခေါင်းသာညိတ်လိုက်မိ၏။

မေမေ …။ ကျွန်တော် မေမေ့ဆီ ပြန်ရောက်မှ ဖြစ်မယ်။ ကျွန်တော်ပြန်မရောက်လျှင် မေမေ နလုံးသားတွေ ကြေကွဲရလိမ့်မည်။

ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်ယင်လာသည်။ ခါးဆီတွင် ရေခဲပုဆိန် ချိတ်ထားသော်လည်း ကြိုးများ မတော်တဆ ပြတ်သွားခဲ့လျှင်၊ သို့မဟုတ် ပြတ်တော့မည်ဟု ထောင်းခနဲ အသံကြားလိုက်ရလျှင် ထိုပုဆိန်ကို အချိန်မီ ရေခဲချောက် တောင်နံရံထဲ လွဲခုတ်စိုက်လိုက်နိုင်ပါ့မလား။ ကျွန်တော် အသက်ပြင်းပြင်းပင် မရှူရဲတော့ပါ။

'ရောက်တော့မယ် … ရောက်တော့မယ်၊ နည်းနည်း အားစိုက်လိုက်'



www.burmeseclassic.com

www.burmeseclassic.com



ဖုန်ဒီးရမ်၏ အသံရှိရာကို မှန်းဆ၍သာ တက်လာရသည် ကျွန်တော့် မျက်စိတွေ ပြာနေခဲ့ပြီ။

နောက်ဆုံးတွင် ကျွန်တော့်လက်ကောက်ဝတ်ကို အခြား လက်နှစ်ဖက်က ဆွဲဆုပ်ကိုင်လိုက်သည်ကို ခံစားလိုက်ရ၏။ နွေးထွေးသော လက်တစ်စုံ ဖြစ်သည်။

ကျွန်တော့်တစ်သက်မှာ သည်လောက်စိတ်သက်သာရာရသည့် တစ်ခဏ မရှိခဲ့ဖူးပါ။

ကျွန်တော်သည် မြောက်ခနဲ ပေါ့ပါးစွာပင် ချောက်နှုတ်ခမ်းအပေါ် ရေခဲပြင်ဆီ ကျောအပ်မိသွားခဲ့သည်။ ကျွန်တော် မျက်စိတွေ ပြာဝေနေသဖြင့် ဘာကိုမှ မမြင်ရ။ သို့သော် အသံတွေကိုတော့ ကြားနေရသည်။ ကျောက်တုံးတွေ တစ်နေရာရာမှ ပြိုဆင်းလိမ့်ကျလာနေသည့်အသံမျိုး၊ မိုးချုန်းသလို အသံအက်အက်ကွဲကွဲ။

'ပြေးကြစို့…ရေခဲပြိုနေပြီ'

ဖုန်ဒီးရမ်က ပြောရင်း ကျွန်တော့်ကို ဆွဲထူ၏။ ဦးနောက်တွေ ကျပ်ခဲနေသဖြင့် ဦးထုပ်ကို ကျွန်တော် သွေးရူးသွေးတန်း ဆွဲချွတ်လိုက်၏။ အပြင်းအထန် အသက်ရှိုက်ရှူနေရသည်။ အမြင်အာရုံတွေ အနည်းငယ်ကြည်လင်လာသည်။ ဖုန်ဒီးရမ်၏ အဝါရောင် Helmet ဦးထုပ်ကိုတော့ မြင်ရပြီ။ ဖုန်ဒီးရမ်၏ မျက်နှာကိုတော့ သဲသဲကွဲကွဲမမြင်ရသေး။ ဖုန်ဒီးရမ်က ကျွန်တော့်ခါးက ချိတ်သံကွင်းကို ဖြုတ်ပေးနေသည်။ တုန်ခါသံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်တော် လှူးလဲထထိုင်လိုက်၏။ ကျွန်တော်တို့ ခပ်ဝေးဝေးမှာ တံစက်မြိတ်လို ချွန်ပြီး မိုးနေသော ရေခဲတောင်စွန်းတစ်ခု…။ မျက်စိအောက်မှာပင် ထိုအစွန်းသည် ပြိုကျသွားသည်။

'ကြိုးကို လက်နဲ့ထိန်းပြီး ပြေးနော်…ငါ့နောက်ကနေ လိုက်ခဲ့၊ မြန်မြန်'

သူ စတင် ပြေးသည်။

သို့သော် ဖေဖေ…။ ဖေဖေ တွဲလောင်းကြီး ကျန်နေခဲ့သေးသည်။ ဖေဖေ့ကို ဆွဲတင်ရဦးမည်။

ကျွန်တော် ဝမ်းလျားမှောက်လိုက်သည်။

ဖေဖေ့ကိုယ်ခန္ဓာကို ဘာနှင့်ငြိနေသလဲ မသိသော်လည်း ကျွန်တော်တစ်ယောက်တည်း ဆွဲတင်ဖို့တော့ မနိုင်လောက်ဘူး ထင်သည်။

'ဒီးရမ်…'

ကျွန်တော် ကြိုးကို ဝမ်းလျားမှောက်လျက် ဆွဲရင်း နောက်ဘက် လှည့်ကြည့်ပြီး ခေါ်မိ၏။ ထိုခဏ၌ ကျွန်တော့်ဝမ်းဗိုက်အောက်က ရေခဲပြင်သည် သိမ့်ခနဲ တုန်သွားသည်။

'ဟေ့…  …'

ခပ်လှမ်းလှမ်းမှ ဖုန်ဒီးရမ်အသံ။

တဝုန်းဝုန်း ဆူညံစွာ လေတိုးသည့်အသံ၊ နှင်းတုံးနှင်းခဲတွေ စီးကျပြိုဆင်းလာသည့်အသံ… ၎င်းတို့သည် ကျွန်တော်နှင့် ဝေးသောအရပ်မှာ ရှိနေသည်။ တောင်ပြိုသည့် ရေခဲများ ကျွန်တော့်ဆီသို့ ရောက်မလာသေးခင်မှာ ဖေဖေ့ကို အပေါ်သို့ ဆွဲတင်နိုင်ပါ့မလား။ ကျွန်တော်တို့သည် ကျောက်အစွန်းတစ်ခု၏ ဘေးမှာ ရှိနေသည် မှန်သော်လည်း တောင်ပြိုဆင်းရာလမ်းကြောင်းပေါ်မှာ ရောက်ချင်ရောက်နေနိုင်သည်။ ကျွန်တော် ဘာလုပ်ရမလဲ။ ဖေဖေ့ကို ထားခဲ့ပြီး ထွက်ပြေးရမလား။

'ဥက္ကာ…'

ကျွန်တော့်အနီးသို့ ဖုန်ဒီးရမ်ရောက်လာ၏။

'ဒီးရမ်…ကျွန်တော် မနိုင်ဘူး'

'မင်း…ရူးနေသလား၊ တောင်ပြိုနေပြီ၊ ထစမ်း'

သူ ကျွန်တော့်အား ဖွတ်အတင်းဆွဲထူ၏။

'အောက်မှာ တစ်ခုခု…'

'ဟာ…ဒီကောင်'

ကျွန်တော့်လက်မှ ကြိုးလွတ်သွားသည်။ သူ အတင်းဆွဲဖြည်လိုက်သော ကြောင့် ဖြစ်သည်။

'ခင်ဗျား ဘာလုပ်တာလဲ'

ကျွန်တော် မတ်တတ်ရပ်မိသောအခါ ကျွန်တော့်ဒူးတွေ တုန်ယင်နေဆဲ ဖြစ်ကြောင်း သတိထားမိသွား၏။

'မင်းအဘတွေ လာကုန်ပြီ'







www.burmeseclassic.com

www.burmeseclassic.com



'မေမေ့ကို…'

'လူသေကောင်က ဘာမှ မဖြစ်ဘူး၊ မင်းပါ မသာဖြစ်သွားမယ်'

ကျွန်တော့်ကို သူ ချုပ်ကိုင်လိုက်၏။ ကျွန်တော်ဒေါသတကြီး ရုန်းထွက်လိုက်သည်။ ထိုခဏ၌ ကျွန်တော့်မေးစေ့အား တစ်ခုခု ခပ်ပြင်းပြင်း ထိုးနှက်လိုက်သည်။ ဖုန်ဒီးရမ်၏ လက်သီးဖြစ်သည်။ ကျွန်တော့်မေးရိုးတစ်ခုလုံး ကျင်ခနဲ နာသွား၏။ နာကျင်မှုသည် ကျွန်တော်၏ သွေးရူးသွေးတန်း တုန်လှုပ်မှုကို ထိန်းချုပ်မပေးနိုင်ခဲ့ပါ။

'ငါ့အမေ မပါဘဲ ငါ မပြန်ဘူးကွ'

ကျွန်တော်တုန်ခိုက်စွာ အော်မိသည်။ ထို့နောက် ဖုန်ဒီးရမ်၏ မျက်နှာဆီသို့ မှန်းဆပြီး လက်သီးဖြင့်ထိုးလိုက်၏။ ကျွန်တော့်လက်သီးက ဘာနှင့်မျှ မထိဘဲ လေကိုသာ ထိမိသည်။ ကျွန်တော့်လက်သီးက ဘာကိုမှ မထိသော်လည်း ကျွန်တော့်ခေါင်းမှာတော့ အရှိန်ပြင်းစွာ ရိုက်နှက်ခံလိုက်ရသည်။ အုန်းခနဲ အသံတစ်ခုနှင့်အတူ ကျွန်တော့်မျက်စိအစုံမှာ ဝင်းခနဲ တောက်သွား၏။ ဂျိုးစောင်းဆီမှ အသည်းခိုက်အောင် နာကျင်သော ဝေဒနာဖြင့် ကျွန်တော် ခွေခနဲ လဲကျသွားပါသည်။

အမှောင်ထုက ကျွန်တော့်ကို ရုတ်တရက်ဖုံးကွယ်လွှမ်းမိုးမသွားခင် နောက်ဆုံးသိလိုက်ရသည့်ခံစားချက်မှာ ကျွန်တော့်တစ်ကိုယ်လုံး မြောက်ခနဲ လွင့်သွားခြင်းပင် ဖြစ်သည်။

*

ကိုယ်ခန္ဓာကို တစ်ခုခုက ဆွဲလှုပ်နေသလို သိမ့်သိမ့်ခါလျက် ရှိသော ခံစားချက်ကို ပထမဦးဆုံး သိလိုက်သည်။

ကျွန်တော့်ခေါင်းတစ်ခုလုံး နာကျင်နေသည်က ဒုတိယခံစားချက် ဖြစ်သည်။

ကြောက်ရွံ့တုန်လှုပ်မှုက တတိယ ခံစားချက်ဖြစ်သည်။

ကျွန်တော် ဘယ်ရောက်ပြီး ဘာဖြစ်နေသလဲ။

ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မြင်ကွင်းမှာ အပြည့်မဟုတ်။ တစ်စုံတစ်ခုက ဖုံးထားသည်။ သို့သော် တစ်ဝက်တစ်ပျက်





မြင်ကွင်းဖြင့်ပင် ကျွန်တော်သည် မြေပြင်ပေါ်မှာ ရှိနေခြင်းမဟုတ်ဘဲ လေထဲမှာ ရှိနေခြင်းဖြစ်ကြောင်း သိသွားသည်။ ကျွန်တော့်မြင်ကွင်းကို ဖုံးထားသည့် အရာမှာ ကျွန်တော့်မျက်လုံးအထက်မှ ယိုစီးကျနေသော အရည် ပျစ်ပျစ်တစ်ခု…။ သွေးတွေ ဖြစ်လိမ့်မည်။ ကျွန်တော် မြေပြင်ပေါ်မှာ ရှိမနေတာကတော့… … ကျွန်တော့်ကိုယ်ခန္ဓာသည် တစ်စုံတစ်ခု အပေါ်မှာ မှောက်လျက်ရှိနေခြင်းကြောင့် ဖြစ်လိမ့်မည်။

ကျွန်တော် မြင်းပေါ်မှာလား၊ သို့မဟုတ်…။

ဆောမှာ ဖြူဖွေးသော နှင်းနှင့် မည်းနက်သော ကျောက်တုံးကျောက်ခဲများကို လှုပ်လှုပ်ခတ်ခတ် မြင်နေရသည်။ နှင်းတောင်… နှင်းလွင်ပြင်… ရေခဲတောင်ကြား…။ ကျွန်တော် ခါကာဘိုရာဇီမှာ ရောက်နေခဲ့တာပဲ။

ဤဒေသမှာ မြင်းမရှိ။ သေချာသည်။

ကျွန်တော် မြင်းပေါ်မှာ မဟုတ်။ ဒါဖြင့်…။

ကျွန်တော့်ကိုယ်ခန္ဓာသည် တစ်စုံတစ်ယောက်၏ ပခုံးပေါ်မှာ ဇောက်ထိုး ပါလာခြင်းဖြစ်သည်ဟု ကျွန်တော်သဘောပေါက်သွား၏။ ထိုခဏမှာပင် ကျွန်တော့်ကိုယ်ခန္ဓာသည် တစ်ပတ်လည်လျက် နှင်းပြင်ပေါ်သို့ ကျသွားသည်။ ပြင်းထန်မောဟိုက်စွာအသက်ရှူသံ…။ ဖုန်ဒီးရမ်…။ သူ ကျွန်တော့်အနီးမှာ ပက်လက်လှဲချလိုက်တာကို သိလိုက်၏။ ထို့နောက် ကျွန်တော် အဖြစ်အပျက်ကို သတိရသွားပါသည်။

ရေခဲတောင်ပြိုခြင်း…အက်ကွဲသံလို၊ မိုးချုန်းသံလို ကြောက်မက်ဖွယ် အသံများ…။ တောင်တက်ကြိုးနှင့် ကျွန်တော်…။ ရေခဲချောက်ထဲမှာ တစ်ခုခုနှင့် ငြိနေသော… …

ဖေဖေ…။

ကျွန်တော် လူးလဲထထိုင်လိုက်သည်။

ကျွန်တော့်မျက်လုံးဆီမှ သွေးစ များ ချွေးများကို ပခုံးဖြင့် ပွတ်သပ်လိုက်၏။

ကျွန်တော့်အနားတွင် ဖုန်ဒီးရမ်ပက်လက်လှဲနေပြီး ဦးဖိရမ်က ကျောက်တောင်နံရံတစ်ခုကို မှီလျက် မျက်စိမှိတ်ထားသည်။

ကျွန်တော့်ကို ဖုန်ဒီးရမ် ထမ်းပြေးလာခဲ့ခြင်း ဖြစ်သည်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွား၏။ ကျွန်တော်တို့ ရှိနေခဲ့သော ရေခဲအက်ကွဲကြောင်း ရှိရာဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

မယုံကြည်နိုင်စရာမြင်ကွင်းကို မြင်လိုက်ရသည်။

ထိုနေရာတွင် ဘာဆိုဘာမျှ မရှိတော့။ ရေခဲတုံးများ ကျောက်တုံးကြီးများ၊ နှင်းတုံး နှင်းခဲကြီးများ မြင့်မားစွာပင် စုပုံးလွှမ်းလျက် ရှိလေသည်။

ကျွန်တော် ကြက်သီး ဖြန်းခနဲ ထသွား၏။

ကျွန်တော်တို့ သေရတော့မလို့ပါလား။ ကျွန်တော့်ခေါင်းထွေ တဒိန်းဒိန်း ထုနှက်ကိုက်ခဲလာ၏။

'သွားပြီ'

ကျွန်တော် ကြိတ်မနိုင် ခဲမရ ရေရွတ်မိသည်။

ဖေဖေ့ကို ကျွန်တော် ထားခဲ့ရပြီ။

'ကောင်လေး…မင်း လမ်းလျှောက်နိုင်လား'

မောဟိုက်သံဖြင့် ဦးဖိုးရမ်က မေး၏။

'လျှောက်နိုင်ပါတယ်'

အင်အားမဲ့သော အသံတိမ်တိမ်မှာ ကျွန်တော့်အသံ မဟုတ်သလို ခံစားရသည်။ သို့သော် ဒါ…ကျွန်တော့်အသံ အစစ်ပါပဲ။

'ဒါဖြင့် သွက်သွက်ပြေးကြဦးစို့…စိတ်ချရတဲ့ နေရာ ရောက်အောင်'

'ကျွန်တော့်ဖေဖေ ကျန်ခဲ့ပြီ'

'ဒါ ဘုရားသခင်ရဲ့ အလိုတော်ပဲ'

အဘိုးကြီးက နွမ်းလျစွာ ရေရွတ်၏။

'ကျွန်တော် သိပါတယ်'

သည်အတွက် ဖေဖေ ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေဟု ဆုတောင်းပါသည်။

'ကျွန်တော် ဖေဖေ့ကို အပေါ်တင်နိုင်တော့မလို့ နည်းနည်းပဲ လိုတော့တယ်'

ကိုယ့်ကိုယ်ကို မကျေမချမ်း ရေရွတ်မိ၏။

'မင်း…ဒီလောက် အသက်အောင်းက လွှတ်ခဲ့တာကို မကျေနပ်နိုင်သေးဘူးလား'





ဖုန်ဒီးရမ်က ပက်လက်လန်နေရာမှ ဝုန်းခနဲ ထလျက် ကျွန်တော့်ကို ငေါက်ပါသည်။

'ကျွန်တော် ဘာပြောလို့လဲ'

'မင်းအဖေ မပါခဲ့တာကို မင်း မကျေနပ်ဘူးလား၊ မင်းက ငါ့ကို အပြစ်တင်ချင်သေးတာလား…ကျေးဇူးမသိတတ်တဲ့ ကောင်'

ဖုန်ဒီးရမ်သည် ကျွန်တော့်ကျေးဇူးရှင် ဖြစ်သွားခဲ့ပြီ။ ကျေးဇူးရှင်မှာမှ အသက်ကို ကယ်ခဲ့သူ ဖြစ်သွားပြီ။

'ကျွန်တော် ပြောချင်တာက ခင်ဗျားသာ ကျွန်တော့်ကို ကူပြီး တင်ပေးခဲ့ရင်…ဖေဖေအပေါ် ရောက်မှာ'

'မင်းကို ဒီအတိုင်း ပစ်ထားခဲ့ဖို့ ကောင်းတယ်၊ အဲဒီမှာ မင်း ကျောက်တုံးတွေ ပိပြီး ကျန်ခဲ့ဖို့ကောင်းတယ်' ဖုန်ဒီးရမ် ဒေါသတကြီး ရေရွတ်ပါသည်။

ကျွန်တော် စိတ်တိုသွား၏။

ကျွန်တော့်မေးစေက ဒဏ်ရာ၊ ကျွန်တော့်ခေါင်းမှ သွေးစိမ်းရှင်ရှင် ထွက်နေဆဲ ဖြစ်သော နာကျင်လှသည့် ဒဏ်ရာ…ထိုဒဏ်ရာများကို သူသည် နာကျင်စေလိုသော စေတနာဖြင့် ပေးခဲ့ခြင်းမဟုတ်မှန်း ကျွန်တော် သိပါသည်။ သို့သော် သည်မျှအထက်စီးက ဆက်ဆံတတ်သော လူတစ်ယောက်ကို ကျွန်တော် တစ်သက်လုံး ကျေးဇူးဆပ်လို့ ကုန်နိုင်မှာ မဟုတ်တော့ ဟူသည့်အဖြစ်က တနုံ့နုံ့ ခံစားရစေသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသထွက်လို့ မဆုံးနိုင်အောင် ရှိသော့သည်။

ဖုန်ဒီးရမ် မတ်တတ်ထရပ်သည်။

'အဖေ…ဒီလောက် ခေါင်းမာတဲ့ကောင်ကို ကျွန်တော် တာဝန်မယူချင်တော့ဘူး အဖေ၊ ကျွန်တော် သွားနှင့်မယ်'

'အဖုန်…နေဦး'

ဦးဖိုးရမ်က တားမြစ်၏။

'ကောင်လေးကို တွဲပေးဦးလေ…သူ့ခေါင်းက ဒဏ်ရာက မသေးဘူး'

'မတွဲဘူး'

'ဖုန်ဒီးရမ်…ဒါ… မင်းရိုက်ခဲ့တဲ့ အနာ'



www.burmeseclassic.com

www.burmeseclassic.com



'သူက ရိုက်အောင် လုပ်လို့ ရိုက်တာပဲ၊ အခုကြည့်ပါလား...သူ မသေအောင်လို့ ထမ်းပြေးလာခဲ့တာတောင် မကျေနပ်သေးဘူး၊ ကျွန်တော်သာ ထားပစ်ခဲ့ရင် အခုလောက်ဆို သူ့အဖေနဲ့အတူ အလောင်းဖြစ်ပြီး ကျန်ခဲ့ပြီ'

ကျေးဇူး...ကျေးဇူး။ ကျွန်တော် မျက်စိစုံမှိတ်ပြီး အော်မိ၏။

'ခင်ဗျားကို ဘယ်သူက ကယ်ခိုင်းလို့လဲ'

'တော်ပြီ...တော်ပြီ'

ဦးဖိုးရမ်က ကျွန်တော်နှင့် သူ့သားအကြားသို့ ဝင်ပြီး ဖျန်ဖြေပေး၏။ မောဟိုက်သံနှင့် ဖြစ်သည်။

'ငါတို့ ဒီကနေ အမြန်ဆုံး ခွာကြမယ်၊ တစ်ယောက်ကို တစ်ယောက် အပြစ်တင်မနေနဲ့'

ထိုအခါ ဖုန်ဒီးရမ်က သူ့ဖခင်အား ဝင်တွဲ၏။ ရဝမ်လို စကားတစ်ခွန်းပြောသည်။ ဦးဖိုးရမ်က လက်ကာ၍ ခေါင်းယမ်းပြသည်။

'လာ...ကောင်လေး၊ ကြိုးမပါဘဲ ဆင်းရမှာ...သတိထား'

ရေခဲတွေ ပြိုကျနေဆဲ ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး မွန်းကျပ်မှုန်မှိုင်းနေသည်။ ကြည့်လေရာရာမှာ တောင်ပြိုရာမှ ဖွာထွက်သော ရေခဲမှုန်များနှင့် နှင်းမှုန် နှင်းငွေ့များဖြင့် ဝန်းကျင် တစ်ခုလုံး ဖြူဖွေးလျက် ပိတ်ဆီးသွားတော့သည်။

'စခန်းကို ရောက်မှ စိတ်ချရမှာ၊ ငါတို့နဲ့ လူစုကွဲရင် မင်း စခန်းပြန်မရောက်ဘဲ နေလိမ့်မယ်၊ ငါ့နောက်ကနေ ကပ်လိုက်ခဲ့...ကြားလား'

ဦးဖိုးရမ်က ကျွန်တော့်ကို စိတ်မချနိုင်။

'ဟုတ်ကဲ့'

တကယ်တော့ ကျွန်တော့်ဒဏ်ရာမှာ သွေးတွေ များနေပြီ။ ကျွန်တော် မူးဝေနေခဲ့ပြီ။ ခေါင်းက ဒဏ်ရာကို ကျွန်တော် သွေးတိတ်အောင် အရင် စည်းနှောင်ချင်သည်။ သို့သော် စည်းနှောင်ဖို့ အချိန်မရနိုင်။ ကျွန်တော်တို့ နောက်မှာ နှင်းတုံးလိမ့်ဆင်းသံများ ကြားနေရဆဲ ဖြစ်သည်။

ထို့ကြောင့် ခေါင်းက ဒဏ်ရာကို လက်ဖြင့်ဖိလျက် သူတို့နှစ်ယောက် နောက်မှ အပြေးလိုက်ခဲ့ရသည်။ အခုအချိန်မှာ မေးခိုင်ရောဂါတွေ ဘာတွေ ကျွန်တော် ဂရုမစိုက်အား။ သွေးတိတ်အောင် အမြန်လုပ်နိုင်မည့် တစ်နည်း





က နှင်းတွေကို ဆုပ်ပြီး ဒဏ်ရာပေါ် ဖိသိပ်သည့်နည်းပဲ ဖြစ်၏။ ထို့ကြောင့် ပြေးရင်းလွှားရင်း နှင်းလွှာထဲမှာ စွန်းထွက်နေသော ရေခဲတုံးတစ်ခုကို ခလုတ်တိုက်ကာ လဲကျသွားသောအခါ ကုန်းကျုံးထရင်း နှင်းတွေကို လက်တစ်ဆုပ် ကောက်လိုက်သည်။ ထို့နောက် ကျွန်တော် ဂျိုစောင်းမှ နာကျင်သော နေရာပေါ် မှန်းဆပြီး သိပ်လိုက်၏။

ကျွန်တော့်ရှေ့ ကပ်လျက်က ဦးဖိုးရမ်။ သူ့ရှေ့မှ ဖုန်ဒီးရမ်...ခပ်သွက်သွက် ပြေးနေသည်။ ကျွန်တော်တို့သုံးယောက်မှာ ကျွန်တော်က ခြေလှမ်း အနှေးဆုံး၊ ဖုန်ဒီးရမ်က အသွက်ဆုံး။

ထိုခဏ၌ မထင်မှတ်သော ဖြစ်ရပ်တစ်ခု ဖြစ်သွားခဲ့သည်။

ကျွန်တော်တို့နှင့် တောင်ပြိုသည့် နေရာမှာ ကိုက်တော်တော်များများ ကွာဝေးသောကြောင့် ဘေးလွတ်လိမ့်မည်ဟု ထင်ခဲ့မိသည်။ ကျွန်တော့် အထင် မှားသွားခဲ့ပါသည်။

ကျွန်တော်တို့၏ နောက်မှ တစ်ခုခု လဲပြိုသော အသံတစ်ခုကို ခပ်သဲ့သဲ့သာ ကြားလိုက်ရခြင်းဖြစ်သည်။ နီးနီးကပ်ကပ် တစ်နေရာမှ ထူးဆန်းသော အသံကြောင့် ကျွန်တော်တို့ သုံးယောက်လုံး လှည့်ကြည့်မိကြသည်။

ကျွန်တော် မလှုပ်မယှက် ရပ်မိသွားသည်။ တစ်ခုခုက ကျွန်တော့် ခြေထောက်ကို ဆွဲထားသကဲ့သို့ပင် ဖြစ်သည်။ အဖြူရောင်ထုထည်ကြီးတစ်ခု ကျွန်တော်တို့ဆီသို့ တလိမ့်လိမ့်ပြိုဆင်းလာနေသည်မှာ အံ့သြစရာကောင်းလောက်အောင်ပင် နှေးကွေးပါသည်။ ကျွန်တော် ရှောင်မည်ဆိုလျှင် ရှောင်ချိန် ရလိမ့်မည်။ သို့သော် ထူးဆန်းစွာပင် ကျွန်တော် ငေးကြောင်လျက် မတ်တတ်ရပ်နေမိသည်။

ကျတော့မယ်...ကျွန်တော့်ဆီကို ပိတော့မယ်။

လဲပြိုဆင်းလာသော ရေခဲတုံးကြီးသည် စိမ်းပြာရောင်တောက်ပသော အဆင်း ရှိ၏။ သူ့ပတ်ပတ်လည် မျက်နှာပြင်တို့၌ ဖြူဖွေးသော နှင်းဆုပ် နှင်းခဲများ တင်နေခဲ့သဖြင့် လိမ့်ဆင်းလာချိန်တွင် ထိုနှင်းဆုပ်နှင်းခဲများသည် လေထဲသို့ လွင့်စဉ်ပျံတက်သွားသည်မှာ ဖွာခနဲ ဖွာခနဲ ဖြူဖွေးသွားသည်အထိ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နောက်မှာ အော်သံတစ်ခု ကြားလိုက်ရသည်။

'ကောင်လေး...' ရေခဲတုံးကြီး ကျွန်တော့်ဆီသို့ ရိပ်ခနဲ လွင့်စဉ်သော အရှိန်ဖြင့် ကျွန်တော်သည် တစ်ဖက်သို့ ယိုင်ထွက်သွား၏။ လေဖြင့် စုပ်ယူခံလိုက်ရသလို၊ သို့မဟုတ် လေဖြင့် တွန်းဖယ်ခံလိုက်ရသလိုပင် ဖြစ်သည်။ ထို့နောက် ကြီးမားသော ထုထည်ကြီးသည် ကျွန်တော့်အနီးမှ တုန်ခါလျက် ဖြတ်ကျော်သွား၏။

'အဖေ...'

ဖုန်ဒီးရမ်၏ အသံ။ ထို့နောက် တိုးတိတ်သော အာမေဋိတ်သံ။ ကျွန်တော် တောင့်တောင့်ကြီး ရပ်နေမိရာက နောက်လှည့်ကြည့်မိသော အချိန်မှာ ရေခဲတုံးကြီး တစ်ခုခုနှင့် တိုက်မိပြီး ရပ်သွားခဲ့ပြီ။ ခပ်လှမ်းလှမ်းတွင် ဖုန်ဒီးရမ်တို့ သားအဖ လဲကျနေသည်ကို မြင်လိုက်ရသောအခါ ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားတော့သည်။

'ဒီးရမ်...'

ကျွန်တော့် တဆတ်ဆတ်တုန်နေသော ခြေထောက်များသည် သူတို့နှစ်ယောက်ဆီ ရောက်ရန် ဝေးလံသောခရီးကို လျှောက်နေရသလို ရှိ၏။ တော်တော်နှင့် မရောက်နိုင်။

ကျွန်တော် သူတို့အနီးသို့ရောက်သောအခါ မြင်လိုက်ရသော မြင်ကွင်းကြောင့် တစ်ကိုယ်လုံး ထုံပူချောက်ချားသွားသည်။

ဖုန်ဒီးရမ်၏ ကိုယ်အောက်ပိုင်းမှာ ရေခဲတုံးထောင့်စွန်း၏ တစ်ဖက်မှာ ရှိနေပြီး ကိုယ်အထက်ပိုင်းက သည်ဘက်မှာ ရှိသည်။ ဒီးရမ်သည် မလှုပ်မယှက် ပက်လက် ငြိမ်သက်စွာ ရှိနေ၏။ ဖုန်ဒီးရမ်အနီးတွင် ဦးဖိုရမ်မှာ မှောက်လျက်သား ရှိနေသည်။ ဦးဖိုရမ်ကို အစွန်အဖျားနှင့် ထိခိုက်မိပုံ ရသည်။ လူးလဲထထိုင်နိုင်သည်။ သို့သော် ခြေထောက်တစ်ဖက် တန်းတန်းကြီး ဖြစ်နေတာကို မြင်ရပါသည်။ ကိစ္စမရှိဘူး၊ သူ မသေနိုင်ပါ။

ကျွန်တော် ဖုန်ဒီးရမ်အနီးတွင် ဒူးထောက်ထိုင်ချလိုက်မိသည်။

'ကိုဒီးရမ်...'

ဖုန်ဒီးရမ် သတိလစ်မေ့မျောမနေပါ။ သူ ကျွန်တော့်ကို လှမ်းကြည့်နေသည်။





'လှုပ်လို့ ရလား...'

သူ ခေါင်းယမ်းသည်။ သူ့မျက်လုံးတွင် သည်းထန်သော ဝေဒနာကို ကျွန်တော်မြင်နေရသည်။ ကျွန်တော့်ဝမ်းဗိုက်ဆီမှ ထိုးလိမ့်တက်လာသော အလုံးကြီးတစ်ခု ကျွန်တော့်လည်ပင်းမှာ တစ်ဆို့နေ၏။

'ကျွန်တော် မ,ပေးမယ်၊ စိတ်အေးအေးထား'

ကျွန်တော် ဦးဖိုရမ်ကို ကြည့်မိသည်။ သူ့မျက်နှာမှာ ယူကျုံးမရ စိတ်ထိခိုက်ဟန်ကို မြင်နေရသည်။ သူ့သား အခြေအနေမကောင်းသည်ကို သူ သိနေဟန် တူပါသည်။

ကျွန်တော် ရေခဲတုံးကြီးကို လက်နှစ်ဖက်ဖြင့် အားစိုက် မ,ကြည့်သည်။ ထိုအရာသည် အနည်းငယ်မျှ ကြွမလာခဲ့။ ကျွန်တော် စိတ်ဓာတ်ကျသွားသည်။

'ငါ့ ခြေထောက်ကို ဆွဲ ဆန့်ပေး... ကောင်လေး၊ ငါယ် မ,မယ်'

အဘိုးကြီး၏ ညာဘက်ခြေပွတ်တိုင် လည်သွားခြင်း ဖြစ်လိမ့်မည်။ ခြေချင်းဝတ် လည်သွားသော ခြေထောက်ကို ကျွန်တော်တစ်ခါမှ မမြင်ဖူးပါ။ ထို့ကြောင့် ဘယ်လိုဆွဲ ဆန့်ရမလဲ ကျွန်တော်မသိပါ။ လူ၏ ခန္ဓာဗေဒကို တစ်ခါမျှ မလေ့လာဖူးခဲ့သည့်အတွက် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

'ဘယ်လိုဆွဲရမလဲ'

'ဒီအတိုင်းပဲ ဆွဲဆန့်'

ကျွန်တော် ဖုန်ဒီးရမ်ကို ကြည့်မိသည်။ ဒီးရမ်၏ မျက်စိ မှိတ်ကျသွားပြီ။ ဘုရား...ဘုရား။ ဒီးရမ်သာ တစ်ခုခု ဖြစ်ခဲ့လျှင်...

ဖုန်ဒီးရမ် မသေပါစေနှင့်။ သူ သေလို့ မဖြစ်ပါ။

'မြန်မြန်...'

ကျွန်တော် ဘာမှ စဉ်းစားမနေဘဲ ခြေစုံကန်လျက် အဘိုးကြီး၏ ခြေချင်းဝတ်ကို ဆွဲဆန့်ပေးလိုက်သည်။ ချွတ်ခနဲ အရိုးမြည်သံကို ကြားလိုက်ရ၏။ ထိုအခါကျမှ ကျွန်တော် လန့်သွားသည်။ ခြေပွတ်တိုင်လည်တာမှ ဟုတ်ရဲ့လား၊ အဆစ်လွဲတာမှ ဟုတ်ရဲ့လား။ ခြေထောက်ကျိုးသွားတာများလား။ ကျွန်တော် လုပ်လိုက်မှ ပိုဆိုးသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်စိုးရိမ်သလို အဘိုးကြီးကတော့ စိုးရိမ်ဟန် မရှိပါ။ သူ့အသိ သူ့အာရုံတွင် သူ့သားသာ ရှိနေခဲ့သည်။ အဘိုးကြီးသည် သူ့ခြေထောက်အား ဖိနှိပ်လျက် ထော့ကျိုးထော့ကျိုးနှင့် ထလာသည်။

'ကောင်လေး…မင်းခါးက ပုဆိန် ဖြုတ်ပေး'

ပုဆိန်လက်ကိုင်ဖြင့် ကုတ်သဖွယ် သုံးပြီး ကော်မ,တော့မည်ဟု ကျွန်တော် ရိပ်မိသည်။

'ဟုတ်ကဲ့'

ဒီးရမ် ကျွန်တော့်ကို ထမ်းပြေးခဲ့စဉ်က ကျွန်တော့် ခါးသိုင်းကြိုးမှာ ချိတ်ထားသော ကိရိယာတန်ဆာပလာတွေကို လေးသည်ဟူပြီး ပစ်မချခဲ့တာ တော်တော်ကံကောင်းသွားပါသည်။ ကျွန်တော် ခါးကြားမှ ပုဆိန် ဆွဲဖြုတ်လိုက်၏။

'သား…အဖုန်'

ဦးဖီရမ်သည် ဒီးရမ်အနီးတွင် ထိုင်လျက် ဒီးရမ်၏ ဟဲလ်မက်ကို ချွတ်လိုက်ကာ ဒီးရမ်၏နဖူးကို အသာ သပ်လိုက်လေသည်။

'အဖေ…'

ဒီးရမ် အသံကြားရတော့ ကျွန်တော် အနည်းငယ်တော့ စိတ်သက်သာရာ ရသွားသည်။ ဖုန်ဒီးရမ် မသေသေးဘူး။ ကျွန်တော်တို့ မြန်မြန်လှုပ်ရှားမှ ဖြစ်မည်။

ဦးဖီရမ်သည် ကျွန်တော့်ထံမှ ပုဆိန်ကို လျင်မြန်စွာ လှမ်းယူလိုက်သည်။ ထို့နောက် ဖုန်ဒီးရမ်၏ ကိုယ်ခန္ဓာပတ်လည်က နှင်းများကို ယက်ထုတ် ဖယ်ပေးနေသည်။ ကျွန်တော် သူလုပ်သည့်အတိုင်း လိုက်လုပ်မိ၏။

'ကဲ…အောက်က ခံဖို့ ကျောက်တုံးတစ်တုံး သွားယူဦး' သူ ခိုင်းသည့်အတိုင်း ကျွန်တော် ကျောက်တုံးသွားရှာခဲ့၏။ ကျွန်တော်တို့နှစ်ယောက် ပုဆိန်၏ လက်ကိုင်ကို ရေခဲတုံးအောက်သို့ စိုက်ထိုးချသည်။ အောက်က နှင်းပြင်သည် အပေါ်ယံတွင် ခပ်ပွပွ၊ အောက်မှာတော့ မာကျောနေ၏။ ပုဆိန်လက်ကိုင်ရိုးတံ၏ အောက်မှာ ကျွန်တော် ယူလာသော ကျောက်တုံးကို ခံလိုက်သည်။





ထို့နောက် ကျွန်တော်တို့နှစ်ယောက် ပုဆိန်လက်ကိုင်ရိုးကို ရှိသမျှ ခွန်အားဖြင့် အောက်သို့ တွန်းနှိမ့်ကြည့်သည်။

အခြေအနေ သိပ်မဆိုးပါ။ လက်ကိုင်ကို ကျွန်တော်တို့ ဖိချလိုက်သည့် အရှိန်ဖြင့် ရေခဲတုံးကြီး အနည်းငယ် ကြွသွားသည်။ သို့သော် အောက်က နှင်းတွေက ပွနေခဲ့သဖြင့် စိတ်ချမ်းသာရာရလောက်အောင်တော့ မကြွသေး။ ကျွန်တော်တို့ အသာပြန်လျှော့ရသည်။

ကျွန်တော် သိပြီ။

'ဒီးရမ်…'

ကျွန်တော် ခေါ်ကြည့်တော့ ဖုန်ဒီးရမ် မျက်လုံးလှန်ကြည့်၏။

'ခင်ဗျား ညာလက် လှုပ်လို့ရလား'

ဖုန်ဒီးရမ် ခေါင်းညိတ်၏။ သူ့ညာလက်ကို အသာလှုပ်ပြသည်။

'ကောင်းတယ်'

ကျွန်တော် အုတ်ခဲအရွယ် ကျောက်တုံးလေးတစ်ခုကို သွားရှာ၍ သူ့လက်ထဲ ထည့်ပေးလိုက်သည်။

'ကျွန်တော်တို့ မ,လို့ ကြွသွားတဲ့အခါ အဲဒီကျောက်တုံးကို ခင်ဗျား ကြိုးစားပြီး ခုကြည့်လိုက်'

ကျွန်တော်တို့ နောက်တစ်ကြိမ် အားစိုက်၍ မ,ကြသည်။ ပိနေသော ရေခဲ အနည်းငယ်ကြွလာ၏။

'ဒီးရမ်…ကျောက်တုံးကို တွန်းလိုက်'

ဖုန်ဒီးရမ် ညာလက်ထဲက ကျောက်တုံးကို တွန်းသည်။ ကျောက်တုံးလေးက ရေခဲတုံးကြီး၏အောက်သို့ ခက်ခက်ခဲခဲ ဝင်သွားသည်။ ဒီးရမ်၏ နဖူးမှာ ချွေးသီးချွေးပေါက်တွေနှင့်။

'ဦး…ကျွန်တော် တွန်းဖိထားပေးမယ်၊ ကိုဒီးရမ်ကို ဦး ဆွဲထုတ်လို့ ရမလား'

ကျွန်တော့်တစ်ကိုယ်လုံးဖြင့် လက်ကိုင်ကို ဖိနှိမ့်ထားစဉ် ဦးဖီရမ်က ဒီးရမ်အား ချိုင်းနှစ်ဖက်မှ မ,ပြီး ဆွဲထုတ်ရန် ကြိုးစားသည်။

'အား…'

ဖုန်ဒီးရမ် တစ်ချက်အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆတ်ခနဲ တုန်သွားသည်။

'မရသေးဘူးထင်တယ်၊ ဦး ... ခဏနေဦး'

ရေခဲတုံးကြီးကို အောက်က ခုရန် နောက်ထပ် ကျောက်တုံးလတ်လတ် တစ်ခုလောက် လိုလိမ့်ဦးမည်။ အောက်က နှင်းထုက ပွနေသည်။

ကျွန်တော် နောက်ထပ် ကျောက်တုံးအလတ်စား ထပ်ရှာလာပြီး ဖုန်ဒီးရမ်ကို ပေးရပြန်သည်။ ထိုကျောက်တုံး ခုနိုင်ရန် ရေခဲတုံးအောက်ရှိ သူ့ညာဘက်က နှင်းတွေကို လက်ဖြင့် ယက် မ,ပေးလိုက်သည်။

'ကဲ ... ဒီတစ်ခါဆိုရင် ရပြီဗျ'

ကျွန်တော်နှင့် ဦးဖီရမ်တို့ အားစိုက်၍ ပင့်ကော်ကြပြန်သည်။ သည်တစ်ခါ တော်တော်လေး ကြွလာသည်။ ဖုန်ဒီးရမ်၏ လက်ထဲက ကျောက်တုံးသည် မူလ ခုထားသော ကျောက်တုံးအား တွန်းဖယ်ကာ ဝင်သွားသည်။ ယခုအခါ ဖုန်ဒီးရမ်ကို ပိနေသော ရေခဲတုံးအကြီးအောက်တွင် ကျောက်တုံး ခပ်ကြီးကြီးတစ်တုံး ခံနေပြီမို့ ဖုန်ဒီးရမ် ကိုယ်ခန္ဓာနှင့် လွတ်လုဆဲဆဲ ဖြစ်သည်။

'ကောင်လေးမင်းဆွဲထုတ်၊ ငါ မ,မယ်'

သူ ပြောတာ မှန်ပါသည်။ ကျွန်တော့်ကိုယ်အလေးချိန်က သူ့ ကိုယ်အလေးချိန်လောက် မများပါ။ ကျွန်တော် ဖိချသည်နှင့်စာလျှင် သူဖိချသည်က ရေခဲတုံး ပို၍ကြွမည်ဖြစ်သည်။

ကုတ်အဖြစ် သုံးသည့် ပုဆိန်လက်ကိုင်ကို ဖုန်ဒီးရမ်၏ ညာဘက်မှာ ထားပြီး ကော်နေရာကနေ ဘယ်ဘက်ကို ပြောင်း၍ ကော်နိုင်ဖို့ နေရာရွှေ့ရသည်။ ညာဘက်မှာက ကျောက်တုံးခုထားတာမို့ မြေပြင်မှ တော်တော် လွတ်နေပြီးသား ဖြစ်သည်။

ကျွန်တော် ဖုန်ဒီးရမ်၏ ခေါင်းအထက်မှာ မတ်တတ်ရပ်ပြီး သူ့ချိုင်းနှစ်ဖက်ဆီ လက်လျှိုယူလိုက်သည်။ ကျွန်တော်နှင့် ဦးဖီရမ် တစ်ယောက်နှင့် တစ်ယောက် အချိန်ကိုက် လှုပ်ရှားနိုင်ရန် မျက်လုံးချင်း ဆုံလျက် စောင့်ကြည့်ကြသည်။

'ကဲ ... ...'

ဦးဖီရမ်က သူ့မှာ ရှိသမျှခွန်အားဖြင့် ပုဆိန်လက်ကိုင်ကို ဖိချကာ ရေခဲ







တုံးကြီးကို ကော်လိုက်သည့်အချိန် ... ကျွန်တော်က အနည်းငယ်မျှ မဆိုင်းဘဲ ဒီးရမ်၏ ကိုယ်ခန္ဓာကို အားရှိသမျှ သုံးပြီး ဆွဲထုတ်ယူလိုက်ရ၏။ ရေခဲတုံးနှင့် မလွတ်တလွတ် အနေအထားမို့ သူ့ဒဏ်ရာတွေကို ရေခဲတုံး မျက်နှာပြင်နှင့် ထိခိုက်ပွတ်တိုက်မိသွားပါသည်။ ဖုန်ဒီးရမ် အသံထွက်ညည်းညူလိုက်သည်။ ကျွန်တော် စောစောကလိုပင် တစ်ချက် လန့်ပြီး တုန်သွား၏။ သို့သော် သူ့နာကျင်မှုကို ကျွန်တော်မခံနိုင်ဘဲ လွတ်ချလိုက်လျှင် သည်နေ့ အဖို့ ဖုန်ဒီးရမ် လွတ်တော့မှာမဟုတ်ပါ။ ထို့ကြောင့် သူညည်းညူနေသည့် ကြားမှ မျက်စိစုံမှိတ်ကာ ဆွဲထုတ်ယူလိုက်ရပါသည်။

ဖုန်ဒီးရမ်၏ ကိုယ်ခန္ဓာ ရေခဲတုံးကြီးအောက်မှ လွတ်လာခဲ့သည်။

ကျွန်တော် နှလုံးတုန်နေသဖြင့် နှင်းဖုံးမြေပြင်ပေါ်မှာ ဖင်ထိုင်ချလျက် စိတ်ငြိမ်သက်သွားအောင် ခဏနားလိုက်ရသည်။ ဦးဖီရမ်က သူ့သား၏ ပခုံးကို လက်ဖြင့်လျှိုကာ ပွေ့ယူပြီး သူ့ပေါင်ပေါ် ခေါင်းတင်ထားပေးလိုက်၏။

'သား ...'

ဖုန်ဒီးရမ်၏ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ဝါးဖြင့် အသာသပ်ပေးရင်း ဦးဖီရမ် ငိုပါသည်။ ကျွန်တော် ရုတ်တရက် ကြောင်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ကျွန်တော့်ဘဝမှာ ယောကျ်ားကြီး တစ်ယောက် သည်းသည်းထန်ထန် ငိုကြွေးတာကို တစ်ခါမှ မကြုံဖူးသောကြောင့် ဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်မှိုင်းရီဝေကာ အေးစက်တိတ်ဆိတ်နေသည်။

'အဖုန်ဒီးရမ် သိပ်မိုက်တယ်၊ ငါ အသက်ကြီးပြီ ငါ့ကို ပိပါစေပေါ့၊ ဘာဖြစ်လို့ သူ့အပေါ် ပိနိုင်းသလဲ'

အဘိုးကြီးက ယူကျုံးမရမျက်နှာဖြင့် ကျွန်တော့်အား တိုင်တည်ပြောလာသည်။

'ငါ့ကို တွန်းပြီး သူခံတာ'

'မဟုတ်ဘူး အဖေ၊ ကျောက်တုံးက ကျွန်တော့်ကိုပဲ ရွေးပြီး ပိတာပါ'

ဖုန်ဒီးရမ်က ဝေဒနာကြားမှ အားနည်းသောအသံဖြင့် သူ့အဖေကို ငြင်းသည်။

ကျွန်တော် သူတို့နှစ်ယောက်ကို ငေးကြည့်နေမိသည်။ ဖုန်ဒီးရမ်သာ



www.burmeseclassic.com

www.burmeseclassic.com



သေသွားခဲ့လျှင် အဘိုးကြီး ရှုံးသွားလေမလား။ ဖုန်ဒီးရမ်ဒဏ်ရာတွေကို အဝတ်အစားအောက်မှာမို့ သေချာ မမြင်ရ။ သို့သော် သည်လောက် ကြမ်းတမ်း ခက်မာပြီး စိတ်ဓာတ်ပြင်းထန်သော လူတစ်ယောက် မလှုပ်မယှက် ပက်လက်ငြိမ်သက်နေရသည် ဆိုကတည်းက ဒဏ်ရာ တော်တော်ပြင်းပါလိမ့်မည်။

ကျွန်တော် ဖုန်ဒီးရမ်၏ အနီးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ သူ့ဘောင်းဘီအပေါ်ဆုံး တစ်ထပ်ကို ဓားဖြင့် ခွဲကြည့်လိုက်၏။ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်စွာ ခံစားလိုက်ရသည်။ ဘယ်ဘက်ပေါင်က သွင်သွင် ကျိုးသွားပြီး အရိုးငေါငေါထွက်ကာ ဒဏ်ရာမှ သွေးတွေ စိမ့်အိုင်နေသည်။ ညာဘက် ခြေသလုံးရိုးလည်း ကျိုးသွားပုံရသည်။ ခြေသလုံးတစ်နေရာက ဖျော့ဖတ်နေသည်ကို ခြေသလုံးစွပ် gaiter ပေါ်မှပင် မြင်သာပါသည်။ ကိုယ်အထက်ပိုင်း ဒဏ်ရာရသေးလားဟု ကြည့်မိတော့ အပေါ်ယံမှာ ဘာမှ မသိသာ။ ကျွန်တော် သူ့ဂျာကင်အင်္ကျီကို ဖစ်ဖြုတ်ပြီး အတွင်းက ဖလန်နယ်အင်္ကျီအထပ်ထပ်ကို ချွတ်ကြည့်သည်။ သွေးထွက်သံယိုတော့ မရှိ။ သို့သော် တီရှပ်၏ အောက်ဘက်မှာ မြင်နေရသော သူ့ရင်ဘတ်မှာ အညိုအမည်းစွဲနေသည့် ဒဏ်ရာတစ်နေရာ ရှိသည်။ နံရိုးများ ကျိုးသွားလေသလား။

ဘာပဲဖြစ်ဖြစ် သူ့ဒဏ်ရာတွေသည် ဆေးရုံမြန်မြန်ရောက်မှ အသက်ချမ်းသာရမည့် ဒဏ်ရာတွေ ဖြစ်သည်။ သွေးလွန်နိုင်သည်။ အကယ်၍ နံရိုးကျိုးသွားပြီး အဆုတ်ကို...နှလုံးကို... (ဘုရားသိကြား မ,လို့ မဖြစ်ပါစေနဲ့) နံရိုးဖြင့် စိုက်ထိုးမိသွားလျှင်... ...။

'ဥက္ကာ...'

သူ လေသံဖျော့ဖျော့ဖြင့် တိုးတိုးခေါ်၏။

'ငြိမ်ငြိမ်နေ ဒီးရမ်၊ ကျွန်တော် ဒဏ်ရာကို သွေးမထွက်အောင် ပတ်တီးစည်းပေးမလို့'

'အဖေ့ကို ရအောင်ခေါ်ပြီး တပောင်းဒမ်းကို ရောက်အောင်ပြန်၊ ငါ မလိုက်နိုင်တော့ဘူး'

ကျွန်တော် ထိုစကားကို မကြားရပါ။ အထူးသဖြင့် ထိုစကားကို ဖုန်ဒီးရမ်ထံမှ မကြားရပါ။





'ခင်ဗျား မပါလို့ မဖြစ်ဘူး...ခင်ဗျား လိုက်မှ ဖြစ်မယ်၊ ခင်ဗျားမပါရင် ကျွန်တော် မပြန်ဘူး'

'မင်း... ခေါင်းမမာနဲ့'

'မာတယ်ဗျာ'

'ဥက္ကာ...ဒီလမ်းတွေက တစ်ယောက်တည်းသွားတာတောင် ခြေမခြတဲ့ ကျောက်တုံးတွေ၊ တံတားတွေက တစ်ယောက်တည်း သွားတာတောင် ပြတ်ကျနိုင်တဲ့... ...'

'ရှူး...ရှူး...'

သူ့နှုတ်ခမ်းကို ကျွန်တော့်လက်ဖြင့် အသာအုပ်လိုက်သည်။

'စကားမပြောနဲ့...သွေးယိုမှာ စိုးလို့'

သူ့ဒဏ်ရာကို တတ်သလောက် မှတ်သလောက် ဝွမ်းဖြင့် သန့်စင်ပြီး ပတ်တီးကျပ်ကျပ်စည်းပေးနေစဉ် ကျွန်တော့်ဦးနှောက်တွေ ပူလှုနေသည်။ ဘာလုပ်ရမလဲ။ ရှေ့ဆက်ပြီး ဘာလုပ်ရမလဲ၊ သူ မသေအောင် ကျွန်တော် ဘယ်လို ကယ်နိုင်မလဲ။

သူ ပြောတာ မှန်သည်။ ကျွန်တော်တို့ သူ့ကို တပောင်းဒမ်းသို့ မသယ်နိုင်။ တပောင်းဒမ်းနှင့် မလောင်ဝမ်ချောင်းဘေးစခန်းအကြား ခရီးသည် လေးညအိပ်ခရီး ဖြစ်သည်။ လူနာကို သယ်ပြီး ခရီးဆက်လျှင် လေးညအိပ်နှင့် ရောက်မည်မဟုတ်။ အချိန်ကြာလေ ဒဏ်ရာက သွေးယိုလေ၊ နောက်ပြီး ဒဏ်ရာက ပုပ်သွားခဲ့လျှင် အနည်းဆုံး ခြေထောက်နှစ်ဖက် ဖြတ်ရမည်။ အဆုတ်ထဲသို့ စိုက်ဝင်နေခဲ့မည့် နံရိုးကရော...ကျွန်တော် သူ့ကို သယ်ပိုးသည့်အခါ ပို၍ပို၍ စိုက်ဝင်ပြီး အဆုတ်မှာ သွေးမယိုနိုင်ဘူးလား။ အဲသည်လိုသာ သွေးယိုခဲ့လျှင်...

အခြေအနေ မကောင်းပါ။ လုံးဝ မကောင်းပါ။

တောင်တက်အဖွဲ့တွေက အခြေစိုက်စခန်းမှပင် ပြန်သွားကြလောက် ပြီ။ သို့သော် သူတို့ ဝေးဝေးတော့ ရောက်ဦးမည်မဟုတ်။ ကျွန်တော် အပြေးလိုက်လျှင် မီနိုင်မလား။ နှစ်ညအိပ် ခရီးလောက် လွန်နေပြီဖြစ်သော ခြေလျင်နှင့် တောင်တက်အဖွဲ့သားတွေနောက်သို့ အခုမှ တောင်တက်ဖူးသည့် ကောင်က ဘယ်လို အမီလိုက်ပြီး ဘယ်လိုအကူအညီတောင်းမလဲ။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်မနေနဲ့၊ လုပ်ကြည့်ရမည်။

ကျွန်တော် ဆုံးဖြတ်လိုက်၏။

'ဒီးရမ်...ခင်ဗျားကို ကျွန်တော် ဆေးရုံပို့မယ်'

ဖုန်ဒီးရမ် ရယ်ပါသည်။ ရယ်သံက အားမရှိပါ။ ရယ်ရုံပဲ ရယ်ပြီး ဘာစကားမှ မပြောပါ။

'ဦး...ဦးက သူ့အနားမှာနေခဲ့၊ စောင်ခြုံပေးပြီး နွေးနွေးထွေးထွေး ထားပါ၊ ကျွန်တော် တယောင်းဒမ်းကို သွားပြီး အကူအညီတောင်းမယ်၊ အဲဒီမှာ တောင်တက်အဖွဲ့ကို မီနိုင်တယ်'

ကျွန်တော်တို့သုံးယောက် မလောင်ဝမ်စခန်းသို့ ပြန်ရောက်သည်အထိ စားနိုင်ဖို့ ရိက္ခာဘစ်စကစ်ထုပ်များ၊ ကိတ်ခြောက်ထုပ်များကို ဦးဖီရမ်အား ပေးအပ်လိုက်သည်။ ပတ်တီးလိပ်နှစ်လိပ်နှင့် ဂွမ်းလိပ်ကိုလည်း ပေးလိုက်သည်။ ကျွန်တော့ကျောပိုးအိတ်ထဲက လေလုံသော ဂွမ်းကပ်တစ်ထည်ပါ ပေးလိုက်သည်။

'ကျွန်တော် မလောင်ဝမ်စခန်းမှာ ကျန်ခဲ့တဲ့ ရိက္ခာနဲ့ စောင်နဲ့ ယူပြီး ခရီးဆက်မယ်၊ ဦး ဒီမှာ စောင့်နှင့်...သူ့ကို လုံးဝ နေရာမရွှေ့နဲ့နော်'

'အေး...'

'ဥက္ကာ...'

ဖုန်ဒီးရမ်၏ လေသံသဲ့သဲ့။

'မင်း စိတ်ကူးမယဉ်နဲ့...တယောင်းဒမ်းနဲ့ ဒီနဲ့ အသွားအပြန် ရှစ်ရက်၊ မင်းပြန်လာနိုင်ခဲ့ရင်တောင် ဒီမှာ အဖေက ရိက္ခာပြတ်ပြီ၊ ငါက သေနေပြီ'

သေနေပြီ...၊ ထိုစကားကြောင့် ရင်ညွန့်ဆီမှာ စူးခနဲနာကျင်သွား၏။

'ကိုဒီးရမ်...'

ကျွန်တော် သူ့အင်္ကျီကြယ်သီးများကို ပြန်တပ်ပေးလိုက်သည်။

'ဒီမှာကြည့်...ကျွန်တော့်ကိုကြည့်၊ ခင်ဗျား လုံးဝ မသေရဘူး၊ ကျွန်တော် ခင်ဗျားကို မရရအောင် ဆေးရုံပို့မယ်၊ အမြန်ဆုံးရောက်အောင် ပြန်လာမယ်၊ ခင်ဗျား ကျွန်တော့်ကို တစ်ခုပဲ ကူညီပါ'

'ငါက...၊ မင်းကို...'

'ဟုတ်တယ်၊ ခင်ဗျား ကျွန်တော့်ကို ယုံကြည်ပေးပါ၊ စိတ်ဓာတ် လုံးဝ





ကျမသွားပါနဲ့၊ ကျွန်တော် အချိန်မီပြန်လာမှာလို့ ယုံကြည်ပေးပါ၊ အဲဒါ တစ်ခုတော့ ခင်ဗျား လုပ်ပေးရလိမ့်မယ်...ဘယ့်နှယ်လဲ'

'အေး...'

ကျွန်တော် ဖုန်ဒီးရမ်၏ ညာလက်ကို ကျွန်တော့်ညာလက်ဖြင့် တင်းတင်း ဆုပ်ညှစ်လိုက်၏။

'ခင်ဗျား စောင့်နေနော်'

'အေး...ငါ စောင့်နေပါ့မယ်'

ကျွန်တော့်ကတိကို ကျွန်တော် တည်နိုင်ပါ့မလား...ဟု အနည်းငယ်မျှပင် သံသယမဖြစ်မိပါ။

ကျွန်တော့်မှာ ရှိသမျှ ခွန်အားနှင့် ဇွဲကို အကောင်းဆုံး အရနိုင်ဆုံး ထုတ်ယူပြီး သုံးတော့မည်ဖြစ်သည်။ ဖုန်ဒီးရမ်သည် ကျွန်တော့်အသက်ကို နှစ်ခါတိတိ ကယ်ခဲ့သူ ဖြစ်သည်။ သည်တစ်ခါ သူ့အလှည့်မှာ ကျွန်တော်အချိန်မီ မရောက်ခဲ့လျှင် ကျွန်တော်အသက်ရှင်နေမည့်ဘဝက ဘာများ အဓိပ္ပာယ်ရှိတော့မှာလဲ။

ဖုန်ဒီးရမ် မသေရ၊ လုံးဝ မသေရပါ။

၄

သဘာဝတရားသည် ကျွန်တော့်အား ဖေးမကူညီပေးလေသည်။

တစ်ညလုံး မနားမနေ ခရီးဆက်လို့ရအောင် ဝိုင်းစက်လုနီးပါး ပြည့်ဝန်းနေသော လပြည့်လက ထိန်ထိန်သာလျက် ရှိသည်။ ပတ်ဝန်းကျင်သည် ရေခဲမိုးများ ဖွဲဖွဲကျနေသဖြင့် အေးစိမ့်တုန်ခိုက်နေ၏။ သို့သော် ကိုယ်ခန္ဓာမှာ ပူလောင်နေခဲ့သည်။ ထင်းရှူးတောများနှင့်အတူ ဝါးပင်ပုပုများကို ကျွန်တော် ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သန်းလာခဲ့သည်။ ကျွန်တော် တစ်ချက်ကလေးမျှပင် မနားပါ။ ဒူးတွေ ညွှတ်ခွေလျက် ထိုင်ချပစ်လိုက်ချင်စိတ်တွေ ခဏခဏ ပေါ်လာခဲ့၏။ မဖြစ်ဘူး...ကျွန်တော် နားလို့မဖြစ်ဘူး။ ကျွန်တော် တောင်တက်အဖွဲ့ဆီ မီမှ ဖြစ်မည်။ မီနိုင်ဖို့ကလည်း သူတို့ သုံးညအိပ် ဦးနှင့်နေသော ခရီးကို ကျွန်တော် တစ်ညနှင့် လိုက်ပါမှ ဖြစ်လိမ့်မည်။ ပြေး...မနားနဲ့၊ ဆက်ပြေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အချိန်ဖင့်နွှဲစေသည့်အပိုင်းမှာ ချောင်းဖြတ်ကူးရသော အပိုင်းတွေပဲ ဖြစ်၏။

ကျွန်တော် အလွန်ကြောက်ရွံ့သော ကြိုးတံတားမျှင်မျှင်များ၊ ကျွန်တော် အလွန်ကြောက်ရွံ့သော ချော်နေသည့် သစ်လုံးတစ်လုံးတည်း တံတားများ။ ထိုတံတားများတွင် ကျွန်တော် ခြေတဆတ်ဆတ်တုန်နေခဲ့သောကြောင့် ဖြစ်သည်။ တံတားမရှိင်သဖြင့် ရေထဲမှပဲ ချောင်းဖြတ်သည့်အခါမှာတော့ ကျွန်တော်အချိန်တွေ ပိုကုန်ပါသည်။ ချောင်းသောက နွယ်မျှင်တွေကို ဓား မြှောင်ဖြင့် ခုတ်ဖြတ်ကာ နွယ်ကြိုးရှည်ရှည်ရအောင် ဆက်လျက် တောင် ကမ်းပါးယံက သစ်ပင်မှာ နွယ်ကြိုးအစွန်းကို ချည်နှောင်ကာ နွယ်ကြိုးကို လက်က ကိုင်လျက် ချောင်းကို ကူးရသောကြောင့်ဖြစ်သည်။ လရောင်က သစ်ပင်ရိပ် ထူထပ်လျှင် လုံးဝ ကျွန်တော့်ဆီ မပေါက်။ ထိုအခါ လက်နှိပ် ဓာတ်မီးကို တစ်ချိန်လုံးလိုလို ဖျတ်ခနဲ ဖျတ်ခနဲ သုံးနေရ၏။ ဓာတ်ခဲ အပို လေးလုံးကို ကျောပိုးအိတ်ထဲမှာ ထည့်လာခဲ့သဖြင့် ဓာတ်ခဲ အားကုန်မှာကို စိုးရိမ်စရာ မရှိပါ။

ရေညှိတွေ ချောနေသည့် ကျောက်တုံးကြီးတွေအကြားမှာ ပေါင်လယ် အထိ ရောက်သော ရေခဲရေချောင်းသည် အရှိန်အဟုန်ပြင်းစွာ ကျွန်တော့် အား ကြုံးဝါးခြိမ်းခြောက်နေခဲ့၏။ ကျွန်တော့်သားမှာ ကျောက်တုံးတချို့ ရေစီးဖြင့် လိမ့်ပြီး ကျွန်တော့်ကိုပါ တွန်းတိုက်လာ၏။ ကျွန်တော် နွယ်ကြိုး ကိုသာ အားကိုးစရာရှိသည်။ ခြေချော်လို့လည်း မဖြစ်၊ လက်က နွယ်ကြိုး ကို လွတ်သွားလို့လည်း မဖြစ်။

ကျွန်တော့် မတော်မဆ လိမ့်ကျသေဆုံးသွားလို့ မဖြစ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော် သေခဲ့လျှင် ကျွန်တော်တစ်ယောက်တည်း သေသွားမှာ မဟုတ်။ ဖုန်ဒီးရမ်ပါ သေရလိမ့်မည်။ ထို့ကြောင့် ကျွန်တော် သေလို့မဖြစ်ပါ။

မနားမနေ ပြေးလျှောက်နေသော ကျွန်တော့်ခြေထောက်များ ညွှတ်ခွေ ကာ မကြာခဏ လဲကျသည်။ လဲကျတိုင်းလည်း တစ်ခါတည်း ကျောဆန့် ပြီး နားပစ်လိုက်ချင်စိတ်တွေ ပေါ်ခဲ့သည်။ သို့သော် ဒဏ်ရာကြီးနှင့် ကျွန် တော့်အား စောင့်နေမည့် ဖုန်ဒီးရမ်ကို ဖျတ်ခနဲ သတိရသွားသည့်အခါ အား တင်းပြီး ထရပ် ခရီးဆက်ရပြန်လေသည်။





ကျွန်တော်တို့ လာခဲ့ရာ အဒွန်းဝမ်ချောင်းအတိုင်း ကမ်းပါးတစ်လျှောက် တက်လိုက် ဆင်းလိုက်၊ ချောင်းလက်တက်များကို ဖြတ်လိုက်၊ လိမ့်ကျလိုက် ပြန်တက်လိုက်နှင့် မနားမနေ ပြေးလာခဲ့ရာ မိုးစင်စင်လင်းသောအခါ တောင် ဇလပ်တောများဆီ ရောက်သွားသည်။ ကျွန်တော်တို့ စခန်းချခဲ့သော မြစ် ကမ်းဘေးတစ်ခုပဲ။ မြစ်ကလည်း အဒွန်းဝမ်မြစ်ပဲ၊ သို့သော် ဘာစခန်းလဲ… ကျွန်တော် မမှတ်မိ။ တဟောင်းဒမ်သို့ တစ်ညအိပ်ခရီးသာ လိုတော့သည့် စခန်းလား၊ နှစ်ညအိပ်ခရီး ဝေးသေးသည့် စခန်းလား… ကျွန်တော် မသိ။ စဉ်းစားတွေးတောချိန်လည်း မရ။ တွေးဖို့လည်း အချိန်မပေးနိုင်ပါ။ တစ် ညအိပ်ပဲ လိုလို နှစ်ညအိပ်ပဲ လိုလို အရေးကြီးသည်က နောက်ဆုံးရွာ တဟောင်းဒမ်းကို ကျွန်တော်မရောက်သေး၊ တောင်တက်အဖွဲ့ကို မမီသေး။ ကျွန်တော် ဆက်ပြေးရဦးမည်။

နံနက် မျက်နှာသစ် သွားတိုက်ဖို့ အချိန်မပေးနိုင်၊ ကော်ဖီသောက်ရန် ရေနွေးတည်ဖို့ အချိန်မပေးနိုင်။ ချောကလက်အင်နာဂျီဘားတွေကို ပြေး ရင်း လျှောက်ရင်း ထုတ်စား၊ ရေပုလင်းကို ပြေးရင်းလျှောက်ရင်း မော့သောက်၊ ဆက်… ခရီးဆက်၊ ကျွန်တော့်ကိုယ်ခန္ဓာ ဗုန်းဗုန်းလဲမကျမချင်း ခရီးဆက်။

ကျွန်တော့်မျက်လုံးတွေ ကျိန်းစပ်နေသည်။ ကျွန်တော့် ခြေဖဝါးတွေ နာကျင်လှပြီ။ ကျွတ်ကောင်တွေ မဝင်နိုင်အောင်ဟု ခြေအိတ်အထဲတွင် ဆောင်းဘီအဖျားတွေ စွပ်ထည့်ထားသော်လည်း သူတို့ ဝင်နေပြီ၊ ကျွန်တော့် ကို တွယ်နေပြီ။ ကျွန်တော့်ခြေသလုံးတွေ သွေးချင်းချင်းနီနေတော့မည်။ ကျွန်တော် နာကျင်မှုဖြင့် သိနေပါသည်။ သိပ်မခံမရပ်နိုင်အောင် နာလာလျှင် ကျွန်တော် လက်မှဓားဖြင့် အကောင်တွေကို ခါးလယ်မှ ပိုင်းဖြတ်ပစ်လိုက် သည်။ သို့သော် အဲသည်လို ပိုင်းဖို့က ကျွန်တော် ခြေလှမ်းရပ်ရမည်၊ ကိုယ် ကို ငုံ့ရမည်။ တွယ်ကပ်နေသော အကောင်ကို ရှာပြီး ဓားဖြင့် ချိန်ဆရမည်၊ ပြီးမှ အသာဆ,ပြီး ဖြတ်ရမည်။ အချိန်တော်တော်ကုန်ပါသည်။ ထို့ကြောင့် ကျွန်တော် ရပ်ပြီး ဖယ်မနေနိုင်ပါ။

ချောင်းတစ်ခုကို ဖြတ်သည့်အခါမှာတော့ ကမ်းပါးအတက်မှာ ကျွန် တော် ခြေချော်ပြီး လဲကျသွားသည်။ ကျွန်တော့်ခြေထောက်တွေက ရေထဲ မှာ ကျွန်တော့် ကိုယ်အထက်ပိုင်းက ချောင်းစပ်ကမ်းနားမှာ၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေက ချောင်းဘေးက သစ်ပင်ပုပုတွေ၏ သစ်မြစ်တွေကို တင်းတင်း ဆွဲထားရသည်။

ကျွန်တော့်ဘဝမှာ လဲကျရသည့်အတွက် စိတ်သက်သာရာရတာ သည် တစ်ခါပဲ ရှိသေး၏။

ကျွန်တော် လဲကျသွားပြီ၊ ကျွန်တော် ခဏနားခွင့်ရပြီ။ အတော်ပဲ။

ကျွန်တော် ရုတ်တရက် မျက်လုံးကို မှိတ်ပြီး အိပ်ချပစ်လိုက်မိသည်။

ရေစီးသိပ်သန်သော ချောင်း မဟုတ်ပေလို့ဘဲ။ ရေစီးသန်သော ချောင်း သာဆိုလျှင် ကျွန်တော် မျောပါသွားပြီ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် တင်းတင်းဆုပ်ကိုင်ထားသည့် သစ်မြစ်တွေက ကျွန်တော် မေ့ခနဲအိပ်ပျော် သွားစဉ်တွင် လက်မှလွတ်ထွက်သွားသောကြောင့်ဖြစ်သည်။ ကျွန်တော် ရေ တစ်ပိုင်း ကုန်းတစ်ပိုင်းဖြင့် သည်အတိုင်း တန်းလန်းကြီး အိပ်ပျော်သွားခဲ့ သည်။

အိပ်ပျော်သွားချိန် ငါးမိနစ်ကြာမလား ဆယ်မိနစ်ကြာမလား မသိ။ ဆူ ညံလှသော သစ်ပင်လေတိုးသံတွေကိုလည်း မကြားမိ၊ ငှက်အော်သံတွေ လည်း မကြားမိ။ ရေခဲတမျှ အေးစက်ကာ ခိုက်ခိုက်တုန်အောင် စိုရွှဲနေသော ချောင်းရေကိုလည်း မသိ။ သို့သော် ကျွန်တော်ပြန်နိုးလာခဲ့သည်။ အိပ်မက် လိုလို အတွေးတစ်ခု၏ ခြောက်လှန့်မှုကြောင့် ဖြစ်သည်။

ရေခဲတွေ နှင်းတွေဖြင့် တောင့်တင်းနေသော ဖေဖေ့အလောင်း၊ ဒုတ်ခနဲ အသံ၊ ဦးခေါင်းဆီမှ တစစ်စစ် နာကျင်မှု၊ ထို့နောက် ဖြူဖွေးသော နှင်းများ၊ ကြောက်စရာကောင်းသော အသံများနှင့် လျှင်မြန်စွာ လိမ့်ပြိုဆင်းလာသော ရေခဲ နှင်းခဲ အစိုင်အခဲတုံးများ၊ တစ်စုံတစ်ယောက်၏ ပခုံးပေါ် မှောက်လျက် ရှိနေပြီး သူ့ ခြေလှမ်း လှမ်းတိုင်း အထက်အောက် လှုပ်ခါယိမ်းယိုင်နေသော ကျွန်တော့်ကိုယ်ခန္ဓာ...လှုပ်ခတ်ဝေဝါးနေသော နှင်းလွှာပြင် မြေကြီး...။ ဖုန်ဒီးရမ်...။

ကျွန်တော် မှောက်လျက်လဲနေရာမှ လူးလဲထလိုက်သည်။

ဒီးရမ်...ကျွန်တော့်ကို စောင့်နေသည်။

ကျွန်တော်ကျန်ရှိနေသေးသော ခွန်အားကို ဖျစ်ညှစ်ထုတ်လျက် ချောင်း ကမ်းပါးကို တက်လိုက်ရပါသည်။





ကျွန်တော် စက်ရုပ်တစ်ခုပမာ အသိဉာဏ်ကင်းမဲ့စွာ ပြေးသည်။ ဘာ အတားအဆီးကိုမှ မမြင်ဘဲ ပြေးသည်။ တောင်ကို တွေ့လျှင် ကျော်သည်၊ ချောင်းကို တွေ့လျှင် ဖြတ်သည်။ သစ်တုံးကြီးတွေ လဲကျနေလျှင် ကျော် သည်။ အလိုအလျောက် လှုပ်ရှားမှု ဖြစ်သည်။ စဉ်းစားတွေးတောမှု မပါ။

ညနေ နေဝင်ချိန် ဘယ်လိုရောက်လာလဲ ကျွန်တော်မသိ။ မိုး တစိမ့်စိမ့် ရွာနေသော ပတ်ဝန်းကျင်တွင် နေ့လယ်နှင့် ညနေ ကွဲပြားမှုလည်း မရှိ။ အုံ့ ဆိုင်း မှိုင်းမှောင်သော ကောင်းကင်အောက်မှာ ကျွန်တော် အချိန်ကို မသိ၊ ခရီးကိုသာ သိသည်။

စိမ်းလန်းသော တောင်တန်းကြီးများကို လှမ်းမြင်နေရပြီလား၊ ဒါဆို လျှင် ရောက်တော့မည်။ ခွေးဟောင်သံတွေကို ကြားရပြီလား...ဒါဆိုလျှင် ရွာရောက်တော့မည်။ ထိုမျှော်လင့်ချက် ထိုအသိသာ ကျွန်တော့်မှာ ရှိ၏။

သို့သော် ကျွန်တော်တကယ်ရွာကို ရောက်သည့်အခါ တောင်တန်းကြီး တွေလည်း စိမ်းစိမ်း မမြင်ရတော့၊ ခွေးဟောင်သံတွေလည်း မကြားရတော့။ ညသန်းခေါင်နား နီးနေပြီ။ လရောင်ကိုလည်း လုံးဝမမြင်ရ။ တိမ်မည်း တွေ ဖုံးအုပ်လျက် လောကတစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသည့်အချိန် ကာလကြီးမှာ ကျွန်တော် တဟောင်းဒမ်းရွာသို့ ရောက်သွားပါသည်။ ပွင့် ထွက်လုမတတ် ပူပြင်းစွာ နာကျင်သော ရင်ဖြင့် တဒိန်းဒိန်းခုန်နေသော နလုံး ခုန်သံဖြင့် အထိမခံနိုင်သော ခြေထောက်အစုံဖြင့် ရောက်သွားခြင်းဖြစ်သည်။

မီးရောင်ပျပျမြင်သော သစ်လုံးတဲတစ်ခုကို ဝေဝါးသော မျက်စိအစုံဖြင့် လှမ်းမြင်လိုက်သည့်ခဏမှာ ကျွန်တော့် ဒူးတွေညွတ်ခွေယိုင်သွားသည်။ တစ် ယောက်ယောက် မအိပ်သေးဘူး၊ မီးဖိုမှာ မီးလင်းနေဆဲ ဖြစ်လိမ့်မည်။

ကျွန်တော် အစွမ်းကုန်အားတင်းလျက် ခြေကို တရွတ်ဆွဲပြီး တဲဆီသို့ ချဉ်းကပ်သွားတော့မှ ခွေးတစ်ကောင် ထ ဟောင်သည်။ ခွေးဟောင်မှာ ခွေးဆွဲမှာကို အလွန်ကြောက်ရွံ့မုန်းတီးသော ကျွန်တော်သည် သည်တစ်ခါ ခွေးဟောင်သံကိုတော့ လောကမှာ စိတ်အားတက်စရာအကောင်းဆုံး ခွေး ဟောင်သံအဖြစ် စိတ်သက်သာရာရစွာ ကြိုဆိုမိ၏။

ကျွန်တော် မျှော်လင့်တာ မှန်သည်။ ခွေးဟောင်သံကြောင့် တစ်စုံ တစ် ယောက် ထွက်ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

ပီသသော မြန်မာစကားသံကို ကြားလိုက်ရသည့်ခဏမှာ ကျွန်တော် ဝမ်းသာလွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်ကာ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

'ကျွန်တော်... ဥက္ကာပါ၊ ကျွန်တော့်ကို ကူညီပါ... ဖုန်ဒီးရမ်... ဒဏ်ရာရထားတယ်...'

ထို့နောက် ကျွန်တော့်တစ်ကိုယ်လုံး အင်အားတွေ ယုတ်လျော့ကာ ခွေကျသွားတော့သည်။

လေးညအိပ်ခရီးကို တစ်ရက်တည်းဖြင့် ရောက်အောင် ပြေးလာခဲ့သော ကျွန်တော့်အဖြစ်ကို ဘယ်သူမှ မယုံနိုင်ကြပါ။ ကျွန်တော်ကိုယ်တိုင်လည်း မယုံနိုင်ပါ။ သို့သော် တကယ်ဖြစ်ခဲ့ပြီ။ ကျွန်တော် တကယ်လုပ်နိုင်ခဲ့ပြီ။

တောင်တက်အဖွဲ့သည် မနက်ဖြန်တွင် တဟောင်းဒမ်းမှ ပြန်ထွက်ကြတော့မည် ဖြစ်သည်။ ကျွန်တော်သာ တစ်ရက်နောက်ကျခဲ့လျှင် သူတို့နောက်သို့ ကျွန်တော် ထပ်လိုက်နိုင်ပါဦးမလား၊ လိုက်နိုင်ခဲ့လျှင်လည်း ဘယ်လောက် အချိန်ထပ်ကုန်ဦးမှာလဲ။ ဖုန်ဒီးရမ် စောင့်နိုင်ပါ့မလား။

'အစ်ကိုတို့ ဆက်သွယ်ရေး ရေဒီယိုတွေ အလုပ်လုပ်လား'

'လုပ်တာပေါ့၊ ဘယ်ကို ဆက်ချင်လဲ'

ဦးသက်ထွန်းက အကူအညီပေးရန် စိတ်ပါလက်ပါဖြင့် မေးပါသည်။

'ကျွန်တော့်ကို ရဟတ်ယာဉ်တစ်စီး ငှားပေးပါ အစ်ကို၊ ဘယ်လိုနည်းနဲ့ပဲ ရရ လိုချင်ပါတယ်၊ ကျွန်တော် ဖုန်ဒီးရမ်ကို အသေမခံနိုင်ဘူး၊ အဲဒီအတွက် ဘာပဲပေးရပေးရ ဘယ်လောက်ပဲ ကုန်ကုန်...'

'အိုကေ... စိတ်မပူနဲ့၊ အေးအေးဆေးဆေး နားဦး၊ ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ၊ ကျွန်တော်တို့ ဆက်သွယ်ပေးပါ့မယ်'

တဟောင်းဒမ်းရွာအထိတော့ ရဟတ်ယာဉ်ဆင်းဖူးသည်ဟု သိရသည်။ သို့သော် မလောင်ဝမ်ချောင်းဖျားရှိ ခါကာဘိုရာဇီတောင်ခြေ အခြေစိုက်စခန်းအထိတော့ ရဟတ်ယာဉ် မဆင်းဖူးသေးပါ။ ဆင်းရင် ရနိုင်မလား... မေးတော့ဘယ်သူမှ မဖြေနိုင်။ အခြေစိုက်စခန်းသည် ပေ ၁၃,၀၀၀ ကျော်သဲ





မြင့်သည်။ သာမန်အားဖြင့် ရဟတ်ယာဉ်ရောက်နိုင်သည့် ပေအမြင့်မှာ ရှိနေသည်။ တစ်ခုရှိတာက သည်က ရဟတ်ယာဉ်တွေက ပေ တစ်သောင်းကျော်ထိ ပျံသန်းနိုင်ပုံမရပါ။ ပေ ၆၀၀၀၊ ပေ ၈၀၀၀ အလွန်ဆုံး ပျံသန်းတာ ကြုံဖူးသည်ဟု သူတို့က ပြောပါသည်။ မြင့်မားသော တောင်စဉ်တောင်တန်း သစ်တောတွေအကြား၊ ကျဉ်းမြောင်းသော တောင်ကြားတွေကို မြစ်ရိုးတစ်လျှောက် ကွေ့ကောက်ပျံသန်းဖို့ ခက်ခဲလှသည့်ကြားထဲ ပေ ၁၀,၀၀၀ ကျော် အမြင့်ကို ရဟတ်ယာဉ်ဆွဲနိုင်ပါမလား... မသေချာပါ။

ကျွန်တော့်ကို သူတို့ ညစာ ခေါက်ဆွဲပြုတ် ကျွေးနေစဉ် သူတို့ ဆက်သွယ်ရေးစက်ဖြင့် ကြိုးစားပမ်းစား ဆက်နေ၏။ မောပန်းမှုနှင့် စိုးရိမ်မှု ရောထွေးနေသဖြင့် ညစာကောင်းကောင်းမစားနိုင်ပါ။ ညစာစားပြီးသည်အထိ သူတို့ ဆက်သွယ်လို့ မရသေး။ သန်းခေါင်ယံအချိန် ဖြစ်နေသည်။

ကျွန်တော် မှေးခနဲဖြစ်သွားချိန်တွင် သူတို့ အဆက်အသွယ်ရသွားသည်။

အရေးပေါ် ... ဒဏ်ရာ ... အသက်အန္တရာယ် ... တဟောင်းဒမ်း... မလောင်ဝမ်ချောင်းဖျား... အခြေစိုက်စခန်း... ဆေးရုံ... အမြန်... ရဟတ်ယာဉ်... စင်းလုံးငှား...။

'သူတို့ အကြောင်းကြား ဆက်သွယ်ပေးမယ်တဲ့၊ နောက်အကျဆုံး မနက် ၉း၀၀ နာရီမှာ ဆက်သွယ်လို့ရမယ်၊ ခင်ဗျား စိတ်မပူနဲ့၊ ဘော့စ် ကဲ့င်ပ် ထိ မောင်းမပေးနိုင်ရင်တောင် ဒီရွာထိတော့ လာခေါ်နိုင်မှာပါ'

သူ ကျွန်တော့်ခေါင်းကို စူးစူးစိုက်စိုက် ကြည့်ပြီး မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားခေါင်းမှာ သွေးတွေလား'

ကျွန်တော့်ခေါင်းက သိုးမွှေးခေါင်းစွပ်ကို ကျွန်တော် ဆွဲချွတ်လိုက်သည်။ ခေါင်းစွပ် အပြာရောင်သည် အနီရောင်သို့ ပြောင်းနေပြီ။

ကျွန်တော့်ခေါင်းက ပုဆိန်ရိုးဒဏ်ချက်ကို ကျွန်တော် အခုမှ သတိရသွား၏။ ကျွန်တော့်ခေါင်းကို လက်ဖြင့် စမ်းကြည့်လိုက်သည်။ အရေးပေါ် ကပ်ထားသော ဂွမ်းစကြီးနှင့် ပလတ်စတာ ကျွတ်ပါလာ၏။ ဂွမ်းတစ်ခုလုံးလည်း သွေးစိုရွှဲနေပြီ။ ဒဏ်ရာကလည်း အခုမှပင် ဆိုးဆိုးဝါးဝါး ချက်ချင်း နာလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်မှာ ပေနေသောသွေးတွေကိုကြည့်ရင်း ကျွန်တော့်မျက်စိ အမြင်အာရုံတွေ ဝေဝါးကာ မှုန်နောက်လာ၏။ ရင်ထဲက တလှပ်လှပ် ဖြစ်လာသည်။

'ခင်ဗျား ဒဏ်ရာရထားတာပဲ'

ဦးသက်ထွန်း၏အသံသည် အဝေးကြီးက လာနေသလို သဲ့သဲ့လေး။

'မူးတယ်...'

ထို့နောက် ကျွန်တော် ခွေခနဲ လဲကျသွားခဲ့ပါသည်။

အမြင်အာရုံတွေ ပြာဝေကာ ဝါးနေသော်လည်း ကျွန်တော်သတိမလစ်သေး။ အသံတွေတော့ ကြားနေရသည်။

'ဒေါက်တာရေ...ဒေါက်တာတော့ ဒီညအိပ်ရဦးမှာမဟုတ်ဘူး၊ ဒဏ်ရာက ချုပ်ဖို့လိုနေတယ်'

ချုပ်ဖို့ လိုနေတယ်...။ ထိုစကားသံကြားလိုက်ရတော့မှ မှောင်အတိကျကာ သတိလစ်သွားပါတော့သည်။

*



မီးခိုးရောင် တိမ်တိုက်အကြားမှ ဖြာထွက်လာသော မှုန်းတည့်နေရောင်တစ်စွန်းတစ်စသည် ဖုန်ဒီးရမ်၏ မျက်နှာပေါ်သို့ ကျနေ၏။ ထိုနေရောင်ခြည်၏ အနွေးဓာတ်ကို ဖုန်ဒီးရမ် ခံစားနိုင်တော့ဟန် မတူပါ။ သူ့မျက်လုံးများသည် ဘယ်တော့မှ ပြန်မပွင့်နိုင်တော့မလို မှိတ်ကျလျက်ရှိသည်။ ဘုရားဘုရား...။

'ကိုဒီးရမ်...'

ကျွန်တော် တုန်လှုပ်ချောက်ချားစွာ သူတို့အနီးသို့ ပြေးသွားမိသည်။

ဦးဖီရမ်၏ ပေါင်ပေါ်မှာ ဒီးရမ်၏ ဦးခေါင်း တင်လျက်...ဦးဖီရမ်၏ မျက်နှာမှာ ကြေကွဲမှုနှင့် သောကတို့ ဖုံးလွှမ်းလျက်။ အဘိုးကြီး ကျွန်တော့်အား မော့ကြည့်သည်။ သူ ကျွန်တော့်ကို တစ်ခုခု ပြောတော့မည်။

'မပြောနဲ့...'

သူ ဘာပြောတော့မည်ဆိုတာ ကျွန်တော်ကြိုသိနေသည်။ မကြားရဲပါ။ ကျွန်တော် မကြားချင်ပါ။

ကျွန်တော် ဖုန်ဒီးရမ်အနီးတွင် ဒူးထောက်ထိုင်ချလိုက်၏။ ဖုန်ဒီးရမ်၏ ပျော့ခွေနေသော ညာလက်ကို မ,ယူပြီး တုန်လှုပ်စွာစမ်းသပ်ကြည့်မိသည်။ သေပြီလား...ခင်ဗျား သေပြီလား၊ ကျွန်တော့်ကို မစောင့်ဘဲ သေခဲ့ပြီလား။ မသေရဘူး။ ကျွန်တော့်အပေါ်မှာ ခင်ဗျား အကြွေးတွေ...

'ဒီးရမ် ...ရဟတ်ယာဉ် ရောက်ပြီ၊ မလောင်ဝမ်မှာ ရဟတ်ယာဉ် ရောက်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်မှာ သွေးတိုးနှုန်း တလှုပ်လှုပ် ဖျော့တော့စွာ စမ်းမိသလိုပဲ။ ကျွန်တော့်လက်ထိပ်က သွေးတိုးနေတာလား၊ ဖုန်ဒီးရမ်လက်ကောက်ဝတ်က သွေးတိုးနေတာလား။ သေချာသည်။ ဒီးရမ်လက်က သွေးတိုးနေတာ။

'ဒီးရမ်…ခင်ဗျားကို ဆေးရုံပို့ပေးမှာ'

ရဟတ်ယာဉ်ပိုင်းလော့နှင့် စက်မှုအင်ဂျင်နီယာက တောင်တက်ကျွမ်းကျင်သူများ မဟုတ်၍ အမြင့်ပေ ၁၃,၀၀၀ အခြေစိုက်စခန်းမှာပဲ စောင့်ကျန်ရစ်ခဲ့သည်။ တပောင်းဒမ်းအထိ လက်ထောက်ပိုင်းလော့ ပါလာခဲ့သော်လည်း ရွာရောက်တော့ လက်ထောက်ပိုင်းလော့ကို ချထားခဲ့ပြီး ကျွန်တော့်ကို တင်ခေါ်လာခဲ့သည်။ လူနာရှိရာသို့ အရောက်လမ်းပြနိုင်မည့်သူအဖြစ် ကျွန်တော့်ကို ခရီးမှာ လိုအပ်နေသောကြောင့် ဖြစ်သည်။ အမြင့်ပေ ၁၀,၀၀၀ သို့ တစ်ခါမှ မပျံသန်းဖူးသော ရဟတ်ယာဉ်ဖြစ်၍ အလေးချိန်ကို လျော့နိုင်သမျှ လျော့အောင် လျှော့ချပြီး စမ်းသပ်ပျံသန်းကြည့်ရသော အတွေ့အကြုံသစ်ဖြစ်သည်။ တော်တော်စွန့်စားရသော အတွေ့အကြုံလည်း ဖြစ်သည်ဟု ပိုင်းလော့က ကျွန်တော့်အား ပြောပြပါသည်။ အကြမ်းမှတ်ထားသော မြေပုံအကူအညီ၊ သံလိုက်အိမ်မြှောင် အကူအညီဖြင့် ကျွန်တော်လမ်းပြရသည်။

'ကျေးဇူးတင်ပါတယ် ကက်ပတိန်ရယ်'

အမြင့်ပေ ၆၀၀၀ မှ ပို၍မြင့်သည့် လေထုထဲသို့ ရှန်းကန်တက်နေရချိန်တွင် ရဟတ်ယာဉ်သည် တစ်စင်းလုံး ခါယမ်းနေခဲ့၏။ ကျွန်တော်တို့ သုံးယောက်လုံး ဘုရား တ,ပြီး မြစ်ကြောင်းအတိုင်း တောင်ကြားထဲမှာ ကွေ့ကောက် ပျံသန်းခဲ့ရခြင်း ဖြစ်ပါသည်။ သည်လောက် ကံကောင်းထောက်မစွာ အဆင်ပြေလာခဲ့ပြီးသည့်နောက်တော့ ဖုန်ဒီးရမ် သေလို့မဖြစ်ပါ။ သေကို မသေရပါ။

ရဟတ်ယာဉ်၏ သယ်ဆောင်ရသည့် ဝန်ကို တတ်နိုင်သမျှ လျှော့ချထားခဲ့သဖြင့် ထမ်းစင် မပါလာခဲ့ဘဲ ကြိုးခွေသာ ပါခဲ့သည်။ ကြိုးခွေကို လူနာကိုယ်ပေါ်တွင် ထမ်းစင်သဖွယ်ဖြစ်အောင် ထိန်းချုပ်သယ်ဆောင်နည်းကို တောင်တက်အဖွဲ့ဝင်များက ကျွန်တော့်အား (ရဟတ်ယာဉ်စောင့်နေစဉ်) လက်တွေ့သင်ကြားပေးလိုက်၏။





ကျွန်တော်နှင့် ဦးဖီရမ် နှစ်ယောက်အင်အားဖြင့် ကြိုးတစ်ခွေကို အသုံးပြုကာ ဖုန်ဒီးရမ်ကို အမြင့်ပေ ၁၄,၀၀၀ မှ ရဟတ်ယာဉ်ရပ်ထားရာ ပေ ၁၃,၀၀၀ အထိ ခက်ခက်ခဲခဲ သယ်ယူခဲ့ကြရပါသည်။

လူနာအပါအဝင် လူသုံးယောက်ကိုသာ အသေအချာ ဆွဲရုန်းနိုင်မည်ဟု ထင်ရသော ရဟတ်ယာဉ်၏ အခက်အခဲကြောင့် ကျွန်တော်ပါ နေရစ်ခဲ့မည်ဟု ကျွန်တော်ဆုံးဖြတ်ပါသည်။ သို့သော် ကက်ပတိန်က သည့်ထက်တက်စရာ ရှန်းကန်စရာ မရှိတော့သော အနိမ့်ပိုင်းဆီသို့ ပျံသန်းတော့မည်ဖြစ်၍ လေးငါးယောက်တော့ နိုင်မည်ဟု ခွင့်ပြုပါသည်။ ကျွန်တော်က ဦးဖီရမ်ကို လိုက်သွားဖို့ တိုက်တွန်းပြီး သူက ကျွန်တော့်ကို လိုက်သွားဖို့ တိုက်တွန်းသည်။

နောက်ဆုံးတော့ ဆေးရုံကိစ္စ၊ အရေးပေါ်ကိစ္စများအတွက် သွက်လက်စွာ စီမံခန့်ခွဲနိုင်ဖို့အတွက် ကျွန်တော်ပါ လိုက်ပါဖို့ ဆုံးဖြတ်လိုက်သည်။ ကျွန်တော့် ကျောပိုးအိတ်၊ ဖေဖေ့ကျောပိုးအိတ်၊ ဦးဖီရမ်တို့ ကျောပိုးအိတ်အားလုံးကို အခြေစိုက်စခန်းမှာ ထားခဲ့ရမည်။ ကျွန်တော်ရဟတ်ယာဉ်ပေါ်မှာ အပါသယ်မည့် အရေးကြီးပစ္စည်းနှစ်ခုမှာ ဖေဖေ့ကင်မရာနှင့် ဖေဖေ့မှတ်တမ်းစာအုပ်ဖြစ်၏။ စာအုပ်ကို ဖွင့်ဖတ်နိုင်ဖို့ ခွန်အားသတ္တိတော့ မွေးယူရဦးမည်ဟု ကျွန်တော်သိပါသည်။

ရဟတ်ယာဉ်သည် ပန်ကာများ လည်ပတ်လျက် အရှိန်ယူစ ပြုနေပြီ။ သတိလစ်နေသော ဖုန်ဒီးရမ်သည် ဂွမ်းကပ်ပေါ်မှာ မလှုပ်မယှက် ငြိမ်သက်စွာ ကျွန်တော့်ကို စောင့်နေပြီ။ သူ့ဘေးမှာ စိုးရိမ်သောကဖြင့် မျက်နှာညှိုးနွမ်းနေသော ဦးဖီရမ်…။

ကျွန်တော်မလောင်ဝမ်ချောင်းဖျားမှ ရေစီးဆင်းကျလာရာ ကျောက်တောင်ကြားဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ခါကာဘိုရာဇီ…။

နှင်းဖြင့် ဖြူဖွေးဆွတ်သော ခါခါဘိုကို ကျွန်တော် ဤနေရာမှ မမြင်ရ။ သို့သော် ကျွန်တော့်ရှေ့မှာ ကွယ်ဆီးနေသော ကျောက်တောင်မည်းမည်းကြီးများ၏ ဟိုဘက်မှာ ခါခါဘို ကျန်ခဲ့သည်။ ဖေဖေကျန်ခဲ့သည်။ နှင်းတုံး



www.burmeseclassic.com

www.burmeseclassic.com



နှင်းခဲတွေ ရေခဲတုံးကြီးတွေအောက်မှာ ဖေဖေ ထာဝရလဲလျောင်းလျက် ကျန်ခဲ့ပြီ။

ကျွန်တော် နှင်းပြင်ပေါ်မှာ ဒူးထောက်လိုက်၏။

ဖေဖေ့ကို ကျွန်တော် ကန်တော့ခဲ့ပါတယ် ဖေဖေ။

ဒီ ရေခဲတောင်မှာ အေးချမ်းစွာ တည်ငြိမ်စွာ ဖေဖေနေရစ်ခဲ့ပါတော့။

ကျွန်တော် နှင်းတို့ဖြင့် နဖူးကို ထိမိသည်အထိ ဦးညွှတ်၍ ကန်တော့လိုက်ပါသည်။

နောက်ဘဝဆိုတာ ရှိခဲ့မည်ဆိုလျှင် ဖေဖေ ကျွန်တော်တို့နဲ့ပဲ လာနေလှည့်ပါ။ ဖေဖေ့ကို ကျွန်တော် ဒီဘဝမှာပဲ ပြန်တွေ့ပါရစေ။ ဘယ်သူအဖြစ်နဲ့ပဲ ပြန်တွေ့ရတွေ့ရ ကျွန်တော် ဖေဖေ့ကို တွေ့ချင်ပါသည်။

ကျွန်တော် ပြန်ထခါနီးဆဲဆဲတွင် ကျွန်တော့်အနီးသို့ အဖြူရောင် ကလေး တစ်ခု တဖျတ်ဖျတ် လွင့်လျက်ရောက်လာသည်။

လိပ်ပြာကလေးတစ်ကောင်...။ အဖြူဆွတ်ဆွတ် လိပ်ပြာလေး တစ်ကောင် ဖြစ်ပါသည်။

လိပ်ပြာကလေးကို ကျွန်တော် ငေးကြည့်နေစဉ်တွင် လိပ်ပြာလေးသည် ကျွန်တော့်လက်ခုံပေါ်မှာ လာနား၏။ ကျွန်တော် အံ့သြစွာ လိုက်ခနဲ ရင်ခုန်သွားသည်။

အဖြူရောင်လိပ်ပြာလေး ကျွန်တော့်လက်ပေါ်မှာ နားနေသည်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ။

ကျွန်တော် လက်ကို ဖြည်းဖြည်းချင်း မ,ယူလိုက်တော့လည်း ပြန်ပြေး မသွားပါ။

ကျွန်တော် သူ့ကို စေ့စေ့စပ်စပ်ကြည့်မိသည်။ အဖြူဆွတ်ဆွတ်တော့ မဟုတ်။ ရွှေအတောင်ပံနှစ်ခုလုံး၏ ထိပ်စွန်းတွင် မီးခိုးရောင်ဖျော့ဖျော့ လေး ကွက်နေသည်။ မီးခိုးရောင်ကလေးက သေးငယ်လွန်းသဖြင့် အနီးကပ် ကြည့်တာတောင် ရုတ်တရက်ဆိုလျှင် အဖြူဆွတ်ဆွတ်ဟု ထင်ရသည်။

ဟိုနေ့ညက လိပ်ပြာလေးလား။

'မင်း...ငါ့ဆီ လိုက်မလို့လား'





ကျွန်တော် အသံထွက်ရေရွတ်မိသည်။ သူလိုက်မည်ဆိုလျှင် ကျွန်တော် ဘယ်လိုသယ်ဆောင်ရပါမလဲ။ လိပ်ပြာကလေးကို အသက်ရှင်လျက် လိုက်ပါနိုင်အောင် ထည့်ယူစရာ ဘာပစ္စည်းမှ ကျွန်တော့်မှာ မရှိပါ။ ကျွန်တော် လိပ်ပြာကလေးကို သယ်ချင်သည်။ ရန်ကုန်အရောက် သယ်ချင်သည်။ မေမေ့ဆီကို ရောက်အောင် သယ်ချင်သည်။ ဦးဖီရမ်၏ ကြိမ်စားအိမ်ထဲမှာ ထည့်ခဲ့လို့ ရတာပဲ။

သို့သော် လိပ်ပြာလေးက မလိုက်ချင်ပါ။

ကျွန်တော် သူ့ကို ဖမ်းဖို့ လက်ခုပ်ကို ပြင်ဆင်လိုက်ချိန်မှာပင် လုစ်ခနဲ ပျံပြေးသွား၏။ ပျံပြေးတော့လည်း ဝေးဝေးသို့ မပြေး၊ ရှေ့နားက ကျောက်တုံး ဖြူဖြူတစ်ခုပေါ်မှာ နားနေသည်။

ကျွန်တော် သူ့ကို ဖမ်းဖို့သင့်ရဲ့လား။

ဖေဖေ...ကျွန်တော် လိပ်ပြာကို ဖမ်းသင့်သလား။ တကယ်လို့ ဖမ်းသင့် သည် ဆိုလျှင် လိပ်ပြာလေး မပျံနဲ့။ မဖမ်းသင့်ဘူး ထားခဲ့တော့ ဆိုလျှင်... လိပ်ပြာကလေး အဝေးကို ပျံပါ။

ကျွန်တော် တွေဝေစွာ ငေးကြည့်နေဆဲမှာပင် လိပ်ပြာကလေး အတောင် ပံ ဖျတ်ဖျတ်ခတ်၏။ ထို့နောက် ဖြူဖွေးသော နှင်းတောင်စောင်းဆီသို့ ပျံဝဲ သွားတော့သည်။

ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်များ စို့စွတ်လာ၏။

ကျွန်တော် သွားတော့မယ်... ဖေဖေ။ ဖေဖေ့ကို ကျွန်တော် နှုတ်ဆက်ခဲ့ ပါတယ်။

ကျွန်တော့်လက်ဖျားဖြင့် ကျွန်တော့်နှုတ်ခမ်းကို ထိကပ်လိုက်ပြီး ထို လက်ဖျားဖြင့် နှင်းပြင်မွမွပေါ် အသာထိကပ် နှုတ်ဆက်လိုက်သည်။

ထို့နောက် ဘာကိုမှ လှမ်းမျှော်မကြည့်တော့ဘဲ ရဟတ်ယာဉ်ဆီသို့ ပြေး လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အောက်တိုဘာ ၁၈ ရက်၊ ၁၉၉၅။

*မှောင်မည်းမွန်းကျပ်နေသည့် ရေခဲနံ့ရှုံ့နှစ်ခုကြား။ နာရီက ၅:၀၀ နာရီကို ညွှန်ပြနေသည်။ မနက် ၅:၀၀ နာရီလား ညနေ ၅:၀၀ နာရီလား မသိ။ ရေခဲအပေါက်လေး သေးသေးလေးမှ အလင်းရောင်သည် အောက်အထိ ရောက်မလာ။ အေးခဲစိုထိုင်းကာ မွန်းကျပ်နေသော ချောက်ထဲမှာ မိမိနှစ်ရက်တိတိ သတိလစ်နေခဲ့ပြီးနောက် ယခုထိ အသက်ရှင်နေသေးတာ မြတ်စွာဘုရား၏ ဂုဏ်တော်တန်ခိုးပါပဲ။*

*အခုလောက်ဆိုလျှင် မိမိကို သူတို့ လိုက်ရှာနေလောက်ပြီ။*

*မိမိ အသက်ရှင်နေမှ ဖြစ်မည်။*

ဘုရား...ဘုရား။

ကျွန်တော့်နှလုံးတွေ အေးစက်ခြောက်သွေ့သွားသည်။

မဖြစ်နိုင်ဘူး။ ဒါ...ဖေဖေ့လက်ရေး မဖြစ်နိုင်ဘူး။ ကျွန်တော် ဆောက်တည်ရာမရ တုန်လှုပ်စွာ မျက်စိမှိတ်ထားလိုက်မိ၏။ သို့သော် အဲဒါ ဖေဖေ့လက်ရေး အစစ်ပါ။

ဖေဖေ အသက်ရှင်နေခဲ့တယ်။

ထိုအသိသည် ကျွန်တော့်နှလုံးအား အေးစက်သော လက်ကြမ်းကြီးဖြင့် ဆုတ်ခြေဆွဲဖြဲလိုက်သလို ခံစားရသည်။

ဖေဖေ ကံဆိုးခဲ့သည်။





ဦးဖိုးရမ်နှင့် ဖေဖေ့မိတ်ဆွေများ ဖေဖေ့ကို တကြော်ကြော်အော်ပြီး လိုက်ရှာနေခဲ့ချိန်မှာ ဖေဖေ သတိလစ်နေခဲ့၏။ ဖေဖေ သတိပြန်ရလာသောအခါ သူတို့ လက်လျှော့သွားခဲ့ပြီ။

ကျွန်တော် ဖေဖေ့မှတ်တမ်းကို ဆက်မဖတ်ရဲတော့သဖြင့် ပိတ်ထားလိုက်ရသည်။

ဖေဖေ ဘယ်နှရက်အထိ ကယ်ဆယ်သူကို စောင့်ခဲ့ပါသနည်း။

ကျွန်တော် မသိချင်ပါ။ ဤမှတ်တမ်းကို ဖတ်လိုက်မိတာ မှားသွားပြီဟု ကျွန်တော်သိလိုက်ပါသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံး... ...

'ဥက္ကာ...'

အခန်းဝသို့ အဝါရောင် အရိပ်တစ်ရိပ် ရောက်လာသည်။ ကျွန်တော် မှတ်တမ်းစာအုပ်ကို လက်ဖြင့် ဖိထားရင်း အခန်းဝသို့ လှမ်းကြည့်လိုက်မိ၏။

'နန္ဒာ...'

နန္ဒာမျက်နှာတွင် ထူးခြားမှုတစ်ခုခု ရှိနေသည်။ နန္ဒာ့အပြုံးက တစ်မျိုးပဲ၊ လျှို့ဝှက်သော အပြုံး။

'ဥက္ကာ...ကိုဖုန်ဒီးရမ် သတိရလာပြီ'

'ဟာ...သူနေကောင်းလား'

'အင်း...ထင်တာပဲ၊ ငါမသိဘူး၊ ငါ မကြည့်ရသေးဘူး'

နန္ဒာက ကျွန်တော့်ခုတင်ဘေးမှ ခုံတန်းလျားနောက်မှာ အသာရပ်လာသည်။

'ဘာလို့ ဝင်မကြည့်ခဲ့ရတာလဲ၊ ဒီလောက် အရေးကြီးတဲ့အချိန်မှာ'

'ဟဲ့...နင် မသိဘဲ စွတ်တင်မနေနဲ့၊ ဆရာဝန်က တစ်ယောက်ပဲ စကားပြောရမယ်တဲ့၊ အဆုတ်က ရွှေးယိုမှာစိုးလို့...တဲ့'

'ဒီတော့...'

'ဒီတော့ ပထမဆုံး တွေ့ချင်တဲ့သူကိုပဲ ဝင်ခွင့်ပေးမယ်လို့ ဆရာဝန်က ခွင့်ပြုတော့ သူက ငါ့နာမည်ကို မတ,ဘူးလေ'

နန္ဒာ နှုတ်ခမ်းအနည်းငယ် မဲ့ရွဲ့လျက် ပြုံးသည်။ ကျွန်တော် နန္ဒာအဖြစ်ကို သဘောကျစွာ ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'သူ့အဖေကို ရွေးမှာပေါ့'

'နင့်ကို'

'ငါ့ကို…'

ကျွန်တော် လှဲအိပ်နေရာမှ ဝုန်းခနဲ ထထိုင်လိုက်တော့သည်။

အထူးကြပ်မတ်ကုသဆောင်အခန်းဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။

ကျွန်တော် အခန်းရှေ့သို့ ရောက်တော့ အခန်းဝမှ ဆရာမလေးက ငါးမိနစ်…ဟု ကန့်သတ်ပေး၏။

ကျွန်တော် ခေါင်းညိတ်ပြီး အခန်းထဲသို့ ဝင်လိုက်သည်။

လေအေးစက် ဖွင့်ထားသောအခန်း ဖြစ်၍ စိမ့်ခနဲ အေးသွားပါသည်။

ခုတင်ဘေးတွင် အသက်ရှူစက်တွေ၊ နှလုံးအခြေအနေတိုင်းတာသည့် စက်တွေ၊ လူနာခုတင်ခြေရင်းမှာ ခြေထောက်ကို တန်းလန်းဆွဲထားသည့် ကိရိယာတွေ…။

ပစ္စည်းကိရိယာတွေ ထိုးထိုးထောင်ထောင်အလယ်မှာတော့ ဖုန်ဒီးရမ်သည် အဖြူရောင်အိပ်ရာပေါ်မှာ ပက်လက်လဲလျောင်းရာက ကျွန်တော့်အား ခပ်တည်တည်ကြည့်နေပါသည်။

'နေကောင်းလား ဒီးရမ်'

'အေး…'

တစ်လုံးတည်းပဲ ဖြေသည်။

စက်တွေက တဒီဒီမြည်နေသည်။ လေအေးစက်ကလည်း တဒီဒီမြည်နေသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မျက်နှာချင်း ဆိုင်ပြီး ဘာစကားမှ မပြောဖြစ်ကြ။

မဟုတ်သေးဘူး၊ ဖုန်ဒီးရမ်က သိပ်စကားပြောလို့မရ။ ကျွန်တော်က ပြောရမှာ။ ကျွန်တော် ဘာစကားပြောရမလဲ။ သူ သတိလစ်နေသည့်အချိန်က ရဟတ်ယာဉ်ပေါ်မှာ သူ့ကို ကျွန်တော် စကားတွေ ပြောချင်နေခဲ့သည်။ မြစ်ကြီးနားဆေးရုံရောက်လို့ သူ့ကို ခွဲခန်းထဲက ထုတ်လာတော့လည်း ကျွန်







တော် သူ့ကို စကားတွေပြောချင်နေခဲ့သည်။ သို့သော် အခု ပြောခွင့်ရပြီဆို တော့ ဘာစကား ပြောရမှန်း မသိတော့။

တကယ်တမ်းတော့ ကျွန်တော်နှင့် သူ့အကြား ပြောစရာစကားဆိုလို့ ဘာများ ရှိနိုင်မှာလဲ။

'မင်းကို…ငါ…ကျေးဇူး…တင်တယ်'

ဖျော့တော့သော လေသံဖြင့် သူက စ ပြောပါသည်။

'အာ…မဟုတ်တာ၊ ကျွန်တော့်ကို ခင်ဗျားက ကျေးဇူးမတင်ရဘူးလေ'

ကျွန်တော် သူ့ညာလက်ကို အသာဆုပ်ညှစ်လိုက်မိ၏။

'ကျွန်တော်က ခင်ဗျားကို ကျေးဇူးတင်လို့ ကျေးဇူးဆပ်တာပါ၊ ဒါတောင် မကျေပါဘူး၊ ကျွန်တော့်အသက်ကို ခင်ဗျားကယ်ခဲ့တာလေ'

ကျွန်တော် တိုးတိမ်စွာ ပြောမိ၏။

'ခင်ဗျားသာ ကျွန်တော့်ကို ရေခဲပုဆိန်နဲ့ သတိလစ်အောင် ရိုက်ပြီး မကယ် ထုတ်ခဲ့ဘူးဆိုရင် အခုအချိန်မှာ ကျွန်တော် ရေခဲတောင်ထဲမှာ နှင်းတွေ ဖုံး ပြီး သူကြီးဖြစ်သွား ဖြစ်နေလောက်ပြီဗျ'

ထိုအခါ ဖုန်ဒီးရမ်က မျက်မှောင်ကြုတ်သည်။

'မင်းကို ငါ ကယ်ခဲ့တာက စေတနာရှိလွန်းလို့ မဟုတ်ဘူး'

ဟင်…။ ကျွန်တော် သူ့ကို ကြောင်ကြည့်မိ၏။

'ကိုယ့်ရဲဘော်ရဲဘက်တစ်ယောက်ကို ကယ်နိုင်လျက်သားနဲ့ မကယ်ခဲ့ လိုက်မိရင် ငါလဲ အဖေ့လို တစ်သက်လုံး နောင်တ ရနေတော့မှာပေါ့၊ ငါ အဲဒီနောင်တကို မရချင်ဘူးလေ'

ရဲဘော် ရဲဘက်…။

သူ ကျွန်တော့်ကို ရဲဘော်ရဲဘက်အဖြစ် သတ်မှတ်ထားခဲ့သည်။

'ကျေးဇူးတင်ပါတယ် ဒီးရမ်…ကျွန်တော် ခင်ဗျားကို တကယ် ကျေးဇူး တင်တာပါ'

ဖုန်ဒီးရမ်က လက်ကာပြသည်။

'နောက်တစ်ခုက…မင်းအဖေကို မကယ်နိုင်တဲ့ ငါ့အဖေကို သူတွေ အထင်လွဲပြီးနေပြီ မို့လား၊ မင်းပါ ထပ်သေသွားရင် ငါတို့ အားအဖေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံးက အထင်မှားကုန်တော့မှာလေ၊ ဒါကြောင့် မရ ရအောင် မင်းကို အပါခေါ်ခဲ့ရတာ'

ကျွန်တော့်ဂျိုစောင်းမှ ချုပ်ရိုးမဖြည်ရသေးသည့် ဒဏ်ရာကို ကျွန်တော် စမ်းကြည့်လိုက်မိသည်။ ဒဏ်ရာကို ကျွန်တော်စမ်းတာမြင်တော့ သူ ဖြုံး လိုက်ပါသည်။

'ဘာကြောင့်ပဲ ကယ်ကယ်ပေါ့ဗျာ၊ ကျွန်တော့်အသက်ကို နှစ်ခါတိတိ ကယ်ခဲ့တာပဲ၊ ကျွန်တော်ခင်ဗျားကို ဘာနဲ့ပဲ ပေးဆပ်ရပေးဆပ်ရ ပေးဆပ်ဖို့ အဆင်သင့်ပါပဲ'

ကျွန်တော် လှိုက်လှိုက်လှဲလှဲ ပြောမိ၏။

'တကယ်လား'

သူ မျက်နှာတည်သွားပြီး မေးတော့ ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။

'တကယ်ပါဗျာ'

'ငါ တောင်းဆိုသမျှ ဘာဖြစ်လဲ'

'အဲ... ...'

အခုနေမှာ နန်ဗေးရမ် နောင်မွန်းမှ ရောက်လာပြီ ဆိုပါတော့။ ငါ့နှမနဲ့ ဝေးဝေးနေ...ဟု ဖုန်ဒီးရမ်က တောင်းဆိုပြီ ဆိုပါတော့၊ ပေးရမလား။ ပေး ရမှာပေါ့လေ။ အဓိပ္ပာယ်မရှိသည့် တောင်းဆိုချက်ဖြစ်စေဦးတော့၊ သူက သာ တောင်းဆိုခဲ့လျှင် ကျွန်တော်ပေးရမှာပေါ့။

'ဟုတ်ပါတယ်'

ကျွန်တော့်အသံက မထွက်ချင် ထွက်ချင် တိမ်အက်အက်ဖြင့် ထွက်သွား သည်။

နေစမ်းပါဦး၊ ဒါက ဘာအဓိပ္ပာယ်ရှိမှာမို့လဲ။

ငါ့နှမနဲ့ ဝေးဝေးနေ...ဟု သူ ကျွန်တော့်ကို တားပိုင်ခွင့်မရှိ။ သူ ကျွန် တော့်အသက်ကို ကယ်ထားခဲ့သည့်အတွက် သူ ကျွန်တော့်ဆီက စည်းစိမ် ဉစ္စာ ဘာမဆိုတောင်းနိုင်သည်။ နောက်ဆုံး ကျွန်တော့်အသက်ကို သူ ပြန် တောင်းနိုင်သေးသည်။ ဒါ...တရားမျှတသည်။ သို့သော်...

ငါ့နှမနဲ့ ဝေးဝေးနေ...ဟု သူ တောင်းဆိုခွင့်မရှိပါ။

'နေဦးဗျ... ခြွင်းချက်တစ်ခုတော့ ရှိတယ်'





သူ မျက်နှာတည်တည်ဖြင့် ကျွန်တော့်ကို ကြည့်၏။

'ဘာခြွင်းချက်လဲ'

နန်ဗေးရမ်...။

ကျွန်တော် သူ့ကိုသူ့နှမနာမည် ပြောလိုက်လျှင် အခြေအနေတွေ ဘယ် လိုဖြစ်သွားမည်နည်း။ နန်ဗေးရမ်နဲ့ ဝေးဝေးနေဖို့တော့ မတောင်းဆိုနဲ့ပေါ့ ဗျာ။ အဲဒါတော့ ကျွန်တော် မလိုက်လျောနိုင်ဘူး။ အဲသည်လို ပွင့်ပွင့်လင်း လင်း ပြောလိုက်ရမလား။ ဒါဆိုလျှင် သူ ဒေါပွသွားမလား။ ပွပါစေ။ ဒေါပွ လို့လည်း ကျွန်တော့်ကို သူ ဆွဲထိုးဖို့ မထနိုင်။ သူက ပက်လက်နေနေရသူ မဟုတ်လား။

'ဘာခြွင်းချက်လဲ'

'ပြောဖို့ မလိုသေးပါဘူးဗျာ၊ ခင်ဗျားမှ မတောင်းဆိုသေးတာပဲ'

'အဲဒါကို ငါ တောင်းမယ်ဆိုရင်...'

'မပေးဘူး...'

ဒီးရမ် ရယ်ပါသည်။

ကျွန်တော့်စကားတစ်ခွန်းကြောင့် သူ ရယ်မောတာ ဒီတစ်ခါပဲ ကြုံရ သေး၏။ ကျွန်တော် အံ့သြစွာ စိုက်ကြည့်နေမိသည်။

'အဲဒီခြွင်းချက်ကို ငါသိအောင် လုပ်လို့ရပါတယ်'

'ဘာလုပ်မှာလဲ'

ကျွန်တော် စိတ်ဝင်စားသွား၏။

'မင်းကို အရက်မူးအောင် တိုက်လိုက်ရုံပဲ'

'ဘာ...'

'အချိန်စေ့ပြီ'

သူနာပြုဆရာမလေး၏ အသံ။

ကျွန်တော် သူ့ခုတင်နားက ခွာလိုက်ရသည်။

သူ ကျွန်တော့်အား မထီတထီအပြုံးဖြင့် လက်အသာပြသည်။

ကျွန်တော် လှည့်ထွက်လာခဲ့သော်လည်း သူ့စကားကို ဘာအဓိပ္ပာယ် လဲ စဉ်းစားကြည့်နေမိသည်။ အရက်မူးအောင် တိုက်လိုက်ရုံပဲ။ ဘာကြောင့် လဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဖုန်ဒီးရမ် တစ်ခါပဲ အရက်အတူသောက်ဖူးသည်၊ အရက်နှင့် ခေါင်ရည် ဖြစ်သည်။ ကျွန်တော့်အရက်ရော သူ့အရက်ရော ကျွန်တော် ရောသောက်မိသည်။ ထို့ကြောင့် ကျွန်တော် နည်းနည်းမူးသွားသည်။ အဲဒီညကနန္ဒာ့စာကို သူ လုံးခြေပြီး ပစ်ပေါက်ခဲ့လို့ ကျွန်တော် ကောက်ပြီးဖတ်ကြည့်မိသည်။ ဒါပဲ...။ စာကိုတစ်ကြောင်းနှစ်ကြောင်းပဲ ဖတ်ရသေးသည်။ သူ ပြန်ရောက်လာပြီး စာကို လုခဲ့သည်။

အဲဒီည...။ ကျွန်တော် ဘာဖြစ်ခဲ့သနည်း။

ကျွန်တော် ဘာစကားတွေ ပြောခဲ့သနည်း။

ကျွန်တော် လုံး၀ သတိမရတော့ပါ။

ကျွန်တော် ခေါင်းတစ်ချက်ဆတ်ခါလျက် ကျွန်တော့်ခုတင်ရှိရာ လူနာဆောင်သို့ ပြန်လာခဲ့သည်။ လူနာခန်းထဲ ၀င်လိုက်သောအခါ ကျွန်တော့်ခုတင်ဘေးမှာ အ၀ါရောင်အစား ကြက်သွေးရောင်သင်္ကန်းတစ်ခုကို မြင်လိုက်ရသည်။ ကျွန်တော် လိုက်ခနဲ ၀မ်းသာသွား၏။

မေမေ...။

မေမေ ကျွန်တော့်အား မမြင်သေးပါ။ မေမေ တစ်ခုခုကို စိတ်၀င်စားစွာ ကိုင်ကြည့်နေသည်။

'မေမေ...'

ကျွန်တော် ခုတင်ဆီသို့ ခြေသုံးလေးလှမ်းဖြင့် ရောက်သွား၏။ မေမေ့လက်ထဲမှာ ဖေဖေ့စာအုပ်ကိုင်ထားတာ မြင်လိုက်မိသောကြောင့် ဖြစ်သည်။

'သားလေး... သား...'

မေမေ စာအုပ်ကို ခုတင်ပေါ် လွှတ်ချလိုက်၏။ ကျွန်တော် မေမေ့ကို ခပ်သွက်သွက် လှမ်းဖက်ပြီး စာအုပ်ကိုပါ တစ်ခါတည်းကောက်ယူလိုက်ရသည်။ ဒါကို မေမေ ဖတ်လို့မဖြစ်ဘူး၊ စာအုပ်ကို ကျွန်တော့်အင်္ကျီရင်ဘတ်ထဲ ထိုးထည့်လိုက်ရ၏။

'သားလေး... မသေကောင်း မပျောက်ကောင်းကွယ်၊ ဒဏ်ရာရတယ်ဆိုလို့'

'ဘာမှမဖြစ်ဘူး မေမေ...သား ဘာမှမဖြစ်ဘူး'





မေမေ ကျွန်တော့်ကို ဖက်ကာ ကလေးသဖွယ် ပါးကိုတစ်ချက် နမ်းလိုက်တော့ ကျွန်တော် မျက်နှာနွေးခနဲ ပူသွား၏။ ဘေးမှာ လူနာတွေ...။

'အာ... မေမေကလဲ'

ထို့နောက် မေမေ စာအုပ်ကို သတိရသွား၏။

'စောစောက... သားဖေဖေရဲ့ စာအုပ်...'

'ဟုတ်တယ်မေမေ'

'သား တွေ့ခဲ့တာလား... သားဖေဖေကို တွေ့ခဲ့တာလား'

'တွေ့ခဲ့တယ်မေမေ... ခဏလေး၊ မေမေ့ကို သားအားလုံးပြောပြမယ်၊ မေမေ ခဏနေဦး'

ကျွန်တော် မေမေ့ကို ခုတင်မှာ ထားခဲ့ပြီး အခန်းပြင်သို့ ကမန်းကတန်း ပြေးထွက်ခဲ့၏။ အပြင်ရောက်မှ စာအုပ်ကို နောက်ဆုံးမှ လှန်လှောလိုက်သည်။

အောက်တိုဘာ ၁၅ ရက်...

အောက်တိုဘာ ၁၈ ရက်...။ ကျွန်တော် နောက်တစ်ရွက် လှန်လိုက်သည်။ အောက်တိုဘာ ၁၉ ရက်...။ ဘုရား...ဘုရား။ အောက်တိုဘာ ၂၀ ရက်...

ဖေဖေ...။

အောက်တိုဘာ ၂၀ ရက်သည် ဖေဖေနောက်ဆုံးရေးမှတ်ခဲ့သောနေ့...

ကျွန်တော် ရင်တလှပ်လှပ်တုန်ရီကာ မူးဝေလျက် စာအုပ်ကိုင်ထားသော လက်က တဆတ်ဆတ်တုန်လာပါသည်။

အောက်တိုဘာ ၂၀ ရက်...။

ကျွန်တော် ၁၅ ရက်ကို ချန်ထားပြီး ၁၈ ရက်မှ ၂၀ ရက်အထိ မှတ်တမ်းများကို ဆွဲဆုတ်ယူလိုက်ရသည်။ ဆွဲဆုတ်ထားမှန်း မသိသာအောင် အစအန မကျန်အောင် ဆွဲဆုတ်ရမည်ဖြစ်၍ သေသေသပ်သပ် လုပ်ရမည်။ အသာလေး ဖိ၍ ဆုတ်နေရင်းက အောက်တိုဘာ ၂၀ ရက်နေ့ နေ့စွဲဖြင့် လက်ရေးကြီးကြီးများကို မျက်စိက ဖတ်မိသွား၏။



www.burmeseclassic.com

အောက်တိုဘာ ၂၀ ရက်...၁၉၉၅။

သေခြင်း၏ အခြားဘက်မှာ ဘာရှိသလဲ။ မကြာခင် သိရတော့မည်။ နှစ်ခါပြွတ်ကျပြီးပြီမို့ ခွန်အားလည်း မကျန်တော့။ ရေခဲတွေ ပြိုကျလာပြီ။ စားစရာ ဘာမှမကျန်တော့။ လက်က စာရေးလို့မဖြစ်အောင် တုန်နေပြီ။

အခုနေမှာ တန်ခိုးရှင်တစ်ယောက်ယောက်က ဘယ်ဘဝကို ပြောင်းချင်သလဲ ဟု မေးလာခဲ့လျှင်...

အခုချိန်မှာ လိပ်ပြာလေးတစ်ကောင်သာ ဖြစ်ချင်တော့သည်။ ဒါမှ... ချောက်နှုတ်ခမ်းက သေးကွေးသောအပေါက်ကလေးမှ တိုးထွက်ပျံသန်းနိုင်တော့မည်။

ချစ်ဇနီး ငွေရည်...

သားလေး ... ဥက္ကာ။ မေမေ... သားကို...ချစ်သည်။

မေမေ...။

ကျွန်တော့်မျက်ရည်များကို မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး ပြန်သွင်းလိုက်ရ၏။ ကျွန်တော့်အင်္ကျီရင်ဘတ်ထဲသို့ မှတ်တမ်းစာအုပ်နှင့် စာရွက်အလွတ်များကို ကပျာကယာ ထိုးထည့်လိုက်ပြီး အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ခုတင်ခေါင်းရင်း ပြတင်းဝမှာ မေမေ ရပ်နေသည်။ မေမေ အဝေးကို မျှော်ကြည့်နေသည်။

မြောက်ဘက်အစွန်းဆီက ရေခဲတောင်ကြီးများနှင့် ခါကာဘိုရာဇီရှိရာသို့ မှန်းဆကြည့်နေခြင်းလား။

ကျွန်တော် ဝင်လာတော့ ကျွန်တော့်ကို မေမေ ပြုံးကြည့်သည်။ မေမေ့ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်ပါလား။

'သားမေမေ ပြန်မလာနိုင်တော့ဘူးဆိုတာ သားသိခဲ့ပြီမဟုတ်လား... သား...ဟင်'

ကျွန်တော် မျက်ရည်ရစ်ဝဲလာပြန်သဖြင့် ခေါင်းကိုသာ ငုံ့ထားလိုက်မိသည်။





'သား...လိပ်ပြာအဖြူလေးတစ်ကောင် ယူခဲ့ဦးမလို့ပဲ မေမေ၊ မေမေ့အတွက်...'

'သား...'

မေမေ့အသံက ကျွန်တော့်စကားကို နားမလည်သလို ရှိသည်။ မေမေ ဘယ်လို နားလည်နိုင်ပါ့မလဲ။ မေမေ ဘာမှမသိဘဲ။ သိအောင်လည်း ကျွန်တော် ပြောပြလို့ မဖြစ်၊ လုံးဝမဖြစ်ပါ။

'ဒါပေမဲ့ လိပ်ပြာလေးက မလိုက်ဘူး မေမေ...သား သူ့ကို အဲဒီမှာပဲ ထားခဲ့ရတယ်'

'အို...လိပ်ပြာလေးကို အသာထားပါ သားရယ်၊ သားကိုပဲ မေမေက လိုချင်တာပါ၊ မေမေ့ဆီ သားပြန်ရောက်မှတော့လေ...လောကကြီးမှာ ဘာမှ မလိုတော့ပါဘူး သားရယ်၊ ဘာမှမလိုတော့ပါဘူး'

မေမေ ကျွန်တော့်ကို တုန်ခိုက်စွာ ဖက်ပွေ့လိုက်၏။

ကျွန်တော် မေမေ့ကို အသာပြန်ဖက်ထားလိုက်မိပါသည်။ ကျွန်တော့် အာရုံမှာတော့ ဖြူဖွေးသော နှင်းတွေအကြားမှာ ဟိုသည်ဝဲကာ ပျံသန်းနေမည်ဖြစ်သော သူ... အဖြူရောင်လိပ်ပြာလေး...။ အဖြူရောင်လိပ်ပြာလေးကိုသာ မြင်ယောင်နေမိပါတော့သည်။ ။

ဂျူး

၁၇၃ ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

"မေး"

မိန်းမတွေဟာ ရာစုနှစ်ပေါင်းများစွာ ယောကျ်ားတွေရဲ့
နောက်က လိုက်လျှောက်နေရာကနေ အခု
ယောကျ်ားတွေရဲ့ ရှေ့က
သွားနေကြပါလားဗျ။ "ဖြေ"
ဘာဖြစ်လို့လဲ။ စစ်ကြီး
ပြီးဆုံးသွားတဲ့မြေပြင်ပေါ်မှာ
မပေါက်ကွဲရသေးတဲ့ မိုင်းဗုံးတွေ ရှိနေလို့ပါဗျာ။

# ဂျူး

# မောင်တို့ ယောကျ်ားတွေ

Where the Heart Is
အပါအဝင်
ရုပ်ရှင်ခံစားမှုဆောင်းပါးများ
(ဒုတိယအကြိမ်စုစည်းမှု)

စာမူခွင့်ပြုချက်အမှတ် - ၉၀/၂၀၀၂ (၁)

# ဂျူး

# အမုန်းကြောင့် ဖြစ်သော စစ်ပွဲများ

(Eleven News အက်ဆေး စုစည်းမှု)

**Eleven Media Group**
မှ
မကြာမီ ထုတ်ဝေပါတော့မည်

www.burmeseclassic.com